

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

တရားစီရင်ထုံးများ

ပြည်သူ့တရားသူကြီးအဖွဲ့တစ်ဖွဲ့လုံး
ပဟိုတရားစီရင်ရေးအဖွဲ့
စီရင်ချက်များ

၁၉၀၁-ခုနှစ်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
ပြည်သူ့တရားသူကြီးအဖွဲ့၏ ခွင့်ပြုချက်အရ ထုတ်ဝေသည်။

ပထမအကြိမ်
၁၉၈၅၊ ဩဂုတ်လ
အုပ်ရေ–၅၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာနအတွက်
အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊
နေလင်းပိဋကတ်ပုံနှိပ်တိုက် (၀၂၀၃၀)တွင် ဒေါ်တင်လှက ပုံနှိပ်၍
ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင်အမှတ် (၀၂၅၂၇)က ထုတ်ဝေသည်။

၁၉၀၁ ခုနှစ်

ပြစ်မှုဆိုင်ရာ အမှုများ

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

ပြည်သူ့တရားသူကြီးအဖွဲ့

၁။	ဦးမောင်မောင်ကျော်ဝင်း၊	မဟာဝိဇ္ဇာ (ဂုဏ်ထူး)၊ ဝတ်လုံတော်ရ၊ နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)	....	ဥက္ကဋ္ဌ
၂။	သီရိပျံချီ ဦးတင်အောင်	....	....	အဖွဲ့ဝင်
၃။	ဦးလှဘုန်း	....	....	အဖွဲ့ဝင်
၄။	ဦးခင်ဇာမုံ	....	....	အဖွဲ့ဝင်
၅။	ဦးမြကျော်	မဟာဝိဇ္ဇာ	....	အဖွဲ့ဝင်
၆။	ဦးထွန်းရှိန်	....	....	အဖွဲ့ဝင်
၇။	ဦးတင်အောင်ဟိန်း	ဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ နိုင်ငံ့ဂုဏ်ရည် (ဒုတိယဆင့်)	....	အဖွဲ့ဝင်
၈။	ဦးအေးမောင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ	....	အဖွဲ့ဝင်
၉။	ဦးသန့်စင်	ဝါဏိဇ္ဇဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ	....	အဖွဲ့ဝင်

စီရင်ဆုံးပြုသော မှုခင်းများ

ပြစ်မှုဆိုင်ရာအမှုများ

				စာမျက်နှာ
ဒေါ်ကြာ	နှင့်	၁။	ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်	
		၂။	ဒေါ်ဟန်	၁
မောင်ခင်ဆက်	နှင့်	၁။	ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်	
		၂။	ဦးလှမောင်	၄
ဦးခင်မောင်မြင့်	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးလှသန်းပါ ၇ ဦး)	၈
ဦးခင်အောင်	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မခင်ရှိန်၊ မတင့်)	၁၁
ဦးချစ်ကျော်	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးတင်မြို့ငှ်)	၁၄
မောင်ချစ်စံ	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မောင်ထင်ကျော်)	၁၇
ဦးချစ်အောင်	နှင့်	၁။	ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်	
		၂။	ဦးချူရှိန်	၂၁
ဦးစံမြင့်(ခ)ဦစံညွန့် (ခ) အရှင်အဂ္ဂဝံသ	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (ဦးသန်းမြင့်)	၂၄

				စာမျက်နှာ
မောင်စိုးမြင့်	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်	၂၈
မစန်းဦး	နှင့်	၁။	ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်	
		၂။	မောင်သိန်းထွန်းပါ(၃)ဦး	၃၁
မောင်စိန်ကျင် / မောင်မောင်စိန်	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်	၃၄
ဦးဉာဏ်ပါ(၂)ဦး	နှင့်		ဦးမောင်မောင်ကြီး	၄၀
မတင်ရီ / မောင်ထွေး / မောင်တင်အောင် / မောင်စံသိန်း	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်	၄၃
ကိုတင်ရွှေ	နှင့်	၁။	ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်	
		၂။	ဒေါ်အမာ	၄၉
ဦးတင်လှိုင်	နှင့်		ဦးတင်ဝင်း	၅၃
ဦးတိတ်ကြည်	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်	၅၇
ဒေါ်ကွန်းစိန် ပါ(၂)ဦး	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်	၆၀
ဦးပညာဝံသဘိဓဇ	နှင့်		ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ဦးရေဝတ)	၆၄
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်	နှင့်		ဦးကျော်ရင်	၆၆

စာမျက်နှာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် မောင်ဝိန်မောင်း(၁) တင်အောင် ၂၀

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဗိုလ်တင်မောင်မောင်မြတ် ၇၃
ကဲဘက်ယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်နှင့် ဦးလှတင်ပါ(၂)ဦး ၈၃

ဦးပိတ်ကောင်း
ဒေါ်ခင်ခင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၈၆

ဦးဘိုကြီး နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့် ၈၉

မာမက်အာလမ်ပါ(၂)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ၉၄

မောင်ပိန်ပါ(၂)ဦး
မောင်မြင့်ဇွေ(၁)မြင့်အုံး
မောင်ထွန်းညွန့်
မောင်စစ်ကြီး(၁)သောင်းညွန့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၉၇

မောင်မှူပါ(၃)ဦး နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၀၃

မောင်ဖွေမောင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၁၁၀

ဒေါက်တာလှားမားပါ(၁၃)ဦးနှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်(အုန်းဗဟာဒူး).... ၁၁၂

				စာမျက်နှာ
ဦးဝင်းပါ(၂)ဦး	နှင့်	၁။	ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်	
		၂။	ဦးအုန်းဓင်(ခ)ဦးရွှမ်းလေး	၁၁၅
ဦးသန်းမောင်	နှင့်	၁။	ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်	
		၂။	ဦးသန်းဦးပါ(၃)ဦး	၁၁၉
ဦးသိမ်းဆွေ	နှင့်		ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် (ဦးကျော်စိန်)	၁၂၃
ကိုသိန်းဝင်းပါ(၂)ဦး	နှင့်		ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်	၁၂၆
ဦးအာရစ်ဘိုင်	နှင့်	၁။	ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်	
		၂။	မေါင်ဇေသန်း၊ ဦးလှကြည်	၁၂၉
ဒေါ်အေးဟန်ပါ(၂)ဦး	နှင့်		ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်	၁၃၂
ဦးအောင်သန်း	နှင့်	၁။	ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်	
		၂။	ဦးလွင်ဦး	၁၃၆

စာမျက်နှာ

လိုအပ်ပေသည်။ တရားလိုဘက်က စွပ်စွဲချက်သည် မှန်ကန်သည်ဟု လက်ခံသည့် တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရင်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း မရှိလျှင် အမှုတွဲကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးနိုင်သည်။ ဤအဆင့်တွင် တရားလိုဘက်က တင်ပြထားသော သက်သေခံချက်များကို စိစစ်သုံးသပ်ရန် မဟုတ်ပေ။ စွပ်စွဲချက်၌ ပြစ်မှု မြောက် မမြောက်ကိုသာ စိစစ်ရန်ဖြစ်သည်။ အမှုကို စစ်ဆေးရာ၌ တရားခံအပေါ် စွပ်စွဲချက်သည် အခြေအမြစ်မရှိဟု တွေ့ရှိရလျှင် တရားခံအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂)အရ စွဲချက်မတင်ပဲ ပြန်လွှတ်ထားနိုင်သည်။ အမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ တရားခံအား စွဲချက်မတင်ပဲ ပြန်လွှတ်ထားသင့် မသင့်ကိုမူ အမှုစတင် စစ်ဆေးသည့် တရားရုံးက ကနဦး စဉ်းစားရန်ဖြစ်သည်။ စွဲချက်မတင်ပဲ ပြန်လွှတ်ထားသင့်ပါလျက် လွှတ်ထားခြင်း မပြုလျှင် တရားခံအနေဖြင့် အဆင့်ဆင့်သော တရားရုံးများ၌ ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ သို့ဖြစ်၍ အမှုတွဲကို ချေဖျက်သင့် မသင့် စဉ်းစားရန် အဆင့်တွင် တရားခံအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂)အရ စွဲချက်မတင်ပဲ ပြန်လွှတ်သင့် မသင့် စဉ်းစားရန် အကြောင်းမပေါ်ပေါက်ပေ။ သက်သေခံချက်ကိုလည်း စိစစ်သုံးသပ်ရန် အကြောင်းမရှိချေ။

ဦးစံမြင့်(ခ)ဦးစံညွှန့်(ခ) ရှင်အဂ္ဂဝံသ	နှင့်	ပြည်တောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် (ဦးသန်းမြင့်)

.... ၂၃

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ အရ ရဲထံထွက်ဆိုချက်သည် သက်သေခံမဝင်ခြင်း—တရားခံ ပြစ်မှုကျူးလွန်ကြောင်း သက်သေပြရန်တာဝန်မှာ တရားလိုဘက်မှ တာဝန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၂ ပါ ပြဋ္ဌာန်းချက်များအရ ရဲအရာရှိတံ အမှုစုံစမ်းစဉ် ထွက်ဆိုခဲ့သည့် မည်သည့်ထွက်ဆိုချက်ကိုမျှ စစ်ဆေးသည့်အခါတွင် သက်သေခံအဖြစ် အသုံးမပြုရဟူ၍ တားမြစ်ထားသည်။ ဒုရဲအုပ် ဦးအုံးမောင်၊ အတွင်းရေးမှူး

စာမျက်နှာ

အဖြစ်ပါဝင်သည့် ရှာဖွေရေးအဖွဲ့ရှေ့တွင် ထွက်ဆိုထားသည့် ထွက်ဆို ချက်များသည် ရဲအရာရှိတံတွင် ထွက်ဆိုချက်များ ဖြစ်၍ အသုံးပြုခွင့် မရှိပေ။

တပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ အမှုများစွာ်တရားခံသည် စွပ်စွဲထားသည့်အမှုကို ကျူးလွန်ကြောင်း သက်သေပြရန် တာဝန်မှာ တရားလိုဘက်မှတာဝန်ဖြစ်သည်။တရားခံသည်ပြစ်မှုမကျူးလွန်ကြောင်း သက်သေ လုံးဝမပြစေကာမူ တရားလိုဘက်မှ ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် သက်သေအထောက်အထား မပြနိုင်ပါက ကျားခံအား အမှုမလွှတ်ရန်သာ ရှိသည်။

မောင်စိုးမြင့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် ၂၀

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၂ နှင့် ပုဒ်မ ၂၁၁ အရ တရားစွဲဆိုလျှင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅(၁)(က) နှင့် ၁၉၅ (၁)(ခ)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၂ အရ အဓရးယူရမည့်ကိစ္စတွင် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်း၊ သို့မဟုတ် သူ့အာဏာပြည်သူ့ဝန်ထမ်းက စာဖြင့်ရေးသား တိုင်ကန်း စွဲဆိုရပေသည်။ ထို့အတူ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၁ အရ အဓရးယူရမည့်ကိစ္စကွင် သက်ဆိုင်ရာတရားရုံး၊ သို့မဟုတ် ထိုတရားရုံး၏အထက် တရားရုံးက စာဖြင့်ရေးသား တိုင်တန်းစွဲဆိုရပေသည့်။ ထိုသို့ ပြည်သူ့ဝန်ထမ်းက သော်လည်းကောင်း တရားရုံးကသော်လည်းကောင်း စာဖြင့်ရေးသား တိုင်တန်းစွဲဆိုခြင်းမရှိလျှင် အဆိုပါပြစ်မှုများကို မည်သည့်တရားရုံးကမျှ လက်ခံအရေးယူပိုင်ခွင့် မရှိကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅(၁)(က)နှင့် ပုဒ်မ ၁၉၅ (၁)(ခ) အသီးသီးတွင် တားမြစ်ထားသည်။

ဦးမောင်မောင်ကြီးက ဦးဉာဏ်နှင့် ဒေါ်စောရီတို့အပေါ် စွဲဆိုသော အမှုကို မြို့နယ်တရားရုံးက လက်ခံအရေးယူခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅(၁)(က)နှင့် ပုဒ်မ ၁၉၅(၁)(ခ) ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက်ရှိသည်မှာ ထင်ရှားသည်။

ဦးဉာဏ် ပါ(၂)ဦး နှင့် ဦးမောင်မောင်ကြီး ၄၀

ဥပဒေများ— စာမျက်နှာ

ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေ
ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ
ပြစ်မှုဆိုင်ရာဥပဒေ
သက်သေခံဥပဒေ
မဋ္ဌိညာဉ်ဥပဒေ
မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေ

ဦးတိုက်စွဲဆိုမှုကို ပလပ်သည့်အမိန့်ကို တရားစီရင်ရေးအဖွဲ့ဝင်တစ်ဦးအနည်း က လက်မှတ်ရေးထိုးခြင်း— တရားဝင်ချမှတ်သော အမိန့်မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။၂၁-၁-၇၈ နေ့စွဲပါ မူလရုံးအမှုတွဲ နေ့စဉ်မှတ်တမ်းတွင် တရားစီရင်ရေးအဖွဲ့ဝင် တစ်ဦးတည်းက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ အချင်းဖြစ်ဦးတို့က်စွဲဆိုမှုကို ပလပ်သည့်အမိန့်ကို လက်မှတ်ရေးထိုး အမိန့် ချမှတ်ထားသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းမှာ ပြည်သူ့တရားသူကြီးအဖွဲ့ဥပဒေပုဒ်မ ၇ နှင့် ၄၄ တို့အရ အဖွဲ့ဖြင့် တရားစီရင်ခြင်း မဟုတ်သဖြင့် ယင်း အမိန့်မှာလည်း တရားဝင်ချမှတ်သော အမိန့်မဟုတ်သည်ကို တွေ့ရှိရသည်။

ဦးအောင်သန်း နှင့် ၁။ ပြည်ဖောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးလှငံဦး ၁၃၆

ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၆ အပိုဒ်ခွဲ(ဆ) အရ ပြည်သူ့ တရားသူကြီးအဖွဲ့က စစ်ဘက်ဆိုင်ရာ တရားစီရင်ရေးအဖွဲ့မှား၏အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို စီရင်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြည်သူ့တရားသူကြီးအဖွဲ့၏ 'စီရင်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ အပိုဒ်ခွဲ(ဆ)

စာမျက်နှာ

တွင် ပြည်သူ တရားသူကြီးအဖွဲ့သည် စစ်ဘက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့များ၏အမိန့်၊ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုကို စီရင်နိုင်ကြောင်း ပြဋ္ဌာန်းချက်ရှိပေသည်။

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာ
နိုင်ငံတော်၊ ကာကွယ်ရေးဝန်ကြီးဌာန နှင့် ဗိုလ်တင်မောင်မောင်မြတ် ၇၃

ရဲအရေး မပိုင်သော အမှုကို ရဲက စုံစမ်းပြီး တရားရုံးသို့ တင်လာလျှင် တရားရုံးက လက်ခံရခြင်း - ပြစ်မှုဆိုင်ရာ အမှုစွဲဆိုရန် စည်းကမ်းသတ် ကာလသတ်မှတ်ချက် မရှိ - ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ နှင့် ပုဒ်မ ၅၆၁-က တို့၏ ခြားနားချက်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ၁၅၅(၂)အရ သက်ဆိုင်ရာ တရားရုံးက ညွှန်ကြားခြင်း မပြုလျှင် ပြည်သူ့ ရဲတပ်ဖွဲ့သည် ရဲအရေးမပိုင်သော ပြစ်မှုကို စုံစမ်းစစ်ဆေးခြင်း မပြုနိုင်ပေ။ ရဲအရေး မပိုင်သော ပြစ်မှုကို ရဲအရေးပိုင်သော ပြစ်မှုနှင့် ကပေါင်းတည်း စုံစမ်း စစ်ဆေးနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းကဲ့သို့ မရှိပေ။ သို့သော် ပြည်သူ့ ရဲတပ်ဖွဲ့က ရဲအရေးမပိုင်သော ပြစ်မှုကို စုံစမ်းစစ်ဆေး၍ တရားစွဲဆို လာလျှင် တရားရုံးက လက်ခံစစ်ဆေးခြင်း မပြုရဟု တားမြစ်ထား သော ပြဋ္ဌာန်းချက် တစုံတရာ မရှိသဖြင့် ယင်းအချက်ကို အကြောင်း ပြုပြီး အမှုတွဲကို ခေျဖျက်ခြင်း မပြုနိုင်ပေ။

တပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုများကို ပြစ်မှုကျူးလွန်သည့် နေ့မှ မည်သည့်ကာလအတွင်း တရားစွဲဆိုရမည်ဟု စည်းကမ်းသတ် ကာလ သတ်မှတ်ထားခြင်း မရှိသည့်အလျောက် ဤအမှုကို အမှုဖြစ်ပွားပြီး နောက်ကာလ အဟန်ကြာမှ တရားစွဲဆိုသည်ကို အကြောင်းပြုပြီး ခေျဖျက်ပေးခြင်း မပြုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ မှုခင်းတစ်ရပ်ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ခေျဖျက်ခြင်းနှင့် တရားခံတစ်ဦး အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃ အရ စွဲချက်မတင်ပဲ ပြန်လွှတ်ထားခြင်းတို့၏ ခြားနားချက်ကို သဘောပေါက် နားလည်ရန်

စာမျက်နှာ

တရားရေးဦးစီးမှူးသည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ခ)အရ တရားရုံးဟူသောစကားရပ်တွင် အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။"တရားရုံး"ဟူသောစကားရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိပေ။ ပြစ်မှုဆိုင်ရာဥပဒေတွင်သာ အဓိပ္ပာယ်ဖွင့်ဆိုချက် ရှိပေသည်။ ထိုသို့ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသောစကားရပ်များ၏ အဓိပ္ပာယ်သည် ထိုစကားရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း မှတ်ယူရမည့်ဖြစ်ကြောင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄(၂)တွင် ပြဋ္ဌာန်းထားရှိသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅(၁)(ခ)နှင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များကို ပေါင်းစပ် သုံးသပ်ပါက တရားစီရင်ရန် အခွင့်အာဏာရှိသူ ပုဂ္ဂိုလ်ကသာ တိုင်တန်း စွဲဆိုနိုင်ကြောင်း ပေါ်ပေါက်သည်။

တရားရေးဦးစီးမှူးသည် တရားစီရင်ရန် အခွင့်အာဏာရှိသူပုဂ္ဂိုလ် မဟုတ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅(၁)(ခ)အရ "တရားရုံး"ဟူသော စကားရပ်တွင် အကျုံးဝင်သူ မဟုတ်သောကြောင့် ၎င်းသည် လျှောက်ထားသူ ဦးတင်လှိုင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူရန် တိုင်တန်းစွဲဆိုပိုင်ခွင့် ရှိသူမဟုတ်ပေ။

ဦးတင်လှိုင် နှင့် ဦးတင်ဝင်း ၅၃

မူလရုံးသည် မိမိချမှတ်ပြီးသောအမိန့်ကို မိမိကပင် ပြန်လည်ပယ်ဖျက်ခြင်းသည် ဥပဒေနှင့် ညီ မညီ။

ဆုံးဖြတ်ချက်။ ။တရားခံများအပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် အမိန့်ချမှတ်ပြီးပါက မူလတရားရုံးသည် ထိုအမိန့်ကို ပြန်လည်ပယ်ဖျက်ခြင်းသော်လည်းကောင်း၊ ပုဒ်မ ၂၀၂ အရ စုံစမ်းမှုပြုစေရန် သော်လည်းကောင်း၊ ပြင်ဆင်ဆုံးဖြတ်ခြင်း ပြုနိုင်မည် မဟုတ်ပေ။

ဦးခင်မောင်မြင့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
(ဦးလှသန်း ပါ-၇ ဦး) ၈

စာမျက်နှာ

မြို့နယ်တရားရုံးသည် တရားခံတစ်ဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၅၂/၃၄ အရ လက်ခံအရေးယူပြီးနောက် ယင်းဥပဒေပုဒ်မ ၂၀၃ အရ အမှုကို ပလပ်ခွင့်မရှိခြင်း-ရပ်ကွက်တရားရုံးသည်လည်း ရဲစွဲချက်ဖြင့် တင်ပို့ထားသောအမှုကို ကျေအေးရုပ်သိမ်းခြင်းမရှိပဲ ပိတ်သိမ်းခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။စမ်းချောင်းမြို့နယ်တရားရုံးသည် ဦးသန်းမောင် ၏ ဦးတိုက်စွဲဆိုလွှာနှင့်ပတ်သက်၍ ၎င်းအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး စွဲဆိုမှုကို ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂/၃၄ အရ လက်ခံအရေးယူပြီးနောက် တရားခံများအား ဆင့်ခေါ်ပြီးနောက်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၃ အရ အမှုကို ပလပ်ခဲ့ကြောင်း တွေ့ရသည်။ မြို့နယ်တရားရုံးသည် ဤကဲ့သို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေး၍ တရားခံတစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ကစ်ရပ်ရပ်ဖြင့် အရေးယူပြီးနောက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ အမှုကို ပလပ်ခွင့် မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ရဲစွဲချက်ဖြင့် တင်ပို့ထားသော အမှုတစ်ခုကို ကျေအေးရုပ်သိမ်းခြင်း မရှိပဲ အမှုကို ပိတ်သိမ်းခွင့် မရှိပေ။

ဦးသန်းမောင် နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၂။ ဦးသန်းဦးပါ(၃)ဦး ၁၁၉

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၁ နှင့် ၂၂၂ အရ စွဲချက်တွင် မှုခင်းဖြစ် အကြောင်းခြင်းရာကို တိကျစွာ ဖော်ပြရခြင်း-ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) (ခ)-တရားရုံးက တရားခံအား ၎င်း၏ ဆန္ဒအလျောက် သက်သေအဖြစ် အစစ်ခံလိုသည် မခံလိုသည်ကို ရှင်းလင်းသတိပေးရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။စွဲချက်တင်ခြင်း ခံရသူသည် စွဲချက်အရ ဖြေရှင်းရန် တာဝန်ရှိနေသဖြင့် စွဲချက်သည် အရေးကြီးကြောင်း တရားရုံးများက သတိမူလျက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၁ နှင့် ၂၂၂ တို့အရ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည်။

စာမျက်နှာ

ထပ်မံဆုံးဖြတ်ချက်။ ။တရားခံသည် သူ၏ဆန္ဒအလျောက် သက်သေခံလိုမှု ခံနိုင်သည်။ သက်သေမခံပဲလည်း နေနိုင်သည်။ သူ၏ ဆန္ဒအလျောက် သက်သေခံပါက သူ၏သက်သေခံချက်ကို သူ့အပေါ်သာမက ပူးတွဲတရားခံများအပေါ်ပါ ထည့်သွင်းစဉ်းစားနိုင်သဖြင့် တို့အကြောင်းများကို သက်သေမခံမီ တရားခံအား တရားရုံးက သတိပေးရမည်ဟု ထိုဥာဒေပုဒ်မက ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တရားရုံးအနေဖြင့် တရားခံအား သတိပေးရန် မပျက်ကွက်သင့်ကြောင်း အလျဉ်းသင့်သဖြင့် လမ်းညွှန်မှုပြုလိုက်သည်။

ဦးဝင်းပါ(၂)ဦး နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးအုန်းခင် (ခ) ဦးရှမ်းလေး ၁၀၅

အပြန်အလှန် အမှုများကို အကျဉ်းနည်းဖြင့် မစစ်ဆေးသင့်ခြင်း—တရားမျှတစွာစစ်ကြောင်း ပြည်သူတို့ မြင်သာအောင် ဆောင်ရွက်ရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။အမှုသည်များအချင်းချင်း တဘက်နှင့် တဘက် အပြန်အလှန် စွဲဆိုမှုများတွင် အကြောင်းခြင်းရာ အချက်အလက် ရှုပ်ထွေး၍ အပြန်အလှန် စုပ်စွဲချက်များ ရှိသဖြင့် အမှုကို အကျဉ်းနည်းဖြင့် မစစ်ဆေးသင့်ပေ။ အကြောင်းခြင်းရာနှင့် စုပ်စွဲချက်များ ရှင်းလင်း၍ အငြင်းမပွားနိုင်ဖလာ အမှုမျိုးတွင်လာ အကျဉ်းနည်းဖြင့် စစ်ဆေးသင့်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားစီရင်ရာတွင် တရားမျှတစွာ စစ်ဆေးဆောင်ရွက်ကြောင်း အမှုသည်များ အပါအဝင် အများပြည်သူတို့က လည်း သိမြင်အောင် ဆောင်ရွက်ရန် လိုအပ်ပေသည်။

ပြည်ထောင်စု ဆိုရှယ်လစ် နှင့် မောင်ဂိန်မောင်း
သမ္မတမြန်မာနိုင်ငံတော် (ခ)တင်အောင် ၇၀

စာမျက်နှာ

တရားရုံး တစ်ရုံးအနေဖြင့် မိမိစစ်ဆေးနေသော အမှုတွင် ပါဝင်ကျူးလွန်ကြောင်း ပေါ်ပေါက်နေသူများကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းနိုင်ခွင့် ရှိခြင်း— ထည့်သွင်းသင့် မသင့် စဉ်းစားရာ၌ သက်သေထွက်ချက်အပေါ် အလေးအနက်ထား၍ စဉ်းစားရန် မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားရုံးတစ်ရုံးအနေဖြင့် မိမိ စစ်ဆေးနေသော အမှုတွင် ပါဝင်ကျူးလွန်ကြောင်း ပေါ်ပေါက်နေသူများကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းနိုင်ခွင့် ရှိပေသည်။ နောက်တိုးတရားခံ ထည့်သွင်း အရေးယူခြင်းမှာ တရားခံအား စွဲချက်တင်ခြင်းလည်း မဟုတ်၊ တရားခံတွင် အပြစ်ရှိ မရှိ အပြီးသတ် ဆုံးဖြတ်ခြင်းလည်း မဟုတ်သေး၍ ထိုသို့ နောက်တိုးတရားခံအဖြစ် ထည့်သွင်းအရေးယူသင့် မသင့် ကိစ္စကို စဉ်းစားဆုံးဖြတ်ရာ၌ သက်သေ ထွက်ချက်များအပေါ် ယုံထိုက် မယုံထိုက်ကို အလေးအနက်ထား၍ စဉ်းစားရန် မဟုတ်ပေ။

ဒေါက်တာလားမားပါ(၁၃)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (အပြီးပဟာဒူး) ၁၀၂

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃— အပြီးအပြတ် လွှတ်ပြီးသူအား အဆိုပါအချင်းဖြစ်ကိစ္စနှင့် ထပ်မံ၍ တရားစွဲဆိုခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကိုသိန်းဝင်းပါ ၄ ဦးတို့အပေါ် အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်း ကာကွယ်ရေးဥပဒေပုဒ်မ ၆(၁)အရ စွဲဆိုခဲ့ပြီး နောက်ဆုံး အပြီးသတ်အမိန့် ချမှတ်ရန် အဆင့်တွင် မြို့နယ် ဥပဒေဝန်ထမ်း ၏ လျှောက်ထားချက် အရ အမှုကို ရုပ်သိမ်းခွင့်ပြု၍ သူတို့ အားလုံးကို အပြီးအပြတ် လွှတ်ခဲ့ပြီးကြောင်း အငြင်းမပွားပေ။ သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ အရ အပြီးအပြတ် လွှတ်ထားပြီးသော တရားခံများ အပေါ် အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ ထပ်မံတရားစွဲဆိုခွင့် မရှိတော့ပေ။

ကိုသိန်းဝင်းပါ(၂)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၁၂၆

စာမျက်နှာ

စွဲချက်ကိုပယ်ဖျက်ပေးရန် လျှောက်ထားမှုကွင်း တရားခံအပြစ်ရှိ မရှိနက်နဲစွာ စဉ်းစားရန်မဟုတ်။

ဆုံးဖြတ်ချက်။ ။စွဲချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့် ပြင်ဆင်မှုများကို ကြားနာရာ၌ ပြင်ဆင်မှုရုံးသည် မူလရုံးကဲ့သို့ တရားခံတွင် အပြစ်ရှိ မရှိ နက်နဲစွာသုံးသပ်၍ ဆုံးဖြတ်ရသည် မဟုတ်ပေ။ စွပ်စွဲခံရသူအပေါ် ငြိစွန်းချက်များရှိ၍ ဖြေရှင်းရန် အချက်အလက်များပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရမည်သာ ဖြစ်ပေသည်။

ဦးပညာဝံသဘိဓဇ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
(ဦးရေဝတ) ၆၄

တရားခံအား အာမခံပေး၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၆ နှင့် ၄၉၉ တို့အရ ခံဝန်သူများနှင့် ခံဝန်ချုပ်ဆိုရာတွင် ခံဝန်ပြုသည့်ငွေအရေအတွက်ကို ခံဝန်သူများအနက် တစ်ဦးတည်းကဖြစ်စေ၊ ခံဝန်သူများ အတူတကွ စုပေါင်း၍ဖြစ်စေ ဆုံးရှုံးခံရန်သာ ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားခံ တစ်ဦးအား ရုံးချိန်းရက်တွင် တရားရုံးရွှေမှောက်သို့ လာရောက်ရန်အတွက် တရားရုံးက တရားခံအား အာမခံပေး၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၆ နှင့် ၄၉၉ တို့အရ ခံဝန်သူများဖြင့် ခံဝန်ချုပ်ဆိုစေရာတွင် သတ်မှတ်ထားသည့် ခံဝန်ပုံစံ၌ ခံဝန်ပြုသည့် ငွေအရေအတွက်ကို တရားခံ၏ ပျက်ကွက်မှုတွင် အတူတကွ ဖြစ်စေ၊ သီးခြားဖြစ်စေ ဆုံးရှုံးခံပါမည်ဟု ဖော်ပြ၍ လက်မှတ်ရေးထိုးကြရပေသည်။ ထိုခံဝန်ချုပ်ပေါ်တွင် ဖော်ပြထားသော ခံဝန်ပြုသည့် ငွေအရေအတွက်ကို ပျက်ကွက်မှုအတွက် ဆုံးရှုံး ခံပါမည်ဟု တရားခံကိုယ်တိုင်ကလည်း ခံဝန်ချုပ်ဆို၍ လက်မှတ်ရေးထိုးရပေသည်။ ခံဝန်ပြုသည့် ငွေအရေအတွက်ကို ခံဝန်သူများက အတူတကွဖြစ်စေ၊ သီးခြားဖြစ်စေ ဆုံးရှုံးခံပါမည်ဟု ဆိုရာတွင် ယင်းငွေအရေအတွက်ကို ခံဝန်သူများအနက် တစ်ဦးတည်းကဖြစ်စေ၊ ခံဝန်သူများစုံပေါင်း၍ အတူ

တက္ကဖြစ်စေ ဆုံးရှုံးခံရန် သာဖြစ်ပေသည်။ အလားတူပင် ခံဝန်ချုပ်တွင် လက်မှတ်ရေးထိုးထားသည့် တရားခံ ကိုယ်တိုင်ကလည်း ခံဝန်ပြုသည့် ငွေအရေအတွက် ဆုံးရှုံးခံရန် တာဝန်ရှိပေသည်။ လျှောက်ထားသူ(၁) မာမက်အာလမ်နှင့် လျှောက်ထားသူ (၂) ရှရှစ်တို့သည် တရားခံမူဆာ အာလီ၏ ပျက်ကွက်မှုအတွက် ခံဝန်ချုပ်အရ ခံဝန်ပြုသော ငွေကျပ် ၃၀၀၀/-ကိုသာ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးပေါင်းရှိဖြစ်စေ ပေးလျော်ရန် တာဝန်ရှိပေသည်။ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀/-စီ၊ စုစုပေါင်း ငွေကျပ် ၆၀၀၀/- ပေးလျော်ရန် တာဝန်ရှိသည် မဟုတ်ပေ။

မာမက်အာလမ်ပါ(၂)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် ၉၇

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ –၅၁၂ အရ တင်ပို့လာသော အမှုဆောင်ရွက်ရန်နည်း– အဆိုပါအမှုမျိုးတွင် သက်သေခံ ပစ္စည်းများအား ပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲခြင်း မပြုနိုင်–ပုဒ်မ ၅၂၃ အရ ထုခွဲခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၂ အရတရားစွဲဆို တင်ပို့လာသည့်အခါ တရားခံအား လူဖမ်းဝရမ်း ထုတ်ဆင့်ရသည်။ လူဖမ်းဝရမ်းအတည်မဖြစ်လျှင် ဝရမ်းအတည်ပြုသည့်ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှင့် မှင်နီသက်သေများကို တရားခံ ထုတ်ပြေး တိမ်းရှောင်နေခြင်း ရှိမရှိ၊ လောလောဆယ်ဖမ်းမိရန်အကြောင်းရှိမရှိနှင့် စပ်လျဉ်း၍စစ်ဆေးရသည်။ ထိုသက်သေတို့၏ ထွက်ဆိုချက်များအရ တရားခံသည် ထွက်ပြေး တိမ်းရှောင်နေပြီး လောလောဆယ်ဖမ်းမိရန် အကြောင်းမရှိကြောင်း ပေါ်ပေါက်မှသာ ထိုအချက်ကို မှတ်တမ်းတင်၍ အမှုဖြစ် အကြောင်းအရာနှင့် ပတ်သက်၍ထွက်ဆိုကြမည့် မင်ပြာသက်သေများကို စစ်ဆေးရသည်။ တနည်းဆိုရသော် တရားခံ၏မျက်ကွယ်တွင် သက်သေများအား အမှုနှင့်စပ်လျဉ်း၍ စစ်ဆေးနိုင်ရန်အလို့ငှာ တရားခံသည် ထွက်ပြေး တိမ်းရှောင်လျက်ရှိကြောင်း သက်သေခံအထောက်အထားရှိဖို့ လိုပေသည်။

စာမျက်နှာ

ထပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ အရေးယူ ဆောင်ရွက်သောအမှုသည် ယင်းဥပဒေပုဒ်မ ၅၁၇ တွင် ရည်ညွှန်းသောစုံစမ်းမှု၊ သို့မဟုတ် စစ်ဆေးမှုမဟုတ်သဖြင့် မြို့နယ်တရားရုံးသည် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ယင်းပုဒ်မအရ စီမံခန့်ခွဲခွင့် မရှိပေ။ သို့သော် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၃ အရ ထုခွဲခွင့် ရှိပေသည်။

ဦးတိုကြီး နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့် ၁၉

ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၁၇(၁)—တရားရုံးရှေ့သို့ သက်သေခံပစ္စည်း မရောက်သော်လည်း ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းဖြစ်ကြောင်း သက်သေခံအမှတ်အသား ပြုလုပ်တင်ပြပါက စဉ်းစားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးပိတ်ကောင်းနှင့် ဒေါ်ခင်ခင်တို့၏ ကားများကို တရားရုံးရှေ့သို့ ယူဆောင်လာခြင်း မပြုသော်လည်း အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနသည် အမှုနှင့်ပတ်သက်၍ ကားများကို ရှာဖွေပုံစံပြုလုပ်သိမ်းဆည်းခြင်း၊ မော်တော်ကားများကို ပိုင်ရှင်များထံ ခံဝန်ဖြင့် ပြန်ရပေးခဲ့ခြင်း၊ မော်တော်ကားများကို ဓာတ်ပုံရိုက်၍ တရားရုံးသို့ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်းများအဖြစ် သက်သေခံအမှတ်အသား ပြုလုပ်တင်ပြခြင်းများ ပြုလုပ်ခဲ့သောကြောင့် တရားရုံးသည် မော်တော်ကားများနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးပုဒ်မ ၅၁၇(၁)အရ စဉ်းစားနိုင်သည်။

ဦးပိတ်ကောင်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်
ဒေါ်ခင်ခင် သမ္မတမြန်မာနိုင်ငံတော် ၁၆

စာမျက်နှာ

ပြစ်မှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာတရားရုံး၌ ပြစ်မှုနှင့်ပတ်သက်၍ သက်သေခံအဖြစ် တင်ပြထားသောပစ္စည်းများကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေနှင့်အညီ တရားရုံးက စီမံဆောင်ရွက်ရပေမည်။ အချင်းဖြစ် ပစ္စည်းများကို ပိုင်ရေး ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမကြောင်းအရ တရားမရုံးက အဆုံးအဖြတ်ပေးရမည် ဖြစ်ပေသည်။

ကိုတင်ရွှေ နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေါ်အမာ ၄၉

ဖြောင့်ချက်ယူသော တရားစီရင်ရေးအဖွဲ့သည် မည်သည့် အကြောင်း အချက်များကြောင့် အလိုအလျောက်ပေးသော ဖြောင့်ချက်ဖြစ် သည်ဟု ယုံကြည်ကြောင်း မှတ်တမ်းမတင်ထားစေကာမူ ပြစ်မှုဆိုင် ရာဥပဒေပုဒ်မ ၅၃၃အရ ကုစားနိုင်သဖြင့် ဥပဒေအရ ပျက်ပြယ်မှုမရှိ ခြင်း—တရားခံတစ်ဦး၏ ဖြောင့်ချက်ကို ၎င်းနှင့်အတူ အစစ်ခံရသော တရားခံတစ်ဦးအပေါ် သက်သေခံချက်အဖြစ် တိုက်ရိုက် အသုံးမပြု နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၄ နှင့် ပုဒ်မ ၃၆၄ ပါ ပြဋ္ဌာန်းချက်များအရ ဖြောင့်ချက်ယူရာတွင် ဖြောင့် ချက်ယူသူ တရားစီရင်ရေးအဖွဲ့သည် မည်သည့် အကြောင်းအချက်များ ကို ထောက်ထား၍ တရားခံများက အလိုအလျောက် ဖြောင့်ဆိုချက် ပြုလုပ်ခြင်းဖြစ်သည်ဟု ယုံကြည်ရန်ရှိကြောင်း မှတ်တမ်းတင်ထားရန် လိုပေသည်။ ဖြောင့်ချက်ရေးမှတ်ရာ၌ လုပ်ထုံးလုပ်နည်း ချွတ်ယွင်းချက် များရှိပါက ဖြောင့်ချက်ယူသူ တရားစီရင်ရေးအဖွဲ့ဝင် တစ်ဦးဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၃ အရ ခေါ်ယူစစ်ဆေးခြင်းဖြင့် ကုစားနိုင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားခံတစ်ဦး၏ ဖြောင့်ချက်ကို ၎င်းနှင့် အတူ အစစ်ခံရသော အခြားတရားခံတစ်ဦးအပေါ် သက်သေခံချက် အဖြစ်ဖြင့် တိုက်ရိုက်အသုံးပြုနိုင်သည် မဟုတ်ပေ။ သို့ရာတွင် ထိုပူးတွဲ တရားခံအပေါ်တွင် အခြားသက်သေခံချက်များ ရှိနေပြီး အနည်းငယ် သံသယရှိနေပါက ဖြောင့်ချက်ပေးသူ တရားခံ၏ဖြောင့်ချက်ကို သက် ဆိုင်ရာ ပူးတွဲတရားခံအပေါ် အပြစ်ရှိမရှိဆုံးဖြတ်ရာ၌ အထောက်အထား အကူအညီအဖြစ်ဖြင့်သာလျှင် ထည့်သွင်းစဉ်းစားနိုင်သည် ဖြစ်ပေသည်။

မောင်မှိုပါ (၃)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် ၁၀၃

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၉-ခ အရ အချင်းဖြစ် နေရာသို့ သွားရောက်စစ်ဆေး ကြည့်ရှုခြင်း၏ ရည်ရွယ်ချက်မှာ ရုံးရှေ့တွင် သက်သေထွက်ချက်များ မှန်ကန်စွာ ဝေဖန်သုံးသပ်နိုင်ရန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၉-ခ အရ အချင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေး ကြည့်ရှုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ တရားရုံးရှေ့မှောက်တွင် သက်သေများ၏ ထွက်ဆို ချက်များကို မှတမှန်ကန်စွာ စေဖန်သုံးသပ် ချိန်ဆနိုင်ရန်သာ ဖြစ်ပေ သည်။ ယခုအမှုတွင် မွန်ပြည်နယ် တရားစီရင်ရေးအဖွဲ့သည် အချင်း ဖြစ်အိမ်ကို ကိုယ်တိုင်သွားရောက်၍ စစ်ဆေးရာတွင် အိမ်သည် ပျက်စီး နေသည်ကို တွေ့မြင်ကြပြီး အိမ်အဟောင်းဖြစ်၍ ဟောင်းနွမ်းပျက်စီး ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုသည်။ သို့ဖြစ်၍ မွန်ပြည်နယ် တရား စီရင်ရေးအဖွဲ့သည် တရားလိုဘက်မှ မျက်မြင်သက်သေများက တရားခံ သည် အိမ်ကိုဖျက်ဆီးပါသည်ဟူသော ထွက်ချက်ကို အလေးပေး၍ မစဉ်းစားပဲ အိမ်ပျက်စီးခြင်းနှင့်ပတ်သက်၍ မိမိတို့၏ ထင်မြင်ယူဆ ချက်ကိုသာ အလေးပေး၍စဉ်းစားခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၅၃၉-ခ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိသဖြင့် မှားယွင်း ချက်ချော်လျက် ရှိပေသည်။

ဦးအာရစ်ဘိုင် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေါ်ငွေသန်း၊ ဦးလှကြည် ၁၂၉

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁—က) ပါ ပြဋ္ဌာန်းချက်ကို အထူးဥပဒေများဟွင် ကျင့်သုံးမှုမပြုနိုင်။

ဆုံးဖြတ်ချက်။ ။သမဝါယမအသင်းဥပဒေအရ အပြစ်ရှိကြောင်း ဆုံးဖြတ်၍ ပြစ်ဒဏ်သတ်မှတ်ရာတွင် ဆုံးမလွှတ်ပိုင်ခွင့်မရှိပေ။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁—က)ပါ ပြဋ္ဌာန်းချက်ကို ကျင့်သုံးရာတွင် အထူးဥပဒေများနှင့် သက်ဆိုင်မှု မရှိပေ။

ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးလှတင်ပါ (၂) ဦး ၉၃

လင်မှုယားအတူပိုင်ပစ္စည်းကို မယားက ယူသွားခြင်းသည် ခိုးမှုမမည်။

ဆုံးဖြတ်ချက်။ ။မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်ယောကျ်ား ပိုင်ဆိုင်သောပစ္စည်းတွင် မယားဖြစ်သူကလည်း အတူပိုင်ဆိုင်ခွင့်ရှိသည်ဖြစ်၍ လင်ယောကျ်ားမရှိခိုက် တစ်အိမ်တည်း အတူနေ မယားက အိမ်ရှိပစ္စည်းများကိုယူ၍ နေအိမ်မှဆင်းသွားခြင်းသည် တပါးသူ၏ လက်ရှိပစ္စည်းကို ထိုသူသဘောမတူပဲ မရိုးမဖြောင့်သော သဘောဖြင့် ရယူခြင်းဖြစ်သည်ဟု မဆိုနိုင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ ပြစ်မှုမြောက်စေမည့် အင်္ဂါရုပ်များနှင့် ပြည့်စုံခြင်း မရှိကြောင်း တွေ့ရသည်။

ဦးခင်အောင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
(မခင်ရှိန်၊ မတင်) ၁၁

သာမန်အစုပေါ်လုပ်ငန်းနှင့်ပတ်သက်၍ အစုစပ်တစ်ဦးက အခြားအစုစပ်တစ်ဦးအပေါ် မြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုဖြင့် မစွဲဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အစုစပ်ဆိုသည့် သဘောကပင် အစုစပ်ပိုင်ပစ္စည်းများကို အစုစပ်တစ်ဦးက အစုစပ်တစ်ဦးသို့ ယုံကြည်အပ်နှံခြင်းပြုသည့်သဘော မရှိနိုင်ပေ။ ထို့ကြောင့်လည်း သာမန်အစုစပ် လုပ်

စာမျက်နှာ

ုန်းနှင့်ပတ်သက်၍ အစုံစပ်တစ်ဦးက အခြားအစုစပ် တစ်ဦးအပေါ်
ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုဖြင့် မစွဲဆိုနိုင်ပေ။
အစုစပ်ပစ္စည်းများအနက် မည်သည့်ပစ္စည်းကို မည်သို့စီမံခန့်ခွဲရမည်၊
မည်သို့ ဆောင်ရွက်ရမည်ဟူသော အထူးသဘောတူညီချက် တစုံတရာ
ရှိကြသည့်အလျောက် ယင်းသဘောတူညီချက်အရ အစုစပ်ပစ္စည်းများ
ကို ယုံကြည်အပ်နှံခြင်း ဖြစ်မှသာ ယင်းအစုစပ်ပစ္စည်းများကို အလွဲသုံး
စားပြုလုပ်ခြင်းဖြင့် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်
မှုကို ကျူးလွန်နိုင်သည်။

ဦးချစ်ကျော် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
(ဦးတင်မြိုင်) ၁၄

အလွဲသုံးစားပြုထားသော ငွေကို ပေးလျော်ပြီး ဆိုရုံမျှဖြင့် တရားခံ
သည် ပြစ်မှုမှ ကင်းလွတ်ခွင့် မရနိုင်ခြင်း—ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ
၄၀၆ သည် ကျေအေးခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ အမှုများတွင် အလွဲသုံးစားပြုထား
သော ငွေကို ပေးလျော်ပြီး ဖြစ်သည်ဟု ဆိုရုံမျှနှင့် တရားခံသည်
ပြစ်မှုမှ ကင်းလွတ်ခွင့် ရနိုင်သည် မဟုတ်ပေ။ ပြစ်မှုဆိုင်ရာ ဥပဒေ
ပုဒ်မ ၄၀၆ အရ ပြစ်မှုသည် ကျေအေးနိုင်သော အမှုမျိုး မဟုတ်သော
ကြောင့် တရားလို တရားခံနှစ်ဦး သဘောတူ ကျေအေးခြင်းဖြင့်လည်း
အမှုကို ပိတ်သိမ်းခွင့် မရှိပေ။

ဦးသိန်းဆွေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
(ဦးကျော်စိန်) ၁၂၃

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀—ချေးယူသည့် ငွေကို ပြန်ဆပ်ရန် မရည်ရွယ်ပဲ မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်၍ ငွေကို ရယူလျှင် လိမ်လည်မှု မြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ချေးယူသည့် ငွေကို ပြန်ဆပ်ရန် မရည်ရွယ်ပဲ ပြန်ဆပ်မည်ဖြစ်ကြောင်း ယုံကြည်အောင် ပြုမူလျက် တမင်လှည့်ဖြားပြီး ငွေထုတ်ချေးစေရန် မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်၍ ငွေကို ရယူလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ လိမ်လည်မှု မြောက်နိုင်သည်။

ဦးချစ်မောင် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးချို ရှိန် ၂၁

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁—လက်ရှိနေထိုင်သူအား အိမ်ကျော်နှင်းမှု မစွဲဆိုနိုင်ခြင်း—ပိုင်ရေးပိုင်ခွင့်မှာ အဓိကဖြစ်လျှင် တရားမကြောင်းသာ စွဲဆိုသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၇၁ ပါ ပြဋ္ဌာန်းချက်များအရ အချင်းဖြစ်အိမ်တွင် လက်ရှိနေထိုင်လျက် ရှိသူသည် အိမ်ကျော်နှင်းမှု ကျူးလွန်ရန် မဖြစ်နိုင်ပေ။ ပိုင်ရေးပိုင်ခွင့်ကို အဓိကထား၍ တင်ပြစွဲဆိုခြင်းသာ ဖြစ်သဖြင့် စွဲဆိုသူသည် အချင်းဖြစ် အိမ်ပေါ်၌ လက်ရှိနေထိုင်သူအား ဖယ်ရှားခိုင်းရန် တရားမကြောင်း အရသာ စွဲဆိုရမည် ဖြစ်ပေသည်။

ဒေါ်ကြာ နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေါ်ဟန်

စာမျက်နှာ

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ- ၄၉၇---လင်ရှိမယားဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ပေါင်းသင်းခြင်း ဖြစ်သည့်ပြင် လင်ဖြစ်သူက အလိုမတူမှုသာ ပြစ်မှုမြောက်ခြင်း---တိတ်တဆိတ် ပေါင်းသင်းခြင်း မဟုတ်ပဲ စေ့စပ်ကြောင်းလမ်းပြီးနောက် လက်ထပ် ပေါင်းသင်းခြင်းမှာ ပြစ်မှု မြောက် မမြောက်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ ပြစ်မှု မြောက်ရန်မှာ တရားခံ ပေါင်းသင်းသော မိန်းမသည် လင်ရှိမယား ဖြစ်သည် ဆိုရုံနှင့် မပြီးပေ။ ထိုသို့ လင်ရှိမယားဖြစ်ကြောင်း တရားခံက ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ပေါင်းသင်းခဲ့ခြင်း ဖြစ်ကြောင်း ပေါ်လွင်ဖို့လည်း လိုသည်။ ထို့ပြင် ထိုသို့ ပေါင်းသင်းခြင်းကို လင်ယောကျ်ားဖြစ်သူ တရားလိုက အလိုတူရာ ရောက်ခြင်း မရှိကြောင်း ပေါ်လွင်ဖို့လည်း လိုပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မောင်ထင်ကျော်သည် မဝင်းအား ကွာလို့ကြောင်း တရားရုံးတွင် တရားစွဲဆိုပြီးနောက် မဿန်းမြင့်ဆိုသူ အမျိုးသမီးနှင့် နောက်အိမ်ထောင် ပြုခြင်း၊ မောင်ချစ်စံက မေးမြန်းရာတွင်လည်း မဝင်းအား ပြန်လည်ပေါင်းသင်းရန် စိတ်မကူးတော့ကြောင်း ပြောဆိုခြင်း၊ မောင်ထင်ကျော်နှင့် မဝင်းတို့မှာလည်း ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီလက စ၍ ကွဲကွာခဲ့သည်မှ မဝင်းနှင့် မောင်ချစ်စံတို့ လက်ထပ်သည့် ၁၉၇၈ ခုနှစ်အထိ လုံးဝ ဆက်သွယ်မှု တစုံတရာမရှိခဲ့ခြင်း၊ မောင်ချစ်စံသည် မဝင်းအား မမြင်ကွယ်ရာတွင် တိတ်တဆိတ် ပေါင်းသင်းခြင်း မဟုတ်ပဲ လူကြီးစုံရာရှေတွင် စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်ပေါင်းသင်းခြင်း စသော ပြုမူချက်များကို ထောက်ရှုခြင်းအားဖြင့် မဝင်းအား မောင်ထင်ကျော်နှင့် ပြတ်စဲပြီး ဖြစ်သည်ဟု ထင်မှတ်သဖြင့် တောင်းရမ်းလက်ထပ် ရယူခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားသူ မောင်ချစ်စံ၏ ထုချေချက်ကို လက်မခံနိုင်စရာ အကြောင်း မရှိဟု ယူဆသည်။

မောင်ချစ်စံ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
(မောင်ထစီကျော်) ၁၇

စာမျက်နှာ

သက်သေခံ ဥပဒေပုဒ်မ ၃၂ (၃)—သေသူတရားခံ၏ ဖြောင့်ချက်ကို ပူးတွဲတရားခံများအပေါ် ထည့်သွင်းစဉ်းစားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။လူတစ်ယောက်၏ ပြောဆိုချက်သည် ၎င်းအား ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်လောက်လျှင် သက်သေခံဥပဒေပုဒ်မ ၃၂(၃)အရ သက်သေခံဝင်ပေသည်။ သေဆုံးသူ တရားခံတစ်ဦးက မိမိနှင့် အခြားသူများပါ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည်ဟု ဖြောင့်ချက်၌ ဝန်ခံထားလျှင် ယင်းဖြောင့်ချက်သည် သက်သေခံဥပဒေပုဒ်မ ၃၂(၃)အရ သက်သေခံဝင်သည်သာမက ဖြောင့်ချက်ပေးသူ တရားခံသေဆုံးသွားသဖြင့် ၎င်းအား ပူးတွဲတရားခံများနှင့် တစ်မှုတည်း ပူးပေါင်းစစ်ဆေးခြင်း မပြုနိုင်သည်ကို အကြောင်းပြု၍လည်း သေဆုံးသူ တရားခံ၏ ဖြောင့်ချက်ကို သက်သေခံမဝင်ဟု မဆိုနိုင်ပေ။ ဖြောင့်ချက်ပေးသူ တရားခံ သေဆုံးစေကာမူ ၎င်း၏ ဖြောင့်ချက်သည် သက်သေခံ ဥပဒေပုဒ်မ ၃၂(၃)အရ သက်သေခံ ဝင်သည်သာဖြစ်သည်။

မတင်ရီ
မောင်ထွေး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
မောင်တင်အောင် သမ္မတမြန်မာနိုင်ငံတော် ၄၃
မောင်စံသိန်း

ပထမ သတင်းပေးတိုင်ချက်ကို အခြေခံ သက်သေအထောက်အထား အဖြစ် မသုံးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အမှုတွင် ဒေါ်စန်းတင့်အား အယူခံတရားခံ ဦးကျော်ရင်က အဓမ္မပြုကျင့်သည်ကို ကွေ့မြင်ကြောင်း မျက်မြင်သက်သေမရှိပေ။ ဒေါ်စန်းတင့်က အချင်းဖြစ်ပြီး နောက်နှစ်ရက်ကြာသော အခါ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် ပထမ သတင်းပေး တိုင်ချက်ရေးဖွင့်ခဲ့သည်။ ဒေါ်စန်းတင့်မှာ ပထမ သတင်းပေး တိုင်ချက်ရေးဖွင့်ပြီး နောက် တရားရုံးတွင် သက်သေအဖြစ် အစစ်ခံခြင်း မပြုမီ ကွယ်လွန်သွားခဲ့သည်။ ဒေါ်စန်းတင့်က ရဲစခန်းတွင် ပေးခဲ့သည့် ပထမသတင်းပေးတိုင်ချက်မှာ ရုံးရှေ့တွင် ကတိသစ္စာပြုပြီး ထွက်ဆိုသော ထွက်ချက်မဟုတ်သည့်အပြင်တဘက်မှပြန်လှန်မေးခွန်းထုတ်ရန်လည်းအခွင့်အရေး

စာမျက်နှာ

မရှိသည့် တိုင်ချက်မှတ်တမ်းတစ်ခုသာ ဖြစ်သည်။ထိုတိုင်ချက်မှတ်တမ်း အား အယူခံစာရားခံ ဦးကျော်ရင်အပေါ် အပြစ် ရှိ မရှိ စဉ်းစားရာ တွင် အခြေခံ သက်သေအထောက်အထား တစ်ခုအဖြစ် အသုံးပြုနိုင်မည် မဟုတ်ပေ။

ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် နှင့် ဦးကျော်ရင် ၆၆

အသက် ၁၆ နှစ်အောက် မိန်းကလေးကို ရင်း၏သဘောတူညီချက်ဖြင့် ခိုးယူခဲ့စေကာမူ အုပ်ထိန်းသူက သဘောမတူလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ အပြစ်ရှိခြင်း— မိန်းကလေး၏ အသက်သည် အချင်းဖြစ်ချိန်က ၁၆ နှစ်အောက် ဖြစ်ကြောင်း၊ သက်သေပြရန် တာဝန်မှာ တရားလိုအပေါ်ကျရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ ပြစ်ဒဏ်ထိုက် သော လူခိုးမှုတွင် အုပ်ထိန်းသူထံမှ ခိုးယူသည့် မိန်းကလေးသည် အသက် ၁၆ နှစ်အောက် ဟုတ် မဟုတ် ဆိုသည့်အချက်မှာ အရေးကြီးသော အချက်ဖြစ်ပေသည်။ အသက် ၁၆ နှစ်အောက်မိန်းကလေးကို အဆိုပါ မိန်းကလေး၏ သဘောတူညီချက်ဖြင့် ခိုးယူခဲ့စေကာမူ အုပ်ထိန်းသူက သဘောမတူလျှင် ယဇီးဥပဒေ ပုဒ်မ ၃၆၃ အရ အပြစ် ရှိသည်။ မိန်းကလေး၏အသက် ၁၆ နှစ်ကျော်သည်ဟု သဘောရိုးဖြင့် ယုံကြည်ပြီး ခိုးယူခဲ့စေကာမူ ထိုမိန်းကလေး၏ အသက်အမှန်မှာ ၁၆ နှစ်အောက် ဖြစ်ကြောင်း ပေါ်ပေါက်လျှစ်လည်း တရားခံသည် ဖော်ပြပါယုံကြည် ချက်ကို အကာအကွယ်ယူနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မိန်းကလေး၏ အသက်သည် အချင်းဖြစ်အချိန်က ၁၆ နှစ်အောက် ဖြစ်ကြောင်း ထင်ရှား အောင် သက်သေပြရန်တာဝန်မှာ တရားလို၏ တာဝန်ဖြစ်သည်။

မောင်ခင်ဆက် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးလှမောင် ၄

ကရားခံ ကစ်ဦးသည် ပူးတွဲတရားခံ တစ်ဦးအတွက် အရည်အချင်းရှိသက်သေတစ်ဦးမဟုတ်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁)ပါ ပြဋ္ဌာန်းချက်များအရ တရားခံတစ်ဦးသည် မိမိ အတွက် မိမိ ကိုယ်တိုင် သက်သေအဖြစ် အစစ်ခံနိုင်သော်လည်း အမှုတစ်မှုတည်းတွင် မိမိနှင့်အတူ စစ်ဆေး စီရင်ခြင်း ခံရသည့် ပူးတွဲတရားခံအတွက် သက်သေ ခံနိုင်ရန် အရည်အချင်းရှိသော သက်သေမဟုတ်ပေ။

မောင်ပိန်ပါ(၂)ဦး
မောင်မြင့်ရွှေ(ခ) မြင့်အုံး နှင့် သမ္မတမြန်မာနိုင်ငံတော် ၉၇
မောင်ထွန်းညွှန့်
မောင်စစ်ကြီး(ခ)သောင်းညွှန့်

သက်သေခံ ဥပဒေပုဒ်မ-၁၁၉ အရ ဆွံ့အ နားမကြား သူများကို သက်သေအဖြစ် စစ်ဆေးရာတွင် အကျပ်းတဝင်ရှိသူနှင့် စစ်ဆေးခြင်း အား လက်ခံခြင်းပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေပုဒ်မ ၁၁၉ တွင် ဆွံ့အသူများကို သက်သေအဖြစ် စစ်ဆေးရာ၌ စာဖြင့်ဖေးသား၍ဖြစ်စေ၊ လက်ဟန် ခြေဟန် အမူအရာပြ၍ဖြစ်စေ စစ်ဆေးနိုင်ကြောင်း ပြဋ္ဌာန်းချက်ရှိသည်။ မခင်သန်းမြင့်မှာ စာမတတ်သူ ကစ်ဦးဖြစ်၍ လက်ဟန် ခြေဟန် အမူအရာဖြင့်သာ စစ်ဆေးရန်ရှိပေသည်။ ထိုကဲ့သို့စစ်ဆေးရာတွင် မခင်သန်းမြင့်သည် ကမ္ဘာအရပ်ရပ်မှ လက်ခံထားသော ဆွံ့အ နားမကြားသူများနှင့် ပတ်သက်သော သင်္ကေတ သဘောများ နားလည်သူ မဟုတ်၍ ၎င်းနှင့် အကျပ်းတဝင်ဖြစ်ပြီး အမူအရာဖြင့် အမြဲဆက်ဆံပြောဆိုလေ့ ရှိသူများ နှင့် စစ်ဆေးခြင်းဖြင့် အမှန်တရားကို ပိုမိုရှင်း အလွယ်တကူ ဖော်ထုတ်နိုင် မည်လည်း ဖြစ်ပေသည်။

မစန်းဦး နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော်
၂။ မောင်သိန်းထွန်းပါ(၃)ဦး ၃၁

တရားခံအပြစ် ရှိ မရှိ ဆုံးဖြတ်ရာတွင် အခြားအမှုမှသက်သေခံ အထောက်အထားများကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်။

ဆုံးဖြတ်ချက်။ ။တရားခံတွင် အပြစ်ရှိ မရှိ ဆုံးဖြတ်ရာ၌ တရားရုံးများသည် ထိုတရားခံအပေါ် စွဲဆိုသောအမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေ ထွက်ချက်နှင့် အခြား သက်သေခံ အထောက်အထားများအပေါ် မူတည်၍ဆုံးဖြတ်ရပေသည်။ အခြားအမှုမှ သက်သေ အထောက်အထားများကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ပေ။

မောင်ရွှေမောင် နှင့် ပြည့်ထောင်စု ဆိုရှယ်လစ်
သမ္မတ မြန်မာနိုင်ငံတော် ၁၁၀

ပြစ်မှုဆိုင်ရာအမှုတွင် တရားလိုသေဆုံးက သူ၏ ရှေ့နေသည် အမှုတွင် ဆက်လက်လိုက်ပါ ဆောင်ရွက်ခွင့် မရှိခြင်း— သေသူ တရားလို၏ တရားဝင်ကိုယ်စားလှယ်ကို ထည့်ခွင့်မရှိခြင်း— တရားရုံး၏ခွင့်ပြုချက်ဖြင့် တရားလိုအတွက် လိုက်ပါဆောင်ရွက်ခွင့် ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပဋိညာဉ်အက်ဥပဒေ ပုဒ်မ ၂၀၁ တွင် ကိုယ်စားလှယ် လှဲပေးသူ သေဆုံးလျှင်သော်လည်းကောင်း၊ ကိုယ်စားလှယ်အလှဲခံရသူသေဆုံးလျှင်သော်လည်းကောင်း ပဋိညာဉ် အဆုံးသတ်စေရမည်ဟု ပြဋ္ဌာန်းချက်ရှိသည်။ ထို့ကြောင့် ကိုယ်စားလှယ်လှဲအပ်သူ မူလရုံးတရားလို ဦးဖေလိုင် သေဆုံးသည်နှင့် တပြိုင်နက် ၎င်းက လှဲအပ်ထားသော ကိုယ်စားလှယ်သည်လည်း အတည်မဖြစ်တော့၍ ပျက်ပြယ်ချုပ်ငြိမ်းသွားပြီးဖြစ်သော ကိုယ်စားလှယ်စာအပေါ် အခြေခံ၍ မူလအကျိုးဆောင် ဦးသန်းမောင်အနေနှင့် အမှုကို ဆက်လက်လိုက်ပါ ဆောင်ရွက်ခွင့် မရှိတော့ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမမှုများတွင် အမှု အတော်အတွင်း တရားလိုသေဆုံးခဲ့လျှင် ၎င်း၏ကိုယ်စား တရားဝင် ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခွင့် ရှိကြောင်း ပြဋ္ဌာန်းချက် ရှိသော်လည်း ပြစ်မှုဆိုင်ရာအမှုများတွင် အလားတူပြဋ္ဌာန်းချက် မရှိပေ။ ပြစ်မှုဆိုင်ရာအမှုများတွင် တရားလိုသည် အစိုးရဌာနလျှင် ဖြစ်သောကြောင့် တိုင်တန်းသူ ကဆုံးသော်လည်း အမှုမှာ ရပ်ဆိုင်းသွားခြင်း

စာမျက်နှာ

မရှိပေ။ သေဆုံးသူ၏ကိုယ်စား အခြားသူဟစ်ဦးဦးကို တရားလိုဖြစ် အစားထိုးရန်လည်း မလိုပေ။ ထိုသို့အစားထိုးခွင့်လည်း ဥဒေါပြဋ္ဌာန်း ချက်မရှိပေ။ အမှုကို တရားရုံးက ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး ကြားနာရန်သာ ရှိပေသည်။

ထိုသို့အမှုကို စစ်ဆေးကြားနာရာတွင် မူလတရားရုံးသည် မည်သူကို မဆို တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့် ပြုနိုင်ကြောင်း ပြစ်မှု ဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၅ အပိုဒ် ၁ တွင် ပြဋ္ဌာန်းထားသည်။ ထိုသို့ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့်ရသူသည် အမှုကို ကိုယ်တိုင် သော်လည်းကောင်း၊ အကျိုးဆောင် လွှဲအပ်၍ သော်လည်းကောင်း လိုက်ပါဆောင်ရွက်ခွင့် ရှိကြောင်းကိုလည်း ပုဒ်မ ၄၉၅ အပိုဒ် ၃ တွင် ပြဋ္ဌာန်းထားပေသည်။

ဒေါ်အေးဟန် ပါ ၂ ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် ၁၃၂

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)/၁၁— ဆရာဝန်၏ဆေးစာကို ဓာတုဗေဒဝန်၏ တင်မြင်ချက် ကဲ့သို့ အခြေခံ သက်သေခံချက်အဖြစ် အသုံးပြု၍ အပြစ်မပေးနိုင် ခြင်း— ရံဖန်ရံခါ သုံးစွဲသူများ လိုက်နာရန် ညွှန်ကြားချက်မရှိ၍ ပုဒ်မ ၁၄(ဃ)အရ အပြစ်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။ဆရာဝန်၏ တင်မြင်ချက်သည် ဓာတုဗေဒဝန်၏ တင်မြင်ချက်မျိုး မဟုတ်ပေ။ ယင်းတင်မြင်ချက်ပါ ကိစ္စနှင့်ပတ်သက်၍ ဆရာဝန်အား စစ်ဆေးရန်လိုအပ်ပေသည်။ သို့ရာတွင် အမှုဌာ သက်ဆိုင်ရာ ဆရာဝန်အား သက်သေအဖြစ် တင်ပြခဲ့ခြင်းမရှိပေ။ သို့ဖြစ်၍ ဆေးစာကို အခြေခံအထောက်အထား တစ်ရပ်အဖြစ် အမှုတွင် အသုံးချနိုင်မည် မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။မူးယစ် ထုံထိုင်း ဘေးဖြစ်စေ တတ်သော ဆေးဝါးများကို အမြဲ သုံးစွဲ နေသူများအား ဆေးဝါး ကုသရေးနှင့် စပ်လျဉ်း၍ အစိုးရကလိုက်နာရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီး ဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်

သော ဆေးဝါးကို ရံဖန်ရံခါ သုံးစွဲနေသူအား ဆေးဝါး ကုသရေးနှင့် စပ်လျဉ်း၍ အစိုးရက အခါအားလျော်စွာ လိုက်နာရန် ညွှန်ကြားချက်များ ထုတ်ပြန်ကားကြောင်း မတွေ့ရပေ။ ထို့ကြောင့် မူးယစ်ဆေးဝါးများ ရံဖန်ရံခါ သုံးစွဲသူများအား မူးယစ်တုံထိုင်းဘေး ဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၁၄(ဃ)အရ ပြစ်မှုထင်ရှား စီရင်ရန် မဖြစ်နိုင်ပေ။

မောင်စိန်ကျင် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
မောင်မောင်စိန် သမ္မတမြန်မာနိုင်ငံတော် ၃၄

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၇ (ခ)– မော်တော်ကားကို အသေးစိတ် ပြုပြင်၍ ဘိန်းသယ်ဆောင်ခြင်းတွင် ပိုင်ရှင်၌ တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဖမ်းဆီးရမိသော ဘိန်းစိမ်းများသည် ကုန်ပစ္စည်းများနှင့် ရောနှောပါဝင်လာခြင်း မဟုတ်ချေ။ မော်တော်ယာဉ်ဓာတ်ဆီတိုင်ကီတွင် သံပြားများကို ဂဟေဆော်ပြီး အကန့်များပြုလုပ်၍ သက်ဆိုင်ရာ အာဏာပိုင်များက ဘိန်းများကို ဖမ်းဆီးခြင်းမပြုနိုင်ရန် သေချာစွာ ပြုပြင်သယ်ဆောင်လာခြင်း ဖြစ်သည်။ ယင်းသို့ မော်တော်ကားကို အသေးစိတ်ပြုပြင်ပြီး ဘိန်းစိမ်းများကို သယ်ဆောင်လာခြင်းနှင့် ပတ်သက်၍ မန္တလေးမှ ကားပိုင်ရှင်ဖြစ်သူသည် လုံးဝ တာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။

ဦးတိတ်ကြည် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် ၅၃

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေ ၄၉(က)– နေထွက်ချိန်နှင့် နေဝင်ချိန်အကြား ပြည်သူတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်သော အိမ်ဂေဟာ၊ နေရာ၊ ယာဉ်များတွင် ရှာဖွေခြင်းကိစ္စ။

စီရင်ထုံး- A (ခ)

ဆုံးဖြတ်ချက်။ ။နေထွက်ချိန်နှင့် နေဝင်ချိန်အကြား အချိန်များ၌ အများပြည်သူတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်သော လုပ်သားပြည်သူတစ်ဦး၏ နေအိမ်ဥပစာအတွင်းသို့ ဝင်ရောက် ရှာဖွေနိုင်သူ များမှာ ဒုရဲအုပ်အဆင့်ထက် မနိမ့်သော ပြည့််ရဲသပ်ဖွဲ့ဝင်၊ သို့မဟုတ် အကောက်ခွန်ဝန်ထမ်း အဆင့်(၁) ထက်မနိမ့်သော အကောက်ခွန် ဝန်ထမ်းတို့သာလျှင် ဖြစ်ပေသည်။

အရပ်သား ဦးသန်းအောင် ခေါင်းဆောင်ပြီး ဒေါ်ကွန်းစိန်၏ နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေခြင်းသည် မူးယစ်ဆုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေအပိုဒ် ၄၉ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟု မဆိုနိုင်သောကြောင့် ဒေါ်ကွန်းစိန်တို့ နှစ်ဦးအား မြို့နယ်တရားရုံးက စွဲချက်တင်ခဲ့သည်မှာ ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

ဒေါ်ကွန်းစိန် ပါ(၂)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတမြန်မာနိုင်ငံတော် ၆၀

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးလှဇုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးခင်အုန်းနှင့် ဦးဇေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်ကြာ
နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဒေါ်ဟန်*

† ၁၉၀၁ စက်တင်ဘာလ ၂၂ ရက်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၁— လက်ရှိနေထိုင်သူအား အိမ်ကျော်နင်းမှု မစွဲဆိုနိုင်ခြင်း— ပိုင်ရေးပိုင်ခွင့်မှာ အဓိကဖြစ်လျှင် တရားမကြောင်းသာ စွဲဆိုသင့်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၁ ပါ ပြဋ္ဌာန်းချက်များအရ အချင်းဖြစ်အိမ်တွင် လက်ရှိနေထိုင်လျက်ရှိသူသည် အိမ်ကျော်နင်းမှု ကျူးလွန်ရန် မဖြစ်နိုင်ပေ။ ပိုင်ရေးပိုင်ခွင့်ကို အဓိကထား၍ တင်ပြစွဲဆိုခြင်းသာဖြစ်သဖြင့် စွဲဆိုသူသည် အချင်းဖြစ် အိမ်ပေါ်၌ လက်ရှိနေထိုင်သူအား ဖယ်ရှားခိုင်းရန် တရားမကြောင်းအရသာ စွဲဆိုရမည်ဖြစ်ပေသည်။

လျှောက်ထားသူအတွက် —ဦးကံမြိုင်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် —ဦးဖိုးချမ်းအေး၊ ဥပဒေ ဝန်ထမ်းအဆင့်-၁။
ဦးမောင်မောင်ဆောင်း၊ ဗဟိုတရားရုံးရှေ့နေ။

ချောင်းဦးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၇/၇၉ တွင် ဒေါ်ကြာအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၀ အရ ဒဏ်ငွေ

---

* ၁၉၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀၅(ခ)။

† ၁၉၀၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၂၅ တွင် ချမှတ်သော (၃၀-၆ ၀၀) နေ့စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၂

၁၉၀၂

ဒေါ်ကြာနှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဒေါ်ဟန်

ကျပ် ၄၀၀/-ပေးဆောင်စေရန်နှင့် မပေးဆောင် ပျက်ကွက် ၀၂က ထောင်ဒဏ်(၆)လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဒေါ်ကြာက ချောင်းဦးမြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်၍ စစ်ကိုင်းတိုင်း တရားရုံးတွင် အယူခံတင်သွင်းရာ မအောင်မြင်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းသည်။

ချောင်းဦးမြို့၊ အနောက်ချောင်းဦး ရွာမရပ်နေ ဒေါ်ဟန်က ယောင်းမဖြစ်သူ ဒေါ်ကြာသည် သူပိုင်သော အိမ်တွင်းသို့ တက်ရောက်နေထိုင်ပြီး ထိုအိမ်မှ ဖယ်မပေးဟုဆိုကာ ဒေါ်ဟန်က ဒေါ်ကြာအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၀ အရ ဦးတိုက်လျှောက်ထား စွဲဆိုသော အမှုဖြစ်သည်။

လျှောက်ထားသူ ဒေါ်ကြာက သူသည် အချင်းဖြစ် အိမ်တွင် လွှန်ခဲ့သော (၁၅) နှစ်က ဆောက်လုပ်ပြီးချိန်ကပင် နေထိုင်လာခဲ့ကြောင်း၊ မူလတရားရုံးနှင့် တိုင်းတရားရုံးတို့သည် အချင်းဖြစ် အိမ်ကျော်နှင်းမှုနှင့်ပတ်သက်၍ "လက်ရှိ" အနေအထားထက် "ပိုင်ရေးပိုင်ခွင့်" အနေအထားကို အလေးထား ဆုံးဖြတ်ခြင်းမှာ မှားယွင်းကြောင်း၊ တိုင်းတရားရုံးသည် ပြစ်မှုဆိုင်ရာ စီရင်ပိုင်ခွင့်ကို ကျော်လွှန်၍ တရားမကြောင်း စီရင်ပိုင်ခွင့်ဘောင်အတွင်း ကျရောက်သည့် ပိုင်ရေးပိုင်ခွင့်ကို လွှဲမှားစွာ အဆုံးအဖြတ်ပေးထားကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲကို လေ့လာကြည့်ရှုသောအခါ တရားလိုဒေါ်ဟန်၏ ထွက်ဆိုချက်များတွင် အချင်းဖြစ်အိမ်ကို ဆောက်လုပ်ပြီး (၂)နှစ်ခန့်ကြာမှ မိမိသည်လုံး၀ရွှေ့ပြောင်းလာကြောင်း၊ ဒေါ်ကြာမှာ အချင်းဖြစ်အိမ်ကိုဆောက်ပြီးကတဲက ၎င်းအိမ်တွင် လက်ရှိထား၍နေခဲ့ကြောင်း၊ နောက်ပိုင်းတွင် မိမိသည် မကျန်းမာသဖြင့် ညီမဖြစ်သူ မပန်၏နေအိမ်သို့ ပြောင်းရွှေ့နေခဲ့ကြောင်း၊ အချင်းဖြစ်အိမ်ကို ရွှေ့ပြောင်းဆောက်မည်ဟု စီစဉ်ရာ ဒေါ်ကြာက တားမြစ်ကြောင်း၊ ကျေးရွာရှိ ကောင်စီဥက္ကဋ္ဌ ဦးလူအေးက ညှိနှိုင်းပေးရာ မရသဖြင့် တရားစွဲဆိုကြောင်း ထွက်ဆိုထားသည်။ သို့ဖြစ်ရာ တရားလို ဒေါ်ဟန်၏ ထွက်ချက်အရ ဒေါ်ကြာသည် အချင်းဖြစ်အိမ်၌ လက်ရှိ နေထိုင်လျက်ရှိကြောင်း ပေါ်ပေါက်သည်။ ထို့ကြောင့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၁ ပါ ပြဋ္ဌာန်းချက်များအရ အချင်းဖြစ်အိမ်တွင် လက်ရှိနေထိုင်လျက်ရှိသူသည် အိမ်ကျော်နှင်းမှုကျူးလွှန်ရန် မဖြစ်နိုင်ပေ။ ပိုင်ရေးပိုင်ခွင့်ကို အဓိကထား၍ တင်ပြစွဲဆိုခြင်းသာဖြစ်သဖြင့် စွဲဆိုသူသည် အချင်းဖြစ် အိမ်ပေါ်၌ လက်ရှိ

နေထိုင်သူအား ဖယ်ရှားခိုင်းရန် တရားမကြောင်းအရသာ စွဲဆိုရမည် ဖြစ်ပေသည်။

ထို့ကြောင့်ဒေါ်ကြာ၏ပြင်ဆင်မှုလျှောက်လွှာကိုခွင့်ပြု၍ချောင်းဦး မြို့နယ်တရားရုံးနှင့် စစ်ကိုင်းတိုင်း တရားရုံးတို့၏ အမိန့်များကို ပယ် ဖျက်ပြီး ဒေါ်ကြာအား အချင်းဖြစ်အမှုမှ အပြီးအပြတ် လွှတ်လိုက် သည်။ ဒဏ်ငွေပေးဆောင်ပြီးပါက ဒေါ်ကြာအား ပြန်ပေးစေ။

၁၉၈၁

ဒေါ်ကြာနှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ၂။ ဒေါ်ဟန်

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်ဖေအောင် တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၁
ဇွန်လ
၁၇ ရက်

မောင်ခင်ဆက်
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးလှမောင်*

အသက် ၁၆ နှစ်အောက် မိန်းကလေးကို ၎င်း၏ သဘောတူညီချက်ဖြင့် ခိုးယူခဲ့စေကာမူ အုပ်ထိန်းသူက သဘောမတူလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ အပြစ်ရှိခြင်း— မိန်းကလေး၏ အသက်သည် အချင်းဖြစ်ချိန်က ၁၆ နှစ်အောက် ဖြစ်ကြောင်း သက်သေပြရန် တာဝန်မှာ တရားလိုအပေါ် ကျရောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၆၃ အရ ပြစ်ဒဏ် ထိုက်သော လူခိုးမှုတွင် အုပ်ထိန်းသူထံမှ ခိုးယူသည့် မိန်းကလေးသည် အသက် ၁၆ နှစ်အောက် ဟုတ် မဟုတ်ဆိုသည့် အချက်မှာ အရေးကြီးသောအချက်ဖြစ်ပေသည်။ အသက် ၁၆ နှစ်အောက် မိန်းကလေးကို အဆိုပါမိန်းကလေး၏ သဘောတူညီချက်ဖြင့် ခိုးယူခဲ့စေကာမူ အုပ်ထိန်းသူက သဘောမတူလျှင် ယင်းဥပဒေပုဒ်မ ၃၆၃ အရ အပြစ်ရှိသည်။ မိန်းကလေး၏အသက် ၁၆ နှစ်ကျော်သည်ဟု သဘောရှိဖြင့် ယုံကြည်ပြီး ခိုးယူခဲ့စေကာမူ ထိုမိန်းကလေး၏ အသက်အမှန်မှာ ၁၆ နှစ်အောက်ဖြစ်ကြောင်း ပေါ်ပေါက်လျှင်လည်း တရားခံသည် ဖော်ပြပါ ယုံကြည်ချက်ကို အကာအကွယ်ယူနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် မိန်းကလေး၏အသက်သည် အချင်းဖြစ်ချိန်က ၁၆ နှစ်အောက် ဖြစ်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်မှာ တရားလို၏ တာဝန်ဖြစ်သည်။

လျှောက်ထားသူအတွက် —ဦးကိုကြီး၊ ဗဟိုတရားရုံးရှေ့နေ။
လျှောက်ထားခံရသူအတွက် —ဦးအောင်စိန်၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၂၆၇(ခ)။
† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၀၁ တွင် ချမှတ်သော (၉-၁-၇၉) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၁

မောင်ခင်ဆက်နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဦးလှမောင်

မြောက်ဥက္ကလာပမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၉၁/၇၈ တွင် မောင်ခင်ဆက်အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ အရ စွဲချက်တင်ကြောင်း မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ မြို့နယ် တရားရုံး၏ အမိန့်ကို မောင်ခင်ဆက်က မကျေနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံး၌ ပြင်ဆင်မှု တင်သွင်းရာ မအောင်မြင်သောကြောင့် ဗဟို တရားရုံးသို့ ဤပြင်ဆင်မှုကို ကင်းဆွင်းခြင်းဖြစ်သည်။

၂၃-၁-၇၈ ရက်နေ့က ဦးလှမောင်၏ သမီးဖြစ်သူ မမြင့်မြင့်မော် သည် ကျောင်းတက်ရန် နေအိမ်မှ ထွက်သွားခဲ့သည်။ ကျောင်းတက်ရန် ထွက်သွားသည့် အသက်မပြည့်သေးသူ မမြင့်မြင့်မော်အား မောင်ခင် ဆက်က ခိုးယူသွားကြောင်းဖြင့် ဦးလှမောင်က ရဲစခန်း၌ တိုင်ချက်ရေး ဖွင့်ခဲ့ရာမှ ဤအမှုပေါ်ပေါက်လာရခြင်း ဖြစ်သည်။

လျှောက်ထားသူ မောင်ခင်ဆက်က ပြင်ဆင်မှု တင်သွင်းရာတွင် မမြင့်မြင့်မော်၏အသက်မှာ ၁၆ နှစ်အောက်ဖြစ်ကြောင်း အထောက် အထား မခိုင်မာကြောင်း၊ မမြင့်မြင့်မော်၏ အသက်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများတွင် ပါရှိသော မွေးနေ့များမှာ ကွဲလွဲလျက် ရှိကြောင်း၊ ယင်းအချက်များကို မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့ က ထည့်သွင်းစဉ်းစားခြင်း မပြုသည်မှာ မှားယွင်းကြောင်းဖြင့် အဓိက အကြောင်းပြချက်များအဖြစ် တင်ပြသည်။

၂၃-၁-၇၈ ရက်နေ့က ကျောင်းတက်ရန် ထွက်သွားသည့် မမြင့် မြင့်မော်(လိုပြ-၅)သည် မောင်ခင်ဆက်ခေါ်ရာနောက်သို့ လိုက်သွား ပြီး အတူပေါင်းသင်းနေထိုင်ခဲ့ကြောင်း အငြင်းမပွားပေ။ ဦးလှမောင် (လိုပြ-၁)နှင့် ဒေါ်ခင်စန်း(လိုပြ-၂) တို့က မိမိတို့၏ သမီးဖြစ်သူ မမြင့်မြင့်မော်၏ မွေးနေ့မှာ ၁-၃-၆၂ နေ့ဖြစ်သည့်အတွက် အချင်းဖြစ် သည့်နေ့က မမြင့်မြင့်မော်၏ အသက်မှာ ၁၆ နှစ်မပြည့်သေးကြောင်း ထွက်ဆိုထားသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၆၃ အရ ပြစ်ဒဏ်ထိုက်သော လူခိုးမှုတွင် အုပ်ထိန်းသူဆံမှ ခိုးယူသည့်မိန်းကလေးသည် အသက် ၁၆ နှစ်အောက် ဟုတ်မဟုတ် ဆိုသည့်အချက်မှာ အရေးကြီးသော အချက်ဖြစ်ပေသည်။ အသက် ၁၆ နှစ်အောက်မိန်းကလေးကို အဆိုပါမိန်းကလေး၏ သဘော တူညီချက်ဖြင့် ခိုးယူခဲ့စေကာမူ အုပ်ထိန်းသူက သဘောမတူလျှင် ယင်း ဥပဒေပုဒ်မ ၃၆၃ အရ အပြစ်ရှိသည်။ မိန်းကလေး၏အသက် ၁၆ နှစ် ကျော်သည်ဟု သဘောရှိဖြင့် ယုံကြည်ပြီး ခိုးယူခဲ့စေကာမူ ထို့

၁၉၈၁
မောင်ခင်ဆက်နှင့် ခ။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဦးလှမောင်

မိန်းကဲလေး၏ အသက်အမှုန်မှာ ၁၆ နှစ်အောက်ဖြစ်ကြောင်း ပေါ်ပေါက်လျှင်လည်း တရားခံသည် ဖော်ပြပါ ယုံကြည်ချက်ကို အကာအကွယ်ယူနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မိန်းကလေး၏ အသက်သည် အချိုးဖြစ်ခါနီးက ၁၆ နှစ်အောက်ဖြစ်ကြောင်း ထင်ရှားအောင် သက်သေပြရန် တာဝန်မှာ တရားလို၏ တာဝန်ဖြစ်သည်။

သက်သေခံအမှတ် (က)မှာ ဖွားစာရင်းဖြစ်သည်။ ဖွားစာရင်း၏ အမှတ်စဉ်(၄)၌ မွေးဖွားသည်နေ့ဆိုသည့် နေရာတွင် ၁-၃-၆၂ နေ့ကို ဖျက်ပြီး ပြင်ဆင်ရေးမှတ်ထားသည့် အခြေအနေရှိကြောင်း တွေ့ရသည်။ ယင်းရေးမှတ်ထားသည့် မင်ရောင်နှင့် ကျန်အမှတ်စဉ်များတွင် ရေးမှတ်ထားသည့် မင်ရောင်ချင်း မတူညီကြောင်း တွေ့ရသည်။ တဖန် ယင်းစာရွက်၏ညာဘက်စွန်း မြန်မာစာဖြင့် ရေးမှတ်ထားသော မြင့်မြင့်မော်ဆိုသည့် စာလုံးသုံးလုံးအနက် မြင့်မြင့်ဆိုသည့် စာလုံးမှ မင်ရောင်နှင့် မော်ဆိုသည့်စာလုံးမှ မင်ရောင်တို့မှာလည်း မတူညီပေ။ ဖော်ပြပါ မြင့်မြင့်မော်ဆိုသည့်အောက်တွင် လဆုတ်၊ လဆန်းဆိုသည့် တနှင့် နစာလုံးများ ထပ်ပြီး ရေးမှတ်ထားကြောင်းကိုလည်း တွေ့ရသည်။ ဦးလှမောင်က အဆိုပါ ဖွားစာရင်းမှာ မမြင့်မြင့်မော်မွေးဖွားခဲ့သည့် တောင်ကြီးမှ ဖွားစာရင်းဖြစ်ကြောင်း ထုတ်ဆိုထားသော်လည်း ယင်းဖွားစာရင်းစာရွက်၏ ခေါင်းစည်းတွင် ဖော်ပြထားသည့် မြို့နေရာကို ဖျက်ထားကြောင်း တွေ့ရသည့်အတွက် အဆိုပါဖွားစာရင်းမှာ တောင်ကြီးမြို့ ပြည်သူ့ဆေးရုံမှ ထုတ်ပေးခဲ့သည့် ဖွားစာရင်းဖြစ်သည်ဆိုသည့် အချက်မှာ ထင်ရှားခိုင်မာခြင်း မရှိပေ။

သက်သေခံအမှတ် (ဂ) မှာ တောင်ကြီးမြို့ မီးယပ်နှင့် သားဖွားဆေးရုံမှ ထုတ်ပေးထားသည့်စာဖြစ်ပြီး ထိုစာတွင် ဦးလှမောင်၏ဇနီး ဒေါ်ခင်စန်းမှာ ၁-၃-၆၂ နေ့မှ ၁၁-၃-၆၂ နေ့အထိ တက်ရောက်ကုသသည့်အတွက် အလှူငွေ ထည့်ဝင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ သက်သေခံအမှတ် (ဂ) တွင် မည်သည့်ရောဂါကြောင့် တက်ရောက်ကုသကြောင်း ဖော်ပြမထားပေ။ သက်သေခံအမှတ် (ဃ) မှာ တပ်မတော်မှတ်တမ်းရုံးမှ ထုတ်ပေးထားသည့် ထောက်ခံစာ ဖြစ်သည်။ ယင်းထောက်ခံစာတွင် ကိုယ်ပိုင်အမှတ် ၁၃၃၆၃ တပ်ကြပ်ကြီး လှမောင်၏သမီးဖြစ်သူ ဘေဘီစန်း၏မွေးနေ့မှာ ၁-၃-၆၂ ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ဦးလှမောင်က မမြင့်မြင့်မော်အား ဆွမျိုးသားချင်းများနှင့် ပတ်ဝန်းကျင်အသိုင်းအဝန်းတို့မှ မိတ်ဆွေများက မြင့်မြင့်မော်ဟူ၍သာ ခေါ်ပြီး ဘေဘီစန်းဟူ၍ မခေါ်ကြောင်း၊

မြင့်မြင့်မော်၏ ငယ်နာမည် မရှိကြောင်း ထွက်ဆိုထားသည်။ ထို့ကြောင့် သက်သေခံအမှတ်(၁၁)တွင် ဖော်ပြထားသည့် အမည်ရှင်မှာ မမြင့်မြင့်မော်ဟူ၍ ကောက်ယူရန် သင့်တော်မည် မဟုတ်ပေ။ သက်သေခံအမှတ်(၈)မှာ မြောက်ဥက္ကလာပမြို့ အစိုးရအထက်တန်းကျောင်း အမှတ်(၄) ကျောင်းအုပ်ဆရာကြီးမှ မမြင့်မြင့်မော်အတွက် ထုတ်ပေးခဲ့သည့် ထောက်ခံစာဖြစ်ကြောင်း တွေ့ရသည်။ ယင်းထောက်ခံစာတွင် မမြင့်မြင့်မော်၏ မွေးသက္ကရာဇ်မှာ ကျောင်းနေစာရင်းအရ ၁၄-၂-၆၂ ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ သက်သေခံအမှတ်(စ) ဖြစ်သည့် ဆေးစာတွင် မမြင့်မြင့်မော်အား ဓာတ်မှန်ရိုက်ကြည့်ရာ အရိုး၊ အဆစ်၊ တည်ဆောက်ပုံများအရ မမြင့်မြင့်မော်၏အသက်မှာ ၁၆-နှစ်နှင့် ၁၈-နှစ်အကြားတွင်ဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။

အဆက်ဖော်ပြပါ သက်သေခံအထောက်အထားများကို ခြုံ၍ကြည့်လျှင် သက်သေခံအမှတ်(က) ဖွားစာရင်းတွင် မြို့အမည်နှင့် မွေးဖွားသည့် သက္ကရာဇ်များ ဖျက်၍ပြင်ထားသည်ကတမျိုး၊ကျောင်းမှတ်ပုံတင်အရ တွေ့ရှိရသည့် မွေးသက္ကရာဇ်ကတဖုံ၊ တပ်မတော်မှတ်တမ်းရုံးမှ ထုတ်ပေးထားသည့် သက်သေခံအမှတ်(ဃ) ထောက်ခံစာတွင် ဖော်ပြထားသည့်အမည် ကဲ့လွဲနေသည်ကတကြောင်း၊ သက်သေခံအမှတ်(စ) ဖြစ်သည့် ဆေးစာတွင် ဖော်ပြထားသည့် မွေးသက္ကရာဇ်မှာတမျိုး စသည်ဖြင့် ကဲ့ပြားနေကြောင်း ပေါ်ပေါက်သောကြောင့် မမြင့်မြင့်မော်၏ အသက်မှာ ၁၆-နှစ်အောက်ဖြစ်ကြောင်း ခိုင်လုံခြင်းမရှိကြောင်း ပေါ်လွင်သည်။

ပြစ်မှုဆိုင်ရာအမှုများတွင် သက်သေခံချက်များအရ တရားခံတစ်ဦးအပေါ် ဖြေရှင်းရန် ငြိစွန်းနေသည့် သက်သေခံအထောက်အထားများပေါ်လွင်နေလျှင် တရားခံအား စွဲချက်တင်၍ ဖြေရှင်းစေရမည်။ ဤအမှုတွင် ပေါ်ပေါက်သည့် သက်သေခံ အထောက်အထားများအရ လျှောက်ထားသူအပေါ် ဖြေရှင်းရန် ငြိစွန်းသည့် မြင်သာသော အချက်အလက်များရှိကြောင်း မပေါ်ပေါက်ပေ။ အထက်ဖော်ပြပါ အချက်များအရ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ လျှောက်ထားသူ မောင်ခင်ဆက်အပေါ် ချမှတ်သည့် မြို့နယ်တရားရုံး၏အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တိုင်းတရားရုံး၏ အမိန့်များကို ပယ်ဖျက်ပြီး မောင်ခင်ဆက်အား ပြန်လွှတ်ထားကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမန်းစံမြတ်ရွှေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးတင်အောင်
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးခင်မောင်မြင့်

နှင့်

† ၁၉၈၁
ဇွန်လ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
(ဦးလှသန်း ပါ-၇ ဦး)*

မူလရုံးသည် မိမိချမှတ်ပြီးသောအမိန့်ကို မိမိကပင် ပြန်လည် ပယ်ဖျက်ခြင်းသည် ဥပဒေနှင့် ညီ မညီ။

ဆုံးဖြတ်ချက်။ ။တရားခံများအပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် အမိန့်ချမှတ်ပြီးပါက မူလတရားရုံးသည် ထိုအမိန့်ကို ပြန်လည် ပယ်ဖျက်ခြင်းသော်လည်းကောင်း၊ ပုဒ်မ ၂၀၂ အရ စုံစမ်းမှုပြုစေရန်သော်လည်းကောင်း ပြင်ဆင်ဆုံးဖြတ်ခြင်း ပြုနိုင်မည်မဟုတ်ပေ။

လျှောက်ထားသူအတွက် – ဦးထွန်းမြတ်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက်—ဦးခင်မောင်လေး၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

မုံရွာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၉၅/၇၆ တွင် ဦးခင်မောင်မြင့်က ဦးလှသန်း ပါ(၉)ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၃၄၁/၁၁၄ အရ တိုက်ရိုက်လျှောက်ထား စွဲဆိုသည်။ တရားလို ဦးခင်မောင်မြင့်အား မူလတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီးနောက် တရားခံများဖြစ်ကြသော ဦးလှသန်း ပါ(၉)ဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၄၇/၃၄၁/၁၁၄ အရ အရေးယူရန် ပေါ်ပေါက်သဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အမိန့်ချမှတ်၍ တရားခံများ ဆင့်ခေါ်ရန် ရက်ချိန်း

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၈၈(ခ)။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၆၁ တွင် ချမှတ်သော (၂၈-၃-၈၀) နေ့စွဲပါ စစ်ကိုင်းတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

သတ်မှတ်ခဲ့သည်။ ထို့နောက် မူလတရားရုံးသည် တရားခံများအပေါ် ချက်ချင်း အရေးယူဆောင်ရွက်ရန် မသင့်သဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၂ အရ စုံစမ်းစစ်ဆေးမှု ပြုလုပ်စေရန် ပြင်ဆင် ဆုံး ဖြတ်ခဲ့သည်။ ထို့နောက်တွင် စုံစမ်းစစ်ဆေးရေးအဖွဲ့ အစီရင်ခံစာပါ တွေ့ရှိချက်အပေါ် အခြေခံ၍ လျောက်ထားခံရသူ ဦးလှသန်း ပါ တရားခံ(၆)ဦးအပေါ် စွပ်စွဲချက်ပါ ပြစ်မှုနှင့် ငြိစွန်းခြင်းမရှိကြောင်း သုံးသပ်ကာ ၎င်းတို့အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ တရားခံအဖြစ်မှ ပယ်ဖျက်ကြောင်း၊ မူလတရားရုံးက အမိန့် ချမှတ်ခဲ့ သည်။ ထိုသို့အမိန့်ချမှတ်ခြင်းကို လျောက်ထားသူ မူလရုံး တရားလို ဦးခင်မောင်မြင့်က မကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံး၌ အမှုအမှတ် ၁၆၁/၇၉ အရ ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံး သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၈၁
ဦးခင်မောင်မြင့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် (ဦးလှသန်း ပါ-၇ ဦး)

အမှုကိုလေ့လာရာ မူလတရားရုံးသည် လျောက်ထားသူ မူလရုံး တရားလို ဦးခင်မောင်မြင့် အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၀ အရ စစ်ဆေးပြီးနောက် ၎င်း၏ အစစ်ခံချက်အရ အမှုကို ဆက်လက်ဆောင်ရွက်ရန် အကြောင်း ပေါ်ပေါက်သည်ဟု ဆုံးဖြတ်၍ တရားခံလာရန် ရက်ချိန်းကိုပင် သတ်မှတ်ခဲ့ပြီးမှ အမှုကို ဆက်လက် မဆောင်ရွက်သေးပဲ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၂ အရ စုံစမ်းမှု ပြုလုပ်စေခဲ့ရာ၌ မူလတရားရုံးသည် မိမိချမှတ်ပြီးသော အမိန့် ကို မိမိကပင် ပြန်လည်ပယ်ဖျက်သည့်သဘော သက်ရောက်နေသည်ကို တွေ့ရသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၂၀၄ အရ အမှုကို ဆက်လက် ဆောင်ရွက်ရန် အမိန့်ချမှတ်ပြီး ဖြစ်ပါက မူလတရားရုံးသည် ပြစ်မှု ဆိုင်ရာ ကျင့်ထုံး ဥပဒေ အခန်း ၂၁ တွင် ပြဋ္ဌာန်းထားသည့် နည်း လမ်းများအတိုင်း တရားလိုပြ သက်သေများကို မပျက်မကွက် စစ်ဆေး ကြားနာရပေမည်။ သက်သေခံချက်များအရ တရားခံများအပေါ် ငြိ စွန်းချက် တစုံတရာ မတွေ့ရှိပါက တရားခံကို မည်သည့်အဆင့်၊ မည် သည့်အချိန်တွင်မဆို မူလတရားရုံးက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၂၅၃ အရ လွှတ်ထားပိုင်ခွင့် ရှိပေသည်။ တရားခံများအပေါ် ပြစ်မှုကြောင်းအရ အရေးယူရန် အမိန့်ချမှတ်ပြီးပါက မူလ တရားရုံး သည် ထိုအမိန့်ကို ပြန်လည်ပယ်ဖျက်ခြင်း သော်လည်းကောင်း၊ ပုဒ်မ

၂၀၂ အရ စုံစမ်းမှု ပြုစေရန်သော် လည်းကောင်း ပြင်ဆင်ဆုံးဖြတ်ခြင်း ပြုနိုင်မည် မဟုတ်ပေ။

၁၉၈၁ ဦးခင်မောင်မြင့်နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် (ဦးလှသန်း ပါ-၇ ဦး)

ထို့ကြောင့် ဤပြင်ဆင်မှုကို လက်ခံ၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး လျှောက်ထားခံရသူ ဦးလှသန်း ပါ (၆) ဦး အပါအဝင် တရားခံ (၉) ဦးစလုံး အပေါ် ဥပဒေနှင့်အညီ မူလတရားရုံးက ဆက်လက် ဆောင်ရွက်စေရန် အမိန့် ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးမန်းစံမြတ်ရှေ့ တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးခင်အောင်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
(မခင်ရှိန်၊ မတင်) *

†၁၉၇၁
ဇူလိုင်လ
၉ ရက်

လင်မယား အတူပိုင်ပစ္စည်းကို မယားက ယူသွားခြင်းသည် ခိုးမှုမမည်။

ဆုံးဖြတ်ချက်။ ။မြန်မာဝလေ့ ဟုံးတမ်း ဥပဒေအရ လင်ယောက်ျား ပိုင်ဆိုင်သော ပစ္စည်းတွင် မယားဖြစ်သူကလည်း အတူပိုင်ဆိုင်ခွင့် ရှိသည်ဖြစ်၍ လင်ယောက်ျားမရှိခိုက် တစ်အိမ်တည်း အတူနေမယားက အိမ်ရှိပစ္စည်းများကိုယူ၍ နေအိမ်မှ ဆင်းသွားခြင်းသည် တပါးသူ၏ လက်ရှိပစ္စည်းကို ထိုသူသဘောမတူပဲ မရှိးမဖြောင့်သော သဘောဖြင့် ရယူခြင်းဖြစ်သည်ဟု မဆိုနိုင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈၀ အရ ပြစ်မှုမြောက်စေမည့် အင်္ဂါရပ်များနှင့် ပြည့်စုံခြင်း မရှိကြောင်း တွေ့ရသည်။

လျှောက်ထားသူအတွက် — ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်း
အဆင့်(၁)၊
ဒေါ်စန်းစန်းဦး
ဗဟိုတရားရုံးရှေ့နေ။

မြောက်ဥက္ကလာပ မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၈၉/၇၇ တွင် မခင်ရှိန် သည် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၈၀ အရ လည်းကောင်း၊ ဒေါ်တင်သည် ပုဒ်မ ၃၈၀/၁၁၄ အရလည်းကောင်း

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၉၆(ခ)။

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၅၀ တွင် ချမှတ်သော (၁၈-၁-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၇၁

ဦးခင်အောင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မခင်ရှိန်၊ မတင်)

စွဲချက်တင်ခြင်း ခံရသဖြင့် မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံး၌ အမှု အမှတ် ၅၀/၇၀ အရ ပြင်ဆင်မှုတင်သွင်းရာ မြို့နယ်တရားရုံး၏ အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်ပြီး တရားခံအား စွဲချက်မတင်ပဲ ပြန်လွှတ်ထားရန် ပြင်ဆင်အမိန့် ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလရုံး တရားလို ဦးခင်အောင် က မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ မြောက်ဥက္ကလာပမြို့ ဘုမ္မာ ၂၁ လမ်းနေ လျှောက်ထားသူ ဦးခင်အောင်က သူသည် ၁၉၇၆ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့က မန္တလေးသို့ ခရီးသွားရာတွင် နေအိမ်၌ တတိယဇနီးဖြစ်သူ မခင်ရှိန် တစ်ဦးတည်း ကျန်ရစ်ခဲ့သည်။ ၁၉၇၇ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့က မြောက်ဥက္ကလာပအိမ်သို့ ပြန်ရောက်လာသောအခါ သံသေတ္တာအတွင်းမှ ရွှေငွေ လက်ဝတ်လက်စားများ ခိုးယူ ပျောက်ဆုံးနေသည်ကို တွေ့ရကြောင်းဖြင့် မြောက်ဥက္ကလာပ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၌ ပထမသတင်းပေး တိုင်တန်းချက် ရေးဖွင့်ခဲ့သည်။ မခင်ရှိန်အား ရဲစခန်းမှ ခေါ်ယူစစ်ဆေးရာတွင် သူ၏ ထုတ်ဖော်ဝန်ခံချက်အရ ပျောက်ဆုံးသော ရွှေထည်ပစ္စည်းများအနက်မှ လက်ကောက်တစ်ရံကို ဦးသောင်းရွှေထံ ရောင်းထားရာမှ လည်းကောင်း၊ ကျန်ပစ္စည်းများကို ဒေါ်အေးထံ အပ်နှံထားရာမှ လည်းကောင်း သိမ်းဆည်းရမိသောကြောင့် မခင်ရှိန်နှင့် သူ၏မိခင် ဒေါ်တင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၀ အရ တရားစွဲ တင်ပို့သော အမှုဖြစ်သည်။

အမှုတွဲရှိ သက်သေခံချက်များအရ မခင်ရှိန်သည် လျှောက်ထားသူ ဦးခင်အောင်၏ တရားဝင်ဇနီးဖြစ်၍ တစ်အိမ်တည်း၌ အတူတကွ ပေါင်းသင်း နေထိုင်ကြောင်း ပေါ်လွင်သည်ကို တွေ့ရသည်။ ထို အကြောင်းခြင်းရာများကို လျှောက်ထားသူ ဦးခင်အောင်အနေဖြင့် လည်း ငြင်းဆိုထားခြင်း မရှိပေ။

တိုင်းတရားရုံး၏ စီရင်ချက်တွင် "လျှောက်ထားသူ မခင်ရှိန်နှင့် ဦးခင်အောင်တို့မှာ အကြင်လင်မယားဖြစ်ပြီး ခင်ပွန်းမရှိခိုက် အိမ်ပေါ်ရှိ ပစ္စည်းများကို ယူ၍ မိခင်အိမ်သို့ ဆင်းသွားခဲ့သည်။ လျှောက်ထားသူများ ယူခဲ့သော ပစ္စည်းများမှာ လင်ပိုင်သော ပစ္စည်းကို မယားဖြစ်သူက ယူလာခြင်းဖြစ်၍ ခိုးမှုအက်ဲနှင့် အကျုံးမဝင်ကြောင်း တွေ့ရသည်။ ယင်းပစ္စည်းများကို ဦးခင်အောင်အနေဖြင့် တရားမကြောင်းဖြင့်သာ ထောင်းဆိုခွင့်ရှိကြောင်း တွေ့ရသည်" ဟု၍ သုံးသပ်ပြီး

နောက် မြို့နယ်တရားရုံးမှ စွဲချက်စာင်ခြင်းကို တိုင်းတရားရုံးက ပယ်ဖျက်၍ လျှောက်ထားခံရသူများအား စွဲချက်မတင်ပဲ ပြန်လွှတ်ထားခဲ့ခြင်း ဖြစ်သည်ကို တွေ့ရသည်။

၁၉၈၁
ဦးခင်အောင်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မခင်ရှိန်၊ မတင်)

မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ လင်ယောကျ်ား ပိုင်ဆိုင်သော ပစ္စည်းတွင် မယားဖြစ်သူကလည်း အတူ ပိုင်ဆိုင်ခွင့် ရှိသည်ဖြစ်၍ လင်ယောကျ်ားမရှိခိုက် တစ်အိမ်တည်း အတူနေ မယားက အိမ်ရှိ ပစ္စည်းများကို ယူ၍ နေအိမ်မှ ဆင်းသွားခြင်းသည် တပါးသူ၏ လက်ရှိ ပစ္စည်းကို ထိုသူသဘောမတူပဲ မရှိးမဖြောင့်သော သဘောဖြင့် ရယူ ခြင်းဖြစ်သည်ဟု မဆိုနိုင်သဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၀ အရ ပြစ်မှုမြောက်စေမည့် အင်္ဂါရုပ်များနှင့် ပြည့်စုံခြင်းမရှိကြောင်း တွေ့ရ သည်။ သို့ဖြစ်၍ တိုင်းတရားရုံးက သုံးသပ် ဆုံးဖြတ်ချက်တို့သည် ဥပဒေအရ မှားယွင်း ချွတ်ချော်နေကြောင်း မတွေ့ရပေ။

ထို့ကြောင့် တိုင်းတရားရုံး၏ အမိန့်ကို ဝင်ရောက် စွက်ဖက်ရန် အကြောင်းမပြင်သောကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

သက်သေခံ ရွှေထည်ပစ္စည်းများကို လျှောက်ထားခံရသူ မခင်ရှိန်သို့ ပြန်လည်ထုတ်ပေးစေရမည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးမန်းစံမြတ်ရွှေနှင့် ဦးစိုးလှိုင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးချစ်ကျော်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံကော်
(ဦးတင်မြိုင်)*

†၁၉၈၁
ဖေဖော်ဝါရီလ
၂၀ ရက်

သာမန်အစုစပ် လုပ်ငန်းနှင့် ပတ်သက်၍ အစုစပ်တစ်ဦးက အခြားအစုစပ်တစ်ဦးအပေါ် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုဖြင့် မစွဲဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အစုစပ်ဆိုသည့် သဘောကပင် အစုစပ်ပိုင်ပစ္စည်းများကို အစုစပ်ဓာစ်ဦးက အစုစပ်တစ်ဦးသို့ ယုံကြည်အပ်နှံခြင်းပြုသည့် သဘောမရှိနိုင်ပေ။ ထို့ကြောင့်လည်း သာမန်အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍ အစုစပ်ဓာစ်ဦးက အခြားအစုစပ် တစ်ဦးအပေါ် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုဖြင့် မစွဲဆိုနိုင်ပေ။ အစုစပ်ပစ္စည်းများအနက် မည်သည့်ပစ္စည်းကို မည်သို့ စီမံခန့်ခွဲရမည်၊ မည်သို့ ဆောင်ရွက်ရမည်ဟူသော အထူးသဘောတူညီချက် တစုံတရာ ရှိကြသည့်အလျောက် ယင်း သဘောတူညီချက်အရ အစုစပ်ပစ္စည်းများကို ယုံကြည်အပ်နှံခြင်း ဖြစ်မှသာ ယင်းအစုစပ် ပစ္စည်းများကို အလွဲသုံးစား ပြုလုပ်ခြင်းဖြင့် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်နိုင်သည်။

လျှောက်ထားသူအတွက် — ဦးထွန်းရွှေ၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — (၁) ဦးဘရွှေ၊ ဥပဒေဝန်ထမ်းအဆင့်(၁)။
(၂) မလာရောက်။

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၂၆(ခ)။

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၇၉၈ တွင် ဈမှတ်သော (၁၈-၇-၇၈) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၁
ဦးချစ်ကျော်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးတင်မြို့ဝင်)

ပုဇွန်တောင်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ်—၁၀၁၁/၇၅ တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခြင်း ခံရသူ တရားခံ ဦးချစ်ကျော်က မကျေနပ်၍ စွဲချက် ပယ်ဖျက်ပေးရန် ရန်ကုန်တိုင်း တရားရုံး၌ အမှုအမှတ် ၄၉၈/၇၇ အရ ပြင်ဆင်မှု တင်သွင်းသော်လည်း မအောင်မြင်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ မူလရုံး တရားလို ဦးတင်မြို့က မော်တော်ကားဟောင်းများ ပြုပြင်ရောင်းဝယ်ခြင်းလုပ်ငန်းကို မိမိကငွေရင်းစိုက်ထုတ်၍တရားခံ ဦးချစ်ကျော်ကလူစိုက်ပြီး အစုစပ်လုပ်ကိုင် ကြရာတွင် စာရင်းများ ရှင်းပေးရန် မိမိက အကြိမ်ကြိမ် တောင်းဆိုသော်လည်း တရားခံဦးချစ်ကျော်သည် တိုသို့ စာရင်းရှင်းပေးခြင်း မပြုသည့်အပြင် ယုံကြည်အပ်နှံထားသောငွေနှင့် မော်တော်ကားပစ္စည်းများကို တရားခံ ဦးချစ်ကျော်သည် သူ၏ဆန္ဒအလျောက် ရောင်းချပြီး အလဲသုံးစား ပြုလုပ်ကြောင်း စွပ်စွဲကာ ဦးချစ်ကျော်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ အရေးယူပေးရန် ဦးတင်မြို့ဝင်က လျှောက်ထားစွဲဆိုသော အမှုဖြစ်သည်။

အမှုကို လေ့လာရာတွင် မူလရုံးတရားလို ဦးတင်မြို့ဝင်နှင့်တကွတရားလို သက်သေ တွက်ချက်များအရပင် တရားလိုနှင့် တရားခံတို့မှာ အစုစပ်လုပ်ကိုင်သူများဖြစ်ကြောင်း ပေါ်လွင်ပြီးဖြစ်ပေသည်။ အစုစပ်ဆိုသည့် သဘောကပင် အစုစပ်ပိုင် ပစ္စည်းများကို အစုံစပ် တစ်ဦးက အစုစပ်တစ်ဦးသို့ ယုံကြည်အပ်နှံခြင်း ပြုသည့်သဘော မရှိနိုင်ပေ။ ထို့ကြောင့်လည်း သာမန်အစုစပ်လုပ်ငန်းနှင့်ပတ်သက်၍ အစုစပ်တစ်ဦးက အခြားအစုစပ်တစ်ဦးအပေါ် ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုနှင့် မစွဲဆိုနိုင်ပေ။ အစုစပ်ပစ္စည်းများအနက် မည်သည့် ပစ္စည်းကို မည်သို့ စီမံခန့်ခွဲရမည်၊ မည်သို့ ဆောင်ရွက်ရမည်ဟူသော အထူးသဘောတူညီချက် တစုံတရာရှိကြသည့်အလျောက် ယင်းသဘောတူညီချက်အရ အစုစပ်ပစ္စည်းများကို ယုံကြည်အပ်နှံခြင်းဖြစ်မှသာ ယင်းအစုစပ်ပစ္စည်းများကိုအလဲသုံးစားပြုလုပ်ခြင်းဖြင့်ပြစ်မှုမကင်းသော ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုကို ကျူးလွန်နိုင်သည်။ ဤအမှုတွင် တရားလို ဦးတင်မြို့ဝင်နှင့် တရားခံ ဦးချစ်ကျော်တို့သည် အစုစပ် ပစ္စည်းများနှင့် စပ်လျဉ်း၍ ထိုသို့ အထူး သဘောတူညီချက် တစုံတရာ ရှိကြောင်း အမှုတွဲ၌ ပေါ်လွင်ခြင်းမရှိပေ။ ယင်းသို့ ပစ္စည်း စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ သီးခြားသဘောတူညီချက်ရှိကြောင်း ပေါ်လွင်ခြင်းမရှိပါက အစုစပ်တစ်ဦးက

ကျန်အစုစပ်တစ်ဦးအပေါ် ယုံကြည်အပ်နှံရေး ဖောက်ဖျက်မှုဖြင့် စွဲဆို နိုင်မည်မဟုတ်ပေ။ အစုစပ်လုပ်ငန်းနှင့် ပတ်သက်၍ စာရင်း ရှင်းပေး စေလိုမှု စွဲဆိုရန် တရားမကြောင်းသာ ပေါ်ပေါက်သည်ကို တွေ့ရသည်။

၁၉၈၁
ဦးချစ်ကျော်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးတင်မြို့င်)

ထို့ကြောင့် လျှောက်ထားသူ ဦးချစ်ကျော်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်ခြင်းကို ပယ်ဖျက်၍ ၎င်းအား စွဲချက် မတင်မီလွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးမန်းစံဖြိုက်ရွှေ၊ အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့်ဦးတင်အောင် တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

မောင်ချစ်စံ
နှင့်
ပြည်တောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(မောင်ထင်ကျော်) *

† ၁၉၈၁
ဇွန်လ
၁၂ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇–လင်ရှိမယားဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ပေါင်းသင်းခြင်းဖြစ်သည့်ပြင် လင်ဖြစ်သူက အလိုမတူမှသာ ပြစ်မှုမြောက်ခြင်း။

တိတ်တဆိတ် ပေါင်းသင်းခြင်းမဟုတ်ပဲ စေ့စပ်ကြောင်းလမ်းပြီးနောက် လက်ထပ်ပေါင်းသင်းခြင်းမှာ ပြစ်မှုမြောက် မမြောက်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၉၇ အရ ပြစ်မှုမြောက်ရန်မှာ တရားခံပေါင်းသင်းသော မိန်းမသည် လင်ရှိမယားဖြစ်သည်ဆိုရုံနှင့်မပြီးပေ။ထို့ဆို့လင်ရှိမယားဖြစ်ကြောင်းတရားခံက ယုံကြည်ရန်အကြောင်းရှိလျက်နှင့် ပေါင်းသင်းခဲ့ခြင်း ဖြစ်ကြောင်း ပေါ်လွင်ဖို့လည်းလိုသည်။ထို့ပြင်ထို့ဆို့ ပေါင်းသင်းခြင်းကို လင်ယောကျ်ားဖြစ်သူ တရားလိုက အလိုတူရာရောက်ခြင်း မရှိကြောင်း ပေါ်လွင်ဖို့လည်း လိုပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မောင်ထင်ကျော်သည် မဝင်းအား ကွာလိုကြောင်း တရားရုံးတွင်တရားစွဲဆိုပြီးနောက် မသန်းမြင့်ဆိုသူအမျိုးသမီးနှင့် နောက်အိမ်ထောင်ပြုခြင်း၊ မောင်ချစ်စံက မေးမြန်းရာတွင်လည်း မဝင်းအား ပြန်လည်ပေါင်းသင်းရန် စိတ်မကူးတော့ကြောင်း ပြောဆိုခြင်း၊ မောင်ထင်ကျော်နှင့် မဝင်းတို့မှာလည်း ၁၉၇၅ ခုနှစ်၊ ဖေဖော်

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၂ (ခ)။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၈၅ တွင် ချမှတ်သော (၁၃-၅-၈၀) နေ့စွဲပါစစ်ကိုင်းတိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၁၁ မောင်ချစ်စံနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (မောင်ထင်ကျော်)

ဝါရီလက စ၍ ကွဲကွာခဲ့သည်မှ မဝင်းနှင့် မောင်ချစ်စံတို့ လက်ထပ်သည့် ၁၉၇၈ ခုနှစ်အထိ လုံးဝဆက်သွယ်မှုတစုံတရာ မရှိခဲ့ခြင်း၊ မောင်ချစ်စံသည် မဝင်းအား မမြင်ကွယ်ရာတွင် တိတ်တဆိတ် ပေါင်းသင်းခြင်း မဟုတ်ပဲ လူကြီး စုံရာ ရွှေတွင် စေ့စပ် ကြောင်းလမ်းခြင်း၊ လက်ထပ်ပေါင်းသင်းခြင်း စသော ပြုမူချက်များကို ထောက်ရှုခြင်း အားဖြင့် မဝင်းအား မောင်ထင်ကျော်နှင့် ပြတ်စဲပြီး ဖြစ်သည်ဟု ထင်မှတ်သဖြင့် တောင်းရမ်း လက်ထပ်ရယူခဲ့ခြင်း ဖြစ်ကြောင်း လျှောက်ထားသူ မောင်ချစ်စံ၏ တုချေချက်ကို လက်မခံနိုင်စရာ အကြောင်းမရှိဟု ယူဆသည်။

လျှောက်ထားသူအတွက် —ဦးလွန်းမောင် (ကိုယ်စား) ဦးညွှန့်မြို့၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် —(၁) ဦးခင်မောင်လေး၊ ဥပဒေဝန်ထမ်း အဆင့်(၁)။
(၂) ကိုယ်တိုင်။

ရေဦးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၁/၇၀ တွင် မောင်ချစ်စံအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ ပြစ်မှုထင်ရှား၍ ဒဏ်ငွေကျပ် ၁၀၀/- ပေးဆောင်စေရန်နှင့် ထိုဒဏ်ငွေထဲမှ ငွေကျပ် ၇၀၀/-ကို မူလရုံးတရားလို မောင်ထင်ကျော်သို့ လျော်ကြေးငွေအဖြစ် ပေးစေရန် အမိန့်ချမှတ်ခဲ့သည်။ မောင်ချစ်စံကမကျေနပ်၍ စစ်ကိုင်းတိုင်းတရားရုံး၌ အမှုအမှတ် ၃၈၅/၇၉ အရ အယူခံဝင်ရောက်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြဿနာမှုကို တင်သွင်းခြင်း ဖြစ်သည်။

အမှုမှာ မောင်ထစ်ကျော်က ၎င်း၏ဇနီး မဝင်းကို ၎င်း၏ သဘောတူညီချက်မရပဲ လျှောက်ထားသူ မောင်ချစ်စံက သားမယားအဖြစ် ပေါင်းသင်းကြောင်း စွပ်စွဲ၍ ပြစ်မှုဆိုစ်ရာ ဥပဒေပုဒ်မ ၄၉၇ အရ အရေးယူပေးရန် မြို့နယ်တရားရုံးတွင် တိုက်ရိုက်လျှောက်ထား စွဲဆိုသော အမှုဖြစ်သည်။

အမှုကို လေ့လာရာ တရားလိုမောင်ထင်ကျော်နှင့် သက်သေ ထွက်ချက်များအရ ၁၉၇၄ ခုနှစ်၊ ဒီဇင်ဘာလလောက်က မောင်ထင်ကျော်နှင့် မဝင်းတို့သည် ရေဦးမြို့မှ ရန်ကုန်မြို့သို့ ထွက်ပြေး၍ လမ်းမတော်မြို့နယ်တရားရုံးတွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုး၍ လက်ထပ်

၁၉၀၁ မောင်ချစ်စံနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် (မောင်ထင်ကျော်)

ကြောင်း၊ ထို့နောက် ရေဦးမြို့သို့ပြန်လာပြီး အတူတကွ ပေါင်းသင်းနေထိုင်စဉ် မဝင်း၏မိခင် ဒေါ်တင်အေး လာခေါ်၍ မိခင်နောက်သို့ မဝင်း ပြန်လိုက်သွားရာမှ ပြန်မလာတော့သဖြင့် ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီလလောက်မှစ၍ မောင်ထင်ကျော်နှင့် မဝင်းတို့ ကွဲကွာနေကြောင်း၊ ၁၉၇၅ ခုနှစ် ကဲတွင် မောင်တင်ကျော်က မဝင်းအပေါ် ရေဦးမြို့နယ်တရားရုံးတွင် လင်မယားကွာလိုမှု လျှောက်ထား စွဲဆိုရာ ရုံးချိန်းရက်တွင် မောင်ထင်ကျော်မလာ၍ အမှုပလပ်ခြင်း ခံရကြောင်း၊ နောက်ပိုင်းတွင် မောင်ထင်ကျော်သည် မသန်းမြင့်ဆိုသူနှင့် နောက်အိမ်ထောင်ပြုခဲ့ကြောင်း၊ နောက်(၅)လအကြာ ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလလောက်တွင် လျှောက်ထားသူမောင်ချစ်စံက မဝင်းအား လူကြီးစုံရာရွှေတွင် တောင်းရမ်းလက်ဝတ် ပေါင်းသင်းနေကြောင်း၊ မောင်ထင်ကျော်က စုံစမ်းသိရှိသဖြင့် ၁၉၇၈ ခုနှစ်၊ ပြီလထဲတွင် မောင်ထင်ကျော်က လျှောက်ထားသူ မောင်ချစ်စံအပေါ် မယားခိုးမှုဖြင့် မြို့နယ်တရားရုံး၌ လျှောက်ထားစွဲဆိုခဲ့ကြောင်း တွေ့ရသည်။

မြို့နယ်တရားရုံးနှင့် ဟိုင်းကရားရုံးတို့၏ စီရင်ချက်များတွင် မဝင်းသည် မောင်ထင်ကျော်နှင့် တကွဲတပြားစီနေထိုင်သော်လည်း တရားဝင်ကွာရှင်း ပြတ်စဲခြင်း မရှိသေး၍ ဥပဒေ သဘောအရ မဝင်းသည် မောင်ထင်ကျော်၏ ဇနီးအဖြစ် တည်ရှိနေဆဲဖြစ်၍ မောင်ထင်ကျော် အလိုမတူပဲ လျှောက်ထားသူ မောင်ချစ်စံက လက်ထပ် ပေါင်းသင်းခြင်းသည် စွဲဆိုပါပြစ်မှုကို ကျူးလွန်ရာရောက်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ အရ ပြစ်မှုမြောက်ရန်မှာ တရားခံပေါင်းသင်းသော မိန်းမသည် လင်ရှိမယားဖြစ်သည်ဆိုရုံနှင့် မပြီးပေ။ ထိုသို့ လင်ရှိမယားဖြစ်ကြောင်း တရားခံက ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ပေါင်းသင်းခဲ့ခြင်းဖြစ်ကြောင်း ပေါ်လွင်ဖို့လည်း လိုသည်။ ထို့ပြင် ထိုသို့ပေါင်းသင်းခြင်းကို လင်ယောကျ်ားဖြစ်သူ တရားလိုက အလိုတူရာရောက်ခြင်း မရှိကြောင်း ပေါ်လွင်ဖို့လည်း လိုပေသည်။

လျှောက်ထားသူ မောင်ချစ်စံက မြို့နယ်တရားရုံးတွင် အစစ်ခံရာ၌ မဝင်းကို ယူစဉ်က မောင်ထင်ကျော်၏ မိန်းမ မဟုတ်တော့ဟု ယုံကြည်၍ ယူလိုက်ခြင်းဖြစ်ကြောင်း၊ မဝင်းနေထိုင်ရာ ကဲားဆိပ်ရွာရှိ အိမ်နီးချင်းများကို စုံစမ်းမေးမြန်းရာတွင်လည်း မောင်ထင်ကျော်နှင့် ဘာမျှ မဆိုင်တော့ဟု စုံစမ်းသိရှိရကြောင်း၊ ၁၉၇၅ ခုနှစ် အတွင်းက မိမိနှင့် မောင်ထင်ကျော်တို့ တွေ့၍ မဝင်းကို ပြန်ပေါင်းရန် မောင်ထင်ကျော်

၁၉၇၁
မောင်ချစ်စံနှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (မောင်တင်ကျော်)

အား ပြောရာ၌ မောင်ဟင်ကျော်က မဖေါင်းနိုင်တော့ကြောင်း၊ တရား ရုံးမှာလည်း ကာလိုမူစွဲဆိုထားကြောင်း၊ မဝင်းနှင့် မပတ်သက်တော့ဟု ပြောလိုက်ကြောင်း ထုချေအစစ်ခံသည်ကို တွေ့ရသည်။ ထိုသို့ မောင်ချစ်စံက မောင်ထင်ကျော်အား မေး၍ မောင်ထင်ကျော်က မဝင်းအား ယာ ယီပြတ်စဲနေကြောင်း၊ ပြန်ပေါင်းရန် စိတ်မကူးတော့ဟု ပြောဆို ကြောင်းကို ထိုစဉ်က မောင်ချစ်စံနှင့် အတူပါသူ မောင်ချစ်တင် (ခံပြေ ၁၃)က ထောက်ခံထွက်ဆိုထားပေသည်။ မဝင်း (ခံပြေ ၂)က လည်း မောင်ချစ်စံနှင့် ပြုသိုလတွင် ကြောင်းလမ်းပြီး တန်ခူးလတွင် လက်ထပ်ကြောင်း ထွက်ဆိုထားလေရာ မောင်ထင်ကျော် အနေဖြင့် မဝင်းအား အမှန်တကယ် ပြတ်စဲလိုစိတ် မရှိပါက ထိုသို့ စေ့စပ်ကြောင်း လမ်းစဉ်ကတည်းကပင် ကန့်ကွက်ပြောဆိုခဲ့သင့်ပေသည်။

မောင်ထင်ကျော်သည် မဝင်းအား ကာလိုကြောင်း တရားရုံးတွင် တရားစွဲဆိုပြီးနောက် မသန်းမြင့်ဆိုသူ အမျိုးသမီးနှင့် နောက်အိမ်ထောင်ပြုခြင်း၊ မောင်ချစ်စံက မေးမြန်းရာတွင်လည်း မဝင်းအား ပြန်လည် ပေါင်းသင်းရန် စိတ်မကူးတော့ကြောင်း ပြောဆိုခြင်း၊ မောင်ထင်ကျော်နှင့် မဝင်းတို့မှာလည်း ၁၉၇၅ ခုနှစ်၊ ဖေဖော်ဝါရီ လကစ၍ ကွဲကွာခဲ့သည်မှာ မဝင်းနှင့် မောင်ချစ်စံတို့ လက်ထပ်သည့် ၁၉၇၈ ခုနှစ်အထိ လုံးဝဆက်သွယ်မှု တစုံတရာမရှိခဲ့ခြင်း၊ မောင်ချစ်စံသည် မဝင်းအား မမြင်ကွယ်ရာတွင် တိတ်တဆိတ် ပေါင်းသင်းခြင်း မဟုတ်ပဲ လူကြီးစုံရာ၌တွင် စေ့စပ်ကြောင်းလမ်းခြင်း၊ လက်ထပ်ပေါင်းသင်းခြင်း စသော ပြုမူချက်များကို ထောက်ခံခြင်းအားဖြင့် မဝင်းအား မောင်ထင်ကျော်နှင့် ပြတ်စဲပြီးဖြစ်သည်ဟု ထင်မှတ်သဖြင့် တောင်းရမ်း လက်ထပ်ရယူခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားသူ မောင်ချစ်စံ၏ ထုချေချက်ကို လက်မခံနိုင်စရာအကြောင်း မရှိဟု ယူဆသည်။

ထို့ကြောင့် လျှောက်ထားသူ မောင်ချစ်စံသည် မဝင်းအား လင်ရှိမယားဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ပေါင်းသင်းဆက်ဆံခဲ့သည်ဟု မဆိုနိုင်၍ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၉၇ တွင် အကျုံးမဝင်သဖြင့် ၎င်းအပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်တို့ကို ပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်လိုက်သည်။

ဒဏ်ငွေများ ပေးဆောင်ပြီးပါက လျှောက်ထားသူအား ပြန်လည် ထုတ်ပေးစေ။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်သူရဦးစအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးခင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးချစ်မောင်

နှင့်

၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ ဦးချူရှိန်*

† ၁၉၈၁
စက်တင် ဘာလ
၃၀ ရက်

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀—ချေးယူသည့် ငွေကို ပြန်ဆပ်ရန် မရည်ရွယ်ပဲ မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်၍ ငွေကို ရယူလျှင် လိမ်လည်မှု မြောက်ခြင်း။

ဆုံးဖြတ်ချက်။ ။ချေးယူသည့် ငွေကို ပြန်ဆပ်ရန် မရည်ရွယ်ပဲ ပြန်ဆပ်မည်ဖြစ်ကြောင်း ယုံကြည်အောင် ပြုမူလျက် စာမင် လှည့်ဖြားပြီး ငွေထုတ်ချေးစေရန် မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်၍ ငွေကို ရယူလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ လိမ်လည်မှု မြောက်နိုင်သည်။

လျှောက်ထားသူအတွက် — ဦးထင်အောင်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးမောင်မောင်တိတ်၊ဥပဒေပညာရှင်။
ဦးထွန်းဝင်း၊ ဗဟိုတရားရုံးရှေ့နေ။

ကျောက်တံတားမြို့နယ် တရားရုံး၏ ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၇၉ ၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်ခြင်းခံရသော ဦးချစ်မောင်က ထိုစွဲချက်ကို ပယ်ဖျက်ပေးပါရန် ရန်ကုန်တိုင်းတရားရုံး အမှတ်(၃)၏ ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၇၄၃ ၌ လျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဆက်လက်လျှောက်ထားခြင်း ဖြစ်သည်။

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၈၈၉(ခ)။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၄၃ တွင် ချမှတ်သော ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၁
ဦးချစ်မောင်နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးချူရှိန်

ဦးချစ်မောင်က ဘောက်ချာတစ်ခုကို ပြ၍ သူ၏ ဒန်အိုးဒန်ခွက်လုပ်ငန်းအတွက် ဒန်ပြားများ ထုတ်ယူရန် ငွေလိုနေကြောင်း၊ ငွေကို တစ်ပတ်အတွင်း ပြန်လည်ပေးဆပ်မည် ဖြစ်ကြောင်း ယုံကြည်လောက်အောင် ပြောဆိုပြီး ဦးချူရှိန်ထံ၌ ငွေချေးသည်။ လူချင်းခင်မင်သဖြင့် ဦးချူရှိန်က ယုံကြည်၍ ဦးချစ်မောင်အား ငွေကျပ် ၆၇၀၀၀ ကို ရှာဖွေချေးငှားလိုက်သည်။ ဦးချစ်မောင်က ထိုငွေကို လက်ခံရရှိကြောင်းနှင့် တစ်ပတ်အတွင်း ပြန်လည်ပေးဆပ်မည် ဖြစ်ကြောင်း ဝန်ခံ လက်မှတ်ရေးထိုးပေးသည်။ ထို့နောက် ဦးချစ်မောင်သည် ထိုငွေကို လုံးဝ ပြန်မဆပ်သဖြင့် ဦးချူရှိန်က ဦးချစ်မောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုသည်။ ကျောက်တံတားမြို့နယ် တရားရုံးက စစ်ဆေးကြားနာပြီး ဦးချစ်မောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည်။ ထိုစွဲချက်ကို ပယ်ဖျက်ပေးပါရန် ဦးချစ်မောင်က လျှောက်ထားခြင်းဖြစ်သည်။

ချေးယူသည့် ငွေကို ပြန်ဆပ်ရန် မရည်ရွယ်ပဲ ပြန်ဆပ်မည် ဖြစ်ကြောင်း ယုံကြည်အောင် ပြုမူသျက် တမင်လှည့်ဖြားပြီး ငွေထုတ်ချေးစေရန် မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်၍ ငွေကို ရယူလျှင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ လိမ်လည်မှု မြောက်နိုင်သည်။ အမှု၏ အကြောင်းခြင်းရာများအရ မူလရုံးက ဦးချစ်မောင်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်၍ ဖြေရှင်းစေသည်မှာ တရားနည်းလမ်းကျသည်။

သို့ဖြစ်၍ ဦးချစ်မောင်အပေါ် ကျောက်တံတားမြို့နယ် တရားရုံးက ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၇၉ ၌ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်တားခြင်းကို ပယ်ဖျက်ရန် အကြောင်းမရှိသဖြင့် အတည်ပြုပြီး ဤပြင်ဆင်မှုကို ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဇေ၊ အမှဲ့ဝင်များအဖြစ် ဦးခင်အုန်း နှင့် ဦးမန်းစံမြဲတို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးစံမြင့် (ခ) ဦးစံညွှန့် (ခ) ရှင်အဂ္ဂဝံသ
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
(ဦးသန်းမြင့်)*

† ၁၉၈၁ အောက်တို ဘာလ ၃၀ ရက်

ရဲအရေးမပိုင်သောအမှုကို ရဲကစုံစမ်းပြီး တရားရုံးသို့တင်လာလျှင် တရားရုံးက လက်ခံရခြင်း။

ပြစ်မှုဆိုင်ရာအမှု စွဲဆိုရန် စည်းကမ်းသတ်ကာလ သတ်မှတ်ချက်မရှိ။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ နှင့် ပုဒ်မ ၅၆၁—က တို့၏ ခြားနားချက်။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၅၅ (၂) အရ သက်ဆိုင်ရာတရားရုံးက ညွှန်ကြားခြင်း မပြုလျှင် ပြည်သူ့ရဲတပ်ဖွဲ့သည် ရဲအရေးမပိုင်သော ပြစ်မှုကို စုံစမ်းစစ်ဆေးခြင်း မပြုနိုင်ပေ။ ရဲအရေးမပိုင်သော ပြစ်မှုကို ရဲအရေးပိုင်သော ပြစ်မှုနှင့် တပေါင်းတည်း စုံစမ်းစစ်ဆေးနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းလည်း မရှိပေ။ သို့သော် ပြည်သူ့ရဲတပ်ဖွဲ့က ရဲအရေးမပိုင်သော ပြစ်မှုကို စုံစမ်းစစ်ဆေး၍ တရားစွဲဆိုလာလျှင် တရားရုံးက လက်ခံစစ်ဆေးခြင်း မပြုရဟု တားမြစ်ထားသော ပြဋ္ဌာန်းချက် တစုံတရာမရှိသဖြင့် ယင်းအချက်ကို အကြောင်းပြုပြီး အမှုတွဲကို ချေဖျက်ခြင်း မပြုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုများကို ပြစ်မှုကျူးလွန်သည့် နေ့မှ မည်သည့်ကာလအတွင်း တရားစွဲဆိုရမည်ဟု စည်းကမ်းသတ် ကာလ သတ်မှတ်ထားခြင်း မရှိသည့်အလျောက် ဤအမှုကို အမှုဖြစ်ပွားပြီး

၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၆၆၊ သထုံမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၂/၈၁ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

နောက် ကာလအတန်ကြာမှ တရားစွဲဆိုသည်ကို အကြောင်းပြုပြီး ချေဖျက်ပေးခြင်း မပြုနိုင်ပေ။

၁၉၈၁
ဦးစံမြင့် (ခ)
ဦးစံညွန့် (ခ)
ရှင်အင်္ဂဝံသ
နှင့်
ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ထပ်ပံ့ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ မှုခင်းဟစ်ရပ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ခြင်းနှင့် တရားခံတစ်ဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ အရ စွဲချက်ပတင်ပဲ ပြန်လွှတ်ထားခြင်းတို့၏ ခြားနားချက်ကို သဘောပေါက်နားလည်ရန် လိုအပ်ပေသည်။ တရားလိုဘက်က စွပ်စွဲချက်သည် မှန်ကန်သည်ဟု လက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်း မရှိလျှင် အမှုတွဲကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက် ပေးနိုင်သည်။ ဤအဆင့်တွင် တရားလိုဘက်က တင်ပြထားသော သက်သေခံချက်များကို စိစစ်သုံးသပ်ရန် မဟုတ်ပေ။ စွပ်စွဲချက်၌ ပြစ်မှုမြောက်မမြောက်ကိုသာ စိစစ်ရန်ဖြစ်သည်။ အမှုကိုစစ်ဆေးရာ၌ တရားခံအပေါ် စွပ်စွဲချက်သည် အခြေအမြစ်မရှိဟု တွေ့ရှိရလျှင် တရားခံအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂) အရ စွဲချက်မတင်ပဲ ပြန်လွှတ်ထားနိုင်သည်။ အမှုကဲ့တွင် ပေါ်ပေါက်သော သက်သေခံချက်များအရ တရားခံအား စွဲချက်မတင်ပဲ ပြန်လွှတ်ထားသင့် မသင့်ကိုမူ အမှုစတင်စစ်ဆေးသည့် တရားရုံးက ကနဦးစဉ်းစားရန်ဖြစ်သည်။ စွဲချက်မတင်ပဲ ပြန်လွှတ်ထားသင့်ပါလျက် လွှတ်ထားခြင်းမပြုလျှင် တရားခံအနေဖြင့် အဆင့်ဆင့်သော တရားရုံးများ၌ ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ သို့ဖြစ်၍ အမှုတွဲကို ချေဖျက်သင့် မသင့် စဉ်းစားရန် အဆင့်တွင် တရားခံအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၅၃ (၂)အရ စွဲချက်မတင်ပဲ ပြန်လွှတ်သင့်မသင့် စဉ်းစားရန်အကြောင်း မပေါ်ပေါက်ပေး သက်သေခံချက်ကိုလည်း စိစစ်သုံးသပ်ရန် အဓိကြောင်းမရှိချေ။

လျှောက်ထားသူအဖွက် — ဦးရဲခေါင်ညွှန့်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးဘရှေ၊ဥပဒေဝန်ထမ်းအဆင့်(၁)။

ဤအမှုမှာ လျှောက်ထားသူ ဦးစံမြင့် (ခ) ဦးစံညွန့် (ခ) အရှင်အင်္ဂဝံသ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇/၄၂၀ အရ တရားစွဲဆိုထားသော သထုံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၇၂/၈၁ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားသော အမှုဖြစ်သည်။

၁၉၀၂
ဦးစံမြင့် (ခ)
ဦးစံညွန့် (ခ)
ရှင်အဂ္ဂဝံသ
နှင့်
ပြည်
ထောင်စု
ဆို့ရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

ဤအမှုကို တိုင်တန်းသော ဦးသန်းမြင့် က မိမိသည် လျှောက်ထားသူ ဦးစံမြင့်နှင့် ၁၉၇၄ ခုနှစ် မတ်လအတွင်းတွင် သတို့မြို့၌ စတင်တွေ့ဆုံသောအခါ လျှောက်ထားသူက သူသည် ဓမ္မစေတီမင်း ခေါင်ဖြစ်၍ ဘဝအထုံကူးလာသူဖြစ်ကြောင်း၊ သူသည် ထိုစဉ်က သက်နှံးဝတ်ဖြစ်၍ ဒါယကာ ဒါယိကာမများအား သားနှင့်သမီးဟူ၍ ခေါ်ဝေါ်ပြီး သူ့အား အဘဟု ခေါ်ဝေါ်စေကြောင်း၊ ၁၃၃၅ ခု၊ တပေါင်းလအတွင်းတွင် လျှောက်ထားသူသည် မိမိနှင့် ဦးသိန်း ဆိုသူတို့အား သတို့မြို့၊ နေမိန္ဓရ ဘုရားကုန်းတွင် မြစေတီဘုရားကို ငွေစိုက်ထုတ်၍ ကည်ရန်နှင့် ဘုရားတည်ပြီးသောအခါ ငွေပြန်ရှင်းပေးမည်ဟု ပြောဆိုသောကြောင့် မိမိနှင့် ဦးသိန်းတို့က ငွေကျပ် ၃၈၀၀/- စိုက်ထုတ်၍ ဘုရားတည်ခဲ့ကြောင်း၊ ဘုရားတည်ပြီးသောအခါ မိမိတို့သည် လျှောက်ထားသူထံမှ အဆိုပါငွေများကို ပြန်တောင်းရာ လျှောက်ထားသူက ပေးရန်ငြင်းဆန်ကြောင်းဖြင့် သတို့မြို့၊ ပြည်သူ့ရဲတပ်ဖွဲ့စခန်း၊ စခန်းမှူးထံ ၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃၁) ရက်စွဲပါ အကြောင်းကြားစာအရ တိုင်တန်းသဖြင့် ဒုရဲအုပ် ဦးမောင်သန်း က အမှုကို စုံစမ်းစစ်ဆေးပြီးနောက် လျှောက်ထားသူအား သတို့မြို့နယ်တရားရုံး၌ ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁၇/၄၂၀ အရ တရားစွဲဆိုတင်ပို့လေသည်။

လျှောက်ထားသူ၏ အကျိုးဆောင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၇ အရ ပြစ်မှုသည် ရဲအရေးမပိုင်သော ပြစ်မှုဖြစ်၍ ပြည်သူ့ရဲတပ်ဖွဲ့အနေဖြင့် သက်ဆိုင်ရာ တရားရုံး၏ ညွှန်ကြားချက် မရရှိပဲ ယင်းအမှုကို စုံစမ်းစစ်ဆေးခွင့်မရှိကြောင်း တင်ပြလျှောက်ထားသည်။

ဥပဒေဝန်ထမ်း အဆင့် (၁)ကမူ ယင်းပြစ်မှုကို ရဲအရေးပိုင်သည့် ပြစ်မှုဖြစ်သည့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ ပြစ်မှုနှင့် တပေါင်းတည်း စုံစမ်းစစ်ဆေး တရားစွဲဆိုခွင့်ရှိကြောင်းဖြင့် တင်ပြ လျှောက်ထားသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၅၅(၂) အရ သက်ဆိုင်ရာ တရားရုံးက ညွှန်ကြားခြင်းမပြုလျှင် ပြည်သူ့ရဲတပ်ဖွဲ့သည် ရဲအရေးမပိုင်သော ပြစ်မှုကို စုံစမ်းစစ်ဆေးခြင်း မပြုနိုင်ပေ။ ရဲအရေးမပိုင်သော ပြစ်မှုကို ရဲအရေးပိုင်သော ပြစ်မှုနှင့် တပေါင်းတည်း စုံစမ်းစစ်ဆေးနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းလည်း မရှိပေ။ သို့သော် ပြည်သူ့ရဲတပ်ဖွဲ့က ရဲအရေးမပိုင်သောပြစ်မှုကို စုံစမ်းစစ်ဆေး၍ တရားစွဲဆို့လာ

၁၉၈၁
ဦးစံမြင့် (ခ)
ဦးစံညွှန့် (ခ)
ရှင်အဂ္ဂဝံသ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(ဦးသန်း
မြင့်)

လျှင် တရားရုံးက လက်ခံစစ်ဆေးခြင်း မပြုရဟု တားမြစ်ထားသော ပြဋ္ဌာန်းချက် တစုံတရာမရှိသဖြင့် ယင်းအချက်ကို အကြောင်းပြုပြီး အမှုတွဲကို ချေဖျက်ခြင်း မပြုနိုင်ပေ။

လျှောက်ထားသူ၏ အကျိုးဆောင်က ဤအမှုကို အချင်းဖြစ်ပွားပြီး (၆) နှစ်ခန့်ကြာမှ တရားစွဲဆိုခဲ့သည့်အချက်ကို ညွှန်ပြလျှောက်လဲ့သွားသည်ကို တွေ့ရှိရသည်။ ပြစ်မှုများကို ပြစ်မှုကျူးလွန်သည့် နေ့မှမည်သည့်ကာလအတွင်း တရားစွဲဆိုရမည်ဟု စည်းကမ်းသတ် ကာလသတ်မှတ်ထားခြင်း မရှိသည့်အလျောက် ဤအမှုကို အမှုဖြစ်ပွားပြီးနောက် ကာလအတန်ကြာမှ တရားစွဲဆိုသည်ကို အကြောင်းပြုပြီး ချေဖျက်ပေးခြင်း မပြုနိုင်ပေ။

လျှောက်ထားသူ၏ အကျိုးဆောင်က အမှုတွဲရှိ တရားလိုပြ သက်သေများ၏ ထွက်ချက်ကို စိစစ်ကာ လျှောက်ထားသူအပေါ် စွဲဆိုသောအမှုမှာ အခြေအမြစ်မရှိကြောင်း တင်ပြ လျှောက်ထားသည်။ ပြစ်မှုဆိုင်ရာ မှုခင်းတစ်ရပ်ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၁-က အရ ချေဖျက်ခြင်းနှင့် တရားခံတစ်ဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၅၃ အရ စွဲချက်မတင်ပဲ ပြန်လွှတ်ထားခြင်းတို့၏ ခြားနားချက်ကို သဘောပေါက်နားလည်ရန် လိုအပ်ပေသည်။ တရားလိုဘက်က စွပ်စွဲချက်သည်မှန်ကန်သည်ဟုလက်ခံသည့်တိုင်အောင် တရားခံအနေဖြင့် ပြစ်မှုတစ်ရပ်ရပ် ကျူးလွန်ကြောင်း ပေါ်ပေါက်ခြင်းမရှိလျှင် အမှုတွဲကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁—က အရ ချေဖျက်ပေးနိုင်သည်။ ဤအဆင့်တွင် တရားလိုဘက်က တင်ပြထားသော သက်သေခံချက်များကို စိစစ်သုံးသပ်ရန် မဟုတ်ပေ။ စွပ်စွဲချက်၌ ပြစ်မှုမြောက်မမြောက်ကိုသာ စိစစ်ရန် ဖြစ်သည်။ အမှုကို စစ်ဆေးရာ၌ တရားခံအပေါ် စွပ်စွဲချက်သည် အခြေအမြစ်မရှိဟု တွေ့ရှိရလျှင် တရားခံအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂)အရ စွဲချက်မတင်ပဲ ပြန်လွှတ်ထားနိုင်သည်။ အမှုတွဲတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ တရားခံအား စွဲချက်မတင်ပဲ ပြန်လွှတ်ထား သင့် မသင့်ကိုမူ အမှုစတင်စစ်ဆေးသည့် တရားရုံးက ကနဦးစဉ်းစားရန် ဖြစ်သည်။ စွဲချက်မတင်ပဲ ပြန်လွှတ်ထားသင့်ပါလျက် လွှတ်ထားခြင်း မပြုလျှင် တရားခံအနေဖြင့် အဆင့်ဆင့်သော တရားရုံးများ၌ ပြင်ဆင်မှု လျှောက်ထားနိုင်သည်။ သို့ဖြစ်၍ အမှုတွဲကို ချေဖျက် သင့် မသင့် စဉ်းစားရန် အဆင့်တွင် တရားခံအား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၅၃(၂)

အရ စွဲချက်မတင်ပဲ ပြန်လွှတ် သင့် မသင့် စဉ်းစားရန်အကြောင်း မပေါ် ပေါက် ပေ။ သက် သေ ခံ ချက် ကို လည်း စိစစ် သုံး သပ် ရန် အကြောင်းမရှိချေ။

ဤအမှုတွင် လျှောက်ထားသူ ဦးစံမြင့်သည် မိမိကိုယ်ကို မမွေးစေတီ မင်းခေါင်အဖြစ်မှ ဘဝအထုံကွဲးလာသူ ဖြစ်သည်ဟူ၍ ဦးသန်းမြင့် အပါအဝင် ဒါယိကာ၊ ဒါယိကာမများအား ပြောဆိုခဲ့ခြင်းသည် ထိုသူတို့အား လှည့်ဖြားရာရောက်သည်ဟု ကောက်ယူနိုင်စေကာမူ ထို သို့လှည့်ဖြားခြင်းဖြင့် လှည့်ဖြားခြင်းခံရသော ဒါယကာ၊ ဒါယိကာမများက သူတပါးအား ပစ္စည်းတစ်ခုခုကို ပေးအပ်စေရန်ဖြစ်စေ၊ သူတပါးထံတွင် ပစ္စည်းတစ်ခုခုကို ဆက်လက်ထားရှိသည်ကို သဘောတူစေရန်ဖြစ်စေ သူတို့အား လိမ်လည်လှည့်ဖြားလိုစေသော သဘောဖြင့်သော် လည်းကောင်း၊ မရှိးမဖြောင့်သော သဘောဖြင့်သော် လည်းကောင်း သွေးဆောင်ခဲ့ကြောင်း၊ သို့တည်းမဟုတ် ထိုသို့လှည့်ဖြားခြင်းခံရသော ဒါယကာ၊ ဒါယိကာမများက အကယ်၍ လှည့်ဖြားခြင်းမခံရသော် မိမိတို့ပြုလုပ်မည်မဟုတ်သော၊ သို့တည်းမဟုတ် မိမိတို့ ပျက်ကွက်မည် မဟုတ်သောအရာကို ပြုစေရန်သော်လည်းကောင်း၊ မပြုပဲ ပျက်ကွက်စေရန်သော်လည်းကောင်း သူတို့အား တမင်သွေးဆောင်ခဲ့ကြောင်း စွပ်စွဲထားခြင်း မရှိသည်ကို တွေ့ရသည်။ သို့ဖြစ်၍ ဦးသန်းမြင့်၏တိုင်စာပါ စွပ်စွဲချက်များမှာ မှန်ကန်သည့်တိုင်အောင် လျှောက်ထားသူသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၅ တွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း လိမ်လည်မှု ကျူးလွန်ရာရောက်သည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူ ဦးစံမြင့်က ဦးသန်းမြင့်နှင့် ဦးသိန်းတို့အား ငွေစိုက်ထုတ်၍ ဘုရားဟည်ရန် ညှိနှိုင်းပြီးနောက် ဦးသန်းမြင့်တို့ စိုက်ထုတ် ကုန်ကျသော ငွေကျပ် ၃၀၀၀/-ကို ပေးချေရန် ပျက်ကွက်ခြင်းမှာ ကတိဖောက်ဖျက်မှုသာ ဖြစ်ပေသည်။ လျှောက်ထားသူသည် စိုက်ထုတ်ကုန်ကျသောငွေကို ပြန်ဆပ်ရန် ကြံရွယ်ခြင်းမရှိပဲ ထိုငွေများကို ပြန်ဆပ်မည်ဖြစ်ကြောင်း ယုံကြည်အောင် ပြောဆို၍ ဦးသန်းမြင့်တို့အား ဘုရားတည်စေရန် တမင်လှည့်ဖြားခဲ့ကြောင်း ဦးသန်းမြင့်က တိုင်ချက်တွင် စွပ်စွဲထားခြင်း မရှိသည့်အလျောက် လျှောက်ထားသူ ဦးစံမြင့်အနေဖြင့် ဦးသန်းမြင့်တို့ စိုက်ထုတ် ကုန်ကျသောငွေကို ပေးဆပ်ရန် ပျက်ကွက်ရုံမျှဖြင့် လိမ်လည်မှုကျူးလွန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် သထုံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၇၂/၈၁ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ခေါ်ဖျက်လိုက်သည်။

၁၉၈၁
ဦးစံမြင့် (ခ)
ဦးစံညွှန့် (ခ)
ရှင်အင်္ဂဝံသ
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(ဦးသန်း
မြင့်)

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့်ဦးမန်းစံမြတ်ရွှေ တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၁ နိုဝင်ဘာလ ၄ ရက်

မောင်စိုးမြင့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ ရဲထံ ထွက်ဆိုချက်သည် သက်သေခံ မဝင်ခြင်း။

တရားခံ ပြစ်မှုကျူးလွန်ကြောင်း သက်သေပြရန်တာဝန်မှာ တရားလိုဘက်မှ တာဝန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ ပါ ပြဋ္ဌာန်းချက်များအရ ရဲအရာရှိထံ အမှုစုံစမ်းစဉ် ထွက်ဆိုခဲ့သည့် မည်သည့်ထွက်ဆိုချက်ကိုမျှ စစ်ဆေးသည့်အခါတွင် သက်သေခံအဖြစ် အသုံးမပြုရဟူ၍ တားမြစ်ထားသည်။ ဒု-ရဲအုပ် ဦးအုံးမောင် အတွင်းရေးမှူးအဖြစ်ပါဝင်သည့် ရှာဖွေရေးအဖွဲ့၌တွင် ထွက်ဆိုထားသည့် ထွက်ဆိုချက်များသည် ရဲအရာရှိထံတွင် ထွက်ဆိုချက်များဖြစ်၍ အသုံးပြုခွင့် မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာအမှုများတွင် တရားခံသည် စွပ်စွဲထားသည့် အမှုကို ကျူးလွန်ကြောင်း သက်သေအရ တာဝန်မှာ တရားလိုဘက်မှ တာဝန်ဖြစ်သည်။ တရားခံသည် ပြစ်မှုမကျူးလွန်ကြောင်း သက်သေ လုံးဝမပြစေကာမူ တရားလိုဘက်မှ ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် သက်သေအထောက်အထား မပြနိုင်ပါက တရားခံအား အမှုမှ လွှတ်ရန်သာရှိသည်။

၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၇၀၅(ခ)။
၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၀၂ (ပေါင်းတည်) တွင် ချမှတ်သော (၄-၉-၇၉) နေ့စွဲပါ ပဲခူးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားသူအတွက် — ဦးတင်ရီ၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးဘမော်၊ ဥပဒေပညာရှင်။

၁၉၈၁

မောင်စိုးမြင့်နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ပေါင်းတည်ဖြိုနယ်တရားရုံး၏ ပြစ်မှုကြီးအမှတ် ၃၀၄/၇၈ တွင် လျှောက်ထားသူ မောင်စိုးမြင့်အပေါ် ဆိုရှယ်လစ် စီးပွားရေးစနစ်တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့် ဥပဒေပုဒ်မ ၁၄(၁) အရ အလုပ်နှင့် ထောင်ဒဏ် ၁ နှစ်နှင့် ၆ လ ကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မကျေနပ်၍ မောင်စိုးမြင့်က ပဲခူးတိုင်းတရားရုံးတွင် အယူခံရာ မအောင်မြင်သောကြောင့် ဤရုံးတွင် ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုမှာ ပေါင်းတည်ဖြိုနယ်၊ နတ်ပုကိုးရွာတွင် ဦးကြည် ခေါင်းဆောင်သော ရွာဖွေရေးအဖွဲ့က ၃-၁၁-၇၇ နေ့ နံနက် ၁၀ နာရီ အချိန်တွင် လှည်းပေါ်မှ ဆန်အိတ်များ ကားပေါ်သို့ တင်နေသည်ကို တွေ့ရှိသဖြင့် သွားရောက် ရွာဖွေရာ ကားသည် မောင်းထွက်သွားပြီးနောက် လှည်း ၂ စီးပေါ်မှ ဆန် ၂၁ တင်းခန့် တွေ့ရှိ၍ လျှောက်ထားသူ မောင်စိုးမြင့်အား ဆန်ပိုင်ရှင်ဖြစ်သည်ဟု စွပ်စွဲကာ အရေးယူခဲ့သည့် အမှုဖြစ်သည်။

ဤပြင်ဆင်မှုတွင် တင်ပြသည့် အဓိက အကြောင်းပြချက်များမှာ မူလမြို့နယ် တရားရုံးနှင့် တိုင်းတရားရုံးတို့သည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ အရ သက်သေခံမဝင်သည့် ရဲအရာရှိရွှေတွင် ထွက်ဆိုချက်များကို အခြေခံ၍ လျှောက်ထားသူအား အပြစ်ပေးခဲ့ခြင်းမှာ ဥပဒေအရ မှားယွင်းကြောင်းဟူ၍ ဖြစ်သည်။

မူလရုံး အမှုတွဲကို လေ့လာသည့်အခါ ပြည်သူ့ရဲ၊ ဒု-ရဲအုပ် ဦးအုံးမောင် (လိုပြ-၂) အတွင်းရေးမှူးအဖြစ် ပါဝင်သည့် ရွာဖွေရေးအဖွဲ့ရွှေတွင် ထွက်ဆိုသွားသည်ဆိုသော တွက်ဆိုချက်များကို သက်သေခံအဖြစ် လက်ခံပြီး လျှောက်ထားသူအား အပြစ်ပေးထားသည်ကို တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၆၂ ပါ ပြဋ္ဌာန်းချက်များအရ ရဲအရာရှိတဲ့ အမှုစုံစမ်းစဉ် ထွက်ဆိုခဲ့သည့် မည်သည့် ထွက်ဆိုချက်ကိုမျှ စစ်ဆေးသည့် အခါတွင် သက်သေခံအဖြစ် အသုံးမပြုရဟူ၍ တားမြစ်ထားသည်။ ဒု-ရဲအုပ် ဦးအုံးမောင် အတွင်းရေးမှူးအဖြစ် ပါဝင်သည့် ရွာဖွေရေးအဖွဲ့ ရှေ့တွင် ထွက်ဆိုထားသည့် ထွက်ဆိုချက်များသည် ရဲအရာရှိထံတွင် ထွက်ဆိုချက်များဖြစ်၍ အသုံး

ပြုခွင့် မရှိပေ။ ရဲအရာရှိ ပါဝင်သည့် ရှာဖွေရေးအဖွဲ့ချွေတွင် ထွက်ဆိုခဲ့သည့် ထွက်ချက်များကို ပယ်လိုက်ပါက တရားလိုဘက် ထွက်ချက်များအရ ပေါ်လွင်သည်မှာ ဆန်များကို မောင်စန်းလွင် (လိုပြ–၄) နှင့် မောင်မြသိန်း (လိုပြ–၅) တို့ မောင်းနှင်လာသည့် လှည်းများ ပေါ်တွင် တွေ့ရှိကြောင်း၊ ထိုဆန်များမှာ မောင်စန်းလွင်ပိုင် ဆန်များဖြစ်ကြောင်းသာ ဖြစ်သည်။ တွေ့ရှိသော ဆန်များနှင့် လျှောက်ထားသူ မောင်စိုးမြင့် မည်သို့ ဆက်စပ်သည်ဆိုသည့် ကွင်းဆက် သက်သေခံချက် မရှိ၍ လျှောက်ထားသူအပေါ် စွဲချက်တင်၍ ဖြေရှင်းစေရန်ပင် တရားလိုဘက်မှ သက်သေထူနိုင်ခဲ့ခြင်း မရှိကြောင်း တွေ့ရှိသည်။

၁၉၈၁ မောင်စိုးမြင့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

ပြစ်မှုဆိုင်ရာ အမှုများတွင် တရားခံသည် စွပ်စွဲထားသည့် အမှုကို ကျူးလွန်ကြောင်း သက်သေပြရန် တာဝန်မှာ တရားလိုဘက်မှ တာဝန်ဖြစ်သည်။ တရားခံသည် ပြစ်မှုမကျူးလွန်ကြောင်း သက်သေ လုံးဝ မပြစေကာမူ တရားလိုဘက်မှ ပြစ်မှုကျူးလွန်ကြောင်း ခိုင်လုံသည့် သက်သေအထောက်အထား မပြနိုင်ပါက တရားခံအား အမှုမှ လွှတ်ရန်သာ ရှိသည်။ ယခုအမှုတွင် တရားလိုကက်မှ လျှောက်ထားသူ မောင်စိုးမြင့်သည် စွပ်စွဲထားသည့် အမှုကို ကျူးလွန်ကြောင်း ဥပဒေအရ လက်ခံနိုင်သည့် အထောက်အထားများ တင်ပြနိုင်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ ဒဏ်ငွေများကို ပယ်ဖျက်ပြီး လျှောက်ထားသူ မောင်စိုးမြင့်အား ဤအမှုနှင့် ပတ်သက်သရွေ့ အပြီးအပြတ် လွှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးမန်းစံဖြတ်ရှေ့၊ အမှုဝင်များအဖြစ်ဦးစိုးလှိုင်နှင့်ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အမှုရှေ့တွင်

မစန်းဦး
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ မောင်သိန်းထွန်းပါ(၃)ဦး*

† ၁၉၈၁
ဇွန်လ
၁၂ ရက်

သက်သေခံ ဥပဒေပုဒ်မ—၁၁၉ အရ ဆွံ့အ နားမကြားသူများကို သက်သေအဖြစ် စစ်ဆေးရာတွင် အကျွမ်းတဝင်ရှိသူနှင့် စစ်ဆေးခြင်းအား လက်ခံခြင်း ပြုနိုင် မပြုနိုင်။

ဆုံးဖြတ်ချက်။ ။သက်သေခံ ဥပဒေပုဒ်မ ၁၁၉ တွင် ဆွံ့အသူများကို သက်သေအဖြစ် စစ်ဆေးရာ၌ စာဖြင့် ရေးသား၍ ဖြစ်စေ၊ လက်ဟန်ခြေဟန် အမူအရာပြ၍ ဖြစ်စေ စစ်ဆေးနိုင်ကြောင်း ပြဋ္ဌာန်းချက်ရှိသည်။ မခင်သန်းမြင့်မှာ စာမတတ်သူ တစ်ဦးဖြစ်၍ လက်ဟန်ခြေဟန် အမူအရာဖြင့်သာ စစ်ဆေးရန် ရှိပေသည်။ ထိုသို့ စစ်ဆေးရာတွင် မခင်သန်းမြင့်သည် ကမ္ဘာအရပ်ရပ်မှ လက်ခံထားသော ဆွံ့အနားမကြားသူများနှင့် ပတ်သက်သော သင်္ကေတ သဘောများ နားလည်သူ မဟုတ်၍ ၎င်းနှင့် အကျွမ်းတဝင်ဖြစ်ပြီး အမူအရာဖြင့် အမြဲဆက်ဆံ ပြောဆိုလေ့ ရှိသူများနှင့် စစ်ဆေးခြင်းဖြင့် အမှန်တရားကို ပိုမို၍ အလွယ်တကူ ဖော်ထုတ်နိုင်မည်လည်း ဖြစ်ပေသည်။

လျှောက်ထားသူအတွက် — မလာ။
လျှောက်ထားခံရသူများအတွက်—ဦးခင်မောင်လေး၊ ဥပဒေဝန်ထမ်းအဆင့်(၁)။
(၁) ဒေါ်ခင်မြမြဝင်း၊ ဗဟိုတရားရုံးရှေ့နေ။
(၂)(၃) ဦးခင်မောင်သန်း၊ ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၉၅(ခ)။
† ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၀ (အနှောက်တောင်) တွင် ချမှတ်သော (၃-၄-၈၀)နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၁
မစန်းဦး နှင့် ၁။ ပြည်ပ ထောင်စု ဆိုရှယ်လစ် သမ္မက မြန်မာနိုင်ငံ တော် ၂။ မောင် သိန်းထွန်း ပ၀၀(၃)ဦး

မန္တလေးအနောက်တောင် မြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၂၃၃/၇၉ တွင် မောင်သိန်းထွန်း၊ မောင်မြင့်နှင့် မောင်နေ လင်းတို့အပေါ် မခင်သန်းမြင့်ဆိုသူအား မုဒိမ်းပြုကျင့်မှုဖြင့် ၎င်း၏ အဒေါ်တော်စပ်သူ မစန်းဦးက တရားလိုပြုလုပ်၍ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၃၇၆ အရ တရားစွဲဆိုသည်။ မခင်သန်းမြင့်မှာ ဆွံ့အ နားမကြား စာမတတ်သူဖြစ်ဘဖြင့် ၎င်းနှင့် ပြောဆို ဆက်ဆံလေ့ရှိသူ မဝင်းတင့် မှတဆင့် စကားပြန်ပြု၍ စုံစမ်းမေးမြန်းရန် မြို့နယ်တရားရုံးက ၂၅-၂-၈၀ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအရ အမိန့်ချမှတ်ခဲ့သည်။ ဟင်း အမိန့်ကို အမှတ် (၁) တရားခံ မောင်သိန်းထွန်းက မကျေနပ်၍ မန္တလေးတိုင်းတရားရုံး၌ အမှုအမှတ် ၉၀/၈၀ အရ ပြင်ဆင်မှု တင် သွင်းရာ မြို့နယ်တရားရုံးအမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်ပြီး မခင်သန်းမြင့်အား ဆွံ့အ နားမကြား ကလေးသူငယ်များကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် စစ်ဆေးရန် ပြင်ဆင် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မူလရုံး တရားလို မစန်းဦးက မကျေနပ်၍ ဗဟိုတရားရုံး သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

အမှုကို လေ့လာရာ ၂၅-၂-၈၀ နေ့စွဲပါ အမှုနေ့စဉ်မှတ်တမ်းအရ မခင်သန်းမြင့်ကို မဝင်းတင့်မှတဆင့် ပြောကြားစစ်ဆေးရန် မူလ တရားရုံးက ဆုံးဖြတ်ချာ၌ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးသိန်းဟန် ကို ခေါ်ယူစစ်ဆေးပြီး ၎င်း၏ ထွက်ချက်အရ မဝင်းတင့်သည် မခင်သန်းမြင့်နှင့် ဆွေမျိုးသားချင်း တော်စပ်ခြင်းမရှိပဲ ၎င်းနှင့် ပြော ဆိုနိုင်သည့် အခြေအနေရှိသူ တစ်ယောက်ဖြစ်ကြောင်း ပေါ်ပေါက်၍ လည်းကောင်း၊ ဆွံ့အ နားမကြားကျောင်းမှ ကျောင်းအုပ်ဆရာကြီး ကလည်း မခင်သန်းမြင့်သည် ကုမ္ပဏီသုံး သင်္ကေတသဘော နားမလည် သူဖြစ်၍ မေးမြန်းရန် မလွယ်ကူကြောင်း တင်ပြချက်အရလည်းကောင်း ထို့ကြောင့် မဝင်းတင့်မှတဆင့် ပြောကြားမေးမြန်းရန် အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်ပေသည်။ ထို့ကြောင့် မြို့နယ်တရားရုံးသည် ဆွံ့အ နားမကြား ကျောင်းမှ ကျောင်းအုပ်ကြီးမှတဆင့် မခင်သန်းမြင့်ကို စစ်ဆေးစေပြီး နောက် ကျောင်းအုပ်ကြီးက ၎င်းမှတဆင့် စစ်ဆေးရန်မလွယ်ကူကြောင်း တင်ပြချက်အရ မခင်သန်းမြင့်အား ၎င်းနှင့် ပြောဆိုဆက်ဆံလေ့ရှိသူ မဝင်းတင့်မှတဆင့် စစ်ဆေးစေရန် ၂၅-၂-၈၀ နေ့စွဲပါ နေ့စဉ် မှတ်တမ်း အမိန့်အရ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

သက်သေခံဥပဒေပုဒ်မ ၁၁၉ ကွင် ဆွံ့အသူများကို သက်သေအဖြစ် စစ်ဆေးရာ၌ စာဖြင့်ရေးသားရှင်းဖြစ်စေ၊ လက်ဟန်ခြေဟန် အမူအရာ

ပြီ၍ဖြစ်စေ စစ်ဆေးနိုင်ဝ်ကြောင်း ပြဋ္ဌာန်းချက်ရှိသည်။ မခင်သန်းမြင့်မှာ စာမတတ်သူတစ်ဦးဖြစ်၍ လက်ဟန်ခြေဟန် အမူအရာဖြင့်သာ စစ်ဆေးရန် ရှိပေသည်။ ထိုသို့စစ်ဆေးရာတွင် မခင်သန်းမြင့်သည် ကမ္ဘာအရပ်ရပ်မှ လက်ခံထားသော ဆွံအ နားမကြားသူများနှင့် ပတ်သက်သော သင်္ကေတသဘောများ နားလည်သူမဟုတ်၍ ၎င်းနှင့် အကျွမ်းတဝင်ဖြစ်ပြီး အမူအရာဖြင့် အမြဲဆက်ဆံ ပြောဆိုလေ့ရှိသူများနှင့် စစ်ဆေးခြင်းဖြင့် အမှန်တရားကို ပိုမို၍ အလွယ်တကူ ဖော်ထုတ်နိုင်မည်လည်း ဖြစ်ပေသည်။

၁၉၈၁ မစန်းဦးနှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ မောင်သိန်းထွန်း ပါ(၃)ဦး

ထို့ကြောင့် ဤပြင်ဆင်မှုကိုလက်ခံ၍ တိုင်းတရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး မြို့နယ်တရားရုံးက မခင်သန်းမြင့်အား မဝင်းတင့်မှတဆင့် ပြောကြားစစ်ဆေးစေရန် ချမှတ်ခဲ့သော ၂၅-၂-၈၀ နေ့စွဲပါ နေ့စဉ်တမ်းအမိန့်ကို အထည်ပြုကြောင်း ပြင်ဆင်အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးမန်းစံမြတ်ရွှေ၊အဖွဲဝင်များအဖြစ်ဦးခင်အုန်းနှင့်ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၁
ဩဂုတ်လ
၁၂-ရက်

မောင်စိန်ကျင်
မောင်မောင်စိန်
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ)/၁၁-ဆရာဝန်၏အဆေးစာကို ဓာတုဗေဒဝန်၏ ထင်မြင်ချက်ကဲ့သို့ အခြေခံသက်သေခံချက်အဖြစ် အသုံးပြု၍ အပြစ်မပေးနိုင်ခြင်း။

ရံဖန်ရံခါသုံးစွဲသူများ လိုက်နာရန် ညွှန်ကြားချက်မရှိ၍ ပုဒ်မ ၁၄(ဃ) အရ အပြစ်မပေးနိုင်။

ဆုံးဖြတ်ချက်။ ။ဆရာဝန်၏ ထင်မြင်ချက်သည် ဓာတုဗေဒဝန်၏ ထင်မြင်ချက်မျိုး မဟုတ်ပေ။ ယင်းထင်မြင်ချက်ပါ ကိစ္စနှင့် ပတ်သက်၍ ဆရာဝန်အား စစ်ဆေးရန် လိုအပ်ပေသည်။ သို့ရာတွင် အမှုဘ်သက်ဆိုင်ရာဆရာဝန်အား သက်သေအဖြစ် တင်ပြခဲ့ခြင်း မရှိပေ။ သို့ဖြစ်၍ ဆေးစာကို အခြေခံအထောက်အထား တစ်ရပ်အဖြစ် အမှုတွင် အသုံးချနိုင်မည် မဟုတ်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများကို အမြဲသုံးစွဲနေသူများအား ဆေးဝါးကုသရေးနှင့် စပ်လျဉ်း၍ အစိုးရက လိုက်နာရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေ

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၉၄(ခ) နှင့် ၇၄၄(ခ)။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၅၀ နှင့် ၁၄၈ တို့တွင် ချမှတ်သော (၆-၆-၇၉) နှင့် (၁-၆-၇၉) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်များကို ပြင်ဆင်မှု

စာတ်သော ဆေးဝါးကို ရုံဖန်ရုံခါ သုံးစွဲနေသူများအား ဆေးဝါး ကုသရေးနှင့် စပ်လျဉ်း၍ အခိုးရက အခါအားလျော်စွာ လိုက်နာရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း မတွေ့ရပေ။ ထို့ကြောင့် မူးယစ်ဆေးဝါးများ ရုံဖန်ရုံခါ သုံးစွဲသူများအား မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄(ဃ)အရပြစ်မှု ထင်ရှားစီရင်ရန် မဖြစ်နိုင်ပေ။

၁၉၈၁ မောင်စိန်ကျင့် မောင်မောင် စိန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

လျှောက်ထားသူများအတွက် — ဦးဇော်ဝင်းလိုင်၊ ဦးထွန်းဝင်း၊ ဗဟိုတရားရုံးရွှေနေများ။

လျှောက်ထားခံရသူအတွက် — ဦးညီညီ၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

သာကေတမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၆၆/၇၈ တွင် မလှမြင့်နှင့် မတင်တင်ဝင်းတို့အား အမှုမှ ပြန်လည်လွှတ်ထားရန်၊ မောင်မောင်မြင့်နှင့် မောင်လှမင်းတို့အပေါ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၆(ခ)/၁၁ အရ အလုပ်နှင့် ထောင်ဒဏ် ၈ နှစ်စီ ကျခံစေရန်၊မောင်ဝင်းမြင့်အပေါ် ယင်းဥပဒေပုဒ်မ ၆(ခ)/၁၁ အရ အလုပ်နှင့် ထောင်ဒဏ် ၈ နှစ် ကျခံစေရန်နှင့် ပုဒ်မ ၁၄(ဃ) အရ အလုပ်နှင့်ထောင်ဒဏ် ၂ နှစ် ကျခံစေရန်၊ မောင်ဝဲင်းမြင့်သည် ယင်းပြစ်ဒဏ် နှစ်ရပ်ကို တပေါင်းတည်း ကျခံစေရန်၊ မောင်အောင်ကြီး၊မောင်လှထွန်း၊ မောင်မောင်စိန်နှင့် မောင်စိန်ကျင့်တို့အပေါ် ယင်းဥပဒေပုဒ်မ ၆(ခ)/၁၁ အရအလုပ်နှင့် ထောင်ဒဏ်၆-နှစ်စီ ကျခံစေရန်၊ သက်သေခံ မော်တော်ယာဉ်အမှတ် ၈/၂၄၁၄ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။

မောင်မောင်စိန်၊ မောင်လှမင်း၊ မောင်မောင်မြင့်၊ မောင်အောင်ကြီးနှင့် မောင်စိန်ကျင့်တို့က မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံး၌ အယူခံဝင်ကြရာတွင် တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်နှင့် ပြစ်ဒဏ် သတ်မှတ်ချက်တို့ကို ပယ်ဖျက်ပြီး မောင်မောင်စိန်တို့ ၅-ဦးအပေါ် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၁၄(ဃ)အရ အလုပ်နှင့် ထောင်ဒဏ် ၃ နှစ်စီ ကျခံစေရန် ပြင်ဆင်ချက်ဖြင့် မောင်မောင်စိန်တို့ ၅ ဦး၏ အယူခံမှုကို ပယ်ခဲ့သည်။ မောင်စိန်ကျင့်နှင့် မောင်မောင်စိန် တို့က တိုင်းတရားရုံး၏အမိန့်ကို မကျေနပ်သောကြောင့် ဗဟို

၁၉၀၁ မောင်စိန်ကျင် မောင်မောင်စိန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

တရားရုံးသို့ မောင်စိန်ကျင်က ပြင်ဆင်မှုအမှတ် ၄၉၄ (ခ)/၇၉ အရ လည်းကောင်း၊ မောင်မောင်စိန်က ပြင်ဆင်မှုအမှတ် ၅၄၄ (ခ)/၇၉ အရ လည်းကောင်း ပြင်ဆင်မှုများ တင်သွင်းကြခြင်း ဖြစ်သည်။ ဤအမိန့်သည် ထိုပြင်ဆင်မှု နှစ်မှုစလုံးနှင့် အကျုံးဝင်စေရမည်။

လျှောက်ထားသူ မောင်စိန်ကျင်နှင့် မောင်မောင်စိန်တို့က ပြင်ဆင်မှု တင်သွင်းရာတွင် မိမိတို့လက်ဝယ်မှ ဘိန်းဖြူမှန့်များ ရှာဖွေတွေ့ရှိခဲ့ခြင်း မဟုတ်ကြောင်း၊ ဆေးစာတွင် မိမိတို့အား မူးယစ်ဆေးဝါးများ ရုံဖန်ရုံခါ သုံးစွဲသူများအဖြစ် ဖော်ပြထားကြောင်း၊ မူးယစ်ဆေးဝါးများ ရုံဖန်ရုံခါသုံးစွဲသူများအား အရေးယူအပြစ်ပေးနိုင်ရန် သက်ဆိုင်ရာမှ သီးခြားညွှန်ကြားချက်များ ထုတ်ပြန်ထားခြင်း မရှိကြောင်း၊ ယင်း အချက်များကို တိုင်းတရားရုံးက ထည့်သွင်းစဉ်းစားခြင်း မပြုသည်မှာ မှားယွင်းကြောင်းဖြင့် အဓိက အကြောင်း ပြချက်များအဖြစ် တင်ပြကြသည်။

၂၂-၄-၇၈ ရက်နေ့ည ၁၀ နာရီအချိန်ခန့်တွင် မောင်မောင်မြင့်က သာကေတမြို့တွင် နေထိုင်သည့် မောင်ဝင်းမြင့်ထံမှ ငွေကျပ် ၂၀၀၀/- တောင်းရန်အတွက် မော်တော်ယာဉ် အခက်အခဲ ရှိသောကြောင့် လျှောက်ထားသူ မောင်မောင်စိန်ထံ အကူအညီ တောင်းခံသည်။ မောင်မောင်စိန်ကဝင်း၏အစ်ကိုဖြစ်သူဦးအောင်တင်ပိုင်သည့် သက်သေခံ မော်တော်ယာဉ်အမှတ် ၈/၂၄၁၄ ဖြင့် ပို့ပေးခဲ့သည်။ အဆိုပါ မော်တော်ယာဉ်ပေါ်တွင် မောင်မောင်မြင့်၊ မောင်လှထွန်း၊ မောင်ဈေမင်း၊ မောင်အောင်ကြီးနှင့် မောင်စိန်ကျင်တို့ ပါရှိကြသည်။ မောင်မောင်မြင့်တို့က အနော်မာရပ်ကွက် ပြည်သူ့ကောင်စီရုံးသို့ဝင်ပြီး မောင်ဝင်းမြင့်ဆိုသူထံမှ ငွေကျပ် ၂၀၀၀/— ရယူရန်ရှိကြောင်းပြောပြီး အကူအညီတောင်းသဖြင့် ရပ်ကွက်ပြည်သူ့ကောင်စီ အတွင်းရေးမှူး ဦးသန်းမြင့် (လိုပြ-၁)တို့က မောင်ဝင်းမြင့်အား ခေါ်ယူပြီးဖြေရှင်းပေးခဲ့ကြသည်။ ထို့နောက် ဦးသန်းမြင့်နှင့်ဦးတင်မြင့် (လိုပြ-၂) တို့က မောင်ဝင်းမြင့်နှင့် မလှမြင့်တို့ ဇနီးမောင်နှံအား မောင်မောင်မြင့်တို့နှင့် လိုက်သွားရန် ထည့်လိုက်သည်။ မောင်မောင်မြင့်တို့သည် အဆိုပါကားဖြင့် ပြန်လာကြရာ လမ်းတွင် မောင်ဝင်းမြင့်တို့က ၎င်း၏မိတ်များထံမှ ငွေများ တောင်းပေးရန် ဖြစ်သော်လည်း အချိန်မမှီသဖြင့် ၎င်းတို့၏နေအိမ်မှ ရွှေထည်ပစ္စည်းများ ယူပေးမည် ဖြစ်ကြောင်း ပြောသောကြောင့် ဓမ္မာဝင်မောင်မြင့်တို့က သာကေတ အနော်မာရပ်ကွက်သို့ ပြန်လာကြ

သည်။ ရပ်ကွက်ပြည်သူ့ကောင်စီ အတွင်းရေးမှူး ဦးသန်းမြင့်တို့အဖွဲ့က အဆိုပါမော်တော်ယာဉ်ကို ထပ်မံတွေ့ရှိသောကြောင့် မသက်သာဖြင့် ရပ်တန့်ပြီး ရှာဖွေကြသောအခါ မော်တော်ယာဉ် နောက်ခန်း ကူရှင် အောက်မှ စက္ကူဖြင့်ထုပ်ထားသည့် ဘိန်းဖြူအထုပ်ငယ် ၉-ထုပ်ကို တွေ့ရှိခဲ့ကြသည်။ သက်သေခံပစ္စည်း ဘိန်းထုပ်များမှာမောင်ဝင်းမြင့်က ၎င်းပိုင်ပစ္စည်းများဖြစ်ကြောင်း ရှုံးချေတွင် ဝန်ခံထွက်ဆိုထားသည်။

၁၉၀၁ မောင်စိန်ကျင် မောင်မောင်စိန် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်

အထက်ဖော်ပြပါ သက်သေခံ အထောက်အထားများအရ မောင်ဝင်းမြင့်အပေါ် မြို့နယ်တရားရုံးက ပြစ်မှုထင်ရှားစီရင်ပြီး ပြစ်ဒဏ် ချမှတ်ခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။ မောင်ဝင်းမြင့်အနေဖြင့် မူးယစ်ဆေးဝါး ဘိန်းဖြူများကို လျှို့ဝှက်ပြီး ယူဆောင်လာခဲ့ခြင်းဖြစ်သဖြင့် မောင်မောင်စိန်နှင့် မောင်စိန်ကျင်တို့က သိရှိနိုင်မည် မဟုတ်ပေ။ သို့ဖြစ်၍ မောင်စိန်ကျင်နှင့် မောင်မောင်စိန်တို့ နှစ်ဦးသည် မောင်ဝင်းမြင့်က ဘိန်းဖြူမှုန့်များလက်ဝယ် ထားရှိခြင်းနှင့် ပတ်သက်၍ အားပေးကူညီခဲ့သည်ဟူ၍ ဆိုရန်ခဲယဉ်းနေပေသည်။ ယင်းအချက်များကို သုံးသပ်ပြီး တိုင်းတရားရုံးက မောင်စိန်ကျင်နှင့် မောင်မောင်စိန်တို့ ၂ ဦးအပေါ် မြို့နယ်တရားရုံး၏ ပြစ်မှုထင်ရှားစီရင်သည့် အမိန့်ကို ပယ်ဖျက်ခဲ့သည်မှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

သက်သေခံအမှတ် (စ၅-၆) နှင့် (စ၅-၄) တို့မှာ မောင်စိန်ကျင်နှင့် မောင်မောင်စိန်တို့အား သက်ဆိုင်ရာ ဆရာဝန်က စစ်ဆေးထားသည့် ဆေးစစ်ချက်မှတ်တမ်းများ ဖြစ်သည်။ ယင်းမှတ်တမ်းများတွင် မောင်စိန်ကျင်နှင့် မောင်မောင်စိန်တို့သည် မူးယစ်ဆေးဝါးများကို ရံဖန်ရံခါ သုံးစွဲသူများဖြစ်ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ဆရာဝန်၏ ထင်မြင်ချက်သည် ဓာတုဗေဒဝန်၏ ထင်မြင်ချက်မျိုး မဟုတ်ပေ။ ယင်းထင်မြင်ချက်ပါ ကိစ္စနှင့်ပတ်သက်၍ ဆရာဝန်အား စစ်ဆေးရန် လိုအပ်ပေသည်။ သို့ရာတွင် အမှုဌာန သက်ဆိုင်ရာဆရာဝန်အား သက်သေအဖြစ် တင်ပြခဲ့ခြင်းမရှိပေ။ သို့ဖြစ်၍ ဆေးစာကို အခြေခံအထောက်အထားတစ်ရပ်အဖြစ် အမှုတွင် အသုံးချနိုင်မည် မဟုတ်ပေ။

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၄(ဂ)တွင် မူးယစ်ဆုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါး ရံဖန်ရံခါ သုံးစွဲသူများအား ကုသပေးရေးနှင့်ပတ်သက်၍ အစိုးရက လိုအပ်သောညွှန်ကြားချက်များ ထုတ်ပြန်ပြီး လိုအပ်သောအစီအစဉ်များ ချ

၁၉၇၂

မောင်စိန်ကျင်
မောင်မောင်
စိန်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

မှတ်ဆောင်ရွက်နိုင်သည်ဟူ၍လည်းကောင်း၊ယင်းနည်းဥပဒေ အပိုဒ် ၇၀ တွင် မည်သူမဆို ဥပဒေပုဒ်မ ၁၄ အရ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို အသုံးပြုသုံးစွဲနေသူများ၊ သို့မဟုတ် ရံဖန်ရံခါ သုံးစွဲနေသူများအား ဆေးကုသရေးနှင့်စပ်လျဉ်း၍ ဒေါ်စိုးရက အခါအားလျော်စွာထုတ်ပြန်သည့် မည်သည့်ညွှန်ကြားချက်ကိုမဆို လိုက်နာရန် ပျက်ကွက်လျှင် ကောင်းဇော် အနည်းဆုံး ၆ လမှ အများဆုံး ၃ နှစ် အထိ အပြစ်ဒဏ်ပေးခြင်း ခံရမည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများကို အမြဲသုံးစွဲနေသူများအား ဆေးကုသရေးနှင့်စပ်လျဉ်း၍ အစိုးရက လိုက်နာရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားပြီးဖြစ်ကြောင်း တွေ့ရသည်။ သို့ရာတွင် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးကို ရံဖန်ရံခါ သုံးစွဲနေသူများအား ဆေးကုသရေးနှင့်စပ်လျဉ်း၍ အစိုးရက အခါအားလျော်စွာ လိုက်နာရန် ညွှန်ကြားချက်များ ထုတ်ပြန်ထားကြောင်း မတွေ့ရပေ။ ထို့ကြောင့် မူးယစ်ဆေးဝါးများ ရံဖန်ရံခါသုံးစွဲသူများအား မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေပုဒ်မ ၁၄ (ဃ) အရ ပြစ်မှုထင်ရှားစီရင်ရန် မဖြစ်နိုင်ပေ။ ယင်းအချက်နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအတွက် လိုက်ပါဆောင်ရွက်သော ဥပဒေဝန်ထမ်းအဆင့်(၁)ကလည်း ဝန်ခံထားသည်။ သို့ဖြစ်၍ မောင်စိန်ကျင်နှင့် မောင်မောင်စိန်တို့နှစ်ဦးအပေါ် တိုင်းတရားရုံးက ပြစ်မှုထင်ရှား စီရင်ပြီး ပြစ်ဒဏ်အမိန့် ချမှတ်ခဲ့သည်မှာ ဥပဒေအရ မှားယွင်းနေပေသည်။

သက်သေခံမော်တော်ယာဉ်အမှတ် ငု/၂၄၁၇ မှာ လျှောက်ထားသူ မောင်မောင်စိန်ပိုင်သည့် မော်တော်ယာဉ်မဟုတ်ပဲ မောင်မောင်စိန်၏အစ်ကိုဖြစ်သူ ဦးအောင်ကင်ပိုင်သည့် မော်တော်ယာဉ်ဖြစ်ကြောင်း တွေ့ရသည်။ မောင်ဝင်းမြင့်လက်ဝယ်တွင် တွေ့ရှိသည့် မူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ မောင်မောင်စိန်က သိလျက်နှင့်၊ သို့မဟုတ် ထိုကဲ့သို့သိရှိရန် အကြောင်းရှိလျက်နှင့် မောင်ဝင်းမြင့်အား အားပေးကူညီခဲ့ကြောင်း မပေါ်လွင်သည့်အတွက် သက်သေခံမော်တော်ယာဉ်ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် ချမှတ်ထားသည့် မြို့နယ်တရားရုံး၏ အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် တိုင်းတရားရုံး၏ အမိန့်များသည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

၁၉၈၁

မောင်စိန်ကျင်

မောင်မောင်

စိန်

နှင့်

ပြည်ထောင်စု

ဆိုရှယ်လစ်

သမ္မတ

မြန်မာနိုင်ငံ

တော်

သို့ဖြစ်၍ လျှောက်ထားသူ မောခ်စိန်ကျင်နှင့် မောင်မောင်စိန်တို့အပေါ် ပြစ်မှုထင်ရှားစီရင်သည့် တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး မောင်စိန်ကျင်တို့နှစ်ဦးအား အမှုမှ အပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည်။

သက်သေခံပစ္စည်း မော်တော်ယာဉ်အပေါ် ချမှတ်ထားသည့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်မျှားကို ပယ်ဖျက်ပြီး သက်သေခံမော်တော်ယာဉ်ကို မောင်မောင်စိန်အား ပြန်လည်ထုတ်ပေးရန် အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ အထွေထွေမှု

ဥက္ကဋ္ဌအဖြစ်သူရဦးအောင်ဖေ၊အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော မဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၈၁
ဇန်နဝါရီလ
၁၄ရက်

ဦးဉာဏ်ပါ(၂) ဦး
နှင့်
ဦးမောင်မောင်ကြီး*

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ နှင့် ပုဒ်မ ၂၁၁ အရ တရားစွဲဆိုလျှင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က)နှင့် ၁၉၅(၁)(ခ)ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ အရေးယူရမည့် ကိစ္စတွင် သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၊သို့မဟုတ် သူ့အထက် ပြည်သူ့ဝန်ထမ်းက စာဖြင့် ရေးသားတိုင်တန်း စွဲဆိုရပေသည်။ ထို့အတူ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ အရေးယူရမည့် ကိစ္စတွင် သက်ဆိုင်ရာ တရားရုံး၊ သို့မဟုတ် ထိုတရားရုံး၏ အထက်တရားရုံးက စာဖြင့် ရေးသား တိုင်တန်း စွဲဆိုရပေသည်။ ထိုသို့ ပြည်သူ့ဝန်ထမ်းက သော် လည်းကောင်း၊ တရားရုံးကသော်သည်းကောင်း စာဖြင့် ရေးသား တိုင်တန်းစွဲဆိုခြင်း မရှိလျှင် အဆိုပါ ပြစ်မှုများကို မည်သည့် တရားရုံးကမျှ လက်ခံ အရေးယူပိုင်ခွင့် မရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က)နှင့် ပုဒ်မ ၁၉၅(၁)(ခ) အသီးသီးတွင် တားမြစ်ထားသည်။

ဦးမောင်မောင်ကြီးက ဦးဉာဏ်နှင့် ဒေါ်စောရီတို့အပေါ် စွဲဆိုသော အမှုကို မြို့နယ်တရားရုံးက လက်ခံ အရေးယူခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁)(က)နှင့် ပုဒ်မ ၁၉၅(၁)(ခ) ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက်ရှိသည်မှာ ထင်ရှားသည်။

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်ထားမှုအမှတ် ၄၂။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၆၉ တွင် ချမှတ်သော ပုဇွန်တောင်မြို့နယ် တရားရုံး၏ အမှုကို ပယ်ဖျက်ပေးရန် လျှောက်ထားမှု။

လျှောက်ထားသူအတွက် — ဒေါ်စိန်မမ၊ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးကျော်ဇံဦး၊ ဗဟိုတရားရုံးရှေ့နေ။

၁၉၈၁
ဦးဉာဏ်ပါ (၂)၊ ဦးနှင့် ဦးမောင်မောင်ကြီး

ဦးဉာဏ်နှင့် ဇနီး ဒေါ်စောရီတို့အပေါ် ဦးမောင်မောင်ကြီးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂/၂၁၁/၁၂၀ (ခ)/၁၀၉ များအရ ပုဇွန်တောင်မြို့နယ် တရားရုံး ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၆၆၉ ၌ တရားစွဲဆိုထားရာ ထိုအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁—က အရ ပယ်ဖျက်ပေးရန် ဦးဉာဏ်နှင့် ဒေါ်စောရီတို့က ဗဟိုတရားရုံးသို့ လျှောက်ထားကြသည်။

ဗဟန်းမြို့နယ် တရားရုံး၊ ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၀၅၀ ၌ ဦးဉာဏ်က ဦးမောင်မောင်ကြီးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ တိုက်ရိုက် တရားစွဲဆိုသည်။ ဤသို့ တရားစွဲဆိုခြင်းသည် ဦးဉာဏ်နှင့် ဇနီး ဒေါ်စောရီတို့က ဦးမောင်မောင်ကြီးအား နစ်နာစေရန် အကြံဖြင့် မဟုတ်မမှန် လည်ဆယ်၍ တရားစွဲဆိုခြင်း ဖြစ်သောကြောင့် ဦးဉာဏ်နှင့် ဒေါ်စောရီတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂/၂၁၁/၁၂၀(ခ)/၁၀၉ များအရ အရေးယူပေးရန် ဦးမောင်မောင်ကြီးက ပုဇွန်တောင်မြို့နယ် တရားရုံး ၁၉၇၉ ခုနှစ် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၆၉ ၌ တိုက်ရိုက် တရားစွဲဆိုသည်။ မြို့နယ်တရားရုံးက ဦးမောင်မောင်ကြီးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်မေးပြီးနောက် ဦးဉာဏ်နှင့် ဒေါ်စောရီတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂/၂၁၁/၁၂၀ (ခ)/၁၀၉ များအရ အရေးယူရန် အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၈၂ အရ အရေးယူရမည့် ကိစ္စတွင် သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၊သို့မဟုတ် သူ့အထက် ပြည်သူ့ဝန်ထမ်းက စာဖြင့် ရေးသားတိုင်တန်း စွဲဆိုရပေသည်။ ထို့အတူ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၁၁ အရ အရေးယူရမည့် ကိစ္စတွင် သက်ဆိုင်ရာ တရားရုံး၊ သို့မဟုတ် ထိုတရားရုံး၏ အထက်တရားရုံးက စာဖြင့် ရေးသားတိုင်တန်း စွဲဆိုရပေသည်။ ထိုသို့ ပြည်သူ့ဝန်ထမ်းက သော်လည်းကောင်း၊ တရားရုံးကသော်လည်းကောင်း စာဖြင့် ရေးသားတိုင်တန်း စွဲဆိုခြင်း မရှိလျှင် အဆိုပါ ပြစ်မှုများကို မည်သည့် တရားရုံးကမျှ လက်ခံ အရေးယူပိုင်ခွင့် မရှိကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ

၁၉၅(၁)(က)နှင့် ပုဒ်မ ၁၉၅(၁) (ခ) အသီးသီးတွင် တားမြစ်ထားသည်။

၁၉၈၁

ဦးဉာဏ်ပါ (၂) ဦးနှင့် ဦးမောင်မောင်ကြီး

ဦးမောင်မောင်ကြီးက ဦးဉာဏ်နှင့် ဒေါ်စောရီတို့အပေါ် စွဲဆိုသော အမှုကို မြို့နယ်တရားရုံးက လက်ခံ အရေးယူခဲ့ခြင်းသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(က)နှင့်ပုဒ်မ ၁၉၅(၁)(ခ)ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်လျက်ရှိသည်မှာ ထင်ရှားသည်။

ဦးဉာဏ်နှင့် ဒေါ်စောရီတို့အပေါ် အရေးယူထားသည့် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၂၀(ခ)/၁၀၉ တို့သည် မူလပုဒ်မ ၁၈၂/၂၁၁ တို့အတွက် ပြစ်မှုမကင်းသော ပူးပေါင်း ကြံစည်မှုနှင့် အားပေးကူညီမှုအဖြစ် ပူးတွဲထားခြင်းသာ ဖြစ်ရာ ပုဒ်မ ၁၈၂/၂၁၁ တို့အရ အရေးမယူနိုင်လျှင် ပုဒ်မ ၁၂၀ (ခ)/၁၀၉ တို့အရလည်း အရေးမယူနိုင်တော့ချေ။

အထက်ပါအကြောင်းများကြောင့် ဦးဉာဏ်နှင့် ဒေါ်စောရီတို့၏ လျှောက်လွှာကို ခွင့်ပြု၍ သူတို့အပေါ် စွဲဆိုထားသော ပုဇွန်တောင် မြို့နယ်တရားရုံး ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၆၉ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁–က အရ ပယ်ဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးမန်းစံမြတ်ရှေ့၊ အမွဲဝင်များအဖြစ်ဦးစိုးရှိုင်နှင့်ဦ၊ တင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအမွဲရှေ့တွင်

မတင်ရီ

မောင်ထွေး

မောင်တင်အောင်

မောင်စံသိန်း

နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

† ၁၉၈၁

ဧပြီလ

၉ ရက်

သက်သေခံဥပဒေပုဒ်မ ၃၂ (၃)— သေသူ တရားခံ၏ ဖြောင့်ချက်ကို ပူးတွဲတရားခံများအပေါ် ထည့်သွင်းစဉ်းစားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။လူတစ်ယောက်၏ ပြောဆိုချက်သည် ၎င်းအား ပြစ်မှုကြောင်းအရ တရားစွဲဆိုနိုင်လောက်လျှင် သက်သေခံဥပဒေပုဒ်မ ၃၂ (၃)အရ သက်သေခံဝင်ပေသည်။ သေဆုံးသူ တရားခံတစ်ဦးက မိမိနှင့် အခြားသူများပါ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည်ဟု ဖြောင့်ချက်၌ ဝန်ခံထားလျှင် ယင်းဖြောင့်ချက်သည် သက်သေခံ ဥပဒေပုဒ်မ ၃၂(၃) အရ သက်သေခံဝင်သည်သာမက ဖြောင့်ချက်ပေးသူ တရားခံ သေဆုံးသွားသဖြင့် ၎င်းအား ပူးတွဲ တရားခံများနှင့် တစ်မှုတည်း ပူးပေါင်းစစ်ဆေးခြင်း မပြုနိုင်သည်ကို အကြောင်းပြ၍လည်း သေဆုံးသူ တရားခံ၏ ဖြောင့်ချက်ကို သက်သေခံမဝင်ဟု မဆိုနိုင်ပေ။ ဖြောင့်ချက်ပေးသူ တရားခံသေဆုံးစေကာမူ ၎င်း၏ ဖြောင့်ချက်သည် သက်သေခံဥပဒေပုဒ်မ ၃၂(၃)အရ သက်သေခံဝင်သည်သာဖြစ်သည်။

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၇၉(ခ)၊ ၃၈၀(ခ)၊ ၃၈၁(ခ)၊ ၃၈၇(ခ)။

† ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၄၅၂ နှင့် ၄၅၃ / ၄၆၇ နှင့် ၅၅၇ တို့တွင် ချမှတ်သော (၇-၇-၇၈) / (၂၁-၈-၇၈) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားသူအတွက် —မြင်းခြံအကျဉ်းထောင်မှ။

လျှောက်ထားခံရသူအတွက် —ဦးဖိုးချမ်းအေး၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။

၁၉၈၁

မတင်ရီ

မောင်ထွေး

မောင်တင်အောင်

မောင်စံသိန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နွားထိုးကြီးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၃၉၉/၇၅ တွင် မောင်ထွေး၊ မောင်စံသိန်း၊ မောင်တင်အောင်၊ မောင်ဘိုးဆောင်းနှင့် မောင်မြထွန်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ အရ ထောင်ဒဏ်(၇)နှစ်စီ ကျခံစေရန်နှင့် မတင်ရီအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၁၂ အရ ထောင်ဒဏ်(၁)နှစ်ကို ပုဒ်မ ၄၁၄ အရ ထောင်ဒဏ်(၃) နှစ်နှင့်အတူ တပေါင်းတည်းကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို မောင်ထွေး၊ မောင်စံသိန်း၊ မောင်တင်အောင်နှင့် မတင်ရီတို့က မကျေနပ်၍ မန္တလေးတိုင်းတရားရုံး၌ အမှုအမှတ် ၄၅၂/၇၈၊ ၄၅၃/၇၈၊ ၄၆၇/၇၈ နှင့် ၅၅၇/၇၈ တို့အရ အယူခံဝင်ရောက်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံး၌ ဤပြင်ဆင်မှုများကို တင်သွင်းခြင်းဖြစ်သည်။ မူလအမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသော အမှုများဖြစ်၍ ဤအမိန့်သည် ပြင်ဆင်မှုအားလုံးနှင့် အကျုံးဝင်စေရမည်။

အမှုမှာ ၁၇-၈-၇၅ နေ့ ည ၁၀ နာရီအချိန်က နွားထိုးကြီးမြို့၊ အမှတ်(၅)ရပ်နေ ဦးထွန်းမြိုင်၏ နေအိမ်သို့ သေနှတ် လက်နှက်ကိုင် လူဆိုးများ ဝင်ရောက်ပြီး ရေ ငွေ အဝတ်အထည် ပစ္စည်း ၂ သောင်းကျော်ဖိုး လုယူခဲ့သောအမှုဖြစ်သည်။ ထိုအမှုတွင် လုယက်သူ လူဆိုးများကို အိမ်ရှင်များက မှတ်မိခြင်းမရှိချေ။ သို့ရာတွင် အခင်းဖြစ်ပြီးနောက်တနေ့ ၁၈-၈-၇၅ ရက်နေ့တွင် ရဲအုပ်ဦးဘရွှေသည် ယခင်က ဒမြမှု ကျူးလွန်ခဲ့ဖူးသူ မောင်မှုံနှင့် မောင်မြထွန်းတို့အား မြင်းခြံမြို့၊ ပြည်တော်သာကားဂိတ်၌ မသင်္ကာဖွယ်ရာ တွေ့ရှိသဖြင့် ရှာဖွေရာတွင် မောင်မှုံထံမှ ရွှေထည်ပစ္စည်းမြောက်မြားစွာနှင့် မောင်မြထွန်းထံမှလည်း ငွေဒင်္ဂါးများနှင့် ငွေစက္ကူများ တွေ့ရှိသိမ်းဆည်း ရမိခဲ့သည်။ ထို့ကြောင့် မောင်မှုံနှင့် မောင်မြထွန်းတို့အား အလိုရှိ မရှိ ရဲအုပ်ဦးဘရွှေက နွားထိုးကြီးရဲစခန်းသို့ အကြောင်းကြားလိုက်ရာမှ ၎င်းတို့အား နွားထိုးကြီးရဲစခန်းမှ လာရောက် လွှဲယူပြီးနောက် မောင်မှုံ၏ အစစ်ခံချက်အရ တိုက်ရာပါပစ္စည်းများကို ရောင်းထားသည် ဆိုသောနေရာ အသီးသီးမှ သိမ်းဆည်းရမိခဲ့သည်။ ၂၀-၈-၇၅ နေ့တွင် မောင်မှုံက မြို့နယ်တရားစီရင်ရေးအဖွဲ့ရှေ့၌ ဖြောင့်ချက်ပေးသဖြင့် မောင်မှုံ၊ မောင်

ထွေး၊ မောင်ဘိုးဆောင်း၊ မောင်မြထွန်း၊ မတင်ရီ၊ မောင်စံသိန်းနှင့် မောင်တင်အောင်တို့အပေါ် အခင်းဖြစ် ဒမြမှုဖြင့် တရားစွဲဆိုတင်ပို့သောအမှုဖြစ်သည်။

၁၉၈၁
မတင်ရီ
မောင်ထွေး
မောင်တင်
အောင်
မောင်စံသိန်း
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

မောင်မှုံမှာ အမှုစစ်ဆေးနေစဉ်အတွင်း ၎င်းအပေါ် စွဲချက်မှတင်မီ သေဆုံးသွားခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် သေဆုံးသွားသူ တရားခံ မောင်မှုံ၏ ဖြောင့်ချက်သည် တရားမဝင်၊ အတည်မှုဖြစ်သဖြင့် ယင်းဖြောင့်ချက်ကို အသုံးပြု၍ ပူးတွဲတရားခံများဖြစ်ကြသော လျှောက်ထားသူများအပေါ် ပြစ်မှုထင်ရှား မစီရင်နိုင်ကြောင်း ဤပြင်ဆင်မှုများ၌ အဓိကအကြောင်းပြ လျှောက်ထားသည်။

လူတစ်ယောက်၏ပြောဆိုချက်သည် ၎င်းအား ပြစ်မှုကြောင်း အရ တရားစွဲဆိုနိုင်လောက်လျှင် သက်သေခံ ဥပဒေပုဒ်မ ၃၂ (၃) အရ သက်သေခံဝင်ပေသည်။ သေဆုံးသူတရားခံတစ်ဦးက မိမိနှင့် အခြားသူများပါ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သည်ဟု ဖြောင့်ချက်၌ ဝန်ခံထားလျှင် ယင်းဖြောင့်ချက်သည် သက်သေခံ ဥပဒေပုဒ်မ ၃၂ (၃) အရ သက်သေခံဝင်သည်သာမက ဖြောင့်ချက်ပေးသူတရားခံ သေဆုံးသွားသဖြင့် ၎င်းအား ပူးတွဲတရားခံများနှင့် တစ်မှုတည်း ပူးပေါင်းစစ်ဆေးခြင်းမပြုနိုင်သည်ကို အကြောင်းပြ၍လည်း သေဆုံးသူ တရားခံ၏ ဖြောင့်ချက်ကို သက်သေခံမဝင်ဟု မဆိုနိုင်ပေ။ ဖြောင့်ချက် ပေးသူ တရားခံသေဆုံးစေကာမူ ၎င်း၏ဖြောင့်ချက်သည် သက်သေခံ ဥပဒေပုဒ်မ ၃၂ (၃) အရ သက်သေခံဝင်သည်သာ ဖြစ်သည်။ ထို့ကြောင့် မောင်မှုံ၏ ဖြောင့်ချက်သည် ဥပဒေအရ သက်သေခံဝင်သည် ဖြစ်၍ ပူးတွဲတရားခံများဖြစ်ကြသော လျှောက်ထားသူများ အပေါ် ထည့်သွင်းစဉ်းစားရမည်သာ ဖြစ်ပေသည်။

သို့ရာတွင် တရားခံတစ်ဦး၏ ဖြောင့်ချက်သည် ပူးတွဲစွဲဆိုခြင်း ခံရသော အခြားတရားခံများအား အပြစ်ပေးနိုင်လောက်အောင် ခိုင်လုံသော သက်သေခံ အထောက်အထားကား မဟုတ်ပေ။ ပူးတွဲတရားခံများအပေါ် အခြားသက်သေခံချက်များရှိ၍ ထိုသက်သေခံချက်များ ရှိသည်နှင့် အမျှ အနည်းငယ်သံသယရှိနေပါက အဆိုပါ ဖြောင့်ချက် ပေးသူ တရားခံ၏ဖြောင့်ချက်ကို ပူးတွဲတရားခံများ အပြစ် ရှိမရှိ ဆုံးဖြတ်ရာ၌ အထောက်အထား အကူအညီအဖြစ်ဖြင့်သာ ထည့်သွင်းစဉ်းစားရန်ဖြစ်ပေသည်၊

၁၉၈၁
မတင်ရီ
မောင်ထွေး
မောင်တင်အောင်
မောင်စံသိန်းနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ဤအမှုတွင် မောင်မှုံ၏ ဖြောင့်ချက်အရ အချင်းဖြစ် ဒမြတိုက်မှု ကျူးလွန်ရာ၌ မောင်ထွေး၊ မောင်စံသိန်း၊ မောင်မြထွန်း၊ မောင်ဘိုးဆောင်း၊ မောင်အောင်ငွေ၊ မောင်ကျောက်ခဲ၊ မောင်တင်အောင်နှင့် မောင်တင်အုန် တို့ ပါဝင်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ သို့ရာတွင် မောင်တင်အောင်တံမှ ဒမြတိုက်ရာပါပစ္စည်း တစုံတရာ ဖမ်းဆီးရမိခြင်းလည်း မတွေ့ရပေ။ ဒူလဘိုရွာသို့ သတင်း စုံစမ်းရန် ရောက်ရှိလာသူ မြင်းခြံမြို့၊ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်း ဒုတပ်ကြပ် မောင်ညိုဝင်း (လိုပြ-၁၈)သည် မောင်တင်အောင်ကို မသင်္ကာဖွယ်ရာတွေ့သဖြင့် မေးမြန်းရာ၌ မောင်တင်အောင်က နာမည်လွှဲ၍ ပြောခြင်း၊ စခန်းသို့ခေါ်ဆောင်ရာ၌ ရှန်းကန်ထွက်ပြေးသဖြင့် သေနတ်ပစ်ဖောက် ဖမ်းဆီးရခြင်း စသည့် အကြောင်းအချက်မျှသာ ငြိစွန်းမှုရှိကြောင်းတွေ့ရသည်။ မောင်တင်အောင်ထံမှ ကျောက်နီ တစ်လုံးနှင့် လက်ပတ်နာရီတစ်လုံး သိမ်းဆည်းရမိသည်ဟု ဆိုသော်လည်း ယင်းပစ္စည်းများမှာ တိုက်ရာပါပစ္စည်းများဖြစ်ကြောင်းမည်သူကမျှကောက်ခံထွက်ဆိုနိုင်ခြင်းမရှိပေ။ မောင်တင်အောင်သည် နာမည်လွှဲပြောခြင်း၊ ရှန်းကန် ထွက်ပြေးခြင်းတို့ကြောင့် ၎င်းသည် ဒမြတိုက်ရာတွင် ပါဝင်သည်ဟု သင်္ကာမကင်းဖွယ်ရာ မျှသာလည်း ထိုသို့ မသင်္ကာဖွယ်ရာ ရှိရုံမျှဖြင့် ၎င်းအပေါ် ပြစ်မှုထင်ရှားတွေ့ရှိရန်မိုင်လုံသည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူ မောင်ထွေးနှင့်ပတ်သက်၍လည်း ၎င်း၏နေအိမ်မှ ငွေစက္ကူ ကျပ် ၁၄၁/-ကို ဒု-ရဲအုပ် ဦးချော (လိုပြ-၁၅)က သိမ်းဆည်းရမိခဲ့သည်ဟူသောအချက်မှအပ ၎င်းအပေါ် ငြိစွန်းသော အခြားသက်သေခံချက် တစုံတရာမရှိပေ။ သို့ရာတွင် ယင်းငွေစက္ကူများမှာ ဒမြတိုက်ရာပါပစ္စည်းများဖြစ်ကြောင်း မည်သူ၏စွပ်စွဲချက်မျှ မရှိပေ။ ထို့ကြောင့်လည်း မောင်မှုံ၏ ဖြောင့်ချက်ကို ပယ်ထုတ်လိုက်ပါက မောင်ထွေးအပေါ် ငြိစွန်းသော အခြားသက်သေခံချက် တစုံတရာ မရှိကြောင်း တွေ့ရသည်။

လျှောက်ထားသူ မောင်စံသိန်းနှင့်ပတ်သက်၍မူ ဒု-ရဲအုပ် ဦးမောင်မောင်(လိုပြ-၁၆)လာရောက်၍ ပစ္စည်းထုတ်ပေးရန် ပြောဆိုစဉ်က မောင်စံသိန်း၏မီခင် ဒေါ်ငွေစီ (လိုပြ-၁၃)က အိမ်ပေါက်ကျောက်ပြင်အောက်မှ ဆွဲကြိုးအပြတ်တစ်ကုံး ထုတ်ပေးလိုက်သည်ဟူသော အချက်နှင့် ယင်းဆွဲကြိုးမှာ ဒမြတိုက်ရာ၌ပါသွားသောပစ္စည်းဖြစ်ကြောင်း မလှသန်း(လိုပြ-၈)က ဆွဲပြခဲ့သည်ဟူသော ငြိစွန်းချက်

များ တွေ့ရှိရသည်။ မောင်စံသိန်းက ယင်းဆွဲကြိုးအပြတ်မှာ ဓိမိနှင့် အိမ်ထောင်ခဲ့နေသူ မိခင်ဒေါ်ငွေစိတ်မှ သိမ်းဆည်းရမိခြင်းဖြစ်၍ မိမိနှင့် မသက်ဆိုင်ကြောင်း ငြင်းဆိုသော်လည်း ယင်း ထုချေချက်မှာ နောက်မှအကြံရ၍ ထုချေခြင်းဖြစ်ကြောင်း အမှုတွဲ၌ ပေါ်လွင်သည်ကို တွေ့ရသည်။ သို့ဖြစ်၍ ယင်းငွိစွန်းချက်များနှင့် မောင်မှံ၏ ဖြောင့်ချက်ပါ အကြောင်းအချက်များကို ပေါင်းစပ်စဉ်းစားသော် လျှောက်ထားသူ မောင်စံသိန်းသည် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ကြောင်းမှာ ထင်ရှားပေါ်လွင်သည်။

လျှောက်ထားသူ မတင်ရီနှင့်ပတ်သက်၍ မတင်ရီလာရောက် ဆောင်းချသည်ဆိုသော ရွှေဆွဲကြိုးကို ဝယ်ယူသူ ပန်းထိမ်ဆရာ ဦးသန်းညွှန့် (လိုပြ-၁၁)ထံမှ သိမ်းယူ၍ ပစ္စည်းပိုင်ရှင် မလှသန်း (လိုပြ-၈)အား ရောနှောပြသရာတွင် မလှသန်းက မှန်ကန်စွာ ဆွဲပြနိုင်ခဲ့ကြောင်းမှာ လည်းကောင်း၊ မတင်ရီလာရောက်ဆောင်းသည်ဆိုသော ကျောက်နီတစ်လုံးတပ်လက်စွပ်၊ မောင်နှံခုနစ်ဖော်လက်စွပ်၊ ရွှေဆွဲကြိုးအပြတ်တစ်ခုတို့ကို ဝယ်ယူသူ ပန်းထိမ်ဆရာ ဦးမျိုးမင်းညွှန့်(လိုပြ-၁၂)ထံမှ သိမ်းယူ၍ ပစ္စည်းများ ရောနှောပြသစေရာတွင် ပစ္စည်းပိုင်ရှင် မလှသန်း လိုပြ(-၈)နှင့် မစန်း(လိုပြ-၉)တို့က မှန်ကန်စွာ ဆွဲပြနိုင်ခဲ့ကြောင်းမှာ လည်းကောင်း အမှုတွဲ၌ ပေါ်လွင်သည်ကို တွေ့ရသည်။ မတင်ရီက ထိုသို့ ပစ္စည်းများမရောင်းရကြောင်း၊ တရားခံ မောင်မှံနှင့် မောင်ဘိုးဆောင်းတို့ကိုသာ ရွှေဆိုင်သို့ လိုက်ပို့ခဲ့ခြင်းဖြစ်ကြောင်း ထုချေတင်ပြသော်လည်း အထောက်အထားခိုင်လုံစွာ တင်ပြနိုင်ခြင်းမရှိပေ။ သို့ဖြစ်၍ မတင်ရီသည် ဒမြတိုက်ရာပါပစ္စည်းများကို ဖျောက်ဖျက်ရာတွင် ပါဝင်ကူညီခဲ့ကြောင်း ပေါ်လွင်သည်ကို တွေ့ရသည်။ သို့ရာတွင် မတင်ရီထံမှ တွေ့ရှိ သိမ်းဆည်းရမိသော ကျောက်ကြယ်သီး (၅)လုံးနှင့် ပတ်သက်၍မူ ခိုးရာပါပစ္စည်းဖြစ်ကြောင်း စုံစမ်းချက် တစုံတရာမရှိသဖြင့် ယင်းပစ္စည်းတွေ့ရှိမှုကို အခြေခံ၍ မတင်ရီအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၁၂ အရ ခိုးရာပါပစ္စည်းလက်ခံမှုဖြင့် ပြစ်မှုထင်ရှား စီရင်သင့်သည် မဟုတ်ပေ။

ထို့ကြောင့် လျှောက်ထားသူ မောင်စံသိန်းအပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးများမှ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်တို့ကို အတည်ပြု၍ ပြင်ဆင်မှုအမှတ် ၃၀၇(ခ)/၇၀ ကို ပလပ် လိုက်သည်။ သို့ရာတွင် မောင်စံသိန်းသည် နိုင်ငံတော်ကောင်စီ၏ အမိန့်

အမှတ် ၂/၈၀ (လုတ်ငြိမ်းချမ်းသာခွင့်အမိန့်)ပါ အကျိုးခံစားခွင့်များကို ရရှိသူဖြစ်၍ ထောင်ဒဏ် (၃)နှစ်သာ ကျခံစေရမည်။

၁၉၀၁ မတင်ရီ မောင်ထွေး နှင့် မောင်တင်အောင် မောင်စံသိန်း နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

လျှောက်ထားသူ မတင်ရီနှင့်ပတ်သက်၍ ပြင်ဆင်မှုအမှတ် ၃၂၉ (ခ)/၇၈ ကို လက်ခံပြီး ၎င်းအပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးများမှ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၁၄ အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်တို့ကို အကည်ပြု၍ ပုဒ်မ ၄၁၂ အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်တို့ကို ပယ်ဖျက်လိုက်သည်။

လျှောက်ထားသူ မောင်ထွေး၊ မောင်တင်အောင်တို့နှင့်ပတ်သက်၍ ပြင်ဆင်မှုအမှတ် ၃၀၀(ခ)/၇၈ နှင့် ၃၀၁(ခ)/၇၈ တို့ကို လက်ခံပြီး ၎င်းတို့အပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှက်ချက်တို့ကို ပယ်ဖျက်၍ အမှုမှအပြီးအပြတ်လွှတ်ကြောင်း အမိန့်ချမှတ်သည်။

သက်သေခံအမှတ် (စ. ၃) အရ သိမ်းဆည်းသော သက်သေခံငွေကျပ် ၁၄၁/- ကို လျှောက်ထားသူ မောင်ထွေးအားလည်းကောင်း၊ သက်သေခံအမှတ် (တ) အရ သိမ်းဆည်းသော သက်သေခံပစ္စည်းကျောက်နီတစ်လုံးနှင့် ရိုးမားလက်ပတ်နာရီတစ်လုံးကို လျှောက်ထားသူ မောင်တင်အောင်အားလည်းကောင်း၊ သက်သေခံအမှတ်(စ)အရ သိမ်းဆည်းထားသော ကျောက်ကြယ်သီး (၅)လုံးကို လျှောက်ထားသူ မတင်ရီအားလည်းကောင်း ပြန်လည်ထုတ်ပေးစေရမည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲဝင်များအဖြစ် ဦးခင်ဇောမုံနှင့် ဦးထွန်းရှိန် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ချွေ့တွင်

ကိုတင်ရွှေ
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဒေါ်အမာ *

† ၁၉၀၁
ဒီဇင်ဘာလ
၂၃ ရက်

ပြစ်မှုနှင့်ပတ်သက်သော သက်သေခံပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ စီမံဆောင်ရွက်ရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာတရားရုံး၌ ပြစ်မှုနှင့် ပတ်သက်၍ သက်သေခံအဖြစ် တင်ပြထားသော ပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့်အညီ တရားရုံးက စီမံဆောင်ရွက်ရပေမည်။ အချင်းဖြစ်ပစ္စည်းများကို ပိုင်ရေးပိုင်ခွင့်နှင့်ပတ်သက်၍ တရားမကြောင်းအရ တရားမရုံးက အဆုံးအဖြတ်ပေးရမည် ဖြစ်ပေသည်။

လျှောက်လွှာသူအတွက် — ဦးဘစိန်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်းအဆင့်(၁)။
ဦးအုံကျော်၊ ဗဟိုတရားရုံးရှေ့နေ။

မကွေးမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၆၁/၇၂ တွင် ကိုတင်ရွှေ(ခ) သန်းထွန်းမင်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ ဒဏ်ငွေ ကျပ် ၇၅/- ပေးဆောင်စေ၊ မပေးဆောင်ပါက ထောင်ဒဏ်(၃)လ ကျခံစေရန်နှင့် သက်သေခံပစ္စည်းများကို တရားမ ဥပဒေအရ အမွေထိန်းစာရရှိသူ၊ သို့မဟုတ် တရားမ အနိုင်ဒီကရီရရှိသူ တို့ကိုသာ ထုတ်ပေးရန်နှင့် ဥပဒေနှင့်အညီ ဆုတ်ပေးပိုင်ခွင့် မရှိမီ

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၉၀၉(ခ)။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၅၃ တွင် ချမှတ်သော (၁၇-၁၀-၇၉) နေ့စွဲပါ မကွေးတိုင်းဟရာရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၁

ကိုတင်ရွှေနှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဒေါ်အမာ

ကာလအတွင်း သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ်သို့ ဆက်လက်အပ်ထားစေရန် အမိန့်ချမှတ်ခဲ့သည်။ ကိုတင်ရွှေက မကွေးမြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်၍ မကွေးတိုင်းတရားရုံးတွင် အယူခံတင်သွင်းရာ ကိုတင်ရွှေအား အမှုမှ အပြီးအပြတ် လွှတ်သော်လည်း သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ မြို့နယ်တရားရုံးမှ ချမှတ်သော အမိန့်ကို အတည်ပြုခဲ့သည်။ ကိုတင်ရွှေက သက်သေခံပစ္စည်းများနှင့်ပတ်သက်၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံတို့၏ အမိန့်များကို မကျေနပ်သဖြင့် ပဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

မကွေးမြို့နယ် မိရွာင်းရဲမြို့၊အမှတ် ၅၉၃-နေ ဦးလူဝ(ကွယ်လွန်)၏သမီး ဒေါ်ဖွားဖွားချစ်သည် ၁၃၂၇-ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၁၂) ရက်နေ့တွင် ကွယ်လွန်ခဲ့ရာ ဒေါ်ဖွားဖွားချစ်နှင့်အတူ နေထိုင်သူ အိမ်ဖော်ဟုဆိုသူ ကိုတင်ရွှေ(ခ) သန်းထွန်းမင်းက ဒေါ်ဖွားဖွားချစ်သေဆုံးစဉ် ကျန်ရစ်ခဲ့သော စိန် ရွှေ ပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့် အလွဲသုံးစားပါသည် ဆိုကာ ဦးလူဝ၏ မွေးစားသမီး ဟုဆိုသူ ဒေါ်အမာက ကိုတင်ရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ ဦးတိုက်လျှောက်ထား စွဲဆိုခဲ့ရာ မကွေးမြို့(၂) ရာဘက် ရာဇဝတ်တရားသူကြီး ရုံး၊ ပြစ်မှု ဆိုင်ရာ အမှုကြီး အမှတ် ၄၆/၆၆ တွင် လည်းကောင်း၊ (၁) ရာဘက် ရာဇဝတ်တရားသူကြီးရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၀/၆၆ တွင်လည်းကောင်း လက်ခံ စစ်ဆေးကြားနာခဲ့ပြီးနောက် စနစ်သစ်တရားစီရင်ရေးတွင် မကွေးမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၆၁/၇၂ တွင် ဆက်လက်စစ်ဆေးကြားနာ စီရင်ခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူ ကိုတင်ရွှေက အချင်းဖြစ် သက်သေခံ ပစ္စည်းများမှာ သူ့ထံမှ သိမ်းဆည်းသွားခဲ့သော ပစ္စည်းများဖြစ်ကြောင်း၊မကွေးတိုင်း တရားရုံးက သူ့အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ပြီး ဖြစ်သဖြင့် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဥပဒေအရ လက်ဝယ်ရရှိထိုက်သူအား ပြန်လည်ပေးအပ်ရမည်ဖြစ်သဖြင့် သူ့ထံမှ သိမ်းဆည်းသွားသော ပစ္စည်းများကို သူ့အား ပြန်ပေးရမည်ဖြစ်ကြောင်း၊ သက်သေခံပစ္စည်းများကို ပြည်သူ့ဘဏ်တွင် ဆက်လက်ထားရှိရန် ချမှတ်ထားသည့်အမိန့်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲနှင့် မကွေးတိုင်း တရားရုံး၏ အမှုတွဲများကို လေ့လာ ကြည့်ရှုသောအခါ မူလရုံးတွင် ကိုတင်ရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၀၄ အရ စွဲဆိုမှုနှင့်ပတ်သက်၍ တိုင်းတရားရုံးက ကိုတင်ရွှေအား အမှုမှ အပြီးအပြတ်လွှတ်ခဲ့ပြီးဖြစ်ကြောင်း အငြင်းမပွားပေ။ အချင်း ဖြစ် သက်သေခံ စိန်-ရွှေ-ငွေ ပစ္စည်းများကိုလည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၉၆ (၁) နှင့်အညီ (၂)ရာဘက်ရာဇဝတ်တရားသူကြီးရုံးက ချမှတ်သော အမိန့်အရ မိချောင်းရဲ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းမှူးဦးမျိုးမြင့် က ကိုတင်ရွှေထံမှ သိမ်းဆည်းခဲ့ကြောင်း ပေါ်ပေါက်သည်။ ကိုတင် ရွှေအား အမှုမှ အပြီးအပြတ်လွှတ်သည့် မကွေးတိုင်း တရားရုံး၏ စီရင် ချက်တွင် "ကိုတင်ရွှေ (သန်းထွန်းမင်း) သည် ဦးလူဝ၏ အိမ်တွင် တရားလိုဘက်မှ စွပ်စွဲသကဲ့သို့ အစေခံအဖြစ် နေထိုင်ခဲ့ကြောင်း မပေါ် လွင်ပေ၊ မောင်သန်းထွန်းမင်းမှာ သေဆုံးသူ ဒေါ်ဖွားဖွားချစ်၏ တူ အရင်းလည်းဖြစ်ကြောင်း တွေ့ရသည်။ ၎င်းသည် ထိုသူများ၏မြေး၊ တူ ဖြစ်သည့်အားလျော်စွာ သွေးရင်း သားရင်း အဖြစ်နှင့် တစ်အိမ်တည်း အဘူနေကြကြောင်း၊ ၎င်းတို့စီးပွားရေးကို လက်ရည်တပြင်တည်း အတူ လုပ်ကိုင်ပေးကြောင်း ပေါ်လွင်သည်" ဟု ကောက်ယူ သုံးသပ်၍ ဆုံးဖြတ်ထားသည်ကို တွေ့ရပေသည်။

အချင်းဖြစ်သက်သေခံပစ္စည်းများနှင့် ပတ်သက်၍ ကိုတင်ရွှေအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၄ အရ ပြစ်မှုမမြောက်သဖြင့် ကိုတင်ရွှေ အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့ပြီးဖြစ်ရာ သူ့ထံမှ သိမ်းဆည်းသွား ခဲ့သောထိုပစ္စည်းများကို ကိုတင်ရွှေအား ပြန်ပေးမှသာလျှင်ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇-ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဥပဒေအရ လက် ဝယ်ရထိုက်သူ၏ လက်ဝယ်သို့ ပြန်လည်ရောက်ရှိမည် ဖြစ်ပေသည်။

ပြစ်မှုဆိုင်ရာ တရားရုံး၌ ပြစ်မှုနှင့်ပတ်သက်၍ သက်သေခံ အဖြစ် တင်ပြထားသော ပစ္စည်းများကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေနှင့် အညီ တရားရုံးက စီမံဆောင်ရွက်ရပေမည်။ အချင်းဖြစ်ပစ္စည်းများကို ပိုင်ရေး ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမကြောင်းအရ တရားမရုံးက အဆုံးအဖြတ် ပေးရမည် ဖြစ်ပေသည်။မူလရုံးတရားလိုသည် အချင်းဖြစ်ပစ္စည်းများကို ပိုင်ရေးပိုင်ခွင့်နှင့် ပတ်သက်၍ အရေးဆိုရန်ရှိက တရားမကြောင်း အရ ကိုတင်ရွှေအပေါ် တရားတထုံး စွဲဆိုရန်သာ ရှိပေသည်။ မူလ ရုံးနှင့် တိုင်းတရားရုံးကို့သည် အချင်းဖြစ်သက်သေခံပစ္စည်းများနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၁၇ ပါ ပြဋ္ဌာန်းချက်များနှင့် အညီ ဆောင်ရွက်ခြင်း မပြုခဲ့သဖြင့် မှားယွင်းနေပေသည်။

၁၉၈၁

ကိုတင်ရွှေ နှင့် ၁။ ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ၂။ ဒေါ် အမာ

အထက်ပါ အခွင့်အလမ်း များအရ ကိုတင်ရွှေ၏ ပြင်ဆင်မှု လျှောက်လွှာကို ခွင့်ပြု၍ အချင်းဖြစ် သက်သေခံ ပစ္စည်းများနှင့် ပတ်သက်၍ မကွေးမြို့နယ်တရားရုံးနှင့် မကွေးတိုင်း တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး ကိုတင်ရွှေလက်ဝယ်မှ သိမ်းဆည်းခဲ့ပြီး ပြည်သူ့ဘဏ်တွင် အပ်နှံထားရှိသော ပစ္စည်းများ အားလုံးကို ကိုတင်ရွှေအား ပြန်ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

၁၉၈၁

ကိုတင်ရွှေ နှင့် ၁။ ပြည်တောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ၂။ ဒေါ် အမာ

ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ

ဥက္ကဋ္ဌအဖြစ်ဦးထွန်းရှိန်၊အဖွဲ့ဝင်များအဖြစ်ဦးလှဘုန်းနှင့်ဦးအေးမောင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးတင်လှိုင်
နှင့်
ဦးတင်ဝင်း *

† ၁၉၈၁
အောက်တိုဘာ
လ ၂၈ ရက်

တရားရေးဦးစီးမှူးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)အရ တရားရုံးဟူသော စကားရပ်တွင် အကျုံးဝင် မဝင်။

ဆုံးဖြတ်ချက်။ ။"တရားရုံး"ဟူသော စကားရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိပေ။ ပြစ်မှုဆိုင်ရာ ဥပဒေတွင်သာ အဓိပ္ပာယ် ဖွင့်ဆိုချက် ရှိပေသည်။ ထိုသို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုချက် မရှိသော စကားရပ်များ၏ အဓိပ္ပာယ်သည် ထိုစကားရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း မှတ်ယူရမည် ဖြစ်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄(၂) တွင် ပြဋ္ဌာန်းထားရှိသည်။

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များကို ပေါင်းစပ် သုံးသပ်ပါကတရားစီရင်ရန် အခွင့်အာဏာရှိသူပုဂ္ဂိုလ်ကသာ တိုင်တန်းစွဲဆိုနိုင်ကြောင်း ပေါ်ပေါက်သည်။

တရားရေးဦးစီးမှူးသည် တရားစီရင်ရန် အခွင့်အာဏာရှိသူ ပုဂ္ဂိုလ် မဟုတ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၉၅(၁)(ခ)အရ "တရားရုံး" ဟူသော စကားရပ်တွင် အကျုံးဝင်သူ မဟုတ်သောကြောင့် ၎င်းသည် လျှောက်ထားသူ ဦးဘင်လှိုင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူရန် တိုင်တန်းစွဲဆိုပိုင်ခွင့်ရှိသူ မဟုတ်ပေ။

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာအထွေထွေလျှောက်လွှာ ၁၂၇။

† အောင်လံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၃၅/၈၀ ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

လျှောက်ထားသူအတွက် — ကိုယ်တိုင်။
ဦးချစ်မောင်၊ ဗဟိုတရားရုံးရှေ့နေ။

၁၉၈၁
ဦးတင်လှိုင်
နှင့်
ဦးတင်ဝင်း

လျှောက်ထားခံရသူအတွက် — ဦးညီညီ၊ဥပဒေဝန်ထမ်း။

အောင်လံမြို့နယ်တရားရုံး၊ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၂၅၅/၈၀ တွင် အောင်လံမြို့နယ် တရားရေး ဦးစီးဌာန၊ မြို့နယ်တရားရေး ဦးစီးမှူးက တရားလိုပြုလုပ်၍ တိုင်တန်းစွဲဆိုချက်အရ ဦးတင်လှိုင် အပေါ် မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူထားသဖြင့် ထိုအမှုကို ဗဟိုတရားရုံးမှ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က—အရ ခချဖျက်ပေးရန် ဦးတင်လှိုင်က ဤအထွေထွေ လျှောက်လွှာကို တင်သွင်းသည်။

အမှုမှာ အောင်လံမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၃၇/၇၅ တွင် တင်သွင်းခဲ့သည့် တိုက်ရိုက်လျှောက်လွှာတွင် မူလက မပါခဲ့သော "သွေးသားမတော်စပ်၍ အကြိမ်ကြိမ် ပြစ်မှားကျူးလွန်မိကြပါသည်"ဟူသော စကားရပ်ကို ဖြည့်စွက်ရေးသွင်းမှုအတွက် ထိုအမှုမှ တရားလို၏ အကျိုးဆောင်ဖြစ်သော ပြင်ဆင်မှု လျှောက်ထားသူ ဦးတင်လှိုင်အပေါ် မကွေးတိုင်း တရားသူကြီးအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ အောင်လံမြို့နယ် တရားရေးဦးစီးမှူးက တရားလိုပြုလုပ်၍ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ တိုင်တန်းစွဲဆိုခဲ့သော အမှုဖြစ်သည်။

လျှောက်ထားသူ၏ အကျိုးဆောင်က ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရကျူးလွန်သော ပြစ်မှုသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (ခ)အရ သက်ဆိုင်ရာ တရားရုံးကသာ စာဖြင့်ရေးသား တိုင်တန်းခွင့် ရရှိပြီး အောင်လံမြို့နယ် တရားရေး ဦးစီးမှူးသည် ထိုသို့တိုင်တန်းခွင့်ရှိသူ မဟုတ်သောကြောင့် ထိုအမှုသည် အစမှပင် ပျက်ပြယ်ခဲ့ပြီး ဖြစ်သည့် အလျောက် ထိုအမှုကို ပယ်ဖျက် ပေးသင့်ကြောင်း အဓိက အကြောင်းပြ၍ လျှောက်ထားသည်။

ထို့ကြောင့်ဤအမှုတွင် အောင်လံမြို့နယ် တရားရေးဦးစီးမှူးသည် လျှောက်ထားသူ ဦးတင်လှိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃အရ တိုင်တန်းစွဲဆိုခွင့်ရှိသူ ဟုတ်မဟုတ် စဉ်းစားဆုံးဖြတ်ရန် ရှိပေသည်။

ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ ကျူးလွန်သော ပြစ်မှုသည် တရားရုံး အမှုတွဲတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကျူးလွန်ခဲ့ခြင်း ဖြစ်ပါက ထိုတရားရုံးကဖြစ်စေ၊ ထိုတရားရုံးထက် အဆင့်မြင့်သော တရားရုံးက ဖြစ်စေ စာဖြင့်ရေးသားတိုင်တန်း စွဲဆိုရမည်ဟု ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅(၁)(ခ)တွင် ပြဋ္ဌန်းထားသည်။

၁၉၈၁ ဦးတင်လှိုင် နှင့် ဦးတင်ဝင်း

"တရားရုံး" ဟူသောစကားရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုချက် မရှိပေ။ ပြစ်မှုဆိုင်ရာဥပဒေတွင်သာ အဓိပ္ပာယ် ဖွင့်ဆိုချက် ရှိပေသည်။ထိုသို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုချက် မရှိသော စကားရပ် များ၏ အဓိပ္ပာယ်သည် ထိုစကားရပ်များနှင့် စပ်လျဉ်း၍ ပြစ်မှုဆိုင်ရာ ဥပဒေတွင် အဓိပ္ပာယ် ဖွင့်ဆိုထားသည့်အတိုင်း မှတ်ယူရမည်ဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၄ (၂)တွင် ပြဋ္ဌာန်းထား ရှိသည်။

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၀ တွင်–

> "တရားရုံး" ဆိုသည်မှာ တရားစီရင်ဆဲအခါတွင် "တစ်ဦးတည်း တရားစီရင်ရန်" ဥပဒေအရ အာဏာရရှိသော တရားသူကြီးကိုသော်လည်းကောင်း၊ အစုံအညီစည်းဝေး၍တရားစီရင်ရန် ဥပဒေအရ အာဏာရရှိသော တရားသူကြီးအစုကို သော်လည်းကောင်း ဆိုလိုသည်" ဟူ၍ အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅(၁) (ခ) နှင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက်များကို ပေါင်းစပ် သုံးသပ်ပါက တရားစီရင်ရန် အခွင့်အာဏာရှိသူ ပုဂ္ဂိုလ်ကသာ တိုင်တန်း စွဲဆိုနိုင်ကြောင်း ပေါ်ပေါက်သည်။

တရားရေးဦးစီးမှူးသည် တရားစီရင်ရန် အခွင့်အာဏာရှိသူ ပုဂ္ဂိုလ်မဟုတ်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ခ) အရ "တရားရုံး" ဟူသောစကားရပ်တွင် အကျုံးဝင်သူ မဟုတ်သောကြောင့် ၎င်းသည် လျောက်ထားသူ ဦးတင်လှိုင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၁၉၃ အရ အရေးယူရန် တိုင်တန်းစွဲဆိုပိုင်ခွင့်ရှိသူ မဟုတ်ပေ။

ထို့ပြင် ဤအမှုကို တိုင်တန်းစွဲဆိုရာ၌ အောင်လုံမြို့နယ် တရားရေးဦးစီးမှူးသည် ဤအမှုပေါ်ပေါက်ရာ အခြေခံဖြစ်သည့် ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၃၇/၇၅ ကို စစ်ဆေးကြားနာနေသော တရားစီရင်ရေးအဖွဲ့၏ ညွှန်ကြားချက်အရ တိုင်တန်းစွဲဆိုခြင်း ဖြစ်သည်ဟူ၍လည်း

၁၉၀၁
ဦးတင်လှိုင်
နှင့်
ဦးတင်ဝင်း

အမှုတွဲမှတ်တမ်းများအရ ပေါ်ပေါက်ခြင်းမရှိပေ။ မကွေးတိုင်း တရား သူကြီးအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ အောင်လံမြို့နယ် တရား ရေးဦးစီးမှူးမှ တရားလိုပြုလုပ်၍ တိုင်တန်း စွဲဆိုခြင်းသာ ဖြစ်သည်။ တိုင်းတရားသူကြီးအဖွဲ့သည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (ခ)တွင် အကျုံးဝင်သော အဆင့်မြင့်သည့်တရားရုံးဟု ယူဆပါက တိုင်းတရားသူကြီးအဖွဲ့ကသာ စာဖြင့်ရေးသားတိုင်တန်း စွဲဆိုရပေမည်။ တိုင်းတရားသူကြီးအဖွဲ့ကိုလည်း တရားရုံးတစ်ရုံးဟု ကောက်ယူနိုင်မည်မဟုတ်ပေ။

နိုင်ငံတော်၏ကိုယ်စား လိုက်ပါဆောင်ရွက်သော ဥပဒေ အကျိုး ဆောင်ကလည်း ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆို ရေးဥပဒေပုဒ်မ၅(က)အပိုဒ်ခွဲ(၁၄)တွင် "တရားရုံး" ဆိုသောစကားရပ် တွင်တရားရုံးအဖွဲ့အစည်း၊ တရားသူကြီးအဖွဲ့၊ တရားစီရင်ရေး အဖွဲ့အပြင် တရားစီရင်ပိုင်ခွင့်ရှိသော အဖွဲ့တစ်ရပ်ရပ်၊ သို့မဟုတ် အာဏာပိုင်တစ်ဦး ဦးလည်း ပါဝင်သည်" ဟူ၍ ပြဋ္ဌာန်းထားသဖြင့် တရားရေးဦးစီးမှူး သည် "တရားရုံး" ဟူသောစကားရပ်တွင် မပါဝင်သောကြောင့် ၎င်း တွင် အချင်းဖြစ်အမှုကို စွဲဆိုပိုင်ခွင့်မရှိကြောင်း တင်ပြ လျှောက်ထား သည်။

သို့ရာတွင် ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆို ရေးဥပဒေပုဒ်မ ၅(ခ)တွင် "အထက်ဖော်ပြပါ အနက်အဓိပ္ပာယ်ဖွင့် ဆိုချက်တို့သည် စကားရပ်များပါရှိသော ဥပဒေတွင် အခြားနည်း ဖော်ပြထားခြင်း၊ သို့မဟုတ် ရှေနောက်စကားဆန့်ကျင်ခြင်း မရှိသရွေ့ သာ အကျိုးသက်ရောက်စေရမည်" ဟူ၍ ပြဋ္ဌာန်းထားလေရာ ပြစ်မှု ဆိုင်ရာ ဥပဒေပုဒ်မ ၂၀ တွင် "တရားရုံး" ဟူသော စကားရပ်အတွက် သီးခြားအဓိပ္ပာယ် ဖွင့်ဆိုချက် ရှိပြီးဖြစ်၍ ၁၉၇၃ ခုနှစ် စကားရပ် များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေပါ "တရားရုံး" ဟူသော စကားရပ်အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဤအမှုတွင် ထည့်သွင်းစဉ်းစား နိုင်မည်မဟုတ်ပေ။

သို့ဖြစ်၍ ဤပြင်ဆင်မှုလျှောက်လွှာကို ခွင့်ပြုပြီး လျှောက်ထားသူ ဦးတင်လှိုင်အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၉၃ အရ လက်ခံအရေးယူ ထားသော အောင်လံမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၃၅/၀၀ ကို ချေဖျက်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးတိတ်ကြည် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်။

† ၁၉၈၁ မေလ ၂၆ ရက်

၁၉၇၄-ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သောဆေးဝါးများ ဥပဒေပုဒ်မ ၇(ခ)--မော်တော်ကားကို အသေးစိတ်ပြုပြင်၍ ဘိန်းသယ်ဆောင်ခြင်းတွင် ပိုင်ရှင်၌ တာဝန်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ဖမ်းဆီးရမိသော ဘိန်းစိမ်းများသည် ကုန်ပစ္စည်းများနှင့် ရောနှောပါဝင်လာခြင်း မဟုတ်ချေ။ မော်တော်ယာဉ်ခေတ်ဆီတိုင်ကီတွင် သံပြားများကို ဂဟေဆော်ပြီး အကန့်များ ပြုလုပ်၍ သက်ဆိုင်ရာအာဏာပိုင်များက ဘိန်းများကို ဖမ်းဆီးခြင်း မပြုနိုင်ရန် သေချာစွာ ပြုပြင် သယ်ဆောင်လာခြင်းဖြစ်သည်။ ယင်းသို့ မော်တော်ကားကို အသေးစိတ်ပြုပြင်ပြီး ဘိန်းစိမ်းများကို သယ်ဆောင်လာခြင်းနှင့်ပတ်သက်၍ မန္တလေးမှ ကားပိုင်ရှင် ဖြစ်သူသည် လုံးဝတာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူအတွက် — ဦးတင်မောင် (ကိုယ်စား) ဒေါ်မြင့်မြင့်သန်း၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးမြသောင်း၊ ဥပဒေဝန်ထမ်းအဆင့် (၁)။

သီပေါမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၁၃၈/၇၇ တွင် တရားခံ မောင်ညိုနှင့် မောင်ကံဌေးတို့အပေါ် ၁၉၇၄-ခုနှစ်၊ မူးယစ်ထုံထိုင်း

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၃၇(ခ)။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀၅(သီပေါ) တွင် ချမှတ်သော (၂၄-၃-၈၀) နေ့စွဲပါ ရှမ်းပြည်နယ်တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၁
ဦးတိတ်ကြည်နှင့် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော်

ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၇(ခ)အရ ထောင်ဒဏ် ၅-နှစ်စီ ကျခံစေရန် အမိန့်ချမှတ်၍ သက်သေခံပစ္စည်း ဂျီအမ်စီ ကားအမှတ် က/၇၁၃၇ ကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခဲ့သည်။ မော်တော်ယာဉ်ပိုင်ရှင် ဦးတိတ်ကြည်က မော်တော်ယာဉ်ကို မိမိအား ပြန်ပေးပါရန် ရှမ်းပြည် နယ် တရားရုံး သို့ လျှောက်ထားသော်လည်း အောင်မြင်ခြင်းမရှိသဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို လျှောက်ထားသည်။

အမှုမှာ ၂၇-၆-၇၇ နေ့ နံနက် ၆-နာရီအချိန်ခန့်တွင် တန့်ယန်းမြို့မှ မန္တလေးမြို့သို့ ကြက်သွန်ဖြူ၊ လက်ဖက်ခြောက်အိတ် အစရှိသော ပစ္စည်းများ သယ်ဆောင်လာသော ဂျီအမ်စီကားအမှတ် က/၇၁၃၇ ကို သိပေါမြို့ အကောက်ခွန်ဂိတ်တွင် အကောက်ခွန်ဦးစီးမှူး ဦးစစ်သန်းနှင့်အဖွဲ့က ရှာဖွေသောအခါမှာ မော်တော်ယာဉ်ဓာတ်ဆီတိုင်ကီအတွင်း၌ အုံဝှက်ပြုလုပ်ရှိ သယ်ဆောင်လာသော အလေးချိန် ၃၁-ပိဿာ ၅၀ - ကျပ်သားရှိ ဘိန်းစိမ်း ၃၁ - လုံး တွေ့ရှိရသောကြောင့် ယာဉ်မောင်းသူ မောင်ညို၊ ယာဉ်နောက်လိုက် မောင်ကံဌေးနှင့် အခြားသူ ၂-ဦးတို့အပေါ် အထက်တွင် ဖော်ပြသည့်အတိုင်း အရေးယူ တရားစွဲဆိုသောအမှု ဖြစ်သည်။

လျှောက်ထားသူ ဦးတိတ်ကြည်က မိမိပိုင် ဂျီအမ်စီကားအမှတ် က/၇၁၃၇ ကို ယာဉ်မောင်းသူ မောင်ညိုအား လွဲအပ်ပြီး ဖြစ်၍ မောင်ညို၏သဘောအရ ပစ္စည်းများသယ်ဆောင်ခြင်းဖြစ်ကြောင်း၊ မိမိမှာ မန္တလေးမြို့တွင် နေထိုင်သူဖြစ်၍ မော်တော်ယာဉ်ပေါ်တွင် ဘိန်းစိမ်းများ သယ်ဆောင်လာခြင်းနှင့်ပတ်သက်၍ မည်သို့မျှမသိရကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော မော်တော်ယာဉ်ကို ပြစ်မှုနှင့် ပတ်သက်၍ မော်တော်ယာဉ်ပိုင်ရှင်က မသိလျှင် မော်တော်ယာဉ်ကို ပိုင်ရှင်အား ပြန်ပေးလေ့ရှိသော သာဓကများရှိကြောင်း လျှောက်လဲတင်ပြသည်။

ယခုအမှုတွင် ဖမ်းဆီးရမိသော ဘိန်းစိမ်းများသည် ကုန်ပစ္စည်းများနှင့် ရောနှော၍ ပါဝင်လာခြင်း မဟုတ်ချေ။ မော်တော်ယာဉ်ဓာတ်ဆီတိုင်ကီတွင် သံပြားများကို ဂဟေဆော်ပြီး အကန့်များ ပြုလုပ်ပြီး သက်ဆိုင်ရာအာဏာပိုင်များက ဘိန်းများကို ဖမ်းဆီးခြင်း မပြုနိုင်ရန်

သေချာစွာ ပြုပြင်သယ်ဆောင်လာခြင်းဖြစ်သည်။ ယင်းသို့ မော်တော်ကားကို အသေးစိတ်ပြုပြင်ပြီး ဘိန်းစိမ်းများကို သယ်ဆောင်လာခြင်းနှင့်ပတ်သက်၍ မန္တလေးမှ ကားပိုင်ရှင်ဖြစ်သူသည် လုံးဝတာဝန်ကင်းသည်ဟု မဆိုနိုင်ပေ။ ထို့ကြောင့် မူလတရားရုံးနှင့် ပြည်နယ်တရားရုံးတို့၏ အမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသဖြင့် ဤပြင်ဆင်မှုကို ပယ်လိုက်သည်။

---

†၁၉၈၁
ဩဂုတ်လ
၁၂ ရက်

ဒေါ်ကွန်းစိန်ပါ (၂)ဦး
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် *

၁၉၇၄ ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေ ၄၉ (က)– နေထွက်ချိန်နှင့် နေဝင်ချိန်အကြား ပြည်သူတို့ဝင်ထွက်သွားလာခြင်း မပြုနိုင်သော အိမ်ဂေဟာ၊ နေရာ၊ ယာဉ်များတွင် ရှာဖွေခြင်း ကိစ္စ။

ဆုံးဖြတ်ချက်။ ။နေထွက်ချိန်နှင့်နေဝင်ချိန်အကြား အချိန်မျှား၌ အများပြည်သူတို့ဝင်ထွက်သွားလာခြင်း မပြုနိုင်သော လုပ်သားပြည်သူ တစ်ဦး၏ နေအိမ်ဥပစာအတွင်းသို့ ဝင်ရောက် ရှာဖွေနိုင်သူများမှာ ဒု-ရဲအုပ် အဆင့်ထက် မနိမ့်သော ပြည်သူ့ရဲ တပ်ဖွဲ့ဝင်၊ သို့မဟုတ် အကောက်ခွန် ဝန်ထမ်းအဆင့် (၁) ထက် မနိမ့်သော အကောက်ခွန် ဝန်ထမ်းတို့သာလျှင် ဖြစ်ပေသည်။

အရပ်သားဦးသန့်းအောင်ခေါင်းဆောင်ပြီး ဒေါ်ကွန်းစိန်၏နေအိမ် အတွင်းသို့ ဝင်ရောက်ရှာဖွေခြင်းသည် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ် သော ဆေးဝါးများနည်းဥပဒေအပိုဒ် ၄၉ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟု မဆိုနိုင်သောကြောင့် ဒေါ်ကွန်းစိန်တို့ နှစ်ဦးအား မြို့နယ်တရားရုံးက စွဲချက်တင်ခဲ့သည်မှာ ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

လျှောက်ထားသူများအတွက် – ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် – ဦးဝင်းမြင့်၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၂၂ (ခ)။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၅၃ တွင် ချမှတ်သော (၉-၅-၇၉) နေ့စွဲပါ မကွေးတိုင်းတရားရုံး၏အမိန့်ကိုပြင်ဆင်မှု။

မကွေးမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၇၅/၇၇ တွင် ဒေါ်ကွန်းစိန်နှင့် ဦးကျော်ရှင်တို့နှစ်ဦးအား ၁၉၇၄ ခုနှစ် မူးယစ်ထုံတိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၆(ခ) အရ စွဲချက်တင်ကြောင်း မြို့နယ်တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ဒေါ်ကွန်းစိန်တို့နှစ်ဦးက မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် မကွေးတိုင်းတရားရုံး၌ ပြင်ဆင်မှုတင်သွင်းရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၈၁
ဒေါ်ကွန်းစိန် ပါ(၂) ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

၁၇-၇-၇၇ ရက်နေ့၊ နေ့တစ်နာရီခွဲ အချိန်ခန့်တွင် ဦးသန်းအောင်သည် သတင်းအရ မြင်ပါရပ်ကွက်နေ ဒေါ်ကွန်းစိန်၏နေအိမ်အတွင်းသို့ သက်သေ လူကြီးများနှင့်အတူ ဝင်ရောက်ရှာဖွေသောအခါ ဒေါ်ကွန်းစိန်၏ နေအိမ်အတွင်းမှ ဘိန်းစိမ်း ၂၅ ကျပ်သားနှင့် ဘိန်းရှူကိရိယာများ ရှာဖွေ တွေ့ရှိခဲ့သည် ဆိုသည့် စွပ်စွဲချက်ဖြင့် ဦးသန်းအောင်က တရားလိုပြုလုပ်၍ တိုင်ချက်ရေးဖွင့်ခဲ့သဖြင့် ဤအမှု ပေါ်ပေါက်လာရခြင်း ဖြစ်သည်။

လျှောက်ထားသူ ဒေါ်ကွန်းစိန်နှင့် ဦးကျော်ရှင်တို့နှစ်ဦးက ပြင်ဆင်မှုများ တင်သွင်းကြရာတွင် ဒေါ်ကွန်းစိန်၏ အိမ်ဝိုင်းနှင့် ကပ်လျက်ရှိသည့် အခြားဝိုင်းအတွင်းမှ ဘိန်းနှင့် ဘိန်းရှူကိရိယာ ပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ရှာဖွေရာတွင် ပြည်သူ့ရဲတပ်ဖွဲ့ ဒု-လုံခြုံရေးမှူး တစ်ဦး ဦးက ဦးဆောင်ပြီး ရှာဖွေခဲ့ခြင်း မဟုတ်ပဲ အရပ်သား တစ်ဦးက ဦးဆောင် ရှာဖွေ ခဲ့ခြင်း ဖြစ်ပြီးလျှင် ရှာဖွေ တွေ့ရှိသည့် နေရာ၌ ရှာဖွေပုံစံပြုလုပ်၍သက်သေခံ ပစ္စည်းများကို သိမ်းဆည်းခဲ့ခြင်း မဟုတ်သောကြောင့် မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေအပိုဒ် ၄၉ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်း မရှိကြောင်း၊ ယင်းအချက်များကို မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ထည့်သွင်းစဉ်းစားခြင်း မပြုသည်မှာ မှားယွင်းကြောင်းဖြင့် အဓိက အကြောင်းပြချက်များအဖြစ် တင်ပြကြသည်။

ဦးသန်းအောင် (လိုပြ-၁) သည် အရပ်သား တစ်ဦး ဖြစ်သည်။ ဦးသန်းအောင်က ၎င်းမှာ ပြည်သူ့ကောင်စီ ကိုယ်ပွားတစ်ဦးဖြစ်ကြောင်း ထွက်ဆိုထားသည်။ ဦးရဲဆွေ (လိုပြ-၅) မှာ သာမန်ရဲတပ်သား တစ်ဦးဖြစ်သည်။

၁၇-၇-၇၇ ရက်နေ့ နေ့တစ်နာရီခွဲအချိန်ခန့်၌ အရပ်သားတစ်ဦးဖြစ်သည့် ဦးသန်းအောင် (လိုပြ-၁) သည် သက်သေလူကြီးများ ဖြစ်

၁၉၈၁
ဒေါ်ကွန်းစိန်ပါ(၂)ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ကြသည့် ဦးစိန်ဂျမ်း (လိုပြ–၂)၊ ဦးခင်ကို (လိုပြ–၃)၊ ဦးကိုလေး (လိုပြ–၄)၊ ရဲတပ်သား ဦးရဲဆွေ (လိုပြ–၅) တို့နှင့်အတူ ဒေါ်ကွန်းစိန်၏ နေအိမ်အတွင်းသို့ ဝင်ရောက် ရှာဖွေကြသောအခါ ဒေါ်ကွန်းစိန်၏ နေအိမ်အတွင်းမှ မူးယစ်ထုံထိုင်း ဘေးဖြစ် စေတတ်သော ဆေးဝါးပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့ခြင်း မရှိပေ။ ဒေါ်ကွန်းစိန်၏ နေအိမ်ဝင်းနှင့် ကပ်လျက်ရှိသည့် တဘက်ခြံဝင်းအတွင်းမှ သက်သေခံပစ္စည်း ဘိန်းစိမ်း ၂၅ ကျပ်သားနှင့် ဘိန်းရှူကိရိယာပစ္စည်းများတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ဦးစိန်ဂျမ်း (လိုပြ–၂)၏ ထွက်ဆိုချက် အရ ပေါ်ပေါက်သည်။ ဒေါ်ကွန်းစိန်၏ ဥပစာအတွင်း၌ တွေ့ရှိသည့် ဦးကျော်ရှင်၏လက်ဝယ်မှ ဘိန်းတစ်ကျပ်သားခန့်ကို ရှာဖွေတွေ့ရှိခဲ့သည်ဟု အဆိုရှိသည်။

အထက်ဖော်ပြပါ အချက်များကို သုံးသပ်ကြည့်သောအခါ ဦးကျော်ရှင်၏ လက်ဝယ်မှ ဘိန်းတစ်ကျပ်သားခန့်ကို ရှာဖွေ တွေ့ရှိခဲ့သည်ဟု အဆိုရှိသော်လည်း ဒေါ်ကွန်းစိန်၏လက်ဝယ်မှ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ ရှာဖွေတွေ့ရှိခဲ့ကြောင်း မပေါ်ပေါက်ပေ။ ဦးသန်းအောင်သည် သက်သေခံပစ္စည်းများကို တွေ့ရှိသည့် နေရာ၌ ရှာဖွေပုံစံပြုလုပ်ပြီး သိမ်းဆည်းခဲ့ခြင်းမဟုတ်ပဲ ရဲစခန်းသို့ ယူဆောင်သွားပြီး ပေးအပ်ခဲ့ခြင်းသာဖြစ်ကြောင်း ဦးသန်းအောင်၏ ထွက်ချက်အရ တွေ့ရှိရသည်။ ရှာဖွေပုံစံတွင် သက်သေ ဦးသန်းအောင်က ပေးအပ်သူအဖြစ် လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။ ဒေါ်ကွန်းစိန်နှင့် ဦးကျော်ရှင်တို့က ရှာဖွေပုံစံ၌ လက်မှတ်ရေးထိုးထားခြင်း မရှိပေ။

၁၉၇၄-ခုနှစ်၊ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများဥပဒေမှာ အထူးပြဋ္ဌာန်းထားသည့် ဥပဒေဖြစ်၍ ယင်းဥပဒေနှင့် နည်းဥပဒေတို့တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များကို လိုက်နာရန် လိုအပ်ပေသည်။ မူးယစ်ထုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေအပိုဒ် ၄၉ (က)တွင် အများပြည်သူတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်သော အိမ်ဂေဟာ၊ နေရာ၊ ယာဉ်များနှင့် စပ်လျဉ်း၍ နေထွက်ချိန်နှင့် နေဝင်ချိန်အကြားဖြစ်လျှင် ဒု-ရဲအုပ်အဆင့်ထက်မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ သို့မဟုတ် အကောက်ခွန်ဝန်ထမ်းအဆင့်(၁)ထက်မနိမ့်သော ဝန်ထမ်းက ရှာဖွေရန် အမိန့်မပါပဲ ဝင်ရောက်ရှာဖွေနိုင်ကြောင်း၊ သို့သော် တစုံတယောက်က သတင်း

ပေး၍ ရှာဖွေရခြင်းဖြစ်လျှင် ယင်းသတင်းပေးချက်ကို စာဖြင့် ရေးသားပြီး မှန်ကန်သည်ဟုယုံကြည်ရန် အကြောင်းရှိသည်ဟု ယူဆပါက ထိုသို့ရှာဖွေနိုင်ကြောင်း ပြဋ္ဌာန်းထားပေသည်။ ဤပြဋ္ဌာန်းချက်အရ နေထွက်ချိန်နှင့် နေဝင်ချိန်အကြား အချိန်များစွာ အမျှားပြည်သူတို့ ဝင်ထွက်သွားလာခြင်း မပြုနိုင်သော လုပ်သားပြည်သူတစ်ဦး၏ နေအိမ် ဥပစာအတွင်းသို့ ဝင်ရောက်ရှာဖွေနိုင်သူများမှာ ဒု-ရဲအုပ်အဆင့်ထက် မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ သို့မဟုတ် အကောက်ခွန်ဝန်ထမ်း အဆင့်(၁)ထက် မနိမ့်သော အကောက်ခွန်ဝန်ထမ်းတို့သာလျှင် ဖြစ်ပေသည်။

ဒေါက္ကန်းစိန် ပါ(၂)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

ဤအမှုတွင် ဒေါက္ကန်းစိန်၏ နေအိမ်အတွင်းသို့ ဦးဆောင်ပြီး ဝင်ရောက်ရှာဖွေသူမှာ ဒု-ရဲအုပ်အဆင့်ထက်မနိမ့်သော ပြည်သူ့ရဲတပ်ဖွဲ့ဝင်၊ သို့မဟုတ် အကောက်ခွန်ဝန်ထမ်းအဆင့်(၁)ထက်မနိမ့်သော အကောက်ခွန်ဝန်ထမ်းမဟုတ်ပဲ သာမန်အရပ်သားတစ်ဦးဖြစ်သူ ဦးသန်းအောင် သာဖြစ်ကြောင်း တွေ့ရှိရပေသည်။ ထို့ပြင် သက်သေခံပစ္စည်းကို ရှာဖွေတွေ့ရှိသည့်နေရာ၌ ရှာဖွေပုံစံပြုလုပ်ပြီး သိမ်းဆည်းခဲ့ခြင်း မရှိသည့် အပြင် ရှာဖွေပုံစံ၌ ဒေါက္ကန်းစိန်နှင့် ဦးကျော်ရှင်တို့က ပစ္စည်းများ ပေးအပ်သူအဖြစ် လက်မှတ်ရေးထိုးထားခြင်း မရှိကြောင်းလည်း ပေါ်ပေါက်နေပေသည်။ ထို့ကြောင့် အရပ်သား ဦးသန်းအောင် ခေါင်းဆောင်ပြီး ဒေါက္ကန်းစိန်၏ နေအိမ်အတွင်းသို့ ဝင်ရောက်ရှာဖွေခြင်းသည် မူးယစ်ဆုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများ နည်းဥပဒေအပိုဒ် ၄၉ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်သည်ဟု မဆိုနိုင်သောကြောင့် ဒေါက္ကန်းစိန်တို့နှစ်ဦးအား မြို့နယ်တရားရုံးက စွဲချက်တင်ခဲ့သည်မှာ ဥပဒေနှင့် ညီညွတ်သည်ဟု မဆိုနိုင်ပေ။

သို့ဖြစ်၍ မြို့နယ်တရားတရားရုံးနှင့် တိုင်းတရားရုံးတို့၏အမိန့်များကို ပယ်ဖျက်ပြီး ဒေါက္ကန်းစိန်တို့နှစ်ဦးအား အမှုမှ ပြန်လွှတ်ကြောင်း အမိန့်ချမှတ်သည်။

သက်သေခံပစ္စည်း မူးယစ်ဆုံထိုင်း ဘေးဖြစ်စေတတ်သော ဆေးဝါးများကို သိမ်းဆည်းပြီး သက်ဆိုင်ရာသို့ ပေးအပ်စေ။ ကျန်သက်သေခံပစ္စည်းများကို ဖျက်ဆီးစေ။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်သူရဦးအောင်ဖေ၊အဖွဲဝင်များအဖြစ် ဦးဝင်းအောင်နှင့် ဦးမန်းစံမြတ်ရွှေတို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

†၁၉၈၁ ဇူလိုင်လ ၉ ရက်

ဦးပညာဝံသဘိဓဇ
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
(ဦးရေဝတ)*

စွဲချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားမှုတွင် တရားခံအပြစ် ရှိ မရှိ နက်နဲစွာ စဉ်းစားရန်မဟုတ်။

ဆုံးဖြတ်ချက်။ ။စွဲချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့် ပြင်ဆင်မှုများကို ကြားနာရာ၌ ပြင်ဆင်မှုရုံးသည် မူလရုံးကဲ့သို့ တရားခံတွင် အပြစ် ရှိ မရှိ နက်နဲစွာသုံးသပ်၍ ဆုံးဖြတ်ရသည် မဟုတ်ပေ။ စွပ်စွဲခံရသူအပေါ် ငြိစွန်းချက်များရှိ၍ ဖြေရှင်းရန် အချက်အလက်များ ပေါ်လွင်နေလျှင် စွဲဆိုက်တင်၍ ၎င်းအား ဖြေရှင်းစေရမည်သာ ဖြစ်ပေသည်။

လျှောက်ထားသူအတွက် — ဒေါက်တာမောင်မောင်ကျော်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးမြင့်အောင်၊ ဥပဒေဝန်ထမ်းအဆင့် (၁)။
ဦးထွန်းဖေ၊ ဗဟိုတရားရုံးရှေ့နေ။

ဒဏ်ငွေဖြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄၈၀/၇၆ တွင် ဦးရေဝတသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၉ အရ စွဲချက်တင်ခြင်း ခံရသဖြင့် မကျေနပ်၍ ရန်ကုန် တိုင်းတရားရုံး၌ အမှုအမှတ် ၈၃၃/၇၈ အရ ပြင်ဆင်မှုတင်သွင်းရာ မြို့နယ်တရားရုံး၏ အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်ပြီး တရားခံအား စွဲချက်မတင်ပဲ ပြန်လွှတ်ထားရန် အမိန့်ချမှတ်လိုက်သည်။ယင်းအမိန့်ကို တရားလို ဦးပညာဝံသတိဓဇက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၆၂၉(ခ)။

† ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၈၃၃ တွင် ချမှတ်သော (၂၁-၅-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု၊

အမှုမှာ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပညာရာမိကမဟာကျောင်းတိုက်တွင် သီတင်းသုံးနေထိုင်သော လျှောက်ထားသူ ဦးပညာဝံသဘိဓဇက ဂေါ်ဒဝင်လမ်း၊ အိမ်တော်ရာဘုရားကျောင်းဝင်းအတွင်းရှိ သူပိုင်ဆိုင်သည့် ခေမာဝတီကျောင်းမှ သွပ် ၈-ချပ်ကို ထိုကျောင်းနှင့် ဘေးချင်းကပ်ကျောင်းတွင် သီတင်းသုံးနေထိုင်သော လျှောက်ထားခံရသူ ဦးရေဝတက ခိုးယူသွားကြောင်း စွပ်စွဲလျက် ဒဂုံမြို့နယ်တရားရုံး၌ တိုက်ရိုက်လျှောက်ထား စွဲဆိုသောအမှု ဖြစ်သည်။

၁၉၈၁
ဦးပညာဝံသ ဘိဓဇ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (ဦးရေဝတ)

အမှုကိုလေ့လာရာ စာချဘုန်းကြီး ဦးဂုဏ(လိုပြ-၄)နှင့် ကျောင်းဝင်းအတွင်းနေထိုင်သူ ဒေါ်လုံးတင်(လိုပြ-၅)တို့က လျှောက်ထားခံရသူ ဦးရေဝတ၏ ညွှန်ပြစေခိုင်းချက်အရ လက်သမားနှစ်ဦးက အခင်းဖြစ် ကျောင်းခေါင်မိုးမှ သွပ်ပြား ၈-ချပ်ကိုခွာ၍ ခိုးယူသည်ကို တွေ့မြင်ကြောင်း ထွက်ဆိုသည်ကို တွေ့ရသည်။ ထိုသို့ မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များ ရှိနေပါလျက် တိုင်းတရားရုံးက မျက်မြင်သက်သေ ဦးဂုဏသည် လျှောက်ထားခံရသူနှင့် စကားများဖူးသူဖြစ်၍လည်းကောင်း၊ ဒေါ်လုံးတင်သည် စာရိတ္တမကောင်းသူ ဖြစ်၍လည်းကောင်း သူတို့၏ထွက်ချက်များသည် ယုံကြည်အားထားရသော သက်သေခံချက်များမဟုတ်ကြောင်း သုံးသပ်ကာ တရားခံကို စွဲချက်မတင်ပဲ အမှုမှ ပြန်လွှတ်ထားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရသည်။

စွဲချက်ကို ပယ်ဖျက်ပေးရန် လျှောက်ထားသည့် ပြင်ဆင်မှုများကို ကြားနာရာ၌ ပြင်ဆင်မှုရုံးသည် မူလရုံးကဲ့သို့ တရားခံတွင် အပြစ် ရှိမရှိ နက်နဲစွာသုံးသပ်၍ ဆုံးဖြတ်ရသည် မဟုတ်ပေ။ စွပ်စွဲခံရသူအပေါ် ငြိစွန်းချက်များရှိ၍ ဖြေရှစ်းရန့် အချက်အလက်များ ပေါ်လွင်နေလျှင် စွဲချက်တင်၍ ၎င်းအား ဖြေရှင်းစေရမည်သာ ဖြစ်ပေသည်။

ဤအမှုတွင် မျက်မြဖ်သက်သေနှစ်ဦး၏ ထွက်ချက်အရ စွဲချက်တင်နိုင်လောက်သော အကြောင်းခြင်းရာ အချက်အလက်များ ရှိနေပါလျက် လျှောက်ထားခံရသူအပေါ် စွဲချက်မတင်ပဲ ပြန်လွှတ်ထားရန် တိုင်းတရားရုံးက အမိန့်ချမှတ်ခြင်းသည် ဥပဒေအရ မှားယွင်းပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကိုလက်ခံ၍ တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး လျှောက်ထားခံရသူ မူလရုံး တရားခံ ဦးရေဝတအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၉ အရ စွဲချက်တင်ခဲ့သော မြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုလျက် အမှုကို ဥပဒေနှင့်အညီ ဆက်လက်ကြားနာစစ်ဆေးရန့် ပြင်ဆင် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင် တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၁
ဇူလိုင်လ
၁ ရက်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
နှင့်
ဦးကျော်ရင် *

ပထမ သတင်းပေးတိုင်ချက်ကို အခြေခံ သက်သေအထောက်အထား အဖြစ် မသုံးနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် ဒေါ်စန်းတင့်အား အယူခံတရားခံ ဦးကျော်ရင်က အဓမ္မပြုကျင့်သည်ကို တွေ့မြင်ကြောင်း မျက်မြင် သက်သေ မရှိပေ။ ဒေါ်စန်းတင့်က အချင်းဖြစ်ပြီးနောက် နှစ်ရက် ကြာသောအခါ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် ပထမသတင်းပေး တိုင်ချက်ရေးဖွင့်ခဲ့သည်။ ဒေါ်စန်းတင့်မှာ ပထမသတင်းပေး တိုင်ချက်ရေးဖွင့်ပြီးနောက် တရားရုံးတွင် သက်သေအဖြစ် အစစ်ခံခြင်းမပြုမီ ကွယ်လွန်သွားခဲ့သည်။ ဒေါ်စန်းတင့်က ရဲစခန်းတွင်ပေးခဲ့သည့် ပထမသတင်းပေး တိုင်ချက်မှာ ရုံးချေတွင် ကတိသစ္စာပြုပြီး ထွက်ဆိုသော ထွက်ချက်မဟုတ်သည့်အပြင် တဘက်မှ ပြန်လှန်မေးခွန်းထုတ်ရန်လည်း အခွင့်အရေးမရှိသည့် တိုင်ချက်မှတ်တမ်းတစ်ခုသာ ဖြစ်သည်။ ထိုတိုင်ချက်မှတ်တမ်းအား အယူခံတရားခံ ဦးကျော်ရင်အပေါ် အပြစ် ရှိ မရှိ စဉ်းစားရာတွင် အခြေခံသက်သေအထောက်အထားတစ်ခုအဖြစ် အသုံးပြုနိုင်မည် မဟုတ်ပေ။

အယူခံတရားလိုအတွက် — ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်းအဆင့် (၁)။

အယူခံတရားခံအတွက် — —

ပဲခူးတိုင်း ရွှေတောင်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၃၃/၇၇ တွင် အယူခံတရားခံ ဦးကျော်ရင်အပေါ် ပြစ်မှုဆိုင်ရာ

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၅၅။

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၃၃ တွင် ချမှတ်သော (၁၂-၁၀-၇၈) နေ့စွဲပါ ရွှေတောင်မြို့နယ်တရားရုံး၏ အမိန့်ကို အယူခံမှု။

ဥပဒေပုဒ်မ ၃၇၆ အရ တရားစွဲဆိုရာ မြို့နယ်တရားရုံးက အမှုကို စစ်ဆေးကြားနာပြီး ဦးကျော်ရင်အား အမှုမှ အပြီးအပြတ် လွှတ်လိုက်လေသည်။ ဗဟိုဥပဒေရုံးက ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်ကိုယ်စား ဗဟိုတရားရုံးတွင် ဤအယူခံကို ပြစ်မှု ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၁၇ အရ တင်သွင်းသည်။

၁၉၇၁
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နှင့် ဦးကျော်ရင်

လွန်ခဲ့သော ၂၄-၉-၇၇ ရက်နေ့ ညနေ ၃ နာရီတွင် ရွှေတောင်မြို့နယ်၊ မယားမံကျေးရွာ၊ အစိုးရမူလတန်းကျောင်း ဆင်းသောအခါ ထိုကျောင်းတွင် မူလတန်းပြဆရာအဖြစ် ဆောင်ရွက်နေသော ဆရာမ ဒေါ်စန်းတင့်သည် အိမ်သို့ပြန်မည်အပြုဌ္ဌ ကျောင်းအုပ်ဆရာကြီးဖြစ်သူ အယူခံတရားခံ ဦးကျော်ရင်က ၎င်းအား ထိုင်ခုံတစ်ခုပေါ်သို့ တွန်းလှဲကာ အလိုမတူပဲ သားမယားအဖြစ် ပြုကျင့်ပါသည်ဟု ဆိုကာ ၂၆-၉-၇၇ နေ့တွင် ရွှေတောင်မြို့ ပြည်သူ့ရဲတပ်ဖွဲ့စခန်းတွင် တိုင်တန်းထုမှု ဤအမှုပေါ်ပေါက်လာခြင်းဖြစ်သည်။

အမှုတွင် မြို့နယ်တရားရုံးက တရားလိုပြသက်သေ ၁၁ ဦး စစ်ဆေးခဲ့သည်။ ပြည်သူ့ရဲတပ်ဖွဲ့စခန်းမှူတပ်ကြပ်ကြီး ဦးထွန်းမောင် (လိုပြ-၁) သည် ဒေါ်စန်းတင့်၏ ပထမသတင်းပေး တိုင်ချက်ကို ရေးမှတ်ခဲ့သူဖြစ်သည်။ ဒေါ်ခင်ဝင်းနွယ်(လိုပြ-၅)နှင့် ဦးကိုကြီး (လိုပြ-၈) တို့သည် ဆရာဝန်များဖြစ်ကြ၍ ဒေါ်စန်းတင့်အား စစ်ဆေးခဲ့ကြသည်။ ဦးသန်းကြည်(လိုပြ-၇)သည် အမှုစစ် ရဲအရာရှိဖြစ်သည်။

ဦးမောင်စု(လိုပြ-၂) သည် ဒေါ်စန်းတင့်၏ ဖခင်ဖြစ်သည်။ ဦးအောင်ညို(လိုပြ-၉)သည် ဒေါ်စန်းတင့်၏ ခင်ပွန်းဖြစ်၍ အချင်းဖြစ်နေ့က ပြည်မြို့သို့ရောက်နေသည်။ ဦးမောင်စု၊ ဦးအောင်ညို၊ ဦးလူအေး (လိုပြ-၃)၊ ဦးအုန်းကျော် (လိုပြ-၄)၊ ကိုဌေးဝင်း (လိုပြ-၁၀)နှင့် ဦးလှရှင်း (လိုပြ-၁၁)တို့က ဒေါ်စန်းတင့်က ၎င်းအား အချင်းဖြစ်နေ့၌ ဦးကျော်ရင်က အလိုမတူပဲ သားမယားအဖြစ် ပြုကျင့်ခဲ့ပါသည်ဟု ပြောဆိုကြောင်း ထွက်ဆိုကြသည်။

အချင်းဖြစ်ပွားပြီးနောက် ဒေါ်စန်းတင့်သည် ၂၇-၉-၇၇ ရက်နေ့တွင် ပိုလိုအဆိပ်သောက်ကာ ရေတွင်းထဲသို့ ခုန်ချခဲ့သဖြင့် ၎င်းအား ဆယ်ယူပြီး ရွှေတောင်မြို့နယ် ပြည်သူ့ဆေးရုံသို့ တင်ပို့ရာ ၃၀-၉-၇၇ ရက်နေ့တွင် ကွယ်လွန်သွားလေသည်။

ဤအမှုတွင် ဒေါ်စန်းတင့်အား အယူခံတရားခံ ဦးကျော်ရင်က အဓမ္မပြုကျင့်သည်ကိုတွေ့မြင်ကြောင်း မျက်မြင်သက်သေမရှိပေ။ ဒေါ်စန်းတင့်

၁၉၈၁
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
နှင့်
ဦးကျော်ရင်

က အချင်းဖြစ်ပြီး နောက်နှစ်ရက်ကြာသောအခါ ပြည်သူ့ရဲတပ်ဖွဲ့ စခန်းတွင် ပထမသတင်းပေးတိုင်ချက် ရေးဖွင့်ခဲ့သည်။ ဒေါ်စန်းတင့်မှာ ပထမသတင်းပေး တိုင်ချက်ရေးဖွင့်ပြီးနောက် တရားရုံးတွင်သက်သေ အဖြစ် အစစ်ခံခြင်းမပြုမီ ကွယ်လွန်သွားခဲ့သည်။ဒေါ်စန်းတင့်က ရဲစခန်း တွင် ပေးခဲ့သည့် ပထမသတင်းပေး တိုင်ချက်မှာ ရုံးရှေ့တွင် ကတိသစ္စာ ပြုပြီး ထွက်ဆိုသော ထွက်ချက်မဟုတ်သည့်အပြင် တဘက်မှပြန်လှန် မေး ခွန်းထုတ်ရန်လည်း အခွင့်အရေးမရှိသည့် တိုင်ချက် မှတ်တမ်းတစ်ခုသာ ဖြစ်သည်။ ထိုတိုင်ချက် မှတ်တမ်းအား အယူခံတရားခံ ဦးကျော်ရင် အပေါ် အပြစ်ရှိ မရှိ စဉ်းစားရာတွင် အခြေခံ သက်သေအထောက် အထားတစ်ခုအဖြစ် အသုံးပြုနိုင်မည်မဟုတ်ပေ။

ဦးမောင်စု၊ ဦးအောင်ညို၊ ဦးလှအေး၊ ဦးအုန်းကျော်၊ ကိုဌေးဝင်း နှင့် ဦးလှရှင်းတို့သည် အချင်းဖြစ်သည်ကို ကိုယ်တိုင် တွေ့မြင် သိရှိခဲ့ကြ သည့် သက်သေများမဟုတ်ပေ။ ဦးမောင်စုတို့က ဒေါ်စန်းတင့်သည် ၎င်းတို့အား အချင်းဖြစ်သည့်နေ့၌ ဦးကျော်ရင်က အလိုမတူပဲ သား မယားအဖြစ် ပြုကျင့်ခဲ့ပါသည်ဟု ပြောဆိုခဲ့ကြောင်း ထွက်ဆိုကြသည့် ထွက်ချက်များမှာ ဒေါ်စန်းတင့်၏ ပြောပြချက်များကို ပြန်ပြောင်း ထွက်ဆိုသည့်အချက်များသာဖြစ်သောကြောင့် ယင်း ထွက်ဆိုချက်များ မှာလည်း အယူခံတရားခံ ဦးကျော်ရင်အပေါ် အပြစ်ရှိ မရှိ စဉ်းစားရာ တွင် အခြေခံ သက်သေ အထောက်အထားအဖြစ် အသုံးပြု နိုင်မည် မဟုတ်ပေ။

ဤအမှုတွင် တရားလိုဘက်မှ အချင်းဖြစ်ကိစ္စကို ကိုယ်တိုင်သိမြင်သူ အနေဖြင့် မောင်တင်ဌေး(လိုပြ-၆)တစ်ဦးတည်းကိုသာ သက်သေအဖြစ် တင်ပြနိုင်သည်။ မောင်တင်ဌေး(လိုပြ-၆)သည် အချင်းဖြစ်ကျောင်းမှ ကျောင်းသားဟောင်းတစ်ဦးဖြစ်သည်။ မောင်တင်ဌေးက အချင်းဖြစ် နေ့က ကျောင်းအုပ်ဆရာကြီး ဦးကျော်ရင် ခိုင်းစေသည့်အတိုင်း မြက် ရိတ်ပြီးနောက် ဆရာကြီးအား သတင်းပို့ကာ မြက်ခြင်းကိုထမ်း၍ အိမ် သို့ပြန်လာခဲ့ကြောင်း၊ အချင်းဖြစ်ကိစ္စကို မသိကြောင်း ထွက်ဆိုသည်။ ဤသက်သေအား ရဲရှေ့အစစ်ခံချက်နှင့် တိုက်ဆိုင်စစ်ဆေးရာ ရဲရှေ့ အစစ်ခံချက်မှာ မမှန်ကြောင်း၊ ရုံးရှေ့အစစ်ခံချက်သာ မှန်ကန်ကြောင်း ထွက်ဆိုသည်ဖြစ်၍ ဤသက်သေကို အလေးပေး၍ သုံးသပ်ရန်မလိုပေ။ ရဲရှေ့အစစ်ခံချက်မှာ မှန်ကန်သည့်တိုင်အောင် မောင်တင်ဌေးက အချင်း ဖြစ်နေ့တွင် ဦးကျော်ရင်နှင့် ဒေါ်စန်းတင့်တို့အား ကျောင်းခန်းထဲတွင်

တွေ့ရကြောင်းသာ ထွက်ဆိုနိုင်သည်ဖြစ်၍ ဦးကျော်ရင်အပေါ် မုဒိမ်းမှု အရ အရေးယူနိုင်လောက်သော သက်သေခံချက်မဟုတ်ပေ။

ဤအမှုတွင် ဆရာဝန်၏ထွက်ဆိုချက်နှင့် ဆေးစာအရ ဒေါ်စန်းတင့်အား နှုတ်ခမ်းတွင် ပေါက်ပြဲသည့် ဒဏ်ရာတစ်ခုကိုသာလျှင် စစ်ဆေးခဲ့ကြောင်းတွေ့ရသည်။ မုဒိမ်းမှု ပြုကျင့်ခြင်း ရှိမရှိနှင့်ပတ်သက်၍ လိုအပ်သလို စစ်ဆေးခြင်းမပြုခဲ့သဖြင့် ဆရာဝန်၏ ထွက်ဆိုချက်တွင် မုဒိမ်းမှု ပြုကျင့်ခြင်းနှင့်ပတ်သက်၍ ထင်မြင်ချက် တစုံတရာပေးထားခြင်းလည်း မတွေ့ရပေ။ ဒေါ်စန်းတင့်က ပေးအပ်ခဲ့သည့် စကပ်လုံချည်နှင့် ပတ်သက်၍ ဓာတုဗေဒဌာနမှ စစ်ဆေးရာတွင် သုက်ပိုး တစုံတရာ မတွေ့ရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားပေသည်။

အယူခံတရားခံ ဦးကျော်ရင်က ဒေါ်စန်းတင့်အား မုဒိမ်း မကျင့်ရကြောင်း ထုချေထွက်ဆိုထားသည်ကိုလည်း တွေ့ရှိရသည်။

ပြစ်မှုဆိုင်ရာ အမှုများတွင် တရားခံ တစ်ဦးက စွဲချက်ပါ ပြစ်မှုကို ကျူးလွန်ကြောင်း သက်သေထင်ရှားပြရန် တာဝန်မှာ တရားလို၏ တာဝန်ဖြစ်သည်။ ကြီးလေးသော ပြစ်ဒဏ်ထိုက်သင့်သည့် အမှု မျိုးတွင် ခိုင်မာသည့် တိုက်ရိုက်သက်သေခံချက်မရှိပဲ သံသယဖြစ်ဖွယ်ရာအထောက်အထားများ ရှိရုံမျှဖြင့် တရားခံအပေါ် ပြစ်မှုထင်ရှား မစီရင်သင့်ပေ။ ဤအမှုတွင် အယူခံတရားခံ ဦးကျော်ရင်အနေဖြင့် စွဲချက်ပါ ပြစ်မှုကို ကျူးလွန်ကြောင်း တရားလိုဘက်မှ ခိုင်မာစွာ သက်သေထင်ရှား တင်ပြနိုင်ခြင်းမရှိပေ။

အထက်ဖော်ပြပါ အချက်များအရ အယူခံတရားခံ ဦးကျော်ရင်သည် ဒေါ်စန်းတင့်အား အဓမ္မပြုကျင့်ကြောင်း သက်သေ အထောက်အထား အခိုင်အမာမတွေ့ရသဖြင့် မြို့နယ် တရားရုံးက ၎င်းအား အပြီးအပြတ် လွှတ်ခြင်းမှာ မှန်ကန်ပေသည်။

ထို့ကြောင့် ဤအယူခံကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးဆန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်အုန်းနှင့် ဦးမန်းစံမြတ်ဇော တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၁
စက်တင်ဘာ
လ ၂-ရက်

ပြည်ခံထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

နှင့်

မောင်ဂိန်မောင်း (ခ) တင်အောင်

အပြန်အလှန်အမှုများကို အကျဉ်းနည်းဖြင့် မစစ်ဆေးသင့်ခြင်း။

တရားမျှတစွာစစ်ကြောင်း ပြည်သူတို့မြင်သာအောင် ဆောင်ရွက်ရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။အမှုသည်များအချင်းချင်း တဘက်နှင့် တဘက် အပြန်အလှန် စွဲဆိုမှုများတွင် အကြောင်းခြင်းရာ အချက်အလက် ရှုပ်ထွေး၍ အပြန်အလှန်စုပ်စွဲချက်များရှိသဖြင့် အမှုကို အကျဉ်းနည်းဖြင့် မစစ်ဆေးသင့်ပေ၊ အကြောင်းခြင်းရာနှင့် စွပ်စွဲချက်များ ရှင်းလင်း၍ အငြင်း မပွားနိုင်သော အမှုမျိုးတွင်သာ အကျဉ်းနည်းဖြင့် စစ်ဆေး သင့်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားစီရင်ရာတွင် တရားမျှတစွာ စစ်ဆေး ဆောင်ရွက်ကြောင်း အမှုသည်များ အပါအဝင် အများပြည်သူ တို့က လည်း သိမြင်အောင် ဆောင်ရွက်ရန် လိုအပ်ပေသည်။

အယူခံတရားလိုအတွက်—ဦးဝင်းမြင့်၊ ဥပဒေဝန်ထမ်း အဆင့်(ခ)။

အယူခံ တရားခံအတွက်— —

မှော်ဘီမြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၂၄/၇၇ တွင် မောင်ဂိန်မောင်း (ခ) တင်အောင်အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၂၃ အရစွဲဆိုခဲ့ရာ မောင်ဂိန်မောင်း (ခ) တင်အောင်အား အမှုမှ အပြီးအပြတ် လွှတ်ခဲ့သည်။ ဗဟို ဥပဒေရုံးက မှော်ဘီမြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် ဗဟို တရားရုံးတွင် ဤ အယူခံ မှုကို တင်သွင်းသည်။

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၇၆။

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၂၄ တွင် ချမှတ်သော (၁၉-၁၂-၇၇) နေ့စွဲပါ မှော်ဘီမြို့နယ် တရားရုံး၏အမိန့်ကို အယူခံမှု။

၁၉၈၁
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
နှင့်
မောင်ဂိန်
မောင်း (ခ)
တင်အောင်

၂၄-၉-၇၇ နေ့နံနက် (၆) နာရီအချိန်ခန့်တွင်မှော်ဘီမြို့နယ် လက်ပံတန်းစုရှာနေ ဒေါ်ထွန်းကြည်သည်ကောက်စိုက်မများနှင့်အတူ ကောက်စိုက်ရန် လယ်ထဲသို့သွားရာ ရေသွင်းထားသည့်လယ်ကွက် ရေမောင်းပိတ်နေသဖြင့် သွားရောက်ဖွင့်နေစဉ် လယ်ချင်းကပ်လျက်လယ်လုပ်သူ တစ်ရာတည်းနေမောင်ဂိန်မောင်း (ခ) တင်အောင်ရောက်လာပြီးပိတ်ချင်လို့ပိတ်တာ ဖွင့်စရာမလိုဘူးဟု ပြော၍ ဒေါ်ထွန်းကြည်၏ ဦးခေါင်းနှင့် မျက်နှာတို့ကို လက်သီးနှင့် (၁၀) ချက်ခန့် ထိုးသည်ဆိုကာ ဒေါ်ထွန်းကြည်က မောင်ဂိန်မောင်း (ခ) တင်အောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ ဦးတိုက်လျှောက်ထားစွဲဆိုသော အမှုဖြစ်သည်။

ဗဟိုဥပဒေရုံးက အဓိက အကြောင်း ပြချက်များကို တင်ပြရာတွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ စွဲဆိုမှုတွင် ဝရမ်းမှု စစ်နည်းဖြင့် စစ်ဆေးရမည် ဖြစ်သော်လည်း သမ္မန်မှု စစ်နည်းဖြင့် စစ်ဆေး ထားသဖြင့် မူလတရားရုံး၏ ဆောင်ရွက်ပုံမှာ ကျင့်ထုံးဥပဒေနှင့် မညီညွတ်သဖြင့် လွဲမှားနေကြောင်း၊ စစ်ဆေးချက်မှတ်တမ်း တစုံတရာမထားခြင်းသဖြင့် တရား မျှတစွာ စစ်ဆေး ဆောင်ရွက်ကြောင်း မပေါ် လွင်ကြောင်း၊ တရား စီရင်ရာတွင် တရားမျှတစွာ စစ်ဆေး ဆောင်ရွက်ကြောင်း နှစ်ဘက်အမှုသည်များနှင့် တကွ အများပြည်သူတို့က သိမြင်စေရန်လိုအပ်ကြောင်း တင်ပြသည်။

မူလရုံးအမှုတွဲနှင့် အယူခံတရားခံ မောင်ဂိန်မောင်း (ခ) တင်အောင်၏ တင်ပြချက်များကို လေ့လာ ကြည့်ရှုသောအခါ မှော်ဘီ မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၄၀/၇၇ တွင် မောင်ဂိန်မောင်း (ခ) တင်အောင်က ဒေါ်ထွန်းကြည်နှင့် ခင်ပွန်းဖြစ်သူ ကိုကျော်အုန်းတို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၄ နှင့် ၅၀၆ တို့အရ စွဲဆိုခဲ့ရာ ကိုကျော်အုန်းအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၆ အရကျပ် ၅၀၀/- တန် ခံဝန်သူ နှစ်ဦးဖြင့် တစ်နှစ် အတွင်း ကောင်းမွန်စွာနေထိုင်စေရန် လည်းကောင်း၊ ဒေါ်ထွန်းကြည် အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၆/၁၁၄ အရ ဒဏ်ငွေ ကျပ် ၃၀/—ပေးဆောင်စေရန်နှင့် မပေးဆောင်ပါက ထောင်ဒဏ် (၁) လ ကျခံစေရန်လည်းကောင်း အမိန့်ချမှတ်ခဲ့ကြောင်း ပေါ် လွင်သည်။

အချင်းဖြစ်အမှုမှာ ဒေါ်ထွန်းကြည်က မောင်ဂိန်မောင်း (ခ) တင်အောင်အပေါ် အပြန်အလှန် စွဲဆိုသော အမှုဖြစ်ပေသည်။ ဤစွဲဆိုမှုမှာ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၂၃ အရ စွဲဆိုမှုဖြစ်၍ ထောင်ဒဏ် (၁) နှစ်

၁၉၈၁
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
နှင့်
မောင်ဂိန်
မောင်း(၁)
တင်အောင်

အထိ အပြစ်ပေးနိုင်သော ဝရမ်းမှုဖြစ်သော်လည်း ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၆၀ အရ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သော အမှုဖြစ် ပေသည်။ မူလတရားရုံးသည်အချင်းဖြစ်အမှုကို အကျဉ်းနည်းဖြင့်စစ်ဆေး ထားခြင်းသည် လိုက်နာကျင့်သုံးသည့် ကျင့်ထုံးမှာ မှားယွင်းသည်ဟု မဆိုနိုင်သော်လည်း စစ်ဆေးဆောင်ရွက်ရာတွင် ရာဇဝတ်ပုံစံ ၂၀ ပေါ်၌ ဖော်ပြထားသည့် သက်သေထွက်ချက် အကျဉ်းချုပ်နှင့် ချမှတ်ထား သော အမိန့်တို့မှာ အကျိုးအကြောင်းဆက်စပ်မှုမရှိသဖြင့်တရားမျှတစွာ စစ်ဆေး ဆောင်ရွက် ထားကြောင်း မပေါ်လွင်ပေ။ အမှုသည်များ အချင်းချင်း တဘက်နှင့် တဘက် အပြန်အလှန် စွဲဆိုမှု များတွင် အကြောင်းခြင်းရာ အချက်အလက်ရှုပ်ထွေး၍ အပြန်အလှန် စွဲချက် များရှိသဖြင့် အမှုကို အကျဉ်းနည်းဖြင့် မစစ်ဆေးသင့်ပေ။ အကြောင်း ခြင်းရာနှင့်စွပ်စွဲချက်များ ရှင်းလင်း၍ အငြင်းမပွားနိုင်သောအမှုမျိုးတွင် သာ အကျဉ်းနည်းဖြင့် စစ်ဆေးသင့်ပေသည်။ တရားစီရင်ရာတွင် တရား မျှတစွာ စစ်ဆေး ဆောင်ရွက်ကြောင်း အမှုသည်များ အပါအဝင် အများပြည်သူတို့ကလည်း သိမြင်အောင်ဆောင်ရွက်ရန် လိုအပ်ပေသည်။

အထက်ပါအချက်အလက်များအရ ဗဟိုဥပဒေရုံး၏ အယူခံလွှာကို ခွင့်ပြု၍ မွော်ဘီမြို့နယ် တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး အချင်းဖြစ်အမှု ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေအခန်း(၂၁)ပါ ပြဋ္ဌာန်းချက်များ နှင့် အညီ အကျယ်နည်းဖြင့် ဝရမ်းမှုစစ်ဆေးနည်း အတိုင်း ပြန်လည် စစ် ဆေးကြေးနာဆုံးဖြတ်ရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့်ဦးဖေးမောင်တို့ ပါဝင်သော မဟိုတ်ရားစီရင်ရေးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
ကာကွယ်ရေးဝန်ကြီးဌာန
နှင့်
ဗိုလ်တင်မောင်မောင်မြတ် *

†၁၉၇၁
စက်တင်ဘာ
လ ၃ ရက်

ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ အပိုဒ်ခွဲ (ဆ) အရ ပြည်သူ့တရားသူကြီးအဖွဲ့က စစ်ဘက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့များ၏ အမိန့်၊ ဆုံးဖြတ်ချက်အပေါ် အယူခံမှုကို စီရင်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြည်သူ့တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေ ပုဒ်မ ၁၆၊ အပိုဒ်ခွဲ (ဆ) တွင် "ပြည်သူ့တရားသူကြီးအဖွဲ့သည် စစ်ဘက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့များ၏ အမိန့်၊ ဆုံးဖြတ်ချက်များအပေါ် အယူခံမှုကို စီရင်နိုင်ကြောင်း ပြဋ္ဌာန်းချက် ရှိပေသည်။

အယူခံတရားလိုအတွက် — ဦးတင်အုံး၊ ညွှန်ကြားရေးမှူး၊
ဗဟိုဥပဒေရုံး။
ဦးညီညီ၊ ဥပဒေဝန်ထမ်းအဆင့် (၁)။

အယူခံတရားခံအတွက် — ဦးဇင်းမောဓိ၊ (ပဲခူး)
ဗဟိုတရားရုံးရှေ့နေ။

အလွှေတောင်တိုင်း စစ်ဌာနချုပ်မှ ကိုယ်ပိုင်အမှတ်ကြည်း ၂၀၅၄ ဗိုလ်မှူး ဝင်းရှိန် ဥက္ကဋ္ဌအဖြစ် ပါဝင်သော အကျဉ်း စစ်တရားရုံးချုပ်က အမှတ် (၂) တင်ကားတပ်ရင်း တဲဘက်အမှတ် ၉၆ ခြေလျင်တပ်ရင်းမှ ကြည်း ၁၁၇၁၁ ဗိုလ်တင်မောင်မောင်မြတ် အပေါ် တပ်မတော် အက်ဥပဒေ ပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှား တွေ့ရှိသဖြင့် စစ်မှုထမ်းခြင်းမှ အမြဲတမ်း ထုတ်ပစ်စေရန် ပြစ်ဒဏ် ချမှတ်ခဲ့သည်။

---

* ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၃၅။

† ၁၉၇၇ ခုနှစ်၊ ရန်ကုန်မြို့ စစ်ဘက်အယူခံတရားရုံး အယူခံမှုအမှတ် ၁၀ တွင် ချမှတ်သော (၄-၄-၇၉) နေ့စွဲပါ စစ်ဘက်အယူခံတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၁

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ကာကွယ်ရေး ဝန်ကြီးဌာန နှင့် ဗိုလ်တင် မောင်မောင် မြတ်

ယင်းအမိန့်ကို ကာကွယ်ရေးဦးစီးချုပ်က အတည်ပြုပြီး ဗိုလ် တင် မောင်မောင်မြတ်၏ အသနားခံစာကိုလည်း ပယ်လိုက်သဖြင့် ဗိုလ် တင်မောင်မောင်မြတ်က စစ်ဘက်အယူခံတရားရုံး၌ အမှုအမှတ် ၁၀/၇၇ အရ အယူခံ ဝင်ရောက်ခဲ့သည်။ စစ်တက် အယူခံတရားရုံးက အယူခံ ကို ခွင့်ပြု၍ အကျဉ်း စစ်တရားရုံးချုပ်မှ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ် သတ်မှတ်ချက်တို့ကို ပယ်ဖျက်လိုက်သဖြင့် တပ်မတော် အက် ဥပဒေ ပုဒ်မ ၂၁၇ အရ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံတော်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗဟိုတရားရုံးသို့ ဤအယူခံမှု ကို တင်သွင်းသည်။

အမှတ် ၉၆ ခြေလျင်တပ်ရင်းမှ ဗိုလ်တင်မောင်မောင်မြတ် သည် ဘီးလင်းမြို့နယ်၊ ဒေါက်ရပ်အုပ်စု၊ ခဲမောက်ရွာမှ ပအို့အမျိုးသမီး မမြမြဝင်းနှင့် ရည်စံခဲ့ရာမှ ၁၈-၃-၇၄ ခုတွင် ကျိုက်ထိုမြို့နယ်တရား ရုံး၌ မမြမြဝင်းနှင့် လက်မှတ်ရေးထိုး လက်ထပ်ပြီး အတူပေါင်းသင်း နေထိုင်ခဲ့ကြသည်။ ထို့နောက် ဗိုလ်တင်မောင်မောင်မြတ်က မမြမြဝင်း အား ကျိုက်ထိုမြို့သို့ အလည်လာသော အဒေါ်ဖြစ်သူ ဒေါ်ကြည်ကြည် နှင့်အတူ ရန်ကုန်မြို့ရှိ ဗိုလ်တင်မောင်မောင်မြတ် ၏ မိခင် နေအိမ်သို့ ထည့်လိုက်သည်။ မမြမြဝင်း ရန်ကုန်မြို့သို့ ရောက်သည့်အချိန်မှ စ၍ ဗိုလ်တင်မောင်မောင်မြတ်သည် မမြမြဝင်းနှင့် လုံးဝဆက်သွယ်မှု မပြု လုပ်တော့သည့်ပြင် ၁၁-၇-၇၄ ရက်နေ့တွင် ဗိုလ်တင်မောင်မောင်မြတ် ၏ မိခင် ဒေါ်သန်းသန်း နှင့် အဒေါ် ဒေါ်ကြည်ကြည် တို့က မမြမြဝင်းအား ဗဟိုတရားရုံးရှေ့နေ ဦးလှသိန်း ရုံးခန်းသို့ ခေါ်သွား ပြီး ကွာရှင်းစာချုပ်ကို လက်မှတ်ရေးထိုး စေခဲ့ကြသည်။

ထိုသို့ တဘက်သတ် ကွာရှင်းစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ရသည့် အကြောင်းကို မမြမြဝင်းက ရန်ကုန်မြို့မှနေ၍ မိဘများထံသို့ အကြောင်း ကြားခဲ့သဖြင့် မမြမြဝင်း၏ ဦးလေးနှင့် အဒေါ်တို့သည် ရန်ကုန်မြို့ သို့ လိုက်လာပြီး မမြမြဝင်းအား ပြန်ခေါ်သော်လည်း ဗိုလ်တင် မောင်မောင်မြတ်၏ မိခင်နှင့် အဒေါ်တို့က ပြန်ခေါ်ခွင့် မပေးခဲ့ချေ။ ထို့ကြောင့် မမြမြဝင်း၏ ဦးဇလေး ဦးဘလေးက ဗိုလ်တင်မောင်မောင် မြတ် သည် မမြမြဝင်းကို ခိုးယူပေါင်းသင်းပြီးနောက် ပအို့တိုင်းရင်း သားဓလေ့ထုံးတမ်းအရ မိဘများထံ ပြန်လည်အပ်နှံခဲ့ခြင်းမရှိကြောင်း၊ မိဘဆွေမျိုးတို့က ရန်ကုန်မြို့သို့ လိုက်လာပြီး စုံစမ်းရာတွင်လည်း မမြမြဝင်းကို တွေ့မပေးခဲ့ကြောင်း၊ ဗိုလ်တင်မောင်မောင်မြတ် အနေ

ဖြင့် မမြမြဝင်းကို လုံးဝ အဆက်အသွယ် မလုပ်တော့သည်ပြင် မမြမြဝင်းနှင့် ဗိုလ်တင်မောင်မောင်မြတ်တို့၏ ပြတ်စဲ စာချုပ်ပေါ်တွင် မမြမြဝင်းအား လိမ်လည်၍ လက်မှတ်ရေးထိုး စေခဲ့ကြောင်းဖြင့် ၂၇-၈-၇၄ ရက်နေ့တွင် တပ်ရင်းမှူးထံ လာရောက်၍ စာရေး တိုင်ကြားခဲ့သည်။

၁၉၈၁

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ကာကွယ်ရေး ဝန်ကြီးဌာန နှင့် ဗိုလ်တင် မောင်မောင် မြတ်

ထို့နောက် ၂၈-၈-၇၄ ရက်နေ့တွင် ဦးဘကလေး အပါအဝင် မမြမြဝင်း၏ ဆွေမျိုးသားချင်းများသည် ရန်ကုန်မြို့သို့ လိုက်လာ၍ မမြမြဝင်းကို ခေါ်သည့်အခါတွင် ဗိုလ်တင်မောင်မောင်မြတ်၏ မိခင်နှင့် အဒေါ်တို့က မမြမြဝင်း၏ ဆွေမျိုးများအား ခြံဝင်းအတွင်းသို့ ဝင်ခွင့်မပေးသဖြင့် မရမ်းကုန်းမြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့ စခန်းနှင့် ရပ်ကွက်ပြည်သူ့ကောင်စီတို့၏ အကူအညီဖြင့် မမြမြဝင်းကို ရန်ကုန်မြို့ရှိ ဗိုလ်တင်မောင်မောင်မြတ်၏ မိခင်အိမ်မှ ကျိုက်ထိုမြို့သို့ ပြန်ခေါ်ခဲ့ကြသည်။ ကျိုက်ထိုမြို့သို့ပြန်ရောက်ပြီး ၃-၉-၇၄ ရက်နေ့တွင် မမြမြဝင်းမှ မိမိသည် မတရားသဖြင့် လူညှဉ်းတုံးအောင် လိမ်လည်လှည့်ဖြားခံနေရမှုအတွက် အရေးယူပေးပါရန် တပ်ရင်းမှူးအား တိုင်ကြားသဖြင့် သက်ဆိုင်ရာတို့မှ ၅-၂-၇၅ ရက်နေ့တွင် ဗိုလ်တင်မောင်မောင်မြတ်အပေါ် တပ်မတော် နည်းဥပဒေ ၂၂ အရ သက်သေခံအကျဉ်းချုပ်ကို ရေးမှတ်ယူစေခဲ့သည်။ ယင်း သက်သေခံ အကျဉ်းချုပ်မှ သက်သေထွက်ချက်များအရ ဗိုလ်တင်မောင်မောင်မြတ်၏ အပြုအမူသည် အရာရှိတစ်ဦး၏ အဆင့်အတန်းအရ သော်လည်းကောင်း၊ အကျင့်စာရိတ္တ အရသော် လည်းကောင်း မလျော်သော အပြုအမူကို ပြုကြောင်း အခြေအမြစ် တွေ့ရှိသဖြင့် ၎င်းအပေါ် တပ်မတော် အက်ဥပဒေပုဒ်မ ၎၄ အရ စွဲချက်တင်၍ အရေးယူစေခဲ့သည်။

အကျဉ်း စစ်တရားရုံးချုပ်က ဗိုလ်တင်မောင်မောင်မြတ် အပေါ်—

"၎င်းသည် ၁၈-၃-၇၄ ရက်နေ့၌ ကျိုက်ထိုမြို့၊ ပြည်သူ့တရားရုံးတွင် ပအို့အမျိုးသမီး မမြမြဝင်း နှင့် လက်ထပ်ခဲ့ပြီး ၇-၅-၇၄ ရက်နေ့တွင် ၎င်း၏အဒေါ် ကျိုက်ထိုမှ ရန်ကုန်သို့ ပြန်ရာ၌ ဇနီးဖြစ်သူမှ လုံးဝသဘောမတူပဲလျက် ရန်ကုန်မြို့သို့ အတင်းအကြပ် သွားစေခဲ့ပြီးနောက် ရန်ကုန်မြို့၌ မမြမြဝင်းကို ကွာရှင်းသော ၁၁-၇-၇၄ ရက်နေ့အထိ အကြောင်းမဲ့ အဆက်အသွယ် ဖြတ်ခဲ့သည်"—

၁၉၀၁ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ကာကွယ်ရေးဝန်ကြီးဌာနနှင့် ဗိုလ်တင်မောင်မောင်မြတ်

ဟူ၍ စွဲချက်တင်ရာ ဗိုလ်တင်မောင်မောင်မြတ်က "အပြစ်မရှိပါ" ဟု ဖြေကြားခဲ့သည်။ အကျဉ်း စစ်တရားရုံးချုပ်က တရားလိုပြသက်သေ (၉) ဦးအနက် အဓိကသက်သေ (၄) ဦးကို စစ်ဆေးပြီးသောအခါ ဗိုလ်တင်မောင်မောင်မြတ်က "အပြစ်မရှိပါ" ဟု ငြင်းဆိုခဲ့သော မူလ ဖြေကြားချက်ကို ပြန်လည်နှုတ်သိမ်း၍ "အပြစ်ရှိသည်" ဟု ပြောဖွဲ့လဲဝန်ခံ ဖြေကြားခဲ့သဖြင့် ယင်းဖြေကြားချက်ကို အကျဉ်း စစ်တရားရုံးချုပ်က လက်ခံပြီး ပြစ်မှုထင်ရှား စီရင်ခဲ့သော အမှုဖြစ်သည်။

အယူခံ တရားခံ ဗိုလ်တင်မောင်မောင်မြတ်၏ အကျိုးဆောင်က ဥပဒေရေးရာ ပြဿနာနှင့် စပ်လျဉ်း၍ တပ်မတော် အက်ဥပဒေ ပုဒ်မ ၂၁၇ တွင် ပြဋ္ဌာန်းထားသော တရားလွှတ်တော်ချုပ်မှသာ လုပ်ပိုင်ခွင့်ရှိသည့် အာဏာကို ဗဟိုတရားရုံး၌ စီရင်ပိုင်ခွင့်ရှိမရှိ၊ တပ်မတော် အက်ဥပဒေပုဒ်မ ၂၁၇ အရ အယူခံဝင်မှုဆိုရာတွင် တရားသေလွှတ်ထားပြီးသော သူတစ်ဦးအပေါ် အယူခံပိုင်ခွင့် ရှိမရှိ၊ စစ်ဘက် အယူခံတရားရုံးက ဆုံးဖြတ်ချက်ချမှတ်သော နေ့ရက်မှအစပြု၍ (၁၄) ရက်အတွင်း နိုင်ငံတော်ဌေနေချုပ်ထံ ထိုကိစ္စအလို့ငှာ လျှောက်လွှာ တင်သွင်းရန် ပျက်ကွက်လျှင် လက်ခံနိုင်ခြင်း ရှိမရှိ၊ စစ်ဘက် အယူခံတရားရုံး ဆုံးဖြတ်ချက်တွင် အများပြည်သူများနှင့်ပတ်သက်သည့် အထူးအရေးကြီးသော ဥပဒေကြောင်းဆိုင်ရာ အချက်တစ်ခုခု ပါဝင်နေခြင်း ရှိမရှိဟူသော အချက်များကို တင်ပြသည်။

ပြည်သူ့ တရားသူကြီးအဖွဲ့၏ စီရင်ပိုင်ခွင့်များနှင့် စပ်လျဉ်း၍ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၆၊ အပိုဒ်ခွဲ (ဆ) တွင် ပြည်သူ့တရားသူကြီး အဖွဲ့သည် စစ်ဘက်ဆိုင်ရာ တရားစီရင်ရေး အဖွဲ့များ၏ အမိန့်၊ ဆုံးဖြတ်ချက်များ အပေါ် အယူခံမှုကို စီရင်နိုင်ကြောင်း ပြဋ္ဌာန်းချက်ရှိပေသည်။ တပ်မတော် အက်ဥပဒေသည် အထူးဥပဒေဖြစ်သောကြောင့် စစ်တရားရုံးမှ အပြီးအပြတ် လွှတ်ထားသူ တစ်ဦးအပေါ် အယူခံဝင်ရာတွင် တပ်မတော် အက်ဥပဒေ အခန်း ၁၇ တွင် ပုဒ်မ ၂၁၁ မှ ၂၃၁ အထိ ပြဋ္ဌာန်းထားသည့် နည်းလမ်းများနှင့် အညီ အယူခံရန်ဖြစ်သည်။ ယေဘုယျဥပဒေဖြစ်သော ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၁၇ နှင့် သက်ဆိုင်ခြင်းမရှိပေ။ စာပိမ်တော် အက်ဥပဒေပုဒ်မ ၂၁၇ အရ အယူခံဝင်ရန် ထောက်ခံချက် လက်မှတ်ကို စစ်ဘက် အယူခံတရားရုံးက ဆုံးဖြတ်ချက်ချသောနေ့ရက်မှ အစပြု၍ တစ်ဆယ့်လေးရက်အတွင်း လျှောက်ထားရန် လိုအပ်ခြင်းနှင့် စစ်ဘက် အယူခံတရားရုံးက ဆုံးဖြတ်ချက်တွင် အများပြည်သူနှင့်ပတ်သက်သည့် အထူး

အရေးကြီးသော ဥပဒေကြောင်းဆိုင်ရာ အချက်တစ်ခုခု ပါဝင်ခြင်း ရှိ မရှိ ဟူသော တင်ပြချက်များနှင့်ပတ်သက်၍ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့သည် ယင်းအချက်များကို စဉ်းစား သုံးသပ်ခဲ့ပြီး ဖြစ်ကြောင်း ပြည်သူ့အကျိုးဆောင်ဥပဒေအဖွဲ့၏ ထောက်ခံချက် လက်မှတ်တွင် ဖော်ပြထားသည်။

၁၉၈၁
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ကာကွယ်ရေး ဝန်ကြီးဌာန နှင့် ဗိုလ်တင်မောင် မောင်မြတ်

ဤအယူခံမှုတွင် အဓိကစဉ်းစားရန်အချက်မှာ– ဗိုလ်တင်မောင် မောင်မြတ်သည် "အပြစ်ရှိသည်" ဟူသော မိမိဖြေကြားချက် မည်သို့ အကျိုး သက်ရောက်မည်ကို နားမလည်ပဲ အမှု ကြန့်ကြာမည် စိုးရွံ့ ဝန်ခံခဲ့ခြင်း ဟုတ် မဟုတ်ဆိုသော အချက်နှင့် စွဲချက်ပါ ဗိုလ်တင်မောင် မောင်မြတ်၏ အပြုအမူများသည် တပ်မတော်အက်ဥပဒေ ပုဒ်မ ၄၄ အရ မလျော်သော အပြုအမူများ ပြုရာရောက် မရောက်ဆိုသော အချက်တို့ ဖြစ်သည်။

တပ်မတော်နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(၂)တွင်–

> "တရားခံတစ်ဦးက အပြစ်ရှိသည်"ဟု ဖြေကြားလျှင် ထိုဖြေကြားချက်ကို စစ်တရားရုံး၏ ဆုံးဖြတ်ချက်အဖြစ် ရေးမှတ်ရမည်။ သို့သော်လည်း ထိုဖြေကြားချက်ကို မရေးမှတ်မီ စစ်တရားရုံး၏ ကိုယ်စား စစ်တရားရုံးဥက္ကဋ္ဌကဖြစ်စေ၊ စစ်ဥပဒေ အရာရှိကဖြစ်စေ ထိုတရားခံသည် မိမိအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့် စွဲချက်၏သဘောကို နားလည်သည်ဟု သေချာစွာ စိစစ်ရမည်ဖြင့် ထိုဖြေကြားချက်၏ ယေဘုယျအကျိုးသက်ရောက်မှု၊ ထို့ပြင် အထူးသဖြင့် မိမိကအပြစ်ရှိသည်ဟု ဖြေကြားလိုက်သည့် စွဲချက်၏အဓိပ္ပာယ်၊ ထို့ပြင် "အပြစ်ရှိသည်"ဆိုသည့် ဖြေကြားချက်က ဖြစ်ပေါ်စေမည့် ကျိုးထိုးကွဲပြား ခြားနားမှုကို တရားခံအား ပြောပြရမည်။ ထို့ပြင် သက်သေခံ အကျဉ်းချုပ်ကို ထောက်ရှု၍ "အပြစ်မရှိကြောင်း တရားခံကဖြေကြားသင့်သည်ဟု ယူဆလျှင် ထိုဖြေကြားချက်ကို နုတ်သိမ်းရန် တရားခံအား အကြံပေးရမည်"ဟူ၍ လည်းကောင်း၊

နည်းဥပဒေ ၅၃၊ နည်းဥပဒေခွဲ(၅)တွင်လည်း–

> "တရားခံ၏ထွက်ဆိုချက်ကိုဇာတ်လည်းကောင်း၊ သက်သေခံ အကျဉ်းချုပ်ကို သော်လည်းကောင်း၊သက်သေခံ ကောက်နုတ်ချက်ကိုသော်လည်းကောင်း၊ အခြားအကြောင်းအရာကို သော်လည်းကောင်း ထောက်ရှုလျက် တရားခံသည်"အပြစ်ရှိသည်"

ဟူသော မိမိ၏ဖြေကြားချက် မည်သို့ အကျိုးသက်ရောက်သည်ကို နားမလည်ဟု စစ်တရားရုံးက ထင်မြင်ယူဆလျှင် စစ်တရားရုံးသည် ထိုရေးမှတ်ချက်ကို ပြောင်းလဲ၍ "အပြစ်မရှိ" ဟူသော ဖြေကြားချက်ကို ရေးသွင်းပြီးနောက် စစ်ဆေး စီရင်ခြင်းကို "အပြစ်မရှိ" ဟူသော ဖြေကြားချက်နှင့် အညီ ဆက်လက် ဆောင်ရွက်ရမည်" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

၁၉၉၁ ခု ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ကာကွယ်ရေး ဝန်ကြီးဌာန နှင့် ဗိုလ်တင် မောင်မောင် မြတ်

အမှုတွဲရှိ မှတ်တမ်းများအပေါ် လေ့လာ သုံးသပ် ကြည့်ရာတွင် အကျဉ်း စစ်တရားရုံးချုပ်သည် "အပြစ်ရှိသည်" ဟူသော တရားခံ၏ဖြေကြားချက်ကို လက်ခံ၍ တပ်မတော်နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ပြီး ပြစ်မှုထင်ရှားစီရင်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။ အကျဉ်း စစ်တရားရုံးချုပ်ချေခ်ဳ ဗိုလ်တင်မောင်မောင်မြတ်၏ ထွက်ဆိုချက်နှင့် သက်သေခံအကျဉ်းချုပ်ရေးမှတ်သူ အရာရှိရွှေတွင် ဗိုလ်တင်မောင်မောင်မြတ်၏ အစစ်ခံချက်များအရ ဗိုလ်တင်မောင်မောင်မြတ်သည် စွဲချက်၏သဘောသဘာဝ အဓိပ္ပာယ်နှင့် အကျိုးသက်ရောက်မှုတို့ကို နားမလည်ပဲ အမှုကြန့်ကြာမည်စိုးရိမ်၍ ဝန်ခံခဲ့သည်ဟု ထင်မြင်ယူဆနိုင်ရန် အထောက်အထား မတွေ့ရပေ။

ဒုတိယ စဉ်းစားရန်အချက်မှာ ဗိုလ်တင်မောင်မောင်မြတ်၏ အပြုအမူများသည် တပ်မတော်အက်ဥပဒေပုဒ်မ ၄၄ နှင့် ငြိစွန်းခြင်း ရှိမရှိ ဆိုသောအချက်ဖြစ်သည်။ အမှုတွဲရှိ အထောက်အထားများကို လေ့လာသုံးသပ်သည့်အခါ သက်သေခံ အကျဉ်းချုပ်တွင် ဗိုလ်တင်မောင်မောင်မြတ်၏ မိခင် ဒေါ်သန်းသန်းနှင့် အဒေါ် ဒေါ်ကြည်ကြည်တို့က ဗိုလ်တင်မောင်မောင်မြတ်သည် မမြမြဝင်းနှင့် လက်ထပ်ခဲ့ရခြင်းမှာ မမြမြဝင်းနှင့် အရာရှိအချို့၏ညစ်ပတ်မှုကို ခေါင်းငုံ့ခံခဲ့ရခြင်းဖြစ်သဖြင့် မကျေမနပ်ဖြစ်နေသည်ဟု ဗိုလ်တင်မောင်မောင်မြတ်က ပြောပြ၍ သိရကြောင်း၊ ၇-၅-၇၄ ရက်နေ့က ကျိုက်ထိုမြို့မှ ရန်ကုန်မြို့သို့ ဒေါ်ကြည်ကြည်အပြန်တွင် ဗိုလ်တင်မောင်မောင်မြတ်က မမြမြဝင်းအား ရန်ကုန်မြို့သို့ထည့်လိုက်ကြောင်း ထွက်ဆိုထားသည်။ ထို့ပြင် ဒေါ်သန်းသန်းက "မမြမြဝင်း ရန်ကုန်၌ရှိစဉ် သားဖြစ်သူ ထံမှ စာနှစ်ကြိမ်ရေး၍ မမြမြဝင်းအား သူနှင့်ကွာရှင်းပေးရန် ပြောဆိုပါသည်" ဟူ၍ လည်းကောင်း၊ ဒေါ်ကြည်ကြည်က မမြမြဝင်းရန်ကုန်တွင်ရှိစဉ် သားဖြစ်သူထံမှ နှစ်ကြိမ်စာရေးသား၍ ဆက်လက်ပေါင်းသင်းရန် မဖြစ်ကြောင်း၊

ပြဿနာမဖြစ်ခင် စောစောစီးစီးလမ်းခဲ့ကြရန် ပြောဆိုသည်ကို သိရပါသည်'' ဟူ၍ လည်းကောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ ဗိုလ်တင်မောင်မောင်မြတ်ကလည်း မမြမြဝင်းနှင့် ဗိုလ်ကျင်စိုးတို့ တိုင်ပင်၍ လှည့်ပတ်မှုကို မရှောင်ထွက်နိုင်သဖြင့် အကြောင်းအမျိုးမျိုးကြောင့် မမြမြဝင်းအား ၁၈-၃-၇၄ ရက်နေ့တွင် တရားရုံး၌တရားဝင်လက်ထပ်ယူခဲ့ရခြင်းဖြစ်ကြောင်း၊ မမြမြဝင်းသည် မိမိအား မရိုးမသား လှည့်ပတ်၍ အရယူခဲ့ခြင်းဖြစ်၍ မကျေနပ်ကြောင်း ၉-၇-၇၄ ရက်နေ့က တာဝန်ဖြင့် ရန်ကုန်မြို့သို့အရောက်တွင် မမြမြဝင်းနှင့် ကွာရှင်းရန်ကြိုတင်၍ စီစဉ်ထားခဲ့သည့်အတိုင်း ၁၁-၇-၇၄ ရက်နေ့တွင် ဗဟိုကရားရုံးရှေနေဦးလှသိန်း၏ ရုံးခန်း၌ ကွာရှင်းစာချုပ်ကို လက်မှတ် ရေးထိုးခဲ့ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

၁၉၇၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ကာကွယ်ရေး ဝန်ကြီးဌာန နှင့် ဗိုလ်တင်မောင်မောင်မြတ်

သက်သေခံ အကျဉ်းချုပ်နှင့် ပတ်သက်၍ တ၁်မတော် နည်းဥပဒေ ၁၅၉ နည်းဥပဒေ(၃)တွင်—

> ''အကျဉ်း စစ်တရားရုံးချုပ်သည် တရားခံက ''အပြစ်ရှိသည်''ဟု ဖြေကြားလျှင် သက်သေခံအကျဉ်းချုပ်၊ သို့တည်းမဟုတ် သက်သေခံ ကောက်နုတ်ချက် ရှိခဲ့လျှင် ထိုသက်သေခံအကျဉ်းချုပ်ကိုသော်လည်းကောင်း၊ သက်သေခံ ကောက်နုတ်ချက်ကို သော်လည်းကောင်း ဖတ်ပြပြီးနောက် အမှုတွဲတွင် ပူးတွဲနိုင်သည်။ ထို့ပြင် အကျဉ်း စစ်တရားရုံးချုပ်သည် ထိုသို့ဖတ်ပြသော သက်သေခံ အကျဉ်းချုပ်တွင်ဖြစ်စေ၊ သက်သေခံ ကောက်နုတ်ချက်တွင် ဖြစ်စေ ပါရှိသောအကြောင်းအရာများနှင့် စပ်လျဉ်း၍ တရားလိုဘက် သက်သေများကို ကြားနာ စစ်ဆေးရန် မလိုအပ်စေရ''—

ဟု ပြဋ္ဌာန်းထားသည်ဖြစ်၍ ''အပြစ်ရှိသည်''ဟု တရားခံက ဖြေကြားထားသော ဤအယူခံမှုမျိုးတွင် သက်သေခံအကျဉ်းချုပ်တွင် ပါရှိသော တရားခံ၏ အစစ်ခံချက်နှင့်အတူ နှစ်ဘက်သက်သေ ထွက်ဆိုချက်များသည် အကျဉ်းစစ်တရားရုံးချုပ်က တရားဝင် လက်ခံစဉ်းစားနိုင်သော သက်သေခံချက်များဖြစ်ပေသည်။

အကျဉ်း စစ်တရားရုံးချုပ်ရှေ့တွင် ''အပြစ်ရှိသည်''ဟု ဖြေကြားပြီးနောက် စွဲချက်များကိုညွှန်း၍ ထွက်ဆိုချက်တစ်ခုခု ပြုနိုင်ရန် ခွင့်ပြုချက်အရ ဗိုလ်တင်မောင်မောင်မြတ်က ထွက်ဆိုချက် ပေးရာတွင်လည်း ၎င်းသည် မမြမြဝင်းအား ချက်ချင်းလက်မထပ်နိုင်ကြောင်း၊ လက်ထပ်

၁၉၈၁
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ကာကွယ်ရေး ဝန်ကြီးဌာန နှင့် ပိုလ်တင်မောင်မောင်မြတ်

ရန်လည်း အစီအစဉ်မရှိသေးကြောင်း ၁၈-၃-၇၄ ရက်နေ့က မမျှော်လင့်ပဲ လက်ထပ်ရခြင်းဖြစ်ကြောင်း မမြမြဝင်းလိုက်လာပြီး ပိုလ်ကျင်စိုးနှင့် တပ်ရင်းမှူးတို့က မယူမဖြစ်သည့် သတော်ချိုး ပြောဆိုသည့်အတွက် မလွဲမရှောင်သာ၍ နာမည်အပျက်မခံလိုသည့်သဘောဖြင့် တရားရုံးတွင် လက်ထပ်ယူရခြင်းဖြစ်ကြောင်း၊ မမြမြဝင်း ရန်ကုန်မြို့၌ ရှိနေစဉ်အတွင်း ၁၀-၇-၇၄ ရက်နေ့အထိ မမြမြဝင်းကို သွားမတွေ့ဟုဆိုလျှင် မှန်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

အထက်ပါသက်သေခံ အကျဉ်းချုပ်ရှိ ပိုလ်တင်မောင်မောင်မြတ်ကိုယ်တိုင် အစစ်ခံချက်နှင့် မိခင် ဒေါ်သန်းသန်း၊ အဒေါ် ဒေါ်ကြည်ကြည်တို့၏ ထွက်ချက်များအရပင် ပိုလ်တင်မောင်မောင်မြတ်သည် မမြမြဝင်းအား မလွဲမရှောင်သာ၍ လက်ထပ်ခဲ့ရပြီးနောက် မိမိအား ကွာရှင်းပေးရန် နှစ်ကြိမ်တိုင်တိုင် စာရေးတောင်းဆိုခဲ့ကြောင်း သက်သေခံအထောက်အထားများ ထင်ရှားစွာရှိနေသည်။ မမြမြဝင်းကလည်းသည် ပိုလ်တင်မောင်မောင်မြတ်၏ မိဘများက သဘောမတူကြောင်းသိ၍ ရန်ကုန်မြို့သို့ မလိုက်လိုပါပဲလျက် ပိုလ်တင်မောင်မောင်မြတ်က အတင်းအကြပ် လိုက်ပါစေခဲ့ကြောင်း စွပ်စွဲချက်ကို လည်းကောင်း၊ ရန်ကုန်မြို့၌ တဘက်သတ်ကွာရှင်းရန် ပိုလ်တင်မောင်မောင်မြတ်၏မိခင် ဒေါ်သန်းသန်းနှင့် အဒေါ် ဒေါ်ကြည်ကြည်တို့က မမြမြဝင်းအား အတင်းအကြပ် လက်မှတ်ရေးထိုးစေခဲ့ခြင်းနှင့် ထိုသို့ လက်မှတ်ရေးထိုးသော ၁၁-၇-၇၄ ရက်နေ့အထိ ပိုလ်တင်မောင်မောင်မြတ်သည် မမြမြဝင်းအား အကြောင်းမဲ့ အဆက်အသွယ်ဖြတ်ခဲ့သည်ဟူသော စွပ်စွဲချက်ကိုလည်းကောင်း ပိုလ်တင်မောင်မောင်မြတ်က သက်သေခံအထောက်အထားဖြင့် ခုခံငြင်းဆိုနိုင်ခြင်း မရှိပေ။

လက်ထပ်ထိမ်းမြားခြင်း၊ လင်မယားကွာရှင်းခြင်းတို့ကို မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းအရ နှစ်ဦးသဘောတူညီချက်ဖြင့် ပြီးမြောက်နိုင်သည်။ ထိုသို့ လက်ထပ်ခြင်း၊ ကွာရှင်းခြင်းတို့သည် သာမန်လူမှုရေးပြဿနာများ ဖြစ်သည်ဟု ဆိုနိုင်သော်လည်း ဤအမှုတွင် ပေါ်ပေါက်သော သက်သေအထောက်အထားများအရ သာမန်လက်ထပ်ထိမ်းမြားခြင်း၊ ကွာရှင်းခြင်းမျိုး မဟုတ်ပေ။ ပိုလ်တင်မောင်မောင်မြတ်သည် မိမိဆန္ဒနှင့် ဆန့်ကျင်၍ မိမိစစ်ဆင်ရေးနယ်မြေအတွင်းရှိခဲ့မောက်ရွာသူ၊ ပအို့တောင်သူအမျိုးသမီးတစ်ဦးအား ကျိုက်ထိုမြို့၌ လက်ထပ်ခဲ့ပြီး (၃)လနှင့် (၂၄)ရက်အကြာတွင် မိမိအား တရားဝင်

၁၉၈၁ ပြည်ထောင်စု သို့ရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်၊ ကာကွယ်ရေး ဝန်ကြီးဌာန နှင့် ဗိုလ်တင် မောင်မောင် မြတ်

ကွာရှင်း ပြတ်စဲပေးရန် မိမိ၏မိခင်နှင့် အဒေါ်တို့၏ ဆွဲဆောင်မှု၊ ခြိမ်းခြောက်မှုတို့ဖြင့် တဘက်သတ် ကွာရှင်းစာချုပ်ကို ရန်ကုန်မြို့၌ အဘင်း အကြပ် လက်မှတ်ရေးထိုးစေခဲ့ကြောင်း ပေါ်ပေါက်သည်။

သက်သေခံအဂျင်းချုပ်ရှိ ဗိုလ်တင်မောင်မောင်မြတ်၏ အစစ်ခံချက်များအရပင် တပ်ရင်းမှူး သည် ဗိုလ်တင်မောင်မောင်မြတ်အား မမြမြဝင်းကို သူ့မိဘများထံ ပြန်အပ်ရန် ညွှန်ကြားပြီး ထိုကိစ္စ ဆောင်ရွက်ရန်အတွက် ၂-၈-၇၄ ရက်နေ့မှ ၁၀-၈-၇၄ ရက်နေ့ထိ ခွင့် (၄)ရက်ပေးခဲ့ကြောင်း၊ ထိုအခါတွင်မှ ဗိုလ်တင်မောင်မောင်မြတ် သည် ရန်ကုန်မြို့သို့ လိုက်သွားခဲ့ပြီး ကျိုက်ထိုမြို့သို့အပြန် တွင် ၁၁-၈-၇၄ ရက်နေ့တွင် လက်မှတ်ရေးထိုးထားသော ကွာရှင်းစာချုပ် နှင့် မမြမြဝင်းမှ ရေးသားပေးသည်ဟုဆိုသော ၉-၈-၇၄ ရက်စွဲပါ စာတစ်စောင်ကို ဗိုလ်တင်မောင်မောင်မြတ်က တပ်ရင်းဌာနချုပ်သို့ တင်ပြခဲ့ကြောင်း တွေ့ရှိရသည်။ သို့ရာတွင် မမြမြဝင်းမှ သက်သေခံ အကျဉ်းချုပ်တွင် ယင်း ၉-၈-၇၄ ရက်စွဲပါစာသည် သူရေးသောစာ မဟုတ်ကြောင်း ငြင်းဆိုပြီးနောက် အကျဉ်း စစ်တရားရုံးချုပ်ရှေ့တွင် အစစ်ခံရာ ၎င်းကိုယ်တိုင်ရေးသား၍ လက်မှတ်ရေးထိုးထားကြောင်း ထွက်ဆိုထားသည်။ မည်သို့ပင်ဆိုစေ ဗိုလ်တင်မောင်မောင်မြတ်သည် ၁၁-၈-၇၄ ရက်နေ့ကတည်းကပင် ရန်ကုန်မြို့၌ မမြမြဝင်းနှင့် ကွာရှင်းပြတ်စဲခဲ့ပြီး ဖြစ်သည်ဟုဆိုသော်လည်း ထိုကိစ္စကို တပ်မတော်၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ သက်ဆိုင်ရာတပ်ရင်းသို့ တင်ပြရန် တာဝန်ရှိပါလျက် ထိုသို့တင်ပြရန် ပျက်ကွက်ခဲ့ကြောင်း ပေါ်ပေါက်သည်။

တပ်မတော်အက်ဥပဒေပုဒ်မ ၄၄ တွင်—

> "အရာရှိတစ်ဦးဦး၊ သို့တည်းမဟုတ် အရာခံဗိုလ်တစ်ဦးဦး သည် မိမိ၏အဆင့်အတန်းနှင့် မလျော်ဘည့်ပြင် မိမိတွင် ရှိထိုက်သော အကျင့်စာရိတ္တနှင့် မလျော်သောနည်းအတိုင်း ပြုမူလျှင် စစ်တရားရုံးက ပြစ်မှုထင်ရှား စီရင်သောအခါ—
>
> ထိုသူမှာ အရာရှိတစ်ဦးဖြစ်ပါက နှစ်ခုတ်ချ၍ အမြဲတမ်းထုတ်ပစ် ပြစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သောပြစ်ဒဏ်ဖြစ်စေ၊
>
> ထိုသူမှာ အရာခံဗိုလ်တစ်ဦးဖြစ်ပါက အမြဲတမ်းထုတ်ပစ်ဒဏ်ဖြစ်စေ၊ ဤအက်ဥပဒေတွင် ဖော်ပြထားသည့် လျော့သော ပြစ်ဒဏ်ဖြစ်စေ ထိုက်သင့်စေရမည်"—

၁၉၈၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ကာကွယ်ရေး ဝန်ကြီးဌာန နှင့် ဗိုလ်တင် မောင်မောင် မြတ်

ဟု ပြဋ္ဌာန်းထားသည်။ ဗိုလ်တင်မောင်မောင်မြတ်၏ အပြုအမူများသည် တပ်မတော်အရာရှိတစ်ဦး၏ ဂုဏ်သိက္ခာ၊ အဆင့်အတန်းနှင့်သော်လည်းကောင်း၊ အကျင့်စာရိတ္တနှင့်သော်လည်းကောင်း မလျော်သော အပြုအမူမျိုးဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် ဗိုလ်တင်မောင်မောင်မြတ်အပေါ် အကျဉ်းစစ်တရားရုံးချုပ်က တပ်မတော်အက်ဥပဒေပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်း၊ ပြစ်ဒဏ် ချမှတ်ခြင်းတို့သည် မှန်ကန်ပေသည်။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ စစ်ဘက်အယူခံတရားရုံး၏ ဆုံးဖြတ်ချက်နှင့် အမိန့်ကိုပယ်ဖျက်ပြီး အကျဉ်းစစ်တရားရုံးချုပ်က အယူခံတရားခံ ဗိုလ်တင်မောင်မောင်မြတ်အပေါ် တပ်မတော်အက်ဥပဒေပုဒ်မ ၄၄ အရ ပြစ်မှုထင်ရှား တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်တို့ကို အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဖွဲဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် — † ၁၉၈၁ ဧပြီလ ၂၃ ရက်
နှင့်
ဦးလှတင်ပါ (၂) ဦး *

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၆၂ (၁-က) ပါ ပြဋ္ဌာန်းချက်ကို အထူးဥပဒေများတွင် ကျင့်သုံးမှုမပြုနိုင်။

ဆုံးဖြတ်ချက်။ ။သမဝါယမအသင်း ဥပဒေအရ အပြစ်ရှိကြောင်း ဆုံးဖြတ်၍ ပြစ်ဒဏ်သတ်မှတ်ရာတွင်ဆုံးမလွှတ်ပိုင်ခွင့်မရှိပေ။ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က) ပါ ပြဋ္ဌာန်းချက်ကို ကျင့်သုံးရာတွင် အထူးဥပဒေများနှင့် သက်ဆိုင်မှု မရှိပေ။

လျှောက်ထားသူအတွက် — ဦးမြင့်အောင်၊
ဥပဒေဝန်ထမ်း အဆင့် (၁)။
လျှောက်ထားခံရသူအတွက် — ဦးလှတင် (ကိုယ်တိုင်)။

လျှောက်ထားခံရသူ ဦးလှတင်နှင့် ဦးစောအောင်တို့ အပေါ် ပုသိမ်ကြီးမြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ် ၃၉၇/၇၄ တွင် ၁၉၇၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ နောက် ဆက်တွဲ ဇယား ၂၊ အမှတ်စဉ် ၂၀ အရ အပြစ်ရှိသဖြင့် ဆုံးမ၍လွှတ် သည့်အပြင် တရားခံများ ပေးသွင်းထားသော ငွေကျပ် ၃၀၉၅/- ကို သမဝါယမအသင်းသို့ လျော်ကြေးငွေအဖြစ် ပေးစေရန် အမိန့်ချမှတ် ခဲ့သည်။ ထို့ပြင် မန္တလေးတိုင်း တရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၁၂/၇၅ တွင် ထိုအမိန့်ကို အတည်ပြုခဲ့ခြင်းကို မကျေနပ် သောကြောင့် ဗဟိုဥပဒေရုံးက ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

---

* ၁၉၈၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၅၇ (ခ)။

† ၁၉၇၅ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၂ တွင် ချမှတ်သော (၆-၂-၇၆) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

၁၉၁၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် ဦးလှတင် ပါ(၂) ဦး

အမှုမှာ ပုသိမ်ကြီးမြို့ စားသုံးသူ သမဝါယမအသင်းမှ လျှောက်ထား ခံရသူ ၂ ဦးအပါအဝင် ၁၉၇၂–၇၃ ခုနှစ် အတွက် အမှုဆောင် ၁၃ ဦးတို့အပေါ် အမှုဆောင်ဝန်ထမ်းဆုမျှားကို မြို့နယ်သမဝါယမ ရှာနမှူး၏ ခွင့်ပြုချက်မရှိမီ ထုတ်ယူခြင်း၊ သမဝါယမအသင်းဆိုင် ပြုပြင်ခြင်း၊ ပြင်ပကုန်မျှား ပြေစာအတုပြုလုပ်ဝယ်ယူခြင်း အစရှိသော စွပ်စွဲချက်မျှားနှင့် အရေးယူ တရားစွဲဆိုရာ တရားခံ ၁၁ ဦးတို့အား စွဲချက်မတင်ပဲ အမှုမလှတ်ခဲ့ပြီး လျှောက်ထားခံရသူ ၂ ဦးအပေါ် အထက်တွင် ဖော်ပြသည့်အတိုင်း အပြစ်ပေးခဲ့ခြင်း ဖြစ်သည်။

လျှောက်ထားသူက အဓိကအကြောင်းပြချက်မျှားအဖြစ် တင်ပြရာ တွင် မူလရုံးမှ လျှောက်ထားခံရသူ ဦးလှတင်ပါ (၂) ဦးအပေါ် အပြစ်ရှိကြောင်း ဆုံးဖြတ်ချက်မှာ မှန်ကန်မှုရှိသော်လည်း ဆုံးမ၍ လွှတ်သည်ဟူသော အဓိန္ဓိမှာ ဥပဒေနှင့် မျှားစွာဆန့်ကျင်၍ မှားယွင်း ကြောင်း၊ သမဝါယမအသင်းနှင့် ဥပဒေအရ အပြစ်ရှိကြောင်းဆုံးဖြတ်၍ ပြစ်ဒဏ်သတ်မှတ်ရာတွင် ဆုံးမလွှတ်ပိုင်ခွင့်မရှိကြောင်း၊ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က) ပါ ပြဋ္ဌာန်းချက်ကို ကျင့်သုံး ရာတွင် အထူးဥပဒေများနှင့် သက်ဆိုင်မှုမရှိပဲ ပြစ်မှုဆိုင်ရာ ဥပဒေအရ သတ်မှတ်သားသည့် ထောင်ဒဏ် (၂) နှစ်အထိ အပြစ်ပေးနိုင်သော ပြစ်မှုများအတွက်သာလျှင် ကျင့်သုံးခွင့်ရှိကြောင်း တင်ပြသည်။ သမ ဝါယမအသင်း ဥပဒေအရ အပြစ်ရှိကြောင်း ဆုံးဖြတ်၍ ပြစ်ဒဏ် သတ်မှတ်ရာတွင် ဆုံးမလွှတ်ပိုင်ခွင့် မရှိပေ။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၆၂ (၁-က) ပါ ပြဋ္ဌာန်းချက်ကို ကျင့်သုံးရာတွင် အထူးဥပဒေများနှင့် သက်ဆိုင်မှုမရှိပေ။

ဤအမှုတွင် ဦးလှတင်ပါ (၂) ဦးအပေါ် အပြစ်ရှိကြောင်း ဆုံး ဖြတ်ချက်အရ ပြစ်ဒဏ်စီရင်ရာ၌ မှားယွင်းခြင်းရှိ မရှိ ဆက်လက် စိစစ် ရပေမည်။ ၁၉၇၀ ပြည့်နှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ သမဝါယမ အသင်း ဥပဒေပုဒ်မ ၅၀ (၅) အရ နောက်ဆက်တွဲ ဇယား ၂ ၏ အမှတ်စဉ် တစ်ခုစီတွင် စာတိုင် ၂ ၌ ဖော်ပြသော ပြစ်မှုအတွက် စာတိုင် ၃ ၌ ဖော်ပြသော ပြစ်ဒဏ်များကို တစ်ခုစီသော်လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ကျခံရန် စီရင်နိုင်ပါသည်။ နောက်ဆက်တွဲ ဇယား ၂ မှ ဤအမှုနှင့်သက်ဆိုင်သည့် အမှုတ်စဉ် ၂၀ ၌ ဖော်ပြ ထားသော ပြစ်မှုအတွက် အပြစ်ဒဏ်များမှာ (၁)–၅ နှစ်အထိထောင် ဒဏ်၊ (၂)–ကျပ် ၂၅၀၀ အထိ ငွေဒဏ်၊ (၃)–ဆုံးရှုံးသည့် စာနှိုးဖို၏

၃ ဆအထိလျော်ကြေး၊ (၄)--ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ပစ္စည်းကို ပြည်သူပိုင်အဖြစ် သိမ်းဆည်းခြင်းတို့ဖြစ်သည်။ ဤအမှုတွင် ယင်းပြစ်ဒဏ်များအနက်မှ လျော်ကြေးပေးစေရန်၊ ပြစ်ဒဏ်ဖြစ်သော ပြစ်ဒဏ် အမှတ် (၃) တခုတည်းကို ကျခံစေရန် စီရင်ထားသည်ကို တွေ့ရသည်။ ဇယားပါ အမှတ်စဉ်တစ်ခု၌ ဖော်ပြသော ပြစ်မှုအတွက် ယင်းအမှတ်စဉ်၌ဖော်ပြသော ပြစ်ဒဏ်များအနက်မှ တစ်ခုတည်း ကျခံစေရန် စီရင်နိုင်ပေသည်။ မူလရုံးအမိန့်တွင် ဆုံးမ၍လွှတ်သည်ဟူသော ဖော်ပြချက်နှင့် စပ်လျဉ်း၍ သုံးသပ်သည့်အခါ ဆုံးမ၍လွှတ်ရန် ဥပဒေအရ လုပ်ပိုင်ခွင့် မရှိသည်ကို လည်းကောင်း၊ ဤအမှုတွင် ဖော်ပြရန် မလိုအပ်သည်ကို လည်းကောင်း တွေ့ရသည်။

၁၉၈၁
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် နှင့် ဦးလှတင် ပါ(၂)ဦး

လျှောက်ထားခံရသူများအပေါ် စွပ်စွဲချက်မှာ ၎င်းတို့သည် ပြင်ပမှ ဆပ်ပြာဝယ်ယူရာတွင် ပြေစာအတုများဖြင့် စာရင်းပြ၍ ငွေတုတ်ယူသောကြောင့် အသင်းမှ ငွေကျပ် ၃၈၉၅/- နစ်နာရကြောင်း ဖြစ်သည်။ လျှောက်ထားခံရသူများက အပြစ်မရှိကြောင်း ငြင်းကွယ်သော်လည်း ပြေစာမရနိုင်သဖြင့် ငွေစာရင်းသွင်းသောအခါမှာ ပြေစာရေး၍ စာရင်းသွင်းလိုက်ရကြောင်း ဝန်ခံထွက်ဆိုသောကြောင့် ၎င်းတို့အပေါ် စွပ်စွဲသည့်အတိုင်း ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားသည်။ ထို့ကြောင့် မူလတရားရုံးနှင့် မန္တလေးတိုင်း တရားရုံးတို့၏ အမိန့်ကို ပယ်ဖျက်၍ လျှောက်ထားခံရသူ ဦးလှတင်နှင့် ဦးစောအောင် တို့သည် ၁၉၇၀ ပြည့်နှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ သမဝါယမအသင်း ဥပဒေ နောက်ဆက်တွဲ ဇယား ၂၊ အမှတ်စဉ် ၂၀ အရ ဒဏ်ငွေ ကျပ် ၅၀၀/- စီပေးဆောင်ရန်၊ ပျက်ကွက်လျှင် ထောင်ဒဏ် ၆ လစီ ကျခံစေရန် အပြင် ၎င်းတို့ပေးသွင်းထားသော ငွေကျပ် ၃၈၉၅/- ကို သမဝါယမအသင်းသို့ လျော်ကြေးငွေအဖြစ် ပေးစေရန် အမိန့် ချမှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့်ဗိုလ်ဖူးချုပ်ခင်အုန်း တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

၊ ၁၉၈၁	ဦးပိတ်ကောင်း
ဇန်နဝါရီလ	ဒေါ်ခင်ခင်
၁၆ ရက်	နှင့်

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ– ၅၁၇(၁)– တရားရုံး ရှေ့သို့ သက်သေခံပစ္စည်းမရောက်သော်လည်း ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသောပစ္စည်း ဖြစ်ကြောင်း သက်သေခံ အမှတ်အသား ပြုလုပ်တင်ပြပါက စဉ်းစားနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးပိတ်ကောင်းနှင့် ဒေါ်ခင်ခင်တို့၏ ကားများကို တရားရုံးရှေ့သို့ ယူဆောင်လာခြင်း မပြုသော်လည်း အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနသည် အမှုနှင့်ပတ်သက်၍ ကားများကို ရှာဖွေပုံစံပြုလုပ် သိမ်းဆည်းခြင်း၊ မော်တော်ကားများကို ပိုင်ရှင်များထံ ခံဝန်ဖြင့် ပြန်၍ပေးခဲ့ခြင်း၊ မော်တော်ကားများကို ဓာတ်ပုံရိုက်၍ တရားရုံးသို့ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းများ အဖြစ် သက်သေခံအမှတ်အသား ပြုလုပ်တင်ပြခြင်းများ ပြုလုပ်ခဲ့သောကြောင့် တရားရုံးသည် မော်တော်ကားများနှင့်ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ပုဒ်မ ၅၁၇(၁)အရ စဉ်းစားနိုင်သည်။

လျှောက်ထားသူအတွက် — ဦးညွှန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးခင်မောင်လတ်၊ ဥပဒေဝန်ထမ်း အဆင့်(၁)။

မန္တလေး အရှေ့မြောက် မြို့နယ်တရားရုံး၊ ပြစ်မှုကြီးအမှတ်– ၁၉၃၈/၇၆ တွင် တရားခံဦးတင်အေးနှင့် ဦးဘသောင်းတို့အပေါ်

၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၅၇(ခ)နှင့် ၄၅၈(ခ)။ ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၀၀/၂၉၉(အရှေ့မြောက်)တွင် ချမှတ်သော(၁၈-၁၀-၇၉)နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၆၀ ခုနှစ်၊ ဆိုရှယ်လစ်စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များအပ်နှင်းသည့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေပုဒ်မ ၁၄ (၁) အရ အပြစ်ပေးပြီး သက်သေခံပစ္စည်း မော်တော်ကားအမှတ် မကန-၂၂/၆၂ နှင့် မကန-၉၅/၅၈ တို့ကို ပြည်သူပိုင် ပစ္စည်းအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်ခြင်းနှင့် ပတ်သက်၍ ပိုင်ရှင်များဖြစ်ကြသော ဦးပိတ်ကောင်းနှင့် ဒေါ်ခင်ခင်တို့က မော်တော်ကားများ ပြန်လည်ရရှိရန်အတွက် မန္တလေးတိုင်း တရားရုံးသို့ လျှောက်ထား သော်လည်း အောင်မြင်ခြင်းမရှိသဖြင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခြင်း ဖြစ်သည်။ ဦးပိတ်ကောင်း လျှောက်ထားသော ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၅၇ (ခ)/၇၉ နှင့် ဒေါ်ခင်ခင် လျှောက်ထားသော ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၄၅၈ (ခ)/၇၉ တို့မှာ အမှု ဆုံးဖြတ်ရန်နှင့် ပတ်သက်၍ စဉ်းစားရန် အချက်အလက်များ တူညီသည့် ဖြစ်သော ကြောင့် ဤအမိန့်သည် အဆိုပါအမှု ၂ နှစ်မှုစလုံးအတွက် အကျုံးဝင်စေရမည်။

၁၉၈၁
ဦးပိတ်ကောင်း
ဒေါ်ခင်ခင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

လျှောက်ထားသူများက သက်သေခံပစ္စည်း မော်တော်ကားများကို တရားရုံးရှေ့သို့ ယူဆောင်လာခြင်းမရှိသောကြောင့် ယင်းမော်တော်ကားများနှင့်ပတ်သက်၍ တရားရုံးသည် ပြစ်မှုဆိုင်ရာ ကျင့်ထုံး ပုဒ်မ ၅၁၇(၁)အရ စဉ်းစားနိုင်ခွင့်မရှိကြောင်း၊ ကျောက်စိမ်းတုံး သယ်ယူပေးသည်ဆိုခြင်းနှင့် ပတ်သက်၍လည်း မော်တော်ကား မောင်းနှင်သူများကသာ သိနိုင်ပြီး ပိုင်ရှင်များက သိနိုင်ရန် အကြောင်းမရှိသောကြောင့် ကားများကိုသိမ်းဆည်းရန် မသင့်ကြောင်း တင်ပြသည်။

လျှောက်ထားသူများက ကျောက်စိမ်းတုံး သယ်ယူရာတွင် ပိုင်ရှင်များသိနိုင်ရန် အကြောင်းမရှိပါဟု ဆိုသော်လည်း ကားမောင်းသူများ၏ ထွက်ချက်အရ ဒေါ်ခင်ခင်၏ကားက ဝန်တင်ကရိမ်းဆွဲစက်ကို အသုံးပြု၍ ကျောက်စိမ်းတုံးကို ဦးပိတ်ကောင်း၏ကားပေါ်သို့ တင်ပေးရကြောင်းနှင့် ဦးပိတ်ကောင်း၏ကားဖြင့် ကျောက်စိမ်းတုံးကို သယ်ယူရကြောင်း၊ ကားများအသုံးပြုခ ငွေကျပ် ၂၅၀၀/-စီ ရရှိရာမှာ ဒေါ်ခင်ခင်၏ကားအတွက် ငွေကျပ် ၂၅၀၀/-ကို ဒေါ်ခင်ခင်အား ပေးလိုက်ရကြောင်းနှင့် ဦးပိတ်ကောင်း၏ ကားအတွက်ငွေကျပ် ၂၅၀၀/-ကိုလည်း ကားပိုင်ရှင်အား ပေးလိုက်ရကြောင်း ကားမောင်းသူ မောင်တင်အောင် (လိုပြ-၁၉)နှင့် မောင်ပိတ်စိန် (လိုပြ-၂၀) တို့က ထွက်ဆိုကြသည်။ ထို့ကြောင့် ကားများအသုံးပြုခြင်းကို ပိုင်ရှင်များ သိရှိခဲ့ကြောင်း ပေါ်လွင်သည်။

၁၉၀၁
ဦးပိတ်ကောင်း
ဒေါ်ခင်ခင်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
ဇာတ်

ဦးပိတ်ကောင်းနှင့် ဒေါ်ခင်ခင်တို့၏ ကားများကို တရားရုံးရွှေသို့ ယူဆောင်လာခြင်းမပြုသော်လည်း အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာနသည် အမှုနှင့်ပတ်သက်၍ ကားများကို ရှာဖွေပုံစံပြုလုပ်သိမ်းဆည်းခြင်း၊ မော်တော်ကားများကို ပိုင်ရှင်များ၏ ခံစာန့်ဖြင့် ပြန်၍ပေးခဲ့ခြင်း၊ မော်ကော်ကားများကို ဓာတ်ပုံရိုက်၍ တရားရုံးသို့ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသော ပစ္စည်းများအဖြစ် သက်သေခံ အမှတ်အသား ပြုလုပ်တင်ပြခြင်းများ ပြုလုပ်ခဲ့သောကြောင့် တရားရုံးသည် မော်တော်ကားများနှင့် ပတ်သက်၍ ပြစ်မှုဆိုင်ရာကျင့်ထုံး ပုဒ်မ ၅၁၇(၁)အရ စဉ်းစားနိုင်သည်။ အမှုနှင့်ပတ်သက်သော တရားခံများကိုလည်း ၁၉၆၈ ခုနှစ် ဆိုရှယ်လစ် စီးပွားရေးစနစ် တည်ဆောက်မှုအတွက် လုပ်ပိုင်ခွင့်များ အပ်နှင်းသည့်ဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၁၄(၁)အရ အပြစ်ပေးခဲ့ပြီးဖြစ်သောကြောင့် ပြစ်မှုတွင်အသုံးပြုသည့် ယာဉ်နှင့်ကိရိယာများကိုထည်း ယင်းပုဒ်မအရ ပြည်သူပိုင်အဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။ ထို့ကြောင့် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ဝင်ရောက်စွက်ဖက်ရန် မလိုကြောင်းမြင်သဖြင့် ပြင်ဆင်မှု ၂ မှုစလုံးကို ပယ်လိုက်သည်။

ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာ
ပြစ်မှုဆိုင်ရာပြင်ဆင်မှု
ဥက္ကဋ္ဌအဖြစ်ဦးဆန့်စင်၊အဖွဲဝင်များအဖြစ်ဦးဖိုးလှိုင်နှင့်ဦးစန်းစံမြတ်ရှေ့တို့ ပါဝင်သော မဟိတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဘိုကြီး
နှင့်
၁။ ပြည်တောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဦးစိုးမြင့် *

† ၁၉၇၁
ဩဂုတ်လ
၂၁ ရက်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ တင်ပို့လာသောအမှု ဆောင်ရွက်ရန်နည်း။

အဆိုပါအမှုမျိုးတွင် သက်သေခံပစ္စည်းများအား ပုဒ်မ ၅၁၇ အရ စီမံခန့်ခွဲခြင်းမပြုနိုင်—ပုဒ်မ ၅၂၃ အရ ထုခွဲခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆိုတင်ပို့လာသည့်အခါ တရားခံအား လူဖမ်းဝရမ်းထုတ်ဆင့်ရသည်။ လူဖမ်းဝရမ်း အတည်မဖြစ်လျှင် ဝရမ်းအတည်ပြုသည့် ပြည်သူ့ရဲတပ်ဖွဲဝင်နှင့် မင်နီသက်သေများကို တရားခံ ထွက်ပြေးတိမ်းရှောင်နေခြင်း ရှိ မရှိ၊ လောလောဆယ်ဖမ်းမိရန်အကြောင်း ရှိ မရှိနှင့် စပ်လျဉ်း၍ စစ်ဆေးရသည်။ ထိုသက်သေတို့၏ ထွက်ဆိုချက်များအရ တရားခံသည် ထွက်ပြေးတိမ်းရှောင်နေပြီး လောလောဆယ်ဖမ်းမိရန် အကြောင်းမရှိကြောင်း ပေါ်ပေါက်မှသာ ထိုအချက်ကို မှတ်တမ်းတင်၍ အမှုဖြစ်အကြောင်းအရာနှင့်ပတ်သက်၍ ထွက်ဆိုကြမည့် မင်ပြာ

---

* ၁၉၇၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှတ် ၂၀။ ၁၉၇၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၇၀(ခ)။

† တောင်သာမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာ အထွေထွေမှုအမှတ် ၁၁/၇၀ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ချေဖျက်ပေးရန် လျှောက်ထားမှု။

၁၉၇၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၀ တွင် ချမှတ်သော (၂၅-၉-၇၀) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

သက်သေများကို စစ်ဆေးရသည်။ တနည်းဆိုရသော် တရားခံ၏ မျက်
ကွယ်တွင် သက်သေများအား အမှုနှင့်စပ်လျဉ်း၍ စစ်ဆေးနိုင်ရန်
အလို့ငှာ တရားခံသည် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သက်
သေခံအထောက်အထားရှိဖို့ လိုပေသည်။

၁၉၀၁
ဦးဘိုကြီး
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးစိုးမြင့်

ဖော်မံဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂
အရ အရေးယူဆောင်ရွက်သော အမှုသည် ယင်းဥပဒေပုဒ်မ ၅၁၇
တွင် ဖော်ညွှန်းသောစုံစမ်းမှု၊ သို့မဟုတ် စစ်ဆေးမှုမဟုတ်သဖြင့် မြို့နယ်
တရားရုံးသည် သက်သေခံပစ္စည်းများနှင့်စပ်လျဉ်း၍ ယင်းပုဒ်မအရ စီမံ
ခန့်ခွဲခွင့် မရှိပေ။ သို့သော် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၃
အရ ထုခွဲခွင့်ရှိပေသည်။

လျှောက်ထားသူအတွက် — ဦးလှကျော်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးခင်မောင်လေး၊ ဥပဒေဝန်ထမ်း
အဆင့် (၁)။

မန္တလေးတိုင်း၊ တောင်သာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအထွေထွေ
မှုအမှတ် ၁၁/၈၀ တွင် လျှောက်ထားသူ ဦးဘိုကြီးအပေါ် ပြစ်မှု
ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ တရားခံပြေးအဖြစ် အရေးယူ
ဆောင်ရွက်ပြီးနောက် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၀၇/၀၀ အရ
လိုအပ်သည့်အတိုင်း ဆောင်ရွက်ပြီး သက်သေခံပစ္စည်းများကို ပြည်သူ့
ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်၍ အမှုကို ပိတ်လိုက်လေ
သည်။ ဦးဘိုကြီးက သက်သေခံပစ္စည်းနှင့်စပ်လျဉ်း၍ မြို့နယ်တရားရုံး
က ချမှတ်သောအမိန့်ကို မကျေနပ်သဖြင့် မန္တလေးတိုင်းတရားရုံးတွင်
ပြင်ဆင်မှုလျှောက်ထားရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံး
ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၇၀(ခ)/၀၀ တွင် ပြင်ဆင်မှု ထပ်မံ
လျှောက်ထားသည်။ ထို့ပြင် တောင်သာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ
အထွေထွေမှုအမှတ် ၁၁/၀၀ ကိုလည်း ချေဖျက်ပေးရန် ပြစ်မှုဆိုင်ရာ
အထွေထွေလျှောက်လွှာအမှတ် ၂၀/၀၀ တွင် လျှောက်ထားသည်။
ဤပြစ်မှုဆိုင်ရာအထွေထွေမှုနှင့် ပြစ်မှုဆိုင်ရာပြင်ဆင်မှုတို့မှာ မူလရုံး
အမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသဖြင့် ဤစီရင်ချက်သည် ယင်းအမှု
နှစ်မှုစလုံးနှင့် သက်ဆိုင်စေရမည်။

၁၉၇၀ ခုနှစ်အတွင်းတွင် လျှောက်ထားသူ ဦးဘိုကြီးသည် တောင်
သာမြို့နယ်၊ ငါးပင်စင်ကျေးရွာ၌ မြို့နယ်ပြည်သူ့ကောင်စီ၏ ခွင့်ပြု

ချက်မရပဲ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်သောကြောင့် တောင်သာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဦးဘိုကြီးအား ဇေါ်ယူ၍ နောင်တွင် ဤကဲ့သို့ လိုင်စင်မရှိပဲ အုတ်ဖုတ်လုပ်ငန်း လုပ်ကိုင်ခြင်း မပြုရန် ခေါ်ယူဆုံးနှေးသည်။ သို့သော် ဦးဘိုကြီးသည် ၁၉၇၉ ခုနှစ်အတွင်းတွင် မြို့နယ်ပြည်သူ့ကောင်စီမှ ခွင့်ပြုချက်မရပဲ အုတ်ဖုတ် လုပ်ငန်းကို ထပ်မံလုပ်ကိုင်ကြောင်း သိရှိရသဖြင့် တောင်သာမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ဦးဘိုကြီးအပေါ် စုံစမ်း စစ်ဆေး အရေးယူရန် တောင်သာမြို့နယ် ကျေးဇူးပြည်သူ့ရဲတပ်ဖွဲ့စခန်း၊ စခန်းမှူးအား ညွှန်ကြားသဖြင့် စခန်းမှူး ဦးကြည်မြင့်က စုံစမ်းစစ်ဆေး သည်။ ဦးဘိုကြီးအား ဖမ်းဆီးရမိခြင်း မရှိဟုဆိုကာ ၎င်းအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ အရေးယူပေးရန် တောင် သာမြို့နယ်တရားရုံးတွင် တရားစွဲဆိုလေသည်။

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက် ရာတွင် လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများကို တရားရုံးများ များလက်စွဲအပိုဒ် ၅၁၃ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> "(၁) ရာဇဝတ်တရားသူကြီးသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ ဆောင်ရွက်ရန်ကြံရွယ်လျှင် တရားခံ ထွက်ပြေးတိမ်းရှောင်နေကြောင်းနှင့် ၎င်းအား လတ်တလော ဖမ်းဆီးရမိနိုင်ရန် အလားအလာမရှိကြောင်း သက်သေခံချက် ကို ရှေးဦးစွာ ရေးမှတ်ထားရမည်။ ဆိုခဲ့သည့်အချက်များနှင့် ပတ်သက်သော သက်သေခံချက်ကို ရေးမှတ်လိုလျှင် စွပ်စွဲ ထားသည့် ပြစ်မှုနှင့်စပ်လျဉ်း၍ မည်သည့်သက်သေခံချက်ကိုမျှ မရေးယူမီ ရေးမှတ်ရမည်။

> (၂) ဆိုခဲ့သည့်အတိုင်း ရေးမှတ်ထားသော သက်သေခံ ချက်အရ တရားခံထွက်ပြေးတိမ်းရှောင်နေကြောင်းနှင့် ၎င်း တရားခံအား လတ်တလောဖမ်းဆီးရမိနိုင်ရန် အလားအလာ မရှိကြောင်း ထင်ရှားသည်ဟု ရာဇဝတ်တရားသူကြီးက ထင် မြင်ယူဆလျှင် ထိုသို့ထင်မြင်ယူဆကြောင်းကို မှတ်တမ်းတင် ထားရမည်။ ထိုထင်မြင်ယူဆချက်ကို နေ့စဉ်မှတ်တမ်းတွင် ရေး မှတ်ထားနိုင်သည်။ ဤသို့ရေးမှတ်ခြင်းမှာ အရေးကြီးသည်ဖြစ် ၍ မည်သည့်အကြောင်းကြောင့်မဆို ပျက်ကွက်ခြင်း မရှိစေရ။"

၁၉၀၁
ဦးဘိုကြီး
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးစိုးမြင့်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ တရားစွဲဆို တင်ပို့လာသည့်အခါ တရားခံအား လူဖမ်းဝရမ်း ထုတ်ဆင့်ရသည်။ လူဖမ်းဝရမ်း အတည်မဖြစ်လျှင် ဝရမ်းအတည်ပြုသည့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်နှင့် မင်္ဂနီသက်သေများကို တရားခံ ထွက်ပြေးတိမ်းရှောင်နေခြင်း ရှိ မရှိ၊ လောလောဆယ်ဖမ်းမိရန် အကြောင်း ရှိ မရှိနှင့် စပ်လျဉ်း၍ စစ်ဆေးရသည်။ ထိုသက်သေတို့၏ ထွက်ဆိုချက်များအရ တရားခံဘည် ထွက်ပြေးတိမ်းရှောင်နေပြီး လောလောဆယ်ဖမ်းမိရန် အကြောင်းမရှိကြောင်း ပေါ်ပေါက်မှသာ ထိုအချက်ကို မှတ်တမ်းတင်၍ အမှုဖြစ် အကြောင်းအရာနှင့်ပတ်သက်၍ ထွက်ဆိုကြမည့် မင်ပြာသက်သေများကို စစ်ဆေးရသည်။ တနည်းဆိုရသော် တရားခံ၏မျက်ကွယ်တွင် သက်သေများအား အမှုနှင့်စပ်လျဉ်း၍ စစ်ဆေးနိုင်ရန်အလို့ငှာ တရားခံသည် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း သက်သေခံ အထောက်အထားရှိဖို့ လိုပေသည်။

ဤအမှုတွင် မြို့နယ်တရားရုံးသည် တရားခံ ဦးဘိုကြီးအား ဖမ်းဆီးပေးရန်အလို့ငှာ ဝရမ်းထုတ်ဆင့်ခဲ့ခြင်း မရှိပေ။ မင်္ဂနီသက်သေ (၄) ဦးအနက် တရားခံနေထိုင်သည်ဆိုသောအရပ်၏ ရပ်ကွက်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးတိုးမောင်နှင့် စခန်းမှူး ဦးကြည်မြင့်တို့နှစ်ဦးကိုသာ စစ်ဆေးထားသည်ကိုတွေ့ရသည်။ ဤသက်သေများက ဦးဘိုကြီးသည် ထွက်ပြေးတိမ်းရှောင်လျက်ရှိကြောင်း ထွက်ဆိုခြင်း မပြုကြချေ။ ဦးတိုးမောင် ထွက်ဆိုချက်အရဆိုလျှင် ဦးဘိုကြီးသည် မြင်းခြံမှို့ အမှတ် (၁၅) ရပ်ကွက်၊ သန်းခေါင်စာရင်းဝင် ဖြစ်သော်လည်း ထိုအရပ်တွင် အမြဲတမ်းနေထိုင်ခြင်းမပြုကြောင်း ပေါ်ပေါက်သည်။ ပြည်သူ့ရဲတပ်ဖွဲ့က ဦးဘိုကြီး သန်းခေါင်စာရင်း ပေးထားသောအိမ်သို့ လာရောက်ကြည့်ရှုရာတွင် ဦးဘိုကြီးအား မတွေ့ရသည်ကို အကြောင်းပြုပြီး တရားခံပြေးအဖြစ် သတ်မှတ်ကာ တရားစွဲဆိုခဲ့ဟန် တူပေသည်။ ဦးဘိုကြီးသည် အမှုနှိမ်တကယ် ထွက်ပြေးတိမ်းရှောင်နေကြောင်း အထောက်အထား မရှိသဖြင့် ၎င်းအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၂ အရ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်ပေ။

သက်သေခံပစ္စည်းများဖြစ်သော အချင်းဖြစ်အုတ်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းစေရန် အမိန့်ချမှတ်သည့် မြို့နယ်တရားရုံး၏ အမိန့်ကို လျှောက်ထားသူက မကျေနပ်၍ မန္တလေးတိုင်း တရားရုံး ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၉၀/၈၀ (တောင်သာ)တွင် ပြင်ဆင်မှု

လျှောက်ထားရာ တိုင်းတာရေးရုံးက မြို့နယ်တရားရုံးသည် သက်သေခံ ပစ္စည်းနှင့် ပတ်သက်၍ အမိန့်တစုံတရာ ချမှတ်နိုင်သည့် အာဏာမရှိ ကြောင်း မှတ်ချက်ပြုကာ ထိုအမိန့်ကို ပယ်ဖျက်ပြီး ဦးဘိုကြီးနှင့် သက် ဆိုင်သည့် ပြစ်မှုဆိုင်ရာ မူလအမှုကြီးကို အစမှ စစ်ဆေး သွားရန်နှင့် ယင်းအမှုကြီးတွင် နောက်ဆုံးအပြီးသတ် အမိန့်ချမှတ်သည့်အခါ သက် သေခံပစ္စည်းနှင့်ပတ်သက်၍ တပါတည်း အမိန့်ချမှတ်ရန် ညွှန်ကြားခဲ့ လေသည်။

၁၉၁၁
ဦးဘိုကြီး နှင့် ၁။ ပြည့် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ၂။ ဦးစိုးမြင့်

ပြစ်မှုဆိုင်ရာကျင့် ထုံးဥပဒေပုဒ်မ ၅၁၂ အရ အရေးယူ ဆောင်ရွက် သောအမှုသည် ယင်းဥပဒေပုဒ်မ ၅၁၇ တွင် ရည်ညွှန်းသော စုံစမ်းမှု၊ သို့မဟုတ် စစ်ဆေးမှု မဟုတ်သဖြင့် မြို့နယ်တရားရုံးသည် သက်သေခံ ပစ္စည်းများနှင့် စပ်လျဉ်း၍ ယင်းပုဒ်မအရ စီမံခန့်ခွဲခွင့်မရှိပေ။ သို့သော် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၂၃ အရ ထုခွဲခွင့်ရှိပေသည်။

လျှောက်ထားသူ ဦးဘိုကြီးအပေါ် တရားခံပြေးမှု ဖြစ်သည့် ပြစ်မှု ဆိုင်ရာအထွေထွေမှုကိုသာ စွဲဆိုခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ တိုင်းတာရေး ရည်ညွှန်းသည့်အဘိုင်း ပြစ်မှုဆိုင်ရာ မူလအမှုကြီး စွဲဆိုထားခြင်း မရှိ သဖြင့် ယင်းအမှုကို အစပြု ပြန်လည်စစ်ဆေးရန် အကြောင်း မပေါ် ပေါက်ပေ။

ထို့ကြောင့် ဦးဘိုကြီးအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၂ အရ အရေးယူ ဆောင်ရွက်ခဲ့သည့် တောင်သာမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အထွေထွေအမှုအမှတ် ၁၁/၈၀ ကို ချေဖျက် လိုက်သည်။ မန္တလေးတိုင်း တရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၉၀/၈၀ (တောင်သာ)တွင် ချမှတ်ထားသော အမိန့်ကိုလည်း ပယ်ဖျက်လိုက် သည်။ သက်သေခံအုတ်များ ရောင်းရသည့်ငွေကို ဦးဘိုကြီးအား ထုတ် ပေးစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်ဇင်၊ အဖွဲဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော မဟိတရားစီရင်ရေး အဖွဲ့ရှေ့တွင်

† ၁၉၇၁
မတ်လ
၃ ရက်

မာမက်အာလမ်ပါ(၂)ဦး
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

တရားခံအား အာမခံပေးရ၌ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၆ နှင့် ၄၉၉ တို့အရ ခံဝန်သူများနှင့် ခံဝန်ချုပ်ဆိုရာတွင် ခံဝန်ပြုသည့် ငွေအရေအတွက်ကို ခံဝန်သူများအနက် တစ်ဦးတည်းက ဖြစ်စေ၊ ခံဝန်သူများအတူတကွ ဝုပေါင်း၍ဖြစ်စေ ဆုံးရှုံးခံရန်သာဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားခံတစ်ဦးအား ရုံးချိန်းငှက်တွင် တရားရုံးရွှေမှောက်သို့ လာရောက်ရန်အတွက် တရားရုံးက တရားခံအား အာမခံပေးရ၌ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၆ နှင့် ၄၉၉ တို့အရ ခံဝန် သူများဖြင့် ခံဝန် ချုပ်ဆို စေရာတွင် သတ်မှတ် ထားသည့် ခံဝန်ပုံစံ၌ ခံဝန်ပြုသည့် ငွေအရေအတွက်ကို တရားခံ၏ ပျက်ကွက်မှုတွင် အတူတကွဖြစ်စေ၊ သီခြားဖြစ်စေ ဆုံးရှုံးခံပါမည်ဟု ဖော်ပြ၍ လက်မှတ်ရေးထိုး ကြရပေသည်။ ထိုခံဝန်ချုပ်ပေါ်တွင် ဖော်ပြထား သော ခံဝန်ပြုသည့် ငွေအရေအတွက်ကို ပျက်ကွက်မှုအတွက် ဆုံးရှုံးခံပါမည်ဟု တရားခံကိုယ်တိုင်ကလည်း ခံဝန်ချုပ်ဆို၍ လက်မှတ်ရေးထိုးရပေသည်။ ခံဝန်ပြုသည့်ငွေအရေအတွက်ကို ခံဝန်သူများက အတူတကွဖြစ်စေ၊ သီးခြားဖြစ်စေ ဆုံးရှုံးခံပါမည်ဟု ဆိုရာတွင် ယင်းငွေအရေအတွက်ကို ခံဝန်သူများအနက် တစ်ဦးတည်းကဖြစ်စေ၊ ခံဝန်သူများ စုပေါင်း၍ အတူတကွဖြစ်စေ ဆုံးရှုံး ခံရန်သာ ဖြစ်ပေသည်။ အလားတူပင် ခံဝန်ချုပ်တွင် လက်မှတ် ရေးထိုးထားသည့် တရားခံကိုယ်တိုင်ကလည်း ခံဝန်ပြုသည့် ငွေအရေအတွက် ဆုံးရှုံးခံရန် တာဝန်ရှိပေသည်။ လျှောက်ထားသူ(၁) မာမက်အာလမ်နှင့် လျှောက်ထား

---

* ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၄၆၀(ခ)။

† ၁၉၇၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၁၉ တွင် ချမှတ်သော (၃-၁၀-၇၈) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၁ မာမက် အာလမ် ပါ(၂)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

သူ(၂)ရ ရှစ်တို့သည် တရားခံမူဆာအာလီ၏ ပျက်ကွက်မှုအတွက် ခံဂန် ချုပ်အရ ခံဝန်ပြုသောငွေကျပ် ၃၀၀၀/-ကိုသာ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးပေါင်း၍ဖြစ်စေ ပေးလျော်ရန် တာဝန်ရှိပေသည်။ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀/-စီ၊ စုစုပေါင်း ငွေကျပ် ၆၀၀၀/- ပေးလျော်ရန် တာဝန်ရှိသည်မဟုတ်ပေ။

လျော်ကြားသူများအတွက်--- ဦးမင်းစိန်၊ ဗဟိုတရားရုံးရှေ့နေ။

လျော်ကြားခံရသူအတွက် — ဦးဘရွှေ၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၁၂၀/၇၈ တွင် ပြင်ဆင်မှုလျော်ကြားသူ (၁) မာမက်အာလမ်နှင့် လျော်ကြားသူ (၂) ရရှစ်တို့အပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၅၁၄ (၁) အရ ဒဏ်ငွေ ကျပ် ၃၀၀၀/-စီ ပေးဆောင်ရန် အမိန့်ချမှတ်ခဲ့သည်။ မာမက်အာလမ်နှင့် ရရှစ်တို့က မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၃၁၉/၇၈ တွင် ပြင်ဆင်မှုတင်သွင်းကြရာ မအောင်မြင်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ ရန်ကုန်မြို့၊ ဆိပ်ကမ်းမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၈၀၃/၇၆ တွင် တရားခံ မူဆာအာလီအပေါ် လူဝင်မှု ကြီးကြပ်ရေး(လတ်တလောပြဋ္ဌာန်းချက်) ဥပဒေပုဒ်မ ၁၃ (၁)အရ စွဲဆို တင်ပို့ခဲ့ရာ မူဆာအာလီအား အာမခံဖြင့် အချုပ်လွှတ် ထုချေခွင့်ပြုခဲ့သည်။ မြို့နယ်တရားရုံးက အာမခံပေးရာတွင် ငွေကျပ် ၃၀၀၀/-တန် ခံဝန်အတွက် လျော်ကြားသူ(၁)မာမက်အာလမ်နှင့် လျော်ကြားသူ(၂)ရရှစ်တို့က ခံဝန်သူများအဖြစ် ခံဝန်ချုပ်ဆို၍ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် တရားခံ မူဆာအာလီသည် ထွက်ပြေး တိမ်းရှောင်သွားသဖြင့် လျော်ကြားသူများအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၁၄ အရ အရေးယူခဲ့သောအမှု ဖြစ်သည်။

ပြင်ဆင်မှုလျော်ကြားသူများက မိမိတို့သည် ငွေကျပ် ၃၀၀၀/-တန် ခံဝန်သူနှစ်ဦးဖြစ်သဖြင့် နှစ်ဦးပေါင်း ငွေကျပ် ၃၀၀၀/-သာ ပေးလျော်ရမည်ဖြစ်ပါလျက် ငွေကျပ် ၆၀၀၀/-ပေးလျော်စေရန် အမိန့်ချမှတ်ထားခြင်းမှာ မှားယွင်းကြောင်း၊ အချင်းဖြစ်ကိစ္စနှင့် ပတ်

သက်၍ ဖမ်းဆီးချုပ်နှောင်ခြင်း ခံရပြီးဖြစ်သဖြင့် ဗေးလော်ရန်ဒဏ်ငွေ
ကို လျော့ပေါ့ပေးနိုင်ပါလျက် မလျော့ပေါ့ခြင်းမှာ မှားယွင်းကြောင်း
တင်ပြထားသည်။

၁၉၈၁
မာမက်
အာလမ်
ပါ (၂)ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

တရားခံတစ်ဦးအား ရုံးချိန်းရက်တွင် တရားရုံးရှေ့မှောက်သို့ လာ
ရောက်ရန်အတွက် တရားရုံးက တရားခံအား အာမခံပေးရန် ပြစ်မှု
ဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၆ နှင့် ၄၉၉ တို့အရ ခံပန်သူများ
ဖြင့် ခံဝန်ချုပ်ဆိုစေရာတွင် သတ်မှတ်ထားသည့် ခံဝန်ပုံစံ၌ ခံဝန်ပြု
သည့် ငွေအရေအတွက်ကို တရားခံ၏ပျက်ကွက်မှုတွင် အတူတကဖြစ်စေ၊
သီးခြားဖြစ်စေ ဆုံးရှုံးခံပါမည်ဟု ဖော်ပြ၍ လက်မှတ်ရေးထိုးကြရပေ
သည်။ ထိုခံဝန်ချုပ်ပေါ်တွင် ဖော်ပြထားသော ခံဝန်ပြုသည့် ငွေ
အရေအတွက်ကို ပျက်ကွက်မှုအတွက် ဆုံးရှုံးခံပါမည်ဟု တရားခံ ကိုယ်
တိုင်ကလည်း ခံဝန်ချုပ်ဆို၍ လက်မှတ်ရေးထိုးရပေသည်။ ခံဝန်ပြု
သည့် ငွေအရေအတွက်ကို ခံဝန်သူများက အတူတကဖြစ်စေ၊ သီးခြား
ဖြစ်စေ ဆုံးရှုံးခံပါမည်ဟု ဆိုရာတွင် ယင်းငွေအရေအတွက်ကို ခံဝန်
သူများအနက် တစ်ဦးတည်းကဖြစ်စေ၊ ခံဝန်သူများစုပေါင်း၍ အတူ
တကဖြစ်စေ ဆုံးရှုံးခံရန်သာ ဖြစ်ပေသည်။ အလားတူပင် ခံဝန်ချုပ်
တွင် လက်မှတ်ရေးထိုးထားသည့် တရားခံကိုယ်တိုင်ကလည်း ခံဝန်ပြု
သည့် ငွေအရေအတွက် ဆုံးရှုံးခံရန် တာဝန်ရှိပေသည်။ လျောက်ထား
သူ(၁)မာမက်အာလမ်နှင့် လျောက်ထားသူ(၂)ရရှစ်တို့သည် တရားခံ
မူဆာအာလီ၏ ပျက်ကွက်မှုအတွက် ခံဝန်ချုပ်အရ ခံဝန်ပြုသော ငွေ
ကျပ် ၃၀၀၀/-ကိုသာ တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးပေါင်း၍ဖြစ်စေ
လျော်ရန်တာဝန် ရှိပေသည်။ တစ်ဦးလျှင် ငွေ ကျပ် ၃၀၀၀/-စီ၊
စုစုပေါင်း ငွေကျပ် ၆၀၀၀/-ပေးလျော်ရန် တာဝန်ရှိသည်မဟုတ်ပေ။

ယခုအမှုတွင် ခံဝန်ပြုသည့်ငွေ ကျပ် ၃၀၀၀/-ထက် လျော့ပေါ့
ပေးရန် မသင့်ဟု ယူဆသည်။

ထို့ကြောင့် လျောက်ထားသူများ၏ လျောက်လွှာကို လက်ခံ၍
မူလရုံးနှင့် တိုင်းတရားရုံးတို့၏အမိန့်များကိုပယ်ဖျက်ပြီး အချင်းဖြစ်ခံဝန်
ချုပ်အရ ခံဝန်ပြုသည့်ငွေ ကျပ် ၃၀၀၀/-ကိုသာ လျောက်ထားသူ
များက တစ်ဦးချင်းဖြစ်စေ၊ နှစ်ဦးစုပေါင်း၍ အတူတကဖြစ်စေ ပေး
လျော်စေ။

ပြစ်မှုဆိုင်ရာအယူခံမှု

ကြွေအဖြစ်ဦးသန့်စင်းအဖွဲ့ဝင်များအဖြစ်ဦးစိုးလှိုင်နှင့်ဦးမန်းစံမြတ်ရှေ့
တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်ပိန်ပါ (၂) ဦး
မောင်မြင့်ရွှေ (ခ) မြင့်အုံး
မောင်ထွန်းညွှန့်
မောင်စစ်ကြီး (ခ) သောင်းညွှန့်
နှင့်
ပြည်ထောင်စုံ ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၈၁
စက်တင်ဘာ
လ ၁၉ ရက်

တရားခံတစ်ဦးသည် ပူးတွဲတရားခံ တစ်ဦးအတွက် အရည်အချင်းရှိ သက်သေတစ်ဦး မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁) ပါ ပြဋ္ဌာန်းချက်များအရ တရားခံတစ်ဦးသည် မိမိအတွက် မိမိကိုယ်တိုင် သက်သေအဖြစ် အစစ်ခံနိုင်သော်လည်း အမှုတစ်မှုတည်းတွင် မိမိနှင့် အတူ စစ်ဆေးစီရင်ခြင်း ခံရသည့် ပူးတွဲတရားခံအတွက် သက်သေခံနိုင်ရန် အရည်အချင်းရှိသော သက်သေမဟုတ်ပေ။

အယူခံတရားလိုများအတွက် — ဦးသက်ငွေ၊ ဦးတင်မောင်ကြီး၊ ဒေါ်ခင်ခင်ထား၊ ဦးအုံးမောင် ဗဟိုတရားရုံးရှေ့နေများ။

အယူခံတရားခံအတွက် — ဦးအောင်စိန် ဥပဒေဝန်ထမ်း အဆင့် (၁)။

ပဲခူးတိုင်း၊ ပေါင်းတည်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၁၁/၇၆ တွင် အယူခံတရားလို မောင်ပိန်၊ မောင်ငွေထွန်း၊ မောင်မြင့်ရွှေ (ခ) မြင့်အုံး၊ မောင်ထွန်းညွှန့်နှင့် မောင်စစ်ကြီး (ခ) သောင်းညွှန့် တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆/၁၁၄နှင့်၃၉၆

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာအယူခံမှုအမှတ် ၁၆၉၊၁၇၀၊၂၀၈၊၂၀၉။

† ၁၉၇၉ ခုနှစ်၊ သေဒဏ်အတည်ပြုမှုအမှတ် ၂ (ပေါင်းတည်) တွင် ချမှတ်သော (၃၀-၈-၇၉) နေ့စွဲပါ ပဲခူးတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၁ မောင်ပိန် (ပါ) ၂ဦး မောင်မြိုင့်ရွှေ (ခ) မြင့်အုံး မောင်ထွန်း ညွှန့် မောင်စစ်ကြီး (ခ) သောင်းညွှန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

တို့အရ သေဒဏ်အသီးသီး ကျခံစေရန် အမိန့်ချမှတ်ခဲ့ရာ ပဲခူးတိုင်းတရား သူကြီးအဖွဲ့က ပဲခူးတိုင်းတရားရုံး၊ ၁၉၇၉ ခုနှစ်၊ သေဒဏ် အတည်ပြုမှု အမှတ် ၂(ပေါင်းတည်) တွင် ယင်း သေဒဏ်များကို အတည်ပြုလိုက် သဖြင့် မောင်ပိန်နှင့် မောင်ငွေထွန်းတို့က ဗဟိုတရားရုံးတွင် ပြစ်မှုဆိုင် ရာ အယူခံမှုအမှတ် ၁၆၉/၇၉ တွင် လည်းကောင်း၊ မောင်မြင့်ရွှေ (ခ) မြင့်အုံးက ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၁၇၀/၇၉ တွင် လည်း ကောင်း၊ မောင်ထွန်းညွှန့်က ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၂၀၈/၇၉ တွင် လည်း ကောင်း၊ မောင်စစ်ကြီး (ခ) သောင်းညွှန့်က ပြစ်မှု ဆိုင်ရာ အယူခံမှုအမှတ် ၂၀၉/၇၉ တွင် လည်းကောင်း အသီးသီး အယူခံဝင်ကြသည်။ ဤအယူခံမှုများမှာ မူလရုံး အမှုတစ်မှုတည်းမှ ပေါ်ပေါက်လာသဖြင့် ဤစီရင်ချက်သည် ယင်း အယူခံမှုအားလုံးနှင့် သက်ဆိုင်စေရမည်။

၁၉၇၆ ခုနှစ် ဇန်နဝါရီလ (၂၅) ရက်နေ့ ည(၇) နာရီခန့်တွင် ပေါင်းတည်မြို့နယ်၊ ကုန်းစင်းရွာနေ ဒေါ်ငွေတင့် (လိုပြ–၁) သည် မိမိအိမ် အောက်ထပ်တွင် ရှိနေသည်။ ဒေါ်ငွေတင့်၏ ခင်ပွန်းဖြစ်သူ ဦးသာမိုးသည် အိမ်အပေါ်ထပ်တွင် ရေဒီယိုဖွင့်နေသည်။ ထိုစဉ် လူ နှစ်ယောက် အိမ်ပေါ်တက်သွားသည်ကို မြင်ရသည်။ အခြားတစ် ယောက်က ဒေါ်ငွေတင့်အား အိမ်အပေါ်ထပ်သို့ ခေါ်သဖြင့် တက် သွားရာ စောစောက အိမ်ပေါ်တက်သွားသော လူနှစ်ယောက်အနက် တစ်ဦးက ဦးသာမိုးအား သေနတ်နှင့် ချိန်ထားသည်ကို တွေ့ရသည်။ လူဆိုးများက ဦးသာမိုးအား ငွေကျပ် ၅၀၀၀/–နှင့် ရွှေ ၅ ကျပ်သား ပေးရန် ပြောဆိုရာ ဦးသာမိုးက မရှိကြောင်း ပြန်ပြောသည်။ ထိုအခါ လူဆိုးတစ်ဦးက ဦးသာမိုးအား သေနတ်နှင့်ပစ်သဖြင့် ဦးသာမိုး လဲကျ သွားလေသည်။ လူဆိုးများသည် ဒေါ်ငွေတင့် ထံမှ ရွှေသည်ပစ္စည်းများ၊ ရေဒီယိုနှင့် ငွေကျပ် ၇၃၀/-ကို တောင်းယူ၍ ထွက်ပြေးသွားကြလေ သည်။ ဒေါ်ငွေတင့်သဲသည် အိမ်အောက်သို့ဆင်း၍ အော်ဟစ်အကူအညီ တောင်းရာ ကိုမောင်သိန်း (လိုပြ–၉) နှင့် အခြားရွာသူရွာသားများ ရောက်ရှိလာကြ၍ ဦးသာမိုးအား ကြည့်ရှုသောအခါ ဦးသာမိုး သေ ဆုံးနေသည်ကိုတွေ့ရှိရသည်။ အချင်းဖြစ်ပွားပုံနှင့် စပ်လျဉ်း၍ ကုန်းစင်း ကျေးရွာအုပ်စု၊ တရားသူကြီးအဖွဲ့ ဥက္ကဋ္ဌဖြစ်သော အယူခံတရားလို မောင်ငွေထွန်းက ၂၆–၁–၇၆ ရက်နေ့တွင် ပေါင်းတည်မြို့နယ်၊ မှတ်တိုင် ပြည်သူ့ရဲတပ်ဖွဲ့ စခန်း၌ ပထမသတင်းပေး တိုင်ချက်ရေး ဖွင့်လေ သည်။

ဤအမှုတွင် လူဆိုးများအား မှတ်မိသူ တစ်ဦးတစ်ယောက်မျှ မရှိခဲ့ချေ။ အယူခံတရားလို မောင်မြင့်ရွှေ (ခ) မြင့်အုံး၊ မောင်ထွန်းညွှန့်နှင့် မောင်စင်ကြီး (ခ) သောင်းညွှန့်တို့၏ ဖြောင့်ချက်များနှင့် မောင်မြင့်ရွှေနှင့် မောင်ထွန်းညွှန့်တို့ထံမှ တိုက်ဆုပါပစ္စည်းအချို့ ပြန်လည်ရရှိမိသည့် အချက်တို့အပေါ် အခြေခံ၍ အယူခံ တရားလိုတို့အား ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၃၉၅ အရ တရားစွဲဆိုခဲ့ကြောင်း တွေ့ရှိရသည်။

၁၉၈၁
မောင်ပိန်
ပါ(၂)ဦး
မောင်မြင့်ရွှေ
(ခ) မြင့်အုံး
မောင်ထွန်း
ညွှန့်
မောင်စင်ကြီး
(ခ) သောင်း
ညွှန့်
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

မောင်မြင့်ရွှေ (ခ) မောင်မြင့်အုံးသည် ဦးလှမောင် (လိုပြ–၁၂) ပါဝင်သော မြို့နယ် တရားစီရင်ရေးအဖွဲ့ရှေ့တွင်ပေးသည့် သက်သေခံ(ည) ဖြောင့်ချက်၌ ဦးသာမိုး၏ အိမ်ကို မောင်စင်ကြီး၊ မောင်ထွန်းညွှန့်၊ မောင်ပေကြီးနှင့် အခြား အမည်မသိသူ တစ်ဦးနှင့်အတူ ဒမြတိုက်ခဲ့ရာတွင် ကျောက်နီလက်စွပ်တစ်ကွင်း၊ လက်ကောက်တစ်ဘက်နှင့် ရေဒီယိုတစ်လုံး ဝေစုရခဲ့ကြောင်း ဖြောင့်ဆိုခဲ့လေသည်။ အယူခံတရားလို မောင်မြင့်ရွှေထံမှ သိမ်းဆည်းရမိသည့် ကျောက်နီ လက်စွပ်နှင့် ရွှေနှင်းဆီ လက်ကောက်တို့ကို ဒေါ်ငွေတင့်က ဦးချစ်လှိုင် (လိုပြ–၇) ရွှေတွင် စွပ်စဲ့ပြသခဲ့သည်။ အယူခံတရားလို မောင်မြင့်ရွှေ၏ ခိုင်းစေချက်အရ မောင်အေးသောင်း (လိုပြ–၅) သည် သက်သေခံ ရေဒီယိုကို တာလေးရွာသို့ သွားရောက် ယူပြီးနောက် သက်သေခံ (ခ) ရွာဖေဖူစံ အရ အမှုစစ် ရဲအရာရှိ ဦးကျော်သန်း (လိုပြ–၁၅) အား ပေးအပ်ခဲ့သည်။ ထိုရေဒီယိုမှာ ဒမြတိုက်ခံရသော ရေဒီယိုဖြစ်ပါသည်ဟု ဒေါ်ငွေတင့်က ထွက်ဆိုရှိ ဦးချစ်လှိုင်ရွှေတွင် စွပ်စဲ့ပြသခဲ့သည်။ သို့ဖြစ်ရာ မောင်မြင့်ရွှေထံမှ တိုက်ဆုပါပစ္စည်းများ ပြန်လည်ရရှိမိသည့်အချက်က ၎င်း၏ ဖြောင့်ချက်ကို ထောက်ခံနေပေသည်။

မောင်မြင့်ရွှေက အချင်းဖြစ် ပစ္စည်းများကို ဆောင်းပေးရန် ပူးတွဲတရားခံ မောင်စင်ကြီးက ပေးအပ်ထားသဖြင့် လက်ခံထားရခြင်း ဖြစ်ကြောင်း ဖြေရှင်းသည်။ မောင်စင်ကြီးက ထိုအချက်နှင့် စပ်လျဉ်း၍ မောင်မြင့်ရွှေအား ထောက်ခံထွက်ဆိုထားသည်။ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁)ပါ ပြဋ္ဌာန်းချက်များအရ တရားခံ တစ်ဦးသည် မိမိအတွက် မိမိကိုယ်တိုင် သက်သေအဖြစ် အစစ်ခံနိုင်သော်လည်း အမှုတစ်မှုတည်းတွင် မိမိနှင့်အတူ စစ်ဆေးစီရင်ခြင်းခံရသည့် ပူးတွဲတရားခံအတွက် သက်သေခံနိုင်ရန် အရည်အချင်းရှိသော သက်သေ မဟုတ်ပေ။ မောင်စင်ကြီးသည် မောင်မြင့်ရွှေအတွက် သက်သေအဖြစ် အစစ်ခံခွင့် မရှိသောကြောင့် မောင်စင်ကြီး၏ ထွက်ဆိုချက်ကို မောင်မြင့်ရွှေအား ထောက်ခံသည့်အနေဖြင့် လက်ခံသုံးသပ်ခြင်း မပြုနိုင်ပေ။

၁၉၈၁ မောင်ဝိန်ပါ(၂)ဦး မောင်မြင့်ရွှေ(ခ)မြင့်အုံး မောင်ထွန်းညွှန့် မောင်စစ်ကြီး(ခ)သောင်းညွှန့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

အယူခံတရားလို မောင်ထွန်းညွှန့် သက်သေခံ (၄) ဖြောင့်ချက်တွင် အချင်းဖြစ်အိမ်ကို ဒမြတိုက်ရာ၌ ပါဝင်ကြောင်း၊ တိုက်ရာပါပစ္စည်းများ အနက် ကျောက်နီလက်စွပ် တစ်ကွင်းနှင့် ငွေကျပ် ၁၃၅/-ကို ဝေစု အဖြစ် ရရှိကြောင်း ဖြောင့်ဆိုထားသည်ကို တွေ့ရသည်။ မောင်ထွန်းညွှန့်တံမှ သက်သေခံ (၄) ရှာဖွေပုံစံအရ သိမ်းယူသော ကျောက်နီလက်စွပ်မှာ ဒမြတိုက်ခံရသော ပစ္စည်း ဖြစ်ကြောင်း ဒေါ်ငွေတင့်က ထွက်ဆိုရှိ၍ ဦးချစ်လှိုင်ရွှေဇင် စွပ်စွဲပြုသခဲ့သည်။ သို့ဖြစ်၍ မောင်ထွန်းညွှန့်တံမှ တိုက်ရာပါပစ္စည်းဟစ်ခုဖြစ်သော ကျောက်နီလက်စွပ်ကို ပြန်လည်ရမိသည့်အချက်က ၎င်း၏ဖြောင့်ချက်ကို ထောက်ခံရာရောက်ပေသည်။

အယူခံ တရားလို မောင်စစ်ကြီး (ခ) သောင်းညွှန့်က ဦးသာမိုး၏ နေအိမ်ကို မောင်ထွန်းညွှန့်၊ မောင်မြင့်ရွှေ၊ မောင်ပေကြီးနှင့် အခြားအမည်မသိသူ တစ်ဦးနှင့်အတူ ဒမြတိုက်ရာတွင် ဦးသာမိုးအား ပစ်သတ်ခဲ့ကြောင်း သက်သေခံ (၅) ဖြောင့်ချက်တွင် ဖြောင့်ဆိုသည်။ မြို့နယ်တရားရုံးတွင် သက်သေအဖြစ် အစစ်ခံရာတွင်လည်း ဦးသာမိုး အိမ်ကို ဒမြတိုက်သည့် အချက်ကို ဝန်ခံသည်။ သို့သော် ဦးသာမိုးအား ပစ်သတ်သူမှာ မိမိမဟုတ်ပဲ မိမိနှင့်အတူ ပါလာသူ အခြား တရားခံတစ်ဦး ဖြစ်ကြောင်း ထွက်ဆိုသည်။ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ ကွင် အောက် ပါအတိုင်း ပြဋ္ဌာန်းထားသည်—

> "ဒမြမှုကို ပူးပေါင်းကျူးလွန်သောသူ ငါးဦး၊ သို့တည်းမဟုတ် ငါးဦးထက်ပိုသော သူများအနက် တစ်ဦး တစ်ယောက်သော သူသည် အဆိုပါ ဒမြမှု ကျူးလွန်ရာ၌ လူသတ်မှုကို ပါကျူးလွန်လျှင် ထိုသူအသီးသီးကို သေဒဏ် ဖြစ်စေ၊ တသက်တကျွန်းဒဏ်ဖြစ်စေ၊ အလုပ်ကြမ်းနှင့် ဆယ်နှစ်ထိ ထောင်ဒဏ် ဖြစ်စေ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်"

အယူခံတရားလို မောင်စစ်ကြီးသည် ဒမြတိုက်မှုကျူးလွန်ရာတွင် ပါဝင်ကြောင်းငြင်းကွယ်ခြင်းမပြုသည့်အလျောက် ဦးသာမိုးကို သတ်သူမှာ မောင်စစ်ကြီး ဖြစ်သည်ဖြစ်စေ၊ မောင်စစ်ကြီးနှင့် အတူပါလာသူအခြား ဒမြတစ်ဦး ဖြစ်သည် ဖြစ်စေ မောင်စစ်ကြီးသည် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၅ တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် လူသတ်မှုပါသော ဒမြမှုကို ကျူးလွန်ကြောင်း ပေါ်ပေါက်နေပေသည်။

၁၉၈၁

မောင်ပိန်ပါ(၂)ဦး မောင်မြင့်ရွှေ(ခ)မြင့်အုံး မောင်ထွန်းညွှန့် မောင်စစ်ကြီး(ခ)သောင်းညွှန့် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

အယူခံတရားလို မောင်ပိန်နှင့် မောင်ငွေထွန်းတို့ အပေါ် ငြိစွန်းချက်များမှာ ပူးတွဲတရားခံ မောင်မြင့်ရွှေ၊ မောင်ထွန်းညွှန့်နှင့် မောင်စစ်ကြီး(ခ)သောင်းညွှန့်တို့၏ ဖြောင့်ချက်များနှင့် မောင်စစ်ကြီး၏ရုံးရွေထွက်ချက်တို့ဖြစ်သည်။ ဒမြတိုက်သည့်ကိစ္စတွင် မောင်ပိန်နှင့် မောင်ငွေထွန်းတို့ ပါဝင်ပတ်သက်ကြောင်း စုပ်စွဲဖြောင့်ဆို ထားသော တရားခံ(၃) ဦး၏ ဖြောင့်ချက်တို့သည် အချို့အချက်များ၌ ကွဲလွဲနေသည်ကို တွေ့ရသည်။ ဒမြတိုက်ရာတွင် မောင်ငွေကွန်း ပါဝင်ပတ်သက်ကြောင်း မောင်ထွန်းညွှန့်က ဖြောင့်ချက်တွင် စုပ်စွဲတားခြင်းမရှိချေ။ ဒမြမတိုက်မီ မောင်ငွေထွန်းသည် မောင်စစ်ကြီး၊ မောင်ထွန်းညွှန့်၊ မောင်ပေကြီးတို့နှင့် တိုင်ပင်ကြောင်း မောင်မြင့်ရွှေက ဖြောင့်ဆိုထားသော်လည်း မောင်စစ်ကြီး၏ ဖြောင့်ချက်တွင် ကိုအချက်မပါချေ။ မောင်ထွန်းညွှန့် နှင့် မောင်မြင့်ရွှေတို့၏ ဖြောင့်ချက်များတွင် မောင်ပိန်သည် ဦးသာမိုး၏ အိမ်ကို ညွှန်ပြသည်ဟု ပါရှိသော်လည်း မောင်စစ်ကြီးကမူ မိမိဖြောင့်ချက်တွင် ထိုကဲ့သို့ ဖြောင့်ဆိုထားခြင်းမရှိပေ။

မောင်ထွန်းညွှန့်က မောင်ညွှန့်မောင်ဆိုသူ၏နေအိမ်တွင် မောင်ပိန်နှင့် စတင်တွေ့ဆုံသောအခါ မောင်ပိန်က ဦးသာမိုးအား သတ်ပေးရန် မိမိနှင့် မောင်စစ်ကြီးတို့အား ပြောဆိုအကူအညီကောင်းသည်ဟု ဖြောင့်ဆိုသည်။ မျက်နှာစိမ်းပုဂ္ဂိုလ်တစ်ဦးအား စာဝင်သိကျွမ်းရသည့် နေ့၌ထိုကဲ့သို့ ကြီးမားသောပြစ်မှုကို ကျူးလွန်ရန် တိုင်ပင်ပြောဆိုသည်ဆိုသော အချက်မှာယုတ္တိမရှိသည့်အချက်ဖြစ်ပေသည်။ မောင်စစ်ကြီးသည် ၎င်း၏ ဖြောင့်ချက်တွင် မောင်ထွန်းညွှန့် ဖြောင့်ဆိုသကဲ့သို့ မောင်ညွှန့်မောင်၏ အိမ်တွင် မောင်ပိန်နှင့် တွေ့ဆုံကြောင်း ဖော်ပြထားခြင်း မရှိပေ။ မောင်ပိန်နှင့် မောင်ငွေထွန်းတို့ ၎င်းထံသို့လာ၍ သေသူအား သတ်ပေးရန်ပြောဆိုပြီး ငွေကျပ် ၄၀၀/- ပေးကြောင်း ဖြောင့်ဆို ထားသည်ကို တွေ့ရသည်။ သို့ဖြစ်၍ မောင်စစ်ကြီး၏ ဖြောင့်ချက်မှာ မောင်ထွန်းညွှန့်၏ ဖြောင့်ချက်နှင့် ကွဲလွဲနေပြန်သည်။

မောင်စစ်ကြီးသည် ဖြောင့်ချက်တွင် သေသူအား မိမိကသေနတ်နှင့် ပစ်သတ်သည်ဟု ထွက်ဆိုသော်လည်း သက်သေခံရာတွင်မူ မောင်ပိန်က သေသူအား ပစ်သတ်ခဲ့သည်ဟု ကွဲလွဲ ထွက်ဆိုသည်။ မောင်စစ်ကြီးက ဒမြတိုက်ရာတွင် မောင်မြင့်ရွှေပါဝင်ကြောင်းဖြောင့်ချက်တွင် ဖြောင့်ဆိုသော်လည်း သက်သေခံရာတွင်မူ မောင်မြင့်ရွှေ မပါဟု ပြင်ဆင် ထွက်ဆိုသည်။ ဤအခြေအနေတွင် ဒမြတိုက်သည့် ကိစ္စ၌ မောင်ပိန် နှင့် မောင်ငွေထွန်းတို့ ပါ၀င် ပတ်သက် ခြင်း ရှိ မရှိ သံသယ ဖြစ်ဖွယ်ရာ

၁၉၀၁ မောင်ပိန် ပါ(၂)ဦး မောင်မြင့်ရွှေ (ခ) မြင့်အုံး မောင်စစ်ကြီး (ခ) သောင်း ညွှန့် နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

အကြောင်း ပေါ်ပေါက် နေပေသည်။ ထို့ပြင် ပူးတဲ့ တရားခံများ ဖြစ်ကြသော မောင်မြင့်ရွှေ၊ မောင်ထွန်းညွှန့်နှင့် မောင်စစ်ကြီး တို့၏ ဖြောင့်ချက်များမှအပ မောင်ပိန်နှင့် မောင်ငွေထွန်းတို့အပေါ် အခြား လွှတ်လပ်သည့် သက်သေခံအထောက်အထား တစုံတရာမရှိသဖြင့် ယင်း သို့ အကဲ့ကဲ့အလွဲလွဲ ဖြစ်နေသည့် ဖြောင့်ချက်များ အပေါ် အခြေခံ၍ မောင်ပိန်နှင့် မောင်ငွေထွန်းတို့အား ပြစ်မှု ထင်ရှား စီရင်ရန်မသင့်ပေ။

မြို့နယ်တရားရုံးသည် အယူခံတရားလို မောင့်မြင့်ရွှေ၊ မောင်ထွန်းညွှန့်နှင့် မောင်စစ်ကြီးတို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၉၆ အရ ပြစ်မှုထင်ရှား စီရင်ချာတွင် အမြင့်ဆုံးပြစ်ဒဏ်ဖြစ်သည့် သေဒဏ်ကို ချမှတ်ထားကြောင်း တွေ့ရှိရသည်။ အယူခံ တရားလိုတို့ ကျူးလွန်သော ပြစ်မှုမှာ နိုင်ငံတော်ကောင်စီ၏ အမိန့်အမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းခွင့်အမိန့်)တွင် အကျုံးဝင်သဖြင့် သူတို့သည် ယင်းအမိန့်အရ အကျိုးခံစား ခွင့်များ ရှိပြီး ဖြစ်သော ကြောင့် ပြစ်ဒဏ် လျော့ပေါ့ရန် အကြောင်း မရှိပေ။

ထို့ကြောင့် အယူခံတရားလိုမောင်ပိန်နှင့် မောင်ငွေထွန်းတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၉၆/၁၁၄ အရ အပြစ်တွေ့ရှိခြင်းနှင့် ပြစ်ဒဏ်ကို ပယ်ဖျက်၍ ဤအမှုမှ အပြီးအပြတ် လွှတ်လိုက်သည်။ အယူခံတရားလို မောင်မြင့်ရွှေ၊ မောင်ထွန်းညွှန့်နှင့် မောင်စစ်ကြီးတို့ တင်သွင်းသော အယူခံလွှာများကိုမူ ပလပ်လိုက်သည်။

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဗိုလ်မှူးချုပ်ခင်အုန်း၊ အဖွဲဝင်များအဖြစ်ဦးစိုးလှိုင်နှင့်ဦးသန့်စင် တို့ ပါဝင်သော မဟိတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မောင်မှုံပါ (၃)ဦး
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

†၁၉၈၁
မတ်လ
၂၈ ရက်

ဖြောင့်ချက်ယူသော တရားစီရင်ရေးအဖွဲ့သည် မည်သည့် အကြောင်းအချက်များကြောင့် အလိုအလျောက်ပေးသော ဖြောင့်ချက် ဖြစ်သည်ဟု ယုံကြည်ကြောင်း မှတ်တမ်း မတင်ထားစေကာမူ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၁၃ အရ ကုစားနိုင်သဖြင့် ဥပဒေအရ ပျက်ပြယ်မှုမရှိခြင်း— တရားခံ တစ်ဦး၏ ဖြောင့်ချက်ကို ၎င်းနှင့်အတူ အစစ်ခံရသော တရားခံ တစ်ဦး အပေါ် သက်သေခံချက် အဖြစ် တိုက်ရိုက် အသုံးမပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၁၆၄ နှင့် ပုဒ်မ ၃၆၄ ပါပြဋ္ဌာန်းချက်များအရ ဖြောင့်ချက်ယူရာတွင် ဖြောင့်ချက်ယူသူ တရားစီရင်ရေးအဖွဲ့သည် မည်သည့်အကြောင်းအချက်များကို ထောက်ထား၍ တရားခံများက အလိုအလျောက် ဖြောင့်ဆိုချက် ပြုလုပ်ခြင်း ဖြစ်သည်ဟု ယုံကြည်ရန်ရှိကြောင်း မှတ်တမ်းတင်ထားရန် လိုပေသည်။ ဖြောင့်ချက်ရေးမှတ်ရာ၌ လုပ်ထုံးလုပ်နည်း ချွတ်ယွင်းချက်များ ရှိပါက ဖြောင့်ချက်ယူသူ တရားစီရင်ရေးအဖွဲ့ဝင် တစ်ဦးဦးအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၃၃ အရ ခေါ်ယူစစ်ဆေးခြင်းဖြင့် ကုစားနိုင်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားခံတစ်ဦး၏ ဖြောင့်ချက်ကို ၎င်းနှင့်အတူ အစစ်ခံရသော အခြားတရားခံ တစ်ဦးအပေါ် သက်သေခံချက်အဖြစ်ဖြင့် တိုက်ရိုက်အသုံးပြုနိုင်သည်မဟုတ်ပေ။ သို့ရာတွင် ထိုပူးတွဲ

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၇၂။

† ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၂၃ တွင် ချမှတ်သော စစ်ကိုင်းတိုင်းတရားရုံး၏ အမိန့်ကို အယူခံမှု။

၁၉၀၁ မောင်မှုံပါ (၃) ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

တရားခံအပေါ်တွင် အခြားသက်သေခံချက်များ ရှိနေပြီး အနည်းငယ် သံသယရှိနေပါက ဖြောင့်ချက်ပေးသူ တရားခံ၏ ဖြောင့်ချက်ကို သက် ဆိုင်ရာ ပူးတွဲတရားခံအပေါ် အပြစ်ရှိ မရှိ ဆုံးဖြတ်ရေး၌ အထောက် အထား အကူအညီအဖြစ်ဖြင့်သာလျှင် ထည့်သွင်း စဉ်းစားနိုင်သည်ဖြစ် ပေသည်။

အယူခံတရားလိုများအတွက် —ဦးထွန်းဝေ၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားခံအတွက် —ဦးသိန်းလွန်း၊ ဥပဒေ ဝန်ထမ်း အဆင့်(၁)။

ခင်ဦးမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၀၁/၇၇ တွင် မောင်မှုံ၊ မောင်လှရွှေနှင့် မောင်ညွန့်ဝင်းတို့ အပေါ် ပြစ်မှုဆိုင်ရာ ~~ဥပဒေပုဒ်မ~~ ၃၀၂ (၁) (ခ) / ၃၄ အရ သေဒဏ်ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို စစ်ကိုင်းတိုင်း တရားသူကြီးအဖွဲ့က ပြစ်မှုဆိုင်ရာ အသေးမှု အမှတ် ၂၃/၇၉ တွင် အတည်ပြုခဲ့သဖြင့် မောင်မှုံ၊ မောင်လှရွှေနှင့် မောင်ညွန့်ဝင်းတို့က မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤအယူခံမှုကို တင် သွင်းခြင်းဖြစ်သည်။

အမှုမှာ ၇-၂-၇၇ နေ့ နှနက်လင်းအားကြီးအချိန်တွင် ရွာသစ်ရွာ အလူးပွဲသို့ လာရောက်သူ ဦးဘမောင်သည် ရွာမရောက်ခင် အိုက် ၂၀၀ ခန့်အကွာ လယ်ကွင်းတခုထဲ၌ လဲနေသောလူတစ်ယောက်ကို တွေ့မြင် သဖြင့် ကျေးရွာပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးဌေးမောင်ထံသို့ သွားရောက် သတင်းပေး တိုင်တန်းခဲ့သည်။ ကျေးရွာလူကြီးများက သွားရောက် ကြည့်ရှုရာတွင် ရွာသစ်ရွာနေ ဦးပြုံးချို၏သား အသက် ၁၈ နှစ်အရွယ်ရှိ မောစ်ကျော်ကွန့်ဆိုသူအား ခေးဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။ ထိုအကြောင်းကို ဦးထွေးမောင်ဆိုသူက ခင်ဦး ရဲတပ်ဖွဲ့ စခန်း၌ ပထမသတင်းပေး တိုင်တန်းချက် ရေးဖွင့်သဖြင့် မသက်သူ မောင်မှုံ မောင်လှရွှေနှင့် မောင်ညွန့်ဝင်းတို့အား ရဲတပ်ဖွဲ့မှ ဖမ်းဆီး၍ လိုအပ်သော စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ပြီးနောက် လူသတ်မှုဖြင့် တရားစွဲတင်ပို့ခဲ့သော အမှုဖြစ်သည်။

အမှုကိုလေ့လာရာတွင် သေသူမောင်ကျော်ကွန့်ကို အယူခံတရားလို များက သတ်ကြောင်း မျက်မြင်သက်သေ မရှိပေ။ အယူခံ တရားလို မောင်မှုံသည် သေသူ မောင်ကျော်ကွန့်အပေါ် သမီးရည်းစားကိစ္စနှင့်

ပတ်သက်၍ မကျေနပ်ချက်ရှိသဖြင့် ကလေးများကို ထိန်းသိမ်းပေးရန် သေသူမောင်ကျော်ကွန်း၏ ဖခင် ဦးပြုံးချို၏ ကျေးရွာပြည်သူ့ကောင်စီ ဥက္ကဋ္ဌ ဦးဌေးမောင်ထံ အချင်းမဖြစ်မီ ရက်ပိုင်းက ကိုင်တန်းချက် ရှိခဲ့ဖူးကြောင်း ဦးပြုံးချို(လိုပြ-၂)နှင့် ဦးဌေးမောင် (လိုပြ-၄) တို့၏ ထွက်ချက်များအရ ပေါ်လွင်သည်ဖြစ်၍ မောင်ကျော်ကွန်း အသတ် ခံရသည့် ကိစ္စတွင် အယူခံတရားလိုများအပေါ် သက်သေခံမကင်း ဖွယ်ရာ တွေ့မြင်ရသည်။ ထို့သို့သက်သေခံမကင်းရှိရာမှ အယူခံတရားလိုများအား ရဲတပ်ဖွဲ့စခန်းမှ ဖမ်းဆီး၍ စစ်ဆေးရာတွင် ထိုသို့ဖမ်းဆီးစစ်ဆေးသည့် ညမှာပင် အယူခံတရားလိုများက အခင်းဖြစ်ရာတွင် အသုံးပြုခဲ့သည်ဆို သော ဓားများဝှက်ထားသည်ဆိုသော နေရာအသီးသီးကို သက်သေ လူကြီးများရှေ့တွင် လိုက်လံပြသပြီး ထုတ်ပေးသဖြင့် မောင်မှူး၏ အိမ် အရှေ့မြောက်ထောင့်ရှိ ကောက်ရိုးပုံတွင် ဝှက်ထားသော ဓားရှည်တစ် ချောင်းကိုလည်းကောင်း၊ မောင်ညွန့်ဝင်း၏ အိမ်အပေါ်ထပ် အောက် ဘက်မျက်နှာ စာကပ်တွင် ထိုးထားသော ဓားရှည်တစ်ချောင်းကိုလည်း ကောင်း၊ မောင်လှရွှေ၏ အိမ်ခေါင်းရင်း စပါးဝိုင်းထဲတွင် မြုပ်ထား သောဓားရှည်တစ်ချောင်းကို လည်းကောင်း တွေ့ရှိ သိမ်းဆည်း ရမိခဲ့ ကြောင်းမှာလည်း သက်သေထွက်ချက် များအရ ပေါ်လွင်သည်ကို တွေ့ရသည်။ ထို့နောက် အယူခံတရားလို မောင်မှူးသည် ၉-၂-၇၇ နေ့တွင်လည်းကောင်း၊ အယူခံတရားလို မောင်လှရွှေသည် ၁၁-၂-၇၇ နေ့တွင်လည်းကောင်း ခင်ဦးမြို့နယ်တရားစီရင်ရေးအဖွဲ့ရွှေ့၌ သက်သေခံ အမှတ် (ဆ)နှင့်(စျ)တို့အရ ဖြောင့်ချက်များ ပေးခဲ့ကြောင်းမှာလည်း ပေါ်လွင်သည်ကို တွေ့ရသည်။

ဤအယူခံမှုတွင် အယူခံတရားလိုများ၏ အကျိုးဆောင်က အယူခံ ထရားလို မောင်မှူးနှင့် မောင်လှရွှေတို့ပေးသော ဖြောင့်ချက်များမှာ အလိုအလျောက်ပေးသော ဖြောင့်ချက်များ မဟုတ်၍လည်းကောင်း၊ ဖြောင့်ချက် ရေးမှတ်ရာတွင် လုပ်ထုံး လုပ်နည်း မှားယွင်းသည် ဖြစ်၍ လည်းကောင်း တရားမဝင်ကြောင်း အဓိကအကြောင်းပြ၍ လျှောက် ထားသည်။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၆၄ နှင့် ပုဒ်မ ၂၆၄ ပါ ပြဋ္ဌာန်းချက်များအရ ဖြောင့်ချက်ယူရာတွင် ဖြောင့်ချက်ယူသူ တရား စီရင်ရေးအဖွဲ့သည် မည်သည့်အကြောင်းအချက်များကို ထောက်ထား၍ တရားခံများက အလိုအလျောက် ဖြောင့်ဆိုချက် ပြုလုပ်ခြင်းဖြစ်သည်ဟု ယုံကြည်ရန်ရှိကြောင်း မှတ်တမ်းတင်ထားရန်လိုပေသည်။ ဤအမှုတွင် ဖြောင့်ချက်ယူသူ တရားစီရင်ရေးအဖွဲ့အနေဖြင့် ထိုသို့မှတ်တမ်းတင်ထား

၁၉၀၁

မောင်မှူး ပါ (၃) ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

၁၉၈၁
မောင်မှုံပါ (၃) ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ခြင်းမရှိခဲ့ပေ။ သို့ရာတွင် ဖြောင့်ချက်ရေးမှတ်ရာ၌ လုပ်ထုံးလုပ်နည်း ချတ်ယွင်းချက်များရှိပါက် ဖြောင့်ချက်ယူသူ တရားစီရင်ရေး အဖွဲ့ဝင် တစ်ဦးဦးအား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၃ အရ ခေါ်ယူ စစ်ဆေးခြင်းဖြင့် ကုစားနိုင်သည်ဖြစ်လေရာ မူလတရားရုံးသည် ဖြောင့်ချက်ယူသူ တရားစီရင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆိုင်(လိုပြ-၈)အား တရားလိုပြသက်သေအဖြစ် စစ်ဆေးခဲ့သည်ကို တွေ့ရသည်။ ၎င်း၏ထွက်ချက်အရ တရားခံများက ဖြောင့်ချက်ပေးခြင်းသည် ၎င်းတို့၏ ဆန္ဒအရ အလိုအလျောက်ဖြောင့်ဆိုချက် ပေးခြင်းဖြစ်သည်ဟု တရားစီရင်ရေးအဖွဲ့က ယုံကြည်သဖြင့် ယင်းသို့ယုံကြည်သည့်အလျောက် တရားခံများ၏ ဖြောင့်ဆိုချက်များကို ရေးမှတ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖြောင့်ချက်ပေးရန် တရားခံမောင်မှုံအား တရားရုံးသို့ ခေါ်ဆောင်လာသည့် နေ့က မောင်မှုံသည် ဖြောင့်ချက် မပေးလိုတော့ကြောင်း ငြင်းဆိုသဖြင့် မောင်မှုံအား ပြည်သူ့ရဲတပ်ဖွဲ့မှ ပြန်ခေါ်ရသည်ဆိုတာ မှန်ကြောင်း၊ သို့သော် ထိုသို့ ပြန်ခေါ်သွားပြီးနောက် ၁၀ မိနစ်ခန့် အကြာတွင် မောင်မှုံကို ဖြောင့်ချက်ပေးရန် ပြန်ခေါ်လာသဖြင့် ၎င်း၏ဖြောင့်ဆိုချက်ကို ရေးမှတ်ယူခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းသို့ဖြောင့်ချက်ရေးမှတ်ယူခြင်းမပြုမီ ဖြောင့်ချက်ယူသူ တရားစီရင်ရေးအဖွဲ့သည် မောင်မှုံအား ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုအပ်သောပဏာမမေးခွန်းများ မေးမြန်း၍ စဉ်းစားရန်အချိန် (၁)နာရီပေးပြီးသည့်နောက် မောင်မှုံက ဖြောင့်ချက်ပေးလိုကြောင်း ထပ်မံပြောဆိုသဖြင့် ၎င်း၏ဖြောင့်ဆိုချက်ကို ဥပဒေနှင့်အညီ ရေးမှတ်ယူခဲ့ခြင်း ဖြစ်ကြောင်းများကို တွေ့ရသည်။

ထို့ကြောင့် အယူခံတရားလို မောင်မှုံသည် ဖြောင့်ချက်ပေးရန် ပထမအကြိမ်က ငြင်းဆိုခဲ့သည် ဆိုရုံမျှဖြင့် ထိုနောက်ပိုင်းတွင် ၎င်းက ဖြောင့်ဆိုချက်ပေးခြင်းသည် အလိုအလျောက် ပေးခြင်းမဟုတ်ဟု မှတ်ယူရန် သင့်သည်မဟုတ်ပေ။ အမှုတွင် ပေါ်လွင်သော အခြားသက်သေခံချက်များနှင့် ပေါင်းခြုံသုံးသပ်သော် အယူခံတရားလို မောင်မှုံနှင့် မောင်လှရွှေတို့သည် ဖြောင့်ဆိုချက်များကို ၎င်းတို့၏ ဆန္ဒအရ အလိုအလျောက် ပေးခဲ့ခြင်းသာဖြစ်ကြောင်း ပေါ်လွင်ပေသည်။ ဖြောင့်ချက်ယူသော တရားစီရင်ရေးအဖွဲ့သည် အယူခံတရားလို မောင်မှုံနှင့် မောင်လှရွှေတို့၏ ဖြောင့်ချက်များကို မည်သည့်အကြောင်းအချက်များကြောင့် အလိုအလျောက် ပေးသော ဖြောင့်ချက်များ ဖြစ်သည်ဟု ယုံကြည်ကြောင်း မှတ်တမ်းတင်ထားခြင်း မရှိစေကာမူ ယင်း ချတ်ယွင်း

ချက်မှာ ဖြောင့်ချက်ပေးသူ အယူခံတရားလိုများအား တစုံတရာ ထိခိုက် နစ်နာစေရန် အကြောင်းမရှိသဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၃ အရ ကုစားနိုင်သည့် ခွတ်ယွင်းချက် တစ်ရပ်သာ ဖြစ်သည့် အလျောက် ယင်းဖြောင့်ချက်များသည် ဥပဒေအရ ပျက်ပြယ်ခြင်းလည်း မရှိနိုင်ပေ။

မောင်မှုံနှင့် မောင်လှရွှေတို့၏ ဖြောင့်ချက်များအရ အခင်းဖြစ်နေ့ ညနေက မောင်မှုံ မောင်လှရွှေနှင့် မောင်ညွန့်ဝင်းတို့သည် မောင် ကျော်ကွန့်ကို သတ်ရန်တိုင်ပင်၍ ရွာအနောက်ဘက် ခပ်လှမ်းလှမ်းတွင် ခားများကိုယ်စီဝှက်ထားပြီးနောက်မောင်လှရွှေနှင့်မောင်ညွန့်ဝင်းတို့က မောင်ကျော်ကွန့်ကို သွားရောက်ခေါ်ယူကြောင်း၊ မောင်ကျော်ကွန့် လိုက်လာပြီး အခင်းသွားရန် အထိုင်တွင် မောင်မှုံကစ၍ ခားဖြင့် တစ်ချက်ခုတ်ရာ မောင်ကျော်ကွန့် ထွက်ပြေးသွားကြောင်း မောင်ညွန့် ဝင်းနှင့် မောင်လှရွှေတို့က မောင်ကျော်ကွန့်၏ နောက်သို့လိုက်၍ ခား ဖြင့်ခုတ်ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။ ထိုသို့ မောင် ကျော်ကွန့်သည် အခင်းဖြစ်ညနေစောင်းတွင် မောင်လှရွှေက ခေါ်သဖြင့် ၎င်း၏နောက်သို့ လိုက်ပါသွားသည်ကို မောင်နီတို (လိုပြ–၁၀) က တွေ့မြင်ရကြောင်း ထွက်ဆိုသည်။ အယူခံတရားလိုများသည် ဖမ်းဆီး ခြင်းခံရသည့်ညမှာပင် အခင်းဖြစ်စဉ်က အသုံးပြုသည်ဆိုသော ခား ရှည်မျှားကို ၎င်းတို့ဝှက်ထားရာ နေရာအသီးသီးမှ ထုတ်ပေးသဖြင့် သိမ်းဆည်း ရမိခဲ့ကြောင်း မှာလည်း သက်သေလူကြီး ဦးဌေးမောင်၊ ဦးပျိုတို့၏ ထွက်ချက်များအရ ပေါ်လွင်ပြီးဖြစ်သည်။ ထိုခားများကို ဓာတုဗေဒဝန်ထံ ပေးပို့စစ်ဆေးရာ၌ ဓာတုဗေဒဝန်၏ ထင်မြင်ချက် အရ လူသွေးဟုတ် မဟုတ် ခဲ့ခြားမပြောဆိုနိုင်သော်လည်း အခင်းဖြစ် ခားများတွင် သွေးများတွေ့ရှိကြောင်းမှာ ပေါ်လွင်သည်။ ထိုခား များကို အယူခံတရားလို မောင်မှုံနှင့် မောင်လှရွှေတို့သည် ၎င်းတို့ အိမ်တွင် သမရိုးကျ ထားရိုးထားစဉ်နေရာများမှ ထုတ်ယူပေးခြင်းမဟုတ် ပဲ တမင်ဝှက်သိမ်းထားသည့် အနေအထားမျိုးမှ ထုတ်ဖော်ပေးအပ် ခဲ့ခြင်းဖြစ်သောကြောင့် ၎င်းတို့ပေးအပ်သော သက်သေခံ ခားများမှာ အခင်းဖြစ်ပွားစဉ်က အမှန်အသုံးပြုခဲ့သော ခားများသာ ဖြစ်သည်ဟု ယူဆနိုင်ပေသည်။ ရည်းစားကိစ္စနှင့်ပတ်သက်၍ မောင်မှုံက မောင်ကျော် ကွန့်အပေါ် မကျေနပ်၍ တစုံတခုဖြစ်မည်စိုးသဖြင့် ကျေးရွာ ပြည်သူ့ ကောင်စီ ဥက္ကဋ္ဌ ဦးဌေးမောင်ထံ မောင်ကျော်ကွန့်၏ ဖခင် ဦးပြုံးချို က အခင်း မဖြစ်မီ ရက်ပိုင်းက သွား ရောက် တိုင်တန်းထားကြောင်း

မှာလည်း အမှုတွင်ပေါ်လွင်ပြီး ဖြစ်သည်။ ထိုသို့အမှုတွင် ပေါ်လွင်သော ပတ်ဝန်းကျင်အကြောင်းခြင်းရာ အထောက်အထားများသည် အယူခံတရားလို မောင်မှူနှင့် မောင်လှရွှေတို့၏ ဖြောင့်ချက်ပါ အချက်အလက်များနှင့် ဆက်စပ်ကြည့်လျှင် တစ်ခုနှင့် တစ်ခု အပြန်အလှန် ထောက်ခံမှုရှိနေကြောင်း ထင်ရှားနေပေသည်။

၁၉၀၁ မောင်မှူ ပါ (၃) ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

ထို့ကြောင့် အယူခံတရားလို မောင်မှူနှင့် မောင်လှရွှေတို့သည် ဖြောင့်ချက်များကို တရားရုံးရွေတင် ပြန်လည်ရုပ်သိမ်းခဲ့သည်မှန်သော်လည်း ပင်းဖြောင့်ချက်များကို မှန်ကန်ကြောင်း အထောက်အထား ပြုသည့် အခြားသော သက်သေခံချက်များ ရှိသည်ဖြစ်၍လည်းကောင်း၊ အမှုဖြစ်အကြောင်းခြင်းရာများနှင့် ဖြောင့်ချက်ပါ အကြောင်းအချက်များအရ မောင်မှူနှင့် မောင်လှရေတို့သည် မောင်ကျော်ကွန်အား သတ်ဖြတ်ရာတွင် ကြိုတင်ကြံရွယ်ချက်ဖြင့် ပူးပေါင်းကြံစည်၍ သတ်ဖြတ်ခြင်းဖြစ်ကြောင်း ပေါ်လွင်သည်ဖြစ်ရိုလည်းကောင်း ဖြောင့်ချက်ပေးသူ အယူခံတရားလို မောင်မှူနှင့် မောင်လှရွေတို့အပေါ် မြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၁၀၂(၁) (ခ) /၃၄ အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းဘည် မှားယွင်းသည်ဟု မဆိုသာပေ။

အယူခံတရားလို မောင်ညွန့်ဝင်းနှင့်ပတ်သက်၍မူ ၎င်းသည် ဖြောင့်ချက်ပေးသူလည်း မဟုတ်သဖြင့် ပူးကွဲတရားခံများဖြစ်ကြသော အယူခံတရားလို မောင်မှူနှင့် မောင်လှရွှေတို့၏ ဖြောင့်ချက်များတွင် ပါရှိသော စွပ်စွဲချက်များမှအပ ၎င်းအပေါ် ငြိစွန်းသော အခြားသက်သေခံချက်တစုံတရာ မရှိပေ။ တရားခံတစ်ဦး၏ ဖြောင့်ချက်ကို ၎င်းနှင့်အတူ အစစ်ခံရသော အခြားတရားခံတစ်ဦးအပေါ် သက်သေခံချက် အဖြစ် ဖြင့် တိုက်ရိုက်အသုံးပြုနိုင်သည် မဟုတ်ပေ။ သို့ရာတွင် ထိုပူးတွဲတရားခံအပေါ်တွင် အခြားသက်သေခံချက်များရှိနေပြီး အနည်းငယ် သံသယရှိနေပါက ဖြောင့်ချက်ပေးသူ တရားခံ၏ ဖြောင့်ချက်ကို သက်ဆိုင်ရာ ပူးတွဲတရားခံအပေါ် အပြစ်ရှိ မရှိ ဆုံးဖြတ်ရာ၌ အထောက်အထား အကူအညီ အဖြစ်ဖြင့်သာလျှင် ထည့်သွင်းစဉ်းစားနိုင်သည်ဖြစ်ပေသည်။

ထို့ကြောင့် ဤအမှုတွင် အယူခံတရားလို မောင်ညွန့်ဝင်းအပေါ် စွပ်စွဲထားသော ပူးတွဲတရားခံများ ဖြစ်ကြသည့် အယူခံ တရားလို မောင်မှူနှင့် မောင်လှရွှေတို့၏ ဖြောင့်ချက်များကို ဖယ်ထုတ်လိုက်ပါက မောင်ညွန့်ဝင်းသည် အခင်းဖြစ်ရာတွင် အသုံးပြုသည်ဆိုသော ဓား တစ်ချောင်းကို ထုတ်ပေးသည်ဆိုသော သက်သေခံချက်မှအပ ၎င်း

အပေါ် ငြိစွန်းသော အခြားသက်သေခံချက် တစုံတရာရှိမည်မဟုတ်ပေ။ မောင်ညွှန့်ဝင်းထုတ်ပေးသောဓားတွင် ဓာတုဗေဒဝန်၏ အစီရင်ခံစာအရ သွေးစွန်းနေသည်ဟု ဆိုသော်လည်း ထိုသွေးသည် လူသွေးဖြစ်သည်ဟု ခွဲခြားပြောဆိုနိုင်ခြင်းမရှိချေ။ ထို့ပြင် မောင်ညွှန့်ဝင်းသည် အခင်းဖြစ်ဓားကို ထုတ်ပေးသည်ဆိုရာ၌လည်း ဓားကို တမင်ဝှက်သိမ်းထားသည့် အနေအထားမျိုးမှ ထုတ်ဖော်ပေးအပ်ခြင်း မဟုတ်ပေ။ မိမိ၏နေအိမ်အပေါ်ထပ်တွင် သာမန် သမရိုးကျ ထားရိုးထားစဉ်အနေအထားမျိုးမှယူ၍ ပေးအပ်လိုက်ခြင်းမျှသာ ဖြစ်ပေသည်။ သို့ဖြစ်၍ မောင်ညွှန့်ဝင်းက ထုတ်ပေးခဲ့သည်ဆိုသော ဓားမှာလည်း အခင်းဖြစ်ရာတွင် အမှန်ကကယ်အသုံးပြုခဲ့သော ဓားဖြစ်သည်ဟု အခိုင်အမာယူဆနိုင်ရန်အကြောင်းမရှိပေ။ ထို့ပြင် ဖြောင့်ချက်များတွင် ပါရှိသော အချက်အလက်များအရ မောင်ညွှန့်ဝင်းသည်သေသူမောင်ကျော်ကွန့်ကို မောင်လှရွှေက သွားရောက်ခေါ်ဆောင်ရာတွင် ပါဝင်သည်ဟု ငြိစွန်းချက်ရှိသော်လည်း မောင်နီတိုက ထွက်ဆိုရာတွင် မောင်ကျော်ကွန့်ကို လာခေါ်သူမှာ မောင်လှရွှေသာဖြစ်၍ မောင်ညွှန့်ဝင်း ပါဝင်သည်ဟု ထွက်ဆိုထားခြင်း မရှိပေ။

ထို့ကြောင့် အယူခံတရားလို မောင်မှုံနှင့် မောင်လှရွှေတို့အပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ (၁) (ခ)/၃၄ အရ ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် သေဒဏ်ချမှတ်ခြင်းတို့ကို အတည်ပြုသော်လည်း အယူခံတရားလို မောင်ညွှန့်ဝင်းအပေါ် ပြစ်မှုထင်ရှားတွေ့ရှိခြင်းနှင့် ပြစ်ဒဏ်သတ်မှတ်ချက်တို့ကို ပယ်ဖျက်၍ ၎င်းအား အမှုမှ အပြီးအပြတ် လွှတ်စေရန် အမိန့်ချမှတ်လိုက်သည်။

အယူခံတရားလို မောင်မှုံနှင့် မောင်လှရွှေတို့သည် နိုင်ငံတော်ကောင်စီ၏ အမိန့်အမှတ် ၂/၈၀ (လွှတ်ငြိမ်းချမ်းသာခွင့်အမိန့်) ပါ အကျိုးခံစားခွင့်များကို ရရှိသူများဖြစ်၍ ၎င်းတို့သည် ထောင်ဒဏ် (၁၀) နှစ်စီကိုသာ ကျခံစေရမည်။

၁၉၈၁
မောင်မှုံ ပါ (၃) ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

ပြစ်မှုဆိုင်ရာအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊အဖွဲဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ချုပ်တွင်

† ၁၉၈၁ သြဂုတ်လ ၂၀ ရက်

မောင်ရွှေမောင်
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် *

တရားခံ အပြစ်ရှိ မရှိ ဆုံးဖြတ်ရာတွင် အခြားအမှုမှ သက်သေခံအထောက်အထားများကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်။

ဆုံးဖြတ်ချက်။ ။တရားခံတွင် အပြစ်ရှိ မရှိ ဆုံးဖြတ်ရာ၌ တရားရုံးများသည် ထိုတရားခံအပေါ် စွဲဆိုသော အမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေထွက်ချက်နှင့် အခြားသက်သေခံ အထောက်အထားများအပေါ် မူတည်၍ ဆုံးဖြတ်ရပေသည်။ အခြားအမှုမှ သက်သေအထောက်အထားများကို ထည့်သွင်း စဉ်းစားခြင်း မပြုနိုင်ပေ။

အယူခံတရားလိုအတွက် — ဦးဘသန်း၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားခံအတွက် — ဦးညီညီ၊ ဥပဒေဝန်ထမ်း အဆင့်(၁)။

တောင်သာမြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၅၁၃/၇၇ တွင် မောင်ရွှေမောင်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၂(၁)(ခ)/၃၄ အရ ဘေဒဏ်ချမှတ်ခြင်းကို မန္တလေးတိုင်း တရားရုံးက ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၁/၇၉ တွင် အတည်ပြုလိုက်သဖြင့် မောင်ရွှေမောင်က မကျေနပ်၍ ဗဟိုတရားရုံးသို့ဤအယူခံမှုကို တင်သွင်းသည်။

အမှုကိုလေ့လာရာ အယူခံတရားလို မောင်ရွှေမောင်သည် အခင်းဖြစ် လူသတ်မှုနှင့်ပတ်သက်၍ တောင်သာမြို့နယ် တရားရုံးတွင် ဖြောင့်ချက်ပေးခဲ့ပြီးကြောင်းမှာ ဖြောင့်ချက်ယူသူ မြို့နယ်တရားစီရင်ရေး အဖွဲ့ဝင် ဦးစံငြိမ်း(လိုပြ-၉)၏ ထွက်ချက်အရ ပေါ်လွင်သော်လည်း ယင်း

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အယူခံမှုအမှတ် ၆၆။

† ၁၉၇၉ ခုနှစ်၊ပြစ်မှုဆိုင်ရာ အသေးမှုအမှတ် ၁ တွင် ချမှတ်သော မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

ဖြောင့်ချက်ကို မူလရုံးအမှုတွဲတွင် သက်သေခံအဖြစ် တင်သွင်းခြင်း မရှိပဲ အခြား လူသတ်မှုတစ်မှုနှင့် ပတ်သက်၍ မောင်ရွှေမောင်အပေါ် စွဲဆိုသော တောင်သာမြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၅၁၄/၇၇ တွင် သက်သေခံအမှတ်(စဉ်)အဖြစ် တင်သွင်းထားကြောင်း တွေ့ရသည်။

၁၉၈၁
မောင်ရွှေမောင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

တရားခံတွင် အပြစ်ရှိ မရှိ ဆုံးဖြတ်ရာ၌ တရားရုံးများသည် ထိုတရားခံအပေါ် စွဲဆိုသောအမှုတွင် ပေါ်ပေါက်လျက်ရှိသော သက်သေထွက်ချက်နှင့် အခြားသက်သေခံ အထောက်အထားများအပေါ် မူတည်၍ ဆုံးဖြတ်ရပေသည်။ အခြားအမှုမှ သက်သေအထောက်အထားများကို ထည့်သွင်းစဉ်းစားခြင်း မပြုနိုင်ပေ။

ဤအမှုတွင် အယူခံကရားလို မောင်ရွှေမောင်၏ ဖြောင့်ချက်ကို ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၅၁၃/၇၇ တွင် သက်သေခံအဖြစ် တရားဝင် လက်ခံစဉ်းစားနိုင်ရေးအတွက် ဆောင်ရွက်နိုင်ရန် မူလအမှုကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၂၈ အရ မူလတရားရုံးသို့ ပြန်လည်ပေးသင့်ကြောင်း တွေ့ရသည်။

ထို့ကြောင့် အယူခံတရားလို မောင်ရွှေမောင်၏ ဖြောင့်ချက်ကို မူလရုံးအမှုတွဲတွင် သက်သေခံအဖြစ် တရားဝင်ထည့်သွင်းနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်စေရန် ညွှန်ကြားချက်ဖြင့် မူလရုံး အမှုတွဲကို တောင်သာမြို့နယ် တရားရုံးသို့ ပြန်လည်ပေးပို့လိုက်သည်။

မြို့နယ်တရားရုံးသည် ဖြောင့်ချက်ရယူသူ တရားစီရင်ရေး အဖွဲ့ဝင် တစ်ဦးဦးကို ခေါ်ယူစစ်ဆေး၍ အယူခံတရားလို မောင်ရွှေမောင်၏ ဖြောင့်ချက်ကို သက်သေခံအဖြစ် တင်သွင်းစေရန် ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရာ၌ တရားရုံးများ လက်စွဲအုပ်စဉ် ၁၀၈၂ နှင့် ၁၀၈၃ ပါ ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ဖြစ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးမန်းစံမြတ်ရွှေတို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၁
ဇူလိုင်လ
၁၀ ရက်

ဒေါက်တာလားမား ပါ ၁၃ ဦး
နှင့်
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။
(အုံနိုးဗဟာဒူး)*

တရားရုံးတစ်ရုံးအနေဖြင့် မိမိစစ်ဆေးနေသော အမှုတွင် ပါဝင်ကျူးလွန်ကြောင်း ပေါ်ပေါက်နေသူများကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းနိုင်ခွင့်ရှိခြင်း— ထည့်သွင်းခင့် မထင့် စဉ်းစားရာ၌ သက်သေထွက်ချက်အပေါ် အလေးအနက်ထား၍ စဉ်းစားရန်မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားရုံး တစ်ရုံးအနေဖြင့် မိမိ စစ်ဆေးနေသော အမှုတွင် ပါဝင်ကျူးလွန်ကြောင်း ပေါ်ပေါက်နေသူများကို နောက်တိုးတရားခံအဖြစ် ထည့်သွင်းနိုင်ခွင့် ရှိပေသည်။ နောက်တိုးတရားခံ ထည့်သွင်း အရေးယူခြင်းမှာ တရားခံအား စွဲချက်တင်ခြင်းလည်းမဟုတ်၊ တရားခံတွင် အပြစ်ရှိ မရှိ အပြီးသတ် ဆုံးဖြတ်ခြင်းလည်း မဟုတ်သော်၍ ထိုသို့ နောက်တိုးတရားခံအဖြစ် ထည့်သွင်း အရေးယူသင့် မသင့်ကိစ္စကို စဉ်းစားဆုံးဖြတ်ရာ၌ သက်သေထွက်ချက်များအပေါ် ယုံထိုက်မယုံထိုက်ကို အလေးအနက်ထား၍ စဉ်းစားရန် မဟုတ်ပေ။

လျှောက်ထားသူအတွက် — ဦးခင်ကျော်၊ ဗဟိုတရားရုံးရွှေနေ။

လျှောက်ထားခံရသူအတွက်— (၁) ဦးဖိုးချမ်းအေး၊ ဥပဒေဝန်ထမ်းအဆင့်(၁)။
(၂) ဦးမင်းဦး၊ ဗဟိုတရားရုံးရွှေနေ။

---

* ၁၉၁၀ ပြည့်နှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၂၀(ခ)။

† ၁၉၁၀ ပြည့်နှစ်၊ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၂၂၀(မိုးကုတ်)တွင် ချမှတ်သော (၂၆-၇-၁၀) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ထို ပြင်ဆင်မှု။

၁၉၀၁ ဒေါက်တာလားမားပါ ၁၃ ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်. (အုန်းဗဟာဒူး)

မိုးကုတ်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၄၃၄/၇၈ တွင် တရားလို အုန်းဗဟာဒူးနှင့် တရားလိုပြဘက်သော ခင်းဗဟာဒူးတို့ကို စစ်ဆေးပြီး ဒေါက်တာလားမားပါ ၁၃ ဦးတို့အား နောက်တိုး တရားခံ အဖြစ် ထည့်သွင်းပေးရန် တရားလို အုန်းဗဟာဒူးက လျှောက်ထားသည်။ ယင်း လျှောက်ထားချက်ကို မူလရုံးက လက်မခံပဲ ပလပ်လိုက်သဖြင့် မန္တလေးတိုင်း တရားရုံး၌ အမှုအမှတ် ၂၂၈/၈၀ အရ ပြင်ဆင်မှုတင်သွင်းရာ ဒေါက်တာလားမားပါ ၁၃ ဦးတို့အား နောက်တိုး တရားခံအဖြစ် ထည့်သွင်း၍ ထိုအမှုကို အစမှ ပြန်လည် စစ်ဆေးစေရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါက်တာလားမားပါ ၁၃ ဦးတို့က မကျေနပ်၍ ဗဟို တရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားသူမျာ၏ အကျိုးဆောင်က တရားလို အုန်းဗဟာဒူး သည် ရဲစခန်းတွင် တိုင်ချက်ရေးဖွင့်စဉ်က မူလတရားခံ(၄)ယောက်နှင့် အခြားအမည်မသိသူ(၂၀)ခန့်ဟု တိုင်ကန်းခဲ့သည့် အလျှောက် ရဲစခန်းမှ ထိုတရားခံ(၄)ဦးတို့ကိုသာ တရားစွဲတင်ပို့ခဲ့ပြီးဖြစ်ကြောင်း၊ အခင်းဖြစ်ပွားပြီး(၂)နှစ်ကျော် အကြာ တရားရုံး၌ အစစ်ခံသောအခါတွင်မှ ပထမတိုင်တန်းစဉ်က အမည်ပါသူ တရားခံ(၄)ဦးအပြင် လျှောက်ထားသူများ၏ အမည်ကိုပါ ထည့်သွင်းထွက်ဆိုလာခြင်းသည် သဘာဝယုတ္တိကင်းမဲ့သည်ဖြစ်၍ လျှောက်ထားသူများအပေါ် နောက်တိုး တရားခံအဖြစ် မထည့်သွင်းသင့်ကြောင်း အဓိက အကြောင်းပြ၍ လျှောက်ထားသည်။

တရားရုံးတစ်ရုံးအနေဖြင့် မိမိစစ်ဆေးနေသောအမှုတွင် ပါဝင်ကျူးလွန်ကြောင်း ပေါ်ပေါက် နေသူများကို နောက်တိုး တရားခံ အဖြစ် ထည့်သွင်းနိုင်ခွင့်ရှိပေသည်။ နောက်တိုးတရားခံ ထည့်သွင်း အရေးယူခြင်းမှာ တရားခံအား စွဲချက်တင်ခြင်းလည်းမဟုတ်၊ တရားခံတွင်အပြစ်ရှိမရှိ အပြီးသတ် ဆုံးဖြတ်ခြင်းလည်းမဟုတ်သော်၍ ထိုသို့ နောက်တိုးတရားခံအဖြစ်ထည့်သွင်းအရေးယူသင့် မယူသင့် ကိစ္စကို စဉ်းစား ဆုံးဖြတ်ရာ၌ သက်သေထွက်ချက်များ အပေါ် ယုံထိုက် မယုံထိုက်ကို အလေးအနက် ထား၍စဉ်းစားရန် မဟုတ်ပေ။

ဤအမှုတွင် တရားလို အုန်းဗဟာဒူး (လိုပြ-၁) နှင့် ၎င်း၏ညီ ခင်းဗဟာဒူး(လိုပြ-၂)တို့၏ထွက်ချက်များအရ လျှောက်ထားသူဒေါက်တာလားမားပါ(၁၃)ဦးတို့သည် အခင်းဖြစ်ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ

၁၉၀၁
ဒေါက်တာလားမားပါ(၁၃)ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် (အုန်းဗဟာန္ဒူး)

များ ဖြစ်ကြောင်း ပေါ်ပေါက်သဖြင့် လျှောက်ထားသူ များအား နောက်တိုး တရားခံများအဖြစ် မူလရုံးတွင် ထည့်သွင်းအရေးယူစေရန် တိုင်း တရားရုံးက ဆုံးဖြတ်ခဲ့ခြင်း ဖြစ်လေရာ ယင်း ဆုံးဖြတ်ချက်သည် သက်သေခံချက် အလျှင်းမရှိပဲ ဆုံးဖြတ်ခြင်းမဟုတ်၍ မှားယွင်း ချွတ်ချော်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် တိုင်းတရားရုံး၏အမိန့်ကိုဝင်ရောက်စွက်ဖက်ရန်အကြောင်း မပြင်သောကြောင့် ဤပြင်ဆင်မှုကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဇေ၊ အဖွဲဝင်များအဖြစ် ဦးခင်ဘုန်း နှင့် ဦးမန်းစံမြတ်ရွှေတို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဝင်းပါ (၂) ဦး
နှင့်
၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
၂။ ဦးအုန်းခင်(ခ) ဦးရှမ်းလေး *

† ၁၉၈၁
စက်တင်ဘာ
လ ၂၁ ရက်

ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၁ နှင့် ၂၂၂ အရ စွဲချက်တွင် မှုခင်းဖြစ် အကြောင်းခြင်းရာကို တိကျစွာ ဖော်ပြရခြင်း— ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၃၄၂ (၁) (ခ)—တရားရုံးက တရားခံအား ၎င်း၏ဆန္ဒအလျောက် သက်သေအဖြစ် အစစ်ခံလိုသည် မခံလိုသည်ကို ရှင်းလင်းသတိပေးရန် လိုအပ်ခြင်း။

ဆုံးဖြတ်ချက်။ ။စွဲချက်တင်ခြင်းခံရသူသည်စွဲချက်အရ ဖြေရှင်းရန် တာဝန်ရှိနေသဖြင့် စွဲချက်သည် အရေးကြီးကြောင်း တရားရုံးများက သတိမူလျက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၁ နှင့် ၂၂၂ တို့အရ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားခံသည် သူ၏ဆန္ဒအလျောက် သက်သေခံလိုမှု ခံနိုင်သည်။သက်သေမခံပဲလည်း နေနိုင်သည်။သူ၏ဆန္ဒအလျောက် သက်သေခံပါက သူ၏ သက်သေခံချက်ကို သူ့အပေါ်သာ မက ပူးတွဲတရားခံများအပေါ်ပါ ထည့်သွင်းစဉ်းစားနိုင်သဖြင့် ထိုအကြောင်းများကို သက်သေမခံမီ တရားခံအား တရားရုံးက သတိပေးရမည် ဟု ထို ဥပဒေ ပုဒ်မက ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တရားရုံး အနေဖြင့်

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၆၈၄ (ခ)။

† ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၅၇၈ တွင် ချမှတ်သော (၁၉-၄-၇၈) နေ့စွဲပါ အစိုးစိန်မြို့နယ် တရားရုံး၏ စွဲချက်ကို ပယ်ဖျက်ပေးစေလိုမှု၊

တရားခံအား သတိပေးရန် မပျက်ကွက်သင့် ကြောင်း အလျဉ်း သင့်သဖြင့် လမ်းညွှန်မှု ပြုလိုက်သည်။

ဦးဝင်း ပါ(၂)ဦး နှင့် ၁။ ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ၂။ ဦးအုန်းခင် (ခ) ဦးရှမ်းလေး

လျှောက်ထားသူများအတွက် —ဦးကျော်အုန်း၊ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးဘမော်၊ ဥပဒေပညာရှင်။

အင်းစိန်မြို့၊ တောင်သူကုန်းနေ ဦးအုန်းခင်(ခ) ဦးရှမ်းလေးက သူ့ထံမှ ငွေကျပ် တစ်သောင်းနှစ်ထောင် နှစ်ရာငါးဆယ်ကို အင်းစိန်မြို့ စောဘွားကြီးကုန်းရှိ အုတ်လုပ်ငန်းက ဦးဝင်းနှင့် ဦးမောင်တင်တို့သည် လိမ်လည်ရယူသွားသည်ဟု စွပ်စွဲလျက် ထိုသူများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ တိုက်ရိုက်လျှောက်ထား တရားစွဲဆိုခဲ့သည်။ အင်းစိန်မြို့နယ် တရားရုံးက ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅၇၈ ဟု သတ်မှတ်၍ စစ်ဆေးကြားနာပြီး ဦးဝင်းနှင့် ဦးမောင်တင်တို့အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်သည်။ ဦးဝင်းနှင့် ဦးမောင်တင်တို့က စွဲချက်ကို ပယ်ဖျက်ပေးပါရန် ရန်ကုန်တိုင်းတရားရုံးသို့ လျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဆဲက်လက် လျှောက်ထားကြခြင်း ဖြစ်သည်။

မူလရုံး အမှုတွဲရှိ သက်သေခံချက်များအရ တရားလို ဦးအုန်းခင် (ခ) ဦးရှမ်းလေး၊ တရားခံ ဦးဝင်းနှင့် ဦးမောင်တင်တို့သည် အုတ် အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ စီးပွားရေးအဆက်အသွယ် ရှိခဲ့ကြောင်း ပေါ်လွင်သည်။ ဦးအုန်းခင် (ခ) ဦးရှမ်းလေးသည် အုတ်ဝယ်ယူသူဖြစ်သည်။ ဦးဝင်းသည် အုတ်ကျင်းပိုင်ရှင်ဖြစ်သည်။ ဦးမောင်တင်သည် ဦးဝင်း၏ အုတ်ကျင်း၌ အလုပ်သမားများကို ကြီးကြပ်ရသူ ဖြစ်သည်။ ဦးအုန်းခင်(ခ) ဦးရှမ်းလေးသည် ဦးဝင်းထံမှ အုတ်များကို ဝယ်ယူခဲ့သည်။ အုတ်အရောင်းအဝယ်လုပ်ရာ၌ တခါတရံ ငွေလက်ငင်းပေးချေ၍ အုတ်လက်ငင်းယူသည်။ တခါတရံ ငွေကြိုတင်ပေးထားပြီး နောက်မှ အုတ်ကိုယူသည်။

အချင်းဖြစ် ငွေကျပ် တစ်သောင်းနှစ်ထောင် နှစ်ရာငါးဆယ်သည် အုတ်အရောင်းအဝယ် ကိစ္စနှင့် ပတ်သက်၍ ဦးအုန်းခင် (ခ) ဦးရှမ်းလေးက ဦးဝင်းသို့ ၁၉၇၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၁၉၇၇ ခုနှစ်၊ ဧပြီလ ၁၃ ရက်နေ့အထိ အလီလီ ပေးခဲ့သော ငွေများ ဖြစ်သည်။ ဦးအုန်းခင်(ခ)ဦးရှမ်းလေးက ထိုငွေများအတွက် ဦးဝင်း

ထံမှ အုတ်များ မရရှိပါဟု ဆိုသည်။ ဦးဝင်းက ဦးအုန်းခင် (ခ) ဦးရှမ်းလေးအား အုတ်ရှစ်သောင်း လေးထောင် ပေးပြီးပါပြီဟု ဆိုသည်။ ထို့ကြောင့် စာရင်းရှင်းမရသဖြင့် ဦးအုန်းခင်(ခ)ဦးရှမ်းလေးက ဦးဝင်းအား တရားစွဲဆိုလိုလျှင် တရားမကြောင်းအရ စွဲဆိုသင့်သည်။

၁၉၀၁ ဦးဝင်း ပါ(၂)ဦးနှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ၂။ ဦးအုန်းခင် (ခ) ဦးရှမ်းလေး

ဦးဝင်းနှင့် ဦးမောင်တင်တို့သည် ဦးအုန်းခင်(ခ) ဦးရှမ်းလေးအား လိမ်လည်လှည့်ဖြားရှိ မရိုးမဖြောင့်သော သဘောဖြင့် သွေးဆောင်ပြီး အချင်းဖြစ်ငွေများကို ရယူခဲ့ကြကြောင်း ပေါ်လွင်ခြင်း မရှိပဲ ထိုသူများအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ စွဲချက်တင်ခြင်းမှာ ဥပဒေအရ မှားယွင်းသည်။

ထို့ပြင် မူလရုံးအမှုတွဲ၌ မှားယွင်းချက်နှစ်ရပ်ကို တွေ့ရှိရသည်။ ပထမ မှားယွင်းချက်မှာ ဦးဝင်းနှင့် ဦးမောင်တင်တို့သည် ငွေမပေးပဲ အုတ်များ ရယူမှုကို ကျူးလွန်ခဲ့ကြောင်း စွဲချက်များ၌ ဖော်ပြသားချက်ဖြစ်သည်။ အုတ်မပေးပဲ ငွေရယူမှုဟု ဖော်ပြရမည့်အစား ငွေမပေးပဲ အုတ်ရယူမှုဟု ဖော်ပြခြင်းမှာ မှုခင်းဖြစ် အကြောင်းခြင်းရာနှင့် ပြောင်းပြန်ဖြစ်လျက် လွဲမှားနေပေသည်။ စွဲချက်တင်ခြင်း ခံရသူသည် စွဲချက်အရ ဖြေရှင်းရန် တာဝန်ရှိနေသဖြင့် စွဲချက်သည် အရေးကြီးကြောင်း တရားရုံးများက သတိမူလျက် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၂၁ နှင့် ၂၂၂ တို့အရ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ဖြစ်သည်။

ဒုတိယမှားယွင်းချက်မှာ တရားခံ ဦးဝင်းနှင့် ဦးမောင်တင်တို့အား သက်သေများအဖြစ် စစ်ဆေးရာ၌ တရားရုံးက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂ (၁)(ခ)အရ သတိပေးရန် ပျက်ကွက်ခဲ့ခြင်း ဖြစ်သည်။ တရားခံသည် သူ၏ ဆန္ဒအလျောက် သက်သေခံလိုမှ ခံနိုင်သည်။ ထက်သေမခံပဲလည်း နေနိုင်သည်။ သူ၏ ဆန္ဒအလျောက် သက်သေခံပါက သူ၏ သက်သေခံချက်ကို သူ့အပေါ်သာမက ပူးတွဲတရားခံများအပေါ်ပါ ထည့်သွင်းစဉ်းစားနိုင်သဖြင့် ထိုအကြောင်းများကို သက်သေမခံမီ တရားခံအား တရားရုံးက သတိပေးရမည်ဟု ထိုဥပဒေပုဒ်မက ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် တရားရုံးအနေဖြင့် တရားခံအား သတိပေးရန် မပျက်ကွက်သင့်ကြောင်း အလျဉ်းသင့်သဖြင့် လမ်းညွှန်မှု ပြုလိုက်သည်။

၁၉၈၁

ဦးဝင်း
ပါ(၂)ဦး
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဦးအုန်းခင်
(ခ)
ဦးရှမ်းလေး

အထက်ပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး အဝိုး စိန်မြို့နယ် တရားရုံး၏ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၅၇၈ ၌ ဦးဝင်းနှင့် ဦးမောင်တင်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ အရ မှားယွင်းစွာ တင်ထားသည့် စွဲချက်များကို ပယ်ဖျက်၍ ဦးဝင်းနှင့် ဦးမောင်တင်တို့အား ပြန်လွှတ်ထားစေရန် အမိန့်ချမှတ်လိုက်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဗိုလ်မှူးချုပ်ခင်အုန်းတို့ ပါဝင်သောဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးသန်းမောင်

နှင့်

၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ ဦးသန်းဦးပါ(၃)ဦး *

†၁၉၈၁

ဖေဖော်ဝါရီ

လ ၂၇ ရက်

မြို့နယ်တရားရုံးသည် တရားခံတစ်ဦးအားပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၅၂/၃၄ အရ လက်ခံ အရေးယူပြီးနောက် ယင်းဥပဒေပုဒ်မ ၂၀၃ အရ အမှုကို ပလပ်ခွင့်မရှိခြင်း—ရပ်ကွက်တရားရုံးသည်လည်း ရဲစွဲချက်ဖြင့် တင်ပို့ထားသော အမှုကို ကျေအေး ရုပ်သိမ်းခြင်း မရှိပဲ ပိတ်သိမ်းခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။စမ်းချောင်းမြို့နယ် တရားရုံးသည် ဦးသန်းမောင် ၏ ဦးတိုက်စွဲဆိုလွှာနှင့် ပတ်သက်၍ ၎င်းအား ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး စွဲဆိုမှုကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၅၂/၃၄ အရ လက်ခံအရေးယူပြီးနောက် တရားခံများအား ဆင့်ခေါ်ပြီးနောက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ အမှုကို ပလပ်ခဲ့ကြောင်း တွေ့ရသည်။ မြို့နယ်တရားရုံးသည် ဤကဲ့သို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေး၍ တရားခံတဦး အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ တစ်ရပ်ရပ်ဖြင့် အရေးယူပြီးနောက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ အမှုကို ပလပ်ခွင့်မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ရဲစွဲချက်ဖြင့် တင်ပို့ထားသော အမှုတစ်ခုကို ကျေအေးရုပ်သိမ်းခြင်းမရှိပဲ အမှုကို ပိတ်သိမ်းနိုင်ခွင့် မရှိပေ။

လျှောက်ထားသူအတွက် — ဦးအောင်ချိန်၊ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက်— ဦးဝင်းမြင့်၊ဥပဒေဝန်ထမ်းအဆင့်(၁)။
ဦးဌေးလှိုင်၊ဗဟိုတရားရုံးရှေ့နေ။

---

* ၁၉၇၀ ခုနှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ်၄၀၃ (ခ)။

† ၁၉၇၀ ခုနှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၂၂ တွင် ချမှတ်သော (၁၃-၁၀-၇၀) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၁ ဦးသန်းမောင်နှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဦးသန်းဦး ပါ (၃) ဦး

ဤအမှုမှာ ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့ ည ၈ နာရီအချိန်ခန့်တွင် စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ရှမ်းကုန်းလမ်း၊ အမှတ်-၂၇ နေ၊ ဦးသန်းမောင်သည် နေအိမ်ပေါ်၌ ကလေးများကို စာသင်ပေးနေစဉ် တရပ်ကွက်တည်းနေ ဦးသန်းဦးသည် သစ်သားတုတ်တစ်ချောင်းကို ကိုင်လျက် မောင်တင်အောင်၊ မကြည်ကြည်မာတို့နှင့်အတူ အိမ်ရှေ့ကံခါးကိုတွန်းဖွင့်၍ ဝင်ရောက်လာပြီး ဆဲဆိုကြိမ်းမောင်း ရန်ပြုသည်ဟုဆိုကာ ဤပြင်ဆင်မှု လျှောက်ထားသူ ဦးသန်းမောင်က ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

ထို့နောက် ပြည်သူ့ရဲမှ အချိန်ဆွဲနေသည်ဟု ဦးသန်းမောင်က ထင်မှတ်၍ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့တွင် စမ်းချောင်းမြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား စွဲဆိုလေသည်။ စမ်းချောင်းမြို့နယ်တရားရုံးက ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄၅၅ တွင် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၀ အရ ဦးသန်းမောင်အား စစ်ဆေးပြီးနောက် လျှောက်ထားခံရသူ (၂) ဦးသန်းဦး၊ လျှောက်ထားခံရသူ (၃) ကိုတင်အောင်၊ လျှောက်ထားခံရသူ (၄) မကြည်ကြည်မာတို့အပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂/၃၄ အရ အရေးယူခဲ့သည်။

ဤပြင်ဆင်မှုလျှောက်ထားသူ ဦးသန်းမောင်၏ တိုင်ကြားချက်အရပင် ပြည်သူ့ရဲစခန်းကလည်း လျှောက်ထားခံရသူ (၂) ဦးသန်းဦးအပေါ် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၁ အရ အမှုဖွင့်၍ ၁၉၇၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်နေ့တွင် စွဲဆိုတင်ပို့ခဲ့ရာ စမ်းချောင်းမြို့နယ်တရားရုံးမှ မြေနီကုန်းရပ်ကွက်တရားရုံးသို့ လွှဲပြောင်း ပေးပို့သဖြင့် မြေနီကုန်းရပ်ကွက်တရားရုံး၏ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄ တွင် အရေးယူခဲ့သည်။ ထို့နောက် ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် လျှောက်ထားသူ ဦးသန်းမောင်က အချင်းဖြစ်အမှုကို စမ်းချောင်းမြို့နယ်တရားရုံး၌ စွဲဆိုထားပြီးဖြစ်သဖြင့် မြို့နယ်တရားရုံး၌သာ စစ်ဆေးခွင့်ပြုစေလိုကြောင်း မြေနီကုန်းမြောက်ရပ်ကွက်တရားရုံးသို့ လျှောက်ထားရာ မြေနီကုန်းမြောက်ရပ်ကွက်တရားရုံးမှ ခွင့်ပြု၍ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၄ ကို ပိတ်သိမ်းရန် အမိန့်ချမှတ်ခဲ့သည်။

ထို့နောက် ၁၉၇၈ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့တွင် စမ်းချောင်းမြို့နယ်တရားရုံး၌ လျှောက်ထားသူ ဦးသန်းမောင်က မြေနီ

ကုန်းမြောက်ရပ်ကွက်တရားရုံး၏ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၄ ကို မြို့နယ်တရားရုံး၏ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၄၆၅ နှင့် တပေါင်းတည်းစစ်ဆေးခွင့်ပြုရန် လျှောက်ထား သည်။ တချိန်တည်းမှာပင် လျှောက်ထားခံရသူ တရားခံများကလည်း မြေနီကုန်းမြောက်ရပ်ကွက်တရားရုံးမှ အမှုမှာ ရဲစဲချက်ဖြင့် စွဲဆိုတင်ပို့ သောအမှုဖြစ်သဖြင့် ယင်းရပ်ကွက်တရားရုံး၏ အမှုကိုသာ စစ်ဆေး ကြားနာသင့်ကြောင်း အပိုင်လျှောက်ထားခဲ့သည်။ နှစ်ဘက်အမှုသည် များ လျှောက်ထားကြပြီးနောက် စမ်းချောင်းမြို့နယ်တရားရုံးသည် ၁၉၇၈ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့တွင် ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄၆၅ အား ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ကြောင်း အမိန့်ချခဲ့သည်။ ထို့ကြောင့် လျှောက်ထားသူ ဦးသန်းမောင်စွဲဆိုခဲ့သောအမှုမှာ မြေနီကုန်းမြောက်ရပ်ကွက်တရားရုံး နှင့် စမ်းချောင်းမြို့နယ်တရားရုံးတို့၌ ရပိစဲသွားခဲ့သည်။

၁၉၈၁ ဦးသန်းမောင် နှင့် ၁။ ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ၂။ ဦးသန်းဦး ပါ (၃) ဦး

စမ်းချောင်းမြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ဦးသန်း မောင်က ပြင်ဆင်မှုတင်သွင်းခဲ့ရာ ရန်ကုန်တိုင်းတရားရုံး၏ ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၃၂၂ တွင် သူ၏လျှောက်ထားချက် ကို ပလပ်ခြင်းခံခဲ့ရသည်၊ ဦးသန်းမောင်က ရန်ကုန်တိုင်းတရားရုံး၏အမိန့် ကို မကျေနပ်ပြန်သဖြင့် ဤပြင်ဆင်မှုကို တင်သွင်းသည်။

ဤပြင်ဆင်မှုလျှောက်ထားသူ ဦးသန်းမောင်က မြေနီကုန်းမြောက် ရပ်ကွက်တရားရုံး၏ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၁၄ ကို စစ်ဆေးကြားနာခြင်းမပြုပဲ ပိတ်သိမ်းလိုက်ခြင်းမှာ မှားယွင်းကြောင်း၊ စမ်းချောင်းမြို့နယ်တရားရုံးကလည်း လျှောက်ထားသူ၏ လျှောက်ထား ချက်ကို လေ့လာစုံစမ်းခြင်းမပြုပဲ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာအမှုကြီး အမှတ် ၁၄၆၅ ကို ပလပ်ခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ရပ်ကွက်တရား ရုံးနှင့် မြို့နယ်တရားရုံးတို့သည် စုံစမ်းဆက်သွယ်မှုမပြုလုပ်၊ အမှုပေါင်း စစ်ရေးကိစ္စကို ဂရုမမူပဲ အမူပိတ်သိမ်းခြင်း၊ ပလပ်ခြင်းတို့ကို ပြုခြင်း မှာ မှားယွင်းကြောင်း တင်ပြထားသည်။

ဤပြင်ဆင်မှုလျှောက်ထားသူ ဦးသန်းမောင်စွဲဆိုသည့် အမှုမျှား၏ ဖြစ်စဉ်ဖြစ်ရပ်မျှားကို လေ့လာစိစစ်ကြည့်သောအခါ စမ်းချောင်းမြို့နယ် တရားရုံးသည် ဦးသန်းမောင်၏ ဦးတိုက်စွဲဆိုလွှာနှင့်ပတ်သက်၍ ၎င်း အား ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ်ဆေးပြီး စွဲဆိုမှုကို

၁၉၈၁
ဦးသန်းမောင် နှင့် ၁။ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ၂။ ဦးသန်းဦး ပါ (၃) ဦး

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၅၂/၃၄ အရ လက်ခံအရေးယူပြီးနောက် တရားခံများအား ဆင့်ခေါ်ပြီးနောက်တွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၃ အရ အမှုကို ပလပ်ခဲ့ကြောင်း တွေ့ရသည်။ မြို့နယ်တရား ရုံးသည် ဤကဲ့သို့ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၀ အရ စစ် ဆေး၍ တရားခံတစ်ဦးအား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ တစ်ရပ်ရပ်ဖြင့် အရေးယူပြီးနောက်တွင် ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ အမှုကို ပလပ်ခွင့်မရှိပေ။ မြေနီကုန်းမြောက်ရပ်ကွက်တရားရုံးကလည်း ရဲစွဲချက်ဖြင့် တင်ပို့ထားသောအမှုကို စစ်ဆေးကြားနာခြင်းမရှိပဲ အမှု ကို ပိတ်သိမ်းရန် ချမှတ်ခဲ့ကြောင်း တွေ့ရသည်။ မြေနီကုန်း မြောက် ရပ်ကွက်တရားရုံးအနေဖြင့်လည်း ရဲစွဲချက်ဖြင့် တင်ပို့ထားသော အမှု တစ်ခုကို ကျေအေးရပ်သိမ်းခြင်းမရှိပဲ အမှုကို ပိတ်သိမ်းနိုင်ခွင့် မရှိ ပေ။ မြို့နယ်တရားရုံးနှင့် ရပ်ကွက်တရားရုံးတို့သည် အမှုဖြစ်ပွားပုံ အကြောင်းခြင်းရာ တစ်ခုတည်းဖြစ်နေသော အမှုနှစ်မှုကို အမှုသည် များလျောက်ထားချက်အရ တစ်ရုံးနှင့်တစ်ရုံး စုံစမ်းဆက်သွယ်မှု တစ်စုံ တရာမပြုပဲ အမှုများကို ပလပ်ခြင်းနှင့် ပိတ်သိမ်းခြင်းတို့သည် ဥပဒေ ပြဋ္ဌာန်းချက်များအရ လုံမှုးခွတ်ချော်လွှက် ရှိပေသည်။

ထို့ကြောင့် မူလရုံးများ၏အမိန့်များနှင့် တိုင်းတရားရုံး၏ အမိန့်တို့ ကို ပယ်ဖျက်၍ ဦးသန်းမောင်၏ ဤပြင်ဆင်မှုလျောက်လွှာကို လက်ခံ ပြီး စမ်းချောင်းမြို့နယ်တရားရုံး ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၁၄၆၅ နှင့် မြေနီကုန်းမြောက်ရပ်ကွက်တရားရုံး ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၄ တို့ကို စမ်းချောင်းမြို့နယ်တရားရုံး၌ တပေါင်းတည်း စစ်ဆေးကြားနာ စီရင်စေရန် အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးထွန်းရှိန်၊ အဖွဲဝင်များအဖြစ် ဦးလှဘုန်းနှင့်ဦးအေးမောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးသိမ်းဆွေ
နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
(ဦးကျော်စိန်)*

†၁၉၇၁
အောက်တိုဘာ
လ ၂၀ ရက်

အလွဲသုံးစား ပြုထားသော ငွေကို ပေးလျော်ပြီး ဆိုရုံမျှဖြင့် တရားခံသည် ပြစ်မှုမှ ကင်းလွတ်ခွင့် မရနိုင်ခြင်း— ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ သည် ကျေအေးခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာအမှုများတွင် အလွဲသုံးစားပြုထားသောငွေကို ပေးလျော်ပြီးဖြစ်သည်ဟု ဆိုရုံမျှဖြင့် တရားခံသည် ပြစ်မှုမှ ကင်းလွတ်ခွင့်ရနိုင်သည် မဟုတ်ပေ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ပြစ်မှုသည် ကျေအေးနိုင်သော အမှုမျိုး မဟုတ်သောကြောင့် တရားလို တရားခံနှစ်ဦး သဘောတူကျေအေးခြင်းဖြင့်လည်း အမှုကို ပိတ်သိမ်းခွင့် မရှိပေ။

လျှောက်ထားသူအတွက် —ဦးသာဟိန်း၊ ဗဟိုတရားရုံး ရွှေနေ။

လျှောက်ထားခံရသူအတွက် —ဦးဝင်းမြင့်၊ ဥပဒေဝန်ထမ်းအဆင့် (၁)။
ဦးလှတင်၊ ဗဟိုတရားရုံးရွှေနေ။

ဗိုလ်တထောင် မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၉၅၀/၇၇ တွင် တရားခံ ဦးကျော်စိန်အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၀၆ အရ စွဲချက်တင်သည်။ ယင်းအမိန့်ကို ရန်ကုန်တိုင်း တရားရုံးက ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၈၀၀/၇၀ တွင် ပယ်ဖျက်ပြီး တရားခံအား စွဲချက်မတင်ပဲ ပြန်လွှတ်ထားရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၃၃(ခ)။

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှု အမှတ် ၈၀၀ တွင် ချမှတ်သော (၃၁-၅-၇၉) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၈၁
ဦးသိန်းဆွေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် (ဦးကျော် စိန်)

တရားလို ဦးသိန်းဆွေက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

အမှုမှာ လျှောက်ထားခံရသူ ဦးကျော်စိန်သည် ဗိုလ်တထောင်မြို့နယ် အမှတ် ၁၁၆/၁၁၈ ကရစ်လမ်းတွင် တည်ရှိသည့် အင်္ဂလိပ်ဘားမင်း ဆိုရှယ်ကလပ်အသင်း အတွင်းရေးမှူး တာဝန်ကို ထမ်းဆောင်နေစဉ် ၁၀-၁၀-၇၄ ရက်နေ့မှ ၁၀-၈-၇၅ ရက်နေ့အတွင်း အသင်းပိုင် ငွေကျပ် ၆၀၆၆/၆၅ ပြားကို အလွဲသုံးစားပြုလုပ်ထားကြောင်း၊ ထိုငွေအတွက် ဦးကျော်စိန်က ငွေကျပ် ၂၅၀၀/- ကို ငွေသားဖြင့်ပေးဆပ်၍ ကျန်ငွေကျပ် ၃၅၆၆/၆၅ ပြားအတွက် ငွေကျပ် ၄၀၀၀/-တန် ငွေစုလက်မှတ် ၄ စောင်ကို ပေးအပ်ထားပြီး ယင်းငွေစုလက်မှတ်များ ထုတ်ယူရန် ရက်စွဲသည့် ၁၂-၉-၇၆ ရက်နေ့တွင် ငွေထုတ်ပေးရန် ဦးကျော်စိန်က တာဝန်ယူခဲ့ကြောင်း၊ နောက်ပိုင်းတွင် ဦးကျော်စိန်သည် ငွေစုလက်မှတ်များကိုလဲ၍ ငွေထုတ်ပေးရန် ပျက်ကွက်ခဲ့ကြောင်း စုပ်စွဲလျက် ဦးကျော်စိန်အား အသင်းပိုင်ငွေများ အလွဲသုံးစားပြုလုပ်မှုဖြင့် လိုအပ်သလို အရေးယူပေးရန် အတွင်းရေးမှူးသစ် ဦးသိန်းဆွေက တရားလိုပြုလုပ်၍ စုံုင်တန်းစွဲဆိုခဲ့သော အမှုဖြစ်သည်။

တိုင်းတရားရုံးက တရားခံဦးကျော်စိန်သည် လျှောနည်း ကွာခြားငွေများအတွက် ငွေသားကျပ် ၂၅၀၀/- နှင့် ငွေစုလက်မှတ် ၄-စောင်ကို အသင်းသို့ ပေးလျော်ပြီးဖြစ်ကြောင်း၊ ယင်း ငွေစုလက်မှတ် များကို သက်ဆိုင်ရာသို့ သွားရောက်လဲလှယ်ရ၌ ငွေထုတ်ပေးရန် ပျက်ကွက်ခြင်းမှာ ပဋိညာဉ်ဖောက်ဖျက်မှုသာဖြစ်၍ တရားမကြောင်း စွဲဆိုရန်သာဖြစ်ကြောင်း သုံးသပ်ပြီး မြို့နယ်တရားရုံးမှ စွဲချက်တင်သော အမိန့်ကို ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရသည်။

ပြစ်မှုဆိုင်ရာ အမှုများတွင် အလွဲသုံးစား ပြုထားသောငွေကို ပေးလျော်ပြီးဖြစ်သည်ဟု ဆိုရုံမျှဖြင့် တရားခံသည် ပြစ်မှုမှ ကင်းလွတ်ခွင့်ရနိုင်သည်မဟုတ်ပေ။ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၄၀၆ အရ ပြစ်မှုသည် ကျူးလွန်နိုင်သော အမှုမျိုး မဟုတ်သောကြောင့် တရားလို တရားခံနှစ်ဦးသဘောတူ ကျေအေးခြင်းဖြင့်လည်း အမှုကို ပိတ်သိမ်းခွင့်မရှိပေ။ ထို့ကြောင့် လျှောနည်းကွာခြားငွေကျပ် ၆၀၆၆/၆၅ ပြားကို ပေးလျော်ပြီးဖြစ်သည်ဟူသော အကြောင်းပြချက်ဖြင့် စွဲချက်ကို ပယ်ဖျက်သော တိုင်းတရားရုံး၏ အမိန့်သည် ဥပဒေနှင့်မညီညွတ်ကြောင်း တွေ့ရသည်။

မူလရုံး တရားလိုဦးသိန်းဆွေ၏ တိုင်လျောက်ချက်နှင့် တရားရုံးရှေ့ အစစ်ခံချက်များအရ ငွေစုလက်မှတ်များဖြင့် ငွေထုတ်ပေးရန် ပျက်ကွက်ရာမှ ဦးကျော်စိန်အပေါ် ဤအမှုကို တိုင်တန်းရခြင်း ဖြစ်သည်မှန်သော်လည်း ငွေထုတ်ပေးရန် ပျက်ကွက်မှုအတွက် တိုင်တန်းစွဲဆိုခြင်း မဟုတ်ပေ။ ငွေများအလွဲသုံးစားမှု တစ်ရပ်လုံးအတွက် တိုင်တန်း စွဲဆိုခြင်းသာ ပေါ်ပေါက်ပေသည်။

ထို့ကြောင့် တိုင်းတရားရုံး၏ အမိန့်ကိုပယ်ဖျက်၍ မြို့နယ်တရားရုံးက အမှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရန် ပြင်ဆင်အမိန့် ချမှတ်လိုက်သည်။

၁၉၈၁

ဦးသိမ်းဆွေ နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် (ဦးကျော်စိန်)

ပြစ်မှုဆိုင်ရာ အထွေထွေလျှောက်လွှာအမှု

ဥက္ကဋ္ဌအဖြစ်ဦးသန့်စင်၊ အဖွဲဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးအေးဖေတို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၁
နိုဝင်ဘာလ
၂၇-ရက်

ကိုသိန်းဝင်းပါ (၂)ဦး
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်*

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃— အပြီးအပြတ် လွှတ်ပြီးသူအား အဆိုပါအချင်းဖြစ်ကိစ္စနှင့် ထပ်မံ၍ တရားစွဲဆိုခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ကိုသိန်းဝင်းပါ ၄ ဦးတို့အပေါ် အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင် ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆(၁) အရ စွဲဆိုခဲ့ပြီး နောက်ဆုံးအပြီးသတ်အမိန့် ချမှတ်ရန်အဆင့်တွင် မြို့နယ်ဥပဒေဝန်ထမ်း၏ လျှောက်ထားချက်အရ အမှုကို ရုပ်သိမ်းခွင့်ပြု၍ သူတို့အားလုံးကို အပြီးအပြတ် လွှတ်ခဲ့ပြီးကြောင်း အငြင်းမပွားပေ။ သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ အရ အပြီးအပြတ် လွှတ်ထားပြီးသော တရားခံများအပေါ် အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍ ထပ်မံတရားစွဲဆိုခွင့် မရှိတော့ပေ။

လျှောက်ထားသူများအတွက် — ဦးညွှန့်မြိုင်၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးထွန်းအောင်၊ ဥပဒေ ဝန်ထမ်းအဆင့် (၁)။

မန္တလေး အရှေ့မြောက်မြို့နယ်တရားရုံး၊ ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၀၅၉/၈၀ တွင် ကိုသိန်းဝင်းနှင့် ကိုကျော်သိန်းတို့အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၃ အရ တရားစွဲဆိုတင်ပို့ခဲ့သည်။ ကိုသိန်းဝင်းနှင့် ကိုကျော်သိန်းတို့

---

* ၁၉၈၁ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အထွေထွေ လျှောက်လွှာအမှတ် ၆။

† မန္တလေး အရှေ့မြောက် မြို့နယ်တရားရုံး ပြစ်မှုကြီးမှု အမှတ် ၆၀၅၉/၈၀ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ ပယ်ဖျက်ပေးရန် လျှောက်ထားမှု။

က သူတို့အပေါ် စွဲဆိုထားသော ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ်—
၆၀၅၉/၈၀ ကို ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁-က အရ
ချေဖျက်ပေးရန် ဗဟိုတရားရုံးသို့ လျှောက်ထားသော အမှုဖြစ်သည်။

၁၉၈၁
ကိုသိန်းဝင်း
ပါ (၂)ဦး
နှင့်
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်

၁၂-၂-၈၀ ရက်နေ့၊ နံနက် (၁၁) နာရီခန့်တွင် မန္တလေး မီးရထား ဘူတာဝင်းအတွင်း၌ ခြင်းတလုံးဖြင့် ပစ္စည်းထမ်းလာသူ မောင်စိုးဝင်းနှင့် စောင်ဖြင့်ထုပ်၍ ပစ္စည်းရွက်လာသူ မခင်မာဆွေ တို့အား သတင်းထောက်လှမ်းရေး ရဲတပ်ဖွဲ့မှ ဒုတပ်ကြပ် မောင်ဝင်းလှိုင်သည် ရပ်ကွက်ကောင်စီဝင် ဦးဗလ နှင့် စကဲရုံအုပ်ကြီး ဦးကျော်ညွှန့်တို့နှင့်အတူ ရှာဖွေရာ မီးရထား ဒီဇယ်စက်ခေါင်းသုံး ဘယ်ယာရင် ချမ်း (၃၂) စုံ၊ ဒီဇယ်စက်ခေါင်းသုံး လေပိတ်ခေါက် (၁၆) ခုတို့ကို တွေ့ရှိရသည်ဆိုကာ ဒုတပ်ကြပ် မောင်ဝင်းလှိုင်က မောင်စိုးဝင်း၊ မခင်မာဆွေ၊ ကိုသိန်းဝင်းနှင့် ကိုကျော်သိန်းတို့အပေါ် ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁) အရ တိုင်တန်းစွဲဆိုခဲ့သော အမှုဖြစ်သည်။ မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၂၉၂/၈၀ တွင် မောင်စိုးဝင်းပါ (၄) ဦးတို့အပေါ် စစ်ဆေးကြားနာခဲ့ပြီး နောက်ဆုံး အမိန့်ချမှတ်ရန် အဆင့်သို့ ရောက်သောအခါ ဥပဒေဝန်ထမ်းက တရားခံများ အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့် သက်ဆိုင်သောပစ္စည်း ကာကွယ်ရေး ဥပဒေ ပုဒ်မ ၃ အရ ပြန်လည်စွဲဆိုခွင့်ပြုရန်အတွက် အမှုကို ရုပ်သိမ်းခွင့်ပြုရန် လျှောက်ထားခဲ့ရာ မန္တလေး အရှေ့မြောက်မြို့နယ် တရားရုံးမှ အမှုကို ရုပ်သိမ်းခွင့်ပြု၍ တရားခံ (၄)ဦး စလုံးကို အပြီးအပြတ် လွှတ်ခဲ့သည်။ ထို့နောက် မီးရထား ပြည်သူ့ရဲစခန်းမှ တရားခံ (၄) ဦးတို့အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်ရေး ဥပဒေ ပုဒ်မ ၃ အရ ထပ်မံစွဲဆိုတင်ပို့သော အမှုဖြစ်သည်။

၂။ လျှောက်ထားသူ ကိုသိန်းဝင်းနှင့် ကိုကျော်သိန်း တို့က သူတို့အပါအဝင် တရားခံ (၄)ဦးအပေါ် မူလက ၁၉၄၇ ခုနှစ်၊ ပြည်သူ့ပိုင်ပစ္စည်း ကာကွယ်ရေး ဥပဒေ ပုဒ်မ ၆ (၁) အရ စွဲဆိုတင်ပို့၍ နောက်ဆုံး အပြီးသတ် အမိန့်ချမှတ်ရန် အဆင့်သို့ ရောက်ရှိသောအခါ မြို့နယ် ဥပဒေဝန်ထမ်း၏ လျှောက်ထားချက်အရ မြို့နယ်တရားရုံးက အမှုကို ရုပ်သိမ်းခွင့်ပြု၍ သူတို့အား အပြီးအပြတ် လွှတ်ခဲ့ပြီး ဖြစ်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၃ အရ သူတို့အပေါ် ၁၉၆၃ ခုနှစ်၊ အများနှင့်သက်ဆိုင်သော ပစ္စည်းကာကွယ်ရေး ဥပဒေ ပုဒ်မ ၃ အရ ထပ်မံစွဲဆိုပိုင်ခွင့် မရှိတော့ကြောင်း တင်ပြကြသည်။

၁၉၈၁
ကိုသိန်းဝင်း ပါ (၂၂) ဦး နှင့် ပြည်ထောင်စုဆိုရှယ်လစ်နေသမ္မတမြန်မာနိုင်ငံတော်

မူလရုံး အမှုတွဲကို ဒီလေ့လာ ကြည့်ရှုသောအခါ ကိုသိန်းဝင်းပါ (၄) ဦးတို့အပေါ် အချင်းဖြစ်ကိစ္စနှင့် ပတ်သက်၍ ၁၉၄၇ ခုနှစ်၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး ဥပဒေပုဒ်မ ၆ (၁) အရ စွဲဆိုခဲ့ပြီး နောက်ဆုံး အပြီးသတ် အမိန့်ချမှတ်ရန် အဆင့်တွင် မြို့နယ် ဥပဒေဝန်ထမ်း၏ လျှောက်ထားချက်အရ အမှုကို ရုပ်သိမ်းခွင့်ပြု၍ သူတို့အားလုံးကို အပြီးအပြတ် လွှတ်ခဲ့ပြီးကြောင်း အငြင်းမပွားပေ။ သို့ဖြစ်ရာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၀၃ အရ အပြီးအပြတ် လွှတ်ထားပြီးသော တရားခံများအပေါ် အချင်းဖြစ်ကိစ္စနှင့် ပတ်သက်၍ ထပ်မံ တရားစွဲဆိုခွင့် မရှိတော့ပေ။ သို့ဖြစ်၍ ကိုသိန်းဝင်းနှင့် ကိုကျော်စိန်တို့၏ လျှောက်လွှာများကို ခွင့်ပြု၍ ကိုကျော်သိန်းပါ (၄) ဦးတို့အပေါ် ထပ်မံစွဲဆိုထားသော မန္တလေး၊ အရှေ့မြောက်မြို့နယ် တရားရုံး၊ ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၆၀၅၉/၈၀ ကို မြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၆၁—က အရ ချေဖျက်လိုက်သည်။

သက်သေခံ ဒီဇယ်စက်ခေါင်း စက်ပစ္စည်းများကို သက်ဆိုင်ရာ မီးရထား ဌာနသို့ ပြန်ပေးစေ။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးအေးမောင်နှင့် ဦးသန့်စင်တို့ ပါဝင်သော မဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဦးအာရစ်ဘိုင်
နှင့်
၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်
၂။ ဒေါ်ငွေ့သန်း၊ ဦးလှကြည်*

† ၁၉၈၁
ဇွန်လ
၁၁ ရက်

ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၉-ခ အရ အချင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေး ကြည့်ရှုခြင်း၏ ရည်ရွယ်ချက်မှာ ရုံးရှေ့တွင် သက်သေ ထွက်ချက်များမှန်ကန်စွာဝေဖန် သုံးသပ်နိုင်ရန်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၉-ခ အရ အချင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေး ကြည့်ရှုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ တရားရုံးရှေ့မှောက်တွင် သက်သေများ၏ ထွက်ဆိုချက်များကို မျှတမှန်ကန်စွာ ဝေဖန်သုံးသပ် ချိန်ဆနိုင်ရန်သာ ဖြစ်ပေသည်။ ယခုအမှုတွင် မွန်ပြည်နယ်၊ တရားစီရင်ရေးအဖွဲ့သည် အချင်းဖြစ်အိမ်ကို ကိုယ်တိုင်သွားရောက်၍ စစ်ဆေးရာတွင် အိမ်သည် ပျက်စီးနေသည်ကို တွေ့မြင်ကြပြီး အိမ်အဟောင်းဖြစ်၍ ဟောင်းနွမ်းပျက်စီးခြင်း ဖြစ်သည်ဟု မှတ်ချက်ပြုသည်။ သို့ဖြစ်၍ မွန်ပြည်နယ် တရားစီရင်ရေးအဖွဲ့သည် တရားလိုဘက်မှ မျက်မြင်သက်သေများက တရားခံသည် အိမ်ကို ဖျက်ဆီးပါသည်ဟူသော ထွက်ချက်ကို အလေးပေး၍ မစဉ်းစားပဲ အိမ်ပျက်စီးခြင်းနှင့် ပတ်သက်၍ မိမိတို့၏ ထင်မြင်ယူဆချက်ကိုသာ အလေးပေး၍ စဉ်းစားခြင်းမှာ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၉-ခ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိသဖြင့် မှားယွင်းချွတ်ချော်လျက် ရှိပေသည်။

---

* ၁၉၇၉ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၄၇ (ခ)။

† ၁၉၇၈ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၁၆ (မ) တွင် ချမှတ်သော (၈-၁-၇၉) နေ့စွဲပါ မွန်ပြည်နယ် တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု၊

လျှောက်ထားသူအတွက် — ဦးချုန်ထွန်းအောင်၊
ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးဝင်းမြင့်၊
ဥပဒေဝန်ထမ်း အဆင့် (၁)။
ဒေါ်ငွေသန်း နှင့် ဦးလှကြည်၊
ရေးသား လျှောက်လဲချက်
တင်သည်။

၁၉၈၁
ဦးအာရစ်ဘိုင်
နှင့်
၁။ ပြည်
ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
၂။ ဒေါ်ငွေ
သန်း
ဦးလှကြည်

မော်လမြိုင်မြို့နယ် တရားရုံး၊ ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာ အမှုကြီး အမှတ် ၃၀၇ တွင် ဒေါ်ငွေသန်း နှင့် ဦးလှကြည်တို့ အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရ စွဲချက်တင်ခဲ့သည်။ ဒေါ်ငွေသန်းနှင့် ဦးလှကြည်တို့က မော်လမြိုင်မြို့နယ်တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် မှန်ပြည်နယ်တရားရုံးတွင် ပြင်ဆင်မှုတင်သွင်းခဲ့ရာ သူတို့အပေါ် စွဲချက်တင်သည့်အမိန့်ကို ပယ်ဖျက်ခဲ့သည်။ မူလရုံး တရားလို ဦးအာရစ်ဘိုင်က မှန်ပြည်နယ် တရားရုံး၏အမိန့်ကို မကျေနပ်သဖြင့် ဗဟိုတရားရုံး၌ ဤ ပြင်ဆင်မှုကို တင်သွင်းသည်။

မော်လမြိုင်မြို့ မန္တလေးရပ်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ် (၂)(ဘီ)၌ နေထိုင်သူ ဦးအာရစ်ဘိုင်က အိမ်အမှတ်(၂)(စီ)၌ နေထိုင်ကြသော သူ၏အိမ်ဌား ဒေါ်ငွေသန်းနှင့် ဦးလှကြည်တို့သည် နေအိမ်ကို ဖျက်ဆီးကြသည်ဆိုကာ ဒေါ်ငွေသန်းနှင့် ဦးလှကြည်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရ ဦးတိုက်လျှောက်ထား စွဲဆိုသောအမှု ဖြစ်သည်။

လျှောက်ထားသူ ဦးအာရစ်ဘိုင်က တင်ပြရာတွင် ဒေါ်ငွေသန်းနှင့် ဦးလှကြည်တို့က အချင်းဖြစ်အိမ်ကို ဖျက်ဆီးနေသည်ကို တွေ့မြင်သည့် မျက်မြင်သက်သေများ ရှိနေကြောင်း၊ မှန်ပြည်နယ်တရားသူကြီးအချို့တို့က အချင်းဖြစ်အိမ်ကို သွားရောက် စစ်ဆေး ကြည့်ရှုကြပြီး "အိမ်ဟောင်းဖြစ်ပြီး ဆွေးမြေ့နေသဖြင့် လူနေထိုင်ရန် မသင့်လျော်သော အခြေအနေတွင် ရှိနေ၍ တရားခံများ (ဒေါ်ငွေသန်းနှင့် ဦးလှကြည်)တို့ ဖျက်ဆီးပါသည်ဆိုသော စွပ်စွဲချက်မှာ အကျိုးအကြောင်း မဆီလျော်၊ ယုတ္တိမရှိ" ဟု ယူဆပြီး ဆုံးဖြတ်ခြင်းမှာ မျက်မြင် သက်သေများ၏ ထွက်ချက်များကို တရားသူကြီးများ၏စစ်ဆေးချက်နှင့် အစားထိုး၍ ဆုံးဖြတ်ခြင်းဖြစ်သဖြင့် မှားယွင်းချက်ချော်နေကြောင်း ဖော်ပြထားသည်။

မူလရုံး အမှုတွဲကို စစ်ဆေးကြည့်ရှုသောအခါ အချင်းဖြစ် အကျိုးဖျက်ဆီးမှုနှင့် ပတ်သက်၍ ဦးအာရစ်ဘိုင် (လိုပြ-၁) ၏ စွပ်စွဲထွက်ဆို ချက်များ ရှိနေ၍ မျက်မြင်သက်သေ ဦးမောင်မြင့်(လိုပြ-၂)နှင့် ဦးဆူဘန်း (လိုပြ-၃) တို့၏ ထောက်ခံ ထွက်ဆိုချက်များ ရှိနေသည်ကို တွေ့ရှိရသည်။ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၅၃၉-ခ အရ အချင်းဖြစ် နေရာသို့ သွားရောက် စစ်ဆေးကြည့်ရှုခြင်း၏ အဓိက ရည်ရွယ်ချက်မှာ တရားရုံးရှေ့မှောက်တွင် သက်သေများ၏ထွက်ဆိုချက်များကို မျှတမှန်ကန်စွာဝေဖန်သုံးသပ်ချိန်ဆနိုင်ရန်သာဖြစ်ပေသည်။ ယခုအမှုတွင်မူနှိပြည် နယ်တရားစီရင်ရေးအဖွဲ့သည် အချင်းဖြစ်အိမ်ကို ကိုယ်တိုင် သွားရောက်၍ စစ်ဆေးရာတွင် အိမ်သည် ပျက်စီး နေသည်ကို တွေ့မြင်ကြပြီး အိမ် အဟောင်းဖြစ်၍ဟောင်းနွမ်း ပျက်စီးခြင်းဖြစ်သည်ဟု မှတ်ချက်ပြုသည်။ သို့ဖြစ်၍ မူနှိပြည်နယ် တရားစီရင်ရေးအဖွဲ့သည် တရားလိုဘက်မှ မျက်မြင်သက်သေများက တရားခံသည်အိမ်ကို ဖျက်ဆီးပါသည် ဟူသော ထွက်ချက်ကို အလေးပေး၍ မစဉ်းစားပဲ အိမ်ပျက်စီးခြင်းနှင့် ပတ်သက်၍ မိမိတို့၏ ထင်မြင်ယူဆချက်ကိုသာ အလေးပေး၍ စဉ်းစားခြင်းမှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၅၃၉-ခ ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်း မရှိသဖြင့် မှားယွင်းချွတ်ချော်လျက်ရှိပေသည်။

၁၉၀၁
ဦးအာရစ်ဘိုင် နှင့် ၁။ ပြည် ထောင်စု ဆို၍ရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် ၂။ ဒေါ်ငွေ သန်း ဦးလှကြည်

အထက် ဖော်ပြပါ အကြောင်းခြင်းရာ အချက် အလက်များ အရ လျှောက်ထားသူ ဦးအာရစ်ဘိုင်၏ ပြင်ဆင်မှု လျှောက်လွှာကို ခွင့်ပြု၍ မူနှိပြည်နယ်တရားရုံး၏အမိန့်ကို ပယ်ဖျက်ပြီး မော်လမြိုင်မြို့နယ် တရားရုံးမှ ဒေါ်ငွေသန်းနှင့် ဦးလှကြည်တို့အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရ စွဲချက်တင်သည့်အမိန့်ကို အတည်ပြုလိုက်သည်။

ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးခင်အုန်း၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင် တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၀၁ သြဂုတ်လ ၂၈ ရက်

ဒေါ်အေးဟန်ပါ(၂)ဦး
နှင့်
ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် *

ပြစ်မှုဆိုင်ရာ အမှုတွင် တရားလိုသေဆုံးက သူ၏ရှေ့နေသည် အမှုတွင် ဆက်လက် လိုက်ပါဆောင်ရွက်ခွင့် မရှိခြင်း— သေသူ တရားလို၏ တရားဝင် ကိုယ်စားလှယ်ကို ထည့်ခွင့်မရှိခြင်း— တရားရုံး၏ ခွင့်ပြုချက်ဖြင့် တရားလိုအတွက် လိုက်ပါဆောင်ရွက်ခွင့်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။ပဋိညာဉ်အက်ဥပဒေပုဒ်မ ၂၀၁ တွင် ကိုယ်စားလှယ်လဲပေးသူ သေဆုံးလျှင်သော် လည်းကောင်း၊ ကိုယ်စားလှယ်အလဲခံရသူ သေဆုံးလျှင်သော်လည်းကောင်း ပဋိညာဉ် အဆုံးသတ်စေရမည်ဟု ပြဋ္ဌာန်းချက်ရှိသည်။ ထို့ကြောင့် ကိုယ်စားလှယ်လဲအပ်သူ မူလရုံးတရားလို ဦးဖေလှိုင် သေဆုံးသည်နှင့် တပြိုင်နက် ၎င်းက လွှဲအပ်ထားသော ကိုယ်စားလှယ်သည်လည်း အတည်မဖြစ်တော့၍ ပျက်ပြယ် ချုပ်ငြိမ်းသွားပြီဖြစ်သော ကိုယ်စားလှယ်စာအပေါ် အခြေခံ၍ မူလအကျိုးဆောင် ဦးသန်းမောင်အနေနှင့် အမှုကို ဆက်လက်လိုက်ပါ ဆောင်ရွက်ခွင့် မရှိတော့ချေ။

ထပ်မံဆုံးဖြတ်ချက်။ ။တရားမမှုများတွင် အမှု အတောအတွင်း တရားလို သေဆုံးခဲ့လျှင် ၎င်း၏ကိုယ်စား တရားဝင် ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာ အမှုများတွင် အလားတူ ပြဋ္ဌာန်းချက်မရှိပေ။ ပြစ်မှုဆိုင်ရာ အမှုများတွင် တရားလိုသည် အစိုးရသာလျှင် ဖြစ်သောကြောင့် တိုင်တန်းသူ သေဆုံးသော်လည်း အမှုမှာ ရပ်ဆိုင်းသွားခြင်းမရှိပေ။ သေဆုံးသူ၏ကိုယ်စား အခြားသူ တစ်ဦးဦးကို တရားလို

---

* ၁၉၀၀ ပြည့်နှစ်၊ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၁၀၅(ခ)။

† ၁၉၇၉ ခုနှစ်၊ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၁၉၄ တွင် ချမှတ်သော (၂၃-၁-၈၀) နေ့စွဲပါရန်ကုန်တိုင်း တရားရုံး၏အမိန့်ကို ပြင်ဆင်မှု။

အစားထိုးရန်လည်း မလိုပေ။ ထိုသို့အစားထိုးခွင့်လည်း ဥပဒေပြဋ္ဌာန်း ချက် မရှိပေ။ အမှုကို တရားရုံးက ဥပဒေနှင့်အညီ ဆက်လက် စစ်ဆေး ကြားနာရန်သာ ရှိပေသည်။

၁၉၀၁
ဒေါ်အေးဟန် ပါ(၂) ဦး နှင့် ၁။ ပြည် ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

ထိုသို့ အမှုကိုစစ်ဆေးကြားနာရာတွင် မူလတရားရုံးသည် မည်သူ့ကို မဆို တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့် ပြုနိုင်ကြောင်း ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၄၉၅ အပိုဒ် ၁ တွင် ပြဋ္ဌာန်းထားသည်။ ထိုသို့ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့် ရသူသည် အမှုကို ကိုယ်တိုင် သော်လည်းကောင်း၊ အကျိုးဆောင် လွှဲအပ်၍သော်လည်းကောင်း လိုက်ပါ ဆောင်ရွက်ခွင့် ရှိကြောင်းကိုလည်း ပုဒ်မ ၄၉၅ အပိုဒ် ၃ တွင် ပြဋ္ဌာန်းထားပေသည်။

လျှောက်ထားသူအတွက် — ဦးခင်မောင်လှတ်၊ဗဟိုတရားရုံး ရှေ့နေ။

လျှောက်ထားခံရသူအတွက်—ဦးသိန်းလွန်း၊ ဥပဒေဝန်ထမ်း အဆင့် (၁)။

ပန်းပဲတန်းမြို့နယ်တရားရုံး၊ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၆၄၈၀/၇၀ တွင် ဦးဖေလှိုင်က ဒေါ်အေးဟန်ပါ (၃) ဦး အပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ တရားစွဲဆိုသည်။ တရားလို ဦးဖေလှိုင်သည် အမှုအတေ၊အတွင်း သေဆုံးခဲ့သည်။ သို့ရာတွင် တရားလို အကျိုး ဆောင် ဦးသန်းမောင်မှာ အမှုတွင် ဆက်လက် လိုက်ပါ ဆောင်ရွက် နေသဖြင့် တရားခံတက်မှ ကန့်ကွက်ရာ မြို့နယ်တရားရုံးက တရားလို၏ အကျိုးဆောင်မှာ မူလကပင် လိုက်ပါခွင့် ပြုထားပြီးဖြစ်၍ အမှုတွင် ဆက်လက်လိုက်ပါခွင့်ပြုကြောင်း ကြားဖြတ်အမိန့်တစ်ရပ်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ရန်ကုန်တိုင်း တရားရုံးက ပြစ်မှုဆိုင်ရာ ပြင်ဆင်မှု အမှတ် ၈၉၄/၇၉ တွင် ပယ်ဖျက်ပြီး သေဆုံးသူနှင့် သက်ဆိုင်သူများက အခြား အကျိုးဆောင် ကို သော်လည်းကောင်း၊ မူလ လိုက်ပါဆောင်ရွက် ခဲ့သော အကျိုးဆောင်ကို သော်လည်းကောင်း ကိုယ်စားလှယ် စာပေး အပ်ပြီး လိုက်ပါဆောင်ရွက်ခွင့်ပြုကြောင်း ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို တရားခံ ဒေါ်အေးဟန်နှင့် ဦးမြသွင်တို့က မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၀၁
ဒေါ်အေးဟန်ပါ(၂)ဦးနှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်

လျှောက်ထားသူ၏ အကျိုးဆောင်က ပြစ်မှုဆိုဗီရာ အမှုများတွင် တရားလိုသည် နိုင်ငံတော် အစိုးရသာလျှင်ဖြစ်၍ တရားလိုသေဆုံးလျှင် တရားမမှုများမှာကဲ့သို့ တရား၀င် ကိုယ်စားလှယ် ထည့်သွင်းခွင့် မရှိကြောင်း၊ တိုင်းတရားရုံးက ဒေသဆုံးသူနှင့် သက်ဆိုင်သူ များသည် အကျိုးဆောင် တစ်ဦးဦးအား ကိုယ်စားလှယ်စာ ပေးအပ်၍ အမှုတွင် လိုက်ပါဆောင်ရွက်ခွင့်ပြုကြောင်း ဆုံးဖြတ်ခြင်းသည် ပြစ်မှုဆိုင်ရာ အမှုများ၌ သေဆုံးသူ တရားလိုအတွက် တရား၀င် ကိုယ်စားလှယ် ထည့်သွင်းခြင်းကို လက်ခံသည့်သဘောသက်ရောက်နေ၍ မှားယွင်းကြောင်း အဓိက အကြောင်းပြ၍ လျှောက်ထားသည်။

ပဋိညာဉ် အက်ဥပဒေပုဒ်မ ၂၀၁ တွင် ကိုယ်စားလှယ် လွှဲပေးသူ သေဆုံးလျှင် သော် လည်းကောင်း၊ ကိုယ် စား လှယ် အလွဲ ခံရသူ သေဆုံးလျှင် သော်လည်းကောင်း ပဋိညာဉ် အဆုံးသတ် စေရမည်ဟု ပြဋ္ဌာန်းချက် ရှိသည်။ ထို့ကြောင့် ကိုယ်စားလှယ် လွှဲအပ်သူ မူလရုံး တရားလိုဦးဖေလိုင် သေဆုံးသည်နှင့်တပြိုင်နက် ၎င်းကလွဲအပ်ထားသော ကိုယ်စားလှယ်သည်လည်း အတည်မဖြစ်တော့၍ ပျက်ပြယ် ချုပ်ငြိမ်းခဲ့သည်ဟု မှတ်ယူရပေမည်။ ယင်းသို့ ပျက်ပြယ်ချုပ်ငြိမ်းသွားပြီဖြစ်သော ကိုယ်စားလှယ် စာအပေါ် အခြေခံ၍ မူလအကျိုးဆောင် ဦးသန်းမောင်အနေဖြင့် အမှုကို ဆက်လက်လိုက်ပါ ဆောင်ရွက်ခွင့် မရှိတော့ချေ။ တရားလို ဦးဖေလိုင် သေဆုံးပြီးသည့် နောက်တွင် မည်သူတစ်ဦးတစ်ယောက်ကမျှ မူလအကျိုးဆောင် ဦးသန်းမောင်ကို အမှုတွင်လိုက်ပါဆောင်ရွက်ရန် ကိုယ်စားလှယ်လွှဲအပ်ခဲ့ခြင်းလည်း မရှိပေ။ မူလအကျိုးဆောင် ဦးသန်းမောင်ကို အမှုတွင် ဆက်လက် လိုက်ပါ ဆောင်ရွက်ခွင့်ပြုကြောင်း မြို့နယ်တရားရုံးက ဆုံးဖြတ်ခြင်းသည် ပျက်ပြယ်ချုပ်ငြိမ်းသွားပြီး ဖြစ်သော ကိုယ်စားလှယ်စာအပေါ် အခြေခံ၍ အမှုကို လိုက်ပါဆောင်ရွက်ခွင့် ပြုသည့်သဘော သက်ရောက်နေသောကြောင့် ဥပဒေနှင့် မညီ မှားယွင်း ခဲ့တ်ချေသည်ဟု ဆိုရပေမည်။ ထို့ကြောင့် မူလအကျိုးဆောင် ဦးသန်းမောင်အား အမှုတွင် ဆက်လက်လိုက်ပါခွင့် ပြုခဲ့သော မြို့နယ်တရားရုံး၏ အမိန့်ကို တိုင်းတရားရုံးက ပယ်ဖျက်ခဲ့ခြင်းသည် မှန်ကန်ပေသည်။

သို့ရာတွင် တိုင်းတရားရုံး၏ အမိန့်တွင် "သေဆုံးသူနှင့် သက်ဆိုင်သူများက အလွတ်ရှေ့နေကို သော်လည်းကောင်း၊ မူလလိုက်ပါဆောင်ရွက်သော ရှေ့နေကို သော်လည်းကောင်း ကိုယ်စားလှယ်စာပေးအပ်

ပြီး လိုက်ပါဆောင်ရွက်ခွင့်ပြုလိုက်သည်" ဟူသော ဆုံးဖြတ်ချက်သည် ပြစ်မှုဆိုင်ရာအမှုမျာ်း၌ သေဆုံးသူတရားလိုအတွက် တရားဝင်ကိုယ်စား လှယ်များ လက်ခံအစားထိုးသည့် သဘော သက်ရောက်နေပေသည်။

၁၉၇၁
ဒေါ်အေးဟန် ပါ(၂)ဦး နှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော်

တရားမမှုမျာ်းတွင် အမှုအတောအတွင်း တရားလို သေဆုံးခဲ့လျှင် ၎င်း၏ကိုယ်စား တရားဝင်ကိုယ်စားလှယ် ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခွင့် ရှိကြောင်း ပြဋ္ဌာန်းချက်ရှိသော်လည်း ပြစ်မှုဆိုင်ရာ အမှုမျာ်းတွင် အလားတူ ပြဋ္ဌာန်းချက်မရှိပေ။ ပြစ်မှုဆိုင်ရာ အမှုမျာ်းတွင် တရားလိုသည် အစိုးရဌာနလျှင် ဖြစ်သောကြောင့် တိုင်တန်းသူ သေဆုံးသော်လည်း အမှုမှာ ရုပ်ဆိုင်းသွားခြင်းမရှိပေ။ သေဆုံးသူ၏ ကိုယ်စား အခြားသူတစ်ဦးဦးကို တရားလိုအဖြစ် အစားထိုးရန်လည်း မလိုပေ။ ထိုသို့အစားထိုးခွင့်လည်း ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ အမှုကို တရားရုံးက ဥပဒေနှင့်အညီ ဆက်လက်စစ်ဆေး ကြားနာရန်သာ ရှိပေသည်။

ထိုသို့အမှုကို စစ်ဆေးကြားနာရာတွင် မူလတရားရုံးသည် မည်သူ့ကိုမဆို တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့် ပြုနိုင်ကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၄၉၅ အပိုဒ် ၁ တွင် ပြဋ္ဌာန်းထားသည်။ ထိုသို့ တရားလိုဘက်မှ လိုက်ပါဆောင်ရွက်ခွင့် ရသူသည် အမှုကို ကိုယ်တိုင်သော်လည်းကောင်း၊ အကျိုးဆောင်လဲအပ်၍ သော်လည်းကောင်း လိုက်ပါဆောင်ရွက်ခွင့် ရှိကြောင်းကိုလည်း ပုဒ်မ ၄၉၅ အပိုဒ် ၃ တွင် ပြဋ္ဌာန်းထားပေသည်။ ထို့ကြောင့် တိုင်းတရားရုံး၏အမိန့်တွင် "သေသူနှင့် သက်ဆိုင်သူများက အလွတ်ရွေးနေသော်လည်းကောင်း၊ မူလလိုက်ပါဆောင်ရွက်သော ရွေးနေကိုသော်လည်းကောင်း ကိုယ်စားလှယ်စာပေးအပ်ပြီး လိုက်ပါဆောင်ရွက်ခွင့် ပြုလိုက်သည်" ဟု ဆုံးဖြတ်ချာ၌ "သေသူနှင့် သက်ဆိုင်သူများ" ဟူသော အသုံးအနှုန်း မှားယွင်းသည်မှလွဲ၍ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူက အမှုတွင် လိုက်ပါဆောင်ရွက်ခွင့်ရှိကြောင်း ဆုံးဖြတ်ချက်သည် ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ ၄၉၅ ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီကြောင်း တွေ့ရသည်။

ထို့ကြောင့် တိုင်းတရားရုံး၏အမိန့်ကို "သေသူနှင့်သက်ဆိုင်သူများ" ဟူသောစကားရပ်အစား "အမှုနှင့်သက်ဆိုင်သူ မည်သူမဆို" ဟူသော ပြင်ဆင်ဖြည့်စွက်ချက်ဖြင့် အဘည်ပြု၍ ပြင်ဆင်မှုလျှောက်လွှာကို ပလပ်လိုက်ကြောင်း အမိန့်ချမှတ်သည်။

ပြစ်မှုဆိုင်ရာပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးသန့်စင်တို့၏ ပါဝင်သော မဟိတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးအောင်သန်း

နှင့်

†၁၉၇၁ ဇွန်လ ၅ရက် ၁။ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်

၂။ ဦးလွင်ဦး*

ဦးတိုက်စွဲဆိုမှုကို ပလပ်သည့် အမိန့်ကို တရားစီရင်ရေး အဖွဲ့ဝင်တစ်ဦးတည်းက လက်မှတ်ရေးထိုးခြင်း—တရားဝင် ချမှတ်သော အမိန့်မဟုတ်ခြင်း။

ဆုံးဖြတ်ချက်။ ။၂၁-၁-၇၁ နေ့စွဲပါ မူလရုံး အမှုတွဲ နေ့စဉ်မှတ်တမ်းတွင် တရားစီရင်ရေး အဖွဲ့ဝင်တစ်ဦးတည်းက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ အချင်းဖြစ် ဦးတိုက်စွဲဆိုမှုကို ပလပ်သည့် အမိန့်ကို လက်မှတ်ရေးထိုး အမိန့်ချမှတ်ထားသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းမှာ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇ နှင့် ၄၄ တို့အရ အဖွဲ့ဖြင့် တရားစီရင်ခြင်း မဟုတ်သဖြင့် ယင်းအမိန့်မှာလည်း တရားဝင်ချမှတ်သော အမိန့်မဟုတ်သည်ကို တွေ့ရှိရသည်။

လျှောက်ထားသူအတွက် — ဦးအောင်သန်း(ကိုယ်တိုင်)။

လျှောက်ထားခံရသူအတွက် — ဦးခင်အောင်၊ ဥပဒေဝန်ထမ်းအဆင့်(၁)။

ပန်းတနော်မြို့နယ်၊ ကပ်သဝင်ကျေးရွာအုပ်စု၊ အလယ်စုရွာနေ ဦးအောင်သန်းက ကပ်သဝင်အောက်စု ကျေးရွာနေ ဦးလွင်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရ ဦးတိုက် လျှောက်ထား စွဲဆိုခဲ့ရာ ပန်းတနော်မြို့နယ် တရားရုံး ပြစ်မှုဆိုင်ရာ အမှုကြီးအမှတ် ၁၀/၇၀

---

* ၁၉၇၇ ခုနှစ်၊ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ် ၅၅(ခ)။

† ၁၉၇၀ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၂၀၁ တွင် ချမှတ်သော (၂၅-၁၀-၇၀) နေ့စွဲပါ ရောဝတီတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

တွင် ဦးအောင်သန်း၏ ဦးတိုက်စွဲဆိုလွှာကို ပြစ်မှုဆိုင်ရာ ကျင့်ထုံး ဥပဒေပုဒ်မ ၂၀၃ အရ ပလပ်ခဲ့သည်။ ဦးအောင်သန်းက ပန်းတနော် မြို့နယ် တရားရုံး၏ အမိန့်ကို မကျေနပ်၍ ရောဝတီတိုင်း တရားရုံးတွင် ပြင်ဆင်မှု တင်သွင်းရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းသည်။

၁၉၈၁
ဦးအောင်သန်းနှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဦးလွင်ဦး

ကပ်သဝင်ကျေးရွာအုပ်စု၊ အလယ်စုရွာနေ ဦးအောင်သန်းက သူစိုက်ပျိုးလုပ်ကိုင်ယျက်ရှိသော ကွင်းအမှတ် ၇၁၂၊ ဦးပိုင် အမှတ် ၁၁၇—မြေကွက်ထဲတွင် ကပ်သဝင်အောက်စုရွာနေ ဦးလွင်ဦးက ငရုတ်ပင်များကို ဖျက်ဆီး၍ သူ၏ မိခင် ဒေါ်စိန်ပု၏ အလောင်းကို မြှုပ်နှံသွားပါသည်ဆိုကာ ဦးလွင်ဦးအပေါ် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၇ အရ ဦးတိုက်လျှောက်ထား စွဲဆိုသော အမှုဖြစ်သည်။

လျှောက်ထားသူ ဦးအောင်သန်းက တင်ပြရာတွင် သူပိုင်ဥယျာဉ်မြေအတွင်း ဦးလွင်ဦး၏ မိခင် ဒေါ်စိန်ပု၏ အလောင်းကို မြှုပ်နှံခြင်းဟုတ် မဟုတ် ပြည့်စုံစွာ စုံစမ်းစစ်ဆေးခြင်း မရှိပဲ သူ၏ စွဲဆိုမှုကို ပလပ်ခြင်းမှာ သူ့အား နစ်နာဆုံးရှုံးစေကြောင်း၊ ဦးလွင်ဦး၏ ပြုမှုချက်ကြောင့် သူစိုက်ပျိုးလုပ်ကိုင်နေသည့် ဥယျာဉ်ခြံမြေမှာ နောင်အစဉ်သဖြင့် သင်္ချိုင်းမြေအဖြစ် သတ်မှတ်ခံရ၍ တန်ဖိုးမဖြတ်နိုင်သော တသက်သာ ဆုံးရှုံးမှုကို ခံစားရမည် ဖြစ်သဖြင့် ကျယ်ပြန့်စွာ စစ်ဆေးကြားနာသင့်ကြောင်း၊ မြို့နယ်ကောင်စီ၏ သတ်မှတ်ချက်နှင့် မြေယာကော်မတီ၏ စည်းကမ်းသတ်မှတ်ချက်များကို ကျော်လွန် ဆုံးဖြတ်ထားသဖြင့် မှားယွင်းကြောင်း ဖော်ပြထားသည်။

မူလရုံး အမှုတွဲကို လေ့လာကြည့်ရှုသောအခါ လျှောက်ထားသူ ဦးအောင်သန်း၏ စိုက်ခင်းထဲ၌ ဦးလွင်ဦးက သူ၏ မိခင်အလောင်းကို ဝင်ရောက်မြှုပ်နှံခဲ့ရာတွင် သူစိုက်ထားသော ငရုတ်ပင်များ ပျက်စီးကြောင်း ပေါ်ပေါက်၍ သူလုပ်ပိုင်ခွင့်ရှိသော မြေယာ ဆုံးရှုံးမှု ရှိနိုင်မည် ဖြစ်ပေသည်။ အချင်းဖြစ်အမှုမှာ သာမန်စိုက်ပျိုးပင်များ ပျက်စီးဆုံးရှုံးမှု မဟုတ်ပဲ တောင်သူတစ်ဦး၏ လုပ်ပိုင်ခွင့်ကိုပါ ထိပါးနိုင်သဖြင့် ဦးတိုက်လျှောက်ထား စွဲဆိုသူ ဦးအောင်သန်း၏ စွပ်စွဲတင်ပြချက်များကို ကျယ်ကျယ်ပြန့်ပြန့် စစ်ဆေးကြားနာသင့်သည်ဟု ယူဆသည်။ သက်ဆိုင်ရာ ဌာနများမှ အစိုးရဝန်ထမ်းများနှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ တာဝန်ခံပုဂ္ဂိုလ်များကိုလည်း ပြည့်စုံအောင် ခေါ်ယူ

စစ်ဆေး၍ မျက်မှန်ကန်သော အဆုံးအဖြတ် ပေးနိုင်ရန် ကြိုးပမ်းသင့်သည်ဟု ယူဆသည်။

၁၉၀၁

ဦးအောင်သန်းနှင့် ၁။ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ၂။ ဦးလွင်ဦး

၂၁-၁-၇၀ နေ့စွဲပါ မူလရုံးအမှုတွဲ နေ့စဉ်မှတ်တမ်းတွင် တရားစီရင်ရေး အဖွဲ့ဝင် တစ်ဦးတည်းက ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေပုဒ်မ ၂၀၃ အရ အချင်းဖြစ် ဦးတိုက်စွဲဆိုမှုကို ပလပ်သည့် အမိန့်ကို လက်မှတ်ရေးထိုး အမိန့်ချမှတ်ထားသည်ကို တွေ့ရသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းမှာ ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၇ နှင့် ၄၄ တို့အရ အဖွဲ့ဖြင့် တရားစီရင်ခြင်း မဟုတ်သဖြင့် ယင်းအမိန့်မှာလည်း တရားဝင် ချမှတ်သော အမိန့်မဟုတ်သည်ကို တွေ့ရှိရသည်။

အထက်ဖော်ပြပါ အကြောင်းခြင်းရာ အခြက်အလက်များအရ လျှောက်ထားသူ ဦးအောင်သန်း၏ ပြင်ဆင်မှုလျှောက်လွှာကို ခွင့်ပြု၍ ပန်းတနော်မြို့နယ် တရားရုံးနှင့် ရောဝတီတိုင်း တရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်ပြီး ဦးအောင်သန်း၏ ဦးတိုက်လျှောက်ထား စွဲဆိုမှုကို မူလတရားစီရင်ရေး အဖွဲ့မှအပ အခြားတရားစီရင်ရေး အဖွဲ့က လက်ခံအရေးယူ၍ စစ်ဆေးကြားနာရန် အမိန့်ချမှတ်လိုက်သည်။

၁၉၀၁ ခုနှစ်

တရားမမှုများ

စီရင်ထုံးပြုသောမှုခင်းများ

ကရားမမှုများ

			စာမျက်နှာ
ကိုနီပါ(၂)ဦး	နှင့်	ဒေါ်ပြုန်	၁
ဦးကျင်ညို	နှင့်	ဒေါ်တင်မြင့်ပါ(၂)ဦး	၃
ဦးကြီးဖြန်	နှင့်	မန်နေဂျာ၊မြန်မာ့စီးပွားရေးဘဏ် မန္တလေးမြို့	၆
ဒေါ်ကျင်နု	နှင့်	ဦးလှိုင်	၈
ဒေါ်ခပါ(၈)ဦး	နှင့်	ဒေါ်ကြင်မိပါ(၃)ဦး	၁၂
မခင်သိန်း	နှင့်	မောင်ညံ့ပို	၁၆
မောင်ချစ်တုံးပါ(၂)ဦး	နှင့်	မောင်မြင့်ပါ(၂)ဦး	၁၉
ဒေါ်ညိမ်းပါ(၇)ဦး	နှင့်	ဦးစောလွင်ပါ(၂)ဦး	၂၃
မစောမြ(ခ)မသန်းန္ဒေ	နှင့်	မချိုချိုမာပါ(၂)ဦး	၂၅
ဦးစံကျော်	နှင့်	ဒေါ်စိန်စိန်	၂၈
ကိုးစိုးနိုင်	နှင့်	ဦးတာဘာ	၃၁
ဒေါ်စိန်ရင်ပါ(၂)ဦး	နှင့်	ဦးမောင်မောင်ကြီး	၃၅
ဦးစိန်ဝင်းပါ(၇)ဦး	နှင့်	ဒေါ်ကြင်မြိုင်	၄၀
ဦးစိန်ဝင်းပါ(၉)ဦး	နှင့်	ဒေါ်အေးစိန်ပါ(၄)ဦး	၄၃
ဦးဆင်	နှင့်	ဒေါ်ရင်ရွှေ	၄၅
ဒေါ်ထွန်းပါ(၃)ဦး	နှင့်	ဦးတိုးဖြူ	၅၀
ဦးထွန်းရှိန်	နှင့်	ဒေါ်တင်လှ	၅၄
ဦးထွန်းသက်	နှင့်	ဦးဖေခင်	၅၆
ပြည်ဆောင်စု ဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် (ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့)	နှင့်	ဒေါ်မြမြ	၆၀

အညွှန်း

			စာမျက်နှာ
ဒေါက်တာဘခက်	နှင့်	ဦးခင်မောင်	.... ၆၈
ဒေါ်မေ	နှင့်	ဦးမောင်ဟန်ပါ(၂)ဦး	.... ၇၂
ဒေါ်မေမေတင်	နှင့်	ဒေါ်စိန်နု	.... ၇၇
ဦးမောင်မောင်ပါ(၂)ဦး	နှင့်	ဒေါ်ညွှန့်ရီ	.... ၈၀
ဦးမန်ဂဲလ်ပါ(၂)ဦး	နှင့်	ဒေါ်သန်းနု	.... ၈၃
ရဟီမာဘီဘီ(ခ)မခင်မေ	နှင့်	အာမက်အီစွပ်ဘရူးချား (ခ)ဂိုရာဘရူးချား	.... ၈၆
ဦးလှမြင့်ပါ(၂)ဦး	နှင့်	ဒေါ်ရီရီပါ(၂)ဦး	.... ၈၉
ဦးသာကြံ	နှင့်	ဒေါ်ကြိုင်ပါ(၂)ဦး	.... ၉၄
ဒေါ်သန်းတင်	နှင့်	ဒေါက်တာခင်မောင်ဝင်းပါ(၂)ဦး	.... ၉၆
ဒေါ်သန်းသန်း	နှင့်	ဦးထွန်း	.... ၁၀၁
ဦးသိန်းဟန်	နှင့်	ဒေါ်သောင်းကျင်	.... ၁၀၅
မောင်သိန်းအောင်	နှင့်	ဒေါ်မြင့်သိန်းပါ(၆)ဦး	.... ၁၀၈
ဦးဟာဖစ်အီဆွတ် (ဒေါ်ပု၏ တရားဝင်ကိုယ်စားပြုသူ)	နှင့်	ဦးဘေသန်းပါ(၃)ဦး	.... ၁၁၁
ဦးဟာရှင်	နှင့်	ဦးခင်မောင်	.... ၁၁၄
ဒေါ်အေးညွှန့်ပါ(၆)ဦး	နှင့်	မအေးထားပါ(၃)ဦး	.... ၁၁၇
ဦးအောင်ညွှန့်	နှင့်	မောင်အုန်းမြင့်	.... ၁၂၁
ဦးအောင်တင့်	နှင့်	ဒေါ်နီ	.... ၁၂၅

ကာလစည်းကမ်းသတ် ဥပဒေ
တရားမကျင့်ထုံး ဥပဒေ
ပစ္စည်း လွဲပြောင်းခြင်း ဥပဒေ
မြန်မာဓလေ့ထုံးတမ်း ဥပဒေ
မြေသိမ်း အက်ဥပဒေ
ရုံးခွန် အက်ဥပဒေ
သက်သေခံ ဥပဒေ
သီးခြားသက်သာခွင့် ဥပဒေ
အမွေဆက်ခံခြင်း ဥပဒေ
အလုပ်သမားလျော်ကြေး ဥပဒေ
၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး ဥပဒေ

ငွေရလိုမှု—သက်သေခံမဝင်သော ငွေချေးစာချုပ်အပေါ် အခြေခံသော အမှုပုံစံအစား ချေးငွေကို ပြန်လည်ရလိုမှု ပုံစံသို့ပြောင်းလဲတရားစွဲဆိုနိုင်ရန်အတွက် အဆိုလွှာပြင်ဆင်ခွင့် တောင်းခံခြင်း—အဆိုလွှာ ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားသည့် နေ့တွင် ကာလ စည်းကမ်းသတ် အက်ဥပဒေအရ တရားလိုက ချေးငွေကို တရားစွဲဆိုတောင်းခံခွင့် မရှိတော့ခြင်း—အဆိုလွှာကို ပြင်ဆင်ခွင့်ပြုလိုက်လျှင် ကာလစည်းကမ်းသတ်အား တရားပြိုင်မျှားရရှိပြီးဖြစ်သော အဖိုးထိုက်တန်သည့်အခွင့်အရေးကို တရားရုံးက ဖျက်သိမ်းလိုက်ရာရောက်မည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးခင်မောင်သည် မိမိအားကိုးအားထား ပြု၍ တရားစွဲဆိုသော စာချုပ်မှာ သက်သေခံ မဝင်ကြောင်း သိရှိလာသော အခါ ငွေချေးစာချုပ်အပေါ် အခြေခံသော အမှုပုံစံအစား ချေးငွေကို ပြန်လည်ရလိုမှုပုံစံသို့ ပြောင်းလဲ တရားစွဲဆိုနိုင်ရန်အတွက် အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်။ သက်သေခံ (က) ကို ချုပ်ဆို

စာမျက်နှာ

သောနေ့မှာ ၁၅-၁၁-၆၉ နေ့ဖြစ်၍ အဆိုလွှာကို ပြင်ဆင်ခွင့် ပြုရန် လျှောက်ထားသည့်နေ့သည် ၂၄-၁-၇၄ နေ့ဖြစ်သည်။ အဆိုလွှာပြင်ဆင် ခွင့်ပြုရန်လျှောက်ထားသည့်နေ့ကို ငွေချေးသည့်နေ့မှစ၍ ရေတွက်သော် (၃) နှစ်ကာလထက် ကျော်လွန်နေပေသည်။

သို့ဖြစ်၍ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားသည့် နေ့တွင် အယူခံတရားပြိုင် ဦးခင်မောင်အနေဖြင့် ကာလစည်းကမ်းသတ် အက် ဥပဒေအရ ချေးငှေကို တရားစွဲဆိုတောင်းခံခွင့် မရှိတော့ပေ။ အဆိုလွှာ ကို ပြင်ဆင်ခွင့်ပြုလိုက်လျှင် ကာလစည်းကမ်းသတ်အား တရားပြိုင်များ ရရှိပြီးဖြစ်သော အဖိုးထိုက်တန်သည့် အခွင့်အရေးကို တရားရုံးက ဖျက် သိမ်းလိုက်ရာရောက်မည်ဖြစ်၍ အယူခံတရားပြိုင်က အမှုပုံစံ ပြောင်း၍ စွဲဆိုနိုင်ရန် အဆိုလွှာကို ပြင်ဆင်ခွင့်ပေးသော တိုင်းတရားရုံး၏ အမိန့် သည် ဥပဒေနှင့် မညီညွတ်ပေ။

ဒေါက်တာဘခက် နှင့် ဦးခင်မောင် ၆၈

ကာလစည်းကမ်းသတ်ဥပဒေ—ယင်းဥပဒေ ပထမဇယားအပိုဒ် (၁၃၆) စာတိုင်-၃ အရဆိုလျှင် ကာလစည်းကမ်းသတ် စတင်ရေတွက်ရမည့် နေ့သည် ရောင်းသူက ကျူးကျော်သူထံမှ လက်ရှိ ရပိုင်ခွင့် ရှိသော ပထမဦးဆုံးနေ့မှ စတင်ရေတွက်ရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ် (၁၃၆) စာတိုင် ၃ အရဆိုလျှင် ကာလစည်းကမ်းသတ် စတင်ရေတွက် ရမည့်နေ့သည် ရောင်းသူက လက်ရှိဆောင်းပိုင်ခွင့်ရှိသော ပထမဦးဆုံး နေ့မှ စတင်ရေတွက်ရမည်ဖြစ်သည်။ ရောင်းသူသည် ဤအမှုတွင် မူလ ပိုင်ရှင် ဦးလှတင်ဖြစ်သည်။ ဦးလှတင်ပိုင်ဆိုင်နေစဉ် ဒေါ်ထွန်းတို့သည် ၁၉၅၉ ခုနှစ်က ဝင်ရောက်ကျူးကျော်ခဲ့သောကြောင့် ဦးလှတင်သည် ၎င်းရောက်ကျူးကျော်ခြင်း ခံရသည့်အချိန်မှစ၍ အချင်းဖြစ်ပစ္စည်းကို လက်ရောက်ရယူရန် တရားစွဲဆိုပိုင်ခွင့်ရှိခဲ့သည်။ တိုင်းတရားရုံးမှ သုံးသပ် သကဲ့သို့ ဦးလှတင်နှင့် ဦးဘိုးဖြူတို့ အရောင်းအဝယ် ဖြစ်မြောက်သည့် နေ့မှသာ လက်ရှိရယူပိုင်ခွင့် ရှိခြင်းမဟုတ်ပေ။ ရောင်းသူက ပထမ ဆုံး လက်ရောက် ရယူခွင့် ရှိသော ၁၉၅၉ ခုနှစ်မှ ရေတွက်သော် ပစ္စည်း

လက်ဆောက်ရလိုမှုကို ဝယ်ယူသူက ၁၉၇၁ ခုနှစ်ထက် နောက်မကျပဲ စွဲဆိုရန် လိုအပ်ပေသည်။ ယခုအမှုကို မြို့နယ်တရားရုံးတွင် ၁၉၇၈ ခုနှစ် အတွင်းက စွဲဆိုခဲ့ခြင်းဖြစ်သဖြင့် ကာလစည်းကမ်းသတ်ကျော်လွန်ပြီးမှ စွဲဆိုကြောင်း တွေ့ရှိရသည်။

ဒေါ်ထွန်းပါ(၃)ဦး နှင့် ဦးတိုးဖြူ ၅၀

အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှု—ယင်းအမှုများတွင် ကျသင့်သော ရုံးခွန် မထမ်းဆောင်သည့် တရားပြိုင်တို့၏ ရပိုင်ခွင့်များကို အဆုံးအဖြတ် မပေးနိုင်ခြင်း—တရားရုံးက တရားပြိုင်ထံမှ ကျသင့်သော ရုံးခွန်ကို တောင်းခံသင့်ခြင်း—အယူခံဝင်ခွင့်ရသော ဒီကရီကိုအဆင့်ဆင့်အယူခံ မဝင်ပဲ ပြင်ဆင်မှုလျှောက်ခွင့် မရှိခြင်း။

မန္တလေးကိုင်း၊ မန္တလေး အရှေ့တောင်မြို့နယ် တရားရုံး၊ တရားမ ဇာရီမှုအမှတ် ၁၇/၇၇ တွင် လျှောက်ထား ခံရသူ ဒေါ်ရင်ရှေက လျှောက်ထားသူ ဦးဆင်နှင့် အခြားသူ များအပေါ် ယင်းတရားရုံး တရားမကြီးမှုအမှတ် ၁၅/၇၄ တွင် ချမှတ်ထားသော အပြီးသတ် ဒီကရီကို အတည်ပြုရာ တရားရုံးတစ်ဦးဖြစ်သော ဦးဆင်က ဒီကရီအတည် ဖြုခြင်းကို ကန့်ကွက်တင်ပြသည်။ မြို့နယ်တရားရုံးက ယင်း ကန့်ကွက် ချက်ကို ပလပ်လိုက်သဖြင့် ဦးဆင်က မန္တလေးတိုင်း တရားရုံးတွင် ပြင် ဆင်မှု လျှောက်ထားသည်။ တိုင်းတရားရုံးက ယင်းပြင်ဆင်မှု လျှောက် လွှာကို ပလပ်လိုက်ပြန်သဖြင့် ဦးဆင်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှု ကို လျှောက်ထားခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်။ ။အမွေပုံကို စီမံခန့်ခွဲ ပေးစေလိုမှုတွင် တရားလို သည် ရုံးခွန်ထမ်းဆောင်၍ ၎င်း၏ရပိုင်ခွင့်များကို အဆုံးအဖြတ် ရယူ သည်။ တရားပြိုင်များမှာမူ ယောဘုယျအားဖြင့် မိမိတို့၏ ရပိုင်ခွင့်များ အတွက် ရုံးခွန်ထမ်းဆောင်၍ အရေးဆိုလေ့မရှိသဖြင့် အမှုတွင် ၎င်းတို့ ၏ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်မပေးနိုင်ပေ။ ဤအမှုတွင် မူလအမှုမှ တရားပြိုင်တစ်ဦးဖြစ်သော ဒေါ်ရင်ရှေသည် မိမိရလိုသော ဝေစုအတွက် ရုံးခွန်ထမ်းဆောင်ခြင်းမပြုသည့် အလျောက် အပြီးသတ် ဒီကရီချမှတ်ရာ၌ ၎င်း၏ဝေစု မည်ရွေ့မည်မျှ ဖြစ်သည်ဟု အဆုံးအဖြတ် ပေးရန် မလိုပေ။ သို့ဖြစ်၍ မြို့နယ်တရားရုံးက မူလအမှုတွင် အပြီးသတ်

ဒီကရီချမှတ်ဆုဒ္ဓ လျှောက်ထားခံရသူ ဒေါ်ရင်ရွှေသည် အချင်းဖြစ် ပစ္စည်းများ၏တစ်ရာပုံ သုံးပုံရထိုက်သည်ဟု အဆုံးအဖြတ်ပေးခြင်းမှာ မှားယွင်းသည်ဟု ဆိုရပေမည်။ မြို့နယ်တရားရုံး၏ ဒီကရီကို သက်ဆိုင်ရာအမှုသည်များက အယူခံဝင်ရောက်သည်ဟု ဇာရီ လျှောက်လွှာတွင် ဖော်ပြထားသော်လည်း အယူခံရုံးက ပြင်ဆင်ပြောင်းလဲခဲ့ဟန် မတူပေ။ သို့ဖြစ်၍ မြို့နယ်တရားရုံး၏ ဒီကရီမှာ အတည်ဖြစ်လျက်ရှိပေသည်။ ထို့ကြောင့် လျှောက်ထားခံရသူသည် ရုံးခွန်ထမ်းဆောင်ခဲ့ခြင်း မရှိသည်ကို အကြောင်းပြုပြီး ဒီကရီကို အတည်ပြုခွင့်မရှိဟု မဆိုနိုင်ပေ။

သို့သော် မြို့နယ်တရားရုံးအနေဖြင့် ဒေါ်ရင်ရွှေထံမှ ကျသင့်သော ရုံးခွန်ကို တောင်းခံသင့်ပေသည်။ တိုင်းတရားရုံးက ဒေါ်ရင်ရွှေ ရရန် ရှိသည့် အမွေစု၏တန်ဖိုးကို အတိအကျ မသိနိုင်သေး၍ တန်ဖိုး တွက်ချက် သိရှိပြီးမှသာ ရုံးခွန် ထမ်းဆောင်စေသင့်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ မူလအမှုကြီးတွင် အချင်းဖြစ်ပစ္စည်း တစ်ရပ်လုံး၏ တန်ဖိုးခန့်မှန်းခြေကို ဖော်ပြရသည်ဖြစ်ရာ ယင်းတန်ဖိုး၏ တစ်ရာပုံ သုံးပုံကို တွက်ချက်ကာ ကျသင့်သည့်ရုံးခွန်ကို ဒေါ်ရင်ရွှေထံမှ တောင်းခံသင့်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလရုံးက ချမှတ်သောအမိန့်သည် လည်းကောင်း၊ တိုင်းတရားရုံးက ချမှတ်သောအမိန့်သည် လည်းကောင်း အပြီးသတ်ဒီကရီကို အတည်ပြုရာတွင် ပေါ်ပေါက်လာသော ပြဿနာနှင့် ပတ်သက်၍ ချမှတ်သောအမိန့်ဖြစ်သဖြင့် ယင်းအမိန့်များမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂)/၄၇ အရ အယူခံဝင်ခွင့် ရှိသော ဒီကရီဖြစ်သောကြောင့် လျှောက်ထားသူသည် ယင်းဒီကရီကို အဆင့်ဆင့် အယူခံမဝင်ပဲ ပြင်ဆင်မှုလျှောက်ထားခွင့် မရှိပေ။

ဦးဆင် နှင့် ဒေါ်ရင်ရွှေ ၄၅

တရားမကျင့်ထုံး ဥပဒေအမိန့် (၃)၊ နည်း(၁)– အခွင့်ရ ကိုယ်စားလှယ်သည် အမှုသည်ကိုယ်စား သက်သေခံနိုင်ခွင့်ရှိသည်– အမှုသည်အား ကိုယ်တိုင်အစစ်ခံရန် ဆင့်ဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ရှိဖ်ပရာဆတ်သည် ဦးမန်ဂဲလ်၏ အထွေထွေကိုယ်စားလှယ်စာ ရထားသူဖြစ်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊

နည်းဥပဒေ ၂(က)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော အခွင့်ရ ကိုယ်စားလှယ်ဖြစ်ပေသည်။ အမိန့် ၃၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်များအရ အခွင့်ရကိုယ်စားလှယ်သည် သက်ဆိုင်ရာ အမှုသည်ကိုယ်စား တရားရုံးတွင် ဆောင်ရွက် (Act) ခွင့်ရှိပေသည်။ အမှုတစ်ခုတွင် အမှုသည်တစ်ဦး အနေဖြင့် သက်သေခံခြင်းမှာ ပြုမြဲဖြစ်သော ဆောင်ရွက်ချက်ဖြစ်သည့် အလျောက် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်းဥပဒေ ၁ ပါ (Act) ဆိုသော စကားရပ်တွင် အကျုံးဝင်သည်ဟု ကောက်ယူ ရပေမည်။ သို့ဖြစ်၍ ရှိဖ်ပရာဆတ်သည် ဦးမန်ဂဲလ်ကိုယ်စား တရားရုံးတွင် သက်သေခံခွင့်ရှိပေသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်းဥပဒေ ၁ ၏ ခြင်းချက်အရ တရားရုံးကအမှုသည်တစ်ဦးဦးအား တရားရုံးသို့ ကိုယ်တိုင် လာရောက်ရန် ဆင့်ဆိုနိုင်သော်လည်း ကိုယ်တိုင် သက်သေခံရန်ဆင့်ဆို နိုင်ကြောင်း ပြဋ္ဌာန်းထားခြင်း မရှိပေ။ တို့ကြောင့် မြို့နယ်တရားရုံးက ဦးမန်ဂဲလ်အား ကိုယ်တိုင်အစစ်ခံရန်အမိန့်ချမှတ်ခြင်းသည် မှားယွင်းချတ် ချော်သည်ဟု ဆိုရပေမည်။

ဦးမန်ဂဲလ် ပါ(၂)ဦး နှင့် ဒေါ်သန်းနု ၀၃

တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်း ၂၀(က)(၄)— တရားလိုဘက်က သက်သေအထောက်အထား တင်ပြခြင်းမပြုပဲနှင့် ဒီကရီချမှတ်ပေးခြင်းမှာ မှန် မမှန်— တရားပြိုင်အများပါရှိသည့်အမှုတွင် ပျက်ကွက်သည့်တရားပြိုင်များရှိလျှင် မှတ်ကမ်းတင်၍ ဆက်လက်စစ်ဆေးရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။တရားမမှုများတွင် တရားပြိုင်က အမှုကို ဖြောင့်ဆိုဝန်ခံလျှင် သက်သေများကို စစ်ဆေးခြင်းမပြုပဲ ဒီကရီချမှတ်နိုင်ပေသည်။ ထိုသို့ ဖြောင့်ဆိုဝန်ခံခြင်းမပြုပဲ တရားလိုအား အနိုင်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်း မရှိပေ။ တရားပြိုင်က တရားရုံးသို့ လာရောက်ထုချေခြင်း မပြုသည့်အမှုများတွင်ပင် တရားလိုဘက်က တင်ပြသော အထောက်အထားများအရ တရားလိုစွဲဆိုသောအမှုသည် အမြင်အားဖြင့် ခိုင်လုံမှုမရှိ စီစစ်သုံးသပ်ပြီး တရားလိုအား အနိုင်ပေးသင့်မသင့် အဆုံးအဖြတ်ပေးရသည်။ ဤအမှုတွင် မြို့နယ်တရားရုံးက ဒေါ်သန်းသန်း၏ ထုချေချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း

ဥပဒေ ၂၀ (က) (၄) အရ ပယ်ဖျက်ခွင့်ရှိသည်မှန်သော်လည်း ထိုသို့ ပယ်ဖျက်လိုက်ရုံမျှဖြင့် တရားလိုစွဲဆိုသောအမှုမှာ ထင်ရှားခိုင်လုံသည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။ တရားလိုအနေဖြင့် မိမိအမှုတွင် အနိုင်ရရှိရန် မျက်မြင်အားဖြင့် ခိုင်လုံသည့် သက်သေခံချက်များ တင်ပြရန် တာဝန် ရှိပေသည်။ နည်းဥပဒေ ၂၀ (က) (၄) တွင် တရားရုံးသည် တရားမျှတသည်ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်မှန်သော်လည်း တရားလိုဘက်က သက်သေအထောက်အထား တစုံတရာ မတင်ပြရသေးပါပဲလျက် ဒီကရီချမှတ်ပေးခြင်းသည် တရားမျှတသည်ဟု ကောက်ယူရန် မသင့်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားပြိုင်တစ်ဦးဖြစ်သူ ဦးမောင်မောင်သည် တရားရုံးသို့သွားရောက်၍ အမှုကို ဆိုင်ပြိုင်ခြင်း မပြုသဖြင့် မြို့နယ်တရားရုံးက ၂၃-၆-၇၆ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအရ အမှုကို ဦးမောင်မောင်၏မျက်ကွယ်တွင် တဘက်သက်စစ်ဆေးသွားမည်ဖြစ်ကြောင်း အမိန့်ချမှတ်ထားသည်ကို တွေ့ရှိရသည်။ ထင်းအမိန့်သည် ဥပဒေအရ မှားယွင်းသည်။ တစ်ဦးထက်ပိုသော တရားပြိုင်များ ပါရှိသည့် တရားမမှုများတွင် ပျက်ကွက်သည့် တရားပြိုင်များရှိပါက ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်စစ်ဆေးရမည်။စီရင်ချက်ချမှတ်သည့်အခါ ပျက်ကွက်ခဲ့သည့် တရားပြိုင်များအပေါ် သင့်တော်သောအမိန့် ချမှတ်ရမည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၁၁ က ပြဆိုသည်။

ဒေါ်သန်းသန်း နှင့် ဦးထွန်း ၁၀၁

တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်း ၅--ဆိုလွှာနှင့် ချေလွှာတွင် ပါရှိခြင်းမရှိသည့် ပြင်ပအချက်များပေါ် အခြေခံ၍ ငြင်းချက်ထုတ်နိုင် မထုတ်နိုင်။

ဆုံးဖြတ်ချက်။ ။တရားမကြီးမှုများတွင် တရားလိုက တင်သွင်းသည့်ဆိုလွှာနှင့် တရားပြိုင်က ခုခံချေပသည့် ချေပလွှာ၊ ပြန်ကြားလွှာများအပေါ် အခြေခံ၍ တရားမကျင့်ထုံးဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးက ငြင်းချက်များကို ထုတ်ပေးရသည်။ အမှုကို ကြားနာစစ်ဆေးရာ၌ စီရင်ချက်ဒီကရီ မချမှတ်မီ

မြည်သည့်အဆင့်တွင်မအို တရားရုံးက သင့်တော်သည်ဟု ထင်မြင်လျှင် ငြင်းချက်များပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း များ ပြုလုပ်နိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၅ ဖွင့် ပြဋ္ဌာန်းထား သည်။ ငြင်းချက်များပြင်ဆင်သည်ဆိုရာ၌ ဆိုလွှာနှင့် ချေလွှာများတွင် ပါသည့် အချက်များအပေါ် အခြေခံ၍ ပြင်ဆင်ရခြင်း၊ ကျန်ရှိနေသည့် အငြင်းပွားချက်အပေါ် ပြင်ဖော်၊ သို့မဟုတ် ထပ်ဖြည့်ငြင်းချက် ထုတ်ရခြင်းပင် ဖြစ်ပေသည်။ ဆိုလွှာနှင့် ချေလွှာတို့တွင် ပါရှိခြင်း၊ သို့မဟုတ် ပေါ်ပေါက်ခြင်းမရှိသည့် ဘုံပြင်မှ အချက်များအပေါ် အခြေခံ၍ ထပ်ဖြည့်ငြင်းချက်များ ထုတ်နိုင်ခွင့်ရှိမည်မဟုတ်ပေ။

ဒေါ်ကျင်နု နှင့် ဦးလှိုင် ၀

ဇာရီမှု ဖွင့်လှစ်ဆောင်ရွက်ခြင်း— တရားနိုင်က တရားရုံးအားလုံးတို့အပေါ် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိခြင်း—အစုစပ်လုပ်ငန်းနှင့် အစုရှင်များအပေါ် ချမှတ်ထားသည့် ဒီကရီဖြစ်၍ အစုရှင်အယူခံတရားလိုအပေါ် ဇာရီမှုဆောင်ရွက်ခွင့်ရှိခြင်း—ပြည်သူပိုင်သိမ်းလိုက်သော ပစ္စည်းများအကြောင်း လျော်ကြေးနှင့် ဘဏ်ကြေးများကို ခုန်မှိမ်ရန် ဥပဒေက ခွင့်မပြုခြင်း။

ဆုံးဖြတ်ချက်။ ။တရားနိုင်တစ်ဦးသည် တစ်ဦးထက်ပိုသော တရားရှုံးများအပေါ် အနိုင်ဒီကရီရထားလျှင် ယင်းတရားနိုင်က တရားရှုံးအားလုံးတို့အပေါ် ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိပေ။ မူလမှုမှ ဒီကရီသည် လူထုကိုဘက်ကိုကုမ္ပဏီ အစုစပ်လုပ်ငန်းနှင့် အယူခံတရားလိုအပါအဝင် အစုရှင်များအပေါ် ချမှတ်ထားသည့် ဒီကရီဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၀(၁)(ခ)နှင့် အမိန့် ၃၃၊ နည်းဥပဒေ ၆ နှင့် ၇ တို့အရ ဤအမှုတွင် အယူခံတရားလိုအပေါ် ဇာရီမှု ဆောင်ရွက်ခွင့်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရုံးကုမ္ပဏီပိုင် ပစ္စည်းများကို ပြည်သူပိုင်သိမ်းလိုက်သည့်အတွက် ယင်းပစ္စည်းများအတွက် လျော်ကြေး နှင့် ဘဏ်ကြေးများကို ခုန်မှိမ်ရန်လည်း ဥပဒေက ခွင့်မပြုပေ။

ဦးကြီးပြန် နှင့် မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊
မန္တလေးမြို့။ ၆

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈—မူလအမှုတွင်သော် လည်းကောင်း၊ ဇာရီမှတွင်ဘော် သည်းကောင်း အမှုသည်အဖြစ်ပါဝင်ခဲ့ခြင်း မရှိသူက အိမ်အပ်ဝရမ်းထုတ်ဆင့်ရန် ချမှတ်သောမူလရုံး၏ အမိန့်အပေါ် အယူခံဝင်ခွင့်မရှိခြင်း—ဇာရီမှတွင် အမှုသည်မဟုတ်သူ မျှားအား ဥပစာမှ ဖယ်ရှားပစ်ရာတွင် မည်သို့ မည်မှုံ ဆောင်ရွက်ရမည်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ နှင့် နည်းဥပဒေ ၁၀၃ တို့အရ လမ်းဖွင့်ပေးကားပါလျက် ထိုလမ်းအတိုင်း ဆောင်ရွက်ခြင်းမပြုပဲ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ လျှောက်ထားခြင်းမှာ လမ်းလွဲနေခြင်း—မူလမှတွင် ချမှတ်ထားသော ဒီကရီမှာ အတည်ဖြစ်လျက် ရှိပေရာ ဇာရီမှ ဖွင့်သည့် အခြေရောက်မှ ယင်းဒီကရီသည် မှားယွင်းချက်ချော်သည်ဟု အငြေးဆိုခွင့်မရှိခြင်း—မူလမှတွင် အမှုသည်မဟုတ်သူအား တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀ (၂) အရ ဇာရီမှတွင် အမှုသည်အဖြစ် ထည့်သွင်းခြင်း မပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အိမ်အပ်ဇရမ်းထုတ်ဆင့်ရန် မြို့နယ် တရားရုံးက ချမှတ်သောအမိန့်သည် တရားနိုင်မှုားဖြစ်ကြသော ဦးလှမြင့်၊ ဦးမြင့်နိုင်တို့နှင့်တရားရုံး ဖြစ်သော ဒေါ်ခင်မမကြီးကိုနှင့် သက်ဆိုင် သည်။ လျှောက်ထားခံရသူ ဒေါ်ရီရီအေး မူလအမှုတွင်ဘော် လှည်းကောင်း၊ ဇာရီမှတွင်သော်လည်းကောင်း အမှုသည်မဟုတ်ခဲ့ခြင်းမရှိသည့် အလျောက် မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို ကိုင်းတရားရုံးတွင် အယူခံဝင်ခွင့် မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးက ထုတ်ဆင့်ခဲ့သော အိမ်အပ်ဝရမ်းကို အတည်ပြုရာတွင် တရားရုံးဒေါ်ခင်မမကြီးကို သော့်လည်းကောင်း၊ ဒီကရီအရလိုက်နာရန် တာဝန်ရှိသည့်အခြားသူများကိုသော်လည်းကောင်း တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅ အရ ဖယ်ရှားပစ်မည်ဖြစ်သည်။ အကယ်၍ လျှောက်ထားခံရသူဒေါ်ရီရီအေးအနေအနေဖြင့် ဒေါ်ခင်မမကြီးအပေါ် ချမှတ်ထားသော ဒီကရီကို လိုက်နာရန် တာဝန်မရှိပါပဲလျက် အချိုးဖြစ်အခန်းမှ ဖယ်ရှားခြင်း ခံရပါက ဒီကရီ အတည်ပြုလျက်ရှိသော တရားရုံးဖြစ်သည့် ဗိုလ်တထောင် မြို့နယ်တရားရုံးတွင် ထိုသို့ဖယ်ရှားခြင်းခံရခြင်းနှင့်ပတ်သက်၍တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ လျှောက်ထား တိုင်တန်းခွင့်

ရှိပေသည်။ ထိုသို့လျှောက်ထားရာတွင် အရေးနိမ့်ပါက အချင်းဖြစ်အိမ်ခန်းကို လောလောဆယ် လက်ရှိထားခွင့်ရှိကြောင်း ပြဆိုရန် အလို့ငှာ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀ ၊ အရ တရားတစ်ထုံး ထပ်မံစွဲဆိုနိုင်ပေသည်။ ဇာရိမ္ဘဲ အမှုသည်မဟုတ်သူများအား ဥပစာမှဖယ်ရှားပစ်ရာတွင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ဤကဲ့သို့ လမ်းဖွင့်ပေးထားပါလျက် ဒေါ်ရီဒီးသည် ကိုလမ်းအတိုင်း ဆောင်ရွက်ခြင်းမပြုပဲ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရလျှောက်ထားခြင်းမှာ လမ်းလွဲနေပေသည်။

တိုင်းတရားရုံးက မူလအမှုဟုင် တရားလိုများက အချင်းဖြစ် အခန်းတွင် အမှန်တကယ်နေထိုင်သော ဒေါ်ရီရီအပေါ် တရားစွဲဆိုခြင်းမပြုပဲ ဒေါ်ခင်မမကြီးအပေါ်သာ စွဲဆိုသဖြင့် မြို့နယ်တရားရုံးက ဒီကရီချမှတ်ခြင်းမှာ ဒေါ်ရီရီအား ထိခိုက် နစ်နာစေခဲ့ကြောင်း၊ ဒေါ်ရီရီအား တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀ (၂) အရ တရားပြိုင်အဖြစ် ထည့်သွင်းကာ ချေပခွင့်ပေးသင့်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ မူလအမှုတွင် ချမှတ်ထားသော ဒီကရီမှာအတည်ဖြစ်လျက်ရှိပေရာ ဇာရိမ္ဘဖွင့်သည့်အခြေအနေက မှ ယင်းဒီကရီသည် မှားယွင်းချက်ချသည်ဟု အရေးဆိုခွင့် တစုံတရာမရှိပေဟု။ ဒေါ်ရီရီမှာ မူလအမှုမှ အမှုသည်တစ်ဦး မဟုတ်သဖြင့် ၎င်းအား ဇာရိမ္ဘတွင် အမှုသည်အဖြစ် ထည့်သွင်းခြင်းမပြုနိုင်ပေ။ သို့ဖြစ်၍ တိုင်းတရားရုံးက ချမှတ်သော အမိန့်သည် သီသီသာသာ မှားယွင်းချက်ချေ့နေပေသည်။

ဦးလှမြင့်ပါ (၂)ဦး နှင့် ဒေါ်ရီရီပါ(၂)ဦး ၈၉

တရားမကျင့်ထုံးဥပဒေ—တရားလို ဒေသဆုံးသွားပြီးနောက် ရက်ပေါင်း ၉၀ အတွင်း တရားဝင် ကိုယ်စားပြုသူ မထည့်သွင်းခဲ့၍ အမှုသည် အလိုအလျောက် ပိတ်သိမ်းသွားခြင်းမှာ တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၉(၁)နှင့်သာ သက်ဆိုင်ခြင်း—တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ နှင့် အကျုံးမဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊နည်း ဥပဒေ ၉(၁)က တရားမမူတစ်မှုသည် အလိုအလျောက် ပိတ်သိမ်းသွားပါက

စာမျက်နှာ

ယင်းကဲ့သို့ပိုတ်သိမ်းသွားသည့်အမှုမှ စွဲဆိုရန်အကြောင်းခြင်းရာနှင့် စွဲဆိုရန်အကြောင်းခြင်းရာတူသော နောက်တစ်မှုစွဲဆိုခွင့်မပြုဟု ပြဋ္ဌာန်းထားသည်။ ပထမစွဲဆိုသည့် တရားမကြီးမှုအမှတ် ၂၉/၇၅နှင့် ယခုနောက်ထပ် စွဲဆိုသည့် တရားမကြီးမှုအမှတ် ၅၂/၇၇ မှအဆိုလွှာနှစ်ခုကို စိစစ်လိုက်သည့်အခါ နှစ်မှုစလုံးအတွက် တရားစွဲဆိုရန် အကြောင်းခြင်းရာများမှာ ထပ်တူထပ်မျှ ဖြစ်နေကြောင်း တွေ့ရသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ က တရားမမှုတစ်မှုတွင် တုတ်ထားသည့် ငြင်းချက်တစ်ခုအပေါ် အဆုံးအဖြတ် ပေးပြီးပါက အလားတူ ငြင်းချက်ပေါ်ပေါက်မည့် နောက်အမှုကို လက်ခံစစ်ဆေးခြင်း မပြုရဟု ပိတ်ပင်သည်။ ယခုအမှုနှင့် သက်ဆိုင်သော ပထမစွဲဆိုသည့် အမှုတွင် ငြင်းချက်များအပေါ် အဆုံးအဖြတ်မပေးရသေးချေ။ ပထမစွဲဆိုသည့် အမှုတွင် အမှုမှတရားလိုသေဆုံးခြင်းကြောင့် အမှုအလိုအလျောက် ပိုတ်သိမ်းခဲ့ခြင်းသာဖြစ်သောကြောင့် ဤအမှုမှာတရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၉ (၁) နှင့်သာ သက်ဆိုင်သည်။ တရားမကျင့်ထုံး ဥပဒေ ပုဒ်မ ၁၁ နှင့် အကျုံးမဝင်ချေ။

ရဟီမာဘီဘီ (ခ) မခင်မေ နှင့် အာမက်အီစွပ်ဘရူးချား
(ခ)ဂိုရာဘရူးချား ... ၈၆

တရားမကျင့်ထုံးဥပဒေအမိန့် ၃၃၊ နည်းဥပဒေ ၃ (ခ)—အဆိုလွှာတွင် ကိတ္တိမ သား သမီး အဖြစ် မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ မွေးစားကြောင်းဖော်ပြထားခြင်းမရှိသူက မှတ်ပုံတင်စာချုပ်များဖြင့် ကွယ်လွန်သူ အမွေရှင်၏ အမွေစား အမွေခံအဖြစ် မွေးစား ခံရသူများအပေါ် အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရန် အကြောင်းမပေါ်ပေါက်ခြင်း—လျှောက်ထား သူ၏ လျှောက်ထားချက် ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်းဥပဒေ ၃ (ခ)အရ ပယ်ချရမည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မောင်သိန်းအောင်၏ အဆိုလွှာတွင် သူ့အား ကိတ္တိမသားသမီးအဖြစ် မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ မွေးစားကြောင်းဖော်ပြထားခြင်းမရှိပေ။ တဘက်တွင် လျှောက်ထားသူ၏ အဆိုလွှာတွင် ဖော်ပြထားသော အဆိုပြုချက်များအရ လျှောက်ထားခံရသူ ဒေါ်မြင့်

သိန်း၊ ဒေါ်မြင့်ဝင်းနှင့် မောင်လှမြဦးတို့မှာ ကွယ်လွန်သူအမွေရှင်မျှား က မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ အမွေစား အမွေခံ အဖြစ် မွေးစားခံ ကြသူများဖြစ်သည်။ ဤအခြေအနေတွင် လျှောက်ထားသူသည် ထိုသူ (၃)ဦးနှင့်ယှဉ်၍ ကွယ်လွန်သူ၏ အမွေပုံကို တောင်းဆိုခွင့် ရှိမည်မဟုတ် သောကြောင့် လျှောက်ထားသူသည် လျှောက်ထားခံရသူတို့အား ကွယ် လွန်သူ၏အမွေကို စီမံခန့်ခွဲပေးလိုမှုဖြင့် တရားစွဲဆိုရန်အကြောင်းမပေါ် ပေါက်ပေ။ ထို့ကြောင့် လျှောက်ထားသူ၏ လျှောက်ထား ချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၃၁၊ နည်းဥပဒေ ၃(ခ)အရ ပယ်ချရ မည်ဖြစ်သဖြင့် တိုင်းတရားရုံး၏အမိန့်မှာ မှားယွင်းချက်ချော်သည် ဟု မဆိုသာပေ။

မောင်သိန်းအောင် နှင့် ဒေါ်မြင့်သိန်း ပါ(၄) ဦး ... ၁၀၈

ပစ္စည်းထိန်းအပေါ် တရား စွဲဆိုလျှင် ပစ္စည်းထိန်းအား ခန့်အပ်သည့် တရားရုံး၏ ခွင့်ပြုမိန့်ပါရှိရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုမှာ ဒေါ်ပုက အချင်းဖြစ်အိမ်အား ထိန်း သိမ်းရသော ပစ္စည်းထိန်းများဖြစ်ကြသည့် ဦးဘေသန်းနှင့် ဦးနိုင်သိန်း လွှင်တို့အပေါ် အဓိကထား၍ တရားစွဲဆိုသော အမှုဖြစ်သည်။ပစ္စည်း ထိန်းသည် ပစ္စည်းထိန်းခန့်အပ်သည့် တရားရုံး၏ ဝန်ထမ်း ဖြစ်သည်။ အချင်းဖြစ်အိမ်ကို ရောင်းချရန်ပစ္စည်းထိန်းတို့က ဒေါ်ပုအား ပဋိညာဉ် ပြုခြင်းမှာ ပစ္စည်းထိန်း၏ တာဝန် ထမ်းဆောင်ခိုက် ဆောင်ရွက်ချက် ဖြစ်သည်။ ယင်းဆောင်ရွက်ချက်နှင့်ပတ်သက်၍ ပစ္စည်းထိန်းကို တရား စွဲဆိုလိုလျှင် ပစ္စည်းထိန်းအား ခန့်အပ်သည့် တရားရုံး၏ ခွင့်ပြုမိန့် ဦးစွာ တောင်းခံရန်လိုပေသည်။ထိုအမိန့်ရှိမှသာတရားစွဲဆိုခွင့်ရရှိမည်ဖြစ်သည်။

ဦးဟာဖစ်အီဆွတ်
(ဒေါ်ပု၏တရားဝင်ကိုယ်စားပြုသူ) နှင့် ဦးဘေသန်း ပါ(၃)ဦး ... ၁၁၁

တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁(၁)–အယူခံရုံး၏ ခွင့်ပြုချက်ရလျှင် စီရင်ချက်မိတ္တူမှုန်ကို မတင်သွင်းပဲ နေနိုင်သော်လည်း ဒီကရီမိတ္တူမှုန်ကို မတင်သွင်းပဲ မနေနိုင်ခြင်း၊ ဒီကရီမိတ္တူမှုန်ကို မတင်သွင်းလျှင် အယူခံမှု ပျက်ပြယ်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁(၁)အရ အယူခံမှုတိုင်းကုန် အယူခံလွှာနှင့်အတူ အောက်ရုံးမှ ဒီကရီ မိတ္တူနှင့် စီရင်ချက်မိတ္တူ တင်သွင်းရမည်ဟု ပြဋ္ဌာန်းထားသည်။ စီရင်ချက် မိတ္တူမှုန်ကို အယူခံရုံး၏ ခွင့်ပြုချက် ရလျှင် မတင်သွင်းပဲ နေနိုင်သည်။ သို့သော် ဒီကရီ မိတ္တူမှုန်ကို မတင်သွင်းပဲ မနေနိုင်ချေ။ ဒီကရီမိတ္တူမှုန်ကို မတင်သွင်းလျှင် အယူခံမှု ပျက်ပြယ်ကြောင်း။

ဦးစိန်ဝင်းပါ(၉)ဦး နှင့် ဒေါ်အေးစိန်ပါ(၇)ဦး ၄၃

ခွင့်ပြုချက်ဖြင့် နေထိုင်သူအား ဖယ်ရှား ပေးစေလိုမှု–ခွင့်ပြုချက်ဖြင့် နေထိုင်ရာမှ အချင်းဖြစ်ပစ္စည်းကို ဝယ်ယူသည့်အခါ ထိုသို့ ဝယ်ယူသည့် နေ့မှစ၍ ခွင့်ပြုချက်ဖြင့် နေထိုင်သူများ မဟုတ်တော့ခြင်း–အရောင်းအဝယ်စာချုပ်ကို မှတ်ပုံမတင်သော်လည်း ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃(က)ပါ ပြဋ္ဌာန်းချက်များ၏ အကာအကွယ်ကို ရရှိခြင်း။

စစ်ကိုင်းတိုင်း၊ ယင်းမာပင် မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၅/၂၆ တွင် **အယူခံတရားလို** မောင်ချစ်တုံးနှင့် မောင်ကျော်ဝင်းတို့က အယူခံတရားပြိုင် **မောင်မြင့်နှင့်** မခင်မြင့်တို့အား **အချင်းဖြစ်မြေမှု** ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ **မြို့နယ်တရားရုံးက အမှုကို** ပလပ်လိုက်သည်။ အယူခံတရားလိုတို့က **မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို** မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံးတွင် **အယူခံဝင်ရာ** မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံမှုကို ထပ်မံတင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။**အယူခံတရားပြိုင် မောင်မြင့်နှင့် မခင်မြင့်တို့သည် ဦးဖိုးထယ်၏ ခွင့်ပြုချက်အရ အချင်းဖြစ်မြေတွင် နေထိုင်ခဲ့သည် မှန်**

စာမျက်နှာ

သော်လည်း ယင်းမြေကို ဦးဖိုးထယ်ထံမှ ဝယ်ယူသည့် ၃၁-၈-၇၆ နေ့မှ စ၍ ၎င်းတို့သည် ဦးဖိုးထယ်၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူများ မဟုတ်တော့ဟု ကောက်ယူရပေမည်။သက်သေခံ(၁)စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိ၍ အရောင်းအဝယ် အထ မမြောက်စေကာမူ မောင်မြင့်တို့သည် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃(က) ပါ ပြဋ္ဌာန်းချက်များ၏အကာအကွယ်ကို ရရှိသဖြင့် အယူခံတရားလို တို့သည် ၎င်းတို့အပေါ် ဖယ်ရှားပေးစေလိုမှု မစွဲဆိုနိုင်ပေ။

မောင်ချစ်တုံးပါ(၂)ဦး နှင့် မောင်မြင့်ပါ(၂)ဦး ၁၉

ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၅၃(က)—ပုဒ်မ ၅၃ (က) ပါ ပြဋ္ဌာန်းချက်များကို အခြေခံပြု၍ ဝယ်သူက အကာအကွယ်အဖြစ်ဖြင့် သုံးစွဲခွင့် ရှိသော်လည်း ပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန် တရားစွဲဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းကို မှတ်ပုံမတင်ရသေးသည့် စာချုပ်ဖြင့် ဝယ်ယူ၍ ဝယ်သူက လက်ရောက်ရခဲ့ပြီး နောက်ပိုင်းတွင် အရောင်းအဝယ် စာချုပ်မှာ ဥပဒေနှင့် မညီသဖြင့် တရားမဝင်သော စာချုပ်ဟု ဆိုပြီး ရောင်းသူက ဝယ်သူအား အချင်းဖြစ်သည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းမှ ဖယ်ရှားစေရန် တရားစွဲလာသည့်အခါ ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၅၃(က)ပါ ပြဋ္ဌာန်းချက်ကို ဝယ်သူက အကာအကွယ်အဖြစ်ဖြင့် သုံးစွဲခွင့်ရှိသည်။ ပုဒ်မ ၅၃(က) ပါ ပြဋ္ဌာန်းချက်များကို အခြေခံပြု၍ ဝယ်သူက ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန် တရားစွဲဆိုခွင့် မရှိချေ။ ပစ္စည်းလွှဲပြောင်းရေး ဥပဒေပုဒ်မ ၅၃(က)ပါ ပြဋ္ဌာန်းချက်များကို တစုံတယောက်က မိမိအပေါ် တရားစွဲသည့်အခါ ခုခံကာကွယ်ရန်အတွက်သာ အသုံးပြုနိုင်သည်။ ယင်းအချက်များကို အခြေပြု၍ မိမိက အရေးဆို တရားစွဲဆိုခွင့် မရှိချေ။

ဦးအောင်တင့် နှင့် ဒေါ်နီ ၁၂၅

မြန်မာဓလေ့ ထုံးတမ်းဥပဒေ—အမွေပုံကို နှုတ်ဖြင့် ခွဲဝေယူနိုင်ခြင်း—အမွေခွဲဝေမှုကိုစာဖြင့်ရေးသားထားပြီး ထိုသဘောတူချက် စာတမ်းတွင် တန်ဖိုး ငွေကျပ် ၁၀၀/-ထက်ပိုသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပါဝင်နေပါမူ ထိုစာတမ်းကို မှတ်ပုံတင် အက်ဥပဒေနှင့် အညီ မှတ်ပုံတင်ရန်လိုခြင်း။

ရှမ်းပြည်နယ်၊နမ့်တူမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၇/၇၄ တွင် အယူခံတရားပြိုင် မောင်အုန်းမြင့်က အယူခံတရားလို ဦးအောင်ညွှန့် အပေါ် အချင်းဖြစ်အိမ်မှာ မိမိအမွေရသော အိမ်ဖြစ်၍ ပိုင်ဆိုင်ခွင့် ရှိကြောင်း သတ်မှတ်ပေးရန် လျှောက်ထားရာ အနိုင်ရရှိခဲ့သည်။ ဦးအောင်ညွှန့်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ရှမ်းပြည်နယ် တရားရုံးစုံတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယ အယူခံမှု တင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားလို၏ အကျိုးဆောင်က အမွေခွဲဝေခြင်းကို စာဖြင့်ရေးသား မှတ်ပုံတင်ထားခြင်း မရှိ၍ တရားမဝင်ကြောင်းဖြင့် တင်ပြလျှောက်ထားသည်။ မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ အမွေပုံကို နှုတ်ဖြင့် ခွဲဝေယူနိုင်သည်။ သို့သော် အမွေခွဲဝေယူမှုကို စာဖြင့် ရေးသားထားပြီး ထိုသဘောတူချက် စာတမ်းတွင် တန်ဖိုး ငွေကျပ် ၁၀၀/-ထက် ပိုသည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းပါဝင်နေပါမူ ထိုစာတမ်းကို မှတ်ပုံတင် အက်ဥပဒေနှင့် အညီ မှတ်ပုံတင်ဖို့ လိုပေသည်။

ဦးအောင်ညွှန့် နှင့် မောင်အုန်းမြင့် ၁၂၁

အခွင့်အမိန့်ဖြင့် နေထိုင်သူအား နှင်လိုမှု—အချင်းဖြစ်မြေတွင် အမွေဆိုင်မျှားအဖြစ် နေထိုင်သူတို့အား အခွင့်အမိန့်နှင့် နေထိုင်သူမျှားအဖြစ် တရား မစွဲနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။မူလရုံးအမှုတွဲရှိသက်သေခံချက်မျှားအရ အချင်းဖြစ်မြေမှာ ဦးလင်တိုက်ရှင်း နှင့် ဒေါ်စိန်မို့ တို့၏ ပစ္စည်း ဖြစ်သဖြင့် ဦးလင်တိုက်ရှင်းကွယ်လွန်သွားသောအခါ ဒေါ်စိန်မို့နှင့် ကိုရှောင်ဆော်

စာမျက်နှာ

အပါအဝင် လင်ပါသားသမီးများသည် မြန်မာဓလေ့ ထုံးတမ်းဥပဒေ အရ အချင်းဖြစ် မြေ၏ အမွေဆိုင်များ ဖြစ်လာကြသည်။ ကိုရှောင်ရောင်နှင့် ဒေါစိန်မှိတို့ ကွယ်လွန်ပြန်သော အခါ ကိုရှောင်ဆောင်၏ ဇနီးဖြစ်သူ အယူခံတရားလို ဒေါခနှင့် ဒေါစိန်မှိ၏ သမီးများ ဖြစ်ကြသည့် အယူခံတရားပြိုင်တို့သည် အချင်းဖြစ်မြေကို အမွေဆက်ခံ ရရှိကြသည်။ ဤအခြေအနေတွင် အယူခံတရားလိုတို့သည် အယူခံ တရားပြိုင်တို့ အဆိုပြုသည့်အတိုင်း တချိန်က အချင်းဖြစ်မြေတွင် ကွယ်လွန်သူ ဒေါစိန်မှိ၏ အခွင့်အမိန့်နှင့် နေထိုင်ခဲ့သည့်တိုင်အောင် ဒေါစိန်မှိကွယ် လွန်ပြီးနောက် ယင်းမြေတွင် အမွေဆိုင်များအဖြစ် နေထိုင်ကြသည်ဟု ကောက်ယူရမည်ဖြစ်၍ အယူခံတရားပြိုင်တို့သည် သူတို့အား အခွင့်အမိန့်နှင့် နေထိုင်သူများအဖြစ်ဖြင့် တရားစွဲဆိုခြင်း မပြုနိုင်ပေ။

ဒေါခပါ(၈)ဦး နှင့် ဒေါကြင်မိပါ (၃) ဦး ၁၂

မြန်မာဓလေ့ထုံးကမ်းဥပဒေ—သတ်မှတ်ထားသော (၃) နှစ် ကာလ မပြည့်ပဲ မယားအနေဖြင့် လင်ဖြစ်သူက သူ့အား စွန့်ပစ်ခြင်းအပေါ် အခြေခံ၍ ကွာရှင်းပေးစေလိုကြောင်း မှစွဲဆိုနိုင်ခြင်း—စွန့်ပစ်ခြင်းမှာ ကွာရှင်းမှု ရရှိစေသော အိမ်ထောင်ရေးပြစ်မှုဖြစ်သည့် ရက်စက်မှုတွင် အကျုံးဝင်ကြောင်း မတွေ့ရှိရခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် အယူခံတရားပြိုင်မောင်ညံပိုက အယူခံ တရားလို မခင်သိန်းအား စွန့်ပစ်သည်ကို အကြောင်းပြုပြီး မခင်သိန်းက လင်မယားကွာရှင်းပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရဆိုလျှင် လင်ဖြစ်သူသည် မယားအား စွန့်ပစ်သွားရာတွင် (၃)နှစ်တိုင်တိုင် မယားဖြစ်သူအား ထောက်ပံ့ခြင်း မပြုပါက စွန့်ပစ်ခြင်းခံရသည့်မယားသည် လင်မယားကွာရှင်းခွင့် တောင်းဆိုနိုင်သည်။ မခင်သိန်း၏ အဆိုလွှာပါ အဆိုပြုချက်များအရ မောင်ညံပိုက မခင်သိန်းအား စွန့်ပစ်ပြီးနောက် (၃) နှစ်မပြည့်မီ မခင်သိန်းသည် ဤ အမှုကို စွဲဆိုခဲ့ကြောင်းပေါ်လွင်သည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် သတ်မှတ်ထားသော (၃) နှစ်ကာလ မပြည့်ပဲ မခင်သိန်းအနေဖြင့်လင် ဖြစ်သူက သူ့အား စွန့်ပစ်ခြင်းအပေါ် အခြေခံ၍ ကွာရှင်း ပေးစေလိုကြောင်း စွဲဆိုခြင်း မပြုနိုင်ပေ။

လက်ဆောက်ရလိုခြေကြောင်း တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ အယူခံတရားပြိုင်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါ်အေးညွှန့်တို့စွဲဆိုသော အမှုကို ပလပ်လိုက်သောကြောင့် ဒေါ်အေးညွှန့်တို့က ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။ဦးအောင်တင်နှင့် ဒေါ်ခင်တို့သည် သားသမီးမရရှိခဲ့ခြေ။ သူတို့သည် ကိတ္တိမသားသမီး မွေးစားထားခြောင်းလည်း မပေါ်ပေါက်ပေ။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မိထွေး ပထွေးတို့၌ ခင်ပွန်းဖြစ်စေ၊ သားသမီး မြေး မြစ် စသော သွေးရင်းအဆက်အနွယ်များဖြစ်စေ၊ ကိတ္တိမ မွေးစား သားသမီးများဖြစ်စေ မရှိလျှင် လင်ပါ မယားပါ သားသမီးများသည် မိထွေး ပထွေး၏ အမွေကို ဆက်ခံခွင့်ရှိပေသည်။ အယူခံတရားလိုတို့သည် ဒေါ်ခင်၏လင်ပါသားသမီးများဖြစ်ကြ၍ မအေးထားနှင့် မသန်းပိုတို့မှာ ဒေါ်ခင်၏ တူမများသာဖြစ်သဖြင့် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်ပါ သားသမီးများဖြစ်သော အယူခံတရားလို ဒေါ်အေးညွှန့်ပါ ၆-ဦးတို့သည် ဒေါ်ခင်ကျန်ရစ်သောပစ္စည်းကို အမွေဆက်ခံနိုင်ခွင့်ရှိ၍ ဒေါ်ခင်၏ တူမများဖြစ်သော မအေးထားပါ(၃)ဦးတို့မှာ ဒေါ်ခင်၏အမွေကို ဆက်ခံခွင့်မရှိပေ။

ဒေါ်အေးညွှန့်ပါ(၆)ဦး နှင့် မအေးထားပါ(၃)ဦး ၁၁၇

ဒီကရီအတည်ပြုပေးစေလိုမှု– မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇ (၁)ပါ မြဋ္ဌာန်းချက်များအရ အချင်းဖြစ်မြေသည် နိုင်ငံတော်လက်ဝယ်သို့ ရောက်ရှိသွားခြင်း– ဤနည်းအားဖြင့် ဆုံးရှုံးသွားသော ပိုင်ဆိုင်ခွင့်အပေါ် အခြေပြု၍ ချမှတ်ခဲ့သော ဒီကရီအရ ကရားရျုံးအား အချင်းဖြစ်မြေမှ ဖယ်ရှားခွင့်မှာလည်း ပျက်သုဉ်းသွားသည်ဟု ဆိုရမည်ဖြစ်ခြင်း– သို့သော် ထိုဒီကရီအရ ရရန်ရှိသော တရားစရိတ်များ တောင်းခံခွင့်ကိုမူ ဇာရီမူတွင် ဆက်လက်ကောက်ခံခွင့်ရှိခြင်း။

စစ်ကိုင်းတိုင်း၊ မုံရွာမြို့နယ်တရားရုံး၊ ဇာရီမူအမှတ် ၇/၇၃ တွင် အယူခံတရားပြိုင် ဦးဖေခင်က အယူခံတရားလို ဦးထွန်းသက် အပေါ်

ယခင် မှုရှာမြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံး၊ တရားမကြီးမှု အမှတ် ၁၀/၆၁ တွင်ချမှတ်ထားသော ဒီကရီကို အတည်ပြုရာ ဦးထွန်းသက်၏ ကန့်ကွက်ချက်အရ မြို့နယ်တရားရုံးက ဇာရီမှုကို ပယ်လိုက်လေသည်။ ဦးဖေခင်က မြို့နယ်တရားရုံး၏ အမိန့်ကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်းတရားရုံးသို့ အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သောကြောင့် ဦးထွန်းသက်က ဗဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။ဦးဖေခင်က ဦးထွန်းသက် အပေါ် **ဒီကရီ**ကို အတည်ပြုပေးရန် ဆောင်ရွက်ဆဲတွင် မုံရွာမြို့၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ၁၉၆၁–၆၂ ခုနှစ်၊မြို့မြေမူအမှတ် ၃၀၅ ၌ ကော်လိတ်တော်အရာရှိက ၂၆-၈-၆၇ ရက်စုံပါအမိန့်ထုတ်ပြန်ကာ အချင်းဖြစ်မြေကို မြေသိမ်းအက်ဥပဒေအရ သိမ်းယူခဲ့ပြီးဖြစ်ကြောင်း အယူခံတရားလို၏ အကျိုးဆောင်က အဆိုပါအမိန့်စာနှင့်တကွ တင်ပြသည်။ အယူခံတရားပြိုင်၏ အကျိုးဆောင် တင်ပြချက်အရ ယင်းအချက် မှန်ကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၁၇ (၁)ပါ ပြဋ္ဌာန်းချက်များအရ အဆိုပါအမိန့်ထုတ်ပြန်ကြေငြာပြီး (၁၅) ရက်အကြာတွင် အချင်းဖြစ်မြေသည် နိုင်ငံတော်လက်ဝယ်သို့ ရောက်ရှိသွားပေသည်။ ဤနည်းအားဖြင့် ဦးဖေခင်သည် အချင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့် လက်လွှတ်လိုက်ရသောကြောင့် ထိုဆုံးရှုံးသွားသော ပိုင်ဆိုင်ခွင့်အပေါ် အခြေပြု၍ ချမှတ်ခဲ့သောဒီကရီအရ ဦးထွန်းသက်အား အချင်းဖြစ်မြေမှ ဖယ်ရှားခွင့်မှာလည်း ပျက်သုဉ်းသွားသည်ဟု ဆိုရပေမည်။ သို့သော် ထိုဒီကရီအရ ရရန်ရှိသော တရားစရိတ်များ တောင်းခံခွင့်မှာမူ သီးခြားရပိုင်ခွင့်ဖြစ်သဖြင့် ဦးဖေခင်သည် ယင်းတရားစရိတ်များကို ဇာရီမှုတွင် ဆက်လက် ကောက်ခံခွင့်ရှိပေသည်။

ဦးထွန်းသက် နှင့် ဦးဖေခင် ၅၆

ပစ္စည်းခွဲဝေပေးစေလိုမှု—ပစ္စည်းလက်မဲ့ဖြစ်သော တရားလိုသည် ရုံးခွန် အက်ဥပဒေပုဒ်မ ၇(၄) (ခ)အရ ရုံးခွန် ထမ်းဆောင်ရခြင်း—တရားလိုသည် ပစ္စည်းပူးတွဲလက်ရှိဖြစ်လျှင် ရုံးခွန်တော် အက်ဥပဒေ ဇယား ၂ အမှာစဉ် ၁၇(၆)အရ ရုံးခွန်ဆောင်ရခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်းခွဲဝေပေးစေလိုမှုတွင် ပစ္စည်းလက်မဲ့ဖြစ်သော တရားလိုသည် ရုံးခွန်အက်ဥပဒေပုဒ်မ ၇(၄) (ခ)အရ မိမိရလိုသော ဝေစု၏ တန်ဖိုးအလိုက် ရုံးခွန် ထမ်းဆောင်ရမည် ဖြစ်သည်။ အကယ်၍ခွဲဝေရမည့်ပစ္စည်းသည် တရားလိုနှင့် တရားပြိုင်တို့ပူးတွဲလက်ရှိ ပစ္စည်းဖြစ်လျှင်မူ တရားလိုသည် ရုံးခွန်အက်ဥပဒေဇယား ၂၊ အမှတ်စဉ် ၁၇(၆)အရ ရုံးခွန်ကျပ် ၂၀/-သာ ထမ်းဆောင်ရမည်။

ဦးသိန်းဟန် နှင့် ဒေါ်သောင်းကျင် ၁၀၅

ရုံးခွန်တော်အက်ဥပဒေပုဒ်မ ၇(၅) (ဇ)– ကျူးကျော်သူထံမှ ပစ္စည်းလက်ရောက်ရရိုကြောင်း တရားစွဲဆိုလျှင် ပစ္စည်းတန်ဖိုးအပေါ် ရုံးခွန်တော်ထမ်းဆောင်ရခြင်း။

ဆုံးဖြတ်ချက်။ ။မူလတရားရုံးတွင် ဒေါ်ပြန့်က ကိုနီအပေါ် စွဲဆိုထားသည့်အမှုမှာ ဝိုင်းနှင့် အိမ်ကို အမွေကျူးကျော်နေသူအား နှင်ထုတ်ပေးစေလိုမှုဟု ဖော်ပြထားပြီး ရုံးခွန်တော်ငွေ ကျပ် ၂၀/-ထမ်းဆောင်ထားကြောင်း တွေ့ရသည်။ ကျူးကျော်သူထံမှ ဝိုင်းမြေနှင့် အိမ်ကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုလျှင် ရုံးခွန်တော်အက်ဥပဒေပုဒ်မ ၇ (၅) (ဇ) အရ ပစ္စည်းတန်ဖိုးအပေါ် ရုံးခွန်တော်ထမ်းဆောင်ရမည်ဖြစ်သည်။

ကိုနီ ပါ (၂)ဦး နှင့် ဒေါ်ပြန့် ၁

သက်သေခံအက်ဥပဒေပုဒ်မ ၆၇–စာရွက်စာတမ်းတစ်ခုကို တရားရုံးက လက်ခံရုံမျှဖြင့် သက်သေခံ ဝင် မဝင်။

ဆုံးဖြတ်ချက်။ ။သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ပါ ပြဋ္ဌာန်းချက်များသည် စာရွက်စာတမ်း တစုံတရာကို လူတစ်ယောက်က ရေးသားကြောင်း ထင်ရှားအောင် သက်သေပြရန်နည်းများ ဖြစ်ပေသည်။ ထိုကဲ့သို့ ထင်ရှားအောင် သက်သေပြနိုင်ရန် ယင်းစာရွက်စာတမ်းများကို သက်သေခံအဖြစ် လက်ခံပြီးမှ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သက်သေခံစာရွက်စာတမ်း တစုံတခုကို တရားရုံးက လက်ခံရုံမျှဖြင့် ယင်း စာရွက်

စာမျက်နှာ

စာတမ်းများသည် အလိုအလျောက် သက်သေခံဝင်သော စာရွက်စာတမ်းများ မဖြစ်လာချေ။ သက်သေခံ အက်ဥပဒေပုဒ်မ ၆၇ ပါ ပြဋ္ဌာန်းချက်များအတိုင်း ထင်ရှားအောင် သက်သေပြသမှသာလျှင် သက်သေခံဝင်ပေသည်။

ဦးသာကြဲ နှင့် ဒေါ်ကြိုင် ပါ (၂)ဦး ၉၄

သက်သေခံဥပဒေ— သက်သေခံဥပဒေပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော တကယ့်စာချုပ်များနှင့် သက်ဆိုင်ပြီး ဟန်ဆောင်စာချုပ်များနှင့် မသက်ဆိုင်ခြင်း—ဟန်ဆောင်စာချုပ်ကို ဥပဒေအရ အတည်ပြုခွင့် မရှိသဖြင့် ပဋိညာဉ်မမြောက်သောကြောင့် စာချုပ်ချုပ်ဆိုသူတို့က ဟန်ဆောင်စာချုပ်မှသာဖြစ်သည်ဟု နှုတ်သက်သေပြနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော တကယ့်စာချုပ်များနှင့် သက်ဆိုင်သည်။ ဟန်ဆောင်စာချုပ်မျိုးနှင့် မသက်ဆိုင်ချေ။ သက်ဆိုင်ရာကာယကံရှင်များသည် တကယ်ပင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် စာချုပ်တစ်ရပ်ချုပ်ဆိုလျှင် သက်သေခံဥပဒေပုဒ်မ ၉၂ ၏ ခြင်းချက်များတွင် ဖော်ပြထားသည့်ကိစ္စရပ်များမှအပ စာချုပ်ပါအချက်အလက်တို့ကို ပြင်ရန်အလို့ငှာ နှုတ်သက်သေပြနိုင်ချေ။ သို့သော် စာချုပ်တစ်ရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုးမဟုတ်ပဲ ဟန်ဆောင်စာချုပ်ဖြစ်ပါမူ စာချုပ်ချုပ်ဆိုသူတို့သည် ဟန်ဆောင်စာချုပ်မှသာဖြစ်ကြောင်း နှုတ်သက်သေပြနိုင်ပေသည်။ အကြောင်းမူ ဟန်ဆောင်စာချုပ်ကို ဥပဒေအရ အတည်ပြုခွင့်မရှိသဖြင့် ပဋိညာဉ်မမြောက်ပေ။

ဒေါ်သန်းတင် နှင့် ဒေါက်တာခင်မောင်ဝင်း ပါ(၂)ဦး ၉၆

စာမျက်နှာ

သက်သေခံ အက်ဥပဒေ— သက်သေပြရန် တာဝန်ရှိသော စကားရပ်နှင့် ပတ်သက်၍ အဓိပ္ပာယ်နှစ်မျိုး နှစ်စားရှိခြင်း—ပထမအမျိုးမှာ မည်သူကစတင်၍ သက်သေပြရမည်ဆိုသောကိစ္စဖြစ်ပြီး ဒုတိယအမျိုးမှာ စွဲဆိုသောအမှု ထင်ရှားအောင် သက်သေပြရမည့် တာဝန်ဖြစ်ခြင်း—ထိုကိစ္စသည် အမှုသည်တစ်ဦးဦးအပေါ်၌ တသမတ်တည်း မတည်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေပြရန် တာဝန်ရှိသော စကားရပ်နှင့် ပတ်သက်၍ အဓိပ္ပာယ် နှစ်မျိုး နှစ်စား ရှိပေသည်။ ပထမအမျိုးမှာ မည်သူက စတင်၍ သက်သေပြရမည်ဆိုသောကိစ္စဖြစ်ပြီး ဒုတိယအမျိုးမှာ စွဲဆိုသောအမှု ထင်ရှားအောင် သက်သေပြရမည့်တာဝန် ဖြစ်ပေသည်။ မည်သူကစတင်၍ သက်သေပြရမည်ဆိုသည့်ကိစ္စသည် ကျင့်ထုံးတစ်ရပ်သာဖြစ်သည်။ ထိုကိစ္စသည် အမှုသည် တစ်ဦးဦးအပေါ်၌ တသမတ်တည်း မတည်ရှိပေ။ သက်သေအထောက်အထားများ တင်ပြလာကြသည်နှင့်အမျှ အမှုသည်အသီးသီးအပေါ်၌ တာဝန်ပြောင်းလဲကျရောက်နိုင်ပေသည်။ ထို့ကြောင့် တရားမမှုတိုင်းတွင် တရားလိုသည် သက်သေစတင်ပြရန် တာဝန်ရှိသည်မဟုတ်ပေ။ ဤအမှုတွင် လျှောက်ထားသူ ဒေါ်စိန်ရင်က ၎င်းထံ ဦးမောင်မောင်ကြီးသည် ၆ လအတွက် ငွေများ အပ်နှံထားသည်ဆိုသည်မှာ မဟုတ်ကြောင်း၊ ၎င်းက အပေါင် ပစ္စည်းများပေးပြီး ငွေ ကျပ် ၃၅၀၀၀/- ကို ချေးယူခဲ့ခြင်းဿာ ဖြစ်ကြောင်း၊ ဦးမောင်မောင်ကြီးသည် အတိုးနှင့် ငွေချေးစားသူဖြစ်ပြီး မှတ်ပုံတင်တားသူမဟုတ်သောကြောင့် ငွေချေးစားသူများဥပဒေပုဒ်မ ၉ အရ ဒီကရီမရထိုက်ကြောင်း ထုချေထားသဖြင့် ယင်းထုချေချက် မှန်ကန်ကြောင်းထင်ရှားအောင် သက်သေပြရန် တရားပြိုင်တွင် တာဝန်ရှိသည်။ တရားပြိုင်က တရားလို၏အဆိုပြုချက်ကို ဝန်ခံပြီး အကြောင်းတစုံတရာကြောင့် တရားလိုသည် ၎င်းတောင်းဆိုသည့် သက်သာခွင့်ကို မရထိုက်ပါဟုဆိုလာလျှင် ထိုအကြောင်းတစုံတရာကို ထင်ရှားအောင် သက်သေပြရန် တရားပြိုင်တွင် တာဝန်ရှိကြောင်း၊ တရားပြိုင်ဘက်မှ အမှုကို စတင်စစ်ဆေးရမည် ဖြစ်ကြောင်း သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၂ နှင့် တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၈၊ နည်းဥပဒေ ၁ တို့တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

စာမျက်နှာ

သီးခြားသက်သာခွင့် ဥပဒေ—ထီလက်မှတ်အငြင်းပွားမှုတွင် အချင်းဖြစ် စုငွေကို ရလိုကြောင်း အကျိုးဆက်သက်သာခွင့်ကို တရားရုံးတွင် တောင်းဆိုခွင့် မရှိသည့်အလျောက် မြွက်ဟကြေငြာသည့် ဒီကရီကိုသာ ချမှတ်ပေးခြင်းဖြင့် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်နှင့် ဆန့်ကျင်ဖွယ်ရာ အကြောင်းမမြင်ခြင်း—တရားရုံးက ထီလက်မှတ်ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာသည့် ဒီကရီ ချမှတ်ပေးလိုက်သည်ကို အကြောင်းပြု၍ သက်ဆိုင်ရာက သူ့အား ဆုငွေ ထုတ်ပေးသင့် မသင့် အလေးအနက် စဉ်းစားဆောင်ရွက်မည် ဖြစ်ရာ ဒီကရီမှာ အချည်းနှီးဖြစ်လိမ့်မည်ဟု မဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဒေါ်မြမြသည် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာရုံ ကြေငြာသော ဒီကရီကို ချမှတ်ပေးနိုင် မပေးနိုင် စိစစ်ကြည့်ရာ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဒေါ်မြမြသည် အချင်းဖြစ် ဆုငွေကို ရလိုကြောင်း၊ အကျိုးဆက်သက်သာခွင့်ကို တရားရုံးတွင် တောင်းဆိုခွင့် မရှိသည့် အလျောက် ယင်းသို့ မြွက်ဟကြေငြာသည့် ဒီကရီကိုသာ ချမှတ်ပေးခြင်းဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်နှင့် ဆန့်ကျင်ဖွယ်ရာ အကြောင်းမမြင်ပေ။ ဤကဲ့သို့ တရားရုံးက ဒေါ်မြမြသည် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာသည့် ဒီကရီ ချမှတ်ပေးလိုက်သည်ကို အကြောင်းပြု၍ သက်ဆိုင်ရာက သူ့အား ဆုငွေ ထုတ်ပေးသင့် မသင့် အလေးအနက် စဉ်းစားဆောင်ရွက်မည် ဖြစ်၍ ယင်းဒီကရီမှာ အချည်းနှီး ဖြစ်လိမ့်မည်ဟု မဆိုနိုင်ပေ။

ပြည်ထောင်စု ဆိုရှယ်လစ်
သမ္မတ မြန်မာနိုင်ငံတော်
(ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့) နှင့် ဒေါ်မြမြ ၆၀

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ-၄၂ ခြွင်းချက်— အကျိုးဆက်သက်သာခွင့် တောင်းဆိုသင့်လျက် တောင်းဆိုခြင်း မပြုလျှင် အမှုပလပ်ခြင်း ပြုနိုင် မပြုနိုင်—ယင်းအမှုမျိုးတွင် အဆိုလွှာကို ပြင်ဆင်ရန် အမိန့် ၆၊ နည်း ၁၇ အရ ခွင့်ပြုရခြင်း—ပြင်ဆင်ခြင်းကို

သတ်မှတ်သည့် အချိန်အတွင်း မဆောင်ရွက်ပါက အမှုကို ပလပ် နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်တွင် အကျိုးဆက် နောက်ဆက်တဲ့ သက်သာခွင့် ထည့်သွင်း တောင်းဆိုရန် လိုအပ်လျက်နှင့် မတောင်းဆိုလျှင် အမှု ပလပ်ရမည်ဟု မဆိုချေ။ ဤကဲ့သို့ မတောင်းဆိုလျှင် အမှုၠ မြောက်ဟ ကြေငြာသည့် ဒီကရီချမှတ်ပေးခြင်း မပြုရဟုသာ ဆိုသည်။ အကျိုး ဆက်နောက်ဆက်တဲ့ သက်သာခွင့်ရှိလျက်နှင့် မတောင်းဆိုသည့် အမှု များတွင် တရားလိုကို လိုအပ်သည့်အကျိုးဆက် သက်သာခွင့်ကို တောင်း ဆိုနိုင်ရန် ပြင်ဆင်ချက်အဆိုလွှာ တင်သွင်းနိုင်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၆၊ နည်း ၁၇ အရ ခွင့်ပြုရသည်။ ဤကဲ့သို့ ဆောင်ရွက် ရန် တရားရုံးကပေးသည့် အချိန်ကာလအတွင်း မဆောင်ရွက်မှသာ လျှင် တရားရုံးက အမှုကို ပလပ်နိုင်သည်။

ဒေါ်မေမေတင်　　နှင့်　　ဒေါ်စိန်နု　　.... ၇၇

ကွယ်လွန်သူ၏ကိုယ်စား တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် လျှောက်ထားသူတွင် အမွေဆက်ခံခွင့်လက်မှတ် ရှိရန်မလို။

ဆုံးဖြတ်ချက်။ ကွယ်လွန်ဆူတစ်ဦး၏ကိုယ်စား တရားဝင် ကိုယ် စားလှယ်အဖြစ် တည့်ပေးရန် လျှောက်ထားသူသည် အမွေဆက်ခံခွင့် လက်မှတ်ရှိရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိခေ့။ သို့ဖြစ်၍ ကွယ်လွန်သူ ဒေါ်ပို့၏ တရားဝင်ကိုယ်စားလှယ် လျှောက်ထားခံရသူ ဒေါ်ညွန့်ရီသည် အမွေဆက်ခံခွင့်လက်မှတ် ရရှိထားသူ ဟုတ်မဟုတ်ဟူသော အချက် ကိုလည်းထည့်သွင်း စဉ်းစားရန် မလိုပေ။ ဒေါ်ပို့စွဲဆိုထားသည့်အမှု မှာ အိမ်နှင့်လိုမှုဖြစ်သည်။ အိမ်နှင့်လိုမှုစွဲဆိုခြင်းသည် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၂၁၄ နှင့် အကျုံးမဝင်သဖြင့် ဒေါ်ညွန့်ရီ သည် အမွေဆက်ခံခွင့်လက်မှတ် လျှောက်ထားရယူရန်လည်း မလိုပေ။

ဦးမောဝ်မောင် ပါ(၂) ဦး　　နှင့်　　ဒေါ်ညွန့်ရီ　　.... ၈၈

စာမျက်နှာ

အလုပ်သမားလျော်ကြေး ဥပဒေ ပုဒ်မ ၈(၁)၊ ၈ (၄)–အလုပ်သမားတစ်ဦး သေဆုံးပြီးနောက် အလုပ်ရှင်က အသုဘကိစ္စအတွက် ထောက်ပံ့ကြေးအဖြစ် ပေးသောငွေများနှင့် ပတ်သက်၍ လျော်ကြေးငွေမှ နုတ်ခွင့်ရှိ မရှိ။

ဆုံးဖြတ်ချက်။ ။ဤအယူခံမှုတွင် ဦးကျင်ညိုဘက်က ဦးတင်အေးသည် သူ၏အလုပ်သမားဖြစ်ကြောင်း အလုပ်ခွင်တွင် သေဆုံးခဲ့ကြောင်း အငြင်းမထွက်တော့ချေ။ အဓိကအချက်အနေနှင့် တင်ပြသည်မှာ ဦးတင်အေး သေဆုံးပြီးနောက် အသုဘကိစ္စအတွက် ထောက်ပံ့ကြေးအဖြစ်ဖြင့် ငွေကျပ်စုစုပေါင်း ၄၁၆၇ ကျပ် ၁၅ ပြားကို သက်ဆိုင်ရာမြို့နယ်ကောင်စီသို့ ဦးကျင်ညိုက ပေးခဲ့ရသည့်အတွက် ယင်းငွေကို အလုပ်သမားလျော်ကြေး ပမာဏ ငွေကျပ် ၇၂၀၀/-ထဲမှ နုတ်သင့်ကြောင်းဟူသော အချက်ဖြစ်သည်။

အလုပ်သမားတစ်ဦး သေဆုံးပြီးနောက် အလုပ်ရှင်က ငွေကြေးများပေးခဲ့လျှင် အလုပ်သမားလျော်ကြေး စိစစ်ငရားကော်မတီ ထံ၌ ပေးသွင်းရသည်။ ဤကဲ့သို့ ပေးသွင်းသည့်ငွေကိုသာ အလုပ်သမားလျော်ကြေး ငွေပမာဏထဲမှ နုတ်ခွင့်ရှိသည်ဟု အလုပ်သမားလျော်ကြေး ဥပဒေ ပုဒ်မ ၈(၁)က ပြဋ္ဌာန်းထားသည်။ ပြင်ပတွင် အလုပ်ရှင်က သေသူ အလုပ်သမား၏ မှီခိုသူများ ထောက်ပံ့ကြေးများ ပေးထားပြီးဖြစ်ပါက အလုပ်သမားလျော်ကြေးငွေ ပမာဏထဲမှ ငွေကျပ် ၁၀၀/–အထိသာ နုတ်ခွင့်ရှိသည်ဟု အလုပ်သမားလျော်ကြေးဥပဒေ ပုဒ်မ ၈ (၁) ၏ ခြွင်းချက်က ပြဋ္ဌာန်းထားသည်။ အလုပ်သမားလျော်ကြေး ဥပဒေ ပုဒ်မ ၈ (၄) ကလည်း အလုပ်သမား သေဆုံးသည့်အခါ အသုဘစရိတ်အနေနှင့် အများဆုံး ၂၅ ကျပ် ကိုသာ နုတ်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

ဦးကျင်ညို နှင့် ဒေါ်တင်မြင့် ပါ (၂) ဦး ၃

အလုပ်သမားလျော်ကြေး ဥပဒေ-- အချင်းဖြစ်ယာဉ်မှာ သူတပါးထိခိုက်မှုအာမခံ ပြုလုပ်ထားခြင်းကြောင့် ဒဏ်ရာရရှိသည့် အလုပ်သမားတစ်ဦးသည် ယင်းဒဏ်ရာအတွက် လျော်ကြေးကို အာမခံဌာနမှ တောင်းယူရမည်-- အလုပ်သမားလျော်ကြေး ဇတောင်းပိုင်ခွင့် မရှိဟု အလုပ်သမားလျော်ကြေး ဥပဒေတွင် ပိတ်ပင်တားမြစ်သည့်ပြဋ္ဌာန်းချက် မရှိခြင်း။

သာစည်မြို့နယ် အလုပ်သမားလျော်ကြေး စီစစ်ရေးကော်မတီရုံးလျော်ကြေးမှုအမှတ် ၃/၇၈ တွင် အယူခံတရားပြိုင် ဦးခင်မောင် က အယူခံတရားလို ဦးဟာရှင်အပေါ် ဒဏ်ရာရရှိမှုနှင့် ပတ်သက်ပြီး အလုပ်သမားလျော်ကြေး တောင်းဆိုရာ အလုပ်သမားလျော်ကြေး စီစစ်ရေးကော်မတီက ဦးခင်မောင် အား ဦးဟာရှင်က လျော်ကြေးငွေ ကျပ် ၆၅၅၂/- ပေးစေဟု အမိန့်ချမှတ်လိုက်သည်။ယင်းအမိန့်ကို ဦးဟာရှင်က မကျေနပ်၍ အလုပ်သမားလျော်ကြေး ဥပဒေ ပုဒ်မ ၃၀ အရ ဗဟိုတရားရုံးသို့ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

ဦးဟာရှင်က ဤအယူခံမှုတွင် သူပိုင်ကား အမှတ် ခ/၁၈၀၂ သည် သူတပါးထိခိုက်မှု အာမခံကြေး ပေးသွင်းထားသောကား ဖြစ်ဖြစ်သဖြင့် ဒဏ်ရာရရှိခဲ့သော အလုပ်သမား ဦးခင်မောင်သည် **အာမခံဌာနမှ နစ်နာကြေး** တောင်းယူရမည် ဖြစ်ပါလျက်နှင့် **အလုပ်သမားလျော်ကြေးတောင်းခြင်းမှာ မမှန်ကန်ကြောင်း အဓိကအချက်အနေဖြင့် တင်ပြသည်။**

ဆုံးဖြတ်ချက်။ ။သူတပါး ထိခိုက်မှု အာမခံ ပြုလုပ် ထားခြင်းကြောင့် ဒဏ်ရာရရှိသည့် အလုပ်သမား တစ်ဦးသည် ယင်းဒဏ်ရာအတွက် လျော်ကြေးကို အာမခံဌာနမှ တောင်းယူရမည်၊ အလုပ်သမားလျော်ကြေးတောင်းပိုင်ခွင့် မရှိဟု အလုပ်သမား လျော်ကြေး ဥပဒေတွင် ပိတ်ပင်တားမြစ်သည့် ပြဋ္ဌာန်းချက်မရှိပေ။အခြားမည်သည့်ဥပဒေကမှလည်း ပိတ်ပင် တားမြစ်ထားခြင်း မရှိပေ။ ထို့ကြောင့် ဦးဟာရှင်၏ တင်ပြချက်ကို လက်မခံနိုင်ပေ။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေးအက်ဥပဒေ ပုဒ်မ ၁၂(၁) (စ)ခြင်းချက်—တုချေခြင်းမပြုရခြင်းချက်မရှိသော်သည်း တရားလိုသည် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့ အလျင်က ပိုင်ရှင် မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားလျှင် ဒီကရီမရထိုက်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)အရ စွဲဆိုသည့် အမှုမျှားတွင် တရားလိုသည် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့အလျင်က ပိုင်ရှင် ဟုတ် မဟုတ် ဟူသောအချက်နှင့်ပတ်သက်ပြီး ချေလွှာတွင် တရားပြိုင်က ထည့်သွင်းမထုချေခဲ့၍ ယင်းအချက်နှင့် ပတ်သတ်ပြီး ကောက်ချက် မရှိလျှင် နောက်ပိုင်း၌ မူလတရားရုံးဟုတ်ဖြစ်စေ၊ အယူခံရုံးတွင်ဖြစ်စေ ယေဘုယျအားဖြင့် တရားလိုသည် ၁၉၄၅ ခုနှစ်၊ မေလ ၁ရက်နေ့အလျင်ကပိုင်ရှင် ဟုတ် မဟုတ် ဟူသော အချက်နှင့်ပတ်သက်ပြီး တရားရုံးက ထည့်သွင်းစဉ်းစားမည်မဟုတ်ပေ။ သို့သော် ချေလွှာတွင် ယင်းထုချေချက်မပါရှိ၍ ယင်းအချက်နှင့်ပတ်သက်ပြီး ငြင်းချက်မထုတ်ခဲ့သော်လည်းအမှုစစ်ဆေးသည့်အခါ တရားလိုသည် ၁၉၄၅ ခုနှစ်၊မေလ ၁ ရက်နေ့အလျင်က ပိုင်ရှင်မဟုတ်ခဲ့ကြောင်း ပေါ်လွင် တင်ရှားလာလျှင် ယင်း အချက်ကို တရားရုံးက လျစ်လျူမမှုနိုင်ပေ။ ပုဒ်မ ၁၂ (၁) (စ)၏ခြင်းချက်အရ ဒီကရီချပေးနိုင်မည် မဟုတ်ချေ။**

ကိုစိုးနိုင် နှင့် ဦးဘာဘာ ၃၁

၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ဌာနေရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (စ)—တရားမစွဲမီ ၁၀ နှစ်လောက်က အိမ်ရောင်းမည် ဟုပြောခဲ့စေကာမူ ဥပဒေကအကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိစ္စအတွက် သက်သက်ရယူလိုသည်ဟု အိမ်ရှင်က အထောက်အထားရှိလျှင် မိမိ၏အိမ်ကို ပြန်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်း။

ဆုံးဖြတ်ချက်။ ။**ဥပဒေက အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်ကိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုသည်ဟု အိမ်ရှင်က အထောက်အထားရှိလျှင် မိမိ၏အိမ်ကို ပြန်ရပိုင်**

စာမျက်နှာ

ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ထို့ကြောင့် ယခုအမှုတွင် အယူခံတရားလို တစ်ဦးဖြစ်သည့် ဒေါ်ချစ်ချစ်က ၁၀ နှစ်လောက်က အိမ်ကိုဆောင်းမည်ဟု ပြောခဲ့သည်ဆိုစေကာမူ ယင်းကဲ့သို့ ပြောခဲ့ခြင်းကြောင့် အယူခံတရားလိုတစ်ဦးဖြစ်သည့် ဦးစောမောင်သည် အချွင်းဖြစ် အိမ်ကို ရိုးဖြောင့်သော သဘောဖြင့် ကိုယ်တိုင်နေထိုင်ရန် မဟုတ်ဟု မဆိုနိုင်ချေ။ ဥပဒေက ပြဋ္ဌာန်းထားသည့်အချက်များနှင့် ကိုက်ညီလျှင် ပြန်ရထိုက်သည်။

ဦးစိန်ဝင်းပါ(၇)ဦး နှင့် ဒေါ်ကြင်မြို့ဝင် ၄၀

၁၉၆၀ပြည့်နှစ်၊မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (စ)—အိမ်ရှင်ဆိုသည့်စကားရပ်တွင် အတူနေ သားသမီးများပါဝင်ပြီး သီးခြားနေသည့် သားသမီးများ မပါဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁) (စ) က အိမ်ရှင်သည် အချွင်းဖြစ်ဥပစာကို သဘောရိုးဖြင့် မိမိကိုယ်တိုင်နေထိုင်ရန်အတွက် ရယူလိုရမည်ဟု ပြဆိုသည်။ အိမ်ရှင်ဆိုသည့် စကားရပ်တွင် ယင်းအိမ်ရှင်နှင့် အတူနေပြီး မှီခိုနေသည့် သားသမီးများလည်း ပါဝင်သည်။ တသီးတခြားနေသည့် အိမ်ထောင်ခဲ့ သားသမီးများ မပါဝင်ချေ။

ဦးထွန်းရှိန် နှင့် ဒေါ်တင်လှ ၅၇

၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃(၁)—ယင်းဥပဒေပုဒ်မ အရ ချမှတ်သည့်အမိန့်ကို တိုင်းတရားရုံးသို့ အယူခံမှု၊ သို့မဟုတ်ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်လွှာတင်သွင်းခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။လက်ထောက်ဌားရမ်းခ ကြီးကြပ်ရေးဝန်ရုံးက ၁၉၆၀ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ ချမှတ်သည့်အမိန့်ကို တိုင်းတရားရုံးသို့ အယူခံမှု၊ သို့မဟုတ်

ပြင်ဆင်မှု၊ သို့မဟုတ် လဲအပ်လွှဲတင်သွင်းခွင့်မရှိပေ။ ထို့ကြောင့် တိုင်းတရားရုံးက ချမှတ်သည့်အမိန့်မှာ မိမိသို့ အပ်နှံထားသည့် အာဏာကို ကျော်လွန်၍ဆောင်ရွက်ပြီး အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည့် အတွက် ယင်းအမိန့်ကို ပယ်ဖျက်ရမည်ဖြစ်သဖြင့် ပယ်ဖျက်လိုက်သည်။

ဒေါ်ညိမ်းပါ (၇) ဦး နှင့် ဦးစောလွင်ပါ (၂) ဦး ၂၃

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေး ဥပဒေ— ယင်းဥပဒေပုဒ်မ ၁၃ (၁) အရ ထုတ်ပေးသောအမိန့်က တရားရုံး၏ ဒီကရီကို လွှမ်းမိုးသွားခြင်းကြောင့် မဟုတ်ခြင်း— ယင်းဥပဒေ ပုဒ်မ ၁၅ (၁) ပါ ပြဋ္ဌာန်းချက်များက ဒီကရီကို အတည်မပြုရဟု တားမြစ်သည့်သဘော သက်ရောက်သောကြောင့် ဇာရီမှုကို ဆိုင်းငံ့ထားရခြင်း— ဒီကရီမှာမူ ဆက်လက်တည်ရှိနေမည်သာဖြစ်ခြင်း။

ပဲခူးတိုင်း၊ ပဲခူးမြို့နယ်တရားရုံး၊ တရားမ ဇာရီမှုအမှတ် ၃၁/၇၄ တွင် အယူခံတရားလို ဒေါ်မေက တရားနိုင်အဖြစ်ဖြင့် အယူခံတရားပြိုင် ဦးမောင်ဟန်နှင့် ဇနီး ဒေါ်ကြည်တို့အပေါ် ယခင် ပဲခူးမြို့ နယ်ပိုင် တရားမ တရားသူကြီးရုံး၊ တရားမကြီးမှုအမှတ် ၉/၆၁ တွင် ရရှိထားသော ဦးမောင်ဟန်တို့အား အချင်းဖြစ်မြေမှ ဖယ်ရှား ပေးစေရန် ဒီကရီကိုအတည်ပြုရာ ဦးမောင်ဟန်တို့က ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌားရမ်းခ ကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၃ (၁) အရ ကြီးကြပ်ရေးဝန်က မိမိတို့အား အချင်းဖြစ်ဥပစာတွင် ဆက်လက်နေထိုင်ခွင့် ပြုထားသဖြင့် ဇာရီမှုကို ပိတ်ပေးရန် လျှောက်ထားသည်။ မြို့နယ်တရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် ဦးမောင်ဟန်က ပဲခူးတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်လိုက်သည်။ အယူခံတရားလို ဒေါ်မေက တိုင်းတရားရုံးတွင် အယူခံမှုဌ် ချမှတ်ထားသည့် စီရင်ချက်နှင့် ဒီကရီကို ပြန်လည်သုံးသပ်ပေးရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၇၊ နည်းဥပဒေ ၁ အရ လျှောက်ထားရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံမှုကို စာင်သွင်းခြင်းဖြစ်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ကိုနီပါ(၂)ဦး
နှင့်
ဒေါ်ပြန့်*

†၁၉၈၁
ဧန်နဝါရီလ
၂၈-ရက်

ရုံးခွန်တော်အက်ဥပဒေပုဒ်မ ၇ (၅) (c)– ကျူးကျော်သူထံမှ **ပစ္စည်း** လက်ရောက်ရလိုကြောင်း တရားစွဲဆိုလျှင် ပစ္စည်းတန်ဖိုး အပေါ် ရုံးခွန်တော်ထမ်းဆောင်ရခြင်း။

ဆုံးဖြတ်ချက်။ ။မူလတရားရုံးတွင် ဒေါ်ပြန့်က ကိုနီအပေါ် စွဲဆိုထားသည့် အမှုမှာ ဝိုင်းနှင့်အိမ်ကို အဓမ္မ ကျူးကျော်နေသူအား နှင့် ထုတ်ပေးစေလိုမှုဟု ဖော်ပြထားပြီး ရုံးခွန်တော် ငွေကျပ် ၂၀/- ထမ်းဆောင်ထားကြောင်း တွေ့ရသည်။ ကျူးကျော်သူထံမှ ဝိုင်းမြေနှင့် အိမ်ကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုလျှင် ရုံးခွန်တော် အက်ဥပဒေပုဒ်မ ၇ (၅) (c) အရ ပစ္စည်းတန်ဖိုးအပေါ် ရုံးခွန်တော် ထမ်းဆောင်ရမည်ဖြစ်သည်။

အယူခံတရားလိုများအတွက် – ဦးဘငွေ၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် – ကိုယ်တိုင်- မလာရောက်။

ကျောက်ဆည်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၇၀/၇၇ တွင် အယူခံတရားပြိုင် ဒေါ်ပြန့်က အယူခံတရားလို ကိုနီတို့အပေါ် အချင်းဖြစ်အိမ်နှင့် မြေမှဖယ်ရှားရှင်း လက်ရောက်ရလိုကြောင်း တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိခဲ့သည်။ ယင်းအမိန့်ကို ကိုနီတို့ကမကျေနပ်၍ မန္တလေးတိုင်းတရားရုံး၊ တရားမအယူခံမှုအမှတ် ၁၃/၇၀ တွင် အယူခံဝင်ခဲ့ရာ အကျဉ်းနည်းဖြင့် အပယ်ခံရသောကြောင့် ကိုနီတို့က ဗဟိုတရားရုံးသို့ ဤဒုတိယအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

---

* ၁၉၇၀ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၄၉။

† ၁၉၇၀ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၃ တွင် ချမှတ်သော (၅-၅-၇၀) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုအယူခံမှု၊

၁၉၈၁ ကိုနီပါ(၂)ဦး နှင့် ဒေါ်ပြန့်

အယူခံတရားပြိုင် ဒေါ်ပြန့်က အချင်းဖြစ်အိမ်နှင့် မြေကို ကွယ်လွန်သူ၏ ခင်ပွန်း ဦးထွေးပိုင်သည့် အိမ်ဖြစ်ကြောင်း၊ ကိုနီမှာ ဦးထွေး၏ အထက်ပါသားဖြစ်ကြောင်း၊ အယူခံတရားလိုအမှတ် (၂) မလှညွှန့်မှာ ကိုနီ၏ဇနီးဖြစ်ကြောင်း၊ ဦးထွေး၏ အသုဘကိစ္စအတွက် ကိုနီတို့သည် အိမ်ပေါ်တက်လာပြီး ဖယ်ရှားပေးရန် ပြောဆိုသည့်အခါ ဖယ်ရှားခြင်းမပြုပဲ ကျူးကျော်၍ ဆက်လက် နေသည့်အပြင် သူ့ကိုလည်း အိမ်ပေါ်မှ နှင်ချသဖြင့် ဆင်းလာခဲ့ရပါသည်ဟု အဆိုပြုခဲ့သည်။ ကိုနီတို့က အချင်းဖြစ်အိမ်မှာ အမွေဆိုင်တစ်ဦးအနေဖြင့် နေခြင်းသာ ဖြစ်ပါသည်ဟု ထုချေခဲ့သည်။

ဦးထွေးတွင်ဇနီး ၃ ဆက်ရှိခဲ့သည်။ အယူခံတရားပြိုင် ဒေါ်ပြန့်သည် ဦးထွေး၏ တတိယဇနီးဖြစ်ခဲ့သည်။ ပထမဇနီးနှင့် ဒုတိယဇနီးတို့မှာ ကွယ်လွန်သွားပြီးဖြစ်သည်။ ကိုနီသည် ဦးထွေးနှင့် ပထမ ဇနီးဒေါ်ညွန့်တို့၏သားဖြစ်သည်။ အချင်းဖြစ်မြေနှင့် အိမ်မှာ ဦးထွေးနှင့် ဒုတိယဇနီး ဒေါ်အေးမှန့်တို့လက်ထက်မှ ပစ္စည်းဖြစ်သည်။ ထို့ကြောင့် ဦးထွေးနှင့် ဒေါ်ပြန့်တို့ အိမ်ထောင်ပြုသည့်အခါမှာ အချင်းဖြစ် အိမ်နှင့် မြေသည် ဦးထွေး၏ အထက်ပါပစ္စည်းဖြစ်သည်။ ထိုသို့ အထက်ပါပစ္စည်းဖြစ်သဖြင့် ဒေါ်ပြန့်သည် ဦးထွေး၏ အထက်ပါသားဖြစ်သည့် ကိုနီအပေါ် ကျူးကျော်သူအနေဖြင့် လက်ရောက်ရလိုမှု တရားစွဲဆိုခွင့် မရှိချေ။ အမွေပစ္စည်းဖြစ်သဖြင့် အမွေမှသာ စွဲဆိုရန်သာ ရှိပေသည်။

ထို့ပြင် မူလတရားရုံးတွင် ဒေါ်ပြန့်က ကိုနီအပေါ် စွဲဆိုထားသည့် အမှုမှာ ဝိုင်းနှင့်အိမ်ကို အမှုကျူးကျော်နေသူအား နှင်ထုတ်ပေးစေလိုမှုဟု ဖော်ပြထားပြီး ရုံးခွန်တော်ငွေ ကျပ် ၂၀/- ထမ်းဆောင်ထားကြောင်း တွေ့ရသည်။ ကျူးကျော်သူထံမှ ဝိုင်း မြေနှင့် အိမ်ကို လက်ရောက်ရလိုကြောင်း တရားစွဲဆိုလျှင် ရုံးခွန်တော် အက်ဥပဒေ ပုဒ်မ ၇ (၅)(ဇ) အရ ပစ္စည်းတန်ဖိုးအပေါ် ရုံးခွန်တော် ထမ်းဆောင်ရမည်ဖြစ်သည်။

အထက်ဖော်ပြပါအကြောင်းများကြောင့် ဤအယူခံမှုကို ခွင့်ပြုပြီး မူလမြို့နယ်တရားရုံးနှင့် အယူခံတိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်၍ အယူခံတရားပြိုင် ဒေါ်ပြန့် စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

တရားမ အထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊အဖွဲ့ဝင်များအဖြစ်ဦးထွန်းရှိန်နှင့်ဦးအေးမောင်
တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးကျင်ညို
နှင့်
ဒေါ်တင်မြင့် ပါ(၂)ဦး*

† ၁၉၈၁
ဇွန်လ
၃၀ ရက်

အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၈(၁)၊၈(၄)— အလုပ်သမား တစ်ဦး သေဆုံးပြီးနောက် အလုပ်ရှင်က အသုဘကိစ္စအတွက် ထောက်ပံ့ကြေးအဖြစ် ပေးသော ငွေများနှင့် ပတ်သက်၍ လျော်ကြေးငွေမှ နုတ်ခွင့် ရှိမရှိ။

ဆုံးဖြတ်ချက်။ ။ဤအယူခံမှုတွင် ဦးကျင်ညိုဘက်က ဦးတင်အေးသည် သူ၏ အလုပ်သမားဖြစ်ကြောင်း၊ အလုပ်ခွင်တွင် သေဆုံးခဲ့ကြောင်း အငြင်းမထွက်တော့ချေ။ အဓိက အချက်အနေနှင့် တင်ပြသည်မှာ ဦးတင်အေး သေဆုံးပြီးနောက် အသုဘကိစ္စအတွက် ထောက်ပံ့ကြေးအဖြစ်ဖြင့် ငွေကျပ် စုစုပေါင်း ၄၁၆၇ ကျပ် ၁၅ ပြားကို သက်ဆိုင်ရာ မြို့နယ်ကောင်စီသို့ ဦးကျင်ညိုက ပေးခဲ့ရသည့်အတွက် ယင်းငွေကို အလုပ်သမားလျော်ကြေးပမာဏ ငွေကျပ် ၇၂၀၀/-ထဲမှ နုတ်သင့်ကြောင်း ဟူသော အချက်ဖြစ်သည်။

အလုပ်သမားတစ်ဦး သေဆုံးပြီးနောက် အလုပ်ရှင်က ငွေကြေးများ ပေးခဲ့လျှင် အလုပ်သမား လျော်ကြေးစိစစ်ရေး ကော်မတီထံ၌ ပေးသွင်းရသည်။ ဤကဲ့သို့ ပေးသွင်းသည့် ငွေကိုသာ အလုပ်သမား လျော်ကြေးငွေ ပမာဏထဲမှ နုတ်ခွင့်ရှိသည်ဟု အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၈(၁) က ပြဋ္ဌာန်းထားသည်။ ပြင်ပတွင် အလုပ်ရှင်က သေသူ အလုပ်သမား၏ မှီခိုသူများ ထောက်ပံ့ကြေးများ ပေးထားပြီး ဖြစ်ပါက အလုပ်သမားလျော်ကြေးငွေ ပမာဏထဲမှ ငွေကျပ်

---

* ၁၉၇၉ ခုနှစ်၊ တရားမ အထွေထွေအယူခံမှုအမှတ် ၅၆။

† ၁၉၇၉ ခုနှစ်၊ကျောက်ကြီးမြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီရုံး အမှုအမှတ် ၂၆ တွင်ချမှတ်သော (၉–၁၀–၇၉) နေ့စွဲပါအမိန့်ကို အယူခံမှု။

၁၉၀၁ ဦးကျင်ညို နှင့် ဒေါ်တင်မြင့် ပါ(၂)ဦး

၁၀၀/-အထိသာ နုတ်ခွင့်ရှိသည်ဟု အလုပ်သမားလျော်ကြေး ဥပဒေ ပုဒ်မ ၀(၁)၏ ခြွင်းချက်က ပြဋ္ဌာန်းထားသည်။ အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၀(၄) ကလည်း အလုပ်သမား သေဆုံးသည့်အခါ အသုဘစရိတ်အနေနှင့် အများဆုံး ၂၅ ကျပ်ကိုသာ နုတ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

အယူခံတရားလိုအတွက် – ဒေါ်စိန်မမ၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားဖြိုင်အတွက် – ဦးကျာဟာလာလ်၊ဗဟိုတရားရုံးရှေ့နေ။

ကျောက်ကြီးမြို့နယ် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီရုံး အမှုအမှတ် ၂၆/၇၉ တွင် ယာဉ်မောင်းသူ ဦးတင်အေးဆိုသူ သေဆုံးခဲ့ရသည့် ကိစ္စနှင့် ပတ်သက်ပြီး သူ၏ဇနီး ဒေါ်တင်မြင့်က ဦးတင်အေး၏ အလုပ်ရှင် ဦးကျင်ညိုအပေါ် အလုပ်သမားလျော်ကြေး ရလိုကြောင်း တရားစွဲ တောင်းဆိုခဲ့သည်။ အလုပ်သမား လျော်ကြေး စိစစ်ရေးကော်မတီက အမှုကို စစ်ဆေးပြီး အလုပ်သမားလျော်ကြေး ငွေကျပ် ၇၀၇၅/- ပေးစေရန် အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဦးကျင်ညိုက ဗဟိုတရားရုံးသို့ အလုပ်သမားလျော်ကြေး ပေးရေး အက်ဥပဒေပုဒ်မ ၃၀ အရ ဤအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

အယူခံတရားလို ဦးကျင်ညို၏ ကျောက်သယ်ကျောက်သွင်း လုပ်ငန်းအတွက် ဦးကျင်ညိုပိုင် လော်လီကားကို မောင်းပေးနေစဉ် ယာဉ်မောင်း ဦးတင်အေးသည် ပြည်သူ့စစ် ကင်းဂိတ်တခုတွင် သေနတ်ထိမှန် သေဆုံးခဲ့ရသည်။

ဤယူခံမှုတွင် ဦးကျင်ညိုဘက်က ဦးတင်အေးသည် သူ၏ အလုပ်သမားဖြစ်ကြောင်း အလုပ်ခွင်တွင် သေဆုံးခဲ့ကြောင်း အငြင်းမထွက်တော့ချေ။ အဓိက အချက်အနေနှင့် ပေါ်ပြသည်မှာ ဦးတင်အေး သေဆုံးပြီးနောက် အသုဘကိစ္စအတွက် ထောက်ပံ့ကြေးအဖြစ်ဖြင့် ငွေကျပ် စုစုပေါင်း ၄၁၆၇ ကျပ်-၁၅ ပြားကို သက်ဆိုင်ရာ မြို့နယ်ကောင်စီသို့ ဦးကျင်ညိုက ပေးခဲ့ရသည့်အတွက် ယင်းငွေကို အလုပ်သမားလျော်ကြေး ပမာဏငွေကျပ် ၇၂၀၀/-ထဲမှ နုတ်သင့်ကြောင်း ဟူသော အချက်ဖြစ်သည်။

၁၉၈၁

ဦးကျင်ညို နှင့် ဒေါ်တင်မြင့် ပါ(၂)ဦး

အလုပ်သမားတစ်ဦး သေဆုံးပြီးနောက် အလုပ်ရှင်က ငွေကြေးများ ပေးခဲ့လျှင် အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီထံ၌ ပေးသွင်းရသည်။ ဤကဲ့သို့ ပေးသွင်းသည့် ငွေကိုသာ အလုပ်သမားလျော်ကြေးငွေ ပမာဏထဲမှ နုတ်ခွင့်ရှိသည်ဟု အလုပ်သမား လျော်ကြေးဥပဒေပုဒ်မ ၈(၁) က ပြဋ္ဌာန်းထားသည်။ ပြင်ပတွင် အလုပ်ရှင်က သေဆုံးသူ အလုပ်သမား၏ မှီခိုသူများအား ထောက်ပံ့ကြေးများ ပေးထားပြီး ဖြစ်ပါက အလုပ်သမားလျော်ကြေးငွေ ပမာဏထဲမှ ငွေကျပ် ၁၀၀/-အထိသာ နုတ်ခွင့်ရှိသည်ဟု အလုပ်သမားလျော်ကြေး ဥပဒေပုဒ်မ ၈(၁)၏ ခြွင်းချက်က ပြဋ္ဌာန်းထားသည်။ အလုပ်သမား လျော်ကြေး ဥပဒေပုဒ်မ ၈(၄)ကလည်း အလုပ်သမား သေဆုံးသည့် အခါ အသုဘစရိတ်အနေနှင့် အများဆုံး ၂၅ ကျပ်ကိုသာ နုတ်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်အရ အလုပ်သမားလျော်ကြေး စိစစ်ရေးကော်မတီ၏ အမိန့်သည် မှန်ကန်သဖြင့် ဤအယူခံမှုကို စရိတ်မရှိ ပလပ်လိုက်သည်။

တရားမ အထွေထွေအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အနွံဝင်းများအဖြစ် ဦးတင်အောင်နှင့် ဦးမန်းစံမြတ်ရွှေ တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၁ ပြီလ ၉ ရက်

ဦးကြီးပြန်
နှင့်
မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်*
မန္တလေးမြို့

ဇာရီမှုဖွင့်လှစ်ဆောင်ရွက်ခြင်း—တရားနိုင်ကတရားရှုံးအားလုံးတို့အပေါ် ဇာရီမှု ဖွင့်လှစ်ဆောင်ရွက်ရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိခြင်း—အစုစပ်လုပ်ငန်းနှင့် အစုရှင်များအပေါ် ချမှတ်ထားသည့် ဒီကရီဖြစ်၍ အစုရှင် အယူခံတရားလိုအပေါ် ဇာရီမှု ဆောင်ရွက်ခွင့်ရှိခြင်း—ပြည်သူပိုင်သိမ်းလိုက်သောပစ္စည်းများအတွက် လျော်ကြေးနှင့် ဘဏ်ကြေးများကို ခုနှိမ်ရန် ဥပဒေက ခွင့်မပြုခြင်း။

ဆုံးဖြတ်ချက်။ ။တရားနိုင်တစ်ဦးသည် တစ်ဦးထက်ပိုသော တရားရှုံးများအပေါ် အနိုင်ဒီကရီရထားလျှင် ယင်း တရားနိုင်က တရားရှုံးအားလုံးတို့အပေါ် ဇာရီမှု ဖွင့်လှစ်ဆောင်ရွက်ရမှုည်ဟု ဥပဒေပြဋ္ဌာန်းချက်မရှိပေ။ မူလမှုမှ ဒီကရီသည် လူထုတိုဘက်ကိုး ကုမ္ပဏီ အစုစပ်လုပ်ငန်းနှင့် အယူခံတရားလို အပါအဝင် အစုရှင်များအပေါ် ချမှတ်ထားသည့် ဒီကရီဖြစ်သည်။ ထို့ကြောင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၀ (၁) (ခ) နှင့် အမိန့် ၃၁၊ နည်းဥပဒေ ၆ နှင့် ၇ တို့အရ ဤအမှုတွင် အယူခံတရားလိုအပေါ် ဇာရီမှု ဆောင်ရွက်ခွင့်ရှိသည်။

ထပ်မံဆုံးဖြတ်ချက်။ ။တရားရှုံး ကုမ္ပဏီပိုင် ပစ္စည်းများကို ပြည်သူပိုင် သိမ်းလိုက်သည့်အတွက် ယင်း ပစ္စည်းများအတွက် လျော်ကြေးနှင့် ဘဏ်ကြေးများကို ခုနှိမ်ရန်လည်း ဥပဒေက ခွင့်မပြုပေ။

---

* ၁၉၇၀ ခုနှစ်၊ တရားမအထွေထွေအယူခံမှု အမှတ် ၁၄။

† ၁၉၇၄ ခုနှစ်၊ တရားမဇာရီမှုအမှတ် ၁၁ (အရှေ့မြောက်) တွင် ချမှတ်သော (၂၀-၄-၇၀) နေ့စွဲပါ မန္တလေးထိုင်း တရားရုံး၏ အမိန့်ကို အယူခံမှု။

အယူခံတရားလိုအတွက် — ဦးညွှန့်မြိုင်၊ ဗဟိုတရားရုံးချွေနေ။

အယူခံတရားပြိုင်အတွက် — ဦးသိန်းအောင်၊
ဥပဒေဝန်ထမ်း အဆင့် (၁)။

၁၉၀၁

ဦးကြီးမြန့် နှင့် မန်နေဂျာ၊ မြန်မာ့ စီးပွားရေး ဘဏ်*

ယခင် မန္တလေးမြို့၊ ခရိုင်တရားမရုံး တရားမကြီးအမှုအမှတ် ၁၅/၆၃ တွင် ပြည်သူ့ဘဏ်ခဲ့၊ မန္တလေးက မစ္စ (စ်) လူထုတိုဘက်ကိုး ကုမ္ပဏီ ပါ ၁၅ ဦးတို့အပေါ် အနိုင်ဒီကရီ ရရှိခဲ့သည်။ ယင်း ဒီကရီအရ တရားရှုံးတစ်ဦးဖြစ်သည့် အယူခံတရားလို ဦးကြီးမြန့် အပေါ် ဇာရီမူ အမှတ် ၁၁/၇၄ ဖွင့်လှစ်ခဲ့သည်။ ဦးကြီးမြန့်က တရားရှုံးများအနက် သူတစ်ဦးတည်းအပေါ်သာ ဇာရီ မပြုလုပ်သင့်ကြောင်း၊ တရားရှုံး ကုမ္ပဏီပိုင် ပစ္စည်းများကို ပြည်သူပိုင်သိမ်းခြင်း ခံရသဖြင့် လျော်ကြေး အဖွဲ့မှရရန်ရှိသည့် ငွေများမှ ဘဏ်ကြွေးများကို ခုနှိမ်သင့်ကြောင်း ကန့်ကွက်ခဲ့သော်လည်း မန္တလေးတိုင်းတရားရုံးက လက်မခံသဖြင့် ဦးကြီးမြန့်က ဤအယူခံမှုကို ဗဟိုတရားရုံးသို့ တင်သွင်းခြင်းဖြစ်သည်။

တရားနိုင်တစ်ဦးသည် တစ်ဦးထက်ပိုသော တရားရှုံးများ အပေါ် အနိုင်ဒီကရီရထားလျှင် ယင်း တရားနိုင်က တရားရှုံးအားလုံးတို့အပေါ် ဇာရီမူ ဖွင့်လှစ်ဆောင်ရွက်ရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိပေ။ မူလ မှုမှ ဒီကရီသည် လူထုတိုဘက်ကိုး ကုမ္ပဏီအစုစပ်လုပ်ငန်းနှင့် အယူခံ တရားလိုအပါအဝင် အစုရှင်များအပေါ် ချမှတ်ထားသည့် ဒီကရီဖြစ်သည်။ ထို့ကြောင့် ကရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၀ (၁) (ခ)နှင့် အမိန့် ၃၃၊ နည်းဥပဒေ ၆ နှင့် ၇ တို့အရ ဤအမှုတွင် အယူခံတရားလိုအပေါ် ဇာရီမူဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် တရားရှုံး ကုမ္ပဏီပိုင် ပစ္စည်းများကို ပြည်သူပိုင် သိမ်းလိုက်သည့် အတွက် ယင်း ပစ္စည်းများအတွက် လျော်ကြေးနှင့် ဘဏ်ကြွေးငွေများကို ခုနှိမ်ရန်လည်း ဥပဒေက ခွင့်မပြုပေ။

သို့ဖြစ်၍ ဤလျှောက်လွှာကို ပလပ်လိုက်သည်။ စရိတ်ငွေကျပ် ၅၀/- ခွင့်ပြုသည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးစိုးလှိုင်၊အမှုဝင်များအဖြစ်ဦးတင်အောင်နှင့်ဦးထွန်းရှိန်တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ချုပ်

†၁၉၈၁
ဇွန်လ
၁၀ ရက်

ဒေါ်ကျင်နု
နှင့်
ဦးလှိုင် *

တရားမကျင့်ထုံး ဥပဒေအမိန့် (၁၄) နည်း (၅)—ဆိုလ္ဘာနှင့် ချေလ္ဘာတွင် ပါရှိခြင်းမရှိသည့် ပြင်ပအချက်များပေါ် အခြေခံ၍ ငြင်းချက်ထုတ်နိုင် မထုတ်နိုင်။

ဆုံးဖြတ်ချက်။ ။တရားမကြီးမှုများတွင် တရားလိုက တင်သွင်းသည့် ဆိုလ္ဘာနှင့် တရားပြိုင်က ခုခံချေပသည့် ချေပလ္ဘာ၊ ပြန်ကြားလ္ဘာများအပေါ်၌ အခြေခံ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်း ဥပဒေ ၁-ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တရားရုံးက ငြင်းချက်များကို ထုတ်ပေးရသည်။ အမှုကို ကြားနာစစ်ဆေးရာ၌ စီရင်ချက် ဒီကရီ မချမှတ်မီ မည်သည့်အဆင့်တွင်မဆို တရားရုံးက သင့်တော်သည်ဟုထင်မြင်လျှင် ငြင်းချက်များ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၅ တွင် ပြဋ္ဌာန်းထားသည်။ ငြင်းချက်များ ပြင်ဆင်သည်ဆိုရာ၌ ဆိုလ္ဘာနှင့် ချေလ္ဘာများတွင်ပါသည့် အချက်များအပေါ် အခြေခံ၍ ပြင်ဆင်ရခြင်း၊ ကျန်ရှိနေသည့် အငြင်းပွားချက်အပေါ် ပြင်ဆင်၊ သို့မဟုတ် ထပ်ဖြည့်ငြင်းချက်ထုတ်ရခြင်းပင် ဖြစ်ပေသည်။ ဆိုလ္ဘာနှင့် ချေလ္ဘာတို့တွင် ပါရှိခြင်း၊ သို့မဟုတ် ပေါ်ပေါက်ခြင်း မရှိသည့် အပြင်မှ အချက်များအပေါ် အခြေခံ၍ ထပ်ဖြည့်ငြင်းချက်များ ထုတ်နိုင်ခွင့်ရှိမည်မဟုတ်ပေ။

လျှောက်ထားသူအတွက် — ဒေါ်ကြည်ကြည်ဝင်း၊
ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ကိုယ်တိုင် - မလာ။

---

* ၁၉၀၀ ပြည့်နှစ်၊ တရားမ ပြင်ဆင်မှု အမှတ် ၅။

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၁၇ တွင် ချမှတ်သော (၈-၁၁-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၁
ဒေါ်ကျင်နု နှင့် ဦးလှိုင်

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမူအမှတ် ၂၁၇/၂၃ တွင် လျှောက်ထားခံရသူ ဦးလှိုင် က အကြံပြုတင်ပြသည့် ထပ်ဖြည့် ငြင်းချက်တစ်ရပ်ကို တရားမကျင့်ထုံး အမိန့် ၁၄၊ နည်း၁၀ပဒေ ၅ အရ ထည့်သွင်းခွင့်ပြုကြောင်း တိုင်းတရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ယင်း အမိန့်ကို လျှောက်ထားသူ ဒေါ်ကျင်နုက မကျေနပ်သောကြောင့် ဗဟို တရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားသူ ဒေါ်ကျင်နုက လျှောက်ထားခံရသူ ဦးလှိုင် သည် မိမိထံချဉ်းကပ်ပြီး ၎င်း၏ ပရိဘောဂ လုပ်ငန်းအတွက် ငွေလိုကြောင်း ပြောသည့်အတွက် ငွေကျပ် ၁၀၅၀၀/-ကို ထုတ်ပေးခဲ့ကြောင်း၊ ဦးလှိုင်က အမြတ်ငွေကို တဝက်စီ ခွဲယူမည်ဖြစ်ပြီး စာရင်းများကို တင်ပြ၍ လုပ်ငန်းများ ပြီးစီးလျှင် ထုတ်ပေးသည့် ငွေများကို ပြေလည်သည်ထိ ဖြေရှင်းပေးမည် ပြောကြောင်း၊ မိမိထံမှ ယူသွား သည့် ငွေများနှင့်ပတ်သက်၍ ဖြေရှင်းမပေးသည့်အတွက် ငွေများ ပြန် လည်တောင်းခံရာ ဦးလှိုင်က ပြန်လည်ပေးဆပ်ခြင်းမရှိကြောင်း အဆို ပြုလျက် ဦးလှိုင်ထံမှ ငွေကျပ် ၁၀၅၀၀/- ရလိုကြောင်း တရားစွဲဆို ခြင်းဖြစ်သည်။

လျှောက်ထားခံရသူ ဦးလှိုင်က မိမိသည် ဒေါ်ကျင်နုထံမှ ငွေကျပ် ၁၀၀/- လျှင် ၅/-ကျပ် တိုးနှုန်းဖြင့် ချေးယူ၍ အမြတ် ငွေများပိုမို ရရှိလျှင် တဝက်စီ ခွဲဝေယူကြရန် ပြောခဲ့ကြောင်း၊ ချေးယူ ငွေများ အတွက် ငွေကျပ် ၁၄၃၃၀/- ပေးဆပ်ပြီး ဖြစ်ကြောင်း ချေပထား သည်။

လျှောက်ထားသူ ဒေါ်ကျင်နုက ပြင်ဆင်မှုတင်သွင်းရာတွင် လျှောက် ထားခံရသူ တင်ပြသည့် ထပ်ဖြည့် ငြင်းချက်မှာ ဆိုလွှာနှင့် ချေလွှာတို့ကို အခြေခံ၍ ပေါ်ပေါက်လာသည့် ငြင်းချက်မဟုတ်ပဲ လျှောက်ထားသူ က ထွက်ဆိုအစစ်ခံသည့် ထွက်ဆိုချက်အပေါ် အခြေခံပြီး တင်ပြသည့် ထပ်ဖြည့် ငြင်းချက်ဖြစ်ကြောင်း ပေါ်လွင်ပါလျက် ယင်းအချက်ကို တိုင်းတရားရုံးက ထည့်သွင်းမစဉ်းစားသည်မှာ မှားယွင်းကြောင်းဖြင့် အဓိကအကြောင်းပြချက်အဖြစ် တင်ပြသည်။

တိုင်းတရားရုံးက ဆိုလွှာ၊ ချေလွှာနှင့် ပြန်ကြားလွှာများအပေါ် အခြေခံ၍ ငြင်းချက်လေးရပ်ကို ထုတ်ပြီး ဒေါ်ကျင်နုအား စစ်ဆေးခဲ့ သည်။ ဒေါ်ကျင်နုက သက်သေခံအမှတ် (က)ဖြစ်သည့် စာချုပ်တစ်

၁၉၈၁
ဒေါ်ကျင်နှင့်
ဦးလှိုင်

စောင်ကို သက်သေခံစာတမ်းအဖြစ် တင်သွင်းခဲ့သည်။ ဒေါ်ကျင်နု၏ အစစ်ခံချက်နှင့် သက်သေခံအမှတ် (က)စာတမ်းတွင် ပါရှိသည့် အချက်များကို အခြေခံ၍ ဦးလှိုင်က "တရားလို တရားပြိုင်တို့ လုပ်ကိုင်ခဲ့သည် ဆိုသော အစုအစပ်လုပ်ငန်းမှာ ရေစစ်တြိမှတ်ပုံတင်ခြင်း မရှိသဖြင့် ဤအမှုကို စွဲဆိုရန် အစုစပ်လုပ်ငန်း အက်ဥပဒေပုဒ်မ ၆၉ အရ တား မြစ်ပိတ်ပင်သောကြောင့် တရားလို၏ အဆိုလွှာကို ပလပ်လိုက်သည် ဆိုခြင်းမှာ မှန်သလော" ဟူသည့် ငြင်းချက်တစ်ရပ်ကို ထပ်မံထုတ်ပေး ရန် လျှောက်ထားခဲ့သည်။ တိုင်းတရားရုံးက လျှောက်ထားခံရသူ ဦး လှိုင်၏တင်ပြချက်ကို လက်ခံ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၅ အရ ငြင်းချက်အဖြစ် ထည့်သွင်းခွင့်ပြုကြောင်း အမိန့် ချမှတ်ခဲ့သည်။

တရားမကြီး မှုများတွင် တရားလိုက တင်သွင်းသည့် ဆိုလွှာနှင့် တရားပြိုင်က ခုခံချေပသည့် ချေပလွှာ၊ ပြန်ကြားလွှာများပေါ် အခြေခံ၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၁-ပါ ပြဋ္ဌာန်းချက် များနှင့်အညီ တရားရုံးက ငြင်းချက်များကို ထုတ်ပေးရသည်။ အမှုကို ကြားနာစစ်ဆေးရာ၌ စီရင်ချက်ဒီကရီ မချမှတ်မီ မည်သည့်အဆင့်တွင် မဆို တရားရုံးက သင့်တော်သည်ဟု ထင်မြင်လျှင် ငြင်းချက်များ ပြင် ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်ကြောင်း တရားမ ကျင့်ထုံး ဥပဒေအမိန့် ၁၄၊ နည်းဥပဒေ ၅ တွင် ပြဋ္ဌာန်းထားသည်။ ငြင်းချက် များ ပြင်ဆင်သည်ဆိုရာ၌ ဆိုလွှာနှင့် ချေလွှာများတွင် ပါသည့်အချက် များအပေါ် အခြေခံ၍ ပြင်ဆင်ရခြင်း၊ ကျန်ရှိနေသည့် အငြင်းပွား ချက်အပေါ် ပြင်ဆင်၊ သို့မဟုတ် ထပ်ဖြည့်ငြင်းချက် ထုတ်ရခြင်းပင် ဖြစ်ပေသည်။ ဆိုလွှာနှင့် ချေလွှာတို့တွင် ပါရှိခြင်း၊ သို့မဟုတ် ပေါ် ပေါက်ခြင်းမရှိသည့် အပြင်မှအချက်များအပေါ် အခြေခံ၍ ထပ်ဖြည့် ငြင်းချက်များ ဆုတ်နိုင်ခွင့် ရှိမည်မဟုတ်ပေ။

ဤအမှုတွင် ဒေါ်ကျင်နုတင်သွင်းသည့် ဆိုလွှာနှင့် ဦးလှိုင်တင်သွင်း သည့် ချေပလွှာတို့ဟူ၍ ဦးလှိုင်တင်ပြသည့် ထပ်ဖြည့် ငြင်းချက်တွင် ဖော်ပြထားသည့် အချက်များ ဖော်ပြပါရှိကြောင်း မတွေ့ရပေ။ ဦးလှိုင်က တင်ပြသည့် ထပ်ဖြည့်ငြင်းချက်မှာ မူလဆိုလွှာနှင့် ချေလွှာ တို့တွင် ပါရှိသည့်အချက်များအပေါ် အခြေခံ၍ တင်ပြသည့် ထပ်ဖြည့် ငြင်းချက်မဟုတ်ပဲ ဒေါ်ကျင်နုက ရုံးရှေ့တွင် ထွက်ဆို အစစ်ခံသည့် ထွက်ဆိုချက်အပေါ် အခြေခံ၍ တင်ပြသည့် ထပ်ဖြည့်ငြင်းချက် ဖြစ်

ကြောင်း ပေါ်လွင်သည်။ ထို့ကြောင့် ၈-၁၁-၇၉ နေ့က ချမှတ်ခဲ့သည့် တိုင်းတရားရုံး၏ အမိန့်သည် မှားယွင်းသည်ဟု ဆိုရပေမည်။

၁၉၈၁
ဒေါ်ကျင်နု နှင့် ဦးလှိုင်

အထက်ဖော်ပြပါ အချက်များအရ လျှောက်ထားသူ ဒေါ်ကျင်နု၏ ပြင်ဆင်မှုကို ခွင့်ပြုပြီး ၈-၁၁-၇၉ နေ့စွဲပါ တိုင်းတရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

တရားရုံးအဆင့်ဆင့်စရိတ်ကို လျှောက်ထားခံရသူ ဦးလှိုင်က ကျခံစေရမည်။

ရှေ့နေခ ကျပ် ၅၀/- သတ်မှတ်သည်။

၁၉၈၁
ဒေါ်ခ ပါ
(ဂ)ဦး
နှင့်
ဒေါ်ကြင်မိ
ပါ(၃)ဦး

လာသည်။ အယူခံတရားပြိုင်တို့ အမွေရရှိသည်ဆိုသော မြေကွက်မှာ တန်ဖိုးငွေကျပ် ၁၀၀/–အထက် ကျော်လွန်ကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၁၇ အရ ယင်းစာချုပ်ကို မှတ်ပုံတင်ရန် လိုအပ်ပေသည်။ သို့သော် သက်သေခံ(က) စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိသဖြင့် မှတ်ပုံတင် အက်ဥပဒေပုဒ်မ ၄၉ အရ အမွေခွဲဝေပေးပြီးဖြစ်ကြောင်း ထင်ရှားစေရန် ယင်းစာချုပ်ကို သက်သေခံအဖြစ် လက်မခံနိုင်ပေ။ ဦးဖီးယား (လိုပြ–၄)နှင့် ဦးခင်စိန် (လိုပြ–၅)တို့က အမွေခွဲဝေသည့် ကိစ္စနှင့်စပ်လျဉ်း၍ သက်သေခံကြသော်လည်း သူတို့သည် ယင်းကိစ္စကို ကိုယ်တိုင် သိရှိရသူများ မဟုတ်ပဲ ဦးဖီးယားအား သူ၏ ဖခင်ကလည်းကောင်း၊ ဦးခင်စိန်အား သူ၏အစ်ကို ကလည်းကောင်း ပြောပြချက်ကို ပြန်လည်ထွက်ဆိုထားကြောင်း တွေ့ရှိရသည်။ သို့ဖြစ်၍ အမွေခွဲဝေသည့် ကိစ္စနှင့် ပတ်သက်၍ ဤသက်သေနှစ်ဦး၏ထွက်ချက်များမှာ သက်သေခံဥပဒေပုဒ်မ ၆၀ အရ သက်သေခံမဝင်ပေ။ အမှုတွင် သက်သေခံမဝင်သော အထောက်အထားများကို ပယ်လိုက်လျှင် ဦးလင်တိုက်ရှင်းသည် ပထမအိမ်ထောင်မှ သားဖြစ်သူ ကိုရှောင်ရောင်အား အမွေခွဲဝေပေးခဲ့သည်ဟု ကောက်ယူနိုင်လောက်သော အထောက်အထား မတွေ့ရပေ။

မူလရုံး အမှုတွဲရှိ သက်သေခံချက်များအရ အချင်းဖြစ်မြေမှာ ဦးလင်တိုက်ရှင်းနှင့် ဒေါ်စိန်မှိတို့၏ ပစ္စည်းဖြစ်သဖြင့် ဦးလင်တိုက်ရှင်း ကွယ်လွန်သွားသောအခါ ဒေါ်စိန်မှိနှင့် ကိုရှောင်ရောင်အပါအဝင် လင်ပါသားသမီးများသည် မြန်မာဓလေ့ ထုံးတမ်းဥပဒေအရ အချင်းဖြစ်မြေ၏ အမွေဆိုင်များ ဖြစ်လာကြသည်။ ကိုရှောင်ရောင်နှင့် ဒေါ်စိန်မှိတို့ ကွယ်လွန်ပြန်သောအခါ ကိုရှောင်ရောင်၏ ဇနီးဖြစ်သူ အယူခံတရားလို ဒေါ်ခနှင့် ဒေါ်စိန်မှိတို့၏ သမီးများဖြစ်ကြသည့် အယူခံတရားပြိုင်တို့သည် အချင်းဖြစ်မြေကို အမွေဆက်ခံ ရရှိကြသည်။ ဤအခြေအနေတွင် အယူခံတရားလိုတို့သည် အယူခံတရားပြိုင်တို့ အဆိုပြုသည့်အတိုင်း တချိန်က အချင်းဖြစ်မြေတွင် ကွယ်လွန်သူ ဒေါ်စိန်မှိ၏ အခွင့်အမိန့်နှင့် နေထိုင်ခဲ့သည့်တိုင်အောင် ဒေါ်စိန်မှိ ကွယ်လွန်ပြီးနောက် ယင်းမြေတွင် အမွေဆိုင်များအဖြစ် နေထိုင်ကြသည်ဟု ကောက်ယူရမည် ဖြစ်၍ အယူခံတရားပြိုင်တို့သည် သူတို့အား အခွင့်အမိန့်နှင့် နေထိုင်သူများအဖြစ်ဖြင့် တရားစွဲဆိုခြင်း မပြုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို ခွင့်ပြု၍ မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်ပြီး အယူခံတရားပြိုင်မျှားစွဲဆိုသော အမှုကို တရားရုံးအဆင့်ဆင့် စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေခ ကျပ် ၅၀/-ဟု သတ်မှတ်သည်။

၁၉၁၁
ဒေါ်ခပါ (၈)ဦး နှင့် ဒေါ်ကြင်မိ ပါ(၃)ဦး

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးတင်ဇော်နှင့်ဦးသန့်စင် တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၁ နိုဝင်ဘာလ ၂၅-ရက်

မခင်သိန်း နှင့် မောင်ညံပို *

မြန်မာဓလေ့ ထုံးတမ်းဥပဒေ— သတ်မှတ်ထားသော (၃)နှစ်ကာလ မပြည့်ပဲ မယားအနေဖြင့် လင်ဖြစ်သူက သူ့အား စွန့်ပစ်ခြင်း အပေါ် အခြေခံ၍ ကွာရှင်းပေးစေလိုကြောင်း မစဲဆိုနိုင်ခြင်း— စွန့်ပစ်ခြင်းမှာ ကွာရှင်းမှုရရှိစေသော အိမ်ထောင်ရေး ပြစ်မှုဖြစ်သည့် ရက်စက်မှုတွင် အကျုံးဝင်ကြောင်း မတွေ့ရှိရခြင်း။

ဆုံးဖြတ်ချက်။ ။ဤအမှုတွင် အယူခံတရားပြိုင် မောင်ညံပို က အယူခံတရားလို မခင်သိန်းအား စွန့်ပစ်သည်ကို အကြောင်းပြုပြီး မခင်သိန်းက လင်မယား ကွာရှင်းပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ မြန်မာဓလေ့ ထုံးတမ်းဥပဒေအရဆိုလျှင် လင်ဖြစ်သူသည် မယားအား စွန့်ပစ်သွားရာတွင် (၃)နှစ်တိုင်တိုင် မယားဖြစ်သူအား ထောက်ပံခြင်း မပြုပါက စွန့်ပစ်ခြင်းခံရသည့် မယားသည် လင်မဲ့ယားကွာရှင်းခွင့် တောင်းဆိုနိုင်သည်။ မခင်သိန်း၏ အဆိုလွှာပါ အဆိုပြုချက်များအရ မောင်ညံပို က မခင်သိန်းအား စွန့်ပစ်ပြီးနောက် (၃) နှစ် မပြည့်မီ မခင်သိန်းသည် ဤအမှုကို စွဲဆိုခဲ့ကြောင်း ပေါ်လွင်သည်။ မြန်မာဓလေ့ ထုံးတမ်းဥပဒေတွင် သတ်မှတ်ထားသော (၃) နှစ်ကာလ မပြည့်ပဲ မခင်သိန်းအနေဖြင့် လင်ဖြစ်သူက သူ့အား စွန့်ပစ်ခြင်းအပေါ် အခြေခံ၍ ကွာရှင်းပေးစေလိုကြောင်း စွဲဆိုခြင်း မပြုနိုင်ပေ။

ထပ်မံဆုံးဖြတ်ချက်။ ။လင်ဖြစ်သူက မယားအား စွန့်ပစ်ခြင်းသည် မယားအား စိတ်ဆင်းရဲမှု ဖြစ်စေနိုင်သည် မှန်သော်လည်း

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၇၅။

† ၁၉၇၉ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၁၅ တွင် ချမှတ်သော (၈-၈-၇၉) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီဏာရီကို အယူခံမှု၊

ယင်းစိတ်ဆင်းရဲမှုမှာ လင်မယားကွာရှင်းမှု ရရှိစေသော အိမ်ထောင်ရေးပြစ်မှုတစ်ရပ်ဖြစ်သည့် ရက်စက်မှုတွင် အကျုံးဝင်ကြောင်း မတွေ့ရပေ။ သို့ဖြစ်ရာ မောင်ညံပိုက မခင်သိန်းအား စွန့်ပစ်ထား၍ မခင်သိန်းသည် စိတ်ဆင်းရဲမှု ခံစားရစေကာမူ ယင်းစိတ်ဆင်းရဲမှုကို အကြောင်းပြုပြီး လင်မယားကွာရှင်းခွင့် မရထိုက်ပေ။

အယူခံတရားလိုအတွက် — ဦးကံမြိုင်၊ ဗဟိုတရားရုံးရွှေနေ။
အယူခံကရားပြိုင်အတွက် — ဦးတင်မောင်၊ ဗဟိုတရားရုံးရွှေနေ။

စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၂၄/၇၇ တွင် အယူခံ တရားလို မခင်သိန်းက အယူခံ တရားပြိုင် မောင်ညံပိုအပေါ် လင်မယား ကွာရှင်းပေးစေလိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ မောင်ညံပိုက မြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်းတရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မခင်သိန်း၏အမှုကို ပလပ်လိုက်သောကြောင့် မခင်သိန်းက ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းသည်။

မောင်ညံပိုနှင့် မခင်သိန်းတို့သည် မြန်မာဗုဒ္ဓဘာသာများ ဖြစ်ကြ၍ ၁၃၃၆ ခုနှစ်၊ တန်ဆောင်မုန်းလမှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာ ၁၃၃၇ ခုနှစ်၊ သီတင်းကျွတ်လတွင် သမီးဦး ရရှိသည်။ မခင်သိန်းက သမီး မွေးဖွားပြီးနောက် (၃)ရက်မြောက် နေ့မှစ၍ မောင်ညံပိုသည် မိမိအား စွန့်ပစ်သွားပြီး ကျွေးမွေး ထောက်ပံ့ခြင်း မပြုတော့ကြောင်း၊ ထိုသို့ စွန့်ပစ်ခြင်းခံရ၍ မိမိမှာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲရကြောင်း အဆိုပြုကာ လင်မယား ကွာရှင်းပေးစေလိုကြောင်း ဖြင့် တရားစွဲဆိုလေသည်။

ဤအမှုတွင် အယူခံတရားပြိုင်မောင်ညံပိုကအယူခံတရားလိုမခင်သိန်းအား စွန့်ပစ်သည်ကို အကြောင်းပြုပြီး မခင်သိန်းက လင်မယား ကွာရှင်းပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ မြန်မာဓလေ့ ထုံးတမ်း ဥပဒေအရဆိုလျှင် လင်ဖြစ်သူသည် မယားအား စွန့်ပစ်သွားရာတွင် (၃)နှစ်တိုင်တိုင် မယားဖြစ်သူအား ထောက်ပံ့ခြင်းမပြုပါက စွန့်ပစ်ခြင်း ခံရသည့် မယားသည် လင်မယားကွာရှင်းခွင့် တောင်းဆိုနိုင်သည်။ မခင်သိန်း၏ အဆိုလွှာပါ အဆိုပြုချက်များအရ မောင်ညံပိုက မခင်သိန်းအား စွန့်ပစ်ပြီးနောက် (၃)နှစ်မပြည့်မီ မခင်သိန်းသည် ဤအမှုကို

၁၉၈၁

မခင်သိန်း နှင့် မောင်ညံပို

စွဲဆိုခဲ့ကြောင်း ပေါ်လွင်သည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် သတ်မှတ်ထားသော (၃)နှစ်ကာလမပြည့်ပဲ့ မခင်သိန်းအနေဖြင့် လင်ဖြစ်သူက သူ့အား စွန့်ပစ်ခြင်းအပေါ် အခြေခံ၍ ကွာရှင်း ပေးစေလိုကြောင်း စွဲဆိုခြင်းမပြုနိုင်ပေ။

အယူခံ တရားလို၏ အကျိုးဆောင်က မောင်ညံပိုသည် ဇနီးနှင့် သမီးဖြစ်သူတို့အား (၂)နှစ်ကျော်ကျော် တမင်သက်သက် ကိုယ်စိတ်ဆင်းရဲအောင် စွန့်ပစ်ထားကြောင်း ပေါ်လွင်သဖြင့် လင်မယားကွာရှင်းပေးသင့်ကြောင်း တင်ပြလျှောက်ထားသည်။

အဆိုပါအပိုဒ် ၇ တွင် အောက်ပါအတိုင်း ဖော်ပြထားသည်-

> "တရားပြိုင်သည် တရားလိုအား ပေးကမ်း ထောက်ပံ့ခြင်း ဇုံးဝမရှိပဲ့ စွန့်ပစ်ထားသဖြင့် တရားလိုမှာ ကိုယ်စိတ်နှစ်ပါး ဆင်းရဲ ခံနေရပါသောကြောင့် တရားလိုသည် တရားပြိုင်နှင့် လင်မယားပြတ်စဲလိုပါသည်။"

ဤအဆိုပြုချက်အရ မခင်သိန်းအနေဖြင့် ကိုယ်စိတ်နှစ်ပါး ဆင်းရဲရသည်ဆိုသော အချက်ကို စွန့်ပစ်မှုအပေါ် အခြေခံထားကြောင်း ပေါ်ပေါက်နေပေသည်။ လင်ဖြစ်သူက မယားအား စွန့်ပစ်ခြင်းသည် မယားအား စိတ်ဆင်းရဲမှု ဖြစ်စေနိုင်သည် မှန်သော်လည်း ယင်းစိတ်ဆင်းရဲမှုမှာ လင်မယားကွာရှင်းမှု ရရှိစေသော အိမ်ထောင်ရေး ပြစ်မှုတစ်ရပ်ဖြစ်သည့် ရက်စက်မှုတွင် အကျုံးဝင်ကြောင်း မတွေ့ရှိရပေ။ သို့ဖြစ်ရာ မောင်ညံပိုက မခင်သိန်းအားစွန့်ပစ်ထား၍ မခင်သိန်းသည် စိတ်ဆင်းရဲမှု ခံစားရစေကာမူ ယင်းစိတ်ဆင်းရဲမှုကို အကြောင်းပြုပြီး လင်မယားကွာရှင်းခွင့် မရထိုက်ပေ။

ထို့ကြောင့် မခင်သိန်း၏ အယူခံလွှာကို ပလပ်လိုက်သည်။ နှစ်ဘက်အမှုသည်များသည် ဤအယူခံတွင် ကုန်ကျသော တရားစရိတ်များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးစိုးလှိုင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့် ဦးမန်းစံမြတ်ခန္ဓာ တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ချွတ်

မောင်ချစ်တုံး ပါ(၂)ဦး
နှင့်
မောင်မြင့် ပါ(၂)ဦး*

†၁၉၇၁
ဖေဖော်လ
၁၀-ရက်

ခွင့်ပြုချက်ဖြင့် နေထိုင်သူအား ဖယ်ရှားပေးစေလိုမှု – ခွင့်ပြုချက်ဖြင့် နေထိုင်ရာမှ အချင်းဖြစ် ပစ္စည်းကို ဝယ်ယူသည့်အခါ ထိုသို့ ဝယ်ယူသည့် နေ့မှစ၍ ခွင့်ပြုချက်ဖြင့် နေထိုင်သူများ မဟုတ်တော့ခြင်း– အရောင်းအဝယ် စာချုပ်ကို မှတ်မိုးမတင်သော်လည်း ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃ (က)ပါ ပြဋ္ဌာန်းချက်များ၏ အကာအကွယ်ကို ရရှိခြင်း။

စစ်ကိုင်းတိုင်း ယင်းမဘဝင်မြို့နယ်တရားရုံး တရားမကြီးမှုအမှတ် ၅/၇၆ တွင် အယူခံတရားလို မောင်ချစ်တုံးနှင့် မောင်ကျော်ဝင်းတို့က အယူခံတရားခံ တရားပြိုင် မောင်မြင့်နှင့် မခင်မြင့်တို့အား အချင်းဖြစ် မြေမှ ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ မြို့နယ်တရားရုံးက အမှုကို ပလပ်လိုက်သည်။ အယူခံ တရားလိုတို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤ အယူခံမှုကို ထပ်မံ တင်သွင်းသည်။

ဆုံးဖြတ်ချက်။ ။အယူခံတရားပြိုင် မောင်မြင့်နှင့် မခင်မြင့်တို့သည် ဦးဖိုးထယ်၏ ခွင့်ပြုချက်အရ အချင်းဖြစ် မြေတွင် နေထိုင်ခဲ့သည် မှန်သော်လည်း ယင်းမြေကို ဦးဖိုးထယ်ထံမှ ဝယ်ယူသည့် ၃၁-၈-၇၆ နေ့မှစ၍ ၎င်းတို့သည် ဦးဖိုးထယ်၏ခွင့်ပြုချက်ဖြင့် နေထိုင်သူများမဟုတ်တော့ဟု ကောက်ယူရပေမည်။သက်သေခံ(၁)စာချုပ်ကိုမှတ်ပုံတင်ထားခြင်း မရှိ၍ အရောင်းအဝယ် အထမမြောက်စေကာမူ မောင်မြင့်တို့သည်

---

* ၁၉၇၀ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၅၀။

† ၁၉၇၇ ခုနှစ်၊ တရားမ အယူခံမှု အမှတ် ၁၈ တွင် ချမှတ်သော (၂၉-၄-၇၈) နေ့စွဲပါ စစ်ကိုင်းတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု၊

၁၉၀၁ မောင်ချစ်တုံး ပါ (၂) ဦးနှင့် မောင်မြင့် ပါ (၂) ဦး

ပစ္စည်းလွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃ (က)ပါ ပြဋ္ဌာန်းချက်များ၏ အကာအကွယ်ကို ရရှိသဖြင့် အယူခံတရားလိုတို့သည် ၎င်းတို့အပေါ် ဖယ်ရှားပေးစေလိုမှု မစွဲဆိုနိုင်ပေ။

အယူခံတရားလိုအတွက် — ဦးတင်မောင်၊ ဗဟိုတရားရုံးမှေးနေ။

အယူခံတရားပြိုင်အတွက် — ဦးကံမြိုင် (ကိုယ်စား) ဦးသိန်းမြင့်၊ ဗဟိုတရားရုံးမှေးနေ။

စစ်ကိုင်းတိုင်း၊ ယင်းမာပင်မြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၅/၇၆ တွင် အယူခံတရားလို မောင်ချစ်တုံးနှင့် မောင်ကျော်ဝင်းတို့က အယူခံတရားပြိုင် မောင်မြင့်နှင့် မခင်မြင့်တို့အား အချင်းဖြစ်မြေမှ ဖယ်ရှားပေးစေလိုမှု စွဲဆိုရာ မြို့နယ်တရားရုံးက အမှုကို ပလပ်လိုက်သည်။ အယူခံတရားလိုတို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင်သောကြောင့် ဗဟိုတရားရုံးတွင် ဤအယူခံမှုကို ထပ်မံတင်သွင်းသည်။

အယူခံတရားလို မောင်ချစ်တုံးနှင့် မောင်ကျော်ဝင်းတို့က ယင်းမာပင် အရွှေကွင်းအမှတ် ၈၆၉ ပေါက်သော မြေနှင့် မြေပေါ်ရှိ အဆောက်အအုံများ မိမိတို့၏ ဖခင် ဦးသာဖန်နှင့် ဦးလေး ဦးဖိုးထယ်တို့ ပိုင်ကြောင်း၊ ဦးသာဖန်က ပထမကွယ်လွန်သူ၍ ဦးဖိုးထယ်သည် ၁၆-၉-၇၆ နေ့တွင် အချင်းဖြစ် အိမ်ပေါ်၌ ကွယ်လွန်သွားရာ မိမိတို့သည် ယင်းမြေနှင့် အိမ်ကို အမွေဆက်ခံရရှိကြောင်း၊ ဦးဖိုးထယ်သည် ၁၉၆၆ ခုနှစ်ခန့်က အယူခံတရားပြိုင် မောင်မြင့်နှင့် မခင်မြင့်တို့အား အချင်းဖြစ်မြေတွင် တဲထိုးနေခွင့် ပေးခဲ့ကြောင်း၊ မိမိတို့သည် ၎င်းတို့အား မြေပေါ်တွင် ဆက်လက်မထားလိုတော့သဖြင့် မြေပေါ်မှ ထွက်ခွာသွားရန် အကြောင်းကြားရာ ၎င်းတို့က ဆက်လက်နေထိုင်မြဲ နေထိုင်ကြောင်း အဆိုပြုကာ အယူခံတရားပြိုင်တို့အား အချင်းဖြစ်တဲကို ဖျက်ယူ ထွက်သွားစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

အယူခံတရားပြိုင်တို့က သူတို့သည် အစက ဦးဖိုးထယ်၏ ခွင့်ပြုချက်ဖြင့် အချင်းဖြစ်မြေတွင် နေထိုင်ခဲ့သည်မှာ မှန်သော်လည်း ယင်းမြေကို ဦးဖိုးထယ်ထံမှ သက်သေခံအမှတ် (၁) စာချုပ်အရ ဝယ်ယူသည့် ၃၁-၇-၇၆ နေ့မှ စ၍ ၎င်းတို့သည် ဦးဖိုးထယ်၏ ခွင့်ပြုချက်ဖြင့် နေ

ထိုင်သူများ မဟုတ်တော့ဟု ထုချေခဲ့သည်။ မောင်ချစ်တုံးတို့က သက်သေခံအမှတ်(၁) စာချုပ်မှာ မောင်မြင့်၏ တဘက်သတ် စီမံခန့်ခွဲမှု အရ မတရားသဖြင့် ဖန်တီးထားသော စာချုပ်ဖြစ်သည်ဟု တင်ပြသည်။

၁၉၀၁
မောင်ချစ်တုံး ပါ(၂)ဦး နှင့် မောင်မြင့် ပါ(၂)ဦး

တရားပြိုင်ပြ သက်သေ ဦးသက်တင်က ဦးဖိုးထယ်သည် သက်သေခံအမှတ်(၁)စာချုပ် ချုပ်ဆိုသည့်အခါက သတိရလိုက် မရလိုက် ဖြစ်နေပါသည်။ ဖောင်တိန်မကိုင်နိုင်သဖြင့် သူ၏ လက်မကို မောင်မြင့်က ကိုင်ပြီး လက်နှိပ်ပေးရပါသည်ဟု ထွက်ဆိုထားသဖြင့် ထိုအချိန် အခါက ဦးဖိုးထယ်မှာ သတိသမ္ပဇဉ် မကောင်းကြောင်း ပေါ်လွင်ပါသည်။ သို့အတွက် သက်သေခံအမှတ်(၁)စာချုပ်မှာ ပဋိညာဉ် အက်ဥပဒေပုဒ်မ ၁၁ နှင့် ၁၂ တို့အရ တရားဝင်သော စာချုပ်မဟုတ်ပါဟု အယူခံတရားလို မောင်ချစ်တုံးတို့ဘက်က တင်ပြလာသည်။

တရားပြိုင်ပြ သက်သေ ဒေါ်သန်းညွန့်က ဦးဖိုးထယ်သည် သက်သေခံအမှတ်(၁)စာချုပ် မချုပ်ဆိုမီ ရက်အနည်းငယ်အတွင်းက လှုချင်သည်၊ သက်နှံကပ်ချင်သည်ဟု ပြောသဖြင့် မောင်မြင့်က အချင်းဖြစ်မြေကို ဝယ်ရန် မောင်ချစ်တုံးက ပြောပြီး ငွေအမြန်ရှာခိုင်းကြောင်း ထွက်ဆိုသည်။ တရားပြိုင်ပြ သက်သေ ဦးသန်းမောင်က သက်သေခံအမှတ် (၁) စာချုပ် ချုပ်ဆိုသည့်အခါက မောင်မြင့်သည် ငွေကျပ် ၃၀၀၀/- ဦးဖိုးထယ်အား ပေးသောအခါ ဦးဖိုးထယ်က သူ့ကို သိမ်းခိုင်း၍ သိမ်းထားပေးရကြောင်း ထွက်ဆိုသည်။ ဤထွက်ဆိုချက်များအရ သက်သေခံအမှတ်(၁) စာချုပ် ချုပ်ဆိုသည့်အခါက ဦးဖိုးထယ်သည် သတိသမ္ပဇဉ် မကောင်းဟု မဆိုနိုင်ချေ။

အယူခံတရားလိုတို့က အဆိုလွှာအပိုဒ် (၆)တွင် ဦးဖိုးထယ်သည် အသည်းအသန် မကျန်းမာ ဖြစ်နေစဉ် မကွယ်လွန်မီ (၁၄)ရက်ခန့်၌ အိပ်ရာထဲတွင် သတိကင်းမဲ့ခိုက် မောင်မြင့်၏ တဘက်သတ် စီမံခန့်ခွဲမှုအရ ယင်းစာချုပ်ကို မတရားသဖြင့် ဖန်တီးထားသည်ဟု အဆိုပြုထားသော်လည်း ထိုအချက်ကို ပေါ်လွင်ထင်ရှားအောင် အထောက်အထား မတင်ပြနိုင်သည့်ပြင် ဦးသန်းမောင်အား ယင်းစွပ်စွဲချက်များနှင့် စပ်လျဉ်း၍ ပြန်လှန်မေးမြန်းထားခြင်းလည်း မရှိပေ။

အယူခံတရားပြိုင် မောင်မြင့်နှင့် မခင်မြင့်တို့သည် ဦးဖိုးထယ်၏ ခွင့်ပြုချက်အရ အချင်းဖြစ်မြေတွင် နေထိုင်ခဲ့သည် မှန်သော်လည်း ယင်းမြေ

၁၉၀၁
မောင်ချစ်တုံး
ပါ(၂)ဦး
နှင့်
မောင်မြင့်
ပါ(၂)ဦး

ကိုဦးဖိုးထယ်ထံမှ ဝယ်ယူသည့် ၃၁-၈-၇၆ နေ့မှ စ၍ ၎င်းတို့သည် ဦးဖိုးထယ်၏ ခွင့်ပြုချက်ဖြင့် နေထိုင်သူများ မဟုတ်တော့ဟု ကောက်ယူ ရပေမည်။ သက်သေခံ (၁) စာချုပ်ကို မှတ်ပုံတင်ထားခြင်း မရှိ၍ အဆောင်းအဝယ် အထမြောက်စေကာမူ မောင်မြင့်တို့သည် ပစ္စည်း လွဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃ (က)ပါ ပြဋ္ဌာန်းချက်များ၏ အကာအကွယ်ကို ရရှိသဖြင့် အယူခံတားလိုတို့သည် ၎င်းတို့အပေါ် ဖယ်ရှားပေးစေလိုမှု မစွဲဆိုနိုင်ပေ။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရှေ့နေခ ကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌဖြစ်ဦးနိုးလှိုင်၊ အဖွဲ့ဝင်များဖြစ်ဦးတင်ဆောင်နှင့် ဦးမန်းစံမြတ်ရွှေ
တို့ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချက်ချင်း

ဒေါ်ညိမ်းပါ(၇)ဦး
နှင့်
ဦးစောလွင်ပါ(၂)ဦး *

† ၁၉၈၁
ဖေဖော်ဝါရီ-၉ ရက်

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေးဥပဒေပုဒ်မ ၁၃(၁)— ယင်းဥပဒေပုဒ်မအရ ချမှတ်သည့်အမိန့်ကို တိုင်းတရားရုံးသို့ အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်လွှာတင်သွင်းခွင့်မရှိခြင်း။

ဆုံးဖြတ်ချက်။ ။လက်ထောက်ငှားရမ်းခ ကြီးကြပ်ရေးဝန်ရုံးက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ ချမှတ်သည့်အမိန့်ကို တိုင်းတရားရုံးသို့ အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်လွှာတင်သွင်းခွင့်မရှိပေ။ တို့ကြောင့် တိုင်းတရားရုံးက ချမှတ်သည့်အမိန့်မှာ မိမိသို့ အပ်နှံထားသည့် အာဏာကို ကျော်လွန်၍ ဆောင်ရွက်ပြီး အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည့်အတွက် ယင်းအမိန့်ကို ပယ်ဖျက်ရမည်ဖြစ်သဖြင့် ပယ်ဖျက်လိုက်သည်။

လျှောက်ထားသူအတွက် —ဦးကျော်ကျော်ဝင်း၊ ဗဟိုတရားရုံး ရွှေနေ။

လျှောက်ထားခံရသူအတွက် —ဦးတွန်းဝေ၊ ဗဟိုတရားရုံး ရွှေနေ။

မန္တလေးအရှေ့မြောက် မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၉/၇၄ တွင် အယူခံတရားပြိုင် ဦးစောလွင်တို့က အယူခံတရားလို ဒေါ်ညိမ်းတို့ အပေါ် အခမဲ့ဖြင့် နေထိုင်သူများအား နှင်ထုတ်ပေးစေလိုမှုစွဲဆို၍ အနိုင်ဒီကရီရရှိခဲ့သည်။ အယူခံတရားလိုတို့က ဗဟိုတရားရုံးအထိ

---

* ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၀။

† ၁၉၇၇ ခုနှစ်၊ လွှဲအပ်လွှာအမှတ် ၀ (အရှေ့မြောက်) တွင်ချမှတ်သော (၃၀-၅-၇၈) နေ့စွဲပါ မန္တလေးတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၁ ဒေါ်ညိမ်းပါ (၇) ဦးနှင့် ဦးစောလွင် ပါ(၂)ဦး

အဆင့်ဆင့် အယူခံဝင်ခဲ့သော်လည်း မအောင်မြင်ခဲ့ချေ။ဦးစောလွင်တို့က ဇာရိမူ ဖွင့်လှစ် ဆောင်ရွက်ဆည့် အခါ ဒေါ်ညိမ်းတို့က မန္တလေးမြို့ လက်ထောက်ဌာနရုံးခ ကြီးကြပ်ရေးဝန်ရုံး အခွန်မူအမှတ် ၄၇/၇၆ တွင် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌာနရုံးခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁)အရ အမျိုးဖြစ်ဥပစာတွင် ဆက်လက် နေခွင့်ပြုရန် လျှောက်ထားခဲ့သည်။ လက်ထောက်ဌာနရုံးခ ကြီးကြပ်ရေး ဝန်ရုံးမှ ဒေါ်ညိမ်းတို့ လျှောက်ထားသည့်အတိုင်း အထက်ဖော်ပြပါ ဥပဒေ ပုဒ်မ ၁၃(၁)အရ ဆက်လက်နေခွင့် လက်မှတ် ထုတ်ပေးပြီး စံဌာန လည်း သတ်မှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ အယူခံတရား ပြို့ဝင် ဦးစောလွင်တို့က မန္တလေးတိုင်းတရားရုံးသို့ တရားမ လွှဲအပ်လွှာ အမှုအမှတ် ဂ/၇၇ တွင် လျှောက်ထားခဲ့ရာ တိုင်းတရားရုံးက လက် ထောက်ဌာနရုံးခ ကြီးကြပ်ရေးဝန် ထုတ်ပေးထားသည့် ပုဒ်မ ၁၃(၁) အရ လက်မှတ်ကို ပယ်ဖျက်လိုက်သည်။ ယင်းအမိန့်ကို အယူခံတရားလို တို့က မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤ ပြင်ဆင်မှု တင်သွင်းခြင်း ဖြစ်သည်။

လက်ထောက်ဌာနရုံးခ ကြီးကြပ်ရေး ဝန်ရုံးက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌာနရုံးခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ချမှတ်သည့်အမိန့်ကို တိုင်းတရားရုံးသို့ အယူခံမှု၊ သို့မဟုတ် ပြင်ဆင်မှု၊ သို့မဟုတ် လွှဲအပ်လွှာတင်သွင်းခွင့်မရှိပေ။ ထို့ကြောင့် တိုင်းတရားရုံးက ချမှတ်သည့်အမိန့်မှာ မိမိသို့ အပ်နှံထားသည့် အာဏာကို ကျော်လွန်၍ ဆောင်ရွက်ပြီး အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည့်အတွက် ယင်းအမိန့်ကို ပယ် ဖျက်ရမည်ဖြစ်သဖြင့် ပယ်ဖျက်လိုက်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးတင်အောင်၊ အဖွဲဝင်များအဖြစ် ဦးစိုးလှိုင်နှင့်ဦးသန့်စင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

မစောမြ (ခ) မသန်းနွဲ့
နှင့်
မချိုချိုမာ ပါ(၂)ဦး*

†၁၉၇၁
မတ်လ
၁၂ ရက်

မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ—အပတိဋ္ဌ သားသမီး၏ မွေးစား မိဘဋ္ဌ ဇနီး၊ သား၊ မြေး၊ မြစ်နှင့် ကိုတ်တိမ မွေးစားသားသမီးများ မရှိသောအခါမှသာလျှင် အပတိဋ္ဌ သားသမီးသည် မွေးစားမိဘ၏ အမွေကို ခံစားခွင့်ရှိခြင်း—တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်းဥပဒေ ၃ (ခ)—တရားစွဲဆိုသော တရားရုံး၏ စီရင်ပိုင်ခွင့် နယ်နိမိတ်အတွင်းတွင် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ကြောင်း အဆိုလွှာက ထုတ်ဖော်ပြဆိုထားခြင်းမရှိလျှင် လူမဲ့အဖြစ် လျှောက်လွှာကို ပယ်ချရမည်ဟု ပြဋ္ဌာန်းထားခြင်း။

ဆုံးဖြတ်ချက်။ ။မချိုချိုမာတင်သွင်းသော လူမဲ့အဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိသည့် အဆိုလွှာပါအဆိုပြုချက်များအရ ကွယ်လွန်သူ ဦးလှရွှေသည် မြန်မာ ဗုဒ္ဓဘာသာဖြစ်သဖြင့် ၎င်းကျန်ရစ်သော အမွေပစ္စည်းများအား အမွေဆက်ခံရေးကိစ္စမှာ မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့် သက်ဆိုင်ပေသည်။ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရဆိုလျှင် အပတိဋ္ဌ သားသမီး၏ မွေးစားမိဘဋ္ဌ ဇနီး၊ သား၊ မြေး မြစ်နှင့် ကိုတ်တိမ မွေးစား သားသမီးများ မရှိသောအခါမှသာလျှင် အပတိဋ္ဌ သားသမီးသည် မွေးစားမိဘ၏ အမွေကို ခံစားခွင့်ရှိပေသည်။ ဤအမှုတွင် အငြင်းမပွားသည့် အချက်မှာ လျှောက်ထားသူ မစောမြသည် ကွယ်လွန်သူ ဦးလှရွှေ၏ ဇနီးဖြစ်သဖြင့် အပတိဋ္ဌသမီးဖြစ်သော မချိုချိုမာသည် မိထွေးဖြစ်သူ မစောမြနှင့် ယှဉ်ပြိုင်၍ မွေးစားဖခင် ဦးလှရွှေ၏ အမွေကို ခံစားခွင့်မရှိပေ။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၃၂။

† ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှု အမှတ် ၃ တွင် ချမှတ်သော (၉-၃-၇၉) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၁ မစောမြ (ခ) မသန်းနဲ့ နှင့် မချိုချိုမာ ပါ (၂) ဦး

ထပ်မံဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၃၁၊ နည်း ဥပဒေ ၃ (ခ)တွင် တရားစွဲဆိုသော တရားရုံး၏ စီရင်ပိုင်ခွင့် နယ်နိမိတ် အတွင်းတွင် တရားစွဲဆိုရန် အကြောင်း ပေါ်ပေါက်ကြောင်း အဆို လွှာက ထုတ်ဖော်ပြဆိုထားခြင်း မရှိလျှင် လူမဲ့အဖြစ် လျှောက်လွှာကို ပယ်ချရမည်ဟု မြဋ္ဌာန်းထားသည်။

လျှောက်ထားသူအတွက် — ဦးဗိုလ်အေး၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးကျား၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်တရားရုံး၊ တရားမအထွေထွေမူ အမှတ် ၃/၇၅ တွဲ လျှောက်ထားခံရသူ မချိုချိုမာက ၎င်း၏ အနီး စပ်ဆုံးမိတ်ဆွေ ဒေါ်တင်မှတဆင့် လျှောက်ထားသူ မစောမြ (ခ) မသန်းနဲ့နှင့် မချိုတင်တို့အပေါ် ကွယ်လွန်သူ ဦးလှရွှေ ကျန်ရစ်သော အမွေပုံပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးစေရန်အတွက် လူမဲ့ အဖြစ် တရားစွဲဆိုခွင့်ပြုရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၁ အရ လျှောက်ထားရာ မြို့နယ်တရားရုံးက လျှောက်ထားချက်ကို ပလပ်လိုက် သည်။ မချိုချိုမာက မြို့နယ်တရားရုံး၏အမိန့်ကို မငြကျနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးတွင် ပြင်ဆင်မှု လျှောက်ထားရာ တိုင်းတရားရုံးက မချိုချိုမာအား လူမဲ့အဖြစ် တရားစွဲဆိုခွင့် ပြုလိုက်သောကြောင့် **မစောမြက** ဗဟိုတရားရုံးဟုဒ် ဤပြင်ဆင်မှုကို **လျှောက်ထားခြင်း ဖြစ်သည်။**

လျှောက်ထားခံရသူ မချိုချိုမာက မိမိသည် ကွယ်လွန်သူ ဦးလှရွှေ၏ အပတ်စဉ် သမီးဖြစ်ကြောင်း၊ လျှောက်ထားခံရသူ မချိုတင်မှာလည်း မိမိကဲ့သို့ ဦးလှရွှေ၏ မွေးစားသမီး တစ်ဦးဖြစ်ကြောင်း၊ လျှောက်ထားသူ မစောမြမှာ ဦးလှရွှေ၏ နှောင်ဇနီးဖြစ်ကြောင်း၊ ဦးလှရွှေ သည် ၁၆-၃-၂၄ နေ့တွင် ကွယ်လွန်သွားသဖြင့် ၎င်းကျန်ရစ်သော အမွေပုံ ပစ္စည်းများကို တရားရုံးက စီမံခန့်ခွဲပေးရန်အတွက် တရားမမှုစွဲဆိုလို ကြောင်း၊ မိမိသည် ရုံးခွန်ထမ်းဆောင်နိုင်ခြင်း မရှိသဖြင့် လူမဲ့အဖြစ် တရားစွဲဆိုခွင့် ပြုစေလိုကြောင်းဖြင့် လျှောက်ထားသည်။

မချိုချိုမာ တင်သွင်းသော လူမဲ့အဖြစ် တရားစွဲဆိုခွင့်ပြုရန် လျှောက်လွှာနှင့်အတူ ပူးတွဲပါရှိသည့် အဆိုလွှာပါ အဆိုပြုချက်များ အရ ကွယ်လွန်သူ ဦးလှရွှေသည် မြန်မာ ဗုဒ္ဓဘာသာဖြစ်သဖြင့် ၎င်း

ကျန်ရစ်သော အမွေပစ္စည်းများအား အမွေဆက်ခံရေးကိစ္စမှာ မြန်မာဓလေ့ထုံးတမ်း ဥပဒေနှင့်သက်ဆိုင်ပေသည်။ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရဆိုလျှင် အပတိဋ္ဌသားသမီး၏မွေးစားမိဘ၌ ဇနီး သား၊ မြေး၊ မြစ်နှင့် ကိုတ္တိမ မွေးစားသားသမီးများ မရှိသော အခါမှသာလျှင် အပတိဋ္ဌသားသမီးဘည် မွေးစားမိဘ၏ အမွေကို ခံစားခွင့်ရှိပေသည်။ ဤအမှုတွင် အငြင်းမပွားသည့်အချက်မှာ လျှောက်ထားသူ မစောမြသည် ကွယ်လွန်သူ ဦးလှရွှေ၏ ဇနီးဖြစ်သဖြင့် အပတိဋ္ဌသမီးဖြစ်သော မချိုချိုမာသည် မိထွေးဖြစ်သူ မစောမြနှင့် ယှဉ်ပြိုင်၍ မွေးစားဖခင် ဦးလှရွှေ၏အမွေကို ခံစားခွင့်မရှိပေ။ သို့ဖြစ်ရာ မချိုချိုမာသည် မစောမြအပေါ် ကွယ်လွန်သူ ဦးလှရွှေ၏အမွေကို ရလိုကြောင်း တရားစွဲဆိုခွင့်မရှိပေ။ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်းဥပဒေ ၃ (ခ) တွင် တရားစွဲဆိုသော တရားရုံး၏စီရင်ပိုင်ခွင့် နယ်နိမိတ်အတွင်းတွင် တရားစွဲဆိုရန်အကြောင်း ပေါ်ပေါက်ကြောင်း အဆိုလွှာက ထုတ်ဖော်ပြဆိုထားခြင်းမရှိလျှင် လူမဲ့အဖြစ် လျှောက်လွှာကို ပယ်ချရမည်ဟု ပြဋ္ဌာန်းထားသည်။ သို့ဖြစ်၍ မချိုချိုမာ၏ လျှောက်လွှာကို ယင်းနည်းဥပဒေအရ ပယ်ရမည်ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုလျှောက်လွှာကို စရိတ်နှင့်တကွ ခွင့်ပြု၍ မချိုချိုမာ၏လျှောက်လွှာကို ပယ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/- ဟု သတ်မှတ်သည်။

၁၉၈၁

မစောမြ (ခ) မဿန်းနှင့် မချိုချိုမာ ပါ(၂)ဦး

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်နှင့်ဦးစိုးလှိုင် တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၈၁
ဇန်နဝါရီလ
၁၅ရက်

ဦး စံကျော်
နှင့်
ဒေါ်စိန်စိန် *

မယားခေါ်လိုမှု စွဲဆိုသူသည် အပြစ်ကင်းစင်ရန် လိုခြင်း။

ဆုံးဖြတ်ချက်။ ။ဦးစံကျော်သည် ဒေါ်စိန်စိန်နှင့် နှစ်အတန်ကြာ အောင် အဆက်ဖြတ်ခဲ့သည့်အပြင် မယားဖြစ်သူအား ကျွေးမွေး ထောက်ပံ့ခြင်းလည်း မရှိခဲ့ချေ။ သို့ဖြစ်ရာ မယားဖြစ်သူ ဒေါ်စိန်စိန် သည်လင့်ဝတ္တရားပျက်ကွက်သော ဦးစံကျော်နှင့်ပြန်လည်ပေါင်းသင်းရန် အကြောင်းမဲ့ငြင်းဆန်သည်ဟု မဆိုနိုင်ပေ။ မြန်မာ ဓလေ့ထုံးတမ်း ဥပဒေအရဆိုလျှင် မယားခေါ်လိုမှု စွဲဆိုသူ တရားလိုသည် အပြစ်ကင်း စင်ဖို့ လိုပေသည်။ ဤအမှုတွင် ဦးစံကျော်သည် မယား ဖြစ်သူအား အချိန်အတန်ကြာ စွန့်ပစ်ခဲ့ကြောင်း ပေါ်ပေါက်နေသဖြင့် ရန်ကုန် တိုင်း တရားရုံးက အယူခံတရားလိုဏ် အမှုကို ပယ်လိုက်ခြင်းမှာ မှား ယွင်း ချက်ချော်သည်ဟု မဆိုနိုင်ပေ။

အယူခံတရားလိုအတွက် —ဦးဘတင် (ကိုယ်စား) ဦးထွန်းဖေ၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားမြို့င်အတွက် —ဦးထွန်းညို (ကိုယ်စား)ဦးမြင့်ဦး(၁)၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပ မြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၁/၇၅ တွင် အယူခံတရားလို ဦးစံကျော်က အယူခံတရားပြိုင် ဒေါ်စိန်စိန်အပေါ် မယားခေါ်လိုမှု စွဲဆိုရာ အနိုင်ရရှိသည်။ ဒေါ် စိန်စိန်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့်

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၁၅၈။

† ၁၉၇၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၉၀ တွင် ချမှတ်သော (၂၂-၆-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းတရားရုံးတွင် အယူခံဝင်သောအခါ တိုင်းတရားရုံးက ဦးစံကျော်၏အမှုကို ပလပ်လိုက်သောကြောင့် ဦးစံကျော်က ဗဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

၁၉၈၁
ဦးစံကျော်နှင့် ဒေါ်စိန်စိန်

အယူခံတရားလို ဦးစံကျော်က မိမိနှင့် အယူခံတရားပြိုင် ဒေါ်စိန်စိန်တို့သည် ဗုဒ္ဓဘာသာဝင် ရခိုင်လူမျိုး အိမ်ထောင်ကြီးများ ဖြစ်ကြ၍ ၁၉၆၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၅)ရက်နေ့တွင် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ ထိမ်းမြားလက်ထပ်ခဲ့ကြပြီး ပေါင်းသင်းလာခဲ့ရာ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လ ခန့်တွင် မိမိနှင့် ဒေါ်စိန်စိန်တို့သည် မိမိ၏ သားသမီးများနှင့် ပတ်သက်၍ ခိုက်ရန်ဖြစ်ပွားကြသောကြောင့် မိမိသည် မိမိသားသမီးများအား အခြားအိမ်တစ်အိမ်သို့ ပြောင်းရွှေ့ နေထိုင်စေပြီး များမကြာမီ တာဝန်ကျရာ နမ်းခမ်းမြို့သို့ ပြန်သွားခဲ့ကြောင်း၊ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလတွင် အစိုးရတာဝန်မှ အငြိမ်းစားယူပြီးနောက် ဒေါ်စိန်စိန်နှင့်အတူ နေထိုင်ရန် ဒေါ်စိန်စိန်ထံ ပြန်လာရာ ဒေါ်စိန်စိန်က အတွေ့မခံပဲ တိမ်းရှောင်နေသဖြင့် မိမိ၏သားသမီးများထံ သွားရောက်နေထိုင်ရကြောင်း၊ မိမိသည် ဒေါ်စိန်စိန်နှင့် ပြန်လည်ပေါင်းသင်းခွင့်ရရန် အမျိုးမျိုး ကြိုးစား သော်လည်း မအောင်မြင် သောကြောင့် လင်မယား ပြန်လည်ပေါင်းခွင့် ဒီကရီ ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဤအမှုတွင် အယူခံတရားလို ဦးစံကျော်သည် ဒေါ်စိန်စိန်နှင့် ပေါင်းသင်းလာခဲ့ရာ ၁၉၆၄ ခုနှစ်၊ ဇူလိုင်လခန့်တွင် ဒေါ်စိန်စိန်နှင့် ခိုက်ရန်ဖြစ်ပွားသဖြင့် နေအိမ်မှဆင်းလာခဲ့သည်။ ထိုစဉ်က အခွင့်နှင့်နေလျက်ရှိရာ ခွင့်ရက်စေ့သောအခါ ဦးစံကျော်သည် ဇနီးဖြစ်သူအား နှုတ်ဆက်ခြင်းမပြုပဲ နမ်းခမ်းမြို့သို့ ပြန်ခဲ့လေသည်။ ၁၉၆၆ ခုနှစ်၊ အောက်တိုဘာလတွင် တာဝန်မှ အငြိမ်းစားယူပြီးနောက် ဒေါ်စိန်စိန်ထံပြန်လာရာ ဒေါ်စိန်စိန်က အတွေ့မခံ၍ အတူမနေရကြောင်း ဦးစံကျော်က အဆိုလွှာတွင် ဖော်ပြထားသော်လည်း ထိုအချက်ကို ထင်ရှားအောင် မပြနိုင်ချေ။ ဒေါ်စိန်စိန်ဘက်မှ ပြန်လှန် မေးမြန်းချက်ကို ဖြေကြားရာ၌ ဦးစံကျော်က "၁၀ နှစ် ၁၀ မိုး လင်မယားဒေါ်လိုမှု တစ်ခါမျှ မလျော့က်ခဲ့ဖူးဆိုလျှင် ရုံးမှာမလျော့က်ခဲ့ပါ။ အပြင်တွင် ကျွန်တော် ကြိုးစားခဲ့ပါသည်။ ၁၀ နှစ် ၁၀ မိုးတွင် ကျွန်တော်ဘယ်နှစ်ခါကြိုးစားခဲ့သလဲဆိုလျှင် ၁၉၆၈ ခုနှစ်ကစပြီး ကြိုးစားခဲ့ပါတယ်။ ၁၉၆၇ ခုနှစ်မတိုင်မီက မကြိုးစားခဲ့ပါ။ မကြိုးစားသည်မှာ ပြတ်နေလို့ မကြိုးစား

အယူခံတရားလိုအတွက် — ဦးထွန်း၊ ပဟိုတရားရုံးချေခံ။
အယူခံတရားပြိုင်အတွက် — ဦးအုန်းမောင်၊ ပဟိုတရားရုံးချေခံ။

၁၉၁၀ ကိုစိုးနိုင်နှင့် ဦးဘာဘာ

ကျောက်မြောင်းရပ်ကွက်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၄/၇၅ တွင် အယူခံတရားပြိုင် ဦးဘာဘာက အယူခံတရားလို ဦးစိုးနိုင်အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့် ၁၂(၁)(စ)တို့အရ တရားစွဲဆို၍ အနိုင်ဒီကရီ ရရှိခဲ့သည်။ ဦးစိုးနိုင်က ယင်းအမိန့်ကို မကျေနပ်၍ တာမေမြို့နယ်တရားရုံး၊ တရားမအယူခံမှုအမှတ် ၁၁/၇၆တွင် အယူခံ ဝင်ခဲ့ရာ မြို့နယ်တရားရုံးက ရပ်ကွက်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ဦးဘာဘာ စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ ဦးဘာဘာက ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး တရားမ ဒုတိယအယူခံမှု အမှတ် ၁၆၂/၇၇ တွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလရပ်ကွက်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုလိုက်သည်။ ဦးစိုးနိုင်က ယင်းအမိန့်ကို မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤတတိယအယူခံမှုကို တင်သွင်းသည်။

အိမ်ရှင်ဖြစ်သည့် ဦးဘာဘာသည် အိမ်ငှားက ပေးသော အိမ်လခများကို လက်မခံပဲ နေသဖြင့် အိမ်လခကြေးများ ကျန်နေခြင်း ဖြစ်ပါသည်ဟု အယူခံတရားလို ဦးစိုးနိုင်က တင်ပြသည်။ အိမ်လခများမှန်မှန်ပေးရန် တာဝန်မှာ အိမ်ငှား၏ တာဝန်ဖြစ်သည်။ အိမ်ရှင်က လက်မခံလျှင် အိမ်ငှားသည် မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၆ အရ အိမ်လခများကို ငှားရမ်းခ ကြီးကြပ်ရေးရုံး၌ တင်သွင်းရန် တာဝန်ရှိပေသည်။ ဤတာဝန်ကို အိမ်ငှားဖြစ်သူ ဦးစိုးနိုင်က ပျက်ကွက်ခဲ့ခြင်း ဖြစ်သည်။ ယင်းကဲ့သို့ ပျက်ကွက်ခဲ့ခြင်းကြောင့် အိမ်လခကြေးများ ကျန်ရှိနေခြင်း ဖြစ်သည်။ ထို့ကြောင့် တိုင်းတရားရုံးက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ ဒီကရီ ချမှတ်ပေးခဲ့ခြင်းမှာ မှန်ကန်ပေသည်။

အိမ်ငှားဖြစ်သည့် အယူခံတရားလို ဦးစိုးနိုင်ဘက်က အယူခံတရားပြိုင် ဦးဘာဘာသည် အချင်းဖြစ်အိမ်ကို ၁၉၆၆ ခုနှစ်မှ ဝယ်သူဖြစ်သဖြင့် ၁၉၇၅ ခုနှစ်၊ မေလ (၁)ရက်နေ့ အလျင်က ပိုင်ရှင်မဟုတ်ခဲ့သောကြောင့် ပုဒ်မ ၁၂(၁)(စ) ခြွင်းချက်အရ ဒီကရီ မရထိုက်ပ

ဟု တင်ပြသည်။ ယင်းတင်ပြချက်နှင့် ပတ်သက်၍ တရားပြိုင်ဖြစ်ခဲ့သည့် အယူခံတရားလိုသည် မူလရုံးတွင် တင်သွင်းသည့် ချေလွှာ၌ ထည့်သွင်းမထုချေခဲ့သောကြောင့် အယူခံတရားပြိုင် ဦးဘာဘာသည် ၁၉၄၅ ခုနှစ်၊ မေလ ၁ ရက်နေ့ အလျင်က ပိုင်ရှင်ဟုတ်မဟုတ် ဟူသော အချက်နှင့် ပတ်သက်ပြီး ကောက်ချက် မထုတ်ခဲ့ရခြင်းဖြစ်၍ ယင်းအချက်ကို ယခုမှ ထည့်သွင်း မစဉ်းစားထိုက်ပါဟု အယူခံတရားပြိုင် ဦးဘာဘာဘက်က တင်ပြသည်။

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာဌာနရမ်းခ ကြိုးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)အရ စဲဆိုသည့် အမှုများတွင် တရားလိုသည် ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့ အလျင်က ပိုင်ရှင် ဟုတ် မဟုတ် ဟူသော အချက်နှင့် ပတ်သက်ပြီး ချေလွှာတွင် တရားပြိုင်က ထည့်သွင်း မထုချေခဲ့၍ ယင်းအချက်နှင့် ပတ်သက်ပြီး ကောက်ချက်မရှိလျှင် နောက်ပိုင်း၌ မူလတရားရုံးတွင် ဖြစ်စေ၊ အယူခံရုံးတွင် ဖြစ်စေ ယေဘုယျအားဖြင့် တရားလိုသည် ၁၉၄၅ ခုနှစ်၊ မေလ (၁) ရက်နေ့ အလျင်က ပိုင်ရှင်ဟုတ် မဟုတ် ဟူသော အချက်နှင့် ပတ်သက်ပြီး တရားရုံးက ထည့်သွင်း စဉ်းစားမည် မဟုတ်ပေ။ သို့သော် ချေလွှာတွင် ယင်းထုချေချက် မပါရှိ၍ ယင်းအချက်နှင့်ပတ်သက်ပြီးငြင်းချက်မထုတ်ခဲ့သော်လည်းအမှုစစ်ဆေးသည့်အခါ တရားလိုသည် ၁၉၄၅ ခုနှစ်၊မေလ(၁) ရက်နေ့ အလျင်က ပိုင်ရှင်မဟုတ်ခဲ့ကြောင်း ပေါ်လွင်ထင်ရှားလာလျှင် ယင်းအချက်ကို တရားရုံးက လျစ်လျူမရှုနိုင်ပေ။ ပုဒ်မ ၁၂(၁)(စ)၏ ခြွင်းချက်အရ ဒီကရီ ချပေးနိုင်မည် မဟုတ်ချေ။

ယခုအမှုတွင် တရားပြိုင်ပြ သက်သေ ဦးကျော်သိန်းက အချင်းဖြစ်ဥပစာကို ဦးစိုးနိုင်သည် မူလအိမ်ရှင် ဒေါ်သိန်းန္ဓေထံမှ ၁၉၆၄ ခုနှစ်က စ၍ ငှားရမ်းခဲ့ကြောင်း၊ ဦးဘာဘာသည် အချင်းဖြစ်အိမ်ကို ၁၉၆၆ ခုနှစ်မှ ဒေါ်သိန်းန္ဓေထံမှ ဝယ်ခဲ့ကြောင်း၊ထိုသို့ ဝယ်ပြီးနောက် ဦးဘာဘာက ဦးစိုးနိုင်အား ဆက်လက်၍ ငှားပြီး အိမ်ရှင် အိမ်ငှား စာချုပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း ထွက်ဆိုထားသည်။အယူခံတရားပြိုင်ဦးဘာဘာသည် ယခုအမှုကို မစွဲဆိုမီ သက်သေခံအမှတ် (၁)နှိုတစ်စာနှင့် သက်သေခံအမှတ်(၁)နှိုတစ်စာများကို ဦးစိုးနိုင်ထံ ပေးပို့ခဲ့သည်။ ယင်းနှိုတစ်စာများအရ ဦးဘာဘာက ယင်းအိမ်ကို ဝယ်လိုက်သည့်အခါ ဦးစိုးနိုင်သည် ယခင် အိမ်ရှင်၏ အိမ်ငှားဖြစ်သဖြင့် ဦးစိုးနိုင်ကို အိမ်ငှားအဖြစ်ဖြင့် ဆက်လက်ငှားရမ်းရန် သဘောတူခဲ့ပြီး အိမ်ရှင် အိမ်ငှားစာချုပ် သက်သေခံ

၁၉၁၁
ဦးစိုးနှိုင်
နှင့်
ဦးဘာဘာ

အမှတ် (က)ကို ချုပ်ဆိုခဲ့ကြောင်း ပေါ်လွင်ပေသည်။ ထို့ကြောင့် ဦးကျော်သိန်း၏ ထွက်ဆိုချက်၊ သက်သေခံအမှတ် (က)၏ နေ့စဲ့နှင့် သက်သေခံ(ခ)နှင့် (ဂ)တွင် ပါရှိသည့် အချက်များအရ ဦးဘာဘာသည် အချင်းဖြစ်ဥပစာကို ၁၉၆၆ ခုနှစ်မှ ဝယ်ယူခဲ့ကြောင်း ပေါ်လွင် ထင်ရှားသဖြင့် ဦးဘာဘာသည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂ (၁) (စ) ၏ ခြွင်းချက်တွင် ပါရှိသည့် ပြဋ္ဌာန်းချက်အရ ယင်းပုဒ်မ ၁၂(၁) (စ) အရ ဒီကရီရထိုက်သူ တစ်ဦး မဖြစ်နိုင်တော့ပေ။

သို့ဖြစ်၍ တိုင်းတရားရုံးက ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)အရ ချမှတ်ပေးသည့် ဒီကရီကို ပယ်ဖျက်ပြီး ပုဒ်မ ၁၂(၁)(က)အရ ချမှတ်ပေးခဲ့သည့် ဒီကရီကိုသာ အတည်ပြုသည်။ အမှုသည်များသည် မိမိတို့ကုန်ကျသည့် စရိတ်များကို မိမိတို့ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

ကရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲ့ဝင်များအဖြစ် ဦးခင်အုန်းနှင့် ဦးမန်းစံမြတ်ရွှေ တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါစိန်ရင်ပါ (၂)ဦး
နှင့်
ဦးမောင်မောင်ကြီး*

† ၁၉၈၁
ဩဂုတ်လ
၁၅ ရက်

သက်သေခံအက်ဥပဒေ— သက်သေပြရန် တာဝန်ရှိသော စကားရပ်နှင့် ပတ်သက်၍ အဓိပ္ပာယ် နှစ်မျိုးနှစ်စား ရှိခြင်း— ပထမအမျိုးမှာ မည်သူကစတင်၍ သက်သေပြရမည်ဆိုသော ကိစ္စဖြစ်ပြီး ဒုတိယအမျိုးမှာ စွဲဆိုသောအမှုထင်ရှားအောင် သက်သေပြရမည့်တာဝန်ဖြစ်ခြင်း— ထိုကိစ္စသည် အမှုသည် တစ်ဦးဦးအပေါ်၌ တသမတ်တည်း မတည်ရှိခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေပြရန် တာဝန်ရှိသော စကားရပ်နှင့် ပတ်သက်၍ အဓိပ္ပာယ် နှစ်မျိုးနှစ်စား ရှိပေသည်။ ပထမအမျိုးမှာ မည်သူက စတင်၍ သက်သေပြရမည်ဆိုသော ကိစ္စဖြစ်ပြီး ဒုတိယအမျိုးမှာ စွဲဆိုသောအမှု ထင်ရှားအောင် သက်သေပြရမည့် တာဝန်ဖြစ်ပေသည်။ မည်သူက စတင်၍ သက်သေပြရမည် ဆိုသည့် ကိစ္စသည် ကျင့်ထုံးတစ်ရပ်သာဖြစ်သည်။ ထိုကိစ္စသည် အမှုသည်တစ်ဦးဦးအပေါ်၌ တသမတ်တည်း မတည်ရှိပေ။ သက်သေအထောက်အထားများ တင်ပြလာကြသည်နှင့်အမျှ အမှုသည်အသီးသီးအပေါ်၌ တာဝန်ပြောင်းလဲကျရောက်နိုင်ပေသည်။ ထို့ကြောင့် တရားမမှုတိုင်းတွင် တရားလိုသည် သက်သေစတင်ပြရန် တာဝန်ရှိသည်မဟုတ်ပေ။ ဤအမှုတွင် လျှောက်ထားသူ ဒေါစိန်ရင်က ၎င်းထံ ဦးမောင်မောင်ကြီးသည် ၆ လအတွက် ငွေများအပ်နှံထားသည်ဆိုသည်မှာ မဟုတ်ကြောင်း၊ ၎င်းက အပေါင်ပစ္စည်းများပေးပြီး ငွေကျပ် ၃၅၀၀၀/-ကို ချေးယူခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ဦးမောင်မောင်ကြီးသည် အတိုးနှင့် ငွေချေးစားသူဖြစ်ပြီး

---

* ၁၉၇၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၂၂။

† ၁၉၇၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၂ (သန့်လျင်)တွင် ချမှတ်သော (၂၂-၁၀-၇၉)၂ နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ အပိုဒ်ကို ပြင်ဆင်မှု။

၁၉၀၁ ဒေါ်စိန်ရင် ပါ(၂)ဦး နှင့် ဦးမောင်မောင်ကြီး

မှတ်ပုံတင်ထားသူမဟုတ်သောကြောင့် ငွေချေးစားသူများ ဥပဒေပုဒ်မ ၉ အရ ဒီကရီမရထိုက်ကြောင်း ထုချေထားသဖြင့် ယင်းထုချေချက် မှန်ကန်ကြောင်း ထင်ရှားအောင် သက်သေပြရန် တရားပြိုင်တွင် တာဝန်ရှိသည်။ တရားပြိုင်က တရားလို၏အဆိုပြုချက်ကို ဝန်ခံပြီး အကြောင်းတစုံတရာကြောင့် တရားလိုသည် ၎င်းတောင်းဆိုသည့် သက်သာခွင့်ကို မရထိုက်ပါဟု ဆိုလာလျှင် ထိုအကြောင်း တစုံတရာကို ထင်ရှားအောင် သက်သေပြရန် တရားပြိုင်တွင် တာဝန်ရှိကြောင်း၊ တရားပြိုင်ဘက်မှအမှုကို စတင်စစ်ဆေးရမည်ဖြစ်ကြောင်း သက်သေခံအက်ဥပဒေပုဒ်မ ၁၀၂ နှင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၈၊ နည်းဥပဒေ ၁ တို့တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

လျှောက်ထားသူများအတွက်— ဒေါ်ကြည်ကြည်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဒေါ် သန်း သန်း၊ ဗဟို တရားရုံးရှေ့နေ။

ရန်ကုန်တိုင်း၊ တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၂၂/၃၉ တွင် ဦးမောင်မောင်ကြီးက တရားလိုပြုလုပ်ပြီး ဒေါ်စိန်ရင်နှင့် ဦးထွန်းလွင်တို့နှစ်ဦးအပေါ် ဖ လအတွက် အပ်နှံထားသည့်ငွေ ကျပ် ၄၁၉၀၀/- ရလိုကြောင်းတရားစွဲဆိုသည်။ တိုင်းတရားရုံးက ငြင်းချက်များထုတ်ပြီး နောက် တရားပြိုင်များဖြစ်ကြသည့် ဒေါ်စိန်ရင်နှင့် ဦးထွန်းလွင်တို့အား စတင်စစ်ဆေးမည်ဖြစ်ကြောင်း ၂၉-၁၀-၃၉ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။ ဒေါ်စိန်ရင်တို့နှစ်ဦးက တိုင်းတရားရုံး၏ အမိန့်ကို မကျေနပ်သောကြောင့် ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်းဖြစ်သည်။

ဦးမောင်မောင်ကြီးက ၎င်းပိုင်ငွေကျပ် ၄၁၉၀၀/- ကို ဒေါ်စိန်ရင်ထံ ဖ လ သိမ်းဆည်းထားရန်အပ်နှံခဲ့ကြောင်း၊ ဆိုငွေများကို ပြန်လည်တောင်းသောအခါ ဒေါ်စိန်ရင်က ပြန်မပေးကြောင်း အဆိုပြုလျက် ထိုငွေများပြန်ရရန်အလို့ငှာ ဒေါ်စိန်ရင်နှင့် ခင်ပွန်း ဦးထွန်းလွင်တို့အပေါ် တရားစွဲဆိုခြင်းဖြစ်သည်။

ဦးထွန်းလွင်က အမှုတွင် ၎င်းအား တရားပြိုင်တစ်ဦးအဖြစ် ထည့်သွင်းထားခြင်းမှာ မှားယွင်းနေသည့်အတွက် အမှုမှ နှုတ်ပယ်ပေးရန် ချေပခဲ့သည်ကို တိုင်းတရားရုံးက ခွင့်မပြုခဲ့ပေ။

၁၉၀၁
ဒေါ်စိန်ရင်၏ ပါ(၂) ဦးနှင့် ဦးမောင်မောင်ကြီး

ဒေါ်စိန်ရင်က မိမိထံ ဦးမောင်မောင်ကြီးက ငွေကျပ် ၄၁၉၀၀/- ကို ၆ လ သိမ်းဆည်းထားရန် အပ်နှံခြင်း မဟုတ်ကြောင်း၊ မိမိသည် ဦးမောင်မောင်ကြီးထံမှ ငွေကျပ် ၃၅၀၀၀/-ကို မြေဂရုံနှင့် ကျောက်လက်ကောက်တစ်ရုံကို အာပေါင်ပစ္စည်းအဖြစ်ပေးပြီး အတိုးနှုန်းချေးယူခဲ့ခြင်းသာဖြစ်ကြောင်း၊ အရင်းနှင့် အတိုး စုစုပေါင်း မှာ ၆ လ အတွက် ငွေကျပ် ၄၁၉၀၀/-ဖြစ်ကြောင်း၊ ဦးမောင်မောင်ကြီးသည် အတိုးနှုန်း ငွေချေးစားသူဖြစ်၍ ငွေချေးစားသူများ အက်ဥပဒေအရ မှတ်ပုံတင်ထားသူ မဟုတ်သောကြောင့် ယင်းဥပဒေပုဒ်မ ၉ အရ ဒီကရီမရထိုက်ကြောင်း ချေပသည်။

တိုင်းတရားရုံးက ငြင်းချက် ၄ ရပ် ထုတ်ပြီး မူလရုံးတရားလို ဦးမောင်မောင်ကြီးနှင့် သက်သေများကို စစ်ဆေးရန် ၂၅-၆-၇၉ ရက်နေ့က အမိန့်ချမှတ်ခဲ့သည်။ ဦးမောင်မောင်ကြီးအား စစ်ဆေးရန် ချိန်းဆိုသည့် နေ့တွင် ဦးမောင်မောင်ကြီးက သက်သေပြရန် တာဝန်နှင့် စပ်လျဉ်း၍ တရားပြိုင်ဘက်မှ စတင်စစ်ဆေးရန် လျှောက်လွှာတင်သည်။ ယင်းလျှောက်ထားချက်နှင့် ပတ်သက်ပြီး နှစ်ဘက်အကျိုးဆောင်ကြီးများ၏ လျှောက်လဲချက်ကို ကြားနာ၍ တရားလို ဦးမောင်မောင်ကြီးတို့ဘက်မှ စတင်စစ်ဆေးရန် ချမှတ်သည့် အမိန့်အား ပယ်ဖျက်၍ တရားပြိုင်များဘက်မှ အမှုကို စတင်စစ်ဆေးမည် ဖြစ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

လျှောက်ထားသူ ဒေါ်စိန်ရင်တို့ နှစ်ဦးက ပြင်ဆင်မှု တင်သွင်းကြရာတွင် မူလရုံး တရားလို၏ အဆိုပြုချက်များကို ငြင်းကွယ်ထားသည့် အတွက် မူလရုံး တရားလိုဘက်မှ စတင်ပြီး သက်သေထူပြရမည် ဖြစ်ကြောင်း၊ လျှောက်ထားသူ မူလရုံး တရားပြိုင်များဘက်မှ စတင်၍ သက်သေထူရမည် ဖြစ်ကြောင်း တိုင်းတရားရုံးက အမိန့်ချမှတ်ထားသည်မှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၁၈ နည်း ဥပဒေ၊ ၁ နှင့် ၂ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေကြောင်းဖြင့် အဓိက အကြောင်းပြချက်များအဖြစ် တင်ပြသည်။

သက်သေပြရန် တာဝန်ရှိသော စကားရပ်နှင့် ပတ်သက်၍ အဓိပ္ပာယ်နှစ်မျိုးနှစ်စားရှိပေသည်။ ပထမအမျိုးမှာ မည်သူက စတင်၍ သက်သေပြရမည်ဆိုသော ကိစ္စဖြစ်ပြီး ဒုတိယအမျိုးမှာ စွဲဆိုသော အမှုထင်ရှားအောင် သက်သေပြရမည့် တာဝန်ဖြစ်ပေသည်။ မည်သူက စတင်၍ သက်သေပြရမည်ဆိုသည့် ကိစ္စသည် ကျင့်ထုံးတစ်ရပ်သာ ဖြစ်သည်။

၁၉၈၁
ဒေါ်စိန်ရင်
ပါ(၂၂) ဦး
နှင့်
ဦးမောင်
မောင်ကြီး

ထိုကိစ္စသည် အမှုသည်တစ်ဦးဦးအပေါ်၌ ဘသမတ်တည်း မတည်ရှိပေ။ သက်သေ အထောက်အထားများ တင်ပြလာကြသည်နှင့်အမျှ အမှုသည်အသီးသီးပေါ်၌ စာဝန်ပြောင်းလဲ ကျရောက်နိုင်ပေသည်။ ထို့ကြောင့် တရားမမှုတိုင်းတွင် တရားလိုသည် သက်သေ စတင် တင်ပြရန် တာဝန်ရှိသည် မဟုတ်ပေ။ ဤအမှုတွင် လျှောက်ထားသူ ဒေါ်စိန်ရင်က ၎င်းထံ ဦးမောင်မောင်ကြီးသည် ၆ အတွက် ငွေများ အပ်နှံထားသည် ဆိုသည်မှာ မဟုတ်ကြောင်း၊ ၎င်းက အပေါင်ပစ္စည်းများပေးပြီး ငွေကျပ် ၃၅၀၀၀/-ကို ချေးယူခဲ့ခြင်းသာ ဖြစ်ကြောင်း၊ ဦးမောင်မောင်ကြီးသည် အတိုးနှင့် ငွေချေးစားသူ ဖြစ်ပြီး မှတ်ပုံတင်ထားသူ မဟုတ်သောကြောင့် ငွေချေးစားသူများ ဥပဒေပုဒ်မ ၉ အရ ဒီကရီ မရထိုက်ကြောင်း ထုချထားသဖြင့် ယင်းထုချေချက် မှန်ကန်ကြောင်း ထင်ရှားအောင် သက်သေပြရန် တရားပြိုင်တွင် တာဝန်ရှိသည်။ တရားပြိုင်က တရားလို၏ အဆိုပြုချက်ကို ဝန်ခံပြီး အကြောင်းတစုံတရာကြောင့် တရားလိုသည် ၎င်းတောင်းဆိုသည့် သက်သာခွင့်ကို မရထိုက်ပါဟု ဆိုလာလျှင် ထိုအကြောင်းတစုံတရာကို ထင်ရှားအောင် သက်သေပြရန် တရားပြိုင်တွင် တာဝန်ရှိကြောင်း၊ တရားပြိုင်ဘက်မှ အမှုကို စတင်စစ်ဆေးရမည် ဖြစ်ကြောင်း သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၂ နှင့် တရားမ ကျင့်ထုံးဥပဒေအမိန့် ၁၈၊ နည်းဥပဒေ-၁ တို့တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

အဆိုလွှာ အချေလွှာနှင့် ငြင်းချက်များကို သုံးသပ်ကြည့်သော အခါ တရားပြိုင်ဘက်မှ ငြင်းချက်များနှင့် ပတ်သက်၍ သက်သေ ထင်ရှားပြရန် တာဝန်ရှိကြောင်းနှင့် ဒေါ်စိန်ရင်တို့ဘက်မှ အမှုကို စတင်စစ်ဆေးရန် ဖြစ်ကြောင်း သုံးသပ်ထားသည့် တိုင်းတရားရုံး၏ အမိန့်သည် သက်သေခံ အက်ဥပဒေပုဒ်မ ၁၀၂ နှင့် တရားမကျင့်ထုံး ဥပဒေအမိန့် ၁၈၊ နည်းဥပဒေ-၁ တို့ပါပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင် သည်ဟု မဆိုနိုင်ပေ။

အမှုတွဲကို လေ့လာကြည့်သောအခါ တရားလိုဘက်မှ စတင်စစ်ဆေး ရန် ၂၅-၆-၇၉ ရက်နေ့တွင် တိုင်းတရားရုံးက အမိန့် ချခဲ့သည်။ ထို့နောက် တရားပြိုင်ဘက်မှ စတင်စစ်ဆေးပေးရန် တရားလို ဦးမောင် မောင်ကြီးက လျှောက်လွှာတင်ခဲ့သည်။ ယင်းလျှောက်ထားချက်အရ တိုင်းတရားရုံးက နှစ်ဘက်အကျိုးဆောင်ကြီးများ၏ လျှောက်လဲချက် များကို ကြားနာပြီးမှ အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သဖြင့် တိုင်းတရားရုံး

၏ အမိန့်သည် တရားမ ကျင့်ထုံးဥပဒေပုဒ်မ ၁၁၄ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်သည်ဟု မဆိုနိုင်ပေ။

၁၉၈၁
ဒေါ်စိန်ရင် ပါ(၂)ဦး နှင့် ဦးမောင်မောင်ကြီး

အထက်ဖော်ပြပါ အချက်များအရ တိုင်းတရားရုံး၏ အမိန့်သည် လွဲမှားချွတ်ချော်သည်ဟု မဆိုနိုင်သဖြင့် ယင်းအမိန့်ကို ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိသောကြောင့် လျှောက်ထားသူ ဒေါ်စိန်ရင်တို့၏ ပြင်ဆင်မှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော မဟိတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၁ မေလ ၂၁ ရက်

ဦးစိန်ဝင်း ပါ (၇)ဦး နှင့် ဒေါ်ကြင်မြို့ဝင်*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနခန်းကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၂(၁)(စ)–ကရားမစွဲပြီ ၁၀ နှစ်လောက်က အိမ်ရောင်းမည်ဟု ပြောခဲ့စေကာမူ ဥပဒေက အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရလိုသည်ဟု အိမ်ရှင်က အထောက်အထားရှိလျှင် မိမိ၏ အိမ်ကို ပြန်ရပိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်း။

ဆုံးဖြတ်ချက်။ ။ဥပဒေက အကြောင်းအားလျော်စွာ ရိုးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်ကိစ္စအတွက် သက်သက်ရယူလိုသည်ဟု အိမ်ရှင်က အထောက်အထားရှိလျှင် မိမိ၏ အိမ်ကို ပြန်ရပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ တို့ကြောင့် ယခုအမှုတွင် အယူခံတရားလို တစ်ဦးဖြစ်သည့် ဒေါ်ခြစ်ချစ်က ၁၀ နှစ်လောက်က အိမ်ကို ရောင်းမည်ဟု ပြောခဲ့သည့် ဆိုစေကာမူ ယင်းကဲ့သို့ ပြောခဲ့ခြင်းကြောင့် အယူခံတရားလို တစ်ဦးဖြစ်သည့် ဦးစောမောင်သည် အချင်းဖြစ်အိမ်ကို ရိုးဖြောင့်သော သဘောဖြင့် ကိုယ်တိုင် နေထိုင်ရန် မဟုတ်ဟု မဆိုနိုင်ချေ။ ဥပဒေက ပြဋ္ဌာန်းထားသည့် အချက်များနှင့် ကိုက်ညီလျှစ်လျူပြန်ရထိုက်သည်။

အယူခံတရားလိုများအတွက် – ဦးစိန်မောင်၊ ဦးမြင့်လွင်၊ ပဟိုတရားရုံးရှေ့နေများ။

အယူခံတရားပြိုင်များအတွက် – ဦးထွန်း(ပုသိမ်)၊ ဦးခင်မောင်ရီ၊ ပဟိုတရားရုံးရှေ့နေများ။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၇၁။

† ၁၉၇၉ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၄၆ တွင် ချမှတ်သော (၁၂-၁၁-၇၉) နေ့စွဲပါ ရောဝတီတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီထို အယူခံမှု။

၁၉၀၁

ဦးစိန်ဝင်း ပါ(၇)ဦးနှင့် ဒေါ်ကြင်မြို၌

ပုသိမ်အနောက်ပိုင်း မြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၁၆/၇၇ တွင် အယူခံတရားလို ဦးစိန်ဝင်းပါ ၇ ဦးတို့က အယူခံတရားပြိုင် ဒေါ်ကြင်မြို့အပေါ် ၁၉၆၀ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)အရ တရားစွဲဆိုခဲ့ရာ ပလပ်ခြင်းခံရသဖြင့် ဆော်တီတိုင်း တရားရုံး တရားမ အယူခံမှုအမှတ် ၄၆/၇၉ တွင် ဦးစိန်ဝင်းတို့က အယူခံဝင်ရာ ဆက်လက် အရေးနိမ့်ခဲ့သဖြင့် ဗဟိုတရားရုံးသို့ ဤဒုတိယ အယူခံမှု တင်သွင်းခြင်းဖြစ်သည်။

အချင်းဖြစ် ဥပစာကို အယူခံတရားလို မောင်နှမ(၇)ဦးပိုင်ကြောင်းမှာ အငြင်းမထွက်ချေ။ အမွေဆက်ခံခြင်းဖြင့် ပိုင်ဆိုင်သူများ ဖြစ်သဖြင့် ၁၉၆၀ ပြည့်နှစ်၊မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (စ)အရ တရားစွဲဆိုခွင့် ရှိကြောင်းမှာလည်း အငြင်းမထွက်ချေ။ အယူခံတရားလိုများအနက် ဦးစောမောင်သည် အစိုးရဝန်ထမ်းမှ အငြိမ်းစားယူသဖြင့် အိမ်နေရန် မရှိရှိ အချင်းဖြစ်အိမ်ကို မိမိကိုယ်တိုင် နေရန် လိုအပ်ကြောင်းမှာလည်း မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့၏ စီရင်ချက်များတွင် ပေါ်လွင်သည်။ သို့သော် အချင်းဖြစ်အိမ်ကို ရောင်းစားမည် ဖြစ်ခြင်းကြောင့် သဘောရိုးဖြင့် ရယူလိုခြင်း မဟုတ်ဟု ယူဆပြီး ဦးစိန်ဝင်းတို့၏ အမှုကို ပလပ်လိုက်ခဲ့ကြောင်း တွေ့ရသည်။

အချင်းဖြစ်အိမ်ကို အယူခံတရားလိုတို့က ရောင်းစားမည်ဟု ဆိုသည့် အချက်နှင့် ပတ်သက်ပြီး(၁၀) နှစ်လောက်ခန့်က အယူခံတရားပြိုင်ကို ဝယ်မလားဟု မေးမိကြောင်း အယူခံတရားလို တစ်ဦးဖြစ်သည့် ဒေါ်ချစ်ချစ်၏ ဝန်ခံချက်သာ ရှိသည်။ နောက်ပိုင်းတွင် အချင်းဖြစ်အိမ်ကို အယူခံတရားလိုတို့က ရောင်းရန် တိကိုကျကျ စကားကမ်းလှမ်းကြောင်း သက်သေခိုင်လုံစွာ မရှိပေ။

ဥပဒေက အကြောင်းအားလျော်စွာ ရှိးဖြောင့်သော သဘောဖြင့် မိမိကိုယ်တိုင် နေထိုင်ရန် ကိုစွအတွက် သက်သက် ရယူလိုသည်ဟု အိမ်ရှင်က အထောက်အထားရှိလျှင် မိမိ၏ အိမ်ကို ပြန်ရပိုင်ခွင့် ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ ထို့ကြောင့် ယခုအမှုတွင် အယူခံတရားလိုတစ်ဦးဖြစ်သည့် ဒေါ်ချစ်ချစ်က ၁၀ နှစ်လောက်က အိမ်ကို ရောင်းမည်ဟု ပြောခဲ့သည် ဆိုစေကာမူ ယင်းကဲ့သို့ ပြောခဲ့ခြင်းကြောင့် အယူခံတရားလို တစ်ဦးဖြစ်သည့် ဦးစောမောင်သည် အချင်းဖြစ် အိမ်ကို ရှိးဖြောင့်

၁၉၈၁
ဦးဆင်
နှင့်
ဒေါ်ရင်ရွှေ

တို့၏ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍ အဆုံးအဖြတ် မပေးနိုင်ပေ။ ဤအမှုတွင် မူလအမှုမှ တရားပြိုင်တစ်ဦးဖြစ်သော ဒေါ်ရင်ရွှေသည် မိမိရလိုသော ဝေစုအတွက် ရုံးခွန်ထမ်းဆောင်ခြင်းမပြုသည့်အလျောက်အပြီးသတ်ဒီကရီချမှတ်ရာ၌ ၎င်း၏ ဝေစု မည်ရွှေ့ မည်မျှဖြစ်သည်ဟု အဆုံးအဖြတ်ပေးရန်မလိုပေ။ သို့ဖြစ်၍ မြို့နယ်တရားရုံးက မူလအမှုတွင် အပြီးသတ်ဒီကရီချမှတ်ရာ၌ လျှောက်ထားခံရသူ ဒေါ်ရင်ရွှေသည် အချင်းဖြစ်ပစ္စည်းများ၏ တစ်ရာပုံ သုံးပုံရထိုက်သည်ဟု အဆုံးအဖြတ်ပေးခြင်းမှာ မှားယွင်းသည်ဟု ဆိုရပေမည်။ မြို့နယ်တရားရုံး၏ ဒီကရီကို သက်ဆိုင်ရာအမှုသည်များက အယူခံဝင်ရောက်သည်ဟု ဇာရီလျှောက်လွှာတွင် ဖော်ပြထားသော်လည်း အယူခံရုံးက ပြင်ဆင် ပြောင်းလဲ ခဲ့ဟန်မတူပေ။ သို့ဖြစ်၍ မြို့နယ်တရားရုံး၏ ဒီကရီမှာ အတည်ဖြစ်လျက်ရှိပေသည်။ ထို့ကြောင့် လျှောက်ထားခံရသူသည် ရုံးခွန်ထမ်းဆောင်ခဲ့ခြင်းမရှိသည်ကို အကြောင်းပြုပြီး ဒီကရီကို အတည်ပြုခွင့် မရှိဟု မဆိုနိုင်ပေ။

သို့သော် မြို့နယ်တရားရုံးအနေဖြင့် ဒေါ်ရင်ရွှေထံမှ ကျသင့်သော ရုံးခွန်ကို တောင်းခံသင့်ပေသည်။ တိုင်းတရားရုံးက ဒေါ်ရင်ရွှေ ရရန်ရှိသည့် အမွေစု၏တန်ဖိုးကို အတိအကျမသိနိုင်သေး၍ တန်ဖိုးတွက်ချက်သိရှိပြီးမှသာ ရုံးခွန် ထမ်းဆောင်စေသင့်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ မူလအမှုကြီးတွင် အချင်းဖြစ်ပစ္စည်းတစ်ရပ်လုံး၏ တန်ဖိုးခန့်မှန်းခြေကို ဖော်ပြရသည်ဖြစ်ရာ ယင်းတန်ဖိုး၏ တစ်ရာပုံ သုံးပုံကို တွက်ချက်ကာ ကျသင့်သည့်ရုံးခွန်ကို ဒေါ်ရင်ရွှေထံမှ တောင်းခံသင့်ပေသည်။

ထပ်မံဆုံးဖြတ်ချက်။ ။မူလရုံးကချမှတ်သော အမိန့်သည် လည်းကောင်း၊ တိုင်းတရားရုံးက ချမှတ်သော အမိန့်သည် လည်းကောင်း အပြီးသတ်ဒီကရီကို အတည်ပြုရာတွင် ပေါ်ပေါက်လာသော ပြဿနာနှင့် ပတ်သက်၍ ချမှတ်သော အမိန့်ဖြစ်သဖြင့် ယင်း အမိန့်များမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၂ (၂)/၄၇ အရ အယူခံဝင်ခွင့်ရှိသော ဒီကရီဖြစ်သောကြောင့် လျှောက်ထားသူသည် ယင်းဒီကရီတို့ကို အဆင့်ဆင့်အယူခံမဝင်ပဲ ပြင်ဆင်မှုလျှောက်ထားခွင့် မရှိပေ။

လျှောက်ထားသူအတွက် —ဦးတင်မောင်(ကိုယ်စား) ဒေါ်ခင်ခင်အေး၊ ဗဟိုတရားရုံးရွှေနေ။

လျှောက်ထားခံရသူအတွက် —ဦးခဇ်မောင်၊ ဗဟိုတရားရုံးရွှေနေ။

ဒီကရီတစ်ရပ်ကို ကျေအေး ပြေငြိမ်းသည်အထိ အပြည့်အဝ အတည်
၁၉၈၁ မပြုနိုင်မီ တရားရှုံး တစ်ဦးဦး ကွယ်လွန်သွားလျှင် တရားနိုင်သည်
ဦးဆင် တရားရှုံး၏ တရားဝင်ကိုယ်စားလှယ်အပေါ် ယင်းဒီကရီကို အတည်
နှင့် ပြုပေးရန် လျှောက်ထားနိုင်ကြောင်း တရားမကျင့်ထုံး ဥပဒေပုဒ်မ
ဒေါ်ရင်ရွှေ ၅၀(၁) တွင် ပြဋ္ဌာန်းထားရာ လျှောက်ထားခံရသူက လျှောက်ထား
သူအပေါ် ဒီကရီကို အတည်ပြုခွင့် ရှိပေသည်။

အမွေပုံကို စီမံခန့်ခွဲပေးစေလိုမှုတွင် တရားလိုသည် ရုံးခွန်ထမ်းဆောင်
၍ ၎င်း၏ရပိုင်ခွင့်များကို အဆုံးအဖြတ်ရယူသည်။ တရားပြိုင်များမှာမူ
ယေဘုယျအားဖြင့် မိမိတို့၏ ရပိုင်ခွင့်များအတွက် ရုံးခွန်ထမ်းဆောင်၍
အရေးဆိုလေ့မရှိသဖြင့် အမှုတွင် ၎င်းတို့၏ ရပိုင်ခွင့်များနှင့် စပ်လျဉ်း၍
အဆုံးအဖြတ်မပေးနိုင်ပေ။ ဤအမှုတွင် မူလအမှုမှ တရားပြိုင်တစ်ဦး
ဖြစ်သော ဒေါ်ရင်ရွှေသည် မိမိရလိုသော ဝေစုအတွက် ရုံးခွန် ထမ်း
ဆောင်ခြင်း မပြုသည့်အလျောက် အပြီးသတ်ဒီကရီချမှတ်ရာ၌ ၎င်း၏
ဝေစုမည်ရွှေ့ မည်မျှ ဖြစ်သည်ဟု အဆုံးအဖြတ်ပေးရန်မလိုပေ။ သို့ဖြစ်၍
မြို့နယ်တရားရုံး မူလအမှုတွင် အပြီးသတ်ဒီကရီ ချမှတ်ရာ၌ လျှောက်
ထားခံရသူ ဒေါ်ရင်ရွှေသည် အချင်းဖြစ်ပစ္စည်းများ၏ တစ်ရာပုံ သုံးပုံ
ရထိုက်သည်ဟု အဆုံးအဖြတ်ပေးခြင်းမှာ မှားယွင်းသည်ဟုဆိုရပေမည်။
မြို့နယ်တရားရုံး၏ ဒီကရီကို သက်ဆိုင်ရာ အမှုသည်များက အယူခံဝင်
ရောက်သည်ဟု ဇာရီလျှောက်လွှာတွင် ဖော်ပြထားသော်လည်း အယူခံ
ရုံးက ပြင်ဆင်ပြောင်းလဲခဲ့ဟန်မတူပေ။ သို့ဖြစ်၍ မြို့နယ်တရားရုံး၏ ဒီကရီ
မှာအတည်ဖြစ်လျက် ရှိပေသည်။ ထို့ကြောင့် လျှောက်ထားခံရသူသည်
ရုံးခွန် ထမ်းဆောင်ခဲ့ခြင်း မရှိသည်ကို အကြောင်းပြုပြီး ဒီကရီကို
အတည်ပြုခွင့် မရှိဟု မဆိုနိုင်ပေ။

သို့သော် မြို့နယ်တရားရုံးအနေဖြင့် ဒေါ်ရင်ရွှေထံမှ ကျသင့်သော
ရုံးခွန်ကို တောင်းခံသင့်ပေသည်။ တိုင်းတရားရုံးက ဒေါ်ရင်ရွှေရရန်
ရှိသည့် အမွေစု၏ တန်ဖိုးကို အတိအကျ မသိနိုင်သေး၍ တန်ဖိုးတွက်
ချက် သီရှိပြီးမှသာ ရုံးခွန်ထမ်းဆောင်စေသင့်ကြောင်း သုံးသပ်ထား
သည်ကို တွေ့ရသည်။ မူလ အမှုကြီးတွင် အချင်းဖြစ် ပစ္စည်းတစ်ရပ်
လုံး၏ တန်ဖိုး ခန့်မှန်းခြေကို ဖော်ပြရသည် ဖြစ်ရာ ယင်းတန်ဖိုး၏
တစ်ရာပုံ သုံးပုံကို တွက်ချက်ကာ ကျသင့်သည့် ရုံးခွန်ကို ဒေါ်ရင်ရွှေထံမှ
တောင်းခံသင့်ပေသည်။

မူလရုံးက ချမှတ်သော အမိန့်သည် လည်းကောင်း၊ တိုင်းတရားရုံးက ချမှတ်သော အမိန့်သည်လည်းကောင်း အပြီးသတ် ဒီကရီကို အတည်ပြုရာတွင် ပေါ်ပေါက်လာသော ပြဿနာနှင့် ပတ်သက်၍ ချမှတ်သော အမိန့်ဖြစ်သဖြင့် ယင်းအမိန့်များမှာ တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၂(၂)/၄၇ အရ အယူခံဝင်ခွင့် ရှိသော ဒီကရီ ဖြစ်သောကြောင့် လျှောက်ထားသူသည် ယင်းဒီကရီတို့ကို အဆင့်ဆင့် အယူခံမဝင်ပဲ ပြင်ဆင်မှု လျှောက်ထားခွင့် မရှိပေ။

၁၉၈၁
ဦးဆင်
နှင့်
ဒေါ်ရင်ရွှေ

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်မရှိ ပယ်လိုက်သည်။

စီရင်ထုံး-၄ (ခ)

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးထွန်းရှိန်၊ အဖွဲဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်တို့ ပါဝင်သော မဟိတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၀၁ အောက်တိုဘာ ၂၂-ရက်

ဒေါ်ထွန်းပါ(၃)ဦး နှင့် ဦးဘိုးဖြူ*

ကာလစည်းကမ်းသတ် ဥပဒေ—ယင်းဥပဒေ ပထမဇယားအပိုဒ်(၁၃၆) စာတိုင် ၃ အရ ဆိုလျှင် ကာလစည်းကမ်းသတ် စတင်ရေတွက်ရမည့် နေ့သည် ရောင်းသူက ကျူးကျော်သူထံမှ လက်ရှိရပိုင်ခွင့်ရှိသော ပထမဦးဆုံးနေ့မှ စတင်ရေတွက်ရမည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယားအပိုဒ် (၁၃၆)စာတိုင် ၃ အရဆိုလျှင် ကာလစည်းကမ်းသတ် စတင်ရေတွက်ရမည့် နေ့သည် ရောင်းသူက လက်ရှိရပိုင်ခွင့် ရှိသော ပထမဦးဆုံးနေ့မှ စတင်ရေတွက်ရမည် ဖြစ်သည်။ ရောင်းသူသည် ဤအမှုတွင် မူလပိုင်ရှင် ဦးလှတင်ဖြစ်သည်။ ဦးလှတင်ပိုင်ဆိုင်နေစဉ် ဒေါ်ထွန်းတို့သည် ၁၉၅၉ ခုနှစ်က ဝင်ရောက်ကျူးကျော်ခဲ့သောကြောင့် ဦးလှတင်သည် ဝင်ရောက်ကျူးကျော်ခြင်း ခံရသည့် အချိန်မှစ၍ အချင်းဖြစ် ပစ္စည်းကို လက်ဆောက်ရယူရန် တရားစွဲဆိုပိုင်ခွင့် ရှိခဲ့သည်။ တိုင်းတရားရုံးမှ သုံးသပ်သကဲ့သို့ ဦးလှတင်နှင့် ဦးဘိုးဖြူတို့ အရောင်းအဝယ် ဖြစ်မြောက်သည့် နေ့မှသာ လက်ရှိရယူပိုင်ခွင့် ရှိခြင်း မဟုတ်ပေ။ ရောင်းသူက ပထမဆုံး လက်ရောက်ရယူခွင့် ရှိသော ၁၉၅၉ ခုနှစ်မှ ရေတွက်သော် ပစ္စည်းလက်ရောက်ရလိမ့်မည်ကို ဝယ်ယူသူက ၁၉၇၁ ခုနှစ်ထက် နောက်မကျပဲ စွဲဆိုရန် လိုအပ်ပေသည်။ ယခုအမှုကို မြို့နယ်တရားရုံးတွင် ၁၉၇၈ ခုနှစ်အတွင်းက စွဲဆိုခဲ့ခြင်း ဖြစ်သဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ စွဲဆိုကြောင်း ဝေ့ရှိရသည်။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၂၇၂။

† ၁၉၇၉ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၃၄ တွင် ချမှတ်သော (၂၇-၁၁-၇၉) နေ့စွဲပါ ဝဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

အယူခံတရားလိုများအတွက် — ဦးညွှန့်၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် — (မလာ)

၁၉၈၁
ဒေါ်ထွန်း
ပါ(၃)ဦး
နှင့်
ဦးဘိုးဖြူ။

တောင်ငူမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် ၁၀/၇၈ တွင်အယူခံ တရားပြိုင် ဦးဘိုးဖြူက အယူခံတရားလို ဒေါ်ထွန်းတို့အပေါ်ကျူးကျော် နေသူများအား ခြံမြေမှနှင်ထုတ်၍ ခြံမြေကွက်ကို လက်ရောက်ရလိုမှု စွဲဆိုခဲ့သည်။ မြို့နယ် တရားရုံးက စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ အယူခံတရားပြိုင် ဦးဘိုးဖြူက ပဲခူးတိုင်း တရားရုံးတွင် အယူခံသည့် အခါ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ ဦးဘိုးဖြူစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ပေးခဲ့သည်။ ယင်းဒီကရီကိုအယူခံ တရားလိုများက မကျေနပ်၍ ဤအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

တောင်ငူမြို့၊ ၁၃ ရပ်ကွက်၊ ၅ လမ်း၊ ဦးပိုင်အမှတ် ၈/၈၅ ပေါက် သော မြေချိန် ဧရိယာ ၁၁၈ ရှိမြေကွက်ကို ယင်းမြေကွက်၏ တောင် ဘက်ခြမ်းတွင်နေထိုင်သော အယူခံတရားပြိုင် ဦးဘိုးဖြူသည် ၂၄-၃-၇၆ နေ့တွင် ဦးလှတင်ထံမှ ရေစစ္စတြီစာချုပ်ဖြင့် ပယ်ယူခဲ့သည်။ ထိုသို့ဝယ် ယူပြီးနောက် အဆိုပါ မြေကွက်၏ မြောက်ဘက် သုံးပုံ တစ်ပုံတွင် အိမ် ဆောက်နေထိုင်သောအယူခံတရားလိုများအား ဖယ်ရှားပေးရန် ပြောဆို သောအခါ ဖယ်ရှားခြင်းမရှိ၍အယူခံတရားလိုများကိုမြေကွက်တွင်ကျူး ကျော်ဝင်ရောက်နေသူများအဖြစ် မူလရုံးတွင် တရားစွဲဆိုခဲ့သည်။ မြို့နယ် တရားရုံးကအယူခံတရားလိုများသည်မြေကွက်တွင်ပိုင်ရှင်အားဆန့်ကျင်၍ ၁၈နှစ် ၁၉ နှစ်ခန့်နေခဲ့သူများဖြစ်၍ ကာလစည်းကမ်းသတ်ဥပဒေပထမ ဇယားအပိုဒ်(၁၄၂)နှင့်(၁၄၄)တို့အရစွဲဆိုသောအမှုမှာ ကာလစည်း ကမ်းသတ်ကျော်လွန်သည်ဟု အကြောင်းပြ၍ အမှုကိုပလပ်ခဲ့သည်။ပဲခူး တိုင်းတရားရုံးက အယူခံတရားလိုများသည် အချင်းဖြစ် မြေတွင်နေခြင်း မှာ ပိုင်ရှင်အား ဆန့်ကျင်ဘက်ပြု၍နေကြောင်း အထောက် အထား မရှိသောကြောင့် ကာလစည်းကမ်းသတ် ဥပဒေ ပထမဇယား အပိုဒ် (၁၄၄) နှင့် သက်ဆိုင်ခြင်းမရှိဟု အကြောင်းပြကာ မြို့နယ်တရားရုံး၏ ဒီကရီကို ပယ်ဖျက်ပြီး အယူခံ တရားပြိုင်စွဲဆိုသည့်အတိုင်း ဒီကရီချပေး ခဲ့သည်။

ဤအယူခံတွင် ဟင်ပြသည့်အဓိက အကြောင်းပြချက်များမှာ အယူခံ တရားလိုများသည် အချင်းဖြစ် မြေကွက်တွင် ကျူးကျော် ဝင်ရောက် နေထိုင်သူများဖြစ်ကြောင်း ပေါ်လွင်သဖြင့် မြို့နယ်တရားရုံးက ကာလ

၁၉၀၁
ဒေါ်ထွန်း
ပါ(၃)ဦး
နှင့်
ဦးဘိုးဖြူ။

စည်းကမ်းသတ်ဥပဒေ ပထမဇယားအပိုဒ် (၁၄၂) ကို လက်ခံစဉ်းစား ခဲ့သော်လည်း တိုင်းတရားရုံးက အပိုဒ်(၁၄၄)ကိုသာ စဉ်းစားခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ ယခုအမှုတွင် အကျုံးဝင်သည့်အပိုဒ်မှာ ကာလစည်း ကမ်းသတ် ဥပဒေ ပထမဇယားအပိုဒ် (၁၃၆) ဖြစ်၍ ထိုအပိုဒ် အရ ကာလစည်းကမ်းသတ်ရေတွက်ရန်နေ့မှာ အရောင်းအဝယ်ပြုသော နေ့မှ စတင်ရေတွက်ရမည်ဟု တိုင်းတရားရုံးက သုံးသပ် ခဲ့ခြင်းမှာ မှားယွင်း ကြောင်း စသည်တို့ကို တင်ပြသည်။

အယူခံတရားပြိုင် ဦးဘိုးဖြူ၏ ထွက်ချက်များအရ အယူခံတရားလို ဒေါ်ထွန်းတို့ မိသားစုသည် အချင်းဖြစ်မြေတွင် ၁၉၅၉ ခုနှစ်က ဝင်ရောက် အိမ်ဆောက်နေကြောင်း၊ မည်သူ၏ခွင့်ပြုချက်ကိုမျှ မယူပဲ အိမ်ဆောက်နေကြောင်း၊ မူလပိုင်ရှင် ဦးလှတင်က အယူခံတရားလိုများ သည် မိမိအား ပြောပြီးနေခြင်းမဟုတ်ကြောင်း၊ အယူခံ တရားလိုများ အား မိမိ မသိကြောင်း၊ မထားကြောင်း ပြောပြခဲ့သည်ဟု ထွက်ဆို ထားသည်ကို တွေ့ရှိရသည်။ အယူခံတရားလိုများသည် အချင်းဖြစ်မြေ တွင် မည်သူ တစ်ဦး တစ်ယောက်၏ ခွင့်ပြုချက်ဖြင့် ဝင်ရောက်ခြင်း မဟုတ်ပဲ ကျူးကျော် နေထိုင်သူများ ဖြစ်ကြသောကြောင့် ၎င်းတို့က ကျူးကျော်ဝင်ရောက်နေသည့်နေ့မှစ၍ အချင်းဖြစ်မြေကို မူလပိုင်ရှင် ဦးလှတင်သည် လက်လွတ်ဖြစ်ခဲ့သည်။

ဆောင်းသည့်နေ့တွင် မြေလက်လွတ်ဖြစ်နေသည့် ရောင်းသူထံမှဝယ်ယူ သည့်ပုဂ္ဂိုလ်သည်ထိုမြေကိုလက်ဆောက်ရလိုမူစွဲဆိုပါက ကာလစည်းကမ်း သတ် ဥပဒေပထမဇယားအပိုဒ်(၁၃၆)တွင် သတ်မှတ်ထားသည့်အချိန် အတွင်း စွဲဆိုရပေမည်။ ယင်းအပိုဒ်အရ ကာလစည်းကမ်းသတ် အချိန် သည် ရောင်းသူက မြေကို ပထမဦးဆုံးလက်ရှိရပိုင်ခွင့်ရှိသည့်အချိန်မှ ၁၂ နှစ်အတွင်းဖြစ်သည်။ ယခုအမှုအတွက်ကာလစည်းကမ်းသတ်အချိန်သည် ကာလ စည်းကမ်းသတ် ဥပဒေပထမဇယားအပိုဒ် (၁၃၆)နှင့် သက်ဆိုင် ကြောင်းကို အယူခံတရားပြိုင်၏ ရှေနေကြီး၏ ရေးသားလျှောက်လဲချက် တွင် ဝန်ခံထားသည်။ သို့ရာတွင် အငြင်းပွားသည့်အချက်မှာ ၁၂ နှစ် ကာလသည် မည်သည့်နေ့ရက်မှစတင်ရေတွက်ရမည် ဆိုသည့် အချက်ပင် ဖြစ်သည်။ ပဲခူးတိုင်းတရားရုံးက ၁၂ နှစ်ကာလကို အရောင်း အဝယ် အထမြောက်သည့်နေ့မှစတင်ပြီး ရေတွက်ရမည်ဟု သုံးသပ်ခဲ့သည်။ အယူခံတရားလိုများ၏ ရှေနေကြီးကကာလစည်းကမ်းသတ် စသည့်နေ့ကို အယူခံတရားလိုက အချင်းဖြစ်မြေသို့စ၍ ဝင်ရောက်ကျူးကျော်သည့်နေ့မှ စတင်ရေတွက်ရမည်ဟု တင်ပြသည်။

ကာလစည်းကမ်းသတ် ဥပဒေပထမဇယားအပိုဒ် (၁၃၆) စာတိုင် ၃ အရဆိုလျှင် ကာလစည်းကမ်းသတ် စတင် ရေတွက်ရမည့် နေ့သည် ရောင်းသူက လက်ရှိရပိုင်ခွင့် ရှိသော ပထမ ဦးဆုံးနေ့မှ စတင်ရေတွက် ရမည်ဖြစ်သည်၊ ရောင်းသူသည် ဤအမှုတွင် မူလပိုင်ရှင်ဦးလှတင်ဖြစ်သည်။ ဦးလှတင် ပိုင်ဆိုင်နေစဉ် ဒေါ်ထွန်းတို့သည် ၁၉၅၉ ခုနှစ်က ဝင်ရောက် ကျူးကျော်ခဲ့သော ကြောင့် ဦးလှတင်သည် ဝင်ရောက် ကျူး ကျော်ခြင်းခံရသည့် အချိန်မှစ၍ အချင်းဖြစ် ပစ္စည်းကို လက်ရောက် ရယူရန် တရားစွဲဆိုပိုင်ခွင့် ရှိခဲ့သည်။ တိုင်းတရားရုံးမှ သုံးသပ်သကဲ့သို့ ဦးလှတင် နှင့် ဦးဘိုးဖြူတို့ အရောင်း အဝယ် ဖြစ်မြောက်သည့် နေ့မှသာ လက်ရှိ ရယူပိုင်ခွင့်ရှိခြင်း မဟုတ်ပေ။ ရောင်းသူက ပထမဆုံး လက်ရောက်ရယူ ခွင့်ရှိသော ၁၉၅၉ ခုနှစ်မှ ရေတွက်သော် ပစ္စည်းလက်ရောက်ရလိမ့်မည်ကို ဝယ်ယူသူက ၁၉၇၁ ခုနှစ်ထက် နောက်မကျပဲ စွဲဆိုရန်လိုအပ်ပေသည်။ ယခုအမှုကို မြို့နယ် တရားရုံးတွင် ၁၉၇၈ ခုနှစ် အတွင်းက စွဲဆိုခဲ့ခြင်း ဖြစ်သဖြင့် ကာလစည်းကမ်းသတ် ကျော်လွန်ပြီးမှ စွဲဆိုကြောင်း တွေ့ရှိ ရသည်။

၁၉၀၈
ဒေါ်ထွန်း ပါ(၃) ဦး နှင့် ဦးဘိုးဖြူ

အထက်ဖော်ပြပါ အကြောင်းများကြောင့် ပဲခူးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ အယူခံ တရားပြိုင်စွဲဆိုသည့် အမှုကို တရားရုံးအာဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။

တရားမ တတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးမန်းစံမြတ်ရွှေ၊အဖွဲ့ဝင်များအဖြစ်ဦးအေးမောင်နှင့်ဦးသန့်စင်
တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

†၁၉၇၁
ဩဂုတ်လ
၁၅ ရက်

ဦးထွန်းရှိန်
နှင့်
ဒေါ်တင်လှ*

၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)–အိမ်ရှင်ဆိုသည့် စကားရပ်တွင် အတူနေ သားသမီးများ ပါဝင်ပြီး သီးခြားနေသည့် သားသမီးများ မပါဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)က အိမ်ရှင်သည် အချင်းဖြစ်ဥပစာကို သဘောရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် ရယူလိုရမည်ဟု ပြဆိုသည်။ အိမ်ရှင်ဆိုသည့် စကားရပ်တွင် ယင်းအိမ်ရှင်နှင့် အတူနေပြီး မှီခိုနေသည့် သားသမီးများလည်း ပါဝင်သည်။ တသီးတခြားနေသည့် အိမ်ထောင်ခဲ့သားသမီးများ မပါဝင်ချေ။

အယူခံတရားလိုအတွက် — ဦးတင်ညွန့်၊ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် — ဦးစိန်ဝင်း (မြင်းခြံ)၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်းတာမေ့မြို့နယ် နတ်ချောင်းရပ်ကွက် ကရားရုံး တရားမကြီးမှု အမှတ် ၄၀/၇၇ တွင် အယူခံတရားပြိုင် ဒေါ်တင်လှက အယူခံတရားလို ဦးထွန်းရှိန်အပေါ် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(က)နှင့်(စ)တို့အရ အိမ်နှင့်လိုမှု စွဲဆို၍ အနိုင်ဒီကရီ ရရှိခဲ့သည်။ ဦးထွန်းရှိန်က မကျေနပ်၍ တာမေ့မြို့နယ် တရားရုံး တရားမ အယူခံမှု အမှတ် ၄/၇၉ တွင် အယူခံ

---

* ၁၉၀၀ ပြည့်နှစ်၊ တရားမ တတိယအယူခံမှု အမှတ် ၄။

† ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၇၇ တွင် ချမှတ်သော (၂၈-၁၂-၇၉)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၁

ဦးထွန်းရှိန်
နှင့်
ဒေါ်တင်လှ

ဝင်ခဲ့ရာ မူလရပ်ကွက် တရားရုံးက ပုဒ်မ ၁၂ (၁) (စ)အရ ဒီကရီ ချမှတ်ခြင်းကို ပယ်ဖျက်၍ ပုဒ်မ ၁၂(၁)(က) အရ ဒီကရီချမှတ်ခြင်း ကိုသာ အတည်ပြုလိုက်သည်။ ယင်းအမိန့်ကို ဒေါ်တင်လှက မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံး ဒုတိယအယူခံမှု အမှတ် ၁၇၇/၇၉ တွင် အယူခံဝင်ခဲ့ရာ ဟိုင်းတရားရုံးက ပုဒ်မ ၁၂(၁)(စ)အရလည်း ဒီကရီ ချမှတ်ပေးလိုက်သည်။ ယင်းအမိန့်ကို ဦးထွန်းရှိန်က မကျေနပ်၍ ဗဟို တရားရုံးသို့ ဤတတိယ အယူခံမှု တင်သွင်းခြင်း ဖြစ်သည်။

ဒေါ်တင်လှက အချင်းဖြစ် အိမ်ခန်းကို မိမိကိုယ်တိုင် နေထိုင်ရန် အတွက် သဘောရိုးဖြင့် ပြန်လည်ရယူလိုပါသည်ဟု အဆိုပြုခဲ့သော်လည်း မိမိ အစစ်ခံစဉ် အခါက အချင်းဖြစ်အခန်းကို တသီးတခြား နေသူ အိမ်ထောင်ခဲ့ သမီးအတွက် ရယူလိုပါသည်ဟု အတည့်အလင်း ထွက်ဆိုထားကြောင်း တွေ့ရသည်။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂(၁)(စ)က အိမ်ရှင်သည် အချင်းဖြစ် ဥပစာကို သဘောရိုးဖြင့် မိမိကိုယ်တိုင် နေထိုင်ရန်အတွက် ရယူလိုရမည်ဟု ပြဆိုသည်။ အိမ်ရှင်ဆိုသည့် စကားရပ်တွင် ယင်း အိမ်ရှင်နှင့် အတူနေပြီး မှီခိုနေသည့် သားသမီးများလည်း ပါဝင် သည်။ တသီးတခြားနေသည့် အိမ်ထောင်ခဲ့ သားသမီးများ မပါဝင် ချေ။ ထို့ကြောင့် အယူခံတရားပြိုင် ဒေါ်တင်လှသည် ပုဒ်မ ၁၂ (၁)(စ)အရ ဒီကရီ မရထိုက်ချေ။

သို့ဖြစ်၍ ဒုတိယအယူခံ တိုင်းတရားရုံးက ပုဒ်မ ၁၂(၁)(စ)အရ ပါ ဒီကရီချမှတ်ခြင်းကို ပယ်ဖျက်ပြီး ၁၂(၁)(က)အရ ဒီကရီကိုသာ အတည်ပြုသည်။ တရားရုံး အဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံ တရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်သည်။

၁၉၈၁
ဦးထွန်းသက်
နှင့်
ဦးဖေခင်

ဆောက်လုပ်ထားသော အဆောက်အအုံများကို ဖျက်သိမ်း၍ မြေကို မိမိအား ပေးအပ်စေရန်နှင့် ဦးထွန်းသက်ထံမှ တရားစရိတ်များ တောင်း ခံပေးရန် လျှောက်ထားသည်။ အယူခံတရားလိုက အချင်းဖြစ်မြေ အပါအဝင် မြေများကို နိုင်ငံတော်အစိုးရက မြေသိမ်းအက်ဥပဒေအရ သိမ်းယူပြီးဖြစ်၍ ဒီကရီကို အတည်ပြု၍ မရတော့ကြောင်း တစ်ပြန် ကန့်ကွက်သည်။

ဦးဖေခင်က ဦးထွန်းသက်အပေါ် ဒီကရီကို အတည်ပြုပေးရန် ဆောင်ရွက်ဆဲတွင် မုံရွာမြို့၊ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၊ ၁၉၆၁-၆၂ ခုနှစ်၊ မြို့မြေမူအမှတ် ၃၈၅ ကော်လိတ်ကော်အရာရှိက ၂၆-၈-၇၂ ရက်စွဲပါအမိန့်ထုတ်ပြန်ကာ အချင်းဖြစ်မြေကို မြေသိမ်း အက်ဥပဒေ အရ သိမ်းယူခဲ့ပြီးဖြစ်ကြောင်း အယူခံတရားလို၏ အကျိုးဆောင်က အဆိုပါအမိန့်စာနှင့်တကွ တင်ပြသည်။ အယူခံတရားပြိုင်၏ အကျိုး ဆောင်တင်ပြချက်အရ ယင်းအချက်မှန်ကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မြေသိမ်း အက်ဥပဒေပုဒ်မ ၁၇(၁)ပါ ပြဋ္ဌာန်းချက်များအရ အဆိုပါ အမိန့်ထုတ်ပြန် ကြေငြာပြီး (၁၅) ရက်အကြာတွင် အချင်းဖြစ် မြေသည် နိုင်ငံတော်လက်ဝယ်သို့ ရောက်ရှိသွားပေသည်။ ဤနည်း အားဖြင့် ဦးဖေခင်သည် အချင်းဖြစ်မြေကို ပိုင်ဆိုင်ခွင့် လက်လွှတ်လိုက် ရသောကြောင့် ထိုဆုံးရှုံးသွားသော ပိုင်ဆိုင်ခွင့်အပေါ် အခြေပြု၍ ချမှတ်ခဲ့သော ဒီကရီအရ ဦးထွန်းသက်အား အချင်းဖြစ် မြေမှ ဖယ် ရှားခွင့်မှာလည်း ပျက်သုဉ်းသွားသည်ဟု ဆိုရပေမည်။ သို့သော် ထို ဒီကရီအရ ရရန်ရှိသော တရားစရိတ်များ တောင်းခံခွင့်မှာမူ သီးခြား ရပိုင်ခွင့် ဖြစ်သဖြင့် ဦးဖေခင်သည် ယင်းကဲ့သုံးစရိတ်များကို ဇာရီမူ တွင် ဆက်လက် ကောက်ခံခွင့် ရှိပေသည်။ ထို့ကြောင့် မြို့နယ်တရားရုံး က ဦးဖေခင်၏ ဇာရီမူ တစ်မှုလုံးကို ပလပ်ခြင်းမှာ မှားယွင်းချက်ချော် ပေသည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု သည်။ တရားစရိတ် ကောက်ခံပေးရန် ဦးဖေခင်၏ လျှောက်ထားချက် နှင့် စပ်လျဉ်း၍ ဇာရီမူကို ပလပ်သော မြို့နယ်တရားရုံး၏ အမိန့်ကို လည်းကောင်း၊ ဦးထွန်းသက်အား အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် အတွက် ဇာရီမူကို ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားသော တိုင်း တရားရုံး၏ အမိန့်ကိုလည်းကောင်း ပယ်ဖျက်လိုက်သည်။ ဦးဖေခင်က ဦးထွန်းသက်အား အချင်းဖြစ်မြေမှ ဖယ်ရှားပေးရန် လျှောက်ထား

ချက်ကို ပလပ်သော မြို့နယ်တရားရုံး၏ အမိန့်ကိုမူ အတည်ပြုသည်။
တရားစရိတ်များ ကောက်ခံပေးရန် လျောက်ထားချက်ကို တရားမ
ကျင့်ထုံး ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးရန် မြို့နယ်တရားရုံး
အား ညွှန်ကြားလိုက်သည်။ ဦးထွန်းသက်၏ ကန့်ကွက်ချက်နှင့် စပ်လျဉ်း
၍ တရားရုံးအဆင့်ဆင့်တွင် အမှုသည်တို့ ကုန်ကျသော တရားစရိတ်
များကို မိမိတို့ကိုယ်တိုင် ကျခံကြစေ။

၁၉၈၁
ဦးထွန်းသက်
နှင့်
ဦးဖေခင်

တရားမ စောဒကမှု

ဥက္ကဋ္ဌအဖြစ် သူရဦးအောင်ဖေ၊ အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်
ဦးလှဘုန်း၊ ဦးစိုးလှိုင်၊ ဦးထွန်းရှိန်၊ ဦးအေးမောင်၊
ဦးသန့်စင်၊ ဦးမန်းစံမြတ်ရွှေနှင့် ဦးခင်အုန်း
တို့ ပါဝင်သော ပြည်သူ့တရားသူကြီးအဖွဲ့ရှေ့တွင်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
(ပြည်သူ့ ဥပဒေအကျိုးဆောင်အဖွဲ့)
နှင့်
ဒေါ်မြမြ *

† ၁၉၈၁
အောက်တိုဘာ
၂၂ ရက်

သီးခြားသက်သာခွင့် ဥပဒေ— ထီလက်မှတ် အငြင်းပွားမှုတွင် အချင်းဖြစ် ဆုငွေကို ရလိုကြောင်း အကျိုးဆက်သက်သာခွင့်ကို တရားရုံးတွင် တောင်းဆိုခွင့် မရှိသည့်အလျောက် မြွက်ဟကြေငြာသည့် ဒီကရီကိုသာ ချမှတ်ပေးခြင်းဖြင့် သီးခြားသက်သာခွင့် ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်နှင့် ဆန့်ကျင်ဖွယ်ရာ အကြောင်းမမြင်ခြင်း— တရားရုံးက ထီလက်မှတ်ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာသည့် ဒီကရီ ချမှတ်ပေးလိုက်သည်ကို အကြောင်းပြု၍ သက်ဆိုင်ရာကသူ့အား ဆုငွေထုတ်ပေးသင့် မသင့်အလေးအနက် စဉ်းစားဆောင်ရွက်မည် ဖြစ်ရာ ဒီကရီမှာ အချည်းနှီး ဖြစ်လိမ့်မည်ဟု မဆိုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။ဒေါ်မြမြသည် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာရုံ ကြေငြာသော ဒီကရီကို ချမှတ်ပေးနိုင် မပေးနိုင် စိစစ်ကြည့်ရာ အထက်တွင် သုံးသပ်ခဲ့သည့် အတိုင်း ဒေါ်မြမြသည် အချင်းဖြစ် ဆုငွေကို ရလိုကြောင်း၊ အကျိုးဆက်သက်သာခွင့်ကို တရားရုံးတွင် တောင်းဆိုခွင့် မရှိသည့် အလျောက် ယင်းသို့ မြွက်ဟကြေငြာသည့် ဒီကရီကိုသာ ချမှတ်ပေးခြင်းဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်နှင့် ဆန့်ကျင်ဖွယ်ရာအကြောင်း မမြင်ပေ။ ဤကဲ့သို့ တရားရုံးက ဒေါ်မြမြသည် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြွက်ဟကြေငြာသည့်

---

* ၁၉၈၁ ခုနှစ်၊ စောဒကမှု အမှတ် ၁။

† ၁၉၇၇ ခုနှစ်၊ တရားမ ပဒမအယူခံမှုအမှတ် ၈ တွင် ချမှတ်သော (၃၀-၆-၇၈) နေ့စွဲပါ ဗဟိုတရားရုံး၏ ဆုံးဖြတ်ချက်ကို စောဒက ဝင်မှု။

ဒီကရီချမှတ်ပေးလိုက်သည်ကို အကြောင်းပြု၍သက်ဆိုင်ရာက သူ့အား ဆုငွေထုတ်ပေးသင့် မသင့် အလေးအနက်စဉ်းစားဆောင်ရွက်မည်ဖြစ်၍ ယင်းဒီကရီမှာ အချည်းနှီးဖြစ်လိမ့်မည်ဟု မဆိုနိုင်ပေ။

၁၉၈၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တော် (ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့) နှင့် ဒေါ်မြမြ

စောဒကတရားလို အတွက် — ဦးတင်အုံး၊ ညွှန်ကြားရေးမှူး၊ ဦးမြမောင်လွင်၊ ဥပဒေဝန်ထမ်း အဆင့်(၁)၊ဗဟိုဥပဒေရုံး။

စောဒကတရားပြိုင်အတွက် — ဒေါ်မြင့်မြင့်ခင်၊ ဗဟို တရားရုံးရွှေနေ၊ ဦးအုန်းမောင်၊ ဗဟိုတရားရုံးရွှေနေ။

ရန်ကုန်တိုင်း တရားရုံး၊တရားမကြီးမှုအမှတ် ၁၁/၇၄တွင် စောဒက တရားပြိုင် ဒေါ်မြမြက ရန်ကုန်မြို့၊ အောင်ဘာလေ သိန်းဆု ဌာနခွဲ အုပ်ချုပ်ရေးမှူးအပေါ် (၁၆၂)ကြိမ်မြောက် အောင်ဘာလေသိန်းဆု ဖွင့်ပွဲ၌ "စိမ်းမြမြစိမ်း" ဟူသော အတိတ်ဖြင့် ဆုငွေကျပ် ၂၀၀၀၀/- ပေါက်သောထီလက်မှတ် အမှတ် (ဂ/၅၉၃၀၅)နှင့် ၎င်းလက်မှတ်ဖြင့် ရရှိခဲ့သောဆုငွေကျပ် ၂၀၀၀၀/-တို့ကိုမိမိပိုင်ဆိုင်ရယူခွင့်ရှိကြောင်းမြွက်ဟ ကြေငြာပေးရန်နှင့် အဆိုပါဆုငွေကို မိမိအား လက်ရောက် ပေးစေလို ကြောင်းဖြင့် တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ အောင်ဘာလေသိန်းဆု ဌာနခွဲ အုပ်ချုပ်ရေးမှူးက တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ဗဟိုတရားရုံး၊ တရားမ ပထမ အယူခံမှုအမှတ် ဂ/၇၇ တွင် အယူခံဝင်ရာ မအောင်မြင်ခဲ့။ ဗဟိုတရားစီရင်ရေး အဖွဲ့၏ ဆုံး ဖြတ်ချက်သည် အရေးကြီးသည့် ဥပဒေပြဿနာ ပေါ်ပေါက်စေသည်ဟု ဆိုကာ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က ပြည်သူ့တရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၈(ခ)နှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ ဥပဒေ ပုဒ်မ ၇(စ)အရ ဤစောဒကမှုကို တင်သွင်းခြင်းဖြစ်သည်။

စောဒကတရားပြိုင် ဒေါ်မြမြက(၁၆၂)ကြိမ်မြောက် အောင်ဘာလေ သိန်းဆုထီလက်မှတ်(ဂ/၅၉၃၀၅) ကို ရွှေတိဂုံဘုရားအနောက်မုခ်ရှိ ရွှေတိုင်ကွန်ဘာယထီဆိုင်မှဝယ်ယူခဲ့ကြောင်း၊အတိတ်မှာ "စိမ်းမြမြစိမ်း" ဟူ၍ဖြစ်ကြောင်း၊ ထီစတင်ဖွင့်လှစ်သည့် ၁-၁၂-၇၁ နေ့တွင် ထီဆိုင် ပိုင်ရှင် ဦးမောင်မောင်သန်းနှင့် ဒေါ်သန်းညွှန့်တို့သည် မိမိထံလာရောက် ၍ မိမိဝယ်ထားသော ထီလက်မှတ်မှာ ကျပ် ၂၀၀၀၀/-ဆုပေါက်သည်

၁၉၈၁ ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာ နိုင်ငံ တော် (ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့) နှင့် ဒေါ်မြမြ

ဟု ပြောကြားကြောင်း ဆုငွေထုတ်ယူရန် ရက်လိုသေးသဖြင့် ထိလက်မှတ်ကို မိမိဖခင်ဖြစ်သူက သိမ်းဆည်းထားရာ ဆုဓင့်ထုတ်ယူရန်နေ့ရက်သို့ ရောက်သောအခါ လက်မှတ် ပျောက်ဆုံးနေသည်ကို တွေ့ရှိရ သဖြင့် အောင်ဘာလေသိန်းဆုဌာနခဲ့နှင့် မြေနီကုန်း ပြည်သူ့ ရဲစခန်းများသို့ အသီးသီး တိုင်ကြားခဲ့ကြောင်း၊ ထို့နောက် မိမိသည် အောင်ဘာလေသိန်းဆုဌာနခဲ့သို့ ၂၂-၂-၇၂ ရက်စွဲပါစာဖြင့် ထိပေါက်သော လက်မှတ် အမှတ်(၀/၅၉၀၁၅)၏ ဆုငွေကျပ် ၂၀၀၀၀/-ကို ထုတ်ယူခွင့်ပြုရန် အသနားခံစာ တင်သွင်းခဲ့ရာ အောင်ဘာလေသိန်းဆုဌာနခဲ့က ထိလက်မှတ်၏ စည်းကမ်းချက်များတွင် ဆုရသည့် ထိလက်မှတ် မတင်ပြနိုင်ပါက အစိုးရသည် ဆုငွေကို ထုတ်ပေးလိမ့်မည် မဟုတ်ဟု အတည့်အလင်း ထည့်သွင်းဖော်ပြထားသဖြင့် မိမိ၏တောင်းဆိုချက်ကို မလိုက်လျောနိုင်ကြောင်းဖြင့် ပြန်ကြားခဲ့ကြောင်း၊ မိမိသည် အောင်ဘာလေသိန်းဆုဌာနခဲ့ ညွှန်ကြားရေးမှူးထံ တရားမကျင့်ထုံးဥပဒေဗုဒ်မ ၀၀ အရ အကြောင်းကြားစာပေးပို့၍ ဆုငွေကို တောင်းခံသော်လည်း အုပ်ချုပ်ရေးမှူးက ဆုငွေထုတ်ပေးခြင်း မပြုကြောင်း စသည်ဖြင့် အဆိုပြုကာ အဆိုပါ ထိလက်မှတ် အမှတ်(၀/၅၉၀၁၅) နှင့် ၎င်းလက်မှတ်ဖြင့် ရရှိခဲ့သောဆုငွေကျပ် ၂၀၀၀၀/-တို့ကို မိမိပိုင်ဆိုင် ရယူခွင့်ရှိကြောင်း မြွက်ဟ ကြေငြာ ပေးရန်နှင့် အဆိုပါဆုငွေကို လက်ရောက် ပေးစေလိုကြောင်း ရန်ကုန်တိုင်း တရားရုံး၌ တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

ဤစောဒကမှုတွင် အဆုံးအဖြတ်ခံယူရန် တင်ပြလာသော ဥပဒေပြဿနာများကို သုံးသပ်ခြင်း မပြုမီ ဦးစွာ သုံးသပ်ရမည့် အချက်မှာ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့သည် ဤစောဒကမှုကို တင်သွင်းခွင့်ရှိမရှိ ဆိုသော အချက်ဖြစ်သည်။ စောဒက တရားပြိုင် ဒေါ်မြမြဘက်မှ အောင်ဘာလေ သိန်းဆုဌာနခဲ့ ညွှန်ကြားရေးမှူးသည် ဗဟိုတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥပဒေပုဒ်မ ၇(စ)အရ စောဒကမှုတင်သွင်းပေးရန် လျှောက်ထားခဲ့ရာ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ကအမှုတွဲများကို လေ့လာကြည့်ရှုပြီးနောက် စောဒကမှုတင်သွင်းရန်အကြောင်းမရှိဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ပြည်သူ့ ဥပဒေအကျိုးဆောင် အဖွဲ့သည် ထိုဆုံးဖြတ်ချက်ကို ပြင်ဆင်ရှိ ဤစောဒကမှုကို တဇွတ်သွင်းခြင်းမှာ တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ ပါ မူများနှင့် ဆန့်ကျင်ကြောင်းဖြင့် တင်ပြလျှောက်ထားသည်။ ပြည်သူ့ကရားသူကြီးအဖွဲ့ ဥပဒေပုဒ်မ ၁၀(ခ)နှင့် ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့ ဥပဒေပုဒ်မ ၇(စ)တို့အရ စောဒကမှု တင်သွင်းသင့် မသင့်

၁၉၈၁
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(ပြည်သူ့
ဥပဒေ
အကျိုး
ဆောင်
အဖွဲ့)
နှင့်
ဒေါ်မြမြ

ပြဿနာကို ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့က အဆုံးအဖြတ်ပေးခြင်း သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ တွင် အကျုံးဝင်သည့် တရားစီရင် ရေးဆိုင်ရာ ဆုံးဖြတ်ချက်မျိုးမဟုတ်ပဲ စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်မျိုး သာ ဖြစ်ပေသည်။သို့ဖြစ်၍ ဗဟိုတရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ စောဒကမူတင်သွင်းပေးရန် လျှောက်ထားချက်ကို ခွင့်မပြု သော မူလဆုံးဖြတ်ချက်ကို ပြင်ဆင်၍ ဤစောဒကမှုကို တင်သွင်းရန် ထပ်မံဆုံးဖြတ်ခြင်းကို အထက် ဖော်ပြပါ ပုဒ်မ ၁၁ ၏ ပြဋ္ဌာန်းချက် များက ပိတ်ပင်သည် ဟု မဆိုနိုင်သော ကြောင့် ဒေါ်မြမြ ဘက်မှ ကန့်ကွက် တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိချေ။

ဤစောဒကမှုတွင် စောဒကတရားလိုဘက်မှ ထိလက်မှတ်၏ ကျော ဘက်၌ ရေးသားဖော်ပြထားသော စည်းကမ်းချက်များတွင် ဆုရ သောလက်မှတ် တင်ပြသူကိုသာလျှင် ဆုငွေရထိုက်သည်ဟု အစိုးရက အသိအမှတ်ပြုမည်ဟူ၍ လည်းကောင်း၊ ဆုရသောလက်မှတ် တင်ပြ ခြင်း မပြုနိုင်ပါက အစိုးရသည် ဆုငွေထုတ်ပေးမည် မဟုတ်ကြောင်း ဟူ၍လည်းကောင်း ဖော်ပြထားပြီး အကြောင်း တစုံတရာကြောင့် ဆုရသောလက်မှတ် တင်ပြနိုင်ခြင်းမရှိလျှင် မည်သို့မည်ပုံ ဆောင်ရွက် ပါက ဆုငွေရနိုင်ကြောင်း ဖော်ပြထားခြင်း မရှိပါပဲလျက် ဗဟိုတရား စီရင်ရေးအဖွဲ့က "စည်းကမ်းချက်အမှတ်(၁) မှာ ထိလက်မှတ်ရှိလျက် နှင့် ယင်းထိလက်မှတ်ကို သူပိုင်သည် ငါပိုင်သည် အငြင်းပွားမှုဖြစ်နေ လျှင် ထိလက်မှတ် လက်ရှိဖြစ်နေသူက တင်ပြပါက ထိုသူအား အယူခံ တရားလိုက ဆုငွေကို ထုတ်ပေးမည်ဟူသော ပြဋ္ဌာန်းချက်ဖြစ်သည်ဟု ကောက်ယူရမည်။ စည်းကမ်းချက် အမှတ်(၂)မှာ ထိုလက်မှတ်ရှိလျက် နှင့် အကြောင်းကြောင်းကြောင့် ယင်းထိလက်မှတ်ကို မတင်ပြလျှင် အယူခံတရားလိုက ဆုငွေကို ထုတ်ပေးမည်မဟုတ်ကြောင်း စည်းကမ်း ချက်ဖြစ်သည်ဟု ကောက်ယူရမည်" ဟု ဆုံးဖြတ်ခြင်းမှာ သက်သေခံ ဥပဒေပုဒ်မ ၉၄ နှင့် ဆန့်ကျင်ကွဲလွဲနေသည်ဟူ ဆိုကာ အောက်ပါ ဥပဒေ ပြဿနာသုံးရပ်ကို အဆုံးအဖြတ်ပေးရန် တင်ပြလာသည်–

(၁) သက်သေခံ စာချုပ်ပါ စာသားများသည် ရှုပ်ထွေးခြင်း မရှိပဲ ရှင်းလင်းပြတ်သား နေပါလျက် တရားရုံးသည် ပတ်ဝန်းကျင် အကြောင်းခြင်းရာများ၏ အထောက်အကူ ကို ရယူရန် လိုအပ်ပါသလား။

၁၉၈၁ ခုနှစ် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် (ပြည်သူ့ ဥပဒေ အကျိုးဆောင် အဖွဲ့) နှင့် ဒေါ်မြမြ

(၂) ရှင်းလင်းပြတ်သားစွာ ရေးသားသော ပဋိညာဉ်ပါစာသား များ၏ မူလအဓိပ္ပာယ်ကို ပြင်ပသက်သေခံ အချက်များ ဖြင့် တရားရုံးက ပြောင်းလဲနိုင်ပါသလား။

(၃) သက်သေခံ စာချုပ်ပါ စာသားများသည် ရှုပ်ထွေးခြင်း မရှိပဲ ရှင်းလင်းပြတ်သားနေပါလျက် တရားရုံးသည် ပတ် ဝန်းကျင် အကြောင်းခြင်းရာများ၏ အထောက်အကူကို ရယူရန် မလိုအပ်ဟု ဖြေဆိုလျှင်ဖြစ်စေ၊ ရှင်းလင်းပြတ် သားစွာ ရေးသားထားသော ပဋိညာဉ်ပါ စာသားများ၏ မူလအဓိပ္ပာယ်ကို ပြင်ပသက်သေခံချက်များဖြင့် တရားရုံးက မပြောင်းလဲနိုင်ဟု ဖြေဆိုလျှင်ဖြစ်စေ လျှောက်ထားခံရသူ ဒေါ်မြမြသည် ထိုဆုငွေကို ရထိုက်ပါသလား။

သက်သေခံ ဥပဒေပုဒ်မ ၉၄ ၌ စာချုပ်စာတမ်းတွင် ပါရှိသည့် စကားအသုံးအနှုန်းမှာ ထိုစကားအသုံးအနှုန်းအတိုင်းပင် အဓိပ္ပာယ်ရှင်းလင်းပြီး ယင်း စာချုပ်စာတမ်းမှာလည်း တည်ရှိဆဲ အကြောင်းခြင်းရာများနှင့် စပ်လျဉ်း၍ တိကျသေချာစွာ သက်ဆိုင်ခြင်းရှိလျှင် ယင်း စာချုပ်စာတမ်းကို ထိုအကြောင်းခြင်းရာများနှင့် သက်ဆိုင်စေရန် ရည် ရွယ်ရင်း မဟုတ်ဟူ၍ သက်သေခံ တင်ပြခွင့်မရှိကြောင်း ပြဋ္ဌာန်းထား သည်။ ထိုသို့စာတင်ပြခွင့်မရှိသော သက်သေခံကို ဤအမှုတွင် မည်သည့် တရားရုံးကမျှ တင်ပြခွင့်ပြုခဲ့ခြင်း မရှိချေ။ သို့ဖြစ်၍ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က တင်ပြလာသော ဥပဒေပြဿနာများကို အဆုံး အဖြတ်ပေးရန် အကြောင်း မပေါ်ပေါက်ပေ။

ဒေါ်မြမြသည် အချင်းဖြစ် ထိလက်မှုတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြှက်ဟကြေငြာသည့် ဒီကရီကို ချမှတ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ဥပဒေ အကျိုးဆောင်အဖွဲ့က ဤစောဒကအမှုတွင် အငြင်းပွားခြင်း မပြုပေ။ သို့သော် ဧအောင်ဘာလေ သိန်းဆုဌာနခွဲ အုပ်ချုပ်ရေးမှူးက ဒေါ်မြမြ အား ဆုငွေကျပ် ၂၀၀၀၀/-ကို လက်ထောက်ပေးစေရန် အဆိုပါ မြှက်ဟကြေငြာသည့် ဒီကရီ၏ အကျိုးသက်သာခွင့်အနေဖြင့် ခွင့်ပြုနိုင် ခွင့်မပြုနိုင်ဆိုသည့် ပြဿနာ ပေါ်ပေါက်လျက် ရှိပေသည်။

ထိလက်မှုတ်၏ ကျောဘက်တွင် အောက်ဖော်ပြပါ စည်းကမ်း ချက်များကို သတ်မှတ်ထားသည်—

၁၉၁၁
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(ပြည်သူ့
ဥပဒေ
အကျိုးဆောင်
အဖွဲ့)
နှင့်
ဒေါ်မြမြ

(၁) ဆုရသောလက်မှတ် တင်ပြသူကိုသာလျှင် ဆုငွေရထိုက်သည်ဟု အစိုးရ အသိအမှတ်ပြုလိမ့်မည်။ ၎င်းလက်မှတ် ပိုင်ဆိုင်သူ၊ သို့တည်းမဟုတ် လဲအပ်ခြင်းခံရသူဖြစ်ကြောင်းကို အထောက်အထား ပြနိုင်ရမည်။ ဆုရသောလက်မှတ် ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ သံသယဖြစ်ခဲ့သော် အောင်ဘာလေသိန်းဆုဌာနခွဲ၏ အုပ်ချုပ်ရေးမှူးသည် ဆုငွေထုတ်ပေးခြင်းကို ရပ်ဆိုင်းထားပိုင်ခွင့် ရှိရမည်။

(၂) ပြန်လည်ရောက်ရှိသည့် လက်ခံဖြတ်ပိုင်းတွင် အမည်၊ နေရပ်ပါရှိ၍ အောင်ဘာလေ သိန်းဆုဌာနခွဲမှ ဆုရကြောင်း အကြောင်းကြားထားစေကာမူ ဆုရသောလက်မှတ် တင်ပြခြင်း မပြုနိုင်ပါက အစိုးရသည် ဆုငွေပြန်ထုတ်ပေးမည် မဟုတ်။

စောဒကစာရေးလို၏အကျိုးဆောင်များက ထိထိုးသူတိုင်းသည် ဤစည်းကမ်းချက်များကို သိရှိနားလည် သဘောတူလက်ခံ၍ ထီလက်မှတ်ကို ဝယ်ယူသည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ ဤစည်းကမ်းချက်များက ထီလက်မှတ် ဝယ်ယူသူအား နှောင်ဖွဲ့ထားသဖြင့် ဆုပေါက်သောလက်မှတ်ကို တင်ပြနိုင်ခြင်းမရှိလျှင် အောင်ဘာလေ သိန်းဆုဌာနခွဲက ဆုငွေကို ထုတ်ပေးနိုင်မည်မဟုတ်သဖြင့် တရားရုံးအနေဖြင့်လည်း ယင်းဆုငွေကို ဆုရသောလက်မှတ် တင်ပြခြင်းမပြုနိုင်သောသူအား ထုတ်ပေးရန် ဒီကရီချမှတ်ခွင့်မရှိကြောင်းဖြင့် တင်ပြလျှောက်ထားသည်။

စောဒကတရားပြိုင်၏ အကျိုးဆောင်ကမူ ထီလက်မှတ်၏ကျောဘက်ရှိ စည်းကမ်းချက်များကို ကောက်နုတ်ဖော်ပြထားခြင်းသာဖြစ်ကြောင်း စည်းကမ်းချက်အားလုံးကို ထီလက်မှတ်ဝယ်သူက သိရှိခွင့်မရသောကြောင့် ကောက်နုတ်ချက်စည်းကမ်းများအပါအဝင် စည်းကမ်းချက်များကို ထီလက်မှတ်ဝယ်ယူသူက စာရွက်လက်ခံရာ မဆောက်သဖြင့် ပဋိညာဉ်ဥပဒေအရ ထီလက်မှတ် ဝယ်ယူသူအပေါ် ထီလက်မှတ်၏ကျောဘက်ရှိ စည်းကမ်းချက်များအတိုင်း အတည်ပြု ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်းဖြင့် တင်ပြလျှောက်ထားသည်။

ပြန်လှန်စစ်မေးချက်တွင် ဒေါ်မြမြက "ကျွန်မ ၁၆၂ ကြိမ်မြောက် အောင်ဘာလေသိန်းဆုလက်မှတ်ကို ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ၎င်း

၃၉၀၁
ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
ဘာသာ
(ပြည်သူ့
ဥပဒေ
အကျိုးဆောင်
အဖွဲ့)
နှင့်
ဒေါ်မြမြ

ထီလက်မှတ်၏ နောက်ကျောဘက်တွင် စည်းကမ်းချက်များပါရှိသည်ကို တွေ့ရှိရပါသည်။ ဆုရသောလက်မှတ် တင်ပြသူကိုသာလျှင် ဆုငွေ ရထိုက်သည်ဟု အစိုးရက အသိအမှတ်ပြုကြောင်း စည်းကမ်းချက်ကို တွေ့ရှိခဲ့ပါသည်"ဟု ထွက်ဆိုထားသည်ကို ထောက်ရှု၍ ဒေါ်မြမြသည် အထက်ဖော်ပြပါ စည်းကမ်းချက် နှစ်ရပ်အပါအဝင် ထီလက်မှတ်၏ ကျောဘက်ရှိ စည်းကမ်းချက်များကို သိရှိနားလည်လက်ခံကာ အချင်းဖြစ် ထီလက်မှတ်ကို ဝယ်ယူခဲ့ခြင်းဖြစ်သည်ဟု ကောက်ယူရန်အကြောင်း ပေါ်ပေါက်နေပေသည်။ ဤစည်းကမ်းချက်များသည် အောင်ဘာလေ သီန်းဆုဌာနခွဲနှင့် ထီလက်မှတ်ဝယ်ယူသူ ဒေါ်မြမြတို့အကြား အတည် ဖြစ်လျက်ရှိသော စည်းကမ်းချက်များဖြစ်သည့် အလျောက် ဒေါ်မြမြ သည် ဆုငွေကျပ် ၂၀၀၀၀/-ပေါက်သည်ဆိုသော အချင်းဖြစ် ထီလက် မှတ်ကို တင်ပြနိုင်ခြင်း မရှိပဲလျက် ပြဋ္ဌာန်းထားသည့် အထက်ဖော်ပြပါ စည်းကမ်းချက် နှစ်ရပ်နှင့် ဆန့်ကျင်၍ အချင်းဖြစ် ဆုငွေကို သူ့အား ထုတ်ပေးရန် တရားစွဲဆိုခွင့်မရှိပေ။ ထို့ကြောင့် တိုင်းတရားရုံးနှင့် ဗဟို တရားစီရင်ရေးအဖွဲ့တို့သည် ယင်းစည်းကမ်းချက်များကို ကျော်လွန်၍ အဆိုပါဆုငွေကို ဒေါ်မြမြအား လက်ဆောက်ပေးစေရန် အမိန့်ချမှတ် ခြင်း မပြုနိုင်ပေ။

ဒေါ်မြမြသည် အချင်းဖြစ် ထီလက်မှတ်၏ ပိုင်ရှင် ဖြစ်ကြောင်း မြှက်ဟကြေငြာရုံ ကြေငြာသောဒီကရီကို ချမှတ်ပေးနိုင် မပေးနိုင် စိစစ် ကြည့်ရာ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဒေါ်မြမြသည် အချင်း ဖြစ်ဆုငွေကို ရလိုကြောင်း အကျိုးဆက်သက်သာခွင့်ကို တရားရုံးတွင် တောင်းဆိုခွင့်မရှိသည့်အလျောက် ယင်းသို့မြှက်ဟကြေငြာသည့် ဒီကရီ ကိုသာ ချမှတ်ပေးခြင်းဖြင့် သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ ၄၂ ၏ ခြင်းချက်နှင့် ဆန့်ကျင်ဖွယ်ရာ အကြောင်းမမြင်ပေ။ ဤကဲ့သို့ စရာရုံးက ဒေါ်မြမြသည် အချင်းဖြစ်ထီလက်မှတ်၏ ပိုင်ရှင်ဖြစ်ကြောင်း မြှက်ဟကြေငြာသည့် ဒီကရီချမှတ် ပေးလိုက်သည်ကို အကြောင်းပြု၍ သက်ဆိုင်ရာက သူ့အား ဆုငွေလက်မှတ်ထုတ်ပေးသင့် မသင့် အလေး အနက် စဉ်းစားဆောင်ရွက်မည်ဖြစ်၍ ယင်းဒီကရီမှာ အချည်းအနှီးဖြစ် လိမ့်မည်ဟု မဆိုနိုင်ပေ။

အထက်ဖော်ပြပါအကြောင်းများကြောင့် ပြည်သူ့ဥပဒေ အကျိုး ဆောင်အဖွဲ့က တင်ပြသကဲ့သို့ ဥပဒေပြဿနာများ ပေါ်ပေါက်ခြင်း

၁၉၈၁

ပြည်ထောင်စု
ဆိုရှယ်လစ်
သမ္မတ
မြန်မာနိုင်ငံ
တော်
(ပြည်သူ့
ဥပဒေ
အကျိုးဆောင်
အဖွဲ့)
နှင့်
ဒေါ်မြမြ

မရှိကြောင်း ဆုံးဖြတ်သည်။ သို့သော် အချင်းဖြစ် ထီလက်မှတ်ကို ဒေါ်မြမြပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာသည့် ဗဟိုတရားစီရင်ရေး အဖွဲ့၏စီရင်ချက်နှင့် ဒီကရီကိုအတည်ပြု၍ အကျိုးဆက် သက်သာခွင့် ဖြစ်သော ဆုငွေကျပ် ၂၀၀၀၀/-ကို ဒေါ်မြမြအား လက်ရောက်ပေးစေရန် ချမှတ်သည့် တိုင်းတရားရုံးနှင့် ဗဟိုတရားစီရင်ရေးအဖွဲ့တို့၏ စီရင်ချက်နှင့် ဒီကရီတို့ကိုမူ ပယ်ဖျက်ကြောင်း အမိန့်ချမှတ်လိုက်သည်။

တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊အဖွဲ့ဝင်များအဖြစ် ဦးတင်အောင်ဟိန်းနှင့် ဦးဆန်းစင်တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၁
ဒီဇင်ဘာလ
၅ ရက်

ဒေါက်တာဘခက်
နှင့်
ဦးခင်မောင်*

ဥပဒေရလိုမှု—သက်သေခံ မဝင်သော ဥပဒေပြဋ္ဌာန်းစာချုပ်အပေါ် အခြေခံသော အမှုပုံစံအစား ချေးငွေကို ပြန်လည်ရလိုမှု ပုံစံသို့ ပြောင်းလဲတရားစွဲဆိုနိုင်ရန်အတွက် အဆိုလွှာ ပြင်ဆင်ခွင့် တောင်းခံခြင်း—အဆိုလွှာ ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားသည့်နေ့တွင် ကာလစည်းကမ်းသတ် အက်ဥပဒေအရ တရားလိုက ချေးငွေကို တရားစွဲဆိုတောင်းခံခွင့် မရှိတော့ခြင်း—အဆိုလွှာကို ပြင်ဆင်ခွင့်ပြုလိုက်လျှင် ကာလစည်းကမ်းသတ်အား တရားပြိုင်မှာ ရရှိပြီး ဖြစ်သော အဖိုးထိုက်တန်သည့် အခွင့်အရေးကို တရားရုံးက ဖျက်သိမ်းလိုက်ရာ ရောက်မည်ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။ဦးခင်မောင်သည် မိမိ အားကိုးအားထားပြု၍ တရားစွဲဆိုသော စာချုပ်မှာ သက်သေခံ မဝင်ကြောင်း သိရှိလာသော အခါ ဥပဒေချေးစာချုပ်အပေါ် အခြေခံသော အမှုပုံစံအစား ချေးငွေကို ပြန်လည်ရလိုမှု ပုံစံသို့ ပြောင်းလဲ တရားစွဲဆိုနိုင်ရန်အတွက် အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားခဲ့သည်။ သက်သေခံ (က)ကို ချုပ်ဆိုသော နေ့မှာ ၁၅-၁၁-၆၉ နေ့ဖြစ်၍ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားသောနေ့သည် ၂၄-၁-၇၄ နေ့ဖြစ်သည်။ အဆိုလွှာ ပြင်ဆင်ခွင့်ပြုရန် လျှောက်ထားသည့် နေ့ကို ဥပဒေချေးသည့် နေ့မှစ၍ ရေတွက်သော် (၃) နှစ်ကာလထက် ကျော်လွန်နေပေသည်။

---

* ၁၉၁၀ ပြည့်နှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၅၊

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၃၉၅ တွင် ချမှတ်သော (၂၆-၁၀-၇၈) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီထို အယူခံမှု၊

သို့ဖြစ်၍ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျောက်ထားသည့် နေ့တွင် အယူခံတရားပြိုင် ဦးခင်မောင်အနေဖြင့် ကာလစည်းကမ်းသတ် အက် ဥပဒေအရ ချေးငွေကို တရားစွဲဆို တောင်းခံခွင့် မရှိကော့ပေ။ အဆို လွှာကို ပြင်ဆင်ခွင့် ပြုလိုက်လျှင် ကာလစည်းကမ်းသက်အား တရားပြိုင် များ ရရှိပြီးဖြစ်သော အဖိုးထိုက်တန်သည့် အခွင့်အရေးကို တရားရုံးက ဖျက်သိမ်းလိုက်ရာ ရောက်မည်ဖြစ်၍ အယူခံတရားပြိုင်က အမှုပုံစံ ပြောင်း၍ စွဲဆိုနိုင်ရန် အဆိုလွှာကို ပြင်ဆင်ခွင့် ပေးသော တိုင်းတရား ရုံး၏ အမိန့်သည် ဥပဒေနှင့် မညီညွတ်ပေ။

အယူခံတရားလိုအတွက် — ဦးဘစိန်၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် — ဦးတင်မောင်၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှု အမှတ် ၃၉၅/၇၇ တွင် အယူခံတရားပြိုင် ဦးခင်မောင်က အယူခံတရားလို ဒေါက်တာဘခက် နှင့် ဇနီး ဒေါ်ယုမေတို့အပေါ် ငွေကျပ် ၃၇၁၂၅/-ရလိုကြောင်း တရားစွဲဆိုရာ တိုင်းတရားရုံးက အယူခံတရားလို တစ်ဦးတည်းအပေါ် ဒီကရီ ချမှတ်လိုက်သောကြောင့် အယူခံတရားလိုက ဗဟိုတရားရုံးတွင် ဤတရားမ ပထမအယူခံမှုကို တင်သွင်းခြင်းဖြစ်သည်။

အယူခံတရားပြိုင် ဦးခင်မောင်က အယူခံတရားတရားလို ဒေါက်တာ ဘခက်နှင့် ဒေါ်ယုမေတို့သည် ၁၅-၁၁-၆၉ ရက်စွဲပါ စာချုပ်အရ ငွေကျပ် ၃၀၀၀၀/-ကို တစ်လလျှင် ၁-ကျပ်-၅၀ ပြား တိုးဖြင့် ချေးယူခဲ့ကြောင်း၊ အတိုးငွေကျပ် ၉၀၀၀/-ကိုသာ ပေးပြီး ကျန်ငွေ များကို ပေးဆပ်ခြင်း မပြုကြောင်း၊ ရှေနေမှတဆင့် ငွေကို တောင်း ခံသော်လည်း မရကြောင်း၊ သို့ဖြစ်၍ ငွေရင်းကျပ် ၃၀၀၀၀/-နှင့် အတိုးငွေကျပ် ၇၁၂၅/-စုစုပေါင်းငွေကျပ် ၃၇၁၂၅/-ရလိုကြောင်း ဖြင့် တရားစွဲဆိုလေသည်။

ဤအယူခံတွင် အယူခံတရားလိုဘက်မှ အကျိုးဆောင်က ဒေါက်တာ ဘခက်သည် ဦးခင်မောင်ထံမှ အချင်းဖြစ် ငွေကို ချေးယူကြောင်း၊ ဦးခင်မောင်က ခိုင်ခိုင်လုံလုံ တင်ပြနိုင်ခြင်း မရှိကြောင်း၊ အမှန်မှာ ထိုငွေသည် ဒေါက်တာဘခက် လုပ်ကိုင်သော လုပ်ငန်းတွင် ထည့်ဝင် သော ငွေသာဖြစ်ကြောင်း၊ ဦးခင်မောင်သည် ငွေတိုးချစားသူ မဟုတ်ကြောင်း မြင်သာသည့် အထောက်အထားလည်း တင်ပြနိုင်ခြင်း မရှိကြောင်းဖြင့် အကျယ်တဝင့် တင်ပြလျောက်လဲသည်။

၁၉၈၁
ဒေါက်တာ
ဘခက်
နှင့်
ဦးခင်မောင်

အယူခံတရားပြိုင် ဦးစွာတင်သွင်းသော အဆိုလွှာအရ ဦးခင်မောင် သည် အယူခံတရားလို ဒေါက်တာဘခက်နှင့် ဒေါ်ယုမေတို့ ချုပ်ဆို သည့် ဆိုသော သက်သေခံ(က) ငွေချေးစာချုပ်အပေါ် အခြေခံကာ ဤအမှုကို စွဲဆိုခဲ့ခြင်းဖြစ်သည်။ သက်သေခံ (က) ငွေချေးစာချုပ်ကို တံဆိပ်ခေါင်းခွန် တစ်ကျပ် ထမ်းဆောင်ရမည့်အစား ပြားငါးဆယ် သာ ထမ်းဆောင်ခဲ့သဖြင့် ယင်းစာချုပ်မှာ သက်သေခံ မဝင်ချေ။ တိုင်းတရားရုံးက လိုနေသော တံဆိပ်ခေါင်းခွန်နှင့် ဒဏ်ငွေကို ပေး ဆောင်စေခဲ့ကြောင်း တွေ့ရှိရသည်။ ယင်းသို့ ပေးဆောင်သော်လည်း တံဆိပ်ခေါင်းခွန် အက်ဥပဒေပုဒ်မ ၃၂ ၏ ခြွင်းချက် (က) အရ အချင်းဖြစ် ငွေချေးစာချုပ်ကို သက်သေခံအဖြစ် လက်ခံခြင်း မပြုနိုင် ပေ။ ယခင် နိုင်ငံတော် တရားရုံးချုပ်ကလည်း ၁၉၇၃ ခုနှစ်၊တရားမ ပြဝိဆင်မှုအမှတ် ၃၇ တွင် သက်သေခံ(က)မှာ သြဇာမန်စာချုပ် ဖြစ် ကြောင်း သုံးသပ်၍ သက်သေခံ မဝင်ကြောင်း အဆုံးအဖြတ် ပေး ထားသည်ကို တွေ့ရှိသည်။

ဦးခင်မောင်သည် မိမိအားကိုးအားထား ပြု၍ တရားစွဲဆိုသော စာချုပ်မှာ သက်သေခံ မဝင်ကြောင်း သိရှိလာသောအခါ ငွေချေး စာချုပ်အပေါ် အခြေခံသော အမှုပုံစံအစား ချေးငွေကို ပြန်လည်ရ လိုမှု ပုံစံသို့ ပြောင်းလဲ တရားစွဲဆိုနိုင်ရန်အတွက် အဆိုလွှာကို ပြင်ဆင် ခွင့်ပြုရန် လျှောက်ထားခဲ့သည်။ သက်သေခံ (က)ကို ချုပ်ဆိုသော နေ့ မှာ ၁၅-၁၁-၆၉ နေ့ ဖြစ်၍ အဆိုလွှာကို ပြင်ဆင်ခွင့်ပြုရန် လျှောက် ထားသော နေ့သည် ၂၄-၁-၇၄ နေ့ ဖြစ်သည်။ အဆိုလွှာ ပြင်ဆင် ခွင့်ပြုရန် လျှောက်ထားသည့် နေ့ကို ငွေချေးသည့် နေ့မှ စ၍ ရေ တွက်သော် (၃)နှစ်ကာလထက် ကျော်လွန်နေပေသည်။ ချေးငွေ ရလို ကြောင်း အမှုကို ငွေချေးသည့် နေ့မှ စ၍(၃)နှစ်အတွင်း စွဲဆိုရမည် ဟု ကာလစည်းကမ်းသတ် ဥပဒေ၊ ပထမဇယား၊အမှတ်စဉ် ၂၃ တွင် သတ်မှတ်ထားသည်။ အဆိုလွှာတွင် အတိုးကျပ် ၉၀၀၀/-ပေးဆပ် သည်ဟု ဆိုသော်လည်း ဦးခင်မောင်က "အတိုးရယ်လို့ မဟုတ်ပါ" ဟု ဖြေရှင်းထားသည်က တကြောင်း၊ ထိုငွေကို မည်သည့်နေ့မျှား တွင် ပေးဆပ်ကြောင်း ဦးခင်မောင်က မမှတ်မိကော်သည်က တကြောင်း ကြောင့် စည်းကမ်းသတ် ကာလကို ကာလစည်းကမ်းသတ် အက်ဥပဒေ ပုဒ်မ ၂၀ အရ တိုးချဲ့ရန်လည်း အကြောင်းမပေါ်ပေါက်ပေ။ သို့ဖြစ်၍ အဆိုလွှာကို ပြင်ဆင် ခွင့်ပြုရန် လျှောက်ထားသည့် နေ့တွင် အယူခံ တရားပြိုင် ဦးခင်မောင် အနေဖြင့် ကာလစည်းကမ်းသတ် အက်ဥပဒေ

အရချေးငွေကို တရားစွဲဆို တောင်းခံခွင့် မရှိတော့ပေ။ အဆိုလွှာကို ပြင်ဆင်ခွင့် ပြုလိုက်လျှင် ကာလစည်းကမ်းသတ်အား တရားပြိုင်များ ရရှိပြီး ဖြစ်သော အဖိုးထိုက်တန်သည့် အခွင့်အရေးကို တရားရုံးက ဖျက်သိမ်းလိုက်ရာ ရောက်မည် ဖြစ်၍ အယူခံတရားပြိုင်က အမှုပုံစံ ပြောင်း၍ စွဲဆိုနိုင်ရန် အဆိုလွှာကို ပြင်ဆင်ခွင့် ပေးသော တိုင်းတရားရုံး၏ အမိန့်သည် ဥပဒေနှင့် မညီညွတ်ပေ။

၁၉၈၁
ဒေါက်တာ
ဘခက်
နှင့်
ဦးခင်မောင်

ဦးခင်မောင်သည် မူလ တင်သွင်းထားသော အဆိုလွှာအရသာ တရားစွဲဆိုခွင့် ရှိသည် ဖြစ်ရာ အချင်းဖြစ် စာချုပ်မှာ သက်သေခံ မဝင်သည့် အလျောက် ယင်းစာချုပ်အပေါ် အခြေခံကာ စွဲဆိုထားသော အမှုသည်လည်း အနိုင်ရရှိရန် အကြောင်းမမြင်ပေ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ ဖော်ပြလိုသည့် အချက်မှာ အယူခံတရားလိုသည် တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီ မိတ္တူတို့ကို ကူးပေးရန် ၁၄-၁၂-၇၈ ရက်နေ့တွင် လျှောက်ထားခဲ့သော်လည်း မိတ္တူများကို ၂၄-၁-၈၀ နေ့ ရောက်မှ ပေးရန် အသင့်ရှိကြောင်း မိတ္တူများကျောဘက်တွင် ရေးမှတ်ထားသည်ကို တွေ့ရသည်။ မိတ္တူကူးရာတွင် တစိနှစ်ကျော် ကြာမြင့်သည် ဆိုသော အချက်မှာ လုံလောက်သော အကြောင်းကြောင့် ဖြစ်သည်ဟု မဆိုနိုင်ပေ။ နောင်တွင် အလားတူ ကြန့်ကြာမှုများ မရှိစေရန် ရန်ကုန်တိုင်း တရားရုံးရှိ တာဝန်ရှိ ဝန်ထမ်းများက ကြီးကြပ်ဆောင်ရွက်ရန် လိုကြောင်း မှတ်ချက်ပြုလိုက်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံကို ခွင့်ပြု၍ ဦးခင်မောင် စွဲဆိုသော အမှုကို ပလပ်လိုက်သည်။ အယူခံတရားလိုသည် ၎င်း၏ အကျိုးဆောင် တင်ပြလျှောက်ထားခြင်း မရှိသော ဥပဒေအချက်အလက်အရ အနိုင်ရရှိခြင်း ဖြစ်သဖြင့် ဤအယူခံတွင် နှစ်ဘက် အမှုသည်တို့သည် မိမိတို့ ကုန်ကျသော စရိတ်များကို မိမိတို့ ကိုယ်တိုင်ကျခံကြစေ။

နှင့် ဒီကရီကို ပြန်လည်သုံးသပ်ပေးရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၇၊ နည်းဥပဒေ ၁ အရ လျှောက်ထားရာ မအောင်မြင်သောကြောင့် မဟိုတရားရုံးတွင် ဤအယူခံကို တင်သွင်းခြင်းဖြစ်သည်။

၁၉၈၁ ဒေါ်မေ နှင့် ဦးမောင်ဟန် (၂) ဦး

ပဲခူးမြို့၊ နယ်ပိုင်တရားမ တရားသူကြီးရုံး၊ ၁၉၆၁ ခုနှစ် တရားမ ကြီးမှုအမှတ် ၉ တွင် အယူခံတရားလို ဒေါ်မေက အယူခံတရားပြိုင် ဦးမောင်ဟန်နှင့် ဒေါ်ကြည်တို့အပေါ် အချင်းဖြစ်မြေမှ ဦးမောင်ဟန်တို့ ကျူးကျော် ဆောက်လုပ် နေထိုင်လျက်ရှိသော အိမ်ကို ဖျက်သိမ်းထုတ်ခွာ ပေးစေလိုမှု စွဲဆိုရာ အနိုင်ရရှိခဲ့သည်။ ထိုဒီကရီကို အကြိမ်ကြိမ် အတည်ပြုခဲ့သော်လည်း အကြောင်းကြောင်းကြောင့် အတည်မပြုနိုင်ခဲ့ချေ။ ဒေါ်မေသည် ပဲခူးမြို့နယ်တရားရုံး၊ တရားမ ဇာရီမှုအမှတ် ၂/၇၄ တွင် မိမိရရှိသော ဒီကရီကို အတည်ပြုပေးရန် ထပ်မံလျှောက်ထားရာ တရားခွံးများဖြစ်ကြသည့် အယူခံတရားပြိုင်တို့က အကြောင်းအမျိုးမျိုးပြ၍ ကန့်ကွက်ခဲ့ကြသည်။ နောက်ဆုံးတွင် အယူခံ တရားပြိုင်တို့က ပဲခူးမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃ (၁) အရ မိမိတို့အား အချင်းဖြစ်မြေတွင် ဆက်လက်နေထိုင်ခွင့်ပြုကြောင်း အမိန့်စာ ထုတ်ပေးလိုက်သဖြင့် ဒီကရီကို အတည်ပြုရန် မဖြစ်နိုင်တော့ဟု အကြောင်းပြကာ ဇာရီမှုကို ပိတ်ပေးရန် လျှောက်ထားလာလေသည်။

ဤအမှုတွင် ပဲခူးမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့သည် ကြီးကြပ်ရေးဝန်၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးကာ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁)အရ အယူခံတရားပြိုင် ဦးမောင်ဟန်အား အချင်းဖြစ် မြေတွင် ဆက်လက်နေထိုင်ခွင့် ပြုသည့် အမိန့်စာ ထုတ်ပေးခဲ့ခြင်းမှာ အငြင်းမပွားပေ။ ယင်းသို့ အမိန့်စာ ထုတ်ပေးခဲ့သည်ကို အကြောင်းပြု၍ အယူခံတရားပြိုင်တို့ဘက်မှ ၎င်းတို့အပေါ် ချမှတ်ထားသည့် ဒီကရီကို အတည်မပြုနိုင်တော့ကြောင်း မြို့နယ်တရားရုံးတွင် လျှောက်ထားတင်ပြသည်ကို တွေ့ရှိရသည်။ ယင်းလျှောက်ထားချက်နှင့် စပ်လျဉ်း၍မှ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ဌာနရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅ (၁)ပါ ပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်—

၁၉၈၁
ဒေါ်မေ
နှင့်
ဦးမောင်ဟန်
ပါ(၂)ဦး

"ဤအက်ဥပဒေနှင့် သက်ဆိုင်သည့် ဥပစာကို ပြန်လည်သိမ်းပိုက်ရန်အတွက် ××× ဒီကရီ ချမှတ်သည့် အချိန်၌သော်လည်းကောင်း၊ ဤအက်ဥပဒေ အာဏာမတည်မီက ဖြစ်စေ၊ အာဏာတည်ပြီးမှ ဖြစ်စေ ××× ထိုဒီကရီကို ချမှတ်ထားသော်လည်း ××× ပုဒ်မ ၁၃(၁)အရ နေထိုင်ခွင့် ရသူက ××× ထိုဒီကရီကို အတည်မပြုရန် လျှောက်ထားသည့် အခါတွင် ××× ထိုဒီကရီကို အတည်မပြုရသေးသည့် ကိစ္စ၌သော်လည်းကောင်း၊ တရားရုံးသည် ပုဒ်မ ၁၂(၁)၊ အပိုဒ်(ဂ) အရ၊ သို့တည်းမဟုတ် ပုဒ်မ ၁၄(၁)၊ အပိုဒ်(ခ)နှင့် သက်ဆိုင်သည့် ကိစ္စမှတပါး ××× ထိုဒီကရီ အတည်ပြုခြင်းကို ရပ်ဆိုင်းထားရမည်၊ သို့တည်းမဟုတ် ဆိုင်းငံ့ထားရမည်။ ×××"

ပဲခူးမြို့နယ် ပြည်သူ့ကောင်စီ အလုပ်အမှုဆောင် အဖွဲ့က အယူခံတရားပြိုင် ဦးမောင်ဟန်အား အချင်းဖြစ်မြေတွင် ဆက်လက် နေထိုင်ခွင့် ပြုသည့် အမိန့်စာကို ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃ (၁) အရ ထုတ်ပေးခဲ့သည့် အလျှောက် မြို့နယ်တရားရုံးသည် အယူခံတရားပြိုင်တို့အပေါ် ချမှတ်ထားသော ဒီကရီကို အတည်မပြုပဲ ဇာရီမှုကို ပုဒ်မ ၁၅(၁)အရ ရပ်ဆိုင်းထားရမည် ဖြစ်သည်။ သို့သော် ပဲခူးမြို့နယ် တရားရုံးတွင် ဦးမောင်ဟန် လျှောက်ထားသည့်အတိုင်း ဇာရီမှုကို ပိတ်ထားသည်အထိ ပုဒ်မ ၁၅(၁)ပါ ပြဋ္ဌာန်းချက်များက ခွင့်မပြုချေ။

အယူခံတရားလို၏ အကျိုးဆောင်က ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၃(၁)အရ ထုတ်ပေးသော အမိန့်သည် ယခင်ပဲခူးမြို့နယ်၊ နယ်ပိုင်တရားမ တရားသူကြီးရုံးက ချမှတ်ခဲ့သည့်အမိန့်ကို လွှမ်းမိုးသည်ဟု မဆိုနိုင်သဖြင့် ယင်းဒီကရီကို အတည်ပြုပေးရမည်သာဖြစ်ကြောင်း အကျယ်တဝင့် လျှောက်လဲ တင်ပြသည်။ အချင်းဖြစ်ဒီကရီကို အတည်ပြု၍ မရခြင်းမှာ ယင်းပုဒ်မ ၁၃(၁) အရ ထုတ်ပေးသောအမိန့်က တရားရုံး၏ ဒီကရီကို လွှမ်းမိုးသွားခြင်းကြောင့် မဟုတ်ပေ။ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခ ကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၅(၁)ပါ ပြဋ္ဌာန်းချက်များက ဒီကရီကိုအတည်မပြုရဟု တားမြစ်သည့်သဘော သက်ရောက်သောကြောင့် ဇာရီမှုကို ဆိုင်းငံ့ထားရခြင်းဖြစ်သည်။ ဒီကရီမှာမူ ဆက်လက်တည်ရှိနေမည်သာဖြစ်သည်။

အယူခံတရားလို ဒေါ်မေသည် ပဲခူးတိုင်း တရားရုံးက တရားမ အယူခံမှုအမှတ် ၈၇/၇၉(ပဲခူး)တွင် ချမှတ်သော စီရင်ချက်နှင့် ဒီကရီ

၁၉၈၁
ဒေါ်မေ
နှင့်
ဦးမောင်ဟန်
ပါ(၂)ဦး

ကို အယူခံဝင်ရောက်လာခြင်းမဟုတ်ပေ။ ထိုစီရင်ချက်နှင့် ဒီကရီကို ပြန်လည်သုံးသပ်ပေးရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၄၇၊ နည်းဥပဒေ ၁ အရ လျှောက်ထားချက်ကိုပယ်သည့် တိုင်းတရားရုံး၏ အမိန့်ကို အယူခံဝင်ရောက်ခြင်းဖြစ်သည်။ အယူခံဝင်ရောက်နိုင်သော အမိန့်များကို တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၀၄ (၁)နှင့် အမိန့် ၄၃ တို့တွင် ဖော်ပြထားသည်ဖြစ်ရာ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို ပယ်သောအမိန့်ကို အယူခံဝင်နိုင်သည်ဟု ယင်းပြဋ္ဌာန်းချက်များတွင် မပါရှိချေ။ အယူခံတရားလို၏ အကျိုးဆောင်က တိုင်းတရားရုံးက ချမှတ်သော အမိန့်ကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၃၊ နည်းဥပဒေ ၁ (ဘ) အရ အယူခံဝင်ခြင်းဖြစ်ကြောင်း လျှောက်လဲတင်ပြသည်။ ယင်း နည်းဥပဒေ ၁ (ဘ)တွင် ပြန်လည် သုံးသပ်ပေးရန် လျှောက်ထားချက်ကို ခွင့်ပြုသည့် အမိန့်၄၃၊ နည်းဥပဒေ ၄ အရ ချမှတ်သောအမိန့်ကို အယူခံဝင်ခွင့်ရှိကြောင်းသာ ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကိုပယ်သော အမိန့်ကို အယူခံဝင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားခြင်းမဟုတ်ပေ။ အမှန်ဆိုသော် ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို ပယ်သောအမိန့်ကို အယူခံဝင်ခွင့်မရှိဟု အမိန့် ၄၃ နည်းဥပဒေ ၇ (၁)တွင် အတည့်အလင်း ပြဋ္ဌာန်းထားသည် ဖြစ်ရာ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို တိုင်းတရားရုံးက ပယ်သောအမိန့်ကို ဗဟိုတရားရုံးတွင် အယူခံဝင်ခြင်းမှာ မှားယွင်း ချွတ်ချော်ပေသည်။

ထို့ကြောင့် ဤအယူခံကို တရားစရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

တရားမ ပထမအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးထွန်းရှိန်၊ အဖွဲဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးအေးမောင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဒေါ်မေမေတင်
နှင့်
ဒေါ်စိန်နု*

†၁၉၈၁
အောက်တိုဘာ
၂၀ ရက်

သီးခြားသက်သာခွင့် အက်ဥပဒေ ပုဒ်မ-၄၂ ခြွင်းချက်–အကျိုးဆက်သက်သာခွင့် တောင်းဆိုသင့်လျက် တောင်းဆိုခြင်းမပြုလျှင် အမှုပလပ်ခြင်း ပြုနိုင် မပြုနိုင်–ယင်းအမှုမျိုးတွင် အဆိုလွှာကို ပြင်ဆင်ရန်အမိန့် ဖိ၊ နည်း ၁၇ အရ ခွင့်ပြုရခြင်း–ပြင်ဆင်ခြင်းကို သတ်မှတ်သည့် အချိန်အတွင်း မဆောင်ရွက်ပါက အမှုကို ပလပ်နိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။**သီးခြား**သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်တွင် အကျိုးဆက် နောက်ဆက်တဲ့ သက်သာခွင့် ထည့်သွင်းတောင်းဆိုရန် လိုအပ်လျက်နှင့် မတောင်းဆိုလျှင် အမှုပလပ်ရမည်ဟု မဆိုချေ။ ဤကဲ့သို့ မတောင်းဆိုလျှင် အမှုဥ် မြက်ဟကြေငြာသည့် ဒီကရီ ချမှတ်ပေးခြင်း မပြုရဟုသာ ဆိုသည်။ အကျိုးဆက် နောက်ဆက်တဲ့ သက်သာခွင့်ရှိလျက်နှင့် မတောင်းဆိုသည့် အမှုများတွင် တရားလိုကို လိုအပ်သည့် အကျိုးဆက်သက်သာခွင့်ကို တောင်းဆိုနိုင်ရန် ပြင်ဆင်ချက်အဆိုလွှာ တင်သွင်းနိုင်ရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ဖိ၊ နည်း ၁၇ အရ ခွင့်ပြုရသည်။ ဤကဲ့သို့ဆောင်ရွက်ရန် တရားရုံးက ပေးသည့် အချိန်ကာလအတွင်း မဆောင်ရွက်မှသာလျှင် တရားရုံးက အမှုကို ပလပ်နိုင်သည်။

အယူခံတရားလိုအတွက် — ဦးထွန်းတင်၊ ဒေါ်ခင်ဥဉာ၊ ဗဟိုတရားရုံးရှေ့နေများ။

အယူခံတရားပြိုင်အတွက် — ဦးညွန့်တင်၊ ဦးခင်မောင်အေး၊ ဗဟိုတရားရုံးရှေ့နေများ။

---

* ၁၉၈၀ ပြည့်နှစ်၊ တရားမပထမ အယူခံမှုအမှတ် ၀၊

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၄၂ တွင် ချမှတ်သော (၃၁-၁၀-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံးအမှတ် (၁) ၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

၁၉၈၁ ဒေါ်မေမေတင် နှင့် ဒေါ်စိန်နု

ယခင် နိုင်ငံတော် တရားရုံးချုပ် တရားမကြီးမှု အမှတ် ၇၃/၇၂၊ ယခု ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှု အမှတ် ၁၄၂/၇၇ တွင် အယူခံတရားလို ဒေါ်မေမေတင်က သူသည် ကွယ်လွန်သူ ဦးကြူး ကျန်ရစ်ခဲ့သော အမွေပစ္စည်းများ အားလုံး၏ တစ်ဦးတည်းသော အမွေစား အမွေခံဖြစ်ကြောင်း မြှက်ဟကြေငြာပေးရန် အယူခံတရားပြို့ဒေါ်စိန်နုအပေါ် တရားစွဲဆိုခဲ့သည်။ ယင်းအမှုတွင် အယူခံတရားဖြို့က ချေလွှာမတင်သေးပဲ ပဏာမ ကန့်ကွက်လွှာ တင်ခဲ့သည်။ ယင်း ပဏာမ ကန့်ကွက်လွှာအပေါ် နှစ်ဘက်ကြားနာပြီး အယူခံတရားလို စွဲဆိုသည့် အမှုကို ပလပ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ ဗဟို တရားရုံးသို့ ဤအယူခံမှု တင်သွင်းခြင်းဖြစ်သည်။

မူလ တိုင်းတရားရုံးက ဒေါ်စိန်နု တင်သွင်းသည့် ပဏာမ ကန့်ကွက်လွှာတွင် ပါရှိသည့် အချက်နှစ်ချက်ကို သုံးသပ်ပြီး အမိန့်ချမှတ်လိုက်ကြောင်း တွေ့ရသည်။ ယင်းအချက်တို့မှာ– (၁) ဒေါ်စိန်နုအနေနှင့် ကွယ်လွန်သူ ဦးကြူး၏ အမွေပစ္စည်းများကို အမွေဆက်ခံခွင့် လက်မှတ်လျှောက်ထား ရယူခဲ့ပြီး ဖြစ်၍ ထိုအမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာသည် ယခုအမှုတွင် ပေါ်ပေါက်သော အကြောင်းခြင်းရာနှင့် ထပ်တူထပ်မျှ ဖြစ်သည့်အပြင် အမှုသည်ချင်းလည်း တူညီသောကြောင့် ယခုအမှု စွဲဆိုခြင်းမှ ပိတ်ပင်ပြီးဖြစ်ကြောင်း၊ (၂) မြှက်ဟ ကြေငြာပေးစေလိုမှု သက်သက်ကိုသာလျှင် စွဲဆိုထား၍ နောက်ဆက်တွဲ သက်သာခွင့် တောင်းဆိုခြင်း မရှိသဖြင့် ယခုအမှုပုံစံအတိုင်း မစွဲဆိုနိုင်ကြောင်းတို့ ဖြစ်သည်။

ပထမအချက်နှင့် ပတ်သက်ပြီး အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၀၇ တွင် အမွေဆက်ခံခွင့် လက်မှတ်ရရှိရန်အတွက် တရားစွဲဆိုခြင်းသည် နောက်ထပ် တရားမကြီးမှု စွဲဆိုခွင့်ကို တားမြစ်ပိတ်ပင်ခြင်း မရှိကြောင်း အတည့်အလင်း ပြဋ္ဌာန်းထားသဖြင့် တရားလိုဖြစ်သည့် ဒေါ်မေမေတင်ကိုသာ အသာပေး၍ မူလတိုင်းတရားရုံးက ဖျက်သိမ်းခဲ့သည်။

ဒုတိယအချက်နှင့် ပတ်သက်ပြီး တရားပြိုင် ဒေါ်စိန်နုက ရယူခဲ့ပြီးဖြစ်သော ပစ္စည်းများကို ပြန်လည်လက်ဆောက်ပေးအပ်ရန် နောက်ဆက်တွဲ သက်သာခွင့် တောင်းဆိုရန် လိုအပ်သည် ဖြစ်၍ သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်အရ မြှက်ဟကြေငြာပေး

၁၉၈၁
ဒေါ်မေမေတင်နှင့် ဒေါ်စိန်နု

စေလိုမှု သက်သက်ကို စွဲဆိုနိုင်မည် မဟုတ်ဆေး။ "အမှုတန်ဖိုး ၆၅၀၀/- ထားရှိ၍ ရုံးခွန်တော် ထမ်းဆောင်ထားခြင်းမှာလည်း မှားယွင်းသည်ဟု သုံးသပ်ကာ ယင်း ဒုတိယအချက်အပေါ် သုံးသပ်ချက်အရ အမှုရပ်တည်နိုင်စွမ်းမရှိဟု ဆိုပြီး အမှုတစ်မှုလုံးကို ရန်ကုန်တိုင်း တရားရုံးက ပလပ်လိုက်ကြောင်း တွေ့ရသည်။

သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ ၏ ခြွင်းချက်တွင် အကျိုးဆက် နောက်ဆက်တွဲ သက်သာခွင့် ထည့်သွင်းတောင်းဆိုရန် လိုအပ်လျက်နှင့်မတောင်းဆိုလျှင် အမှုပလပ်ရမည်ဟု မဆိုခဲ့။ ဤကဲ့သို့ မတောင်းဆိုလျှင် အမှုဆွဲ မြွက်ဟကြေငြာသည့် ဒီကရီ ချမှတ်ပေးခြင်း မပြုရဟုသာ ဆိုသည်။ အကျိုးဆက် နောက်ဆက်တွဲ သက်သာခွင့် ရှိလျက်နှင့် မတောင်းဆိုသည့် အမှုမျှားတွင် တရားလိုကို လိုအပ်သည့် အကျိုးဆက် သက်သာခွင့်ကို တောင်းဆိုနိုင်ရန် ပြင်ဆင်ချက် အဆိုလွှာ တင်သွင်းနိုင်ရန် တရားမကျင့်ထုံး ဥပဒေအမိန့် ၆၊ နည်း ၁၇ အရ ခွင့်ပြုရသည်။ ဤကဲ့သို့ ဆောင်ရွက်ရန် တရားရုံးက ပေးသည့် အချိန်ကာလအတွင်း မဆောင်ရွက်မှသာလျှင် တရားရုံးက အမှုကို ပလပ်နိုင်သည်။

ထို့ကြောင့် မူလတိုင်းတရားရုံးက အယူခံတရားလို ဒေါ်မေမေတင် စွဲဆိုသည့် အမှုကို ပလပ်လိုက်သည့် အမိန့်ကို ပယ်ဖျက်လိုက်သည်။ မူလတိုင်းတရားရုံးသည် အမှုကို မူလအမှတ်စဉ်ဖြင့် လက်ခံပြီး လိုအပ်သည့် အကျိုးဆက် နောက်ဆက်တွဲ သက်သာခွင့်အတွက် အဆိုလွှာ ပြင်ဆင်၍ တင်ရန် ခွင့်ပြုရမည်။ ရုံးခွန်တော် ထပ်မံထမ်းဆောင်ရန် လိုအပ်လျှင်လည်း ထမ်းဆောင်ရန် ညွှန်ကြားရမည်။ စရိတ်ငွေကျပ် ၁၀/- ခွင့်ပြုသည်။

တရားမပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဓွဇများအဖြစ် ဦးမန်းစံမြတ်ရွှေနှင့် ဦးအေးမောင်တို့ ပါဝင်သော မဟိုတရားစီရင်ရေး အဓွဇရှေ့တွင်

† ၁၉၀၁
ဇန်နဝါရီလ
၂၂ ရက်

ဦးမောင်မောင်ပါ (၂) ဦး
နှင့်
ဒေါ်ညွန့်ရီ*

ကွယ်လွန်သူ၏ ကိုယ်စား တရားဝင်ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်ရန် လျှောက်ထားသူတွင် အမွေဆက်ခံခွင့် လက်မှတ်ရှိရန် မလို။

ဆုံးဖြတ်ချက်။ ။ကွယ်လွန်သူ တစ်ဦး၏ ကိုယ်စား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်ပေးရန် လျှောက်ထားသူသည် အမွေဆက်ခံခွင့် လက်မှတ်ရှိရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိချေ။ သို့ဖြစ်၍ ကွယ်လွန်သူ ဒေါ်ပို့၏ တရားဝင် ကိုယ်စားလှယ် လျှောက်ထားခံရသူ ဒေါ်ညွန့်ရီသည် အမွေဆက်ခံခွင့် လက်မှတ် ရရှိထားသူ ဟုတ် မဟုတ် ဟူသော အချက်ကိုလည်း ထည့်သွင်းစဉ်းစားရန် မလိုပေ။ ဒေါ်ပို့စွဲဆိုထားသည့် အမှုမှာ အိမ်နှင့်လိုမှု ဖြစ်သည်။ အိမ်နှင့်လိုမှု စွဲဆိုခြင်းသည် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၁၄ နှင့် အကျုံးမဝင်သဖြင့် ဒေါ်ညွန့်ရီသည် အမွေဆက်ခံခွင့် လက်မှတ် လျှောက်ထားရယူရန်လည်း မလိုပေ။

လျှောက်ထားသူများအတွက် — ဦးဝင်းမောင် (ဖြူး)၊ ဗဟို တရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် — ဦးစိန်လင်း၊ ဦးတိုးမောင်၊ ဗဟို တရားရုံးရှေ့နေများ။

ဖြူးမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၆၅/၇၀ တွင် ကွယ်လွန်သူ ဒေါ်ပို့က လျှောက်ထားသူ ဦးမောင်မောင်နှင့် ဇနီး ဒေါ်နုနုတို့အပေါ် အချုပ်ဖြစ် ဥပစာမှ နှင်လိုမှု စွဲဆိုခဲ့သည်။ အမှု

---

* ၁၉၇၉ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၃၅။

† ၁၉၇၉ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၅ (ဖြူး) တွင် ချမှတ်သော (၂၉-၅-၇၉) နေ့စွဲပါ ဝဲခူးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

၁၉၀၁
ဦးမောင်မောင် ပါ(၂)ဦးနှင့် ဒေါ်ညွှန့်ရီ

အတောအတွင်း ဒေါ်ပို့ ကွယ်လွန်သွားသည့်အတွက် သူ၏ သမီးဖြစ်သူ လျှောက်ထားခံရသူ ဒေါ်ညွှန့်ရီက အမှုတွင် ဒေါ်ပို့၏ ကိုယ်စားပြုသူ အဖြစ် ထည့်သွင်း၍ အမှုကို ဆက်လက်ဆောင်ရွက်ခွင့် ပေးရန် မူလမြို့နယ်တရားရုံးတွင် လျှောက်ထားခဲ့သည်။ ယင်း လျှောက်လွှာကို လျှောက်ထားသူ ဦးမောင်မောင်တို့က ကန့်ကွက်ကြသည်။ ဦးမောင်မောင်တို့ကအကြောင်းပြချက်အနေဖြင့် တင်ပြသည်မှာ-(၁)ဒေါ်ပို့က ဒေါ်ညွှန့်ရီအား ပေးထားသည့် အထွေထွေ ကိုယ်စားလှယ် ခန့်စာသည့် ဒေါ်ပို့ ကွယ်လွန်သည့်အခါ၌ သက်တမ်းကုန်ဆုံးပြီးဖြစ်ကြောင်း၊ (၂) အမွေ ဆက်ခံခွင့်လက်မှတ် မရရှိပဲ ဒေါ်ပို့၏နေရာတွင် ဒေါ်ညွှန့်ရီသည် တရားဝင် ကိုယ်စားပြုသူ အဖြစ်ဖြင့် မဆောင်ရွက်နိုင်ကြောင်း၊ (၃)အဆိုလွှာနှင့်အတူ ခြံ၏ မြေပုံကို ပူးတွဲမထားသည့် အတွက် အဆိုလွှာကို ပလပ်ရန် သင့်ကြောင်းဟူ၍ ဖြစ်သည်။

ယင်း ကန့်ကွက်ချက်များအပေါ် နှစ်ဘက်ကြားနာ၍ မူလမြို့နယ် တရားရုံးက ဒေါ်ညွှန့်ရီအား ဒေါ်ပို့၏နေရာတွင် တရားလိုအဖြစ် ထည့်သွင်း၍ အမှုဆက်လက်ဆောင်ရွက်ခွင့်ပြုကြောင်း အမိန့်ချမှတ်လိုက်သည်။ ယင်းအမိန့်ကို မကျေနပ်၍ လျှောက်ထားသူတို့က ပဲခူးတိုင်းတရားရုံး တရားမအယူခံမှုအမှတ် ၅/၇၉ တွင် အယူခံဝင်ရာ မအောင်မြင်သဖြင့် ဗဟိုတရားရုံးသို့ ဤပြဉ်ဆင်မှုတင်သွင်းသည်။

ဒေါ်ပို့ ကွယ်လွန်ကြောင်းနှင့် ဒေါ်ညွှန့်ရီသည် ဒေါ်ပို့၏ သမီးဖြစ်ကြောင်းကို လျှောက်ထားသူတို့က မငြင်းချေ။ ထို့ကြောင့် ဒေါ်ညွှန့်ရီအား ဒေါ်ပို့၏နေရာတွင် တရားလိုအဖြစ်ဖြင့် မူလတရားရုံးက ထည့်သွင်းပေးလိုက်ခြင်းမှာ ဥပဒေအရ မှန်ကန်ပေသည်။ ဒေါ်ညွှန့်ရီသည် ဒေါ်ပို့၏ အထွေထွေကိုယ်စားလှယ်စာအရ ဆက်လက် ဆောင်ရွက်နေခြင်းမဟုတ်သဖြင့် ဒေါ်ပို့ ပေးထားသည့် ကိုယ်စားလှယ် စာသည် သက်တမ်းကုန်ဆုံးပြီး ဖြစ်သည်ဟူသော အချက်ကို စဉ်းစားရန် မလိုပေ။ ကွယ်လွန်သူဇာစ်ဦး၏ ကိုယ်စား တရားဝင် ကိုယ်စားလှယ်အဖြစ် ထည့်ပေးရန် လျှောက်ထားသူသည် အမွေဆက်ခံခွင့် လက်မှတ်ရှိရမည်ဟု ဥပဒေပြဋ္ဌာန်းချက် မရှိချေ။ သို့ဖြစ်၍ ကွယ်လွန်သူဒေါ်ပို့၏ တရားဝင်ကိုယ်စားလှယ် လျှောက်ထားခံရသူ ဒေါ်ညွှန့်ရီသည် အမွေဆက်ခံခွင့်လက်မှတ် ရရှိထားသူမဟုတ် ဟူသောအချက်ကိုလည်း ထည့်သွင်းစဉ်းစားရန်မလိုပေ။ ဒေါ်ပို့စွဲဆိုထားသည့် အမှုမှာ အိမ်နှင်လိုမှု ဖြစ်သည်။ အိမ်နှင်လိုမှု စွဲဆိုခြင်းသည် အမွေဆက်ခံခြင်း အက်ဥပဒေ

ပုဒ်မ ၂၁၄ နှင့် အကျုံးမဝင်သဖြင့် ဒေါ်ညွန့်ရီသည် အမွေဆက်ခံခွင့် လက်မှတ် လျှောက်ထားရယူရန်လည်း မလိုပေ။

၁၉၈၁

ဦးမောင်မောင် ပါ(၂) ဦးနှင့် ဒေါ်ညွန့်ရီ

အဆိုလွှာနှင့်အတူ မြေပုံမတင်သွင်းခဲ့သည့် ကိစ္စနှင့် ပတ်သက်၍မူ လျှောက်ထားသူတို့က ချေလွှာတင်သည့်အခါမှသာလျှင် အရေးဆိုခွင့် ရှိမည်ဖြစ်သည်။ တရားလိုသေဆုံးသွားသည့်အတွက် သူ၏ တရားဝင် ကိုယ်စားပြုသူအဖြစ် ထည့်ပေးရန် လျှောက်လွှာနှင့် ပတ်သက်ပြီး ဤ အချက်ကို ထည့်သွင်းစဉ်းစားရန် အကြောင်းမပေါ်ပေါက်ပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှု လျှောက် လွှာကို ပလပ်လိုက်သည်။ စရိတ်ငွေကျပ် ၁၀/-ခွင့်ပြုသည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးသန့်စင်၊ အဖွဲဝင်များအဖြစ်ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ပါဝင်သော မဟိတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးမန်ဂဲလ် ပါ(၂)ဦး
နှင့်
ဒေါ်သန်းနု*

† ၁၉၈၁
ဧနနဝါရီလ
၁၆ ရက်

တရားမကျင့်ထုံး ဥပဒေအမိန့် (၃)၊ နည်း(၁)—အခွင့်ရကိုယ်စားလှယ်သည် အမှုသည်ကိုယ်စား သက်သေခံနိုင်ခွင့်ရှိသည်—အမှုသည်အား ကိုယ်တိုင်အစစ်ခံရန် ဆင့်ဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။ရှိဖ်ပရာဆတ်သည် ဦးမန်ဂဲလ်၏ အတွေ့ထူကိုယ်စားလှယ်စာ ရထားသူဖြစ်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်းဥပဒေ ၂(က)တွင် အခိပွာယ်ဖွင့်ဆိုထားသော အခွင့်ရကိုယ်စားလှယ်ဖြစ်ပေသည်။ အမိန့် ၃၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်များအရ အခွင့်ရကိုယ်စားလှယ်သည် သက်ဆိုင်ရာ အမှုသည်ကိုယ်စား တရားရုံးတွင် ဆောင်ရွက် (Act) ခွင့်ရှိပေသည်။ အမှုတစ်မှုတွင် အမှုသည်တစ်ဦးအနေဖြင့် သက်သေခံခြင်းမှာ ပြုမြဲဖြစ်သော ဆောင်ရွက်ချက်ဖြစ်သည့် အလျောက် တရားမကျင့်ထုံးဥပဒေအမိန့် ၃၊ နည်းဥပဒေ ၁ ပါ (Act) ဆိုသောစကားရပ်တွင် **အကျုံး**ဝင်သည်ဟု ကောက်ယူရပေမည်။ သို့ဖြစ်၍ ရှိဖ်ပရာဆတ်သည် ဦးမန်ဂဲလ်ကိုယ်စား တရားရုံးတွင် သက်သေခံခွင့် ရှိပေသည်။ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်းဥပဒေ ၁၏ ခြင်းချက်အရ တရားရုံးက အမှုသည်တစ်ဦးဦးအား တရားရုံးသို့ ကိုယ်တိုင်လာရောက်ရန် ဆင့်ဆိုနိုင်သော်လည်း ကိုယ်တိုင်သက်သေခံရန် ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားခြင်းမရှိပေ။ ထို့ကြောင့် မြို့နယ်တရားရုံးက ဦးမန်ဂဲလ်အား ကိုယ်တိုင်အစစ်ခံရန် အမိန့်ချမှတ်ခြင်းသည် မှားယွင်းချွတ်ချော်သည်ဟု ဆိုရပေမည်။

---

* ၁၉၇၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၅၄၊

† ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၁၇၇ တွင် ချမှတ်သော (၂၄-၄-၇၉)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု၊

၁၉၈၁

ဦးမန်ဂဲလ် ပါ (၂) ဦးနှင့် ဒေါ်သန်းနု

လျှောက်ထားသူမျှားအတွက် --ဦးကျော်စိန်အောင်၊ ဗဟိုတရားရုံး ရွှေနေ။

လျှောက်ထားခံရသူအတွက် --ဒေါ် သောင်း သောင်း ရွှေ၊ ဗဟို တရားရုံးရွှေနေ။

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ် တရားရုံး၊ ဓာရုံးမကြီးမှု အမှတ် ၅/၇၇ တွင် လျှောက်ထား ခံရသူ ဒေါ်သန်းနုက လျှောက်ထားသူ ဦးမန်းဂဲလ်နှင့်ဇနီး အမီနာတို့အပေါ် နေခွင့်ပြုထားသော မြေမှု ဖယ်ရှားပေးစေလိုမှု စွဲဆိုသည်။ ဦးမန်ဂဲလ်၏ အထွေထွေကိုယ်စားလှယ်စာရသူ ရှိဖ်ပရာဆတ်က ဦးမန်ဂဲလ်၏ကိုယ်စား စာရွက်စာတမ်း များတွင် လက်မှတ်ရေးထိုး ခံဝန်ချက်ပြုလုပ်ခွင့်၊ အမှုတွင်ဆောင်ရွက်ခွင့်နှင့်အစစ် ခံခွင့်ပြုရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မြို့နယ်တရားရုံးက ချမှတ် သောအမိန့်ကို ဦးမန်ဂဲလ်က မကျေနပ်၍ ရန်ကုန်တိုင်း တရားရုံးတွင် ပြဇ်ဆင်မှုလျှောက်ထားရာ မအောင်မြင်သဖြင့် ဗဟို တရားရုံးတွင် ဤ ပြင်ဆင်မှုကို ထပ်မံလျှောက်ထားခြင်း ဖြစ်သည်။

ရှိဖ်ပရာဆတ်၏ လျှောက်ထားချက်နှင့် ပတ်သက်၍ မြို့နယ်တရား ရုံးက ၃၀-၁၀-၇၈ ရက်နေ့စွဲပါ နေ့စဉ် မှတ်တမ်းတွင် အောက်ပါ အတိုင်း အမိန့်ချမှတ်သည်။

> "--ရွှေနေ ဦးကျော်စိန်အောင်ကို မန်ဂဲလ်၏ရွှေနေကိုယ်စား လှယ်အဖြစ် လက်ခံသည်။
>
> --ပရာဆပ်ကို မန်ဂဲလ်၏ကိုယ်စားလည်အဖြစ်လက်ခံသည်။
>
> --တရားပြိုင်မန်ဂဲလ်ကို စစ်ဆေးရန်နှင့်ပတ်သက်၍ မန်ဂဲလ်ကိုယ် တိုင် အစစ်ခံရန် အမိန့်ချမှတ်သည်"

မြို့နယ် တရားရုံး၏ အမိန့်ကို လေ့လာ ကြည့်လျှင် ဦးမန်ဂဲလ် ၏ အထွေထွေကိုယ်စားလှယ်စာရသူ ရှိဖ်ပရာဆတ်က ၂၇-၁၂-၇၇ ရက်စွဲ ပါလျှောက်လွှာ၌လျှောက်ထားချက်နှင့်ကွဲလွဲနေသည်ကို တွေ့ရပေမည်။

ရှိဖ်ပရာဆတ်သည် ဦးမန်ဂဲလ်၏အထွေထွေကိုယ်စားလှယ်စာ ရထား သူဖြစ်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်း ဥပဒေ ၂ (က)တွင် အဓိပ္ပာယ်ဖွင့်ဆိုထားသော အခွင့်ရ ကိုယ်စားလှယ် ဖြစ်ပေသည်။အမိန့် ၃၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်များ အရ အခွင့်ရ ကိုယ်စားလှယ်

သည် သက်ဆိုင်ရာ အမှုသည်ကိုယ်စားတရားရုံးတွင် ဆောင်ရွက်(Act) ခွင့်ရှိပေသည်။ အမှုတစ်မှုတွင် အမှုသည်တစ်ဦး အနေဖြင့် သက်သေခံ ခြင်းမှာ ပြုမြဲဖြစ်သော ဆောင်ရွက်ချက်ဖြစ်သည့်အလျောက် တရားမ ကျင့်ထုံး ဥပဒေအမိန့် ၃၊ နည်းဥပဒေ ၁ ပ၊(Act)ဆိုသော စကားရပ် တွင် အကျုံးဝင်သည်ဟု ကောက်ယူရပေမည်။ သို့ဖြစ်၍ ရှိဖိပရာဆတ် သည် ဦးမန်ဂဲလ်ကိုယ်စား တရားရုံးတွင် သက်သေခံခွင့် ရှိပေသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၊ နည်းဥပဒေ ၁ ၏ခြင်းချက်အရ တရား ရုံးကအမှုသည်တစ်ဦးဦးအား တရားရုံးသို့ ကိုယ်တိုင်လာရောက်ရန် ဆင့်ဆို နိုင်သော်လည်း ကိုယ်တိုင်သက်သေခံရန် ဆင့်ဆိုနိုင်ကြောင်း ပြဋ္ဌာန်းထား ခြင်းမရှိပေ။ ထို့ကြောင့် မြို့နယ်တရားရုံးက ဦးမန်ဂဲလ်အား ကိုယ်တိုင် အစစ်ခံရန် အမိန့်ချမှတ်ခြင်းသည် မှားယွင်း ချွတ်ချော်သည်ဟု ဆိုရ ပေမည်။

၁၉၁၁ ဦးမန်ဂဲလ် ပ၊(၂) ဦး နှင့် ဒေါ်သန်းမ

မြို့နယ်တရားရုံး၏ ကျန် ဆုံးဖြတ် ချက် နှစ်ရပ်မှာ ရှိဖိပရာဆတ် ၏ လျောက်ထားချက် နှင့် ကွဲလွဲသည်မှန်သော်လည်း တရားမ ကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅အရ ပြင်ဆင်ပေးရမည့် မှားယွင်းချက်မျိုးမဟုတ်ပေ။

ထို့ကြောင့် လျောက်ထားသူတို့၏ ပြင်ဆင်မှုလျောက်လွှာကို ခွင့်ပြု ၍ မြို့နယ်တရားရုံးက ဦးမန်ဂဲလ်အား ကိုယ်တိုင် အစစ်ခံရန် ချမှတ်သော အမိန့်ကို စရိတ်နှင့်တကွ ပယ်ဖျက်လိုက်သည်။ ရွှေနေခကို ကျပ် ၂၅/- ဟု သတ်မှတ်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးလှဘုန်း၊ အဖွဲ့ဝင်များအဖြစ်ဦးမန်းစံမြတ်ရွှေနှင့်ဦးအေးမောင်တို့ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၈၁
ဇွန်လ
၂၄ ရက်

ရဟီမာဘီဘီ(ခ)မခင်မေ
နှင့်
အာမက်အီစွပ်ဘရူးချား(ခ)ဂိုရာဘရူးချား*

တရားမကျင့်ထုံးဥပဒေ— တရားလို သေဆုံးသွားပြီးနောက် ရက်ပေါင်း ၉၀ အတွင်း တရားဝင်ကိုယ်စားပြုသူ မထည့်သွင်းခဲ့၍ အမှုသည် အလိုအလျောက် ပိတ်သိမ်းသွားခြင်းမှာ တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၉(၁)နှင့်သာ သက်ဆိုင်ခြင်း—တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ နှင့် အကျုံးမဝင်ခြင်း။

ဆုံးဖြတ်ချက်။ ။တရားမကျင့်ထုံး ဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၉(၁)က တရားမမူတစ်မှုသည် အလိုအလျောက် ပိတ်သိမ်းသွားပါက ယင်းကဲ့သို့ ပိတ်သိမ်းသွားသည့်အမှုမှ စွဲဆိုရန် အကြောင်းခြင်းရာနှင့် စွဲဆိုရန် အကြောင်းခြင်းရာတူသော နောက်တစ်မှု စွဲဆိုခွင့်မပြုဟု ပြဋ္ဌာန်းထားသည်။ ပထမစွဲဆိုသည့် တရားမကြီးမှု အမှတ် ၂၉/၇၅ နှင့် ယခုနောက်ထပ်စွဲဆိုသည့် တရားမကြီးမှု အမှတ် ၅၂/၇၇ မှ အဆိုလွှာနှစ်ခုကို စိစစ်လိုက်သည့်အခါ နှစ်မှုစလုံးအတွက် တရားစွဲဆိုရန် အကြောင်းခြင်းရာများမှာ ထပ်တူထပ်မျှ ဖြစ်နေကြောင်း တွေ့ရသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ က တရားမမှုတစ်မှုတွင် ထုတ်ထားသည့် ငြင်းချက်တစ်ခုအပေါ် အဆုံးအဖြတ်ပေးပြီးပါက အလားတူ ငြင်းချက် ပေါ်ပေါက်မည့် နောက်အမှုကို လက်ခံစစ်ဆေးခြင်း မပြုရဟု ပိတ်ပင်သည်။ ယခုအမှုနှင့်သက်ဆိုင်သော ပထမစွဲဆိုသည့်အမှုတွင် ငြင်းချက်များအပေါ် အဆုံးအဖြတ် မပေးရသေးချေ။ ပထမစွဲဆို

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှုအမှတ် ၁၈၇။

† ၁၉၇၈ ခုနှစ်၊ တရားမ ပထမအယူခံမှုအမှတ် ၁၉၄ တွင် ချမှတ်သော (၃၀-၇-၇၉)နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

သည့်အမှုတွင် အမှုမှ တရားလို့သေဆုံးခြင်းကြောင့် အမှုအလိုအလျောက် ပိတ်သိမ်းခဲ့ခြင်းသာ ဖြစ်သောကြောင့် ဤအမှုမှာ တရားမကျင့်ထုံး အမိန့် ၂၂၊ နည်းဥပဒေ ၉ (၁) နှင့်သာ သက်ဆိုင်သည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ နှင့် အကျုံးမဝင်ချေ။

၁၉၈၃
ရဟီမာဘီဘီ (ခ) မခင်မေ နှင့် အာမက်အီစွပ် ဘရူးချား (ခ) ဂိုရာဘရူးချား

အယူခံတရားလိုအတွက် — ဦးသန်းစိန်၊ ဦးလှသောင်း၊ ဗဟိုတရားရုံးရှေ့နေများ။

အယူခံတရားပြိုင်အတွက် — ဦးမောင်ကလေး၊ ဗဟိုတရားရုံးရှေ့နေ။

ပန်းဘဲတန်းမြို့နယ်တရားရုံး တရားမကြီးမှု အမှတ် ၅၂/၇၇ တွင် အိုင်အီးအရစ်ဆိုသူက အယူခံတရားပြိုင် အာမက်အီစွပ်ဘရူးချား၏ တရားဝင်ကိုယ်စားလှယ်အဖြစ်ဖြင့် အယူခံတရားလို ရာဟီမာဘီဘီ(ခ) ဒေါ်ခင်မေအပေါ် ရန်ကုန်မြို့၊ ၂၀-လမ်း၊ တိုက်အမှတ် (၂၉)၊ အခန်းအမှတ် (၂)မှ ကျူးကျော်နေထိုင်သူအား ဖယ်ရှားပေးစေလိုမှုစွဲဆိုခဲ့သည်။ မူလမြို့နယ်တရားရုံးက ယခင်ပန်းဘဲတန်းမြို့နယ် တရားမကြီးမှု အမှတ် ၂၉/၇၅ တွင် အချင်းဖြစ်အဆောက်အအုံ၏ မူလပိုင်ရှင် ကွယ်လွန်သူ ခတီဇာဘီဘီက အယူခံတရားလို ဒေါ်ခင်မေအပေါ် ကျူးကျော်သူအား ဖယ်ရှားပေးစေလိုမှုကို စွဲဆိုခဲ့ပြီး အမှုစစ်ဆေးနေစဉ် ခဘီဇာဘီဘီသေဆုံးသွားပြီး ရက် ၉၀ အတွင်း တရားဝင်ကိုယ်စားပြုသူ မည်သူကို မျှ မထည့်သွင်းခဲ့သဖြင့် အမှုမှာ အလိုအလျောက် ပိတ်သိမ်းသွားခဲ့ပြီးဖြစ်သည်။ ထိုသို့ အမှုပိတ်သိမ်းခြင်းကြောင့် ပလပ်ခြင်းခံရသဖြင့် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁ အရ ယခုအမှုကို ခတီဇာဘီဘီ၏ သေတမ်းစာအတည်ပြုသူ အာမက်အီစွပ်ဘရူးချားက စွဲဆိုခွင့်မရှိတော့ချေဟု သုံးသပ်ကာ ဤအမှုကို ပလပ်ခဲ့သည်။ အာမက်အီစွပ်ဘရူးချားက ယင်းအမိန့်ကို မကျေနပ်၍ ရန်ကုန်တိုင်းတရားရုံး တရားမ ပထမအယူခံမှု အမှတ် ၁၉၄/၇၈ တွင် အယူခံဝင်ရာ တိုင်းတရားရုံးက မူလမြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကိုပယ်ဖျက်၍ အမှုကို ဆက်လက်စစ်ဆေးရန် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ခင်မေက မကျေနပ်၍ ဗဟိုတရားရုံးသို့ ဤဒုတိယ အယူခံမှုကို တင်သွင်းသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၉(၁)က တရားမမှု တစ်မှုသည် အလိုအလျောက် ပိတ်သိမ်းသွားပါက ယင်းကဲ့သို့ ပိတ်သိမ်းသွားသည့်အမှုမှ စွဲဆိုရန် အကြောင်းခြင်းရာနှင့်စွဲဆိုရန် အကြောင်း

ခြင်းဆောတူသော နောက်တစ်မှု စွဲဆိုခွင့်မပြုဟု ပြဋ္ဌာန်းထားသည်။

၁၉၀၁ ရဟီမာဘီဘီ (ခ) မခင်မေ နှင့် အာမက်အီစွပ် ဘရူးချား (ခ) ဂိုရာဘရူးချား

ပထမစွဲဆိုသည့် တရားမကြီးမှု အမှတ် ၂၉/၇၅ နှင့် ယခုနောက်ထပ် စွဲဆိုသည့် တရားမကြီးမှု အမှတ် ၅၂/၇၇ မှ အဆိုလွှာနှစ်ခုကို စိစစ်လိုက်သည့်အခါ နှစ်မှုစလုံးအတွက် တရားစွဲဆိုရန် အကြောင်းခြင်းရာများမှာ ထပ်တူထပ်မျှဖြစ်နေကြောင်း တွေ့ရသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ က တရားမမှုတစ်မှုတွင် ထုတ်ထားသည့် ငြင်းချက်တစ်ခုအပေါ် အဆုံးအဖြတ်ပေးပြီးပါက အလားတူ ငြင်းချက်ပေါ်ပေါက်မည့် နောက်အမှုကို လက်ခံစစ်ဆေးခြင်း မပြုရဟု ပိတ်ပင်သည်။ ယခုအမှုနှင့် သက်ဆိုင်သော ပထမစွဲဆိုသည့် အမှုတွင် ငြင်းခုံက်များအပေါ် အဆုံးအဖြတ် မပေးရသေးချေ။ ပထမစွဲဆိုသည့်အမှုတွင် အမှုမှ တရားလိုသေဆုံးခြင်းကြောင့် အမှု အလို အလျောက် ပိတ်သိမ်းခဲ့ခြင်းသာ ဖြစ်သောကြောင့် ဤအမှုမှာ တရားမကျင့်ထုံးအမိန့် ၂၂၊ နည်းဥပဒေ ၉ (၁) နှင့်သာ သက်ဆိုင်သည်။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ နှင့် အကျုံးမဝင်ချေ။

သို့ဖြစ်၍ ပထမအယူခံ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလမြို့နယ်တရားရုံးမှ အယူခံတရားပြိုင်စွဲဆိုသည့် အမှုကို ပလပ်လိုက်သည့်အမိန့်ကို အတည်ပြုလိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံတရားပြိုင်က ကျခံစေရန် အမိန့်ချမှတ်လိုက်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးလှဘုန်း၊ အဓွဲ့ဝင်များအဖြစ် ဦးထွန်းရှိန်နှင့် ဦးအေးမောင်တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးလှမြင့် ပါ (၂) ဦး
နှင့်
ဒေါ်ရီရီ ပါ (၂) ဦး *

†၁၉၈၁
ဇွန်လ
၃၀ ရက်

တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁ နည်းဥပဒေ ၅၈—မူလမှုတွင် သော်လည်းကောင်း၊ ဇာရီမှုတွင် သော်လည်းကောင်း၊ အမှုသည်အဖြစ် ပါဝင်ခဲ့ခြင်းမရှိသူက အိမ်အုပ်ဝရမ်း ထုတ်ဆင့်ရန် ချမှတ်သောမူလရုံး၏ အမိန့်အမိန့် အယူခံဝင်ခွင့် မရှိခြင်း— ဇာရီမှုဌ် အမှုသည် မဟုတ်သူများအား ဥပစာမှ ဖယ်ရှား ပစ်ရာတွင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ နှင့် နည်းဥပဒေ ၁၀၃ တို့အရ လမ်းဖွင့်ပေးထားပါလျက် ထိုလမ်းအတိုင်း ဆောင်ရွက်ခြင်းမပြုပဲ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ လျှောက်ထားခြင်းမှာ လမ်းလွဲနေခြင်း—မူလအမှုတွင် ချမှတ်ထားသောဒီကရီမှာ အတည်ဖြစ်လျက်ရှိပေရာ ဇာရီမှုဖွင့်သည့်အခြေရောက်မှ ယင်းဒီကရီသည် မှားယွင်းချုတ်ချော်သည်ဟု အရေးဆိုခွင့်မရှိခြင်း— မူလမှုတွင် အမှုသည် မဟုတ်သူအား တရားမကျင့်ထုံးဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀ (၂) အရ ဇာရီမှုတွင် အမှုသည်အဖြစ် ထည့်သွင်းခြင်း မပြုနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။အိပ်အပ် ဝရမ်းထုတ်ဆင့်ရန် မြို့နယ်တရားရုံးက ချမှတ်သော အမိန့်သည် တရားနိုင်များ ဖြစ်ကြသော ဦးလှမြင့်၊ ဦးမြင့်နိုင်တို့နှင့် တရားရှုံးဖြစ်သော ဒေါ်ခင်မမကြီးတို့နှင့် သက်ဆိုင်သည်။ လျှောက်ထားခံရသူ ဒေါ်ရီရီသည် မူလအမှုတွင်သော် လည်းကောင်း၊ ဇာရီမှုတွင်သော်လည်းကောင်း အမှုသည်အဖြစ် ပါဝင်ခဲ့

---

* ၁၉၇၆ ခုနှစ်၊ တရားမ ပြင်ဆင်မှုအမှတ် ၁၁၄၊

† ၁၉၇၆ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၊ (ဗိုလ်တထောင်) တွင် ချမှတ်သော (၂၇-၈-၇၆) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု၊

၁၉၈၁

ဦးလှမြင့် ပါ(၂)ဦး နှင့် ဒေါ်ရီရီ ပါ(၂)ဦး

ခြင်း မရှိသည့်အလျောက် မြို့နယ်တရားရုံးက ချမှတ်သောအမိန့်ကို တိုင်း တရားရုံးတွင် အယူခံဝင်ခွင့် မရှိပေ။

ထပ်မံဆုံးဖြတ်ချက်။ ။မြို့နယ်တရားရုံးက ထုတ်ဆင့်ခဲ့သော အိမ် အပ်ဝရမ်းကို အတည်ပြုရာတွင် တရားရှုံး ဒေါ်ခင်မမကြီး ကို သော် လည်းကောင်း၊ ဒီကရီအရ လိုက်နာရန် တာဝန်ရှိဟုဆဲ့ အခြားသူ များကို သော်လည်းကောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅ အရ ဖယ်ရှားပစ်မည်ဖြစ်သည်။ အကယ်၍ လျှောက် ထားခံရသူ ဒေါ်ရီရီအနေဖြင့် ဒေါ်ခင်မမကြီးအပေါ် ချမှတ်ထားသော ဒီကရီကို လိုက်နာရန် တာဝန်မရှိပါပဲလျက် အချင်းဖြစ်အခန်းမှ ဖယ် ရှားခြင်း ခံရပါက ဒီကရီအတည်ပြုလျက်ရှိသော တရားရုံးဖြစ်သည့် ဗိုလ်တထောင်မြို့နယ် တရားရုံးတွင် ထိုသို့ ဖယ်ရှားခြင်း ခံရခြင်းနှင့် ပတ်သက်၍ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ လျှောက်ထား တိုင်တန်းခွင့် ရှိပေသည်။ ထိုသို့ လျှောက်ထားရာ တွင် အရေးနိမ့်ပါက အချင်းဖြစ်အိမ်ခန်းကို လောလောဆယ် လက်ရှိ ထားခွင့်ရှိကြောင်း ပြဆိုရန်အလို့ငှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ တရားစွဲဆို ထပ်မံစွဲဆိုနိုင်ပေသည်။ ဇာရီမှဉ် အမှုသည်မဟုတ်သူများအား ဥပစာမှ ဖယ်ရှားပစ်ရာတွင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ဤကဲ့သို့ လမ်းဖွင့်ပေးထားပါလျက် ဒေါ်ရီရီသည် ထိုလမ်းအတိုင်း ဆောင်ရွက်ခြင်းမပြုပဲ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ လျှောက်ထားခြင်းမှာ လမ်း လွဲနေပေသည်။

တိုင်းတရားရုံးက မူလအမှုတွင် တရားလိုများက အချင်းဖြစ်အခန်း တွင် အမှန်တကယ်နေထိုင်သော ဒေါ်ရီရီအပေါ် တရားစွဲဆိုခြင်းမပြုပဲ ဒေါ်ခင်မမကြီး အပေါ်သာ စွဲဆိုသဖြင့် မြို့နယ်တရားရုံးက ဒီကရီ ချမှတ်ခြင်းမှာ ဒေါ်ရီရီအား ထိခိုက်နစ်နာစေခဲ့ကြောင်း၊ ဒေါ်ရီရီအား တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀(၂)အရ တရားပြိုင် အဖြစ် ထည့်သွင်းကာ ချေပခွင့်ပေးသင့်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ မူလအမှုတွင် ချမှတ်ထားသော ဒီကရီမှာ အတည်ဖြစ် လျက်ရှိပေရာ ဇာရီမှုဖွင့်သည့်အခြေထောက်မှ ယင်းဒီကရီသည် မှားယွင်း ချက်ချော်သည်ဟု အရေးဆိုခွင့် တစုံတရာမရှိတော့ပေ။ ဒေါ်ရီရီမှာ မူလအမှုမှ အမှုသည်တစ်ဦး မဟုတ်သဖြင့် ၎င်းအား ဇာရီမှုတွင် အမှု သည်အဖြစ် ထည့်သွင်းခြင်း မပြုနိုင်ပေ။ သို့ဖြစ်၍ တိုင်းတရားရုံးက ချမှတ်သောအမိန့်သည် သိသိသာသာ မှားယွင်းချွတ်ချော်နေပေသည်

၁၉၀၁

ဦးလှမြင့် ပါ(၂)ဦး နှင့် ဒေါ်ရီရီ ပါ(၂)ဦး

လျှောက်ထားသူများအတွက် – ဦးလှဖေ(၁)၊ ဦးသန်းအောင်၊ ပဟိုတရားရုံးရှေ့နေများ။

လျှောက်ထားခံရသူများအတွက် – ဦးထွန်းကြည်၊ ဦးစိန်လင်း၊ ပဟိုတရားရုံးရှေ့နေများ။

ရန်ကုန်တိုင်း၊ ဗိုလ်တထောင်မြို့နယ်တရားရုံး၊ တရားမ ဇာရီမှု အမှတ် ၁၉/၇၅ တွင် လျှောက်ထားသူ ဦးလှမြင့်နှင့် ဦးမြင့်နိုင် တို့က တရားနိုင်များ အဖြစ်ဖြင့် လျှောက်ထားခံရသူ ဒေါ်ခင်မမကြီး အပေါ် ယင်း တရားရုံး၊ တရားမကြီးမှုအမှတ် ၂၂/၇၅ ၌ ရရှိထားသော ဒီကရီ ကို အတည်ပြုရာ လျှောက်ထားခံရသူ ဒေါ်ရီရီက တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ ကန့်ကွက်ကာ ဇာရီမှုတွင် ချမှတ်ထားသော အမိန့်ကို ပြန်လည်သုံးသပ်ပြီး ခေတ္တ ဆိုင်းငံ့ထားရန် လျှောက်ထားသည်။ မြို့နယ် တရားရုံးက အမိန့်မချမှတ်မီ ဒေါ်ရီရီက ရန်ကုန်တိုင်းတရားရုံး၊ တရားမ အယူခံမှု အမှတ် ၂/၇၆ တွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ပြီး ဒေါ်ရီရီအား တရားပြိုင်အဖြစ် ထည့်သွင်းကာ အမှုကိုပြန်လည် စစ်ဆေး ဆုံးဖြတ်ရန် အမိန့်ချမှတ်သည်။ လျှောက်ထားသူတို့က တိုင်းတရားရုံး၏အမိန့်ဂ မကျေနပ်သဖြင့် ပဟိုတရားရုံးတွင် ကျွမ်းပြင်ဆင်မှုကို လျှောက်ထားသည်။

လျှောက်ထားသူ ဦးလှမြင့်နှင့် ဦးမြင့်နိုင်တို့သည် ဗိုလ်တထောင် မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၁၉/၇၅ တွင် ယင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၂/၇၅ ၌ လျှောက်ထားခံရသူ ဒေါ်ခင်မမကြီး အပေါ် အချင်းဖြစ်အခန်းမှ ဖယ်ရှားပေးရန် ချမှတ်ထားသော ဒီကရီကို အတည်ပြုပေးရန် ၅-၁၂-၇၅ နေ့တွင် လျှောက်ထားသည်။ မြို့နယ်တရားရုံးက ဒီကရီကို အတည်ပြုပေးရန် လျှောက်ထားချက်ကို ခွင့်ပြုကြောင်း၊ ၂၀-၁၂-၇၅ နေ့တွင် ချမှတ်၍ အချင်းဖြစ် အိမ်ခန်းကို တရားနိုင်တို့အား လက်ရောက်အပ်ပေးရန်အတွက် အပ်ဝရမ်းဆုတ်ဆင့်ပေးရန် ၂-၁-၇၆ နေ့တွင် အမိန့်ချမှတ်သည်။ လျှောက်ထားခံရသူ ဒေါ်ရီရီက အချင်းဖြစ်အခန်းကို ဒေါ်ခင်မမကြီးထံမှ တရားဝင်ငှားရမ်းထားသည်ဟု အကြောင်းပြကာ မိမိအား အချင်းဖြစ်အိမ်ခန်းမှ ဖယ်ရှားပေးရန် ချမှတ်ထားသည့်အမိန့်ကို ပြန်လည်သုံးသပ်ပေးရန်နှင့် ဇာရီမှုကို ခေတ္တ ဆိုင်းငံ့ပေးရန် ၁၄-၁-၇၆ နေ့စွဲပါ လျှောက်လွှာဖြင့် လျှောက်ထားသည်။ တရားနိုင်တို့က ၁၆-၁-၇၆ ရက်စွဲပါ လျှောက်

လာဖြင့် အိမ်အပ်ဝရမ်း ထုတ်ဆင့်ပေးရန် ထပ်မံလျှောက်ထားသည်။

၁၉၈၁ ဦးလှမြင့် ပါ(၂)ဦး နှင့် ဒေါ်ရီရီ ပါ(၂)ဦး

မြို့နယ်တရားရုံးက လျှောက်လွှာများကို ကြားနာ၍ အမိန့်ချမှတ်ရန် ချိန်းဆိုထားဆဲတွင် ဒေါ်ရီရီက တိုင်းတရားရုံးတွင် မြို့နယ်တရားရုံး၏ ၂-၁-၇၆ ရက်စွဲပါအမိန့်ကို အယူခံဝင်သည်။

အိမ်အပ်ဝရမ်း ထုတ်ဆင့်ရန် မြို့နယ်တရားရုံးက ချမှတ်သောအမိန့်သည် တရားနိုင်မှုးဖြစ်ကြသော ဦးလှမြင့်၊ ဦးမြင့်နိုင်တို့နှင့် တရားရှုံးဖြစ်သော ဒေါ်ခင်မမကြီးတို့နှင့် သက်ဆိုင်သည်။ လျှောက်ထားခံရသူ ဒေါ်ရီရီသည် မူလအမှုတွင် သော်လည်းကောင်း၊ ဇာရီမှုတွင် သော်လည်းကောင်း အမှုသည်အဖြစ် ပါဝင်ခဲ့ခြင်းမရှိသည့် အလျှောက်မြို့နယ်တရားရုံးက ချမှတ်သော အမိန့်ကိုတိုင်းတရားရုံးတွင် အယူခံဝင်ခွင့် မရှိပေ။ သို့ဖြစ်၍ တိုင်းတရားရုံးက ဒေါ်ရီရီ၏ လျှောက်ထားချက်ကို အယူခံမှုအဖြစ် လက်ခံကြားနာကာ မြို့နယ်တရားရုံး၏ အမိန့်ကို ပယ်ဖျက်ခြင်းမှာ ဥပဒေနှင့် မညီညွတ်ပေ။

ဒေါ်ရီရီက မြို့နယ်တရားရုံးတွင် လျှောက်ထားရာ၌ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၀ အရ ကဲန့်ကွက်လွှာ တင်သွင်းကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ယင်းပြဋ္ဌာန်းချက်များမှာ ဝရမ်းခွာမှုနှင့် ပတ်သက်သည်။ မြို့နယ်တရားရုံးသည် အချင်းဖြစ်အိမ်ခန်းကို ဝရမ်းကပ်ခဲ့ခြင်း မဟုတ်ပေ။ အိမ်အပ်ဝရမ်း ထုတ်ဆင့်ခဲ့ခြင်းသာ ဖြစ်သည်။ သို့ဖြစ်၍ အမှုတွင် ဝရမ်းခွာပေးရန် ပြဿနာလုံးဝ မပေါ်ပေါက်ပေ။

မြို့နယ်တရားရုံးက ထုတ်ဆင့်ခဲ့သော အိမ်အပ်ဝရမ်းကို အတည်ပြုရာတွင် တရားရှုံးဒေါ်ခင်မမကြီးကို သော်လည်းကောင်း၊ ဒီကရီအရ လိုက်နာရန် တာဝန်ရှိသည့် အခြားသူများကို သော်လည်းကောင်း တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၃၅ အရ ဖယ်ရှားပစ်မည် ဖြစ်သည်။ အကယ်၍ လျှောက်ထားခံရသူ ဒေါ်ရီရီအနေဖြင့် ဒေါ်ခင်မမကြီး အပေါ် ချမှတ်ထားသောဒီကရီကို လိုက်နာရန် တာဝန်မရှိပါလျက် အချင်းဖြစ်အခန်းမှ ဖယ်ရှားခြင်းခံရပါက ဒီကရီအတည်ပြုလျက်ရှိသော တရားရုံးဖြစ်သည့် ဗိုလ်တထောင်မြို့နယ် တရားရုံးတွင် ထိုသို့ဖယ်ရှားခြင်းခံရခြင်းနှင့် ပတ်သက်၍ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၀ အရ လျှောက်ထားတိုင်တန်းခွင့် ရှိပေသည်။

ထို့သို့လျှောက်ထားရာတွင် အရေးနှိမ့်ပါက အချင်းဖြစ် အိမ်ခန်းကို လောလောဆယ် လက်ရှိထားခွင့်ရှိကြောင်း ပြဆိုရန်အလို့ငှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၁၀၃ အရ တရားတထုံး ထပ်မံစွဲဆိုနိုင်ပေသည်။ ဇာရီမှု၌ အမှုသည်မဟုတ်သူများအား ဥပစာမှ ဖယ်ရှားပစ်ရာတွင် မည်သို့မည်ပုံ ဆောင်ရွက်ရမည်ကို ဤကဲ့သို့ လမ်းဖွင့်ပေးထားပါလျက် ဒေါ်ရီရီသည် ထိုလမ်းအတိုင်း ဆောင်ရွက်ခြင်းမပြုပဲ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈ အရ လျှောက်ထားခြင်းမှာ လမ်းလွဲနေပေသည်။

၁၉၀၁
ဦးလှမြင့် ပါ(၂)ဦး နှင့် ဒေါ်ရီရီ ပါ(၂)ဦး

တိုင်းတရားရုံးက မူလအမှုတွင် တရားလိုများက အချင်းဖြစ်အခန်းတွင် အမှန်တကယ် နေထိုင်သော ဒေါ်ရီရီအပေါ် တရားစွဲဆိုခြင်းမပြုပဲ ဒေါ်ခင်မမကြီးအပေါ်သာ စွဲဆိုသဖြင့် မြို့နယ်တရားရုံးက ဒီကရီချမှတ်ခြင်းမှာ ဒေါ်ရီရီအား ထိခိုက်နစ်နာ စေခဲ့ကြောင်း၊ ဒေါ်ရီရီအား တရားမကျင့်ထုံး ဥပဒေအမိန့် ၁၊ နည်းဥပဒေ ၁၀(၂)အရ တရားပြိုင်အဖြစ် ထည့်သွင်းကာ ချေပခွင့်ပေးသင့်ကြောင်း သုံးသပ်ထားသည်ကို တွေ့ရသည်။ မူလအမှုတွင် ချမှတ်ထားသောဒီကရီမှာ အတည်ဖြစ်လျက်ရှိပေရာ ဇာရီမှုဖွင့်သည့် အခြေရောက်မှ ယင်းဒီကရီသည် မှားယွင်းချွတ်ချော်သည်ဟု အရေးဆိုခွင့်တစုံတရာ မရှိတော့ပေ။ ဒေါ်ရီရီမှာ မူလအမှုမှ အမှုသည်တစ်ဦးမဟုတ်သဖြင့် ၎င်းအား ဇာရီမှုတွင် အမှုသည်အဖြစ်ထည့်သွင်းခြင်းမပြုနိုင်ပေ။ သို့ဖြစ်၍ တိုင်းတရားရုံးက ချမှတ်သော အမိန့်သည် သိသိသာသာ မှားယွင်းချွတ်ချော်နေပေသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုကာ တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်၍ မြို့နယ်တရားရုံး၏အမိန့်ကို အတည်ပြုလိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးမန်းစံမြတ်ရွှေ၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ ရှေ့တွင်

† ၁၉၈၁
မတ်လ
၂၆ ရက်

ဦးသာကြံ
နှင့်
ဒေါက်ကြိုင်ပါ(၂)ဦး*

"သက်သေခံ အက်ဥပဒေပုဒ်မ-၆၇—စာရွက်စာတမ်း တစ်ခုကို တရားရုံးက လက်ခံရုံမျှဖြင့် သက်သေခံဝင် မဝင်။

ဆုံးဖြတ်ချက်။ ။သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ပါပြဋ္ဌာန်းချက်များသည် စာရွက်စာတမ်း တစုံတရာကို လူတစ်ယောက်က ရေးသားကြောင်းထင်ရှားအောင် သက်သေပြရန်နည်းများဖြစ်ပေသည်။ ထိုကဲ့သို့ ထင်ရှားအောင်သက်သေပြနိုင်ရန်ယင်းစာရွက်စာတမ်းများကို သက်သေခံ အဖြစ်လက်ခံပြီးမှ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ သက်သေခံစာရွက်စာတမ်း တစုံတခုကို တရားရုံးက လက်ခံရုံမျှဖြင့် ယင်းစာရွက်စာတမ်းများသည် အလိုအလျောက်သက်သေခံဝင်သော စာရွက်စာတမ်းများ မဖြစ်လာချေ။ သက်သေခံ အက်ဥပဒေပုဒ်မ ၆၇ ပါ ပြဋ္ဌာန်းချက်များအတိုင်း ထင်ရှားအောင် သက်သေ ပြသမှ သာလျှင် သက်သေခံဝင်ပေသည်။

လျှောက်ထားသူအတွက် — ဦးဌေးလှိုင်၊ ဗဟိုတရားရုံး ရှေ့နေ။

လျှောက်ထားခံရသူများအတွက် — ဦးတင်အေး၊ ဗဟိုတရားရုံး ရှေ့နေ။

ပန်းတဲတန်းမြို့နယ်တရားရုံး၊ **တရားမကြီးမှု** အမှတ် ၁၁/၇၅ တွင် လျှောက်ထားသူ ဦးသာကြံက လျှောက်ထားခံရသူ ဒေါက်ကြိုင်ပါနှစ်ဦး

---

* ၁၉၇၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂၁၂။

† ၁၉၇၉ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် (၇)တွင် ချမှတ်သော (၂၀-၉-၇၉) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံးအမှတ် (၄)၏ အမိန့်ကို ပြင်ဆင်မှု၊

တို့ အပေါ် အချင်းဖြစ် အခန့်နှင့်ပတ်သက်ပြီး သီးခြား သက်သာခွင့် ဥပဒေပုဒ်မ ၄၂၀ နှင့်၂၅၄တို့အရမြွက်ဟ ကြေငြာပေးစေလိုမှုနှင့် လက် ရောက် ပေးအပ်စေပြီး ထာဝစဉ် တားဝရမ်း ထုတ်ပေးစေလိုမှု စွဲဆိုခဲ့ သည်။ တရားလိုဘက် စစ်ဆေးနေစဉ်အတွင်း တရားလိုက စာနှစ်စောင် နှင့် ဖိတ်စာတစ်စောင်ကို သက်သေခံ စာတမ်း အဖြစ် တင်သွင်းသည်။ ယင်းစာနှစ်စောင်နှင့် ဖိတ်စာတစ်စောင်ကို သက်သေခံအက်ဥပဒေ ပုဒ်မ ၆၇ အရ ထင်ရှားပြသပြီးမှသာလျှင် သက်သေခံအဖြစ် လက်ခံထိုက် သဖြင့်ယခုသက်သေခံအဖြစ်တင်သွင်းခြင်းကို ခွင့်မပြုကြောင်း မူလမြို့နယ် တရားရုံးက အမိန့်ချမှတ်လိုက်သည်။ယင်းအမိန့်ကိုမကျေနပ်၍ ဦးသာကြံ က ရန်ကုန်တိုင်း တရားရုံး ပြင်ဆင်မှုအမှတ် ၇/၇၉ တွင် လျှောက်ထား ခဲ့ရာ မအောင်မြင်သဖြင့် ဗဟို တရားရုံးသို့ ဤပြင်ဆင်မှုလျှောက်လွှာကို ထပ်မံတင်သွင်းခြင်းဖြစ်သည်။

သက်သေခံအက်ဥပဒေပုဒ်မ ၆၇ ပါပြဋ္ဌာန်းချက်များသည် စာရွက် စာတမ်း တစုံတရာကို လူတစ်ယောက်က ရေးသားကြောင်း ထင်ရှား အောင် သက်သေပြရန် နည်းများဖြစ်ပေသည်။ ထိုကဲ့သို့ ထင်ရှားအောင် သက်သေပြနိုင်ရန် ယင်းစာရွက်စာတမ်းများကို သက်သေခံအဖြစ်လက်ခံ ပြီးမှ ဆောင်ရွက်နိုင်မည် ဖြစ်သည်။ သက်သေခံ စာရွက် စာတမ်းတစုံ စာခုကို တရားရုံးက လက်ခံရုံမျှဖြင့် ယင်းစာရွက် စာတမ်း များသည် အလိုအလျောက် သက်သေခံဝင်သော စာရွက်စာတမ်းများ မဖြစ်လာ ချေ။ သက်သေခံ အက်ဥပဒေပုဒ်မ ၆၇ ပါပြဋ္ဌာန်းချက်များ အတိုင်း ထင်ရှားအောင် သက်သေပြသမှသာလျှင် သက်သေခံဝင်ပေသည်။

သို့ဖြစ်၍ မူလမြို့နယ် တရားရုံးနှင့် တိုင်းတရားရုံးတို့၏ အမိန့်များကို ပယ်ဖျက်၍ ဦးသာကြံတင်သွင်းသည့် စာနှစ်စောင်နှင့် ဖိတ်စာကို မူလ မြို့နယ်တရားရုံးက လက်ခံပြီး လိုအပ်လျှင် သက်သေခံ အက်ဥပဒေ ပုဒ်မ ၆၇ အရ ထင်ရှားအောင် သက်သေပြရန် ညွှန်ကြားရမည် ဟု အမိန့် ချမှတ်သည်။ ဤလျှောက်လွှာ အတွက် စရိတ် ငွေ ကျပ် ၅၀/-ခွင့် ပြုသည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ်ဦးဘင်အောင်၊အဖွဲဝင်များအဖြစ်ဦးမြကျော်နှင့်ဦးတင်အောင်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေး အဖွဲ့ချုပ်

†၁၉၀၁
ဒီဇင်ဘာလ
၂၇ ရက်

ဒေါသန်းတင်
နှင့်
ဒေါက်တာခင်မောင်ဝင်းပါ(၂)ဦး*

သက်သေခံ ဥပဒေ–သက်သေခံဥပဒေပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော တကယ့် စာချုပ်များနှင့် သက်ဆိုင်ပြီး ဟန်ဆောင်စာချုပ်များနှင့် မသက်ဆိုင်ခြင်း–ဟန်ဆောင်စာချုပ်ကို ဥပဒေအရ အတည်ပြုခွင့် မရှိသဖြင့် ပဋိညာဉ်မမြောက်သောကြောင့်၊ စာချုပ် ချုပ်ဆိုသူတို့က ဟန်ဆောင်စာချုပ်မှသာ ဖြစ်သည်ဟု နှုတ်သက်သေပြနိုင်ခြင်း။

ဆုံးဖြတ်ချက်။ ။သက်သေခံဥပဒေပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော တကယ့် စာချုပ်များနှင့် သက်ဆိုင်သည်။ ဟန်ဆောင်စာချုပ်မျိုးနှင့် မသက်ဆိုဇေချ။ သက်ဆိုင်ရာ ကာယကံရှင်များသည် တကယ်ပင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် စာချုပ်တစ်ရပ် ချုပ်ဆိုလျှင် သက်သေခံဥပဒေပုဒ်မ ၉၂ ၏ခြွင်းချက်များတွင် ဖော်ပြထားသည့် ကိစ္စရပ်များမှအပ စာချုပ်ပါ အချက်အလက်တို့ကို ပြင်ရန် အလို့ငှာ နှုတ်သက်သေ မပြုနိုင်ချေ။ သို့သော် စာချုပ်တစ်ရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုး မဟုတ်ပဲ ဟန်ဆောင်စာချုပ်ဖြစ်ပါမူ စာချုပ်ချုပ်ဆိုသူတို့သည် ဟန်ဆောင်စာချုပ်မျှသာ ဖြစ်ကြောင်း နှုတ်သက်သေ ပြနိုင်ပေသည်။ အကြောင်းမူ ဟန်ဆောင်စာချုပ်ကို ဥပဒေအရ အတည်ပြုခွင့် မရှိသဖြင့် ပဋိညာဉ် မမြောက်ပေ။

---

* ၁၉၀၀ ပြည့်နှစ်၊တရားမ ပြင်ဆင်မှုအမှတ် ၆၁။

† ၁၉၇၇ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၀၀ (မရမ်းကုန်း) တွင် ချမှတ်သော (၂၅-၂-၈၀) နေ့စွဲပါ ရန်ကုန်တိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားသူအတွက် — ဦးတင်ရီ၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူများအတွက် — ဦးထွန်းတင်၊ ဗဟို တရားရုံးရှေ့နေ။

၁၉၇၁
ဒေါ်သန်းတင်နှင့် ဒေါက်တာခင်မောင်ဝင်း ပါ(၂)ဦး

ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှု အမှတ် ၂၀၀/၇၇(မရမ်းကုန်း)တွင် လျှောက်ထားသူ ဒေါ်သန်းတင်က လျှောက်ထားခံရသူ ဒေါက်တာခင်မောင်ဝင်းနှင့် ဒေါက်တာဒေါ်ခင်သီတို့အပေါ် အချင်းဖြစ်မြေမှာ မိမိပိုင်ဖြစ်ကြောင်း၊ ၄-၉-၆၃ ရက်စွဲပါ စာချုပ်အမှတ် ၆၃၅/၆၃ သည် အပေါင်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် အခြားသက်သာခွင့်များ ရလိုကြောင်း တရားစွဲဆိုရာ တိုင်းတရားရုံးက ယင်းစာချုပ်ပါ အကြောင်းအရာများနှင့် ဆန့်ကျင်၍ သက်သေထူခွင့် မရှိကြောင်း အမိန့်ချမှတ်သောကြောင့် ဒေါ်သန်းတင်က ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားသည်။

လျှောက်ထားသူ ဒေါ်သန်းတင်က ၄-၉-၆၃ နေ့တွင် မိမိနှင့် ခင်ပွန်းဖြစ်သူ ဦးထွန်းမှန်တို့သည် လျှောက်ထားခံရသူ ဒေါက်တာခင်မောင်ဝင်းထံမှ ငွေကျပ် ၂၀၀၀၀/-ကို ချေးယူရာတွင် ဦးထွန်းမှန်နှင့် အခြားသူတို့ စပ်တူ ဝယ်ယူထားသည့် မြေချိန်ဧရိယာ ၅.၅၀၇ ဧကရှိသော မြေကွက်၌ ဦးထွန်းမှန်နှင့် မိမိတို့ပိုင်ဆိုင်သည့် အစုကို အပေါင်ထားခဲ့ကြောင်း၊ သို့သော် ဒေါက်တာခင်မောင်ဝင်း၏ မေတ္တာရပ်ခံချက်အရ ထိုမြေကွက်ကို သူ့အား ရောင်းချလိုက်လေဟန် ဟန်ဆောင်စာချုပ်ကို ဦးထွန်းမှန်က ချုပ်ဆိုပေးခဲ့ရကြောင်း၊ နောက်ပိုင်းတွင် ချေးငွေကျပ် ၁၅၀၀၀/-နှင့် အတိုးများကို ပေးဆပ်ခဲ့ကြောင်း၊ ဦးထွန်းမှန် ကွယ်လွန်ပြီးနောက် ၁၉၇၄ ခုနှစ်၊ မတ်လအတွင်းတွင် မိမိသည် ဒေါက်တာခင်မောင်ဝင်းနှင့် တွေ့ဆုံ၍ ချေးငွေပေးဆပ်သည့် ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးရာ ဒေါက်တာခင်မောင်ဝင်းက အပေါင်ဆုံးသွားပြီ ဖြစ်၍ အရွေးမခံနိုင်တော့ကြောင်း ပြန်လည်ပြောကြားကြောင်း၊ နောက်ပိုင်းတွင် အချင်းဖြစ်မြေကွက်နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနဉ်၌ စုံစမ်းကြည့်ရာ ဒေါက်တာခင်မောင်ဝင်းသည် မြေကွက်ကို သူ၏ အမည်သို့ လွှဲပြောင်းဟားသည့်ဟု သိရကြောင်း စသည်ဖြင့် အဆိုပြုကာ အချင်းဖြစ်မြေမှာ မိမိပိုင်ဖြစ်ကြောင်း၊ ၄-၉-၆၃ နေ့က ဦးထွန်းမှန် ချုပ်ဆိုခဲ့သော စာချုပ်အမှတ် ၆၃၅/၆၃ မှာ အပေါင်စာချုပ်ဖြစ်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် အခြားသက်သာခွင့်များ ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

၁၉၀၁
ဒေါ်သန်းတင်နှင့် ဒေါက်တာခင်မောင်ဝင်း ပါ(၂)ဦး

တိုင်းတရားရုံးသည် အဆိုအချေများအရ ငြင်းချက်များ ထုတ်နုတ်ပြီးနောက် လျှောက်ထားသူဘက်ကို စတင်စစ်ဆေးသည်။ ဒေါ်သန်းတင်အား စစ်ဆေးဆဲတွင် လျှောက်ထားခံရသူဘက်မှ လျှောက်ထားချက်အရ တိုင်းတရားရုံးသည် အောက်ပါငြင်းချက်ကို ဖြည့်စွက်ထုတ်နုတ်၍ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အမိန့် ချမှတ်လိုက်လေသည်–

> "တရားလိုသည် ဥပဒေနှင့်အညီ ချုပ်ဆို မှတ်ပုံတင်ထားသည့် သက်သေခံ(ဈ)စာချုပ်ပါ အကြောင်းအရာများ ဆန့်ကျင်ပြီး သက်သေထူပိုင်ခွင့် ရှိပါသလား။"

လျှောက်ထားသူ၏ အကျိုးဆောင်က သက်သေခံ ဥပဒေပုဒ်မ ၉၂ ၏ ပထမ၊ ဒုတိယနှင့် တတိယ ခြွင်းချက်များအရ ဒေါ်သန်းတင်သည် သက်သေခံ(ဈ) စာချုပ်မှာ အမှန်စင်စစ် အချင်းဖြစ်မြေအား လျှောက်ထားခံရသူ ဒေါက်တာခင်မောင်ဝင်းထံ ပေါင်နှံခြင်းကို ဖုံးကွယ်၍ ဟန်ဆောင်ချုပ်ဆိုထားသော စာချုပ်ဖြစ်ကြောင်း သက်သေထူခွင့် ရှိပါသည်ဟု ပြင်ဆင်မှု လျှောက်လွှာတွင် ဖော်ပြထားသည့် စီရင်ထုံးများကို ကိုးကား၍ လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူတို့၏ အကျိုးဆောင်ကမူ စီရင်ထုံးများသည် ဝိဝါဒနှစ်မျိုး ကွဲပြားလျက်ရှိကြောင်း၊ လျှောက်ထားသူ၏ အကျိုးဆောင် ကိုးကားသော စီရင်ထုံးများသည် လျှောက်ထားသူအား ထောက်ခံသည် မှန်သော်လည်း ဦးမောင်ကလေးပါ(၄)နှင့် ဒေါ်စိန်နု(ခ)ဒေါ်နုမေ [၁]၊ နိုင်ငံတော် ကူးသန်းရောင်းဝယ်ရေး ဘဏ်နှင့် သခင်ပေါ်ညွန့်ပါ(၅) [၂] နှင့် ဒေါ်ကြင်ဥနှင့် ဦးညွန့်မောင် [၃] စီရင်ထုံးများသည် လျှောက်ထားခံရသူဘက်ကို အလေးသာစေသည့် စီရင်ထုံးများဖြစ်ကြောင်း၊ သက်သေခံ ဥပဒေပုဒ်မ ၉၂ ၏ စတုတ္ထခြွင်းချက်က လျှောက်ထားသူအား သက်သေခံ(ဈ)စာချုပ်ပါ အကြောင်းအရာများကို ဆန့်ကျင်၍ သက်သေထူပိုင်ခွင့်ကို ပိတ်ပင်ထားကြောင်း စသည်ဖြင့် လျှောက်လဲတင်ပြသည်။

---

(၁) ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ-၁၃၀၉။
(၂) ၁၉၆၇ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ-၇၀၁။
(၃) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံးများ၊ စာ-၁။

သက်သေခံ ဥပဒေပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်များသည် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ ချုပ်ဆိုသော တကယ့် စာချုပ်များနှင့် သက်ဆိုင်သည်။ ဟန်ဆောင်စာချုပ်မျိုးနှင့် မသက်ဆိုင်ချေ။ သက်ဆိုင်ရာ ကာယကံရှင်များသည် တကယ်ပင် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချက်ဖြင့် စာချုပ်တစ်ရပ် ချုပ်ဆိုလျှင် သက်သေခံဥပဒေပုဒ်မ ၉၂ ၏ ခြွင်းချက်များတွင် ဖော်ပြထားသည့် ကိစ္စရပ်များမှ အပ စာချုပ်ပါ အချက်အလက်တို့ကို ပြင်ရန် အလို့ငှာ နှုတ်သက်သေ မပြနိုင်ချေ။ သို့သော် စာချုပ်တစ်ရပ်သည် အကျိုးသက်ရောက်စေရန် ရည်ရွယ်ချုပ်ဆိုသော စာချုပ်မျိုး မဟုတ်ပဲ ဟန်ဆောင်စာချုပ်ဖြစ်ပါမူ စာချုပ်ချုပ်ဆိုသူတို့သည် ဟန်ဆောင် စာချုပ်မျှသာ ဖြစ်ကြောင်း၊ နှုတ်သက်သေ ပြနိုင်ပေသည်။ အကြောင်းမူ ဟန်ဆောင်စာချုပ်ကို ဥပဒေအရ အတည်ပြုခွင့် မရှိသဖြင့် ပဋိညာဉ်မမြောက်ပေ။ စီရင်ထုံးများကိုလေ့လာကြည့်ရာတွင် ဤဥပဒေသကိုလက်ခံကျင့်သုံးခဲ့ကြောင်း တွေ့ရသည်။ လျှောက်ထားခံရသူတို့၏ အကျိုးဆောင် တင်ပြသကဲ့သို့ စီရင်ထုံးများသည် ဝဝါဒကဲ့ပြားခြင်း မရှိသည်ကို တွေ့ရသည်။ လျှောက်ထားသူ ကိုးကားသော စီရင်ထုံးများတွင် အချင်းဖြစ် စာချုပ်များမှာ ဟန်ဆောင်စာချုပ်များ ဖြစ်သဖြင့် ထိုသို့ ဟန်ဆောင်စာချုပ်ဖြစ်ကြောင်း၊ နှုတ်သက်သေထူခွင့်ရှိကြောင်း၊ သက်သေခံ ဥပဒေပုဒ်မ ၉၂ ပါ ပြဋ္ဌာန်းချက်များက ထိုသို့ နှုတ်သက်သေပြခြင်းကို ပိတ်ပင်ထားခြင်း မရှိကြောင်း စီရင်ထုံး ဖွဲ့ထားသည်။ လျှောက်ထားခံရသူတို့၏ အကျိုးဆောင် ကိုးကားသော အမှုများတွင် အချင်းဖြစ် စာချုပ်များမှာ ဟန်ဆောင်စာချုပ်များမဟုတ်၊ တကယ့် စာချုပ်များဖြစ်သဖြင့် စာချုပ်ပါ စည်းကမ်းချက်များကို ဆန့်ကျင်စေရန်အလို့ငှာလည်းကောင်း၊ ပြင်ဆင်ရန် အလို့ငှာလည်းကောင်း၊ ဖြည့်စွက်ရန်အလို့ငှာလည်းကောင်း၊ နှုတ်ပယ်ရန် အလို့ငှာ လည်းကောင်း နှုတ်သက်သေတင်ပြခွင့်မရှိကြောင်းနှင့် စီရင်ထုံး ဖွဲ့ထားခြင်းဖြစ်သည်။

ဤအမှုတွင် လျှောက်ထားသူဘက်မှ အချင်းဖြစ် စာချုပ်မှာ အမှန်တကယ် အကျိုးသက်ရောက်စေရန် ရည်ရွယ်၍ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်မဟုတ်ဟု အဆိုပြု၍ ယင်းစာချုပ်သည် အပေါင်စာချုပ်ဖြစ်ကြောင်း မြှက်ဟ ကြေငြာပေးရန် တရားစွဲဆိုထားသည် ဖြစ်ရာ လျှောက်ထားခံရသူတို့ ဘက်မှ ကိုးကားသော စီရင်ထုံးများပါ အမှုဖြစ်ရပ်များနှင့် မတူပဲ လျှောက်ထားသူဘက်မှ တင်ပြသော စီရင်ထုံးများပါ အမှုများနှင့် အမှုသွားအမှုလာချင်းတူနေသည်ကို တွေ့ရသည်။

သို့ဖြစ်၍ လျှောက်ထားသူအနေဖြင့် အချင်းဖြစ်စာချုပ်သည် ဟန်ဆောင် စာချုပ်သာဖြစ်ကြောင်း သက်သေထူခွင့်ရှိပေသည်။

၁၉၀၁ ဒေါ်သန်းတင်နှင့် ဒေါက်တာခင်မောင်ဝင်း ပါ(၂)ဦး

လျှောက်ထားခံရသူတို့၏ အကျိုးဆောင်က လျှောက်ထားသူသည် သက်သေခံ (စ၂) စာချုပ်ပါ အကြောင်းအရာ များအား ဆန့်ကျင်၍ သက်ဆေထူပိုင်ခွင့် ရှိမရှိ စိစစ်ရာ၌ ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေ ပုဒ်မ ၅၈ (ဂ)၏ ခြွင်းချက်ကိုပါ ထည့်သွင်းစဉ်းစားသင့်ကြောင်းဖြင့် တင်ပြ လျှောက်ထားသည်။ ရောင်း ပေါင် စာချုပ်တွင် အချင်းဖြစ် ပစ္စည်းကို ပြန်လည် ရောင်းချရန် အကြောင်းအရာကို ထည့်သွင်း ချုပ်ဆိုခြင်း မပြုပါက အပေါင်အဖြစ် မှတ်ယူမည် မဟုတ် ဟု ယင်းခြွင်းချက်တွင် ပြဋ္ဌာန်း ထားသည်။ ဤပြင်ဆင်မှုတွင် သုံးသပ်ရသည့်အချက်မှာ လျှောက်ထားသူသည် သက်သေခံ (စ၂) စာချုပ်ပါ အကြောင်းအရာများကို ဆန့်ကျင်၍ နှုတ်သက်သေထူခွင့်ရှိ မရှိဟူသော အချက်ဖြစ်သည်။ သက်သေခံစာချုပ်မှာ ရောင်းပေါင် ဟုတ် မဟုတ် ပစ္စည်း လွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၈(ဂ) တွင် အကျုံးဝင် မဝင် အဆုံးအဖြတ်ပေးရန် အဆင့်သို့ မရောက်ရှိသေးပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ရန်ကုန် တိုင်း တရားရုံး၏ ၂၅-၂-၁၀ ရက်စွဲပါအမိန့်ကို ပယ်ဖျက်လိုက်သည်။ လျှောက်ထားသူ ဒေါ်သန်းတင်သည် သက်သေခံစာချုပ်ကို အကျိုး သက်ရောက်စေရန် မရည်ရွယ်ပဲ ဟန်ဆောင် ချုပ်ဆိုခဲ့ကြောင်း နှုတ်သက်သေ ထူခွင့်ပြုရန် တိုင်းတရားရုံးအား ညွှန်ကြားလိုက်သည်။ မျှနေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

တရားမ ဒုတိယအယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးနိုးလှိုင်နှင့် ဦးသန့်စိန် တို့ပါဝင်သော မဟိုတရားစီရင်ရေး အဖွဲ့ရှေ့တွင်

ဒေါ်သန်းသန်း
နှင့်
ဦးထွန်း*

† ၁၉၈၁
မတ်လ
၁၂ရက်

တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း ၂၀ (က) (၄)—တရားလို ဘက်က သက်သေ အထောက်အထား တင်ပြခြင်းမပြုပဲနှင့် ဒီကရီ ချမှတ်ပေးခြင်းမှာ မှန် မမှန်— တရားပြိုင်အများ ပါရှိသည့် အမှုတွင် ပျက်ကွက်သည့် တရားပြိုင်များရှိလျှင် မှတ်တမ်းတင်၍ ဆက်လက် စစ်ဆေးရန်လိုခြင်း။

ဆုံးဖြတ်ချက်။ ။တရားမမှုများတွင် တရားပြိုင်က အမှုကို ဖြောင့်ဆိုဝန်ခံလျှင် သက်သေများကို စစ်ဆေးခြင်းမပြုပဲ ဒီကရီ ချမှတ်နိုင်ပေသည်။ ထိုသို့ဖြောင့်ဆိုဝန်ခံခြင်းမပြုပဲ တရားလိုအား အနိုင်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ တရားပြိုင်က တရားရုံးသို့ လာရောက်ထုချေခြင်းမပြုသည့် အမှုများတွင်ပင် တရားလိုဘက်က တင်ပြသော အထောက်အထားများအရ တရားလိုစွဲဆိုသောအမှုသည် အမြင်အားဖြင့် ခိုင်လုံမှုရှိမရှိ စိစစ်သုံးသပ်ပြီး တရားလိုအား အနိုင်ပေးသင့် မပေးသင့် အဆုံးအဖြတ်ပေးရသည်။ ဤအမှုတွင် မြို့နယ်တရားရုံးက ဒေါ်သန်းသန်း၏ ထုချေချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀ (က) (၄)အရ ပယ်ဖျက်ခွင့်ရှိသည်မှန်သော်လည်း ထိုသို့ပယ်ဖျက်လိုက်ရုံမျှဖြင့် တရားလို စွဲဆိုသော အမှုမှာ ထင်ရှားခိုင်လုံသည်ဟု ကောက်ယူခြင်းမပြုနိုင်ပေ။ တရားလိုအနေဖြင့် မိမိအမှုတွင် အနိုင်ရရှိရန် မျက်မြင်အားဖြင့် ခိုင်လုံသည့်သက်သေခံချက်များ တင်ပြရန်တာဝန်ရှိပေသည်။ နည်းဥပဒေ ၂၀(က) (၄)တွင် တရားရုံးသည် တရားမျှတသည် ထင်မြင်သည့် အမိန့်ကို ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည် မှန်သော်လည်း

---

* ၁၉၇၉ ခုနှစ်၊ တရားမဒုတိယအယူခံမှုအမှတ် ၁၃၃၊

† ၁၉၇၇ ခုနှစ်၊ တရားမ ပထမ အယူခံမှုအမှတ် ၂၁၀ (ပန်းဘဲတန်း)တွင် ချမှတ်သော (၁၄-၂-၇၉) နေ့စွဲပါ ရန်ကုန်တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အယူခံမှု။

တရားလိုဘက်က သက်သေအထောက်အထား တစိုတရာ မတင်ပြရသေး ပါပဲလျက် ဒီကရီချမှတ်ပေးခြင်းသည် တရားမျှတသည်ဟု ကောက်ယူ ရန် မသင့်ပေ။

၁၉၈၁
ဒေါ်သန်းသန်း နှင့် ဦးထွန်း

ထပ်မံဆုံးဖြတ်ချက်။ ။ဤအမှုတွင် တရားပြိုင် တစ်ဦး ဖြစ်သူ ဦးမောင်မောင်သည် တရားရုံးသို့ သွားရောက်၍ အမှုကို ဆိုင်ပြိုင်ခြင်း မပြုသဖြင့် မြို့နယ်တရားရုံးက ၂၃-၆-၇၆ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအရ အမှုကို ဦးမောင်မောင်၏ မျက်ကွယ်တွင် တဘက်သတ် စစ်ဆေးသွား မည်ဖြစ်ကြောင်း အမိန့်ချမှတ်ထားသည်ကို တွေ့ရှိရသည်။ ယင်းအမိန့် သည့် ဥပဒေအရ မှားယွင်းသည်။ တစ်ဦးထက်ပိုသော တရားပြိုင်များ ပါရှိသည့် တရားမမှုများတွင် ပျက်ကွက်သည့် တရားပြိုင်များ ရှိပါက ပျက်ကွက်ကြောင်း မှတ်တမ်းတင်ပြီး အမှုကို ဆက်လက်စစ်ဆေးရမည်။ စီရင်ချက်ချမှတ်သည့်အခါ ပျက်ကွက်ခဲ့သည့် တရားပြိုင်များ အပေါ် သင့်တော်သောအမိန့် ချမှတ်ရမည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၉၊ နည်းဥပဒေ ၁၁ က ပြဆိုသည်။

အယူခံတရားလိုအတွက် — ဦးခင်မောင်ရီ၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံတရားပြိုင်အတွက် — ဦးတင်ထွန်း၊ ဗဟိုတရားရုံးရှေ့နေ။

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် တရားရုံး၊ တရားမကြီးမှု အမှတ် ၂/၆၄ တွင် အယူခံတရားပြိုင် ဦးထွန်းက အယူခံတရားလို ဒေါ်သန်း သန်းနှင့် ဦးမောင်မောင်တို့အား ငှားရမ်းထားသည့်တိုက်ခန်းမှ ၁၉၆၀ ပြည့်နှစ်၊ မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၁၂ (၁) (ဂ)အရ တရားစွဲဆိုရာ တရားပြိုင် တစ်ဦးဖြစ်သူ ဦးမောင်မောင်သည် တရားရုံးသို့လာရောက်၍အမှုကို ဆိုင်ပြိုင်ခြင်း မပြုခဲ့ချေ။ ဒေါ်သန်းသန်း က ချေလွှာတင်သွင်းရာတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်း ဥပဒေ ၂၀(က)အရ ၎င်းအား ဆင့်ဆိုရန်လိပ်စာ တင်သွင်းခြင်း မရှိ သဖြင့် မြို့နယ်တရားရုံးက ဦးထွန်းစွဲဆိုသည့်အတိုင်း ဒီကရီချမှတ် ပေး လိုက်သည်။ ဒေါ်သန်းသန်းက မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျနပ်သဖြင့် ရန်ကုန်တိုင်း တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင် သောကြောင့် ဗဟိုတရားရုံးတွင် ဤတရားမဒုတိယ အယူခံမှုကို တင်သွင်း ခြင်းဖြစ်သည်။

၁၉၀၁
ဒေါ်သန်းသန်း နှင့် ဦးထွန်း

တရားမမှုများတွင် တရားပြိုင်သည် တရားရုံးသို့သွားရောက်၍ အမှုကို ခုခံချေပပါက ၎င်းအားဆင့်ဆိုနိုင်ရန် လိပ်စာတင်သွင်းရမည်ဟု တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(က)(၂) တွင် ပြဋ္ဌာန်းထားသည်။ ယင်းသို့လိပ်စာတင်သွင်းရန် ပျက်ကွက်ပါက တရားပြိုင်၏ထုချေချက်ကို ပယ်ဖျက်ပြီး ၎င်းသည်အမှုတွင် ခုခံခြင်းမပြုဘိသကဲ့သို့ ထားရှိစေရမည်ဟု ယင်းနည်းဥပဒေပုဒ်မခွဲ(၄)တွင် ပြဋ္ဌာန်းထားသည်။ ထိုသို့ တရားပြိုင်က မိမိ၏လိပ်စာတင်သွင်းရန် ပျက်ကွက်သည်ကို အကြောင်းပြုပြီး တရားလိုဘက်က လျှောက်ထားလာလျှင် တရားရုံးက တရားမျှတသည့်ထင်မြင်သောအမိန့်ကို ချမှတ်ရမည်ဟူ၍လည်း ယင်းပုဒ်မခွဲ(၄)တွင် ပြဆိုထားသည်။ ဤအမှုတွင် ဒေါ်သန်းသန်းသည် ချေလွှာတင်သွင်းရာ၌ မိမိ၏လိပ်စာတင်သွင်းရန် ပျက်ကွက်ခဲ့ကြောင်း အငြင်းမပွားပေ။

ဤအယူခံတွင် စဉ်းစားရန် အဓိက ပြဿနာမှာ မြို့နယ်တရားရုံးက အယူခံတရားပြိုင် ဦးထွန်းစွဲဆိုသော အမှုကို စစ်ဆေးခြင်းမပြုပဲ ဒေါ်သန်းသန်းက မိမိနေရပ် လိပ်စာ တင်သွင်းရန် ပျက်ကွက်သည်ကို အကြောင်းပြုပြီး ဒီကရီချမှတ်ခြင်းမှာ တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(က)(၄)ပါ လုပ်ပိုင်ခွင့်အတွင်း ကျရောက်ခြင်းရှိ မရှိ ဖြစ်သည်။

တရားမမှုများတွင် တရားပြိုင်က အမှုကို ဖြောင့်ဆိုဝန်ခံလျှင် သက်သေများကို စစ်ဆေးခြင်းမပြုပဲ ဒီကရီချမှတ်နိုင်ပေသည်။ ထိုသို့ဖြောင့်ဆိုဝန်ခံခြင်းမပြုပဲတရားလိုအား အနိုင်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားခြင်းမရှိပေ။ တရားပြိုင်က တရားရုံးသို့ လာရောက်ထုချေခြင်းမပြုသည့်အမှုများတွင်ပင် တရားလိုဘက်က တပ်ပြသော အထောက်အထားများအရ တရားလိုစွဲဆိုသောအမှုသည် အမြင်အားဖြင့် ခိုင်လုံမှုရှိမရှိစစ်သုံးသပ်ပြီး တရားလိုအား အနိုင်ပေးသင့် မသင့် အဆုံးအဖြတ်ပေးရသည်။ ဤအမှုတွင် မြို့နယ်တရားရုံးက ဒေါ်သန်းသန်း၏ထုချေချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(က)(၄) အရ ပယ်ဖျက်ခွင့်ရှိသည်မှန်သော်လည်း ထိုသို့ပယ်ဖျက်လိုက်ရုံမျှဖြင့် တရားလိုစွဲသောအမှုမှာ ထင်ရှားခိုင်လုံသည်ဟု ကောက်ယူခြင်း မပြုနိုင်ပေ။ တရားလိုအနေဖြင့် မိမိအမှုတွင် အနိုင်ရရှိရန် မျက်မြင်အားဖြင့် ခိုင်လုံသည့်သက်သေခံချက်များ တင်ပြရန် တာဝန်ရှိပေသည်။ နည်းဥပဒေ ၂၀(က)(၄)တွင် တရားရုံးသည် တရားမျှတသည်ထင်မြင်သည့်အမိန့်ကို ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်မှန်သော်လည်း တရားလိုဘက်က သက်သေအထောက်

အထား တစုံတရာမတင်ပြရသေးပါဝဲလျက် ဒီကရီချမှတ်ပေးခြင်းသည် တရားမျှတသည်ဟု ကောက်ယူရန် မသင့်ပေ။

၁၉၇၁
ဒေါ်သန်းဆန်း နှင့် ဦးထွန်း

ဤအမှုတွင် တရားပြိုင်တစ်ဦးဖြစ်သူ ဦးမောင်မောင်သည် တရားရုံးသို့ သွားရောက်၍ အမှုကို ဆိုင်ပြိုင်ခြင်း မပြုသဖြင့် မြို့နယ် တရားရုံး က ၂၃-၆-၇၆ နေ့စွဲပါ နေ့စဉ်မှတ်တမ်းအရ အမှုကို ဦးမောင်မောင်၏ မျက်ကွယ်တွင် တဘက်သတ်စစ်ဆေးသွားမည်ဖြစ်ကြောင်း အမိန့်ချမှတ် ထားသည်ကို တွေ့ရှိသည်။ ယင်းအမိန့်သည် ဥပဒေအရ မှားယွင်းသည်။ တစ်ဦးထက်ပိုသော တရားပြိုင်များ ပါရှိသည့် တရားမမှုမျှားတွင် ပျက်ကွက်သည့်တရားပြိုင်များ ရှိပါက ပျက်ကွက်ကြောင်းမှတ်တမ်း တင်ပြီး အမှုကို ဆက်ဆက်စစ်ဆေးရမည်။ စီရင်ချက် ချမှတ်သည့်အခါ ပျက်ကွက်ခဲ့သည့် တရားပြိုင်များ အပေါ် သင့်တော်သော အမိန့်ချမှတ်ရမည်ဟု တရားမ ကျင့်ထုံး ဥပဒေ အမိန့် ၉၊ နည်း ဥပဒေ ၁၁ က ပြဆိုသည်။

ထို့ကြောင့် ဤအယူခံကို စရိတ်နှင့်တကွ ခွင့်ပြု၍ မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို လည်းကောင်း၊ ယင်း စီရင်ချက်နှင့် ဒီကရီကို အတည်ပြုသော တိုင်းတရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို လည်းကောင်း ပယ်ဖျက်လိုက်သည်။ အယူခံတရားလို ဒေါ်သန်းသန်း၏ ထုချေချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀(က)(၄) အရပယ်ဖျက်၍ အမှုကို ဆက်လက်ကြားနာရန် မြို့နယ်တရားရုံးအား ညွှန်ကြားလိုက်သည်။ ရွှေနေခကိုကျပ် ၅၀/-ဟု သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ် ဦးလှဘုန်းနှင့် ဦးမန်းစံမြတ်ဧရှိ တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးသိန်းဟန် နှင့် ဒေါ်သောင်းကျင် *

† ၁၉၇၁ မတ်-၁၀-ရက်

ပစ္စည်းခဲ့ဝေပေးစေလိုမှု— ပစ္စည်းလက်မဲ့ဖြစ်သော တရားလိုသည် ရုံးခွန် အက်ဥပဒေပုဒ်မ ၇ (၄) (ခ)အရ ရုံးခွန် ထမ်းဆောင်ရခြင်း— တရားလိုသည် ပစ္စည်းပူးတွဲလက်ရှိဖြစ်လျှင် ရုံးခွန်တော် အက်ဥပဒေ ဇယား ၂ အမှတ်စဉ် ၁၇(၆)အရ ရုံးခွန်ဆောင်ရခြင်း။

ဆုံးဖြတ်ချက်။ ။ပစ္စည်း ခဲ့ဝေပေးစေလိုမှုတွင် ပစ္စည်းလက်မဲ့ဖြစ်သော တရားလိုသည် ရုံးခွန်အက်ဥပဒေပုဒ်မ ၇ (၄) (ခ)အရ မိမိရလိုသော ဝေစု၏ တန်ဖိုးအလိုက် ရုံးခွန် ထမ်းဆောင်ရမည် ဖြစ်သည်။ အကယ်၍ ခဲ့ဝေရမည့် ပစ္စည်းသည် တရားလိုနှင့် တရားပြိုင်တို့ ပူးတွဲလက်ရှိပစ္စည်းဖြစ်လျှင်မူ တရားလိုသည် ရုံးခွန် အက်ဥပဒေ ဇယား ၂၊ အမှတ်စဉ် ၁၇(၆)အရ ရုံးခွန်က ၂၀/-သာ ထမ်းဆောင်ရမည်။

လျှောက်ထားသူအတွက် - ဦးဘဘွေ၊ ဗဟိုတရားရုံးရှေ့နေ။

လျှောက်ထားခံရသူအတွက် –ဦးဘွေးဝင်း၊ ဗဟိုတရားရုံးရှေ့နေ။

မန္တလေးတိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် ၂၁/၇၀ (အနောက်တောင်)တွင် လျှောက်ထားခံရသူ ဒေါ်သောင်းကျင်က လျှောက်ထားသူ ဦးသိန်းဟန်အပေါ် လင်မယားနှစ်ဦးပိုင် ပစ္စည်းခဲ့ဝေပေးစေလိုမှုစွဲဆိုရာ လျှောက်ထားသူက လင်ခန်းမယားခန်း ပြတ်စဲခြင်းမရှိသေး၍ အမှုစွဲဆိုခွင့်မရှိကြောင်း၊ လျှောက်ထားခံရသူ ထမ်းဆောင်သော ရုံးခွန်

---

* ၁၉၇၀ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၆၅။

† ၁၉၇၀ ခုနှစ်၊ တရားမကြီးမှု အမှတ် ၂၁ တွင် ချမှတ်သော (၁-၉-၇၀) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

သည် လုံလောက်မှုမရှိကြောင်း ကန့်ကွက်တင်ပြသည်။ တိုင်းတရားရုံးက လျှောက်ထားသူ၏ ကန့်ကွက်ချက်များကို ပယ်လိုက်သဖြင့် လျှောက်ထားသူက ဗဟိုတရားရုံးတွင် ဤပြင်ဆင်မှုကို လျှောက်ထားသည်။

၁၉၈၁
ဦးသိန်းဟန်နှင့် ဒေါ်သောင်းကျင်

လျှောက်ထားခံရသူ ဒေါ်သောင်းကျင်က မိမိနှင့် ဦးသိန်းဟန်တို့သည် ၁၉၇၄ ခုနှစ်၊ ဧပြီလမှစ၍ အကြင် လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ရာ ဦးသိန်းဟန်က မိမိအား စိတ်ရောကိုယ်ပါ ညှဉ်းပန်းနှိပ်စက်သဖြင့် မန္တလေးတိုင်း၊ မန္တလေး အနောက်တောင်မြို့နယ်၊ စိန်ပန်းရပ်ကွက်တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၇၇ တွင် လင်မယား ကွာရှင်းပေးစေလိုမှု စွဲဆိုရာ အနိုင်ရခဲ့သဖြင့် စိန်ပန်းရပ်ရှိ လင်မယားနှစ်ဦးပိုင် အိမ်ကို ခွဲဝေပေးစေလိုကြောင်းဖြင့် တရားစွဲဆိုသည်။

ဤအမှုတွင် လျှောက်ထားခံရသူ ဒေါ်သောင်းကျင်သည် မန္တလေး အနောက်တောင်မြို့နယ်၊ စိန်ပန်းရပ်ကွက်တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၇၇ တွင် လင်မယားကွာရှင်းပေးစေလိုမှု ဒီကရီရရှိခဲ့သည် မှန်သော်လည်း ဗဟိုတရားရုံး၊ တရားမ တတိယအယူခံမှု အမှတ် ၁၀/၇၈ တွင် ထိုဒီကရီကို ၁၉၈၁ ခုနှစ်၊ မတ်လ(၉)ရက်နေ့တွင် ပယ်ဖျက်ခဲ့လေသည်။ သို့ဖြစ်၍ ဒေါ်သောင်းကျင်သည် လင်မယားပိုင်ပစ္စည်း ခွဲဝေပေးစေလိုမှု စွဲဆိုခြင်း မပြုနိုင်ပေ။

ဒေါ်သောင်းကျင်သည် လင်မယားနှစ်ဦးပိုင် ပစ္စည်း ခွဲဝေပေးစေလိုမှုစွဲဆိုရာ၌ အမှုတန်ဖိုးကို ကျပ် ၅၀၀၀၀/-အဖြစ် ထားရှိ၍ ရုံးခွန်ကို ကျပ် ၂၀/- ထမ်းဆောင်ထားကြောင်း တွေ့ရှိရသည်၊ ပစ္စည်း ခွဲဝေပေးစေလိုမှုတွင် ပစ္စည်းလက်မဲ့ ဖြစ်သော တရားလိုသည့် ရုံးခွန်အက်ဥပဒေပုဒ်မ ၇(၄)(ခ)အရ မိမိရလိုသောဝေစု၏ တန်ဖိုးအလိုက် ရုံးခွန်ထမ်းဆောင်ရမည်ဖြစ်သည်။ အကယ်၍ ခွဲဝေရမည့် ပစ္စည်းသည် တရားလိုနှင့် တရားပြိုင်တို့ ပူးတွဲလက်ရှိပစ္စည်းဖြစ်လျှင်မူ တရားလိုသည် ရုံးခွန်အက်ဥပဒေဇယား ၂၊ အမှတ်စဉ် ၁၇(၆)အရ ရုံးခွန်ကျပ် ၂၀/- သာ ထမ်းဆောင်ရမည်။ ဤအမှုတွင် လျှောက်ထားခံရသူက အချင်းဖြစ်အိမ်မှာ မိမိနှင့် ဦးသိန်းဟန်တို့ အမည်ပေါက်နေသည်ဖြစ်၍ ပူးတွဲလက်ရှိဖြစ်သည်ဟု ယူဆသင့်ကြောင်း တင်ပြ လျှောက်ထားလာသည်။ ထိုသို့အမည်ပေါက်ခြင်းနှင့် ပစ္စည်းကို လက်ရှိထားခြင်းတို့သည် သီးခြားကိစ္စရပ်များဖြစ်သည့်အလျောက် အမည်ပေါက်ရုံမျှဖြင့် အချင်းဖြစ်ပစ္စည်းကို လက်ရှိထားသည်ဟု ကောက်ယူနိုင်မည် မဟုတ်ပေ။ စိန်ပန်းရပ်ကွက်

တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၇၇ တွင်ပေါ်ပေါက်သောသက်သေခံချက်များအရ ဒေါ်သောင်းကျင်သည် ဦးသိန်းဟန်နှင့် ရန်ဖြစ်ရာမှ ၁၉၈၁ ဦးသိန်းဟန် နှင့် ဒေါ်သောင်း ကျင် ၎င်း၏ပစ္စည်းများကို သယ်ဆောင်၍ အချင်းဖြစ်အိမ်မှ ဆင်းသွား ခဲ့ကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ လျှောက်ထား ခံရသူသည် ပစ္စည်းလက်မဲ့ဖြစ်သောကြောင့် ဤအမှုတွင် ရုံးခွန်ကျပ် ၂၀/- သာ ထမ်းဆောင်ခြင်းမှာ လုံလောက်မှုမရှိပေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြု၍ ဒေါ်သောင်းကျင်စွဲဆိုသောအမှုကို တရားရုံး အဆင့်ဆင့်စရိတ်နှင့်တကွ ပလပ်လိုက်သည်။ ရွှေနေခကို ကျပ် ၅၀/- ဟူ သတ်မှတ်သည်။

တရားမ ပြင်ဆင်မှု

ဥက္ကဋ္ဌအဖြစ် ဦးတင်အောင်၊ အဖွဲ့ဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးဆန်စိန် တို့ ပါဝင်သော မဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

† ၁၉၇၁
ဇွန်လ
၁၇ ရက်

မောင်သိန်းအောင်
နှင့်
ဒေါ်မြင့်သိန်း ပါ (၆) ဦး*

တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်းဥပဒေ ၃ (ခ)—အဆိုလွှာတွင် ကိတ်တိမ့် သားသမီးအဖြစ် မှုတ်ပုံတင်စာချုပ် ချုပ်ဆို၍ မွေးစားကြောင်း ဖော်ပြထားခြင်းမရှိသူက မှုတ်ပုံတင် စာချုပ်များဖြင့် ကွယ်လွန်သူ အမွေရှင်၏ အမွေစားအမွေခံအဖြစ် မွေးစားခံရသူများအပေါ် အမွေပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုရန်အကြောင်း မပေါ်ပေါက်ခြင်း—လျှောက်ထားသူ၏ လျှောက်ထား ချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်းဥပဒေ ၃ (ခ) အရ ပယ်ချရမည် ဖြစ်ခြင်း။

ဆုံးဖြတ်ချက်။ ။မောင်သိန်းအောင်၏ အဆိုလွှာတွင် သူ့အား ကိတ်တိမသားသမီးအဖြစ် မှုတ်ပုံတင်စာချုပ် ချုပ်ဆို၍ မွေးစားကြောင်း ဖော်ပြထားခြင်း မရှိပေ။ တဘက်တွင် လျှောက်ထားသူ၏ အဆိုလွှာတွင် ဖော်ပြထားသော အဆိုပြုချက်များအရ လျှောက်ထားခံရသူ ဒေါ်မြင့်သိန်း၊ ဒေါ်မြင့်ဝင်းနှင့် မောင်လှမြဦး တို့မှာ ကွယ်လွန်သူ အမွေရှင်များက မှုတ်ပုံတင်စာချုပ် ချုပ်ဆို၍ အမွေစား အမွေခံအဖြစ် မွေးစားခံကြရသူများဖြစ်သည်။ ဤအခြေအနေတွင် လျှောက်ထားသူသည် ထိုသူ (၃) ဦးနှင့်ယှဉ်၍ ကွယ်လွန်သူ၏အမွေပုံကို တောင်းဆိုခွင့်ရှိမည်မဟုတ်သောကြောင့် လျှောက်ထားသူသည် လျှောက်ထားခံရသူတို့အား ကွယ်လွန်သူ၏အမွေကို စီမံခန့်ခွဲပေးလိုမှုဖြင့် တရားစွဲဆိုရန် အကြောင်း မပေါ်ပေါက်ပေ။ တို့ကြောင့် လျှောက်ထားသူ၏

---

* ၁၉၀၀ ပြည့်နှစ်၊ တရားမပြင်ဆင်မှု အမှတ် ၆၊

† ၁၉၇၀ ခုနှစ်၊ တရားမအစ်ထွေထွေအယူခံမှု အမှတ် ၃၅ (ဟင်္သာတ) တွင် ချမှတ်သော (၁၅-၁၁-၇၉) နေ့စွဲပါ ရောဝတီတိုင်းတရားရုံး၏ အမိန့်ကို ပြင်ဆင်မှု။

လျှောက်ထားချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်းဥပဒေ ၃ (ခ) အရ ပယ်ချရမည်ဖြစ်သဖြင့် တိုင်းတရားရုံး၏ အမိန့်မှာ မှားယွင်းချွတ်ချော်သည်ဟု မဆိုသာပေ။

၁၉၈၁ မောင်သိန်းအောင် နှင့် ဒေါ်မြင့်သိန်း ပ၊(၆) ဦး

လျှောက်ထားသူအတွက် — ဦးဘိုးသာ၊ ဦးသန်းနိုင်၊ ဗဟိုတရားရုံးရှေ့နေများ။

လျှောက်ထားခံရသူများအတွက် — ဦးလှကျော်၊ဗဟိုစာရားရုံးရှေ့နေ။ ၄-၅-၆ အတွက် ကိုယ်တိုင်။

ရော်ဝတီတိုင်း တရားရုံး၊ ၁၉၇၈ ခုနှစ်၊ တရားမ အထွေထွေမှု အမှတ် ၃၅/တိုင်း (ဟင်္သာတ)တွင် လျှောက်ထားသူ မောင်သိန်းအောင်က လျှောက်ထားခံရသူ ဒေါ်မြင့်မြင့်သိန်း၊ ဒေါ်မြင့်ဝင်း၊ မောင်လှမြဦး၊ ဦးသန်းရွှေ၊ မောင်ဝင်းမောင်နှင့် မောင်အောင်ဘော်ဦးတို့အပေါ် လူမဲ့အဖြစ် တရားစွဲဆိုခွင့်ပြုရန် တရားမကျင့်ထုံး ဥပဒေ အမိန့် ၃၃ အရ လျှောက်ထားရာ တိုင်းတရားရုံးက ယင်းလျှောက်ထားချက်ကို ပလပ်လိုက်သဖြင့် မောင်သိန်းအောင်က ဗဟိုတရားရုံးသို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

လူမဲ့အဖြစ် တရားစွဲဆိုခွင့်ပြုရန် တင်သွင်းသော မောင်သိန်းအောင်၏ လျှောက်လွှာနှင့်အတူ တင်ပြသည့် အဆိုလွှာ အပိုဒ် (၃) တွင် အမွေရှင်များဖြစ်ကြသော ဦးစိန်သာနှင့် ဒေါ်သန်းတို့သည် သူ့အား (၆)လသားအရွယ်မှစ၍ မွေးစားခဲ့ကြောင်း ဖော်ပြထားသည်ကို တွေ့ရသည်။ မူလရုံးက လျှောက်ထားသူအား ၁၉၇၉ ခုနှစ်တွင် စစ်ဆေးစဉ်အခါက လျှောက်ထားသူ၏အသက်ကို (၂၃)နှစ်ဟု ဖော်ပြသဖြင့် မောင်သိန်းအောင် အား ကိုတွင်မမွေးစားခြင်း မှတ်ပုံတင်ရေး အက်ဥပဒေ အတည်ဖြစ်ပြီးမှ မွေးစားသည့်အလျောက် မှတ်ပုံတင် စာချုပ်စာတမ်းများနှင့် မွေးစားမှုသာ ကိုတွင်မသားသမီးအဖြစ် မွေးစားခြင်း အထမြောက်မည် ဖြစ်သည်။ မောင်သိန်းအောင်၏ အဆိုလွှာတွင် သူ့အား ကိုတွင်မသားတမီးအဖြစ် မှတ်ပုံတင်စာချုပ် ချုပ်ဆို၍ မွေးစားကြောင်း ဖော်ပြထားခြင်း မရှိပေ။

တဘက်ခုံ လျှောက်ထားသူ၏ အဆိုလွှာတွင် ဖော်ပြထားသော အဆိုပြုချက်များအရ လျှောက်ထားခံရသူ ဒေါ်မြင့်သိန်း၊ ဒေါ်မြင့်ဝင်း

၁၉၇၁
မောင်သိန်း
အောင်
နှစ်
ဒေါ်မြင့်သိန်း
ပါ(၆)ဦး

နှင့် မောင်လှမြဦး ဒို့တို့မှာ ကွယ်လွန်သူအမွေရှင်များက မှတ်ပုံတင် စာချုပ်ချုပ်ဆို၍ အမွေစားအမွေခံအဖြစ် မွေးစားခံကြရသူများဖြစ်သည်။ ဤအခြေအနေတွင် လျှောက်ထားသူသည် ထိုသူ(၃)ဦးနှင့်ယှဉ်၍ ကွယ်လွန်သူ၏အမွေပုံကို တောင်းဆိုခွင့်ရှိမည်မဟုတ်သောကြောင့် လျှောက်ထားသူသည် လျှောက်ထားခံရသူတို့အား ကွယ်လွန်သူ၏ အမွေကို စီမံခန့်ခဲ့ပေးလိုမှုဖြင့် တရားစွဲဆိုရန်အကြောင်း မပေါ်ပေါက်ပေ။ ထို့ကြောင့် လျှောက်ထားသူ၏ လျှောက်ထားချက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၃၃၊ နည်းဥပဒေ ၃ (ခ) အရ ပယ်ချရမည် ဖြစ်သဖြင့် တိုင်းတရားရုံး၏အမိန့်မှာ မှားယွင်းချက်ချော်သည်ဟု မဆိုသာပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေခကို ကျပ် ၅၀/-ဟု သတ်မှတ်သည်။

တရားမ ပထမ အယူခံမှု

ဥက္ကဋ္ဌအဖြစ်ဦးအေးမောင်၊ အဖွဲ့ဝင်များအဖြစ်ဦးတင်အောင်နှင့် ဦးထွန်းရှိန်တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့ရှေ့တွင်

ဦးဟာဖစ်အီဆွတ်(ဒေါ်ပု၏တရားဝင်ကိုယ်စားပြုသူ)
နှင့်
ဦးဘေသန်း ပါ(၃)ဦး *

† ၁၉၈၁
အောက်တိုဘာ
၂၄ ရက်

ပစ္စည်းထိန်းအပေါ် တရားစွဲဆိုလျှင် ပစ္စည်းထိန်းအား ခန့်အပ်သည့် တရားရုံး၏ ခွင့်ပြုမိန့် ပါရှိရန်လိုခြင်း ။

ဆုံးဖြတ်ချက်။ ။ဤအမှုမှာ ဒေါ်ပုက အချင်းဖြစ် အိမ် အား ထိန်းသိမ်းရသော ပစ္စည်းထိန်းများဖြစ်ကြသည့် ဦးဘေသန်းနှင့် ဦးနိုင်သိန်းလွင်တို့အပေါ် အဓိက ထား၍ တရားစွဲဆိုသော အမှု ဖြစ်သည်။ ပစ္စည်းထိန်းသည် ပစ္စည်းထိန်း ခန့်အပ်သည့် တရားရုံး၏ ဝန်ထမ်းဖြစ်သည်။ အချင်းဖြစ်အိမ်ကို ရောင်းချရန် ပစ္စည်းထိန်းတို့က ဒေါ်ပုအား ပဋိညာဉ်ပြုခြင်းမှာ ပစ္စည်းထိန်း၏တာဝန် ထမ်းဆောင်ခိုက် ဆောင်ရွက်ချက်ဖြစ်သည်။ ယင်းဆောင်ရွက်ချက်နှင့် ပတ်သက်၍ ပစ္စည်းထိန်းကို တရားစွဲဆိုလိုလျှင် ပစ္စည်းထိန်းအား ခန့်အပ်သည့် တရားရုံး၏ ခွင့်ပြုမိန့် ဦးစွာ တောင်းခံရန်လိုပေသည်။ ထိုအမိန့် ရရှိမှသာ တရားစွဲဆိုခွင့်ရှိမည်ဖြစ်သည်။

အယူခံတရားလိုအတွက် —ဦးတင်ဝင်း၊ ဗဟိုတရားရုံးရှေ့နေ။

အယူခံအရားပြိုင်များအတွက်—ဦးစိန်မြင့်(၂-တရားပြိုင်အတွက်)၊
ဦးသန်းစိန်၊ဦးကျော်လှိုင်၊ဦးလှသောင်း၊
ဗဟိုတရားရုံး ရှေ့နေများ။

မွန်ပြည်နယ်တရားရုံး၊ ၁၉၇၆ ခုနှစ်၊ တရားမကြီးမှုအမှတ်၃၀(မ) တွင် တရားလိုဒေါ်ပုက အယူခံတရားပြိုင် ဦးဘေသန်း၊ ဦးနိုင်သိန်းလွင်

---

* ၁၉၇၉ ခုနှစ်၊တရားမ ပထမအယူခံမှုအမှတ် ၃၂။

† ၁၉၇၆ ခုနှစ်၊တရားမကြီးမှုအမှတ်၃၀(မ)တွင် ချမှတ်သော (၂၄-၅-၇၉) နေ့စွဲပါ မွန်ပြည်နယ်တရားရုံး၏စီရင်ချက်နှင့် ဒီကရီထို အယူခံမှု။

နှင့် ဦးလှဝင်းတို့ အပေါ် အိမ်နှင့် မြေ ရောင်းချရန် ပဋိညာဉ် ကို သီးခြား ဆောင်ရွက် ပေးစေ လိုမှု စွဲဆိုရာ မွန်ပြည်နယ် တရားရုံးက ဒေါ်ပုစွဲဆိုသောအမှုကို ပလပ်လိုက်သဖြင့် ဒေါ်ပုက ဗဟိုတရားရုံးတွင် ဤတရားမပထမ အယူခံမှုကို တင်သွင်းသည်။ အယူခံ အတောအတွင်း ဒေါ်ပု ကွယ်လွန်သွားသဖြင့် ဦးဟာဖစ်အီဆွပ်အား ဒေါ်ပု၏ တရားဝင် ကိုယ်စားပြုသူ အဖြစ်ဖြင့် ထည့်သွင်းခဲ့သည်။ အယူခံတရားပြိုင် ဦးနိုင်သိန်းလွင်မှာလည်း အယူခံအတွင်း သေဆုံးခဲ့သည်။

၁၉၈၁
ဦးဟာဖစ်အီဆွပ် (ဒေါ်ပု၏ တရားဝင် ကိုယ်စားပြုသူ) နှင့် ဦးဘေသန်း ပါ(၃) ဦး

မူလရုံးတရားလို ဒေါ်ပုက မိမိသည် မော်လမြိုင်မြို့၊ ဈေးကြီးရပ်၊ အောက်လမ်းမကြီးပေါ်ရှိ အိမ်အမှတ်-၆၀ တွင် တရားမစွဲဆိုမီ(၁၄) နှစ်ခန့်မှစ၍ အိမ်ငှားအဖြစ် နေထိုင်ခဲ့ကြောင်း၊ အယူခံတရားပြိုင် ဦးလှဝင်းမှာ မိမိ၏သားမက်ဖြစ်ကြောင်း၊ မော်လမြိုင်မြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၃၆/၇၃ တွင် အယူခံတရားပြိုင် ဦးဘေသန်းနှင့် ဦးနိုင်သိန်းလွင်တို့အား အချင်းဖြစ်အိမ်နှင့်ပတ်သက်၍ ပစ္စည်းထိန်းများ အဖြစ် ခန့်အပ်ခဲ့ရာ ၎င်းတို့က ယင်းအိမ်ကို အဖိုးငွေ ကျပ် ၆၅၀၀၀/- ဖြင့် ရောင်းချလိုသည်ဟု ဆိုလာသဖြင့် မိမိက ထိုဈေးကိုလက်ခံပြီး စရန်ငွေ ကျပ် ၇၀၀၀/- ပေးခဲ့ကြောင်း၊ နောက်ပိုင်းတွင် မွန်ပြည်နယ်တရားရုံးက အချင်းဖြစ်အိမ်ကို အယူခံတရားပြိုင် ဦးလှဝင်းအား ရောင်းချရန် ပစ္စည်းထိန်းများအား ညွှန်ကြားခဲ့ကြောင်း စသည်ဖြင့် အဆိုပြုကာ မိမိထံမှ ကျန်ငွေ ၅၀၀၀၀/- ကို လက်ခံကာ အရောင်း အဝယ်စာချုပ် ချုပ်ဆိုပေးစေလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

ဤအမှုမှာ ဒေါ်ပုက အချင်းဖြစ်အိမ်အား ထိန်းသိမ်းရသော ပစ္စည်းထိန်းများဖြစ်ကြသည့် ဦးဘေသန်းနှင့် ဦးနိုင်သိန်းလွင်တို့အပေါ် အဓိကထား၍ တရားစွဲဆိုသောအမှုဖြစ်သည်။ ပစ္စည်းထိန်းသည် ပစ္စည်းထိန်းခန့်အပ်သည့် တရားရုံး၏ ဝန်ထမ်းဖြစ်သည်။ အချင်းဖြစ်အိမ်ကို ရောင်းချရန် ပစ္စည်းထိန်းတို့က ဒေါ်ပုအား ပဋိညာဉ်ပြုခြင်းမှာ ပစ္စည်းထိန်း၏ တာဝန်ထမ်းဆောင်ခိုက် ဆောင်ရွက်ချက်ဖြစ်သည်။ ယင်းဆောင်ရွက်ချက်နှင့်ပတ်သက်၍ ပစ္စည်းထိန်းကို တရားစွဲဆိုလိုလျှင် ပစ္စည်းထိန်းအား ခန့်အပ်သည့် တရားရုံး၏ ခွင့်ပြုမိန့် ဦးစွာတောင်းခံရန် လိုပေသည်။ ထိုအမိန့်ရရှိမှသာ တရားစွဲဆိုခွင့်ရှိမည်ဖြစ်သည်။ ဒေါ်ပုသည် သက်ဆိုင်ရာတရားရုံး၏ အခွင့်အမိန့်ကို ရယူခြင်းမပြုပဲ ဤအမှုကို စွဲဆိုခဲ့ကြောင်း ပေါ်ပေါက်သဖြင့် မွန်ပြည်နယ်တရားရုံးက ၎င်း၏အမှုကို ပလပ်ခြင်းမှာ မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ဤစီရင်ချက်ကို အဆုံးမသတ်မီ ဖော်ပြလိုသည့်အချက်မှာ အရောင်းအဝယ်ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေလိုမှုတွင် အဖိုးစားနားပမာဏအရ ရုံးခွန်ထမ်းဆောင်ရမည်ဖြစ်ကြောင်း ရုံးခွန်အက်ဥပဒေပုဒ်မ ၇(၁၀)(က)တွင် ပြဋ္ဌာန်းထားသည်။ အချင်းဖြစ်အိမ်ကို ငွေကျပ် ၆၅၀၀၀/-ဖြင့် ရောင်းချရန် ပဋိညာဉ်ပြုခဲ့သည်ဟု အဆိုရှိရာယင်းပုဒ်မအရ ရုံးခွန် ကျပ် ၂၅၀၀/- ထမ်းဆောင်ရမည် ဖြစ်သည်။ အဆိုလွှာအပိုဒ် (၁၆)တွင် လက်ကျန်ငွေ ကျပ် ၅၈၀၀၀/- အပေါ် ရုံးခွန် ထမ်းဆောင်ကြောင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။ သို့ဖြစ်၍ ကျသင့်သည့်ရုံးခွန်ထက် ကျပ် ၅၀/- လျော့နည်း၍ ထမ်းဆောင်ထားကြောင်း ပေါ်ပေါက်နေပေသည်။

၁၉၈၁
ဦးဟာဖစ်အီဆွပ် (ဒေါ်ပုဇ်၏ တရားဝင်ထိုယ်စားပြုသူ) နှင့် ဦးဘေသန်း ပါ(၃)ဦး

ထို့ကြောင့် ဤအယူခံကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပယ်လိုက်သည်။ ရှေ့နေခကို ကျပ် ၈၀/-ဟု သတ်မှတ်သည်။

၁၉၀၁

ဒေါအေးညွန့် ပါ(၆)ဦးနှင့် မအေးထား ပါ(၃)ဦး

အနှယ်များဖြစ်စေ၊ ကိုတွိမ မွေးစားသားသမီးများ ဖြစ်စေ မရှိလျှင် လင်ပါ မယားပါသားသမီးများသည် မိထွေး ပထွေး၏ အမွေကို ဆက် ခံခွင့်ရှိပေသည်။ အယူခံတရားလိုတို့သည် ဒေါခင်၏ လင်ပါသားသမီး များဖြစ်ကြ၍ မအေးထားနှင့် မသန်းပိုတို့မှာ ဒေါခင်၏ တူမများသာ ဖြစ်သဖြင့် မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ လင်ပါသားသမီးများ ဖြစ်သော အယူခံတရားလို ဒေါအေးညွန့်ပါ (၆)ဦးတို့သည် ဒေါခင် ကျန်ရစ်သောပစ္စည်းကို အမွေဆက်ခံနိုင်ခွင့်ရှိ၍ ဒေါခင်၏ တူမများ ဖြစ်သော မအေးထားပါ(၃)ဦးတို့မှာ ဒေါခင်၏အမွေကို ဆက်ခံခွင့် မရှိပေ။

အယူခံတရားလိုများအတွက် — ဦးတင်အောင်၊ ဗဟို တရားရုံး ရွှေနေ။

အယူခံတရားပြိုင်များအတွက် — ကိုယ်တိုင်။

စစ်ကိုင်းတိုင်း၊ ချောင်းဦးမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၂/၇၀ တွင် အယူခံတရားလို ဒေါအေးညွန့်၊ ဒေါအေးမေ၊ ဒေါအေး မြေ၊ ဒေါတင်လှိုင်၊ ဒေါတင်ညွန့်နှင့် မောင်မြင့်တို့က အယူခံတရား ပြိုင် မအေးထား၊ မောင်တင်မောင်နှင့် မသန်းပိုတို့အပေါ် အချင်းဖြစ် အိမ်နှင့် မရိတောဂများကို ပိုင်ဆိုင်ကြောင်း မြွက်ဟကြေငြာပေးရန်နှင့် လက်ရောက်ရလိုကြောင်း တရားစွဲဆိုရာ အနိုင်ရရှိခဲ့သည်။ အယူခံတရား ပြိုင်တို့က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် စစ်ကိုင်းတိုင်း တရားရုံးတွင် အယူခံဝင်ရာ တိုင်းတရားရုံးက မြို့နယ် တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပြီး ဒေါအေးညွန့်တို့ စွဲဆို သောအမှုကို ပလပ်လိုက်သောကြောင့် ဒေါအေးညွန့်တို့က ဗဟို တရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းသည်။

မူလရုံးတရားလို ဒေါအေးညွန့်တို့က မိမိတို့သည် ဦးအောင်တင် နှင့် ဒေါရင်တို့၏ သားသမီးများဖြစ်ကြောင်း၊ တရားမစွဲဆိုမီ (၂၀) နှစ်ခန့်က မိခင်ဒေါရင်ကွယ်လွန်သွားရာ နောက်တစ်နှစ်ခန့်အကြာတွင် ဖခင်ဖြစ်သူက မိမိတို့အား အမွေခွဲဝေပေးခြင်းမပြုပဲ လှည့်ဖျားတစ်စီး၊ နွားနှစ်ကောင်၊ အိမ်ထောင်ပရိဘောဂအစုံနှင့် အခြားပစ္စည်းတို့ကို ယူဆောင် ကာ ဒေါခင်ဆိုသူနှင့် နောက်အိမ်ထောင် ပြုကြောင်း၊ ဒေါခင်နှင့် သားသမီး မထွန်းကားကြောင်း၊ ဦးအောင်တင်နှင့် ဒေါခင်တို့သည်

၁၃၃၉ ခုနှစ်အတွင်းတွင် ရွှေဆင့် နောက်ဆင့်ကွယ်လွန်သွားကြောင်း၊ သို့ဖြစ်၍ မိမိတို့သည် အချင်းဖြစ်အိမ်နှင့် အိမ်ပေါ်မှပစ္စည်းများကို အမွေရရှိသည့်အလျောက် ထိုပစ္စည်းများကို မိမိတိုင်ဆိုင်ကြောင်း မြက်ဟကြေငြာပေးရန်နှင့် လက်ဆောက်ရလိုကြောင်းဖြင့် တရားစွဲဆိုလေသည်။

၁၉၀၁
ဒေါ်အေးညွှန့် ပါ(၆)ဦး နှင့် မအေးထား ပါ (၃)ဦး

ဤအမှုတွင် အငြင်းမပွားသည့်အချက်မှာ ကွယ်လွန်သူ ဦးအောင်တင်နှင့် ဒေါ်ခင်တို့သည် အချင်းဖြစ်အိမ်တွင် နေထိုင်လာခဲ့ရာမှ ယင်းအိမ်မှာပင် ဦးအောင်တင် ကွယ်လွန်၍ ဒေါ်ခင်သည် နေထိုင်မကောင်းသဖြင့် မသန်းပိုအိမ်သို့ ပြောင်းရွှေ့နေထိုင်ရာ (၉)ရက် အကြာတွင် ကွယ်လွန်သည်ဆိုသောအချက် ဖြစ်သည်။

တရားလိုနှင့်တရားပြိုင် နှစ်ဘက်လုံးက သက်သေထူသော ဦးဘသန်း (လိုပြ ၂)က "အိမ်ကတော့ အရင်ဒေါ်ခင်ရဲ့ ယခင် ခင်ပွန်း ဦးဘိုးချစ်နှင့် အတူနေစဉ်က ရှိခဲ့သောအိမ်ကို အချင်းများတဲ့ ဝင်းမြေ (ကွက်သစ်) တဲကို ရွှေ့ဆောက်ခြင်းဖြစ်ပါတယ်" ဟု ထွက်ဆိုသည်။

အယူခံတရားပြိုင် မအေးထားက ဒေါ်ခင်၏ မိခင် ဒေါ်နီသေဆုံးပြီးနောက် ဒေါ်ခင်သည်ဒေါ်နီကျန်ရစ်သောမြေကို ရောင်း၍ အချင်းဖြစ်မြေကို ဝယ်ယူခဲ့ကြောင်း၊ အမှုတွင် အငြင်းပွားနေသော အိမ်ထောင် ပရိဘောဂများမှာမူ ဒေါ်ခင်ပိုင်ပစ္စည်းများဖြစ်ကြောင်း ထွက်ဆိုသည်။ အချင်းဖြစ်အိမ်နှင့်မြေမှာ ဦးအောင်တင်နှင့် ဒေါ်ခင် တို့မသေမီက လက်ရှိဖြစ်သဖြင့် ယင်းဝင်းမြေကို ဒေါ်ခင်နှင့်မအေးထား တို့၏ မိခင် ဒေါ်တင်တို့ ပူးတွဲပိုင်ဆိုင်ကြောင်း သက်သေပြရန်တာဝန်မှာ မအေးထားတို့အပေါ် ကျရောက်ပေသည်။ သို့သော် ထိုအချက်နှင့် စပ်လျဉ်း၍ သူတို့သည် ခိုင်လုံသော သက်သေခံချက် တင်ပြနိုင်ခြင်း မရှိပေ။ အချင်းဖြစ်အိမ်မှာ ဒေါ်ခင်ပိုင်ဖြစ်ကြောင်း ဦးဘသန်း ၏ ထွက်ချက်အရ ပေါ်ပေါက်သည်။

ဦးအောင်တင်နှင့်ဒေါ်ခင်တို့သည် သားသမီးမရရှိခဲ့ချေ။ သူတို့သည် ကိတ္တိမသားသမီး မွေးစားထားကြောင်းလည်း မပေါ်ပေါက်ပေ။ မြန်မာဓလေ့ထုံးတမ်း ဥပဒေအရ မိထွေး ပထွေးတို့၌ ခင်ပွန်းဖြစ်စေ၊ သားသမီး မြေး မြစ်စသော သွေးရင်း အဆက်အနွယ်များ ဖြစ်စေ၊ ကိတ္တိမ မွေးစားသားသမီးများဖြစ်စေ မှရှိလျှင် လင်ပါ မယားပါ သားသမီးများသည် မိထွေး ပထွေး၏ အမွေကို ဆက်ခံခွင့်ရှိပေသည်။

၁၉၈၁ — အယူခံတရားလိုအတွက် — ဦးခင်မောင်ချို၊ ပဟိုတရားရုံးရှေ့နေ။

ဦးအောင်ညွှန့်နှင့် မောင်အုန်းမြင့် — အယူခံတရားပြိုင်အတွက် — ဦးညွှန့်မြို့ဝီ၊ ပဟိုတရားရုံးရှေ့နေ။

ရှမ်းပြည်နယ်၊ နမ့်တူမြို့နယ်တရားရုံး၊ တရားမကြီးမှု အမှတ် ၇/၇၄ တွင် အယူခံတရားပြိုင် မောင်အုန်းမြင့်က အယူခံတရားလို ဦးအောင်ညွှန့် အပေါ် အချင်းဖြစ်အိမ်မှာ မိမိအမွေရသောအိမ်ဖြစ်၍ ပိုင်ဆိုင်ခွင့် ရှိကြောင်း သတ်မှတ်ပေးရန်လျှောက်ထားရာ အနိုင်ရရှိခဲ့သည်။ ဦးအောင်ညွှန့်က မြို့နယ်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် ရှမ်းပြည်နယ်တရားရုံးတွင် အယူခံဝင်ရာ မအောင်မြင် သော ကြောင့် ပဟိုတရားရုံးတွင် ဤတရားမ ဒုတိယအယူခံမှုကို တင်သွင်းသည်။

အယူခံတရားလို ဦးအောင်ညွှန့်သည် ဒေါ်နိုင်းဆွဲငင်း၏ မွေးစားသားဖြစ်၍ အယူခံတရားပြိုင် မောင်အုန်းမြင့်သည် ၎င်း၏မွေးစားသမီး ဒေါ်သိန်းခင်၏ သားဖြစ်သည်။ ဒေါ်နိုင်းဆွဲငင်း ကွယ်လွန်သောအခါ ဦးအောင်ညွှန့်၊ ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့သည် ယခင် ရပ်ကွက်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဝင်များရှေ့တွင် ဒေါ်နိုင်းဆွဲငင်း ကျန်ရစ်သောပစ္စည်းများကို ခွဲဝေယူကြရာ အယူခံတရားပြိုင် မောင်အုန်းမြင့်က အချင်းဖြစ်မြေကွက်နှင့် မြေကွက်ပေါ်တွင် တည်ရှိသော အိမ်ကို ခွဲဝေရရှိကြောင်း၊ မြေဂရုံကို သူ၏အမည်သို့ ပြောင်းလဲပေးရန် လျှောက်ထားသောအခါ အယူခံတရားလိုက ကန့်ကွက်ကြောင်း စသည်ဖြင့် မောင်အုန်းမြင့်က အဆိုပြုကာ မိမိအမွေရသည့် မြေနှင့် အိမ်ကို ပိုင်ဆိုင်လိုပါ၍ တရားရုံးမှ အရေးယူ ဆောင်ရွက်ပေးပါမည့် အကြောင်း နမ့်တူမြို့နယ်တရားရုံးတွင် လျှောက်ထားလေသည်။

ဤအမှုတွင် ကိုစံရွှေ(လိုပြ-၄)၊ ဦးစံပု(လိုပြ-၆)နှင့် အခြားရပ်ရွာသူကြီးများရှေ့တွင် ဒေါ်နိုင်းဆွဲငင်းကွယ်လွန်ပြီး (၇) ရက်အကြာ၌ ၎င်း၏ အမွေအနှစ်များကို ဦးအောင်ညွှန့်၊ ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့ ခွဲဝေယူကြရာ မောင်အုန်းမြင့်က အချင်းဖြစ်မြေနှင့် အိမ်ကို ၎ရှိခဲ့ကြောင်း အငြင်းမပွားစေ။ မောင်အုန်းမြင့်သည် အဖွားဖြစ်သူနှင့် အတူနေ၍ အဖွားဖြစ်သူအား ပြုစုစောင့်ရှောက်ခဲ့သဖြင့် အဖွား၏ မှာကြားချက်အရ အချင်းဖြစ် အိမ် ကို ရရှိခြင်းဖြစ်ကြောင်း ဦးစိုးဝင်း (လိုပြ-၃)က ထွက်ဆိုသည်။ နမ့်တူမြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးစံပု (လိုပြ-၆)က ဦးစိုးဝင်းအား ထောက်ခံ ထွက်ဆိုသည်။

ဦးအောင်ညွှန့်က "ပစ္စည်းများကို လူကြီးများရွှေမှောက်တွင် ထုတ်၍ ခွဲဝေမှုပြုပါသည်။ ကျွန်တော်မှ လူကြီးများအား မျှတစွာ ခွဲဝေပေးရန် ပန်ကြားပါသည်" ဟူ၍လည်းကောင်း၊ "ကျွန်တော်သည် အမွေခွဲဝေစဉ်က ကျေနပ်ခဲ့သော်လဲပဲ လူကြီးများသတ်မှတ်ထားသည့် စည်းကမ်းအရ မလိုက်နာ၍ ယခု ကျွန်တော်မကျေနပ်ခြင်း ဖြစ်ပါသည်၊ စည်းကမ်းအရ မလိုက်နာသည်ဟုဆိုသည်မှာ အိမ်တွင်းပစ္စည်းအထည်နှင့် မိဘအတွက် ကုသိုလ်ကောင်းမှုလုပ်ခြင်းများကို မပြုလုပ်၍ ကျွန်တော်မကျေနပ်ခြင်း ဖြစ်ပါသည်" ဟူ၍လည်းကောင်း ထွက်ဆိုထားသည်ကို ထောက်ချင့်၍ ကွယ်လွန်သူ ဒေါ်နိုင်းဆွဲငင်း၏ အမွေအနှစ်ကို ဦးအောင်ညွှန့်တို့ (၃)ဦး ကျေကျေနပ်နပ် ခွဲဝေယူခဲ့ကြောင်း ပေါ်ပေါက်နေပေသည်။

၁၉၈၁
ဦးအောင်ညွှန့်နှင့် မောင်အုန်းမြင့်

အယူခံတရားလို အချေလွှာအပိုဒ် (၃) တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

> "(လို)က ယင်းမြေကွက်အပေါ်ရှိ နေအိမ်ကို တစ်ဦးတည်း၏အမည်ဖြင့် ထားရှိရန် လျှောက်ထားခြင်းမှာ (တရားမျှတ)မှုမရှိဟု ထင်မြင်ယူဆရပါသဖြင့် ယင်းအိမ်ပိုင်ဆိုင်မှုကို (လို)နှင့် (ပြိုင်) (၂) ဦးစလုံး ညီတူညီမျှ ခွဲဝေပေးမှသာလျှင် တရားမျှတမှုရှိမည်ဟု ထင်မြင်ယူဆရသည့်အတွက် အညီအမျှ(မျှတမှု)ရှိစေရန် စီရင်ဆုံးဖြတ်ပေးပါမည့်အကြောင်း လျှောက်ထားထုချေအပ်ပါသည်"

ဤထုချေချက်အရဆိုလျှင် ဦးအောင်ညွှန့်သည် မောင်အုန်းမြင့်အား အမွေခွဲဝေပေးခြင်းကို လက်မခံ၍မဟုတ်ပဲ အချင်းဖြစ်အိမ်၏ တဝက်ကို ထပ်မံရလိုသေး၍ အမှုဆိုင်နေခြင်းဖြစ်ကြောင်း ပေါ်လွင်ပေသည်။

ဤအယူခံတွင် အဓိကအကြောင်းပြချက်မှာ မောင်အုန်းမြင့်သည် ကွယ်လွန်သူ ဒေါ်နိုင်းဆွဲငင်း၏ မြေးသာဖြစ်၍ မိခင် ဒေါ်သိန်းခင် အသက်ထင်ရှားရှိနေသဖြင့် ဖွားအေ၏အမွေကို ဆက်ခံခွင့်မရှိကြောင်း ဟူသည့် အချက်ဖြစ်သည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မိဘဖြစ်သူ အသက်ထင်ရှားရှိနေလျှင် မြေးဖြစ်သူသည် ဘိုးဘွားတို့၏ အမွေအနှစ်ကို ဆက်ခံခွင့်မရှိပေ။ သို့သော် ဤအမှု၌ အထက်တွင် သုံးသပ်ခဲ့သည့်အတိုင်း ဦးအောင်ညွှန့်၊ ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့သည် ဒေါ်နိုင်းဆွဲငင်း၏ အမွေပုံပစ္စည်းများကို သဘောတူ ခွဲဝေရယူကြခြင်း

၁၉၀၁ ဦးအောင်ညွန့် နှင့် မောင်အုန်းမြင့်

ဖြစ်သည်။ ထိုသို့ခဲ့ဝေပြီးနောက် (၃)နှစ်ကျော်ကာလအတွင်း အမေ့ကိစ္စနှင့်ပတ်သက်၍ အငြင်းပွားမှု မရှိခဲ့ပဲ မောင်အုန်းမြင့်က မြေဂရန် ကို သူ၏အမည်သို့ ပြောင်းယူရန် လျောက်ထားသည့်အခါမှ ဦးအောင်ညွန့်က ကန့်ကွက် ပြောဆိုလာသဖြင့် မောင်အုန်းမြင့်က ဤအမှုကို စွဲဆိုခြင်းဖြစ်ကြောင်း ပေါ်ပေါက်သည်။ ဦးအောင်ညွန့်တို့(၃)ဦးသည် အမေ့ခဲ့ဝေယူရန် စာဘောတူညီခဲ့ကြသဖြင့် ဦးစံပုက အိမ်တွင်းရှိပစ္စည်းများနှင့် ရွှေငွေများ ထုတ်ယူလာရန် ပြောကြားချက်အရ မောင်အုန်းမြင့်က ရွှေငွေပစ္စည်းများ ကို ထုတ်ပေးခဲ့ကြောင်း၊ ဦးမောင်လေး (လိုပြ-၂)က ထွက်ဆိုသည်။ ထိုပစ္စည်းများကို ဦးအောင်ညွန့်တို့ (၃) ဦး အညီအမျှ ခဲ့ဝေယူကြသည်။ ဦးအောင်ညွန့်သည် ဒေါ်နိုင်းဆွဲငင်း၏ အမေ့ပစ္စည်းများကို ခဲ့ဝေယူရန် ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့အား ယုံကြည်စေပြီး ခဲ့ဝေယူခဲ့ခြင်းဖြစ်ကြောင်း အမှုတွဲတွင် ပေါ်ပေါက်သည်။ ဤအခြေအနေကွင် အမေ့ခဲ့ဝေမှုမှာ မြန်မာဓလေ့ ထုံးတမ်းဥပဒေပါ အမွေခန်းကဏ္ဍဥပဒေနှင့် မညီညွတ်သည်ကို အကြောင်းပြုပြီး ခိုင်မာမှုမရှိဟု ဦးဒေအောင်ညွန့်၊ ဒေါ်သိန်းခင်နှင့် မောင်အုန်းမြင့်တို့သည် သက်သေခံဥပဒေပုဒ်မ ၁၁၅ အရ ငြင်းဆိုခွင့် မရှိတော့ပေ။

အယူခံတရားလို၏ အကျိုးဆောင်က အမေ့ခဲ့ဝေခြင်းကို စာဖြင့် ရေးသား မှတ်ပုံတင်ထားခြင်းမရှိ၍ ဟရားမဝင်ကြောင်းဖြင့် တင်ပြ လျောက်ထားသည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အမွေပုံကို နှုတ်ဖြင့် ခဲ့ဝေယူနိုင်သည်။ သို့ဖြစ်၍ အမွေခဲ့ဝေယူမှုကို စာဖြင့် ရေးသား ထားပြီး ထိုသဘောတူချက်စာတမ်းတွင် တန်ဖိုးငွေ ကျပ် ၁၀၀/- ထက်ပိုသည့် မငွေ့မပြောင်းနိုင်သောပစ္စည်း ပါဝင်နေပါမူ ထိုစာတမ်းကို မှတ်ပုံတင်အက်ဥပဒေနှင့်အညီ မှတ်ပုံတင်ဖို့ လိုပေသည်။ ဤအမှုတွင်မူ ဦးအောင်ညွန့်၏ ထွက်ဆိုချက်အရပင် နှုတ်ဖြင့် အမွေခဲ့ဝေခဲ့ကြောင်း ပေါ်ပေါက်နေသည်ဖြစ်၍ သူတို့(၃)ဦး အမွေခဲ့ဝေခြင်းမှာ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ခိုင်လုံပေသည်။

ထို့ကြောင့် ဤအယူခံကို တရားရုံးအဆင့်ဆင့်စရိတ်နှင့်တကွ ပလပ် လိုက်သည်။ ရွှေနေခကို ကျပ် ၅၀/-ကု သတ်မှတ်သည်။

တရားမ ဒုတိယ အယူခံမှု

ဥက္ကဋ္ဌအဖြစ် ဦးမန်းစံမြတ်ရွှေ၊ အဖွဲဝင်များအဖြစ် ဦးစိုးလှိုင်နှင့် ဦးသန့်စင်
တို့ ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲရှေ့တွင်

ဦးအောင်တင့်
နှင့်
ဒေါ်နို *

† ၁၉၇၁
ဩဂုတ်လ
-၁၉-ရက်

ပစ္စည်းလွဲပြောင်းရေး ဥပဒေပုဒ်မ ၅၃(က)--ယင်းပုဒ်မ ၅၃ (က)ပါ ပြဋ္ဌာန်းချက်များကို အခြေခံပြု၍ ဝယ်သူက အကာအကွယ်အဖြစ်ဖြင့် သုံးစွဲခွင့်ရှိသော်လည်း ပိုင်ဆိုင်ကြောင်း မြှက်ဟ ကြေငြာပေးရန် တရားစွဲဆိုခွင့် မရှိခြင်း။

ဆုံးဖြတ်ချက်။ ။မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို မှတ်ပုံမတင်ရသေးသည့် စာချုပ်ဖြင့် ဝယ်ယူ၍ ဝယ်သူက လက်ရောက်ရရှိခဲ့ပြီးနောက် ပိုင်းတွင် အရောင်းအဝယ် စာချုပ်မှာ ဥပဒေနှင့် မညီသဖြင့် တရားမဝင်သောစာချုပ်ဟူဆိုပြီး ရောင်းသူက ဝယ်သူအား အချင်းဖြစ်သည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းမှ ဖယ်ရှားစေရန် တရားစွဲလာသည့်အခါ ပစ္စည်းလွဲပြောင်းရေးဥပဒေပုဒ်မ ၅၃(က)ပါ ပြဋ္ဌာန်းချက်ကို ဝယ်သူက အကာအကွယ်အဖြစ်ဖြင့် သုံးစွဲခွင့်ရှိသည်။ ပုဒ်မ ၅၃ (က)ပါ ပြဋ္ဌာန်းချက်များကို အခြေခံပြု၍ ဝယ်သူကပိုင်ဆိုင်ကြောင်း မြှက်ဟ ကြေငြာပေးရန် တရားစွဲဆိုခွင့် မရှိဟု။ ပစ္စည်း လွဲပြောင်းရေး ဥပဒေ ပုဒ်မ ၅၃(က)ပါ ပြဋ္ဌာန်းချက်များကို တစုံတယောက်က မိမိအပေါ် တရားစွဲသည့်အခါ ခုခံကာကွယ်ရန် အတွက်သာ အသုံးပြုနိုင်သည်။ ယင်းအချက်များကို အခြေပြု၍ မိမိကအရေးဆို တရားစွဲဆိုခွင့် မရှိဟု။

အယူခံတရားလိုအတွက် — ဒေါ်မေခမန္၊ ဗဟိုတရားရုံး ရွှေနေ။
အယူခံတရားပြိုင်အတွက် — ကိုယ်တိုင်။

---

* ၁၉၇၉ ခုနှစ်၊ တရားမ ဒုတိယအယူခံမှု အမှတ် ၅၅၊
† ၁၉၇၀ ခုနှစ် ၊တရားမအယူခံမှု အမှတ် ၁၃၀ (နွားထိုးကြီး) တွင် ချမှတ်သော (၂၁-၃-၇၉) နေ့စွဲပါ မန္တလေးတိုင်း တရားရုံး၏ စီရင်ချက်နှင့် ဒီဏာရီကို အယူခံမှု၊

၁၉၀၁
ဦးအောင်တင့်
နှင့်
ဒေါ်နီ

နွားထိုးကြိုးမြို့နယ် တရားရုံး တရားမကြီးမှု အမှတ် ၂၀/၇၀ တွင် အယူခံတရားပြိုင် ဒေါ်နီက အချင်းဖြစ်မြေနှင့် အဆောက်အအုံတို့ကို သူပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးစေလိုမှု တရားစွဲဆို၍ အနိုင်ဒီကရီ ရရှိခဲ့သည်။

ယင်းအမိန့်ကို ဦးအောင်တင့်က မကျေနပ်သဖြင့် မန္တလေးတိုင်း တရားရုံး တရားမအယူခံမှု အမှတ် ၁၃၀/၇၀ တွင် အယူခံ ဝင်ခဲ့ရာ မအောင်မြင်သဖြင့် ဗဟိုကရားရုံးသို့ ဤဒုတိယအယူခံမှုကို တင်သွင်းခြင်း ဖြစ်သည်။

ဒေါ်နီက အချင်းဖြစ် မြေနှင့် အဆောက်အအုံကို မူတ်ပုံ မတင်ရသေးသည့် သက်သေခံအမှတ် (၇) စာချုပ်ဖြင့်သူ၏ယောကျ်ား ကိုခွေးနီ မကွယ်လွန်မီက ဦးလေးဖြစ်သူ အယူခံ တရားလို ဦးအောင်တင့်ထံမှ ဝယ်ယူ၍ လက်ဆောက် ရရှိခဲ့ကြောင်း၊ အချင်းဖြစ်အိမ်ဈေး သူတို့ လင်မယားနှစ်ယောက် နေထိုင်ခဲ့ကြောင်း၊ ခင်ပွန်းဖြစ်သူ ကိုခွေးနီသေဆုံးပြီးနောက် ဦးအောင်တင့်က အချင်းဖြစ်ပစ္စည်းနှင့်ပတ်သက်ပြီး အနှောင့်အယှက် ပေးသည့်အတွက် ဤအမှုကို စွဲဆိုရခြင်း ဖြစ်ကြောင်း အဆို ပြုခဲ့သည်။

မန္တလေးတိုင်းတရားရုံး၏ စီရင်ချက်တွင် သက်သေခံ အမှတ် (၇) အရောင်းအဝယ်စာချုပ်မှာ မူတ်ပုံ မတင်ရသေးသော်လည်း ယင်းစာချုပ်အရ ငွေကျပ် ၂၅၀၀/-ဖြင့် ကိုခွေးနီက ဝယ်ယူပြီး အိမ်ကို လက်ဆောက်ရရှိခဲ့သဖြင့် ပစ္စည်းလွှဲပြောင်းရေး အက်ဥပဒေပုဒ်မ ၅၃ (က)အရ အနိုင်ဒီကရီရထိုက်သည်ဟု ဆုံးဖြတ်ကြောင်း တွေ့ရသည်။

မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို မူတ်ပုံမတင်ရသေးသည့် စာချုပ်ဖြင့် ဝယ်ယူ၍ ဝယ်သူက လက်ဆောက်ရခဲ့ပြီး နောက်ပိုင်းတွင် အရောင်းအဝယ်စာချုပ်မှာ ဥပဒေနှင့်မညီသဖြင့် တရားမဝင်သော စာချုပ်ဟု ဆိုပြီး ရောင်းသူက ဝယ်သူအား အချင်းဖြစ်သည့် မရွှေ့ပြောင်း နိုင်သည့် ပစ္စည်းမှ ဖယ်ရှားစေရန် တရားစွဲလာသည့်အခါ ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ ၅၃ (က)ပြဋ္ဌာန်းချက်များကို ဝယ်သူက အကာအကွယ်အဖြစ်ဖြင့် သုံးစွဲခွင့်ရှိသည်။ ပုဒ်မ ၅၃ (က)ပါ ပြဋ္ဌာန်းချက် များကို အခြေခံပြု၍ ဝယ်သူကပိုင်ဆိုင်ကြောင်း မြွက်ဟ ကြေငြာပေးရန် တရားစွဲဆိုခွင့်မရှိချေ။ ပစ္စည်းလွှဲပြောင်းရေးဥပဒေပုဒ်မ ၅၃ (က)ပါ ပြဋ္ဌာန်း

ချက်များကို တစုံတယောက်က မိမိအပေါ် တရားစွဲသည့်အခါ ခုခံကာကွယ်ရန်အတွက်သာ အသုံးပြုနိုင်သည်။ ယင်းအချက်များကိုအခြေပြု၍ မိမိက အရေးဆို တရားစွဲဆိုခွင့် မရှိချေ။

၁၉၁၁
ဦးအောင်တင့်
နှင့်
ဒေါ်နီ

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအယူခံမှုကို ခွင့်ပြုသည်။ မူလမြို့နယ်တရားရုံးနှင့် ပထမအယူခံ တိုင်းတရားရုံးတို့၏ စီရင်ချက်နှင့် ဒီကရီများကို ပယ်ဖျက်ပြီး အယူခံတရားပြိုင် စွဲဆိုသည့် အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။ တရားရုံးအဆင့်ဆင့်တို့၏ တရားစရိတ်များကို အယူခံ တရားပြိုင်က ကျခံစေရန် အမိန့် ချမှတ်သည်။ တရားစရိတ်ငွေကျပ် ၅၀/-သတ်မှတ်သည်။

အမှားပြင်ဆင်ချက်

(ပြစ်မှုဆိုင်ရာ အမှုများ)

စာမျက်နှာ	အကြောင်းရေ	အမှား	အမှန်
၆	၆	ငွေ ၁၁၉၀/၃၀ ပြား	ငွေကျပ်၁၁၆၀/၄၀ပြား
၆	၃၁	ငြိစွမ်း	ငြိစွန်း
၁၁	၂	တတ်သော	တတ်သော်
၂၀	၁၅	ခိုမှုများ	ခိုးမှုများ
၂၃	၁	အလုံမြို့တရားရုံး	အလုံမြို့နယ်တရားရုံး
၂၃	၁၁	မအေးအေးခိုင်	မအေးအေးခိုင်
၂၃	၂၃	ကဲ့လဲနေကြောင်း	ကဲ့လဲ့နေကြောင်း
၂၄	၂၇	လူမြင်	လူမြင်သူမြင်
၂၆	၁၈	ဥပဒေနှင့်အညီညီညွတ် မှုရှိမရှိ	ဥပဒေနှင့်ညီညွတ် မှုရှိ-မရှိ
၃၂	၁၂	ခိုယူ	ခိုးယူ
၃၇	၂၁	၁၉၆၃ ခုနှစ်များ	၁၉၆၃ ခုနှစ်၊ အများ
၄၀	၇	လျောက်ထားသူ	လျောက်ထားခံရသူ
၄၆	၂၉	၁၀၀ နှင့်	၁၁၀ နှင့်
၄၈	၈	စီစစ်ခြင်း	စီစစ်ရန်လိုအပ်ခြင်း
၄၉	၁၂	အမှုနှင့် စပ်	အမှုနှင့် စပ်လျဉ်း
၅၆	၈	စီရင်ပိုင်ခွင့်ပြင်ဆင်	စီရင်ပိုင်ခွင့်– ပြင်ဆင်
၅၆	၈	ချမှု	ချမှတ်
၆၀	၂၂	ဖြစ်၍ပြင်ဆင်မှု	ဖြစ်ရ၍ ပြင်ဆင်မှု
၆၁	၁၃	အတိုးငွေ	အဖိုးငွေ
၆၂	၂၄	မောင်သန်းမြင့်	မောင်မြင့်သန်း
၆၄	၂၅	ပုဒ်မ ၅၁၇(ခ)	ပုဒ်မ ၅၁၇(ခ)
၆၆	၁၂	၅၁၇(ခ)	၅၁၇(ခ)
၆၇	၁၁	တရားခံစ်တဦး	တရားခံတစ်ဦး
၆၈	၁၄	ပုဒ်မ ၂၃၂	ပုဒ်မ ၃၂၄
၇၀	၁၅	ပြုစ်မှု	ပြစ်မှု
၇၆	၁၂	ခေါ်ယူစစ်ဆေး	ခေါ်ယူ ကြည့်ရှု စစ်ဆေး
၇၆	၂၃	အမှတ် ၁၅ ဝ	အမှတ် ၁၅၂၀

အမှားပြင်ဆင်ချက်

(ပြစ်မှုဆိုင်ရာအမှုများ)

စာမျက်နှာ	အကြောင်းရေ	အမှား	အမှန်
၈၆	၂၂	အမှတ် ၂၂၀ ပြစ်မှု	အမှတ် ၂၂၀ကိုပြစ်မှု
၈၆	၂၃	ပုဒ်မ ၅၆၂-က	ပုဒ်မ ၅၆၁-က

ညွှန်းချက်(ပြစ်မှု)

၈	၁၂	၅၁၇(ခ)	၅၁၇(၁)
၈	၁၄	ပြဋ္ဌာင်းချက်	ပြဋ္ဌာန်းချက်
၄	၂၉	၃၁	၃၅
၈	၂၂	(ခ)တွင်	(၁)တွင်

(တရားမမှုများ)

စာမျက်နှာ	အကြောင်းရေ	အမှား	အမှန်
၁	၉	သေးပစ္စည်းဖြစ်ခြင်း	သေပစ္စည်းဖြစ်ခြင်း
၅	၁	ဇာရီအမှတ်	ဇာရီမူအမှတ်
၉	၂၉	နေပါသည်။	နေပေသည်။
၁၄	၉	တစ်ရုံးရုံး	တရားရုံး
၁၄	၁၃	ယူဆပြီး	ယူဆသည့်
၁၆	၁၂	ကျစေရန်	ကျခံစေရန်
၂၀	၁၇	ဦးမျိုးသန့်	ဦးမျိုးသန့်၊ ဗဟိုတရားရုံးရွှေနေ။
၂၀	၁၈	ဦးတင်မောင်	ဦးတင်မောင် ဗဟိုတရားရုံးရွှေနေ။
၂၅	၁၆	လက်ထက်တွင်	လက်တွင်
၂၅	၁၇	လက်ထက်စွာင်	လက်တွင်
၂၇	၂၉	စစ်ဆေးခွင့်မရှိဟုမိမိ	စစ်ဆေးခွင့်မရှိဟု
၃၂	၇	ဒီကရီ	ဒီကရီ၏
၃၂	၁၉	အချင်ဖြစ်	အချင်းဖြစ်
၄၁	၂	စိုင်းမောင်အေးအပြူအမူ	စိုစိုးမောင်အေး၏အပြူအမူ

အမှားပြင်ဆင်ချက်

(တရားမမူများ)

စာမျက်နှာ	အကြောင်းရေ	အမှား	အမှန်
၄၁	၇	ကိုင်းတရားရုံး	ပြည်နယ်တရားရုံး
၄၃	၁၂	ဆိုညီနေသည်	ဟူညီနေသည်
၄၆	၂၉	ဦးဘိုးစီ	ဦးဘိုးသီ
၄၇	၇	လျှောထားသည်။	လျှောက်ထားသည်။
၄၀	၂၄	မြန်မာ့ဓလေ့	မြန်မာဓလေ့
၅၂	၂၅	လက်ဆောက်ရလိုမှု	လက်ဆောက်ရလိုမှုကို
၅၇	၂၁	မသေဆုံးစဉ်အခါက	သေဆုံးစဉ် အခါက
၆၃	၂၃	ဒီဂရီကိုမှုပယ်ဖျက်လိုက်သည်။	ဒီကရီကိုမူ ပယ်ဖျက်လိုက်သည်။
၆၅	၂၀	စသည်အဆိုပြု	စသည်ဖြင့် အဆိုပြု
၆၅	၁၉	ဖယ်ရှားစေလို	ဖယ်ရှား ပေးစေလို
၆၇	၁	ဦးထွန်းဖေ	ဦးထွန်းဖေက
၆၇	၂	ကတ်မ်	ကိတ်မ်
၇၂	၁၀	အိမ်ခကျန်ငွေ	အိမ်လခကျန်ငွေ
၇၄	၂၇	ဤဒုတိယအယူခံမှု	ဒုတိယအယူခံမှု
၇၉	၃	မောင်ကိုတို့	မောင်ကိုကိုတို့
၀၀	၂၄	တယူခံ	အယူခံ
၁၁၀	၂၆	၂၇-၉-၆၉	၂၇-၉-၃၉
၁၁၆	၂၇	၂၂-၁၂-၀၀၊ ရန်ကုန်	၂၂-၁၂-၀၀ နေ့စွဲပါ ရန်ကုန်
၁၁၆	၁၀	ဤဒီကရီကို	ဒီကရီကို
၁၁၇	၁၁	အိမ်နှင့်ဝရမ်း	အိမ်နှင့်ဝရမ်း
၁၂၀	၉	တောင်းထိုခြင်း	တောင်းဆိုခြင်း
၁၂၁	၀	ပိတ်ပင်ခြင်း	ပိတ်ပင် ထားခြင်း

ညွှန်းချက်(တရားမမူများ)

၅	၂	စီစစ်ခြင်း။	စီစစ် ရန် လို အပ်ခြင်း။
၁၀	၂၅	ပုဒ်မ ၁၂(၁)(ဂ)	ပုဒ်မ ၁၂(၁)(၈)

အမှားပြင်ဆင်ချက်

(တရားမမှုမျှား)

စာမျက်နှာ	စာကြောင်းရေ	အမှား	အမှန်
၈၈	၁၂	လင်ကီးချိန်ပါ(၂)ဦးနှင့် ဦးခွန်ဟော် ကွယ်လွန် (ဒေါ်ဖွားသီ၏ တရားဝင် ကိုယ်စားလှယ်)	လင်ကီးချိန်ပါ(၂)ဦး နှင့်ဦးခွန်ဟော်(ကွယ်လွန် လွန်သူ ဒေါ်ဖွားသီ၏ တရားဝင်ကိုယ်စားလှယ်)
ဖ	၁	ပုဒ်မ ၃၁(၁)တွင်ရှိသည့် အတိုင်း	ပုဒ်မ ၃၁ (၁)တွင် ပါရှိသည့်အတိုင်း
ဝ	၄	ပုဒ်မ ၁၂ (၁)ပါ	ပုဒ်မ ၁၅(၁)ပါ

ဤစာအုပ်တွင် "အတိအလင်း"ဟု ပါလျှင် "အတည့်အလင်း"ဟု ပြင်ဆင်ဖတ်ပါ။
"ဒီဂရီ"ဟုပါလျှင် "ဒီကရီ"ဟု ပြင်ဆင်ဖတ်ပါ။

အမှားပြင်ဆင်ချက်

(ပြစ်မှုဆိုင်ရာအမှုများ)

စာမျက်နှာ	အကြောင်းရေ	အမှား	အမှန်
၄၆	၄	ထားသည်ကိုတွေ့ရ	ထားသည်ကိုတွေ့ရ
၆၇	၂၄	ဒေါ်ပန်းတင့်	ဒေါ်စန်းတင့်
၉၁	၁၄	တရားရုံးများများလက်စဲ့	တရားရုံးများလက်စဲ့
၁၀၀	၁	မောင်ထွန်းညွှန့် သက်သေခံ	မောင်ထွန်းညွှန့် သည်သက်သေခံ
၁၀၇	၃၀	၁မောင်မှုံ	မောင်မှုံ
၁၀၈	၁၁	မောင်လှရေ	မောင်လှရွှေ
၁၀၈	၁၄	မောင်လှရွှေ	မောင်လှရွှေ
၁၁၂	၈	မိမိစစ်ဆေး	မိမိစစ်ဆေး

(တရားမမှုများ)

[ခ]	၁	မြည်သည့်အဆင့်	မည်သည့်အဆင့်
[ဒ]	၂၄	နေထိုင်သူ	နေထိုင်သူ
၂	၁/၂	ကွယ်လွန်သူ၏ခင်ပွန်း	ကွယ်လွန်သူ ခင်ပွန်း
၈	၁၇	ဥပဒေ ၅	ဥပဒေ ၅
၁၀	၆	ပလပ်လိုက်သည်	ပလပ်ထိုက်သည်
၁၆	၁၆/၁၇	ထောက်ပံ့ခြင်း	ထောက်ပံ့ခြင်း
၁၉	၁၅	အယူခံတရားခံတရားပြိုင်	အယူခံတရားပြိုင်
၂၀	၁၈	ကွယ်လွန်သူ၍	ကွယ်လွန်၍
၃၇	၂၅	နည်းဥပဒေ၊ ၁ နှင့် ၂	နည်းဥပဒေ-၁နှင့် ၂
၃၈	၆	၆ အတွက်	၆ လအတွက်
၄၀	၈	ကရားမစဲ့မီ	တရားမစဲ့မီ
၆၉	၁၇	အယူခံတရား တရားလို	အယူခံတရားလို
၇၂	၁၁	ဇာရီမှုကိုဆိုင် ငံ့ထား	ဇာရီမှုကိုဆိုင်း ငံ့ထား
၅	၁၅	ပေးရမည့်မှာ ယှင်းချက်	ပေးရမည့်မှား ယှင်းချက်

အမှားပြင်ဆင်ချက်

စာမျက်နှာ	အကြောင်းရေ	အမှား	အမှန်
၈၇	၁	သေဆံးခြင်း	သေဆုံးခြင်း
၈၉	၂၂	အိပ်အပ်ဝရမ်း	အိမ်အပ်ဝရမ်း
၁၀၆	၁၄	အမှတ် ၁၀/၇၈ တင်	အမှတ် ၁၀/၇၈ တွင်
၁၀၆	၂၁	ပစ္စည်းလက်မဲ	ပစ္စည်းလက်မဲ့
၁၀၈	၂၇	အထေထေအယူခံမှုအမှတ်	အထေထွေမှုအမှတ်
၁၀၉	၁၀	ဒေါ်မြင့်မြင့်သိန်း	ဒေါ်မြင့်သိန်း
၁၂၆	၂	အအောက်အဆုံ	အဆောက်အအုံ